

တက္ကသိုလ်
သီဟဒေဘင်
ဝင်းဘင်း၊ ခိုက်နွဲ့၊ ကျန်းမာ
အမိန့်တံဆိပ် သိုင်းပုံရိပ်

တက္ကသိုလ်

သီဟအောင်

အမိန့်တံဆိပ်သိုင်းပုံရိပ်

(ပထမတိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၄၁၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၆၉၀၈၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဇင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ဘိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အဝင်တပ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး၊

နောက်ဆုံးစကား

စိန်ရွှေဂေဟာ...

စိန်ရွှေဂေဟာသည် ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခု အတွင်း၌ တည်ဆောက်ထားခြင်း ဖြစ်သည်။

ဤနယ်တစ်ဝိုက်တွင် စိန်ရွှေဂေဟာသည် ချမ်းသာကြွယ်ဝသည့် နေရာ၌ ပြိုင်ဘက်ကင်းလေသည်။

ဂေဟာဝိုင်ရှင်မှာ သူဌေးကြီးဖုံးစိန် ဖြစ်သည်။

ဖုံးစိန်သည် ခိုင်ဖုံးမြို့ ဇာတိဖြစ်ပြီး ဤအရပ်ဒေသမှ အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျကာ ခိုင်ဖုံးသို့ မပြန်တော့ဘဲ အခြေချနေထိုင်ခဲ့သူ ဖြစ်သည်။

ဖုံးစိန်၏ကြိုးစားအားထုတ်မှုကြောင့် စီးပွားရေးလုပ်ငန်း

များ အောက်ခြေကာ တစ်နေ့တခြား ချမ်းသာကြွယ်ဝလာပြီး ပြိုင်ဘက်မဲ့သော သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပေသည်။

ဖုံးစိန်တို့ဇနီးမောင်နှံတွင် ဖုံးရှောင်ဆိုသော သားတစ်ယောက် ထွန်းကားခဲ့သည်။

ဖုံးရှောင်မှာ ဖခင်၏စီးပွားရေးလုပ်ငန်းများထက် သိုင်းဝိဇ္ဇာကို ပို၍ စိတ်ဝင်စားသူ ဖြစ်သည်။

ဖုံးစိန်က နောင်တစ်နေ့တွင် သူ၏စီးပွားရေးလုပ်ငန်းများအား သားဖြစ်သူကို လွှဲပြောင်းပေးကာ အနားယူမည်ဟု အားခဲထားခဲ့သည်။

ဖုံးရှောင်က လုပ်ငန်းကိစ္စ အဝဝကို ဦးဆောင် ဆောင်ရွက်သွားမည်ဟု ယုံကြည်ထားခဲ့သည်။

သို့သော်...

ဖုံးရှောင် အရွယ်ရောက်လာသောအခါ စီးပွားရေး လုပ်ငန်းများကို စိတ်မဝင်စားဘဲ သိုင်းပညာသင်ရန် အိမ်မှ ထွက်သွားခဲ့လေတော့သည်။

ဖုံးစိန်သည် မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသော်လည်း သားဖြစ်သူကို ချစ်မြတ်နိုးသောစိတ်ကြောင့် စိတ်ပျက်အားလျော့ခြင်း မဖြစ်မိပါချေ။

ဖုံးရှောင်သည် စီးပွားရေးလုပ်ငန်းများ မလုပ်လျှင်လည်း အကြောင်းမဟုတ်။ တစ်နေ့တွင် ထင်ရှားကျော်ကြားသော သိုင်းသမားတစ်ယောက်အဖြစ် သိုင်းလောကၭ ရပ်တည်နိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ပြန်လေသည်။

ဖုံးရှောင်ကား ဖခင်သူဌေးကြီးဖုံးစိန် မျှော်မှန်းထားသကဲ့သို့ ဖြစ်မလာပါ။

ပေါ့ပေါ့နေ ပေါ့ပေါ့စား ထင်သလို နေထိုင်တတ်ပြီး သူတပါးအား နောက်ပြောင်ကျီစယ်ဖို့ အလွန်ဝါသနာပါသူတစ်ယောက် ဖြစ်နေပါတော့သည်။

ထိုအကျင့်စရိုက်နှင့် ဝါသနာက သိုင်းပညာ သင်ယူရာ၌လည်း အနှောင့်အယှက် ဖြစ်စေခဲ့ပြီး ထိပ်တန်းမရောက်နိုင်အောင် ကားဆီးထားသကဲ့သို့ ရှိနေပါတော့သည်။

ဖုံးစိန်သည် သားဖြစ်သူ၏ဘဝရေ့ရေးအတွက် ရင်လေးရတော့သည်။

ထိုအချိန်မှာပင် ဇနီးသည် ကွယ်လွန်သွားခဲ့လေသည်။

သူဌေးကြီးဖုံးစိန်သည် ဇနီးနှင့် သားအတွက် ဗျာများကာ စီးပွားရေးလုပ်ငန်းများကို ကောင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါ။

သူတပါးနှင့် မျက်နှာလွဲထားရသဖြင့် အလိမ်အကောက်ခံရပြီး ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့လာရလေတော့သည်။

ဖုံးစိန် လှည့်မကြည့်နိုင်သဖြင့် တဖြည်းဖြည်း စီးပွားပျက်လာလေတော့သည်။

ဇနီးသည်အတွက် ဖြေမဆည်နိုင်အောင် ဖြစ်နေသော ဖုံးစိန်မှာ ဘာဆိုဘာမှ လှည့်မကြည့်နိုင်တော့ပါ။

နဂိုကပင် စီးပွားရေးကို စိတ်မဝင်စားသော ဖုံးရှောင်သည်လည်း မိခင်ကြီး ကွယ်လွန်သွားသဖြင့် အိမ်ပြန်ရောက်လာသည့်တိုင်

ဘာမှ မလုပ်တတ် မကိုင်တတ်ပါ။

စနစ်တကျ ဦးစီးဆောင်ရွက်မည့်သူ မရှိသဖြင့် စီးပွားရေးက တဟုန်ထိုးကျဆင်းသွားပြီး သုံးနှစ်အတွင်း စီးပွားလုံးဝပျက်ကာ လုံးဝချွတ်ခြုံကျသွားတော့သည်။

ဓနီးလည်းဆုံး၊ သားကိုလည်း အားမကိုးရ၊ စီးပွားရေးလည်း ကျသွားသောအခါ သူဌေးကြီးဖုံးစိန်မှာ စိတ်ဓာတ်ကျဆင်းကာ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားရှာလေတော့သည်။

♦ ♦ ♦

ခြံဝင်းအတွင်း၌ ပြုပြင်ထိန်းသိမ်းမှု မရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေပြီ ဖြစ်သည်။

ခမ်းနားထည်ဝါခဲ့သော ဂေဟာကြီးသည်လည်း ပျက်စီးယိုယွင်းလာသည်။

အိမ်ဖော်၊ အလုပ်သမား အစရှိသည့် အချေအရံများလည်း စွန့်ခွာသွားပြီ ဖြစ်၍ အချိန်တိုင်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ရုတ်တရက်...

ချုံနွယ်ပိတ်ပေါင်းများကြားမှ လူတစ်ယောက် လျှောခနဲ ထိုးထွက်လာလေသည်။

ထိုလူသည် ခန္ဓာကိုယ် အပေါ်ပိုင်းကြီးကာ အောက်ပိုင်း သေးပြီး မျက်လုံးပြူးသူ ဖြစ်သည်။

ငါးတစ်ကောင်နှင့်တူသူ ဖြစ်သည်။

သူ၏အမည်မှာလည်း ငါးကလေး ဖြစ်လေသည်။

ငါးကလေး၏လက်ထဲ၌ အထုပ်တစ်ထုပ်ကို ကိုင်ထားပြီး ချုံနွယ်ပိတ်ပေါင်းများကြားမှ တိုးဝှေ့ကာ စိန်ရွှေဂေဟာကြီးဆီသို့ ခပ်သွက်သွက်သွားလိုက်လေသည်။

ဂေဟာရှေ့သို့ ရောက်သွားလျှင်...

"အစ်ကိုလေး ကျုပ်ပြန်လာပြီဗျ"

ဟုအသံပြုလိုက်လေသည်။

မရှေးမနှောင်းမှာပင်...

"ငါးကလေး၊ မင်းပြန်လာပြီလား၊ ဘာတွေ ဝယ်လာခဲ့သလဲ ပြောစမ်းပါဦး"

ဂေဟာထဲမှ လူတစ်ယောက် လှမ်းထွက်လာလေသည်။

ထိုလူငယ်မှာ သူဌေးသားဖုံးရှောင် ဖြစ်လေသည်။

ဖုံးရှောင်သည် ယောကျ်ားဝီသစွာ ချောမောခန့်ညားသူ တစ်ယောက် ဖြစ်သော်လည်း ယခုတိုင် ချစ်သူရည်းစား မရှိသေးပါချေ။

ဖုံးရှောင်ကလည်း မိန်းကလေးများအား စိတ်ဝင်စားခြင်း မရှိပါ။

အကြောင်းမှာ....

အချိန်တန်လျှင် သူလက်ထပ်ရမည့် အိမ်ထောင်ဘက် မိန်းကလေးတစ်ယောက် ရှိထားသည် မဟုတ်ပါလား။

ထိုမိန်းကလေး မည်သူမည်ဝါဖြစ်ကြောင်းတော့ သူမသိပါ။

တစ်နေ့တွင် မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ရလိမ့်

မည်ဟု ဖခင်ကြီး ပြောထားသည်ကို မှတ်သားထားခြင်းသာ ဖြစ်လေသည်။

"ရွေ့ အစ်ကိုလေး"

ငါးကလေးက အထုပ်ကလေးကို လှမ်းပေး၏။

ဖုံးရှောင်ယူကာ ကြည့်လိုက်သောအခါ ပေါက်စီနှင့် လှော်ရည်ထုပ်ကို တွေ့ရလေသည်။

"ကောင်းတယ်"

ဖုံးရှောင်က အထုပ်ကို ယူကာ ဂေဟာထဲ လှည့်ဝင်သွားလေသည်။

ဂေဟာထဲ၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဖုံးရှောင်က ဧည့်ခန်းကို ဖြတ်သန်းပြီး အိပ်ခန်းတစ်ခုဆီသို့ လှမ်းသွားလိုက်သည်။

အိပ်ခန်းအတွင်းရှိ ကုတင်တစ်လုံးပေါ်၌ အဘိုးအိုတစ်ယောက် လှဲလျောင်းနေပါသည်။

ထိုအဘိုးအိုမှာ သူဌေးကြီးဖုံးစိန် ဖြစ်လေသည်။

ဖုံးရှောင်က...

"ဖေဖေ စားဖို့ ပေါက်စီနဲ့ လှော်ရည် ဝယ်ခိုင်းလိုက်ပါ တယ်၊ ဖေဖေ စားမယ် မဟုတ်လားဟင်"

ဖခင်ကြီး အနီးသို့ ချဉ်းကပ်ပြီး မေးမြန်းလိုက်လေသည်။

ဖုံးစိန်က ပက်လက်ကလေး လှဲလျောင်းယင်း ရီဝေသောမျက်လုံးများဖြင့် ဖုံးရှောင်ကို ကြည့်နေ၏။

သူအိပ်ရာထဲ လဲသွားချိန်မှစ၍ ဖုံးရှောင်က အနီးကပ် ပြုစုစောင့်ရှောက်နေခဲ့သည် မဟုတ်ပါလား။

"ဖေဖေ နည်းနည်းလောက် စားလိုက်ပါဦး"

ဖုံးရှောင်က ပေါက်စီတဖဲ့ ဖဲ့ကျွေးလိုက်လေသည်။

ဖုံးစိန်က တမြို့မြို့ဝါးရင်း...

"ငါ့သားက သိပ်အားကိုးရတာပဲ"

ချီးကျူးလိုက်လေသည်။

ဖုံးရှောင် စိတ်မဇောင်း ဖြစ်သွားလေသည်။

ဖခင်ကြီးက သူ့အား အလွန်ချစ်ပြီး တစ်သက်လုံး အလိုလိုက်ထားခဲ့သည်။

ဘာဆိုဘာမှ လိုလေသေးမရှိစေခဲ့ရပါ။

သူက ဖခင်မေတ္တာကို မသိတတ်ဘဲ ထင်သလို နေခဲ့သည်။

ဖုံးရှောင် နောင်တရနေပြီ ဖြစ်လေသည်။

ဖုံးစိန်က ပေါက်စီလေးတဖဲ့ကိုပင် မနည်းမျိုချနေရပြီး လှော်ရည်တစ်ငုံသောက်လိုက်သည်။

"ဖေဖေ စားလိုက်ဦးနော်"

ဖုံးရှောင်က ထပ်ကျွေးဖို့ ဟန်ပြင်လိုက်သောအခါ...

"တော်ပါပြီ သားရယ်၊ ဖေဖေ မစားနိုင်တော့ပါဘူး၊ စားဖို့ထက် သားကိုပြောဖို့က ပိုပြီး အရေးကြီးတယ်ကွဲ့"

"ကျွန်တော့်ကို ပြောဖို့ ဟုတ်လား"

"ဟုတ်တယ်၊ အင်မတန် အရေးကြီးတဲ့စကားပေါ့ကွယ်"

ဖုံးရှောင်က မလှမ်းမကမ်း၌ ရပ်နေသော ငါးကလေးကို လှမ်းကြည့်လိုက်လေသည်။

ငါးကလေး ပခုံးတွန့်ပြလိုက်သည်။

အရေးကြီးသည့်စကား ပြောမည်ဆိုကတည်းက အ
ထောင်ရေးကိစ္စဖြစ်ကြောင်း သူတို့နားလည်ထားသည် မဟုတ်
လား။

ဖုံးရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ပြောပါ ဖေဖေ"

ဖုံးစိန်က...

"ဖေဖေရဲ့ ကျန်းမာရေး အခြေအနေအရ လောကပေါ်မှာ
ကြာကြာမနေရတော့ဘူးဆိုတာ ထင်ရှားနေပြီ၊ ဒါကြောင့် သားလေ
ရှေ့ရေးစိတ်အေးရအောင် ဖေဖေ စီစဉ်ထားတဲ့အတိုင်း လိုက်နာ
ချင်တယ်"

"ကျွန်တော်..."

"သားကို ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့သမီးနဲ့ လက်ထ
ပေးဖို့ သဘောတူထားခဲ့တယ်၊ ဖေဖေ မရှိတော့တဲ့ နောက်ပိုင်
ဖေဖေ့မိတ်ဆွေဆီကို သားသွားရလိမ့်မယ်"

ဖုံးရှောင် စိတ်ပျက်နေ၏။

သို့သော် ဖခင်ကြီး စိတ်ချမ်းသာအောင် ဘာမှမပြော
နေလိုက်လေသည်။

ဖုံးစိန်က...

"ဖေဖေ့မိတ်ဆွေဟာ သားတို့ မင်္ဂလာကိစ္စကို တာဝန်ယ
စီမံဆောင်ရွက်ပေးပါလိမ့်မယ်၊ ကဲ သား ဘာပြောချင်သေးသလဲ"

ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ ပြောစရာမရှိပါဘူး ဖေဖေ"

"ဖေဖေ့စကားနားထောင်မယ် မဟုတ်လားဟင်"

"ဟုတ်ကဲ့၊ ကျွန်တော်နားထောင်မှာပါ"

"ဝမ်းသာလိုက်တာ သားရယ်"

ဖုံးစိန် အလွန်ဝမ်းသာသွားလေသည်။

ဆက်ပြောစရာ မရှိတော့သည့်အပြင် စကားများများ ပြော
ချင်ရခြင်းကြောင့် မောပန်းသွားကာ မျက်လုံးမှိတ်ထားလိုက်လေ
သည်။

ဖုံးရှောင်က ပေါက်စီနှင့် လွှက်ရည်ကို စားပွဲပေါ် ချထား
ခဲ့သည်။

ဖခင်ကြီး ကောင်းကောင်းအနားယူပါစေဟု ထိုင်ရာမှထ
သွား အခန်းထဲမှ တိတ်တဆိတ် ထွက်လာခဲ့တော့သည်။

ငါးကလေးကလည်း ဖုံးရှောင်နောက်သို့ လိုက်ခွာသွားလေ
တော့သည်။

◆ ◆ ◆

လေဝေယမ်း တိုက်ခတ်လာသောအခါ သစ်ကိုင်းများ လှုပ်
ယမ်းသွားပြီး သစ်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျလာလေ
သည်။

ဌက်ကလေးတစ်ကောင်က သဘာဝတေးကို လွမ်းလွမ်း
ဆွေးဆွေး သီကျူးနေ၏။

ဖုံးရှောင်၏မျက်လုံးများ ရီဝေနေသည်။

"ဖေဖေဟာ ငါ့ကို အတော်ချစ်တာပဲ၊ ငါဟာ မိဘအပေါ်မှာ မသိတတ်တဲ့ လူတစ်ယောက် ဖြစ်နေပါလား"

တွေးတောစဉ်းစားရင်း ကိုယ့်ကိုကိုယ် အပြစ်တင်နေမိလေသည်။

ငါးကလေးက...

"အစ်ကိုလေးကို အိမ်ထောင်ချပေးတော့မယ် ဟုတ်လား" ဟုမေးလာလေသည်။

ဖုံးရှောင် ခေါင်းညိတ်လိုက်သည်။

"အေးကွ၊ ဖေဖေနဲ့ သူ့မိတ်ဆွေက ညီရင်းအစ်ကိုလို ရင်းနှီးကြတာ အိမ်ထောင်ကိုယ်စီကျပြီးတဲ့နောက် သားသမီးတွေ မွေးဖွားလာခဲ့ကြရင် လက်ထပ်ပေးဖို့ အစကတည်းက သဘောတူထားခဲ့ကြတာ"

ငါးကလေးက...

"တစ်ယောက်က သားမွေးမယ်၊ တစ်ယောက်က သမီးမွေးမယ်ဆိုရင် ပေးစားကြမှာပေါ့"

"ဟုတ်တယ်"

"နှစ်ယောက်စလုံး သားယောကျ်ားလေးတွေ မွေးမယ်ဆိုရင်ကော၊ ဒါမှမဟုတ် သမီးမိန်းကလေးတွေချည့် မွေးမယ်ဆိုရင်ကော"

ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

"မင်းမှားတယ်၊ သားတစ်ယောက် သမီးတစ်ယောက် မွေး

ခဲ့တာကွ"

ငါးကလေးက...

"ဒါဖြင့် ကတိစကားအတိုင်း လက်ထပ်ပေးရမယ်ဆိုပါတော့"

"ဒါပေါ့"

ငါးကလေးက ဖုံးရှောင်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ဖုံးရှောင် မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာကြည့်တာလဲ"

ငါးကလေးက...

"အစ်ကိုလေးကို ဟိုဘက်က မိန်းကလေးရတာ အတော်ကံကောင်းတယ်လို့ တွေးမိလို့ပါ"

"တော်စမ်းပါကွာ၊ ငါ့လိုကောင်က ဘယ်တော့မှ မိန်းမရမှာ မဟုတ်ဘူးလို့ မင်းယူဆနေတယ် မဟုတ်လား၊ မင်းအကြောင်း ငါမသိရင် ခက်မယ်"

ဖုံးရှောင်၏စကားကြောင့် ငါးကလေး တဟားဟား ရယ်မောလိုက်လေတော့သည်။

◆ ◆ ◆

ဖုံးစိန်သည် ဖုံးရှောင်က အိမ်ထောင်ပြုရမည့် ကိစ္စကို လုံးဝ စောဒက မတက်ဘဲ လက်ခံလိုက်သဖြင့် ကျေနပ်သွားလေသည်။

အရာရာ ချွတ်ခြုံကျကာ အိပ်ရာထဲ လဲနေသော ဘဝ၌ ကြာကြာမနေလိုတော့သည့်အတိုင်း များမကြာမီ ကွယ်လွန်သွားခဲ့တော့သည်။

သူ မကွယ်လွန်မီ...

"ဖေဖေ မရှိတော့တဲ့ နောက်ပိုင်း ဖေဖေ့မိတ်ဆွေဆီကို ရောက်အောင်သွားပါ"

ဟုမှာကြားသွားလေသည်။

ဖုံးရှောင်က ဖခင်ကြီး၏စာပနကို အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ခဲ့လေသည်။

စာပနကိစ္စအဝဝ ပြီးဆုံးသွားလျှင်...

"ဖေဖေရယ်၊ ကျွန်တော်မိုက်မှားမိခဲ့တာတွေကို ခွင့်လွှတ်ပါ။ ဖေဖေ့စကားကို နားထောင်ပါတော့မယ်"

ဟုကွယ်လွန်သွားပြီ ဖြစ်သော ဖခင်ကြီးကို တိုင်တည်ပြောဆိုကာ ခရီးထွက်ရန် ပြင်ဆင်လိုက်လေတော့သည်။

ဤတွင် ငါးကလေးက...

"အစ်ကိုလေး ကျုပ်လည်း လိုက်မယ်"

ဟုပြောလာလေသည်။

ငါးကလေးသည် မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက် ဖြစ်ပြီး ဖုံးရှောင်က သိုင်းပညာသင်ရန်ခရီးသွားရင်း လမ်း၌ တွေ့ဆုံရင်းနှီးခဲ့ခြင်း ဖြစ်သည်။

နှစ်ယောက်သား ခင်မင်ရင်းနှီးသွားပြီးနောက် ငါးကလေးက ဘယ်မှမသွားတော့ဘဲ ဖုံးရှောင်သွားလေရာနောက်သို့ တကောက်ကောက်လိုက်ခဲ့တော့သည်။

ဖုံးရှောင်က...

"ငါက မင်္ဂလာကိစ္စ သွားမယ်ဆိုတာ မင်းသိတယ်နော်"

"ကျွန်တော်သိပါတယ်ဗျာ"

"ဒါဖြင့်"

"အစ်ကိုလေး အိမ်ထောင်ပြုလိုက်တော့ကော ဘာဖြစ်သလဲ၊ အစ်ကိုလေးအိမ်မှာ လိုက်နေမှာပေါ့"

ဖုံးရှောင်က...

"မင်းက ငါနဲ့ တစ်သက်လုံး နေသွားနိုင်မယ်ဆိုမှ လိုက်လို့ရမယ်၊ ဘယ့်နယ်လဲ"

ငါးကလေးက...

"စိတ်ချ တစ်သက်လုံးနေမယ်၊ အစ်ကိုလေး မောင်းထုတ်ရင်တောင် ကျွန်တော်မသွားဘူးဗျ"

ထိုစကားကြောင့် ဖုံးရှောင် ပြုံးလိုက်မိလေတော့သည်။

♦ ♦ ♦

မရေရာတဲ့ခရီး

တစ်လ...

ဖုံးရှောင်နှင့် ငါးကလေးတို့ ခရီးထွက်လာခဲ့ကြသည်မှာ တစ်လ ရှိသွားပြီ ဖြစ်လေသည်။

ဖုံးစိန် ကွယ်လွန်သွားပြီး နောက်ပိုင်း ဖုံးရှောင်က စိန်ရွှေဂေဟာနှင့် ခြံဝင်းကို ရောင်းချလိုက်လေသည်။

အခြားပစ္စည်းပစ္စယအားလုံးလည်း ရောင်းချပစ်လိုက်ပြီး ရသည့်ငွေများကို မင်္ဂလာကြေးအဖြစ် အသုံးချရန် ရည်ရွယ်ထားလေသည်။

အိမ်ထောင်ပြုလိုက်ပြီးနောက် စိန်ရွှေဂေဟာသို့ ပြန်လာနိုင်တော့မည် မဟုတ်သဖြင့် တစ်ခါတည်း သံယောဇဉ် ဖြတ်တောက်လိုက်သည့် သဘောလည်း ဖြစ်လေသည်။

ငါးကလေးနှင့်အတူ ခရီးထွက်လာရင်း...

"အိမ်ထောင်ပြုဖို့ သိပ်ပြီး လောနေစရာ မလိုပါဘူးကွာ၊ တို့တတွေ အေးအေးဆေးဆေး သွားကြတာပေါ့"

ဖုံးရှောင်က ရောက်သည့် မြို့ရွာများ၌ အေးအေးဆေးဆေး ပင်နေသည်။ လည်ပတ်သည်။

မရောက်ဘူးသေးသော ဘုံကျောင်းများသို့ သွားသည်။ သဘာဝရှုမျှော်ခင်းများကို ကြည့်ရှုသည်။

"အစ်ကိုလေးက နှစ်လလောက် သွားရမယ့် ခရီးကို အချိန်ဆွဲပြီး နှစ်နှစ်လောက်ကြာအောင် သွားနေတာပဲ"

ဟု ငါးကလေးက ဝေဖန်နေသည်အထိ ဖြစ်လေသည်။

ဖုံးရှောင်က...

"ငါက ဖေဖေ့မိတ်ဆွေ သမီးနဲ့ အိမ်ထောင်ပြုပြီးတဲ့ နောက် ပိုင်း လွတ်လွတ်လပ်လပ် နေလို့ရတော့မှာမှ မဟုတ်တာ၊ ဒါကြောင့် ရတဲ့ အချိန်လေးမှာ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နေတာ ဘာဖြစ်သလဲ"

ငါးကလေးက...

"ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော်တို့ ပျော်ပျော်ရွှင်ရွှင်နေလို့ ရတာ မှန်ပေမယ့် လူတွေကတော့ မပျော်ရွှင်ကြဘူး အစ်ကိုလေးရဲ့"

ဖုံးရှောင်က...

"ဘယ်သူတွေက မပျော်မရွှင် ဖြစ်နေတာလဲကွ"

"အများပြည်သူတွေပေါ့"

"ဘာကွ၊ အများပြည်သူတွေ ဟုတ်လား၊ နေပါဦး၊ မင်းရဲ့ စကားက ကြီးကျယ်လှချည်လား၊ ငါ့ဘာသာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေတာနဲ့ အများပြည်သူက မပျော်မရွှင် ဖြစ်ရတာ ငါနဲ့ ဘာဆိုင်လို့လဲ"

ငါးကလေး ခေါင်းညိတ်လိုက်သည်။

"အစ်ကိုလေးနဲ့ ဘာမှ မဆိုင်ပါဘူး၊ မန်ချူးတွေနဲ့ပဲ သက်ဆိုင်တာပါ"

"မန်ချူးတွေက..."

"သူတို့ကျူးကျော်လာကြတယ်လေ၊ နေရာအနှံ့မှာ တိုက်ပွဲတွေ ဖြစ်နေတယ်၊ အများပြည်သူတွေ ထိတ်လန့်ကြောက်ရွံ့ပြီး အိုးပစ်အိမ်ပစ် ထွက်ပြေးနေရတယ်"

ဖုံးရှောင် ငိုင်သွားလေသည်။ သူက သူ့ဘဝ၊ သူ့အကြောင်းကိုသာ တွေးတောစဉ်းစား သည်။ နားလည်ထားသည်။

အခြားသူများနှင့် ပတ်ဝန်းကျင်အခြေအနေ၊ တိုင်းပြည်အခြေအနေကို သတိမထားဘဲ အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့သည်။

ငါးကလေးပြောမှ စိတ်ဝင်စားလာလေတော့သည်။

ငါးကလေးက...

"မန်ချူးတွေက စစ်ပရိယာယ်ကြွယ်ဝတယ်၊ လက်နက်လူသူအင်အား တောင့်တင်းတယ်၊ သစ္စာဖောက်ပုဆိန်ရိုးတွေကလည်း ရှိနေတော့ တပန်းသာသွားတာပေါ့၊ ပြီးတော့ နန်းတွင်းမှာလည်း အခြေအနေတွေက ရှုပ်ထွေးနေတယ်လေ၊ မှူးမတ်တွေဟာ သူတို့ကောင်းစားရေးကိုပဲ အဓိကထားအာရုံစိုက်နေကြပြီး အချင်းချင်း

လည်း စိတ်ဝမ်းကွဲနေကြတယ်"

ဖုံးရှောင် စိတ်မကောင်းဖြစ်သွားလေသည်။

"တိုင်းတပါးသားတွေ ကျူးကျော်လာချိန်မှာ သည်လိုတော့ မဖြစ်သင့်ပါဘူး"

ငါးကလေးက...

"မန်ချူးတွေက ရာသမျှအခွင့်အရေးကို အသုံးချပြီး မြို့စားရွာစား နယ်စားတွေကို စည်းရုံးသိမ်းသွင်းကြတာ၊ ခုဆိုရင် ကျွန်တော်တို့တိုင်းပြည် လေးပုံသုံးပုံလောက်ဟာ သူတို့လက်အောက် ကျရောက်သွားပြီလို့တောင် ဆိုနိုင်ပါတယ်၊ ဘုရင်မင်းမြတ်လည်း နန်းတွင်းမှာ မနေဝံ့တော့ဘဲ လုံခြုံစိတ်ချရတဲ့တစ်နေရာမှာ ရှောင်ပုန်းနေရတယ်"

ဖုံးရှောင်က...

"သည်လောက်တောင်ပဲလား"

ငါးကလေးက...

"ဟုတ်တယ် အစ်ကိုလေး နန်းတွင်းမှာမူးကြီးမတ်ရာတွေပဲ ကျန်ရစ်ပြီး ကြီးစိုးနေကြတာ၊ မျိုးချစ်စိတ်ဓာတ်ပြင်းထန်တဲ့ အမတ်ကြီးတွေ ဝန်ကြီးတွေကတော့ တိုင်းတပါးသားတွေကို မောင်းထုတ်နိုင်အောင် နည်းလမ်းတွေရှာကြံကြိုးစားနေကြပါတယ်၊ သိုင်းလောကသားတွေလည်း တိုင်းတပါးသားတွေကို တွန်းလှန်တိုက်ခိုက်နေကြတယ်"

ဖုံးရှောင် စိတ်ဝင်စားလာလေတော့သည်။

"နေပါဦး သည်အကြောင်းတွေကို မင်းဘယ်လိုလုပ်သိတာ

လဲ၊ ပြောပါဦး”

ငါးကလေး ပြုံးလိုက်သည်။

“အစ်ကိုလေးက ဖခင်ကြီးကွယ်လွန်သွားလို့ စိတ်မကောင်းဖြစ်နေတာကတကြောင်း၊ မကြာခင် လက်ထပ်ရတော့မယ်ဆိုပြီး စိတ်လှုပ်ရှားနေတာတကြောင်းဆိုတော့ ကိုယ့်အပူနဲ့ကိုယ် ပတ်ဝန်းကျင်အခြေအနေတွေကို ဘယ်သတိထားမိပါ့မလဲ”

“ဟာ မင်းကလည်း ဖေဖေ့အတွက်ငါစိတ်မကောင်း ဖြစ်နေတာပါကွာ၊ အိမ်ထောင်ပြုရတော့မှာမို့ စိတ်လှုပ်ရှားနေတယ်လို့ ထည့်မပြောစမ်းပါနဲ့”

ဖုံးရောင် ကဗျာကယာ ပြောလိုက်လေသည်။

ငါးကလေး ရယ်မောလိုက်သည်။

“ကျွန်တော်ကလည်း အစ်ကိုလေး စိတ်ပျော့ပြားပြီး ပတ်ဝန်းကျင်နဲ့ ကင်းကွာနေတယ်ဆိုတာကို ဥပမာပြောတာပါ၊ ကျွန်တော် ပြောချင်တာက ဘုရင်မင်းမြတ်နဲ့ သိုင်းလောကသားတွေ ဆက်စပ်နေတဲ့ အကြောင်းပါ”

ဖုံးရောင် စိတ်ဝင်စားသွားပြန်လေသည်။

“ဘယ်လိုဆက်စပ်နေတာလဲ ပြောစမ်းပါဦး”

ငါးကလေးက...

“တိုင်းတပါးသားတွေကို တွန်းလှန်တဲ့ နေရာမှာ သိုင်းလောကသားတွေရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်ဆိုတာကို နန်းတွင်းက နားလည်ထားပါတယ်၊ သိုင်းလောကသားတွေဆိုတာကလည်း စိတ်နေသဘောထား ထူးခြားသူတွေပဲ မဟုတ်လား အစ်ကိုလေး”

ဖုံးရောင် မဲ့ပြုံးပြုံးလိုက်သည်။

“မင်းမဆိုးဘူး၊ မင်းကို ကြည့်ရင်းကြည့်ရင်း ကျောင်းဆရာတစ်ယောက်နဲ့တောင် တူလာပြီ ထင်ရတယ်”

“ဟာ အစ်ကိုလေးကလည်း ကျွန်တော်က သိလို့ တတ်လို့ ပြောနေတာ မဟုတ်ပါဘူး၊ သူများပြောတာ ကြားလို့ပဲ”

“သူများပြောတာ...”

“ဟုတ်တယ်၊ သွားရင်းလာရင်း လူတွေ ပြောဆိုနေကြတာတွေကို ကြားခဲ့ရတာလေ”

“မင်းက မှတ်ထားတာပေါ့”

“ဟုတ်တယ် အစ်ကိုလေး”

ဖုံးရောင် ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ၊ မင်းစကားဆက်စမ်းပါဦး”

ငါးကလေးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

“ဘုရင်မင်းမြတ်က သိုင်းလောကသားတွေ စည်းလုံးညီညွတ်လာအောင် စုစည်းဖို့ ဝန်ကြီးမောက်ဖုံးကို တာဝန်ပေးလိုက်တယ်၊ သိုင်းလောကသားတွေက နန်းတွင်းထက် သိုင်းလောကက ဂါရဝပုဂ္ဂိုလ်ကြီးတွေကို ပိုပြီး ရိုသေလေးစားကြတာ၊ ဦးစားပေးကြတာဆိုတော့ ဝန်ကြီးမောက်ဖုံးက သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းဖို့ သိုင်းလောက ထင်ရှားတဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက်ယောက်ကို အကူအညီတောင်းဖို့ ရည်ရွယ်ထားတယ်၊ အကူအညီတောင်းခံရတဲ့ ဂိုဏ်းချုပ်ကြီးဟာ ဘုရင်မင်းမြတ်ရဲ့ အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး စည်းရုံးသိမ်းသွင်းမယ်ဆိုရင် ပိုပြီး ထိရောက်

ကြားခဲ့တာ"

ဖုံးရှောင် သက်ပြင်းချလိုက်လေသည်။

"သည်ကောင်တွေကို ကြည့်မရတာနဲ့ ငါလည်း ဂရုမထားဘဲ နေခဲ့တာ၊ လက်စသပ်တော့ သူတို့ပြောနေကြတဲ့ စကားတွေကို မင်းကြားခဲ့တာကိုး"

ငါးကလေးက...

"သူတို့ကလည်း သတိလက်လွတ် ပြောခဲ့ကြတာ ဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် စိတ်ဝင်စရာကောင်းတယ်ဆိုပြီး ကျွန်တော်မှတ်ထားလိုက်တာ"

"မင်းမဆိုးဘူး၊ ဆက်ပြောစမ်းပါဦး"

"သူတို့ပြောတာကတော့ ဝန်ကြီးမောက်ဖုံးက ဘုရင့်အမိန့်တံဆိပ်တော်ကို သူ့လူယုံတစ်ယောက်နဲ့ ပေးလိုက်မယ်၊ လူယုံက သိုင်းလောကသား အဆက်အသွယ်တွေနဲ့ တွေ့ဆုံပြီး လက်ပြောင်းပေးလိုက်မယ်၊ အဆက်အသွယ် သိုင်းသမားတွေက သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းရာမှာ ဦးဆောင်မယ်၊ ဂိုဏ်းချုပ်ကြီးဆီကို ယူဆောင်သွားကြလိမ့်မယ်၊ ဒါကြောင့် ဘုရင့်အမိန့်တံဆိပ်တော်ကို ရအောင် ကြိုးစားရမယ့် အကြောင်း တိုင်ပင်ပြောဆိုနေကြတာ"

ဖုံးရှောင် နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

"သိုင်းလောကသားတွေ ကြည်ညိုလေးစားကြတဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက်က ဘုရင့်အမိန့်တံဆိပ်တော်ကိုပါ အသုံးပြုပြီး စည်းရုံးသိမ်းသွင်းမယ်ဆိုရင် ကျိန်းသေအောင်မြင်မှုရမှာပဲ၊ သိုင်း

အောင်မြင်ပါလိမ့်မယ်"

ဖုံးရှောင်က...

"ငါးကလေး၊ မင်းသိထားတဲ့ သတင်းတွေက အတော့်ကို အဖိုးတန်တဲ့ လျှို့ဝှက်သတင်းတွေ ဖြစ်နေပါလား၊ နေပါဦး၊ သည်သတင်းတွေကို မင်း ဘယ်က ကြားသိခဲ့ရတယ်ဆိုတာ ငါ့ကို ပြောစမ်းပါဦး"

ဟုမေးလိုက်လေသည်။ ငါးကလေးက...

"အစ်ကိုလေးလည်း ကြားခဲ့တာပါပဲ၊ သတိမထားလို့ပါ"

"ဟေ ငါလည်း ကြားခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်မှာ ကြားခဲ့ရတာလဲ ပြောစမ်းပါဦး"

ငါးကလေးက...

"ကျွန်တော်တို့နှစ်ယောက် စားသောက်ဆိုင်တစ်ဆိုင်မှာ ခဏနားပြီး စားသောက်ခဲ့ကြတုန်းက ဆိုင်ထဲမှာ မန်ချူးတွေ အရက်မူးပြီး ဟောလားဝါးလား လုပ်နေကြတာကို တွေ့ခဲ့ရတယ် မဟုတ်လား"

ဖုံးရှောင် နှာခေါင်းရှုံ့လိုက်သည်။

"တွေ့သားပဲ၊ တော်တော်မုန်းစရာကောင်းတဲ့လူတွေ"

ငါးကလေးက...

"လက်အောက်ငယ်သားတွေက အရက်မူးနေကြပေမယ့် ခေါင်းဆောင်လုပ်တဲ့ မန်ချူးနှစ်ယောက် သုံးယောက်က သည်လောက် မမူးဘူး၊ သူတို့ချင်း ပြောဆိုနေကြတာတွေကို ကျွန်တော်

ကြေးပြားတစ်ခြမ်း

ဖုံးရှောင်မှာ ငါးကလေးကြောင့် ပတ်ဝန်းကျင်နှင့် ကင်းကွာနေတော့ပါ။

ဘယ်နေရာရောက်ရောက် ပတ်ဝန်းကျင် အခြေအနေကို သတိထား ကြည့်လာတတ်လေသည်။

ထို့ကြောင့်...

တိုင်းတပါးသား မန်ချူးများသည် မြို့ရွာနယ်မြေဒေသများကို သိမ်းပိုက်ထားကာ အများပြည်သူအား နှိပ်စက်ညှင်းပန်းနေပုံများကို တွေ့မြင်လာလေတော့သည်။

ကျူးကျော်သူများ၏ တိုက်ခိုက်မှုကြောင့် စစ်ပွဲများ ဖြစ်ပေါ်ကာ မြို့ရွာများ ပျက်စီးရသည်။

အများပြည်သူ သေကြေပျက်စီးရသည်။

လောကတစ်ခုလုံးကို စည်းရုံးသိမ်းသွင်းနိုင်ပြီဆိုရင် မန်ချူးတွေ ကောင်းကောင်းကြီး အခက်တွေ့တော့မှာ သေချာတယ်၊ ဒါကြောင့် ဘုရင့်အမိန့်တံဆိပ်တော်ကို ကြားဖြတ်သိမ်းဆည်းနိုင်အောင် မန်ချူးတွေက အစွမ်းကုန် ကြိုးစားကြမှာ သေချာတာပေါ့"

ငါးကလေး ပြုံးလိုက်သည်။

"ပတ်ဝန်းကျင် အခြေအနေကို အစ်ကိုနားလည်သဘောပေါက်လာပြီဆိုရင် ကျွန်တော်ကျေနပ်ပါတယ်ဗျာ"

အမှန်တော့ ဖုံးရှောင်သည် ဖခင်ကြီး ကွယ်လွန်သွားခြင်း၊ စီးပွားပျက်ကာ ပစ္စည်းဥစ္စာများ ဆုံးရှုံးသွားခြင်းနှင့် ဇာတိရပ်ရွာသို့ ဘယ်တော့မှ ပြန်နိုင်တော့မည် မဟုတ်၍ ရုတ်တရက်ကြည့်လျှင် ပျော်ရွှင်နေသည် ထင်ရသော်လည်း တကယ်တမ်း စိတ်ထဲ ဝမ်းနည်းကြေကွဲကာ ဆောက်တည်ရာမရ ဖြစ်နေကြောင်း နားလည်ထားလေသည်။

စိတ်ဓာတ်ကျဆင်းနေသည့်အပြင် ပတ်ဝန်းကျင်နှင့်လည်း ကင်းကွာနေသည်ကို မကြည့်ရက်သဖြင့် အာရုံပြောင်းပေးဖို့ ကြိုးစားခဲ့ခြင်း ဖြစ်သည်။ သူ၏ကြိုးစားမှု အောင်မြင်သွားသည်ဟု ဆိုနိုင်ပါသည်။ ဖုံးရှောင်က...

"မန်ချူးတွေနဲ့ သိုင်းလောကသားတွေ ဘယ်လိုပြိုင်ဆိုင်ကြမယ်ဆိုတာ စိတ်ဝင်စားစရာပဲကွ၊ ငါတို့လည်း သွားရင်း လာရင်း နယ်ချဲ့ကောင်တွေကို ဆုံးမသင့်ယင် ဆုံးမရတာပေါ့"

ဟုပြောလိုက်လေတော့သည်။

♦ ♦ ♦

အိုးအိမ်မြေယာများကို စွန့်ပစ်ထွက်ပြေးကြရသည်။

အစာရေစာ ငတ်မွတ်ခေါင်းပါးကာ အတိဒုက္ခရောက်ကြရသည်။

လမ်းခရီးတစ်လျှောက်၌ အနိဋ္ဌာရုံအဖြစ်ဆိုးများကို တွေ့မြင်လာရလေသောအခါ ကျူးကျော်သူ တိုင်းတပါးသားများကို မုန်းတီးစက်ဆုပ်လာလေတော့သည်။

လမ်းခရီးတစ်လျှောက် တွေ့ရသော ဒုက္ခသည်များကို ကူညီစောင့်ရှောက်ခဲ့သည်။

စားစရာနှင့် ဆေးဝါးများ ဝယ်ယူနိုင်ရန် ငွေများ ပေးကမ်းစွန့်ကျဲခဲ့လေသည်။

သို့ဖြင့်...

တစ်လခန့် ကြာသောအခါ ဖုံးရှောင်၏အိတ်ကပ်ထဲ၌ ငွေမရှိတော့သလောက် ဖြစ်သွားတော့သည်။

မင်္ဂလာကြေးအဖြစ် ရှိသမျှ ပစ္စည်းများ ထုခွဲရောင်းချကာ ယူလာခဲ့သော ငွေများ ကုန်သွားသော်လည်း ဖုံးရှောင်က ပူပင်သောက ရောက်မနေပါချေ။

"သတို့သမီးအိမ်ကို ရောက်လို့ အစ်ကိုလေး လက်ထဲမှာ တစ်ပြားတစ်ချပ်မှ မရှိတော့ဘူးဆိုယင် အစ်ကိုလေး ဘယ်လိုလုပ်မလဲ"

ငါးကလေးက မေးလာသောအခါ ဖုံးရှောင် ရယ်မောလိုက်လေသည်။

"ငွါမှာ တစ်ပြားမှမရှိလို့ သားမက်မတော်ချင်ဘူးဆိုရင်

ဒို့တောင်ကောင်းသေးတယ်၊ နဂိုကတည်းက လွတ်လွတ်လပ်လပ် နေချင်တာ အိမ်ထောင်ပြုချင်တာမှ မဟုတ်ဘဲကွ"

ငါးကလေး ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

ဒုက္ခသည် များအား ပေးကမ်းစွန့်ကျဲရင်း ပါလာသည့် ငွေများ ကုန်ခမ်းသွားသောအခါ ဖုံးရှောင်နှင့် ငါးကလေးတို့လည်း ဒုက္ခသည်များ ဖြစ်သွားကြလေတော့သည်။

◆ ◆ ◆

လူသူကင်းဝေးသော တောလမ်းခရီးမှ သုံးရက်တိုင်တိုင် ဒုက်သန်းခရီးနှင်ပြီး မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ ဖုံးရှောင်နှင့် ငါးကလေးတို့ ဆာလောင်နေကြပြီ ဖြစ်လေသည်။

သူတို့တွင် ငွေရှိသည် မရှိသည်ကိုပင် အမှုမဲ့ အမှတ်မဲ့ ဖြစ်ကာ နီးစပ်ရာ စားသောက်ဆိုင်လေးတစ်ဆိုင်ထဲ ဝင်လိုက်ကြသည်။

စားပွဲတစ်လုံး၌ နေရာယူကာ စားစရာများ မှာကြားလိုက်လေသည်။

သုံးရက်လုံးလုံး ကောင်းကောင်းစားသောက်ခဲ့ရခြင်း မရှိသဖြင့် ဟင်းကောင်းများ မှာကြားပြီး အားရပါရ စားသောက်လိုက်ကြမည်ဟု အားခဲထားကြလေသည်။

သို့သော်...

"ဆရာလေးတို့ မှာတဲ့ ဟင်းလျာတွေအတွက် ကျသင့်ငွေကို အရင်ပေးချေရပါလိမ့်မယ် ခင်ဗျာ"

ဆိုင်လုလင်က ငွေကို အရင်တောင်းလာတော့မှ သူတို့ထံ၌ ငွေမရှိတော့ကြောင်း ဖုံးရှောင်တို့ သတိရလိုက်ကြလေတော့သည်။

"ဒုက္ခပဲ"

ဖုံးရှောင် ညည်းတွားလိုက်သည်။

ငါးကလေးက...

"အစ်ကိုလေးမှာ ငွေမရှိတော့ဘူးလားကွ"

"အေး မရှိတော့ဘူး"

ဖုံးရှောင်က ဟိုစမ်းသည်စမ်းဖြင့် ရှာဖွေလိုက်ရာ ကြေးပြားတစ်ပြား ထွက်လာလေသည်။

အကဲခတ်ကြည့်နေသော ဆိုင်လုလင်က...

"ကြေးပြားတစ်ပြားပဲ ရှိတာလား"

ဖုံးရှောင် ဘာမှမပြောဘဲ နေလိုက်လေသည်။

ဆိုင်လုလင်က...

"ကြေးပြားတစ်ပြားပဲ ရှိရင်တော့ ဆရာလေးတို့ မှာတဲ့ဟင်းလျာတွေ မရနိုင်ပါဘူးဗျာ"

ငါးကလေး မကျေမနပ် ဖြစ်သွားသည်။

"နေပါဦး၊ ငါတို့မှာ ငွေရှိသေးတယ်ဆိုရင်ကော၊ မင်းက အထင်သေးလှချည်လား"

ဟုရန်တွေ့လိုက်လေသည်။

ဆိုင်လုလင် တောင်းပန်လေသည်။

"အထင်သေးလို့ မဟုတ်ပါဘူးဗျာ၊ တိုက်ပွဲတွေကြောင့် ထွက်ပြေးလာတဲ့ လူတွေက ဗိုက်ဆာရင် ဝင်စားကြတယ်၊ ဒါပေ

မယ့် သူတို့မှာ ပေးစရာပိုက်ဆံ မရှိတော့ တောင်းလို့ မရတော့ဘူး၊ သည်လို ခဏခဏ ကြုံရတော့ ဆိုင်ရှင်က ပိုက်ဆံပေးမှ စားစရာချပေးရမယ်လို့ စည်းကမ်းထုတ်လိုက်တာပါ၊ ဒါမှမဟုတ်ရင် ဆိုင်ရှင်သည်း အရင်းပြုတ်သွားမယ်၊ ကျွန်တော်တို့လည်း အလုပ်ပြုတ်သွားမှာ သေချာပါတယ်"

ငါးကလေး အပြစ်ထပ်မပြောနိုင်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

ငွေမရှိတော့မှန်း သိပြီးနောက် ဖုံးရှောင်မှာ ဆာလောင်မှုပျောက်ကွယ်ကာ စားချင်သောက်ချင်စိတ် မရှိတော့ပေ။

ငါးကလေးကား သူ၏ဗိုက်ထဲမှ တဂွိုင်္ဂြိမြည်သံကို အတိုင်းသား ကြားနေရ၏။

ဆိုင်လုလင်က...

"တစ်ပြားတစ်ချပ်မှ မပါတာထက်စာယင် ကြေးပြားတစ်ပြား ရှိသေးတယ်ဆိုတော့ ပေါက်စီတစ်လုံးတော့ ရနိုင်ပါသေးတယ်၊ ကျွန်တော်သွားယူပေးပါ့မယ်"

ဟုပြောကာ ပေါက်စီတစ်လုံး သွားယူလာပေးလေသည်။

ဖုံးရှောင်က...

"ငါးကလေး၊ မင်းစားလိုက်ပါ"

ငါးကလေးက...

"အစ်ကိုလေးကော"

ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

"ငါဗိုက်မဆာတော့ဘူး၊ မစားတော့ဘူး"

"ဟာ မဟုတ်တာ၊ အစ်ကိုလေးကလည်း စားရရင်လည်း အတူတူ၊ မစားဘဲနေရရင်လည်း အဟူတူပေါ့၊ ကဲ သည်မှာ ပေါက်စီတစ်လုံး ရှိနေပြီ၊ တစ်ယောက်တစ်ဝက် စားကြမယ်"

ငါးကလေးက ပြောပြောဆိုဆို ပေါက်စီကို နှစ်ပိုင်းခွဲလိုက်လေသည်။

"ရော့ အစ်ကိုလေး"

ဖုံးရှောင်ကို တစ်ခြမ်းပေးပြီး ကျန်တစ်ခြမ်းကို ပါးစပ်ထဲထိုးသွင်းကာ ပါးလုပ်ပါးလောင်း စားလိုက်တော့သည်။

ဖုံးရှောင် စိတ်မကောင်း ဖြစ်သွား၏။

"ငါးကလေးကိုတောင် ငါဝအောင် မကျွေးနိုင်တော့ပါလား"

ငါးကလေး ပေးသော ပေါက်စီတစ်ခြမ်းကို မစားဘဲ ပန်းကန်ထဲ ပြန်ထည့်ထားလိုက်လေသည်။

ထိုစဉ်...

ဆူဆူညံညံ အသံများ ထွက်ပေါ်လာကာ ဆိုင်ထဲသို့ လူတစ်စု ဝင်ရောက်လာကြသည်ကို တွေ့လိုက်ရလေသည်။

"မန်ချူးတွေပဲ"

ငါးကလေး ရေရွတ်လိုက်သည်။

ထိုလူများကား မန်ချူးများ ဖြစ်နေသည်။

နယ်မြေဒေသ အများအပြားကို သိမ်းပိုက်ထားပြီး ဖြစ်ရကား ကျူးကျော်သူမန်ချူးများကို နေရာအနှံ့အပြား၌ တွေ့နေရလေတော့သည်။

မန်ချူးများက စားပွဲတစ်လုံး၌ နေရာယူကာ ဟင်းလျာ

အမျိုးမျိုးနှင့် အရက်များမှာ၍ စားသောက်လိုက်ကြလေသည်။

မန်ချူးတို့ လိုအပ်သမျှကို ဆိုင်လုလင်များက ပျာပျာသလဲ လုပ်ကိုင်ဆောင်ရွက်ပေးနေကြသည်။

သူတို့၏စားပွဲပေါ်၌ စားကောင်းသောက်ဖွယ်များ ပြည့်လျှံနေပါကော့သည်။

ငါးကလေး မကျေမနပ် ဖြစ်သွားလေသည်။

"သည်ကောင်တွေ သူများ မြေပေါ်လည်း ကျူးကျော်လာသေးတယ်၊ ရတာလည်း အကုန်စားမယ့်ကောင်တွေ၊ ထွီ ရွံစရာကောင်းလိုက်တာ"

ပြောရင်း တကယ်ပင် စားထားသော ပေါက်စီတစ်ခြမ်းမှာ ပြန်အန်ထွက်လာတော့မလို ပျို့တက်လာခြင်းကြောင့် ထိုင်ရာမှ ကမန်းကတန်းထကာ ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

ဖုံးရှောင်လည်း ပျော်ပွဲစား ထွက်လာသည့်အလား တပျော်ဘပါး စားသောက်နေကြသည့် မန်ချူးများကို ကြည့်ပြီး မုန်းတီးစက်ဆုပ်လာလေသည်။

ဆက်နေလျှင် တစ်စုံတစ်ခု ဖြစ်တော့မည်မို့ ထွက်သွားရန် ထိုင်ရာမှ ထလိုက်လေသည်။

ဆိုင်လုလင်တစ်ယောက် အပြေးတစ်ပိုင်း ရောက်လာသည်။

"ဆရာလေး သွားတော့မယ်ဆိုယင် ပေါက်စီဖိုး ငွေရှင်းခဲ့ပါဦးဗျာ"

"ငါ့လူက ပေါက်စီတစ်ခြမ်းပဲ စားသွားတယ်ဆိုတော့ မင်းလည်း ကြေးပြားတခြမ်းပဲ ရမယ်"

လက်နှစ်ဘက်ဖြင့် အားစိုက်ကာ ချိုးဖဲ့လိုက်လျှင်...

"ထောက်"

ကြေးပြားလေးနှစ်ခြမ်း ကျိုးသွားတော့သည်။

"ရော့ ပေါက်စီဖိုး"

ဖုံးရှောင်က ကြေးပြားတစ်ခြမ်းကို စားပွဲပေါ် ပစ်ချပြီး ကျန်ဘစ်ခြမ်းကို အိတ်ထဲထည့်ကာ ခပ်တည်တည်ဖြင့် ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

♦ ♦ ♦

ဖုံးရှောင်နှင့် ငါးကလေးတို့ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြလေသည်။

ဖုံးရှောင်က...

"ငါးကလေး၊ မင်းအန်ချင်သေးသလား"

ဟုမေးလိုက်သည်။

ငါးကလေး ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း မအန်ချင်တော့ဘူး၊ အန်လိုက်ရင် စားထားသမျှလေးတွေ ကုန်သွားမှာပေါ့ဗျာ"

"ဩော် ခုတော့ မင်းနမြောနေပြီပေါ့"

ငါးကလေးက...

အရေးထဲ ငွေမရမှာ ကြောက်ကာ အတင်းတောင်းသည်ဟု ဖုံးရှောင် ကျွဲမြီးတိုသွားလေသည်။

"ပေါက်စီဖိုး ဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး၊ မင်းတို့က ဟိုမိစ္ဆာကောင်တွေ စားချင်တိုင်း စားနေတာကျတော့ ငွေမတောင်းကြပါလား"

"သူ...သူတို့က..."

"သူတို့ကိုတော့ ကြောက်နေတယ် ဟုတ်လား"

ဆိုင်လုလင်က ဖုံးရှောင်နှင့် အချေအတင် ပြောမနေတော့ဘဲ ပေါက်စီဖိုးသာ တောင်းလေသည်။

"ဆရာလေး သူများတွေ အကြောင်း မပြောပါနဲ့၊ ပေါက်စီဖိုးသာ ရှင်းသွားပါဗျာ"

ဖုံးရှောင်က...

"ငါ့လူက ပေါက်စီတစ်လုံးလုံး ကုန်အောင် စားသွားတာ မဟုတ်ဘူး၊ တဝက်ပဲ စားရသေးတယ်ဆိုတာကော မင်းတွေ့ရဲ့လား"

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"တွေ့ပါတယ်၊ တခြမ်းစားလဲ ငွေပေးရမှာပါဗျာ"

"ဩော်"

"ပေါက်စီဖိုး ကြေးပြားတစ်ပြားပဲ ကျပါတယ်"

"ရမယ်...ရမယ်"

ဖုံးရှောင်သည် မန်ချူးတို့အား ငွေမတောင်းရဲဘဲ သူ့အား ဖြ၍ ငွေတောင်းနေသော ဆိုင်လုလင်ကို မြင်ပြင်းကပ်သွားလေသည်။

"ဆိုင်ထဲမှာတုန်းက ကျွန်တော် တကယ်ပဲ အန်ချင်ခဲ့တာ အစ်ကိုလေးရဲ့၊ ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းပါ့မယ်၊ နောက်တစ်ခါ သည်ကောင်တွေကို တွေ့ရင် မအန်ချင်အောင် လုပ်ရမယ့် နည်းလမ်းလည်း တွေ့ထားပြီးပါပြီ"

"ဟုတ်လား၊ ဘယ်လိုနည်းလမ်းလဲ ပြောပါဦး"

"သည်ကောင်တွေကို ဆုံးမလိုက်တဲ့ နည်းလမ်းပေါ့ အစ်ကိုလေးရယ်"

ဖုံးရှောင် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာရင်း မြို့လယ်ပိုင်းသို့ ရောက်ရှိလာကြလေသည်။

မြို့လယ်ပိုင်း၌ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားနေသည်။

ငါးကလေးက တစ်ချက်ဝေ့ကြည့်ပြီး...

"သည်လိုဆိုတော့လည်း ဘာမှ မဖြစ်တဲ့အတိုင်းပါပဲလား" ဟုရေရွတ်လိုက်လေသည်။

ထိုအချိန်မှာပင် လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို တွေ့လိုက်ရလေသည်။

"ဘာဖြစ်တာပါလိမ့်"

ဖုံးရှောင် တွေးနေစဉ်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ငါးကလေးက...

"မန်ချူးတွေပဲ၊ သည်ကောင်တွေက အကြောင်းမရှိ အကြောင်းရှာပြီး လူတွေကို မိုက်ချစ်သိုင်းသမားတွေလို့ စွပ်စွဲ၊ အပြစ်မရှိ အပြစ်ရှာပြီး ဖမ်းဆီးတတ်ကြတယ်"

ဖုံးရှောင်က...

"အင်း စားသောက်ဆိုင်ထဲမှာလည်း သူတို့ချည့်ပဲ၊ လူတွေက စားရမဲ့ သောက်ရမဲ့ တော်ပြတ်နေကြပြီ၊ သူတို့ကတော့ စားချင်သလိုစား၊ လုပ်ချင်ရာလုပ်၊ အတော်ကို လူပါးဝနေတာ၊ သည်ကောင်တွေကို ငါကြည့်မရတော့ဘူး၊ ကြိုတုန်းကြိုက်တုန်း ဆုံးမလိုက်ရင် ကောင်းမယ်"

"သိပ်ကောင်းတာပေါ့"

ငါးကလေး သဘောတူလိုက်လေသည်။

သို့သော်...

ထောက်ခံပြောဆိုပြီးမှ မှားသွားပြီ ဖြစ်ကြောင်း ငါးကလေး နားလည်လိုက်လေသည်။

ဖုံးရှောင်သည်လည်း တစ်ခုခု လုပ်ချင်ပြီဆိုပါလျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထင်ရာလုပ်တတ်သူ မဟုတ်ပါလား။

ဖုံးရှောင်ကို မြှောက်ပင့်ပေးလိုက်ခြင်းသည် အန္တရာယ်ကို ဒိတ်ခေါ်သကဲ့သို့ ရှိနေကြောင်း ဆင်ခြင်မိလိုက်လေတော့သည်။

မန်ချူးများမှာ အောင်နိုင်သူများ ဖြစ်နေရကား သူတို့ထက် ပိုပြီး ထင်ရာစိုင်းလိုကြသူများ ဖြစ်ပေသည်။

"လာဟေ့"

မည်သို့ဆိုစေ ဖုံးရှောင်က လက်ဆွဲခေါ်သွားလျှင် ငါးကလေးလည်း လိုက်သွားရလေတော့သည်။

ဖုံးရှောင်က လမ်းဘေးဌာန စွန့်ပစ်ထားသော ခြင်းကျားကြီးများ စုပုံထားရာသို့ ခပ်သွက်သွက် သွားလိုက်ခြင်း ဖြစ်သည်။

"သည်ခြင်းကျားကြီးတွေကို လမ်းပေါ်ပစ်တင်လိုက်ရင် သည်ကောင်တွေ ဘယ်လိုနေမယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

ဟုပြောပြီး ခြင်းကျားကြီးများကို ဆွဲယူကာ လမ်းပေါ်သို့ ပစ်ချလိုက်လေသည်။

ငါးကလေးလည်း မထူးတော့ဟု သဘောပိုက်ကာ ကူညီလိုက်လေသည်။

သူတို့နှစ်ယောက်၏လုပ်ရပ်ကြောင့် ခြင်းကျားကြီးများ လမ်းပေါ်၌ ပြန့်ကျဲသွားတော့သည်။

မန်ချူးမြင်းစီးသမားများသည် လမ်းပေါ်၌ ရှုပ်ထွေးနေသော ခြင်းကျားကြီးများကြောင့် ရှေ့ဆက်မသွားနိုင်ကြတော့ဘဲ...

"ဟေး...ဟေး"

မြင်းအော်ငေါက်ကာ ရပ်တန့်လိုက်ကြရလေတော့သည်။

မန်ချူးတို့ သွားချင်တိုင်း သွားလို့ မရတော့ဘဲ အခက်ကြုံသွားကြသည်ကို မြင်လျှင် ဖုံးရှောင် သဘောကျကာရယ်မောလိုက်လေသည်။

"ကိုင်း ဘယ်လိုလဲ လူအများ သွားလာနေတဲ့ လမ်းပေါ်မှာ ထင်သလို သွားခြင်တိုင်း သွားလို့ မရဘူးဆိုတာ သိပြီလား"

မန်ချူးမြင်းစီးသမားများ စိတ်ကသိကအောက် ဖြစ်အောင်

လုပ်နိုင်လိုက်သဖြင့် ကျေနပ်ကာ...

"သွားကြမယ်ဟေ့"

ဖုံးရှောင်က ငါးကလေးအား လက်ဆွဲခေါ်သွားလေတော့သည်။

♦ ♦ ♦

ခြင်းကျားကြီးများသည် ထုထည်ကြီးမားသော်လည်း ပေါ့ပါးသဖြင့် လမ်းပေါ်၌ ဟိုလိမ့်သွား သည်လိမ့်သွားဖြင့် ရှုပ်ယှက်ခတ်သွားလေသည်။

မန်ချူးမြင်းစီးသမားများက ရှောင်ကွင်းကာ ဆက်လက်စီးနှင်းသွားလိုပါသော်လည်း မြင်ကွင်းက ရှုပ်ထွေးနေပြီး သူတို့စီးနင်းထားသည့် မြင်းများကလည်း ရှောင်နေသည့်ကြားမှ ခြင်းကျားကြီးများနှင့် ဝင်တိုက်မိခြင်း၊ တက်နင်းမိကာ ခြေထောက်၌ စွပ်ပါလာခြင်းတို့ကြောင့် ရှုပ်ထွေးသွားပြီး ရှေ့ဆက်မသွားနိုင်တော့ဘဲ ရပ်တန့်လိုက်ကြခြင်း ဖြစ်လေသည်။

မန်ချူးများ မကျေမနပ် ဖြစ်နေကြသည်။

"ဘယ်ခွေးကောင်က နှောင့်ယှက်တာလဲ"

"သေချင်ပြီ ထင်တယ်"

တစ်ယောက်တစ်ခွန်း ကျိန်ဆဲလိုက်ကြလေသည်။

မန်ချူးမြင်းစီးသမားများအား ဦးဆောင်လာသူမှာ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသော လူငယ်လူရွယ်တစ်ဦး ဖြစ်လေ

သည်။ မန်ချူးမင်းသားလေးတစ်ပါး၏ အဝတ်တန်ဆာများကို အချိုးအစားကျကျ ဝတ်ဆင်ထားလေသည်။

မန်ချူး၊ မှူးမတ်၊ မြို့စား အစရှိသည့် အထက်တန်းစား မျိုးနွယ်ထဲမှ ဆင်းသက်ပေါက်ပွားလာသူ ဖြစ်ကြောင်း ထင်ရှားလေသည်။

မှန်ပေသည်။

ထိုလူလင်မှာ မန်ချူးဘုရင်က မင်းသားလေးတစ်ပါးအဖြစ် ချီးမြှင့်မွှေက်စားထားသူ ဖြစ်လေသည်။

မင်းသားလေး 'တုလတ်' ဆိုလျှင် မန်ချူးအထက်တန်းလွှာမှ ဖြစ်ကြောင်း အားလုံး သိထားကြလေသည်။

မင်းသားလေးတုလတ်၏ဖခင်မှာ စစ်သူကြီးတစ်ဦး ဖြစ်ပြီး မိခင်မှာ အမတ်ကြီးတစ်ဦး၏သမီး ဖြစ်သည်။

မင်းသားလေးတုလတ်၏မိခင်သည် တုလတ် ငါးနှစ်သား အရွယ်ကပင် ကွယ်လွန်သွားခဲ့သည်။

ဖခင်စစ်သူကြီးနှင့် အဘိုးဖြစ်သူအမတ်ကြီးတို့မှာလည်း တရုတ်ပြည်ကြီးအား ကျူးကျော်တိုက်ခိုက်ရင်း တိုက်ပွဲများ၌ ကျဆုံးသွားခဲ့ကြလေသည်။

ထို့ကြောင့်လည်း မန်ချူးဘုရင်က မိဘမဲ့ဖြစ်သွားသော တုလတ်ကို မင်းသားအဆောင်အယောင်ပေးကာ ချီးမြှင့်မွှေက်စား ခဲ့ခြင်း ဖြစ်လေသည်။

မင်းသားလေးတုလတ်သည် အခြားမန်ချူးမင်းသားများ နည်းတူ သိမ်းပိုက်ထားသော နယ်မြေများတွင် တာဝန်ထမ်းဆောင်

ရန် ရောက်လာခြင်း ဖြစ်သည်။

မင်းသားတုလတ်က လမ်းပေါ်၌ ဟိုလိမ့်သည်လိမ့်ဖြင့် ရွှပ်ယှက်ခတ်နေသော ခြင်းကျားကြီးများကို ကြည့်ပြီး မျက်မှောင် ကုပ်သွားလေသည်။

"ဒါ ငါတို့ ကောင်းကောင်းမွန်မွန် သွားလာလို့ မရအောင် ဘမင် နှောင့်ယှက်တာပဲ၊ ကောင်းပြီ၊ နှောင့်ယှက်တဲ့ လူတွေကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးဖို့ မိအောင် ဖမ်းရမယ်"

ဟုအမိန့်ပေးလိုက်လေသည်။

ဖုံးရှောင်နှင့် ငါးကလေးတို့သည် ခြင်းကျားကြီးများကို လမ်းပေါ် ပစ်ချပြီးနောက် လမ်းကြားလေးတစ်ခုထဲ ဝင်ပြေးသွားကြသည် ကို တွေ့မြင်ထားပြီး ဖြစ်လေသည်။

"ကောင်းပါပြီ၊ မင်းသားလေး"

မန်ချူးများ မြင်းပေါ်မှ လွှားခနဲလွှားခနဲ ခုန်ဆင်းလိုက်ကြပြီး လမ်းကြားထဲ ပြေးဝင်သွားကြလေတော့သည်။

♦ ♦ ♦

မန်ချူးတို့သည် ဖုံးရှောင်နှင့် ငါးကလေးအား ဖမ်းဆီးရန် လမ်းကြားထဲသို့ ပြေးဝင်သွားကြပြီ ဖြစ်လေသည်။

မင်းသားလေးတုလတ်က မြင်းပေါ်၌ ဟန်ကျပန်ကျ ထိုင်ကာ စောင့်ဆိုင်းနေလိုက်သည်။

မကြာမီ သူ၏လူများက ဖုံးရှောင်တို့အား ဖမ်းဆီးခေါ်

ဆောင်လာကြလိမ့်မည်ဟု ယုံကြည်နေ၏။

သို့သော်...

အတန်ကြာသွားသည့်တိုင်အောင် သူ၏လူများ လမ်းကြားထဲမှ ပြန်လည်ထွက်ပေါ်လာခြင်း မရှိကြချေ။

မင်းသားတုလတ် မျက်မှောင်ကုပ်သွားလေသည်။

"ဘာလုပ်နေကြတာပါလိမ့်"

တွေးတောနေစဉ်မှာပင်...

"ခင်ဗျား လူတွေကို စောင့်နေတာလားဗျ"

နောက်ကျောဘက်မှ ထွက်ပေါ်လာသော စကားသံကြောင့် မင်းသားတုလတ် လှည့်ကြည့်လိုက်မိသည်။

ထိုအခါ သူ့အား ပြုံးကြည့်နေသည့် ဖုံးရှောင်နှင့် ငါးကလေးတို့အား တွေ့လိုက်ရလေသည်။

တုလတ် မျက်လုံးပြူးသွားလေသည်။

"မင်း...မင်းတို့ စောစောက လမ်းကြားထဲ ဝင်ပြေးသွားကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်က ဘယ်လို သည်ကို ရောက်လာတာလဲ"

"လမ်းကြားထဲ ဝင်ပြီး ဟိုဘက်လမ်းက ပြန်ထွက်လာတာပေါ့ဗျ"

"မင်းတို့ တော်တော်ရှုပ်တာပဲ"

"ခင်ဗျားတို့ကသာ ရှုပ်တာပါဗျာ"

"ကျုပ်က ဘာရှုပ်လို့လဲ"

ဖုံးရှောင် လက်ဝေ့ယမ်းပြလိုက်သည်။

"ဘယ်နေရာကိုပဲကြည့်ကြည့် ခင်ဗျားတို့ မန်ချူးတွေချည်းပဲ မြင်နေရတယ်၊ အဲဒါ မျက်စိနောက်အောင် ရှုပ်တာ မဟုတ်လို့ဘာလဲဗျ"

မင်းသားတုလတ်က...

"မင်းတို့ နှောင့်ယှက်ဝံ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ မင်းဘို့ကို ဖမ်းပြီး ကြိမ်ဒဏ်သုံးဆယ် အပြစ်ပေးရမယ်"

ငါးကလေး ဝင်ပြောလိုက်လေသည်။

"ခင်ဗျားဒဏ်ပေးတိုင်း ကျုပ်တို့ ခံမယ်များ မှတ်နေသလား"

"မင်း...မင်း၊ ငါ့လို မင်းသားလေးတစ်ယောက်ကို မလေးမစား ပြောဝံ့တယ် ဟုတ်လား"

မင်းသားတုလတ်သည် ဖုံးရှောင်နှင့် ငါးကလေးတို့က မလေးမစား ရှိနေကြခြင်းကြောင့် ဒေါသထွက်သွားလေတော့သည်။

မန်ချူးမင်းသားလေးတစ်ယောက်သည် မြို့စားရွာစားများကဲ့သို့ သြဇာရှိသည် မဟုတ်ပါလား။

မင်းသားတုလတ်၏ဖခင်ဘက်မှ တော်စပ်သော ဦးလေးဝမ်းကွဲတစ်ယောက်သည်လည်း တရုတ်ပြည်ထဲ ရောက်ရှိလာပြီး နယ်စားကြီးရာထူးဖြင့် နယ်မြေဒေသကြီးတစ်ခုအား စီမံအုပ်ချုပ်နေပြီဖြစ်သည်။

ထို့ကြောင့် မင်းသားတုလတ်မှာ ဘဝင်မြင့်သည် မဟုတ်သော်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ကြောင့် မာနကြီးသူတစ်ယောက်

ဖြစ်နေပါတော့သည်။

ဖုံးရှောင်နှင့် ငါးကလေးတို့က စော်ကားသည်ဟု ဒေါသထွက်ကာ သူ၏လူများအား အမိန့်ပေးလိုက်လေသည်။

"သူတို့ကို ဖမ်းလိုက်စမ်း"

မန်ချူးစစ်သားများသည် ဖုံးရှောင်နှင့် ငါးကလေးတို့အား ဖမ်းဆီးရန် မြင်းပေါ်မှ ခုန်ဆင်းလာလေတော့သည်။

ဖုံးရှောင် ခေါင်းညိတ်လိုက်သည်။

"လာခဲ့စမ်း၊ ဘယ်သူက ဆုံးမနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ငါးကလေးက...

"လက်သီးကြည့်ထား"

ရှေ့ဆုံးမှ ပြေးဝင်လာကြသည့် မန်ချူးတစ်ယောက်အား လက်သီးဖြင့် ထိုးရန် ဟန်ပြပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

ငါးကလေး၏လှည့်ကွက်ကြောင့် မန်ချူး ကြောင်အမ်းအမ်းဖြစ်သွားကာ ခြေထောက်ကန်ချက်ခံလိုက်ရလေတော့သည်။

"ဝုန်း"

"အား"

ရှေ့ဆုံးမှ မန်ချူးသည် ငါးကလေး၏ကန်ချက်ခံရကာ လွင့်စဉ်သွားပြီး နောက်မှ လိုက်လာသူများနှင့် ဝင်တိုက်မိကာ...

"ဟေ့...ဟေ့"

"ဟာ"

နောက်က ပြေးလာသူများလည်း ဖရိုဖရဲ လဲကျကုန်ကြလေတော့သည်။

မန်ချူးများ ဝရုန်းသုန်းကား ဖြစ်သွားသည်ကို ကြည့်ပြီး ဖုံးရှောင်နှင့် ငါးကလေးတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

"ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

မင်းသားတုလတ် ပိုပြီး ဒေါသ ဖြစ်သွား၏။

မျက်နှာတစ်ခုလုံး နီမြန်းသွားပြီး...

"အသုံးမကျတဲ့ကောင်တွေ"

သူ၏လူများကို ကျိန်ဆဲကာ ကိုယ်တိုင် မြင်းပေါ်မှ ဆင်းလာတော့သည်။

ငါးကလေးက...

"လာစမ်း၊ ခင်ဗျားကိုလည်း ဆုံးမပြမယ်"

တိုက်ခိုက်ရန် ရှေ့သို့ လှမ်းထွက်လိုက်ရာ ဖုံးရှောင်က ဟန့်တားလိုက်လေသည်။

"နေဦး၊ သူ့ကို ငါ့အတွက် ထားလိုက်စမ်းပါ"

ငါးကလေး ပြုံးလိုက်သည်။

"ဟုတ်တာပေါ့၊ သူ့လို လူစားမျိုးကို အစ်ကိုလေးပဲ ဆုံးမသင့်တာပေါ့"

ချက်ချင်း နောက်ဆုတ်ပေးလိုက်လေသည်။

ဖုံးရှောင်က မင်းသားတုလတ်နှင့် မျက်နှာချင်း ဆိုင်လိုက်

လေသည်။

"ကဲ ခင်ဗျားကော လက်သီးကြိုက်သလား၊ လက်ဝါးကြိုက်သလားပြောပါ"

ဖုံးရှောင်က ရိသဲ့သဲ့ လှမ်းမေးလိုက်လေသည်။

မင်းသားတုလတ်က...

"ငါ ဘယ်သူလဲဆိုတာကော မင်းသိရဲ့လား"

ဖုံးရှောင်က...

"ခင်ဗျား ဘယ်သူလဲ ပြောစမ်းပါဦး"

မင်းသားတုလတ် ရင်ကော့လိုက်လေသည်။

"ငါက မင်းသားလေးတုလတ်ကွ"

ဖုံးရှောင်က...

"အဲဒါ ဘာဖြစ်သလဲ"

"ဘာကွ"

"ခင်ဗျားက မင်းသားတုလတ် ဖြစ်တော့ကော ဘာအရေးလဲဗျ"

"မင်း...မင်း"

မင်းသားတုလတ် ပိုပြီး မကျေမနပ် ဖြစ်သွားလေသည်။

ဖုံးရှောင်အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ငါဦးလေးဝမ်းကွဲက နယ်စားကြီးတစ်ယောက်ဆိုတာကော မင်းသိသလား"

"နယ်စားကြီး ဖြစ်တော့ကော ဘာအရေးလဲ"

"ဘာကွ"

ဖုံးရှောင် ရင်ကော့လိုက်သည်။

"ကျုပ်ကော ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

မင်းသားတုလတ် မျက်မှောင်ကုပ်သွား၏။

"မင်းက ဘ(ဲ)သူလဲ"

"ကျုပ်က ဖုံး(ရှောင်၊ ဘုရင့်ကိုယ်ရံတော်တပ်မှူးလေးတစ်ယောက်ပဲ"

"ဘာ"

မင်းသားလေးတုလတ်က ခြေဆောင့်လိုက်သည်။

"ဘာလုပ်နေကြတာလဲ၊ သည်ကောင့်ကို ဖမ်းလိုက်ကြပါတော့လား"

ဟုအသံကုန် အော်ဟစ်အမိန့်ပေးလိုက်လေသည်။

သို့သော်...

သူ၏အနှံ့၌ ကျန်ရစ်ခဲ့သော မန်ချူးများက အလဲလဲ အပြိုပြို ဖြစ်နေကြပြီး လမ်းကြားထဲ ဝင်သွားကြသူများကလည်း ပြန်သွက်မလာကြသေးပါချေ။

ဖုံးရှောင်နှင့် ငါးကလေးတို့သည် လမ်းကြားထဲသို့ ဝင်လိုက်သောကြသော မန်ချူးများအလစ် တိုက်ခိုက်ပြီး သွေးကြောပိတ်လိုက်သည်။

ပို၍ စိတ်ချရအောင် ကြိုးများဖြင့် တုပ်နှောင်ထားပစ်ခဲ့ကြသည် မဟုတ်ပါလား။

မန်ချူးများ ရောက်မလာကြပါ။

ဖုံးရှောင် ရယ်မောလိုက်သည်။

"ဘယ်လိုလဲဗျ၊ တစ်ယောက်မှလည်း ရောက်မလာကြပါလား"

မင်းသားလေးတုလတ်က...

"ဘာကြောင့် ရောက်မလာရမှာလဲ"

သူ၏စကားသံနှင့် မရွေးမနှောင်းမှာပင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♦ ♦ ♦

မိန်းမလှလေး

မြင်းစီးသမားများကို မြင်လျှင် ဖုံးရှောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ငါးကလေးလည်း ထိတ်လန့်သွားသည်။

မြင်းစီးသမားများမှာ မနှံချူးအဝတ်အစားများ ဝတ်ဆင်ထားကြသည် မဟုတ်ပါလား။

"ဟား...ဟား...ဟား"

မင်းသားတုလတ် ဟားတိုက်ရယ်မောလိုက်လေသည်။

"ကဲ မင်းတို့ ဘာပြောချင်သေးသလဲ"

ငါးကလေးက...

"ဘာမှ မပြောချင်ဘူး၊ ခင်ဗျားကိုပဲ ဆုံးမချင်တယ်"

မြေပေါ်မှ ကျောက်ခဲတစ်လုံး ကောက်ယူကာ ပစ်ပေါက်လိုက်လေသည်။

"ဒို့"

ကျောက်ခဲသည် မင်းသားလေးတုလတ်၏ရင်ဝတည့်တည့်သို့ ပစ်လွှင့်သွားလေသည်။

"ဟင်"

မင်းသားလေးတုလတ် ထိတ်လန့်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်ရာ ဟန်ချက်ပျက်ကာ မြင်းပေါ်မှ ထိုးကျသွားလေတော့သည်။

"ဝုန်း"

မင်းသားလေးတုလတ်၏အဖြစ်က ဖုံးရှောင်နှင့် ငါးကလေးတို့အတွက် ဝိုအားထက် ရယ်အားသန် ဖြစ်ရတော့သည်။

"ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

နှစ်ယောက်သား ရယ်မောလိုက်မိကြလေသည်။

ထိုအချိန်မှာပင် မြင်းစီးသမားများ အနီးသို့ ရောက်ရှိလာကြလေသည်။

ဦးဆောင်လာသူမှာ ယောကျ်ားရင့်မာကြီးတစ်ယောက် မဟုတ်ဘဲ ငယ်ရွယ်နုပျိုပြီး ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းကြောင့် ဖုံးရှောင်နှင့် ငါးကလေးတို့၏ ရယ်မောသံ တဝက်တပျက်ဖြင့် ရပ်တန့်သွားတော့သည်။

မန်ချူးမိန်းမချောလေးကို မျက်လုံးပြူးကာ ကြည့်လိုက်မိကြလေသည်။

မင်းသားလေးတုလတ် ဒေါသထွက်နေသည်။

"မင်းတို့ ငါ့ကို စော်ကားတယ်၊ မင်းတို့ကို သေဒဏ်ပေးရဒဲ့မှမယ်"

လူးလိမ့်ထရင်း အော်ပြောနေသည်။

ဖုံးရှောင်နှင့် ငါးကလေးတို့မှာ မင်းသားလေးတုလတ်အား ရှာမစိုက်နိုင်ကြဘဲ နတ်မိမယ်လေးအလား ချောမောလှပသည့် မန်ချူးမိန်းကလေးကို ငေးမောကြည့်နေမိကြလေတော့သည်။

"ငါ့ကို စော်ကားတဲ့လူမှန်သမျှ သေရမယ်၊ မင်းသားလေးတုလတ်ဟာ ဘယ်လိုလူစားလဲဆိုတာ မင်းတို့ကောင်းကောင်းကြီး သိစေရမယ်ကွ"

မင်းသားလေးတုလတ်ကား ပတ်ဝန်းကျင်ကို ဂရုမထားနိုင်ဘဲ ရှက်ရမ်းရမ်းနေပါတော့သည်။

လူးလိမ့်ထလာပြီး ဖုံးရှောင်ကို တိုက်ခိုက်လိုက်လေသည်။

ဖုံးရှောင်လည်း နောက်ကျောဘက်မှ လေတိုးသံကို ကြားသွင် ခြေတစ်ဘက် နောက်ပြန်ဆန့်ထုတ်ကာ ကန်ကျောက်လိုက်လေသည်။

မင်းသားလေးတုလတ်မှာ ဖုံးရှောင်၏ခြေထောက်ကိုမှ ဝင်ဒိုးမိသလို ဖြစ်သွားပြီး...

"ဝုန်း"

မြေပေါ် လဲကျသွားပြန်တော့သည်။

"မင်း...မင်းတို့..."

မင်းသားလေးတုလတ်၏ သွေးရူးသွေးတန်းဖြင့် လူးလိမ့်ထလိုက်လေသည်။

ယခုတစ်ကြိမ်...

ဖုံးရှောင်အား တိုက်ခိုက်ခြင်း မပြုဖြစ်တော့ပါ။

အကြောင်းမှာ မြင်းစီးသမားတစ်စု ရောက်ရှိနေသည်ကို သတိပြုမိသွားခြင်းကြောင့် ဖြစ်လေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသည့် မိန်းမချော လေးကို မြင်လျှင် ကျောက်ရုပ်အလား မလှုပ်မယှက် ဖြစ်သွားလေ တော့သည်။

ဆူဆူညံညံ ဖြစ်နေသော ပတ်ဝန်းကျင်မှာ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အားလုံးက မိန်းမချောလေး၏ ပြုမူလှုပ်ရှားပုံကို ငေးၪ် ကြည့်နေမိကြသည်။

မိန်းမချောလေးက မြင်းပေါ်မှ အသာအယာ ဆင်းလိုက် သည်။

မင်းသားလေးတုလတ်ထံသို့ လှမ်းသွားလိုက်လေသည်။

မင်းသားလေးတုလတ် သတိဝင်လာကာ လှုပ်လှုပ်ရှားရား ဖြစ်သွားလေသည်။

ထိုမိန်းမချောလေးအား သူကောင်းစွာ သိရှိထားသည် မဟုတ်ပါလား။

"ဟင် ကူးကူးပါလား"

ကူးကူးဆိုသောမိန်းမချောလေးက မင်းသားလေးတုလတ် အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

မင်းသားလေးတုလတ်၏ အဝတ်အစားများမှာ ဖုန်များ

သဲများ ပေကျံကာ ညစ်ပတ်နေပြီ ဖြစ်လေသည်။

မင်းသားလေးတုလတ်က သူ့အား အကဲခတ်နေသော မိန်းမချောလေးကူးကူးကို ပြုံးပြလိုက်သည်။

"ကူးကူး၊ ကျုပ်က တုလတ်လေ"

မိန်းမချောလေးကူးကူး နှာခေါင်းရှုံ့လိုက်သည်။

"မင်းသားလေး ရှင်ဘာလုပ်နေတာလဲ"

မင်းသားလေးတုလတ်က အရှက်ပြေ ရယ်မောလိုက်သည်။

"ကျုပ်...ကျုပ်က... ဟို... သူတို့နဲ့..."

"ရှင်က သိုင်းလေ့ကျင့်နေတာလား"

"ဟုတ်တယ်...ဟုတ်တယ်"

ကူးကူးက အရွဲ့တိုက် ပြောလိုက်သည်ကိုပင် မင်းသားလေး တုလတ် သတိမထားမိဘဲ အဟုတ်မှတ်နေ၏။

ကူးကူးက...

"ရှင်ကလည်း လေ့ကျင့်စရာ လူရှားသလားရှင့်၊ သည်ဟန် ဘရုတ်လူမျိုးတွေနဲ့မှ သိုင်းလေ့ကျင့်ရသလား"

"ဒါ...ဒါက..."

ကူးကူး ခါးထောက်လိုက်သည်။

မင်းသားလေးတုလတ်ကို သဘောမကျသည့် အသွင်ဖြင့် နှုတ်ခမ်းစူကာ ပြောလိုက်လေသည်။

"ရှင့်အကြောင်း မသိရင် ခက်မယ်"

သူမသည် မင်းသားလေးတုလတ်အား အထင်သေးသည့် သဘော ရှိနေကြောင်း ဖုံးရှောင်နှင့် ငါးကလေးတို့ သတိပြုမိလိုက်

ကြလေသည်။

"ရှင့်လို လူစားမျိုးတွေကြောင့် ကျွန်မတို့ မန်ချူးတွေ သိက္ခာကျရတာပဲ"

သူမသည် ဖုံးရှောင်နှင့် ငါးကလေးတို့အား တစ်ချက်လှေ့ ကြည့်လိုက်လေသည်။

ထို့နောက် စကားတစ်ခွန်းမှ မပြောဘဲ သူမ၏မြင်းပေါ်သို့ ပြန်ခုန်တက်သွားတော့သည်။

ဖုံးရှောင်နှင့် ငါးကလေးတို့မှာ စိတ်ညှို့ခံထားရသူများ အလား မလှုပ်မယှက်ရပ်ကာ မိန်းမလှလေးကူးကူးကို ငေးကြည့်နေ မိကြလေသည်။

"သွားကြမယ်"

ကူးကူးက လက်ဝှေ့ယမ်းပြကာ မြင်းငေါက်မောင်းနှင်သွား လေသည်။

"ဟေး...ဟေး"

သူမ၏လူများလည်း ထပ်ကြပ်မကွာ လိုက်ပါသွားကြလေ သည်။

မိန်းမချောလေးကူးကူးတို့သည် တခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေသည်။

ထိုအခါမှ ဖုံးရှောင်နှင့် ငါးကလေးတို့ သတိဝင်လာကြလေ သည်။

"မန်ချူးအရာရှိကြီးတစ်ယောက်ယောက်ရဲ့သမီး ဖြစ်လိမ့် မယ်"

ဖုံးရှောင်က မှတ်ချက်ချလိုက်သည်။

ငါးကလေးက...

"အတော်ချောတဲ့ မိန်းကလေးပဲဗျာ"

ဖုံးရှောင် ပြုံးလိုက်သည်။

"ဟုတ်တယ်၊ အတော်ချောတယ်၊ ဒါပေမယ့် သူက မန်ချူး ဖြစ်နေတယ်ကွ"

"ကျွန်တော်က..."

"မင်းက မန်ချူးတွေကို မုန်းတီးနေတာပဲ မဟုတ်လား ပြောပါဦး"

"ဒါကတော့"

"ဟိုမန်ချူးမိန်းမချောလေးတော့ မပါဘူးပေါ့၊ ဟုတ်လား"

"ဟာ အစ်ကိုလေးကလည်း ကျွန်တော်ပြောချင်တာက သည်လို မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ ပြောစမ်းပါဦး"

"မန်ချူးမိန်းမချောလေးဟာ အစ်ကိုလေးနဲ့ဆိုရင် အင် မတန် လိုက်ဖက်ညီတယ်လို့ ပြောချင်တာပါ"

"ဟေ"

"ကျွန်တော် တကယ် ပြောတာကွ"

"တော်စမ်းပါကွာ၊ ကဲ အချိန်မရှိဘူး၊ တို့လည်း သွားကြရ အောင်"

"ဟုတ်ကဲ့"

နှစ်ယောက်သား မင်းသားလေးတုလတ်အား လှမ်းကြည့်

သဲကြီးမဲကြီး

မင်းသားလေးတုလတ်သည် သူ၏စံအိမ်တော်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

တုလတ်သည် ချက်ချင်း ရေမိုးချိုးကာ အဝတ်အစား လဲသိုက်လေသည်။

ထမင်းတစ်အိုးချက်ခန့်ကြာအောင် ကိုယ့်ကိုကိုယ် သန့်ရှင်းစင်ကြယ်အောင်လုပ်ပြီးမှ ကျေနပ်သွားလေသည်။

အမွေးနုံသာများ ဆွတ်ဖျန်းထားသည့် အဖြူရောင်ပိုးဖဲအင်္ကျီဝတ်ကာ ဆံကေသာများကို ဆီးမွေးလိမ်းပြီးနောက်...

"ခုမှပဲ မင်းသားလေးတစ်ယောက်နဲ့ တူသွားတော့တယ်"

ထို့နောက် ဧည့်ခန်းသို့ ထွက်လာခဲ့လေသည်။

တုလတ်သည် မင်းသားလေးတပါးအဖြစ် ချီးမြှင့်ခံခဲ့ရပြီး

လိုက်လေသည်။

မင်းသားလေးတုလတ်ကား ကျောက်ရုပ်အလား မလှုပ်မယှက် ရှိနေဆဲ။

ဖုံးရှောင်က...

"သူငေးငိုင်နေတုန်း တို့သွားကြမယ်"

ဟုပြောကာ ပြေးထွက်သွားလျှင် ငါးကလေးလည်း လိုက်သွားလေသည်။

မင်းသားလေးတုလတ် သတိဝင်လာသောအခါ ဖုံးရှောင်နှင့် ငါးကလေးတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

♦ ♦ ♦

နောက် အခြေအရံ အဆောင်အယောင်များလည်း ရရှိခံစားရလေသည်။

တရုတ်ပြည်ကြီး၏ လေးပုံသုံးပုံကို ကျူးကျော်သိမ်းပိုက်ပြီး နောက် မန်ချူးနန်းတွင်းမှ အမတ်များ၊ မင်းသားများ၊ စစ်သူကြီးများကို တရုတ်ပြည် နေရာအနှံ့အပြားသို့ စေလွှတ်ခဲ့သည်။

မြို့စားနယ်စားများအဖြစ် စီမံခန့်ခွဲအုပ်ချုပ်ရန် မန်ချူးတို့၏သြဇာ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန် ခုခံပုန်စားမည့်သူများ၊ မျိုးချစ်သိုင်းသမားများနှင့် တရုတ်ဘုရင်မင်းမြတ်၏ သစ္စာခံများကို နှိမ်နင်းရန် စသည့်တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် အတွက် ဖြစ်လေသည်။

မင်းသားလေးတုလတ်က လုရန်မြို့သို့ ရောက်လာခြင်းမှာ မြို့စားတာဝန်ထမ်းဆောင်ရန် ဖြစ်သည်။

လုရန်မြို့၌ ရှိနေသော မြို့စားကြီးမှာ အခြားတစ်နေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည် ဖြစ်လေသည်။

သို့သော်...

မင်းသားလေးတုလတ် ရောက်လာချိန်တွင် တရုတ်ဘုရင်မင်းမြတ်က သိုင်းလောကသားများအား စည်းရုံးသိမ်းသွင်းရန် 'ဘုရင့်အမှတ်တံဆိပ် အမိန့်တော်'ကို အသုံးပြု ဆောင်ရွက်နေချိန် ဖြစ်သည်။

သိုင်းလောကသားများအား စည်းရုံးမည့် သိုင်းဂိုဏ်းကြီးတစ်ခုသို့ တရုတ်ဘုရင်၏ လူယုံတော်တစ်ယောက်က 'အမိန့်တံဆိပ်တော်' သွားရောက်ပို့ဆောင်မည်ဟု သတင်းများလည်း ဖြစ်ပေါ်

နေ၏။ ထို့ကြောင့်...

'အမိန့်တံဆိပ်တော်'ကိစ္စကို လုရန်မြို့စားကြီးက ဖော်ထုတ်ဖြေရှင်းရန် ကြိုးစားနေချိန် ဖြစ်သည်။

မြို့စားကြီးမှာ တာဝန်တစ်ပိုင်းတစ်စဖြင့် သူ၏ရာထူးကို မင်းသားလေးတုလတ်အား လွှဲပြောင်းပေးပြီး တခြားအရပ်သို့ ပြောင်းရွှေ့သွားလို့ မဖြစ်နိုင်တော့ပါ။

အမိန့်တံဆိပ်တော်ကိစ္စအား မြို့စားကြီးက စတင်ဖော်ထုတ်ခဲ့သူ ဖြစ်သည့်အတိုင်း ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားခြင်းက ပို၍ အဆင်ပြေချောမွေ့မည်ဟု မန်ချူးနန်းတွင်းမှ ယုံကြည်ထားလေသည်။

မြို့စားကြီးက လက်စတန်းလန်း ရှိနေသော ကိစ္စကို ဆက်လက်ဆောင်ရွက်ရန် မင်းသားလေး ရာထူးလွှဲပြောင်းယူမည့် ကိစ္စကို ဆိုင်းငံ့ထားပြီး မြို့စားကြီးအား ကူညီဆောင်ရွက်ရန် အမိန့်ထုတ်ပြန်လိုက်လေသည်။

မင်းသားလေးတုလတ်သည် လုယန်မြို့သို့ ရောက်လာပြီးမှ မျောက်သစ်ကိုင်းလွတ် ဖြစ်ရတော့သည်။

မင်းသားလေးတုလတ် ဧည့်ခန်းထဲသို့ ရောက်လာပြီး ထိုင်ခုံကြီးတစ်လုံး၌ အခန့်သား ထိုင်လိုက်လေသည်။

အိမ်ဖော်များက သစ်သီးဖျော်ရည်များ ယူလာပေးကြ၏။

မင်းသားလေးက သစ်သီးဖျော်ရည် တစ်ခွက်သောက်ပြီး ရင်ထဲအေးသွားသည် ခံစားရ၏။

သို့သော်...

ဒေါသစိတ်များ ရှိနေခဲ့။

ယခုနေ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များက ရုက်ဖွယ်လိလို ဖြစ်နေသည် မဟုတ်ပါလား။

"တော်တော်အသုံးမကျတဲ့ကောင်တွေ"

ဖျော်ရည်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်သည်။

"သည်ကောင်တွေကို တစ်လစာ လစာရိက္ခာ ဖြတ်တောက်ပစ်ရမှာပဲ"

ဖုံးရှောင်နှင့် ငါးကလေးတို့အား မဆုံးမနိုင်ခဲ့သည့် သူ၏လူများကို အပြစ်ပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ထိုစဉ်...

"မင်းသားလေး၊ ဧည့်သည်တစ်ယောက် ရောက်လာပါတယ် ခင်ဗျာ"

တံခါးမှူးက လာရောက်သတင်းပို့လေသည်။

မင်းသားလေးတုလတ် မျက်မှောင်ကုပ်သွားသည်။

"ဘယ်က ဧည့်သည်လဲ"

"မြို့စားကြီးပါ ခင်ဗျာ"

"သြော်"

မင်းသားလေးတုလတ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မြို့စားကြီး ရောက်လာမှတော့ လက်မခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့"

တံခါးမှူး ပြန်ထွက်သွားပြီး မရွေးမနှောင်းမှာပင် မြို့စားကြီးက ဧည့်ခန်းထဲ ဝင်ရောက်လာလေသည်။

မင်းသားလေးတုလတ်က ခရီးဦးကြိုပြုလေသည်။

"ကြွပါပ..ကြွပါ"

မြို့စားကြီးကို နေရာထိုင်ခင်းပေးပြီးလျှင်...

"မြို့စားကြီး အကြောင်းကိစ္စ ရှိလို့လားဗျာ"

ဟုမေးလိုက်လေသည်။

မြို့စားကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် မင်းသားလေး၊ သည်လို ကိစ္စမျိုးဟာ တကယ်တော့ လုယန်မြို့မှာ လာပြီး မဖြစ်သင့်ပါဘူး"

မင်းသားလေးတုလတ် မျက်မှောင်ကုပ်သွားလေသည်။

"ဘာတွေ ဖြစ်နေလို့လဲဗျာ"

"မင်းသားလေး သည်မြို့ကို ရောက်လာတာ အတော်လေးကြာနေပါပြီ၊ သည်မြို့နဲ့ အနီးပတ်ဝန်းကျင် အခြေအနေကို ကောင်းကောင်းသိနေလောက်ပါပြီ"

"ဟုတ်ပါတယ်ဗျာ"

"ဒါကြောင့်လည်း အခြေအနေတွေ ဘယ်လိုထူးခြား ဖြစ်ပေါ်နေတယ်ဆိုတာကို မင်းသားလေး သိသင့်လောက်ပါတယ်"

မင်းသားလေးတုလတ်က...

"မကြာခင်မှာ မြို့စားကြီးဆီက ရာထူးလွှဲပြောင်းယူရမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် မြို့ပြစီရင်အုပ်ချုပ်ရေးအတွက် လိုအပ်တာတွေကို လေ့လာပြီး ကြိုတင်ပြင်ဆင်နေပါတယ်"

မြို့စားကြီးက...

"ဒါဖြင့် ကျုပ်ပြောသလို ထူးခြားမှုတွေ ရှိနေပြီဆိုတာကို မင်းသားလေး သိသင့်ပါတယ်"

မင်းသားလေးက...

"မြို့စားကြီးဆိုလိုတာက..."

"တရုတ်ဘုရင်ရဲ့ လူယုံတော်တစ်ယောက်က ကျုပ်တို့ မြို့ကို ရောက်လာပြီး သိုင်းလောကသားတွေနဲ့ ဆက်သွယ်လိမ့်မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတယ်၊ သည်လောက်ဆိုရင် မင်းသားလေး သဘောပေါက်မယ် ထင်ပါတယ်"

မင်းသားလေးတုလတ် ပြုံးလိုက်သည်။

"ကျုပ်ရဲ့အထောက်တော်တွေကလည်း သည်သတင်းကို ကြားမိထားလို့ ကျုပ်ကို သတင်းပို့ထားကြပါတယ်၊ ဒါပေမယ့် လျှို့ဝှက်သတင်းတစ်ခုလို ဖြစ်နေတာပဲ ပြောစရာ ရှိပါတယ်၊ တိတိကျကျ သိရတာမျိုး ဘာတစ်ခုမှ မရှိသေးပါဘူးဗျာ၊ ဒါကြောင့်..."

သူ၏စကားမဆုံးမီ မြို့စားကြီးက ကြားဖြတ်မေးလိုက်သည်။

"ထားပါတော့လေ၊ မကြာခင် ကျုပ်တို့ တာဝန်ယူရတဲ့ နယ်မြေအတွင်းမှာ ပြဿနာတွေ ပေါ်ပေါက်လာလိမ့်မယ်၊ အဲဒါ မင်းသားလေး ဘယ်လိုသဘောရသလဲ ပြောပါဦး"

မင်းသားလေးက...

"ခုချိန်မှာ တာဝန်ကို အပြည့်အဝယူထားရတာ မြို့စားကြီးပဲ မဟုတ်လားဗျာ"

မြို့စားကြီး ပြုံးလိုက်သည်။

"ဖြစ်ပေါ်လာမယ့် ကိစ္စတွေကို ဖြေရှင်းဖို့ ကျုပ်မှာ တာဝန်ရှိတယ်လို့ မင်းသားလေးဆိုလိုတာလား"

"ဒါအမှန်ပဲ မဟုတ်လားဗျာ"

"ကောင်းပြီ"

မြို့စားကြီးက တည်ကြည်သော မျက်နှာထားဖြင့် ပြောသိုက်လေသည်။

"မကြာခင်မှာ ဘုရင့်အမိန့်တော် ပြဿနာဟာ မလွဲမသွေဖြစ်ပေါ်လာတော့မှာပါ၊ ကျုပ်ရဲ့တာဝန် အရပ်ရပ်ကို မင်းသားလေးကို လွှဲပြောင်းပေးရသေးတာ မဟုတ်လို့ ကျုပ်မှာပဲ အဓိကတာဝန်ရှိတာ မှန်ပါတယ်၊ ဒါကြောင့် ကျုပ်ပဲ တာဝန်ယူဆောင်ရွက်ပါ့မယ်"

"ကောင်းပါပြီဗျာ"

ပြဿနာပေါင်းစုံကို မြို့စားကြီး ခေါင်းပေါ် ပုံချနိုင်ပြီဟုတွေးပြီး မင်းသားလေးတုလတ် ကျေနပ်သွားလေသည်။

သို့သော်...

မြို့စားကြီး၏စကားကို သေသေချာချာ စဉ်းစားလျှင် ဘုရင့်အမိန့်တော်ကိစ္စ၌ပါ လုံးဝပါဝင်ပတ်သက်စရာ မလိုဘဲ ဘေးဖယ်နေရမည်ဟူသော အဓိပ္ပါယ် သက်ရောက်နေကြောင်း တွေးမိလိုက်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

မြို့စားကြီး ပြုံးလိုက်သည်။

"ခုချိန်မှာ ဘုရင့်အမိန့်တံဆိပ်တော်နဲ့ ပတ်သက်တဲ့ကိစ္စသက် ပိုပြီး အရေးကြီးတဲ့ကိစ္စ မရှိတော့ပါဘူး၊ မန်ချူးဘုရင်ကိုယ်တိုင်

ဒုက္ခသည်များ

မိုးကောင်ကင်တခွင်လုံး အုံ့မှိုင်းညို့မှောင်လျက် ရှိနေ၏။ ကောင်းကင်ထက်တွင် တိမ်တိုက်တိမ်လိပ်များ လျင်မြန်စွာ ရွေ့လျားနေသည်။

တောင်တန်းများပေါ်မှ ကျော်ဖြတ်တိုက်ခတ်လာသော လေသည် တစ်ချက်တစ်ချက်တွင် ပြင်းထန်လာ၏။ မိုးသက်လေပြင်းများ ကျရောက်တော့မည်မို့ ရာသီဥတုက ဆိုးရွားလာ၏။

သို့သော် ယင်းကဲ့သို့ ဆိုးရွားလာသော ရာသီဥတုကို မမှုနိုင်ဘဲ ကြမ်းတမ်းသော ခရီးလမ်းကို ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်နေကြသော လူအများအပြား ရှိနေ၏။

ထိုလူများသည် ကုန်ပွဲစားများလော။ သို့မဟုတ် လက်လုပ်သမားများလော။

က စိတ်ဝင်စားနေပြီး ရန်သူရဲ့ အကြံအစည် ထမြောက်အောင်မြင်ခြင်း မရှိအောင် ချေမှုန်းပစ်ရမယ်လို့ အမိန့်ထုတ်ထားပါတယ်၊ အမိန့်အတိုင်း ဆောင်ရွက်နိုင်ရင် ဆုလာဘ်တွေ ထိုက်ထိုက်တန်တန် ရှိုးမြွှင့်ခံရမယ်၊ မဆောင်ရွက်နိုင်ဘူးဆိုရင်တော့ ကြီးလေးတဲ့ အပြစ်ဒဏ်ခံရလိမ့်မယ်၊ ကျုပ်အနေနဲ့ကတော့ လက်တဆုပ်စာ ရန်သူကို ကောင်းကောင်းကြီး ဆုံးမချေမှုန်းနိုင်လိမ့်မယ်လို့ ယုံကြည်ထားတယ်”

မင်းသားလေးတုလတ်က...

“အင်မတန် အရေးကြီးတဲ့ကိစ္စဆိုတာ ကျုပ်လည်း သဘောပေါက်ပါတယ်၊ ဒါကြောင့် မြို့စားကြီးနဲ့ လက်တွဲဆောင်ရွက်ခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်ဗျာ”

လေသံပျော့လေးဖြင့် ကပျာကယာ ပြောလိုက်လေသည်။

မြို့စားကြီး ကျေနပ်သွားလေသည်။

မင်းသားလေးတုလတ်မှာ မိဘဆွေမျိုးများကြောင့် မင်းသားဘဝ ရောက်လာသော်လည်း ကိုယ်တိုင်အရည်အချင်း မရှိ၍ အားလုံးက အထင်သေးခံနေရသည့်တိုင် သူ၏ဆွေမျိုးများ အရှိန်အဝါကို အသုံးချနိုင်မည် ဖြစ်၍ မြို့စားကြီး သဘောတူလိုက်လေသည်။

“ကျုပ်တို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်တာ အကောင်းဆုံးပေါ့လေ”

ဟုပြောလိုက်လေတော့သည်။

♦ ♦ ♦

မဟုတ်ပါ။

အမှန်စင်စစ်မူ ထိုလူများမှာ စစ်ဘေးဒုက္ခသည်များပင် ဖြစ်လေသည်။

♦ ♦ ♦

လေက ပြင်းထန်စွာ တိုက်ခတ်နေ၏။

ခရီးလမ်းမှာ ကြမ်းတမ်း၍ ဖုန်တထောင်းထောင်း ထနေ၏။ လူတစ်စုသည် လုယန်သို့ ဦးတည်ရာ လမ်းပေါ်တွင် အပြင်းလျှောက်နေကြသည်။

သူတို့သည် သုံးယောက်တစ်စု၊ ငါးယောက်တစ်ဖွဲ့ဖြင့် ကိုယ့်အစုနှင့်ကိုယ် လျှောက်နေကြခြင်း ဖြစ်သည်။ အချို့က ကလေးသားငယ် ချီပိုးလျက် အချို့ကမူ အထုပ်အပိုးကို ထမ်းလျက် လျှောက်နေကြခြင်း ဖြစ်သည်။

အချို့ကမူ အိုမင်းရင့်ရော်နေသည့်အတွက် တောင်ဝှေးကို အားပြုကာ ရွေ့လျားနေကြပေသည်။

ထိုလူစုကြားမှာ မြင်းလှည်းတစီး ပါလာ၏။

ထိုမြင်းလှည်းနှင့်အတူ လိုက်ပါလာသော လူစုမှာ မိသားစုတစ်စု ဖြစ်ဟန် ရှိသည်

စုစုပေါင်း(၇)ယောက် ရှိသည်။

ထိုလူစုအား ဦးဆောင်၍ ခေါ်ဆောင်လာသူမှာ အသက်(၃၀)ပတ်ဝန်းကျင်ရှိသော လူတစ်ယောက် ဖြစ်သည်။

သူ၏တစ်ကိုယ်လုံးမှာ ဖုန်အလိမ်းလိမ်း ပေကျံနေသည်။

သို့သော် တစ်ကိုယ်လုံးအား ဖုံးလွှမ်းပေကျံနေသော ဖုန်မှုန့်များသည် သူ၏ယောကျ်ားပီသသောရုပ်ရည်ကိုမူ ဖုံးကွယ်ထားနိုင်ခြင်း မရှိပါပေ။

သူသည် မြင်းလှည်းရှေ့မှ ဦးဆောင်၍ လျှောက်သွားနေခြင်း ဖြစ်သည်။

သူ၏နောက်တွင် အသက်(၆၀)ခန့် အရွယ်ရှိ အဘိုးအိုတစ်ယောက် လိုက်ပါလာ၏။

အဘိုးအိုနှင့်အတူ အသက်(၅၀)ကျော်ခန့် အဘိုးအိုတစ်ယောက်လည်း တွဲ၍ လျှောက်နေ၏။

မြင်းလှည်းပေါ်တွင်မူ အသက်(၂၀)ကျော် အရွယ်ရှိသော အမျိုးသမီးတစ်ယောက်၊ (၅)နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်နှင့် (၇)နှစ်အရွယ်ရှိသော မိန်းကလေးတစ်ယောက် လိုက်ပါလာကြ၏။

မြင်းလှည်း၏နောက်ဘက်တွင်မူ အသက်(၂၀)ကျော်ခန့် ရှိသော လူငယ်တစ်ယောက် လိုက်ပါလာသည်ကို တွေ့ရလေသည်။

♦ ♦ ♦

မြင်းလှည်း၏ရှေ့ဆုံးမှ ဦးဆောင်လျှောက်နေသော သူ၏ အမည်မှာ ကျင်းစန်း ဖြစ်သည်။

မြင်းလှည်းပေါ်၌ လိုက်ပါလာကြသူများမှာကား သူ၏ ချစ်ဇနီးလန်အင်း၊ သမီးလေးကျင်းကျူ၊ သားလေးကျင်းရှိတို့ပင် ဖြစ်သည်။

ကျန်ရှိသော လူများမှာ ကျင်းစန်း၏မိဘနှစ်ပါးနှင့် ညီငယ် ဖြစ်သည်။

သူတို့၏ပုံသဏ္ဌာန်များကမူ သာမန်စစ်ပြေးဒုက္ခသည်များ နှင့် မတူဘဲ တမူထူးခြားနေ၏။

ကျင်းစန်း၏ရုပ်သွင်မှာလည်း သာမန်လူတစ်ယောက် မဟုတ်မှန်း ထင်ရှားပေါ်လွင်နေပေသည်။

မှန်ပေသည်။

ကျင်းစန်းမှာ သာမန်လူတစ်ယောက် မဟုတ်ပါ။

အမှန်စင်စစ်မူ သူသည် နန်းတွင်းမှ ဗိုလ်မှူးကလေးတစ် ယောက် ဖြစ်ပါ၏။

ဤသို့ဆိုလျှင် သူတို့က အဘယ်ကြောင့် ဒုက္ခသည်များနှင့် အတူ ပြေးလွှားနေကြပါသနည်း။

အကြောင်းကား ရှိပေသည်။

♦ ♦ ♦

လှို့ဝှက်တာဝန်

ကျင်းစန်းသည် နန်းတွင်း သတ္တိအကောင်းဆုံး၊ နှလုံးရည် သက်ရုံးရည် အပြည့်မှစုံဆုံးသော ဗိုလ်မှူးကလေးတစ်ယောက် ဖြစ်ပေ သည်။

သူသည် အထက်က ပေးအပ်သော လှို့ဝှက်တာဝန်တစ်ခု ကို ထမ်းဆောင်ရင်း သူ၏မိသားစုအား ဒုက္ခသည်အသွင် ဖန်တီး ကာ စစ်ဘေးဒုက္ခသည်များနှင့်အတူ ရောနှော၍ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ သူနှင့်အတူတကွ အလွန်အရေးကြီးသော တာဝန်ဝတ္တရား များကလည်း ပါရှိလာသည်။

ကျန်စန်းသည် မည်သို့သော အရေးကြီးသည့် တာဝန်များ ကို သယ်ဆောင်လာပါသနည်း။

♦ ♦ ♦

လုယန်မြို့...။

မြင်းလှည်းသည် လုယန်မြို့ ရောက်ရှိလာလေသည်။

ကျန်းစန်းသည် တည်းခိုခန်းတစ်ခုတွင် သူ၏မိသားစုအား နေရာချထားခဲ့သည်။

ရေမိုးချိုး၍ အဝတ်အစားများ လဲလှယ်ပြီးနောက် သူသည် တစ်ယောက်တည်း ထွက်လာခဲ့လေသည်။

လုယန်မြို့သည် စစ်မက်ဖြစ်ပွားသော အချိန်အတွင်းမှာပင် အလွန်စည်ကားသိုက်မြိုက်လျက် ရှိနေသေးသည်။

မန်ချူးစစ်တပ်များ လှည့်လည်သွားလာနေသည့်ကြားမှ ပင် လူစည်ကား မပျက်ချေ။

ကုန်သည်ပွဲစားများ၊ ဈေးရောင်းဈေးဝယ်သူများဖြင့် သွား လာသူများ များပြားလှပေသည်။

ကျင်းစန်းသည် လက်နှစ်ဘက် နောက်ပစ်၍ အေးအေး ဆေးဆေး လျှောက်လာရာ မကြာမီ သူ၏မျက်လုံးအကြည့်သည် ဘုံကျောင်းတစ်ခု၏ ဆိုင်းဘုတ်ဆီသို့ ရောက်ရှိသွားလေသည်။

"မြို့ထောင်ဘုံကျောင်း"

သူသည် ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် မြို့ထောင်ဘုံကျောင်း ဆိုင်းဘုတ်အား သေချာစွာ စိုက်ကြည့်လိုက်လေသည်။ ဆိုင်းဘုတ်...

ဆိုင်းဘုတ်အား စိုက်ကြည့်နေရင်းမှပင် လွန်ခဲ့သော နှစ်လသုံးလခန့်က အဖြစ်အပျက်များကို ပြန်လည်သတိရလာမိလေသည်။

♦ ♦ ♦

ဘုရင့်တံဆိပ်တော်

ဝန်ကြီးဂေဟာ ဖြစ်သည်။

ဗိုလ်မှူးကလေးတစ်ယောက်သည် လျင်မြန်ဖျတ်လတ်သော ခြေလှမ်းများဖြင့် ဝန်ကြီးဂေဟာထဲသို့ လှမ်းဝင်သွားသည်။

အစောင့်များက သူ့အား အရိုအသေပြုကြသည်။

ဗိုလ်မှူးကလေးက ပြန်လည်အရိုအသေပြုပြီး အထဲသို့ လှမ်းဝင်လိုက်လေသည်။

တံခါးမှူးက သူ့အား ပြုံးရွှင်စွာ ဆီးကြိုလိုက်လေသည်။

"ကြွပါ ဗိုလ်မှူးကလေး ဝန်ကြီး စောင့်နေပါတယ်"

ဗိုလ်မှူးလေးက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် တံခါးမှူး ခေါ်ဆောင်ရာသို့ လိုက်ပါသွားသည်။

ဝန်ကြီးမောက်ဖုံးသည် သူ့အား မြင်တွေ့လိုက်သည်နှင့်...

"ကဲ ထိုင်ပါ ကျင်းစန်း"

ဗိုလ်မှူးကလေးကျင်းစန်းက ဝန်ကြီးအား အရိုအသေပြုပြီး ကုလားထိုင်၌ ဝင်ရောက်ထိုင်ချလိုက်သည်။

ဝန်ကြီး၏မျက်နှာတစ်ခုလုံးမှာ လွန်စွာ အရေးကြီးသည့် ကိစ္စကို စဉ်းစားဆုံးဖြတ်ပြီးဟန်ဖြင့် လေးနက်တည်ကြည်သည့် အရိပ်အရောင်များ လွှမ်းမိုးနေ၏။

သူသည် ကျင်းစန်းအား အတန်ကြာ စိုက်ကြည့်လိုက်ပြီး...

"ကျင်းစန်း၊ မင်းရဲ့အရည်အချင်းကို ငါယုံကြည်တယ်၊ ဒါကြောင့် အလွန်ကြီးလေးတဲ့ တာဝန်တစ်ခု မင်းကို ပေးဖို့ ဆုံးဖြတ်ထားတယ်"

ဝန်ကြီးက ခန့်ညားတည်ကြည်စွာ ပြောဆိုလိုက်၏။

ကျင်းစန်းက ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ ခင်ဗျာ"

ဝန်ကြီးသည် စားပွဲပေါ်၌ အသင့်ရှိနေသော အထုပ်ကလေးတစ်ထုပ်ကို ယူလိုက်ပြီး ကျင်းစန်းလက်သို့ ပေးအပ်လိုက်လေသည်။

"ဒီအထုပ်ထဲမှာ ဘုရင်မင်းမြတ်ရဲ့ တံဆိပ်တော် ရှိတယ်၊ မင်းက လှုယန်မြို့ကို သွားရောက်ရမယ်၊ မြို့ထောင်ဘုံကျောင်းရှေ့မှာ ကျားနှစ်ကောင်နဲ့ တွေ့လိမ့်မယ်၊ မင်းရဲ့တာဝန်က ဒီတံဆိပ်တော်ကို ကျားနှစ်ကောင်လက်ထဲ အပ်လိုက်ရုံပဲ"

အထုပ်ကလေးကို ပေးရင်းမှ ဝန်ကြီးက ပြောဆိုလိုက်၏။

ကျင်းစန်းက ခေါင်းညိတ်လိုက်ည်။

"အမိန့်တော်အတိုင်းပါ၊ ဒါပေမယ့် ကျားနှစ်ကောင်ရဲ့ အခြေပါယ်ကို ကျွန်တော်မျိုး မသိလို့ ရှင်းပြပါ ခင်ဗျာ"

"ကျားနှစ်ကောင်ဆိုတာ လူနှစ်ယောက်ရဲ့ လျှို့ဝှက် သင်္ကေတပါပဲ၊ သူတို့မှာ ကြေးပြားတစ်ခြမ်းစီ ရှိတယ်"

ဝန်ကြီးက ပြောရင်း စားပွဲပေါ်မှ ကြေးပြားတစ်ခြမ်းကို သူ၍ ပေးလိုက်သည်။

"မင်းရဲ့ အဲဒီ ကြေးပြားတစ်ခြမ်းနဲ့ သူ့မှာပါတဲ့ ကြေးပြားတစ်ခြမ်းကို တိုက်ကြည့်လိုက်ရင် ကိုယ့်လူ ဖြစ်တယ်ဆိုတာ သိမှာပေါ့၊ နောက်ပြီး"

ဝန်ကြီးသည် ခေတ္တရပ်နားလိုက်ပြီးမှ...

"လျှို့ဝှက်သင်္ကေတကိုလဲ ပေးလိုက်ပါ့မယ်"

ဝန်ကြီးက ထိုင်ချလိုက်ပြီး...

"အဲဒီ လျှို့ဝှက်သင်္ကေတ ကတော့ ကဗျာတပုဒ်ပါပဲ၊ မင်းက ဘိုတိုင်း တို့ပြည် တို့ဌာနေလို့ ရွတ်ပြလိုက်ရမယ်၊ ဒါဆိုရင် သူက သူ့တိုင်း သူ့ပြည် မောင်းထုတ်ကြလို့ ပြန်ပြောလိမ့်မယ်၊ ဒီလို ဒီလို ပြန်ပြောနိုင်ရင်တော့ သူတို့ဟာ ကိုယ့်ဘက်သားတွေ ဖြစ်တယ်ဆိုတာ စိတ်ချပြီး တံဆိပ်တော်ကို ပေးလိုက်ပေတော့"

ဝန်ကြီးက ကဗျာ၏အစုပိုဒ်နှင့် အဆုံးပိုဒ်ကို ရွတ်ပြပြောဆိုလိုက်၏။

ကျင်းစန်းက ယင်းလျှို့ဝှက်ကဗျာကို သေချာစွာ ကျက်မှတ်လိုက်လေသည်။

"သွားတော့ ကျင်းစန်း၊ ပေးထားတဲ့ တာဝန်ကျေပွန်လိမ့်

မန်ချူးဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးသည် မြို့စားဂေဟာရှေ့သို့ ရောက်ရှိလာသောအခါ မြင်းများကို ရပ်တန့်လိုက်လေတော့သည်။

သူမသည် မြင်းပေါ်မှ ပေါ့ပါးဖျတ်လတ်စွာ ဆင်းလိုက်၏။

ထိုစဉ် မြို့စားဂေဟာထဲမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဟိုစင်းမြို့စားကြီးပင် ဖြစ်လေသည်။

"ဖေဖေ ဘယ်သွားမလို့လဲ"

မိန်းကလေးက မေးလိုက်သည်။

"အပြင်ခဏသွားမလို့၊ ကိစ္စရှိတယ်"

မြို့စားကြီးက ပြောရင်း အသင့်ရပ်ထားသော မြင်းပေါ်သို့ သွားခနဲ ခုန်တက်လိုက်၏။

မိန်းကလေးက မြို့စားကြီးအား မေးကြည့်ရင်း...

"ဖေဖေ ကျွန်မလဲလိုက်မယ်"

"မလိုက်ရဘူး၊ ခုဟာက တာဝန်နဲ့ သွားရမှာ"

မိန်းကလေးက နှုတ်ခမ်းမဲ့လိုက်၏။

"ဖေဖေက တာဝန်အကြောင်းပြပြီး သမီးကို ဘယ်တော့မှ မခေါ်ဘူး"

မြို့စားကြီးက သမီးဖြစ်သူအား နှစ်သိမ့်ပြုံးပြုံးလိုက်သည်။

"နောက်အားတဲ့အခါမှာ ဖေဖေခေါ်ပါ့မယ်ကွယ်"

မိန်းကလေးက နှုတ်ခမ်းစူထားသည်။

"မလိုက်ဘူး၊ ဘယ်တော့မှ မလိုက်ဘူး"

မယ်လို့ ကျုပ်ယုံကြည်တယ်"

"စိတ်ချပါ ဘိုးဘိုး၊ ကျွန်တော့်အသက်နဲ့ ထပ်တူတာဝန် ကျေပွန်စွာ ထမ်းဆောင်ပါမယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

♦ ♦ ♦

ကျင်းစန်းသည် နောက်ကြောင်းများကို ပြန်လည်စဉ်းစားနေမိသည်။

ထိုစဉ် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ထိုအခါကျမှပင် ကျင်းစန်းက သူ၏အတွေးများကို ရပ်တန့်လိုက်လေ၏။

သူသည် လမ်းမပေါ်သို့ လှည့်ကြည့်လိုက်ရာ...

မန်ချူးအဝတ်အစားများ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်သည် အဖော်များနှင့်အတူ မြင်းများ မောင်းနှင်ကာ ထွက်ခွာသွားသည်ကို တွေ့မြင်ရလေသည်။

♦ ♦ ♦

သိုင်းကစားသော အဘိုးအို

မြို့ထောင်ဘုံကျောင်းရှေ့တွင် မြေကွက်လပ်တစ်ခု ရှိသည်။ ထိုမြေကွက်လပ်ပေါ်၌ လူများ ဝိုင်းအုံ၍ ကြည့်ရှုနေကြ၏။ ကြည့်ရှုနေကြသော လူအများရှေ့တွင်မူ အဘိုးအိုတစ်ယောက်သည် ဓားရှည်တစ်လက်ဖြင့် သိုင်းကစားပြနေ၏။

ထိုအချိန်အခါ၌ ယင်းကဲ့သို့ ဓားလှံများကို သိုင်းကွက်များဖြင့် ကစားပြကာ ငွေကြေးရယူ အသက်မွေးမှု ပြုသူများ ရှိလေသည်။

ကျင်းစန်းက လက်နှစ်ဘက်နောက်ပစ်ကာ ခပ်အေးအေး အမူအရာဖြင့်ပင် မြေကွက်လပ်ရှိရာသို့ လျှောက်သွားလေသည်။

သူသည် ထိုအဘိုးအိုအား အကဲခတ် ကြည့်ရှုလိုက်၏။

သူမသည် ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ပြေးဝင်သွားလေတော့သည်။

"သခင်မလေး...သခင်မလေး"

အိမ်ဖော်မလေးသည် ယင်းသို့ လှမ်းခေါ်ရင်း မိန်းကလေးနောက်သို့ ပြေးလိုက်သွားလေသည်။

◆ ◆ ◆

ကျင်းစန်း မသိမသာ မျက်မှောင်ကြုတ်သွားမိသည်။

အဘိုးအို၏ရုပ်ရည်မှာ သိုင်းကစားပြပြီး ငွေတောင်းခံသော လူစားမျိုး မဟုတ်မှန်း ရိပ်စားမိလိုက်လေသည်။

သူသည် ကျားနှစ်ကောင်နှင့် တွေ့ဆုံရန် ရောက်ရှိလာခြင်း ဖြစ်သဖြင့် ကျားနှစ်ကောင်အား မည်သို့ လိုက်ရှာရမှန်းမသိ အခက်ကြုံနေ၏။

သူသည် လူအုပ်ကြားထဲသို့ တိုးဝင်သွားပြီးလျှင် အဘိုးအို သိုင်းကွက်ကစားပြသည်ကို ရပ်၍ ကြည့်နေ၏။

မကြာပါချေ။

အဘိုးအို၏ သိုင်းကစားပြသခြင်း ပြီးဆုံးသွားလေသည်။

အဘိုးအိုသည် မြေပေါ်မှာ ချထားသော မောင်းကလေးကို ကောက်ကိုင်လိုက်ပြီးနောက် ဝိုင်းအုံကြည့်ရှုနေကြသော လူများထံမှ ငွေကြေးတောင်းခံလေသည်။

"ကျေးဇူးတင်ပါခင်ဗျာ၊ ကျုပ်ခရီးသွားရင်း ခရီးစရိတ် ပြတ်သွားလို့ အခုလို အကူအညီ တောင်းတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

အဘိုးအိုက ကျေးဇူးစကားဆိုရင်း ငွေးကြေးတောင်းခံနေသည်။

ပရိသတ်များသည် အသီးသီး ပေးကမ်းစွန့်ကြဲကြလေသည်။

အဘိုးအိုသည် ကျင်းစန်းရှေ့သို့ ငွေတောင်းခံရန် မောင်းကလေး ထိုးပေးလိုက်လေသည်။

ထိုအခါ...

ကျင်းစန်းက ကြေးပြားတစ်ခြမ်းကို မောင်းကလေးပေါ်သို့ ထောင်ပေးလိုက်လေသည်။

"ဟင်"

ကြေးပြားတစ်ခြမ်းကို မြင်လျှင် အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကြေးပြားလေးကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

တဖန်...

ဆတ်ခနဲ ခေါင်းထောင်လာပြီး ကျင်းစန်းအား စိုက်ကြည့်လိုက်သည်။ ကျင်းစန်း ပြုံးပြလိုက်သည်။

"ကျုပ်မှာ ကြေးပြားတစ်ခြမ်းပဲ ရှိတယ်"

ဟုလည်း နှစ်ကိုယ်ကြား ပြောလိုက်လေသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"တစ်ခြမ်းပဲ ရှိလည်း ဖြစ်ပါတယ်၊ ကျန်တဲ့တစ်ခြမ်းဆိုတာ ရှိဦးမှာပေါ့"

သူ၏အင်္ကျီရင်ဘတ်ကြားသို့ လက်နှိုက်လိုက်ပြီး လက်ကို ပြန်ထုတ်လိုက်သောအခါ ကြေးပြားလေးတစ်ခြမ်း ပါလာလေသည်။

ကျင်းစန်းက အခြေအနေ စောင့်ကြည့်နေလိုက်၏။

အဘိုးအိုက ကြေးပြားနှစ်ခြမ်းကို ဆက်စပ်ကြည့်လိုက်၏။

ကြေးပြားနှစ်ခြမ်းက ကြေးပြားတစ်ပြား ဖြစ်သွားပါတော့သည်။

အဘိုးအို၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပ

လာလေသည်။

"ကြေးပြားနှစ်ခြမ်းကတော့ ဆက်စပ်မိသွားပြီ"

ကျင်းစန်းက...

"ဟုတ်တယ်၊ ကဲရံနှစ်ခု ဆက်စပ်မိဖို့ပဲ လိုပါတော့တယ် ဗျာ"

ထို့နောက်...

"တို့တိုင်း၊ တို့ပြည်၊ တို့ဌာနေ"

ဟုရေရွတ်လိုက်လေသည်။

အဘိုးအိုက ချက်ချင်း ဆက်စပ်ပေးလိုက်လေသည်။

"သူ့တိုင်း၊ သူ့ပြည်၊ မောင်းထုတ်ကြ"

ယခု ကာရံနှစ်ခု ဆက်စပ်မိလိုက်ပြီ ဖြစ်လေသည်။

ကျင်းစန်းလည်း ကျေနပ်သွားတော့၏။

မသိမသာ ခြေတစ်လှမ်း ရှေ့တိုးပြီး အသံတိုးတိုးဖြင့် မေးလိုက်သည်။

"ခင်ဗျားက 'ကျား'တစ်ကောင် ဟုတ်လား"

အဘိုးအို ပြုံးလိုက်သည်။

"သိပ်ဟုတ်တာပေါ့၊ 'ကျား'တောင် ရိုးရိုး'ကျား' မဟုတ်ဘူး"

"ဒါဖြင့် ဘာ'ကျား'လဲ"

"မြေအောင်းကျား"

ကျင်းစန်း ဝမ်းသာသွားလေသည်။

သူဆက်သွယ်ရမည့်သူနှင့် ဆုံတွေ့မိလိုက်ပြီ မဟုတ်ပါလား။

"ဒါဖြင့် နောက်ထပ် 'ကျား'တစ်ကောင်ကော"

အဘိုးအို ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်လည်း မသိဘူး"

ကျင်းစန်းက...

"သူက သည်မြို့ကို ရောက်လာရမှာပဲ မဟုတ်လားဗျာ"

အဘိုးအိုက...

"သူရောက်လာရမှာပါ၊ ဒါပေမယ့် ခုချိန်ထိ ရောက်မလာသေးဘူးဆိုတော့..."

စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ကျင်းစန်းက...

"သူရောက်လာမယ်ဆိုရင် ကျုပ်တို့ စောင့်ကြရမှာပဲ မဟုတ်လားဗျာ"

"ဒါတော့ ဟုတ်ကယ်၊ သူ့ကို စောင့်ရမှာပဲ"

နောက်ထပ် ကျားတစ်ကောင် ဘယ်တော့ ရောက်လာမည် မသိပါ။

တာဝန်အရ ကျားနှစ်ကောင်စုံအောင် စောင့်ဆိုင်းရမည် ဖြစ်သည်။

အဘိုးအိုက...

"သူ့ကို စောင့်ရလိမ့်မယ်၊ ကျုပ်တို့နှစ်ယောက် လူချင်းဆုံတွေ့ပြီးမှ ရှောင်လင်ကျောင်းကို သွားရမှာ"

"ကောင်းပါပြီဗျာ"

ကျင်းစန်း သဘောတူလိုက်လေသည်။

ထိုအချိန်တွင်...

အဘိုးအိုနှင့် ကျင်းစန်းတို့၏အခြေအနေကို ခပ်လှမ်းလှမ်းရှိ အိမ်တစ်အိမ်မှ တစ်စုံတစ်ယောက်က တိတ်တဆိတ် စောင့်ကြည့်နေသည်ကို သူတို့ မသိလိုက်ကြချေ။

♦ ♦ ♦

မိတ်ဟောင်းဆွေဟောင်း

နောက်တစ်နေ့နံနက်...

ကျင်းစန်းနှင့် ဇနီးဖြစ်သူ လန်အင်းတို့သည် မြို့ထောင်ဘုံကျောင်းရှေ့သို့ ရောက်ရှိလာကြလေသည်။

သူတို့သည် ဘုံကျောင်းထဲဝင်ကာ ဘုရားဝတ်ပြုပြီးနောက် သာရောက်ဆက်သွယ်မည့်သူကို စောင့်မျှော်နေလိုက်ကြလေသည်။

မကြာပါချေ။

ဆိုင်းဘုတ်တစ်ခု ကိုင်ထားသူတစ်ယောက်က သူတို့ထံသို့ လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကိုင်ထားသော ဆိုင်းဘုတ်ကို ကြည့်လိုက်သည်နှင့် ဒေဒင်ဆရာတစ်ယောက် ဖြစ်ကြောင်း ကျင်းစန်းတို့ နားလည်လိုက်ကြလေသည်။

ဗေဒင်ဆရာက ကျင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"အင်း ထူးခြားတယ်၊ ခင်ဗျားဗေဒင်ကြည့်မလား"

ဟုမေးလာလေသည်။

ကျင်းစန်းက...

"ကျေးဇူးတင်ပါတယ်ဗျာ၊ မကြည့်သေးပါဘူး"

ဗေဒင်ဆရာက...

"ငွေရေးကြေးရေးက အကြောင်း မဟုတ်ပါဘူးလေ၊ ကျုပ်က အင်္ဂဝိဇ္ဇာပညာလည်း တတ်ပါတယ်၊ ခင်ဗျားရဲ့ရုပ်ရည်က ထူးခြားနေတာကြောင့် တစ်ပြားတစ်ချပ်မှ မယူဘဲ မေတ္တာနဲ့ ဟောပြောပေးပါ့မယ်"

ကျင်းစန်းသည် ဗေဒင်ဆရာမှာ သူ့အား လာရောက်ဆက်သွယ်မည့် နောက်ထပ် ကျားတစ်ကောင်ဟု ထင်လိုက်မိလေသည်။

ဗေဒင်ဆရာက...

"ခင်ဗျားဟာ သည်နယ်သား မဟုတ်ဘူး၊ အင်မတန် အရေးကြီးတဲ့ ကိစ္စကြောင့် သည်ကို ရောက်လာတာ၊ ကျုပ်ပြောတာ မှန်တယ် မဟုတ်လား"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်ဗျာ"

ဗေဒင်ဆရာက...

"ခင်ဗျားရဲ့အရေးကြီးတဲ့ ကိစ္စကြောင့် အခက်အခဲ အန္တရာယ် အသွယ်သွယ်နဲ့ ကြုံတွေ့ရလိမ့်မယ်"

"ဗျာ"

"ဒါပေမယ့် အန္တရာယ်တွေကို ကျော်ဖြတ်နိုင်တဲ့ နည်းလမ်းနဲ့ပါတယ်"

ဗေဒင်ဆရာ၏စကားကို ကျင်းစန်းသာမက ဇနီးသည်လန်အင်းပါ စိတ်ဝင်စားသွားလေသည်။

"ဘယ်လိုနည်းလမ်းမျိုးလဲ ဖြောပါဦးရှင်"

လန်အင်းက ဝင်မေးလိုက်လေသည်။

ဗေဒင်ဆရာက...

"ယတြာချေရမယ်၊ ကျုပ်က အခမဲ့ ယတြာချေပေးပါမယ်၊ ဒါပေမယ့် ယတြာချေတဲ့အခါ လိုအပ်တဲ့ ပစ္စည်းတွေကိုတော့ ဝယ်ရဦးမှမယ်"

"ဘယ်လောက်ကျမလဲဗျ"

ကျင်းစန်း မေးလိုက်သည်။

ဗေဒင်ဆရာ လက်ညှိုးတစ်ချောင်းထောင်ပြလိုက်လေသည်။

"ငွေတစ်ထောင်ကျမယ်"

ဤတွင် ကျင်းစန်းလည်း ဗေဒင်ဆရာ၏သဘောကို နားလည်သွားလေတော့သည်။

"မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်မှာ ငွေတစ်ပြားတစ်ချပ်မှ မပါမလာတာ ခက်တယ်၊ ခင်ဗျားက ကျုပ်အပေါ်မှာ မေတ္တာစေတနာ ထားတယ်ဆိုရင် ဗေဒင်ဟောခ မယူသလို ယတြာချေဖို့ ပစ္စည်းတွေကိုလည်း ခင်ဗျားပဲ စိုက်ဝယ်ပေးရင် ပိုမကောင်းဘူးလားဗျာ"

"ဟင်"

ဗေဒင်ဆရာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကျင်းစန်းက...

"ခင်ဗျားအိတ်ထဲက စိုက်ပြီး ဝယ်ပေးမယ် မဟုတ်လားဗျာ"

ဟုမေးလိုက်သည်။

ဗေဒင်ဆရာ၏မျက်နှာကြီး ရှုံ့မဲ့သွားတော့သည်။

"စိုက်ဝယ်ပေးဖို့ မပြောပါနဲ့၊ ဈေးဦးတောင် မပေါက်သေးဘူး၊ ကဲ ကျုပ်သွားလိုက်ဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့"

ကျင်းစန်းတို့ဇနီးမောင်နှံမှာ ခပ်သုတ်သုတ် ထွက်သွားသော ဗေဒင်ဆရာကို ကြည့်ပြီး ပြုံးလိုက်မိကြလေတော့သည်။

♦ ♦ ♦

ဗေဒင်ဆရာ ထွက်သွားပြီ ဖြစ်သည်။

ကျင်းစန်းက ဆက်ပြီး စောင့်ဆိုင်းနေလိုက်သော်လည်း ဆက်သွယ်မည့်သူ ရောက်မလာသေးပါချေ။

ကျင်းစန်း စိတ်ပူလာလေတော့သည်။

"ကျားတစ်ကောင်တော့ တွေ့ရပြီ၊ နောက်ထပ် ကျားတစ်ကောင်က ဘာကြောင့် ရောက်မလာသေးတာလဲ"

ထိုစဉ်...

ဘုံကျောင်းထဲသို့ လူနှစ်ယောက် လှမ်းဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးတစ်ဦး ဖြစ်သည်။

ထိုလူနှစ်ယောက်ကို တွေ့လိုက်ရလျှင် ကျင်းစန်း ဝမ်းသာသွားလေတော့သည်။

"အစ်ကိုကြီးဝူးယို့"

ဝူးယို့ဆိုသူသည်လည်း ကျင်းစန်းကို မြင်လျှင် အားရပါးရ ပြုံးလိုက်လေသည်။

"ညီလေးကျင်းစန်း၊ မင်းက နန်းတွင်းမှာ မဟုတ်လား၊ ဒီကဲ့ဘယ်လို သည်ကို ရောက်လာတာလဲ ပြောစမ်းပါဦး"

ကျင်းစန်းက...

"အရေးကြီးတဲ့ တာဝန်တစ်ခု ထမ်းဆောင်ဖို့ လာခဲ့တာပါ၊ အစ်ကိုကြီးနဲ့ တွေ့ရတာ အတော်ပဲ၊ အကူအညီတစ်ခု တောင်းရဦးမယ်"

ဝူးယို့နှင့် ကျင်းစန်းတို့မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြလေသည်။

ကျင်းစန်းသည် နန်းတွင်း၌ တာဝန်မထမ်းဆောင်မီက သိုင်းဆောက်၌ ကျင်လည်ကျက်စားခဲ့လေသည်။

ဝူးယို့နှင့် သိုင်းလောက၌ တွေ့ဆုံမိကာ ခင်မင်ရင်းနှီးခဲ့ကြခြင်း ဖြစ်လေသည်။

ထိုစဉ်က သူတို့နှစ်ယောက် ဘတွဲတွဲ သွားလာနေကြခြင်းကြောင့် အကြောင်းမသိသူများက ညီအစ်ကိုများဟုပင် ထင်မှတ်ခဲ့ကြသေး၏။

နောက်ပိုင်းတွင် ကျင်းစန်းက နန်းတွင်း၌ တာဝန်ထမ်း

ဆောင်ရန် ထွက်သွားသဖြင့် လူချင်းကွဲသွားကြလေသည်။

ဝူးယို့က...

"ငါ့ညီမှာ ဘယ်လိုအရေးကြီးတဲ့ ကိစ္စတွေ ရှိနေလို့လဲ ငြေ
ပါဦး"

ကျင်းစန်းက...

"နန်းတွင်းက လျှို့ဝှက်တာဝန်ဖြစ်လို့ ကျွန်တော် မပြောပ
စေနဲ့၊ ကျွန်တော်က သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ရမှာ
တော့ ကျွန်တော့်မိသားစုကို စောင့်ရှောက်ဖို့ အခက်အခဲ ရှိနေ
တယ်၊ အဲဒါ.."

ဝူးယို့က...

"ငါ့ညီရဲ့မိသားစုကို ကူညီစောင့်ရှောက်စေချင်တဲ့ သဘော
လားကွ"

"ဟုတ်ပါတယ်ဗျာ"

"ငါ့ညီ တို့နှစ်ယောက်ကြားမှာ ဘာမှ ပြောစရာ မရှိပါဘူး
ကွာ၊ ငါ့ညီကို ကူညီနိုင်တာ ဝမ်းသာရဦးမှာပါ"

"အစ်ကိုကြီး ကူညီမယ်ဆိုလို့ ဝမ်းသာလိုက်တာဗျာ"

ကျင်းစန်းက သူ၏ဇနီးသည်လန်အင်းနှင့် မိတ်ဆက်ပေး
လိုက်သည်။

"ဒါ ကျွန်တော့်ဇနီးသည်လန်အင်းပါ"

ဝူးယို့က...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

သူနှင့်ပါလာသော အမျိုးသမီးကို ညွှန်ပြရင်း ပြန်လည်

မိတ်ဆက်ပေးလေသည်။

"ဒါက ကျုပ်ဇနီးဟုန်ချိုင်းပါ"

လန်အင်းကော ဟုန်ချိုင်းပါ အပြုံးကိုယ်စီ ရှိနေကြ၏။

ကျင်းစန်းနှင့် ဝူးယို့တို့ ခင်မင်ရင်းနှီးနေကြသဖြင့် ဇနီးသည်
နှစ်ယောက် ယခုမှ တွေ့ရသော်လည်း ရင်းရင်းနှီးနှီး ဖြစ်သွားကြလေ
တော့သည်။ ထို့နောက်...

ကျင်းစန်းက ကိစ္စ ရှိသေးသဖြင့် နောက်မှ ပြန်ဆုံတွေ့ကြ
မည်ဟု ပြောကာ ဝူးယို့တို့ဇနီးမောင်နှံနှင့် လမ်းခွဲလိုက်ကြလေတော့
သည်။

♦ ♦ ♦

ကျင်းစန်းသည် 'မြေအောင်းကျား'ဟူသော လျှို့ဝှက်အမည်
ခံထားသည့် အဘိုးအိုနှင့် သွားရောက်တွေ့ဆုံလိုက်လေသည်။

နောက်ထပ် ကျားတစ်ကောင် ရောက်လာခြင်း ရှိမရှိ သွား
ရောက်စုံစမ်းလိုက်ခြင်း ဖြစ်သည်။

သို့သော်...

နောက်ထပ် ကျားတစ်ကောင် ရောက်မလာသေးပါ။

လာရောက်ဆက်သွယ်ခြင်း မပြုသေးပါချေ။

ကျင်းစန်းသည် လုယန်မြို့၌ ဆက်လက်နေထိုင်သွားရမည့်
အခြေအနေ ဖြစ်လာလေသည်။

လုယန်မြို့မှာ မန်ချူးများ ကြီးစိုးထားသောမြို့ ဖြစ်ပါ

သည်။ မန်ချူးသူလျှိများ ခြေချင်းလိမ်နေသည်။

အန္တရာယ် အလွန်များသော မြို့ဖြစ်၍ ဝူးယို့ကို အကူအညီ တောင်းကာ ဇနီး၊ သားသမီးများအား ဘေးကင်းမည့် တစ်နေရာသို့ ရွှေ့ထားရန် ကျင်းစန်း ဆုံးဖြတ်လိုက်လေသည်။

♦ ♦ ♦

ကျင်းစန်းက ဇနီးသည်လန်အင်းကို နားချရလေသည်။

လုရန်မြို့၌ အရေးကြီးသော တာဝန်ထမ်းဆောင်ရမည် ဖြစ်သလို မန်ချူးများကလည်း ခြေချင်းလိမ်နေသဖြင့် ဘေးကင်းသည့် တစ်နေရာသို့ ရှောင်နေခြင်းက အကောင်းဆုံး ဖြစ်ကြောင်း နားဝင်အောင် ပြောပြလိုက်လျှင် လန်အင်းလည်း နားလည်သဘောပေါက်သွားလေသည်။

"ဟုတ်ပါတယ်၊ အစ်ကိုရယ်၊ ကျွန်မလည်း သည်မှာ နေရတာ ရင်တထိတ်ထိတ်နဲ့ ကြောက်နေရတာပါပဲ"

"ဒါကြောင့် ညီမတို့ မြို့ပြင်တစ်နေရာမှ ခဏသွားနေကြဖို့ ကျုပ်စီစဉ်ထားတယ်"

"အစ်ကိုကော မလိုက်ဘူးလား"

"မလိုက်သေးဘူး ညီမ"

လန်အင်း မျက်နှာမသာမယာ ဖြစ်သွားလေသည်။

"အစ်ကိုရယ် တစ်ခါထဲ လိုက်ခဲ့တာ ပိုမကောင်းဘူးလားရှင့်"

ကျင်းစန်းက...

"စိတ်ချ၊ ကျုပ်က လူတစ်ယောက်ကို စောင့်နေတာ၊ သူ ဆောက်လာတဲ့အခါ ပစ္စည်းတစ်ခုပေးပြီးရင် ညီမတို့နောက်ကို လိုက်ခဲ့ပါ့မယ်"

ကျင်းစန်း မည်သည့်နည်းနှင့်မျှ လိုက်နိုင်မည် မဟုတ်ကြောင်း လန်အင်း နားလည်သွားလေတော့သည်။

"ကျွန်မတို့ ဘယ်တော့ သွားရမှာလဲဟင်"

"မနက်ဖြန်မနက် စောစောသွားတာ အကောင်းဆုံးပဲ ညီမ"

"ကျွန်မတို့ အစ်ကို့ကို ဘယ်နေရာက စောင့်ရမှာလဲဟင်"

ကျင်းစန်း အနည်းငယ် စဉ်းစားပြီး သူ့အား စောင့်နေရမည့် နေရာကို ပြောပြလိုက်လေသည်။

"မြို့ရဲ့မြောက်ဘက် စင်းလိန်စန်းတောင်က စောင့်နေပါ၊ အစ်ကို ပစ္စည်းပေးပြီးတာနဲ့ ချက်ချင်း လိုက်လာခဲ့ပါ့မယ်"

"အစ်ကို တကယ် လိုက်လာမှာနော်"

"တကယ်ပေါ့ ညီမရယ်"

လန်အင်း၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

ကျင်းစန်း စိတ်မကောင်း ဖြစ်သွားလေသည်။

လန်အင်းက...

"အစ်ကို ပစ္စည်းပေးပြီးတဲ့အထိ ကျွန်မစောင့်နေပြီး အတူသွားကြလို့ကော မဖြစ်ဘူးလားဟင်"

ကျင်းစန်း နှစ်သိမ့်လိုက်ရလေသည်။

"ညီမတို့ မရှိကြဘူးဆိုရင် ကျုပ်က စိတ်ချလက်ချ လှူဒါန်းနိုင်မယ် မဟုတ်လား၊ ညီမရယ် စိတ်ချလက်ချသာသွားပါ၊ အစ်ကို ဆက်ဆက်လိုက်လာခဲ့မှာပါ"

လန်အင်း မတတ်သာတော့ဘဲ ခေါင်းညိတ်လိုက်ရလေတော့သည်။

♦ ♦ ♦

နံနက်...

ကြက်တွန်သံများ ထွက်ပေါ်လာချိန်၌ မြင်းလှည်းတစ်စီးသည် မြို့ထဲမှနေ၍ မြို့ပြင်သို့ ထွက်ခွာသွားလေသည်။

ကျင်းစန်းက တရွေ့ရွေ့ ဝေးသွားသော မြင်းလှည်းကို စိတ်မကောင်းစွာ ကြည့်နေမိသည်။

မြင်းလှည်းပေါ်၌ သူ၏မိသားစု ပါသွားသည် မဟုတ်ပါလား။

"ကျုပ်ဆက်ဆက်လိုက်လာခဲ့ပါ့မယ် ညီမရယ်"

ကျင်းစန်း တီးတိုးရေရွတ်လိုက်လေသည်။

လန်အင်းတို့ စီးနင်းလိုက်ပါသွားသော မြင်းလှည်း ပျောက်ကွယ်သွားတော့မှ မြို့ထောင်ဘုံကျောင်းသို့ ထွက်လာခဲ့လေသည်။

မြေအောင်းကျားဆိုသောအဘိုးအိုသည်လည်း စောစောစီးစီးပင် ဘုံကျောင်းရှေ့သို့ ရောက်ရှိနေပြီး သိုင်းကစားပြကာ အလှူခံနေပြီ ဖြစ်သည်။

ထို့အတူ...

အဆောက်အဦးတစ်ခုပေါ်မှ လူတစ်စုကလည်း အဘိုးအိုအား အကဲခတ်နေကြပြီ ဖြစ်လေသည်။

ထိုလူစုမှာ မြို့စားကြီးနှင့် မင်းသားလေးတုလတ်တို့လူစု ဖြစ်လေသည်။

မန်ချူးအထောက်တော်များထံမှ ရရှိသည့် သတင်းများအရ ထိုအဘိုးအိုသည် မသက်ာစရာကောင်းသူ စာရင်း၌ ထိပ်ဆုံးမှ ပါဝင်နေသည် မဟုတ်ပါလား။

မင်းသားလေးတုလတ်က...

"သူ့ကို ဖမ်းပြီး စစ်ဆေးလိုက်တာက သည်အတိုင်း စောင့်ကြည့်နေတာထက် ပိုမကောင်းဘူးလား"

ဟုမြို့စားကြီးအား မေးလိုက်လေသည်။

မြို့စားကြီးက...

"သူ့ကို ဖမ်းလိုက်ရင် ကွင်းဆက်တွေ ပြတ်ကုန်မှာပေါ့"

"သူ့ကို လွှတ်ထားမယ် ဟုတ်လား"

"လွှတ်ထားပြီး စောင့်ကြည့်ရမယ်၊ သူက တစ်ယောက်ယောက်ကို စောင့်နေတာပဲ ဖြစ်မယ်"

မင်းသားလေးတုလတ်က...

"တော်ကြာ သူပြေးသွားရင်ကော"

မြို့စားကြီး ဘာမှ မပြောဘဲ နေလိုက်၏။

မင်းသားလေးတုလတ် မကျေမနပ် ဖြစ်သွား၏။

"သူ့ထက်ငါ လက်ဦးအောင် လှုပ်ရှားလိုက်တော့ကော ဘာ

ဖြစ်ရဦးမှာလဲ”

ထိုင်ရာမှထကာ မြို့စားကြီးကိုပင် နှုတ်မဆက်ဘဲ ထွက်သွားလေတော့သည်။

မြို့စားကြီးကသည်း တားဆီးခြင်း မပြုချေ။

မင်းသားလေးတုလတ် ရှိနေလျှင် အလုပ်ရှုပ်သည်ဟု သဘောထားလိုက်၏။

မင်းသားလေးတုလတ် ထွက်သွားပြီး မရွေးမနှောင်းမှာပင် ဘုံကျောင်းရှေ့သို့ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

♦ ♦ ♦

ဒုတိယကျား

ဖုံးရှောင်သည် ဟိုင်းသည်ကြည့်ဖြင့် မြင်းဖြူဘုံကျောင်းရှေ့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

သူသည် အဘိုးအို သိုင်းကစားပြနေသည်ကို တွေ့ရသောအခါ စိတ်ဝင်စားလာမိသည်။

ထို့ကြောင့်...

လူအုပ်ကြားထဲသို့ တိုးဝင်၍ ရပ်ကြည့်နေသည်။

အဘိုးအိုသည် ဓားပညာရပ်များကို ကစားပြပြီးသည့်နောက် မောင်းကလေးကို ယူ၍ ပိုက်ဆံတောင်းခံပြန်လေသည်။

အဘိုးအိုက ဓားသိုင်းပညာရပ်များ ကစားခြင်း ပြီးဆုံးသွားသောအခါ ပရိသတ်များသည် အချို့က ပိုက်ဆံပေး၍ ထွက်သွားသည်။

တစ်ချို့က ပိုက်ဆံမပေးဘဲ ထွက်သွားကြလေသည်။

ပရိသတ်များသည် တဖြည်းဖြည်းနှင့် ထွက်ခွာသွားကြရာ နောက်ဆုံး၌ ထိုနေရာတွင် ဖုံးရှောင်တစ်ယောက်တည်းသာ ကျန်ရှိနေလေတော့သည်။

အဘိုးအိုက မောင်းကလေးခံ၍ ပိုက်ဆံတောင်းလိုက်သည်။

ဖုံးရှောင်သည် ပိုက်ဆံအိတ်ကို နှိုက်ကြည့်လိုက်ရာ ပေါက်စီစားတုန်းက တစ်ချမ်းဖွဲပေးလိုက်သော ကြေးပြားတစ်ခြမ်းမှအပ တစ်ပြားမှ မရှိသည်ကို တွေ့လိုက်ရလေသည်။

သူသည် အားတုံ့အားနာဖြင့် ကျန်ရှိသော ကြေးပြားတစ်ခြမ်းကို မောင်းကလေးထဲသို့ ထည့်ပေးလိုက်၏။

ကြေးပြားတစ်ခြမ်းသည် မောင်းကလေးထဲသို့ ရောက်ရှိလာလေသည်။

အဘိုးအို မျက်လုံးပြူးကျယ်သွားလေသည်။

"ဟဲ့...ဟဲ့၊ ကျုပ်ရောက်လာတာ နှစ်ရက်သုံးရက်တောင် ရှိသွားပါပြီ၊ သည်ကိုတော့ အခုပဲ ရောက်လာတာ"

ဖုံးရှောင်က ချော်လဲရောထိုင် ပြောဆိုလိုက်၏။

အနီးတွင် အကဲခတ်ကြည့်နေသော ကျင်းစန်းက ဝမ်းသာသွားလေသည်။

ကမန်းကတန်း အနီးသို့ ချဉ်းကပ်လာသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

သူသည် ပြောရင်း လက်ဆန့်ပေးလိုက်သည်။

ဖုံးရှောင်က ဘုမသိဘမသိဖြင့် ကျင်းစန်း၏လက်ကို ဆွဲ

လှုပ်ခါလိုက်လေသည်။

"ကျုပ်လဲ ဝမ်းသာပါတယ်ဗျာ"

သူချော်လဲရောထိုင်ဆိုသကဲ့သို့ ပြန်လည်နှုတ်ဆက်လိုက်ခဲ့သည်။

အဘိုးအိုက သူတို့၏လက်ကို ရင်းနှီးစွာ ဆုပ်ကိုင်လိုက်လေသည်။

"မင်းကို အခုလို တွေ့ရတော့မှ ငါစိတ်အေးသွားရတယ်"

အဘိုးအိုက ကျေနပ်သော အပြုံးဖြင့် ပြောဆိုလိုက်၏။

ကျင်းစန်းသည် အသင့်ပါလာသော အထုပ်ကို လှမ်းပေးလိုက်လေသည်။

"ကဲ သည်ပစ္စည်းကို လက်ခံကြပေတော့"

ဖုံးရှောင်မှာ ကျင်းစန်း ပေးလိုက်သော အထုပ်ကို လက်ခံလိုက်သော်လည်း အူကြောင်ကြောင် ဖြစ်နေမိ၏။ ထိုစဉ်...

အဆောက်အဦး၏အပေါ်ထပ်မှ အနီရောင်အလံအစားအနက်ရောင်အလံတစ်လက် ပြောင်း၍ ထူလိုက်သည်ကို တွေ့မြင်လိုက်ရပေသည်။

တဆက်တည်း၌လည်း ထိုနေရာတစ်ဝိုက်၌ အသင့်စောင့်ကြပ်နေကြသော မန်ချူးသူလျှိုများသည် ကျင်းစန်း ရှိရာသို့ ပြေးလွှားသွားကြသည်။ သို့သော်...

သူတို့ထက် လက်ဦးသော လူများ ရှိနေသည်။

ယင်းလူစုကား မင်းသားလေးတုလတ်ပင် ဖြစ်လေသည်။

♦ ♦ ♦

ဖုံးရှောင်သည် ယင်းဖိန်နှင့် သုံးကွက်သုံးလေးကွက်မျှသာ
ချင်ဆိုင်လိုက်ရလေသည်။

"ပုန်း"

ဖုံးရှောင်၏ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျသွားလေ
တော့၏။

ယင်းဖိန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ မင်းလက်ထဲက ပစ္စည်းကို ပေးစမ်း"

ဖုံးရှောင်က ဖြုန်းခနဲ ထထိုင်လိုက်သည်။

"ရပါတယ်၊ ရွေ့"

သူသည် ယင်းသို့ ပြောပြီး အထုပ်ကလေးကို လျှပ်တပြက်
နံရံပေါ်သို့ လွှင့်ပစ်လိုက်လေသည်။

ယင်းဖိန်က အပေါ်သို့ ခုန်တက်လိုက်ပြီး အရိပ်ထဲ၌ ရောက်
နေသော အထုပ်ကလေးကို ဖမ်းယူရန် ဟန်ပြင်လိုက်၏။

သို့သော်...

အုတ်နံရံတစ်ဘက်မှ လူတစ်ယောက်က အဲရိပ်ထဲမှာ
ရောက်နေသော အထုပ်ကလေးကို ဖမ်းယူလိုက်လေသည်။

ယင်းလူမှာ ကျင်းစန်းပင် ဖြစ်သည်။

ကျင်းစန်းသည် အထုပ်ကလေး ရရှိလိုက်သည်နှင့် ထိုနေရာ
၌ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

လမ်းတွင် ဗေဒင်ဆရာဟန်ဆောင်သော မန်ချူးသူလျှိုနှင့်
အခြားလူတစ်စုက ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းစန်းသည် ထိုလူနှစ်ယောက်အား ပြန်လည်တိုက်ခိုက်

တုလတ်နှင့် သူ၏အောက်လက်ငယ်သားများသည် ကျင်း
စန်းနှင့် ဖုံးရှောင်တို့အား တဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ကြ၏။

ကျင်းစန်းက အထုပ်ကလေးကို ဖုံးရှောင်၏လက်သို့ ထိုး
လိုက်ပြီးနောက် အလောတကြီး မှာကြားပြောဆိုလိုက်လေ၏။

"ကဲ ခင်ဗျားမြန်မြန်ပြေး၊ ရန်သူကို ကျုပ်တို့က ခုခံထားပေး
ပါ့မယ်"

ဖုံးရှောင်သည် ကျင်းစန်း၏စကားကို နားမလည်လိုသော်
လည်း ရန်သူ့လက်မှ လွတ်မြောက်လိုသဖြင့် အထုပ်ကလေး
ယူကာ ပြေးလွှားသွားလေတော့သည်။

အဘိုးအိုနှင့် ကျင်းစန်းတို့မှာမူ...

ရန်သူများကို ခုခံဟန့်တားယင်း ကျန်ရစ်ခဲ့လေသည်။

◆ ◆ ◆

ဖုံးရှောင်က လျင်မြန်စွာ ပြေးလွှားလာသည်။

တစ်နေရာသို့ အရောက်တွင် သူ၏ရှေ့၌ အုတ်နံရံတစ်ခု
ကာဆီးထားသည်။

သို့သော်...

အုတ်နံရံ၏တစ်ဘက်သို့ ရောက်ရှိသောအခါတွင်မူ မလွှဲ
လွှဲဘဲ လူတစ်ယောက်က ဆီး၍ တိုက်ခိုက်လိုက်လေသည်။

ယင်းလူမှာ မြို့စားကြီး၏လူယုံတော်ယင်းဖိန်ပင် ဖြစ်
သည်။

ရန် ဟန်ပြင်လိုက်၏။

သို့ရာတွင် နောက်မှ ယင်းဖိန် ရောက်လာသည်ကို တွေ့ရ သဖြင့် ကမန်းကတန်း ထွက်ပြေးသွားလေတော့သည်။

ယင်းဖိန်နှင့် အဖော်များက နောက်မှ ပြေးလိုက်သွားသော်လည်း ကျင်းစန်းက ပါးနပ်စွာဖြင့် တစ်နေရာတွင် ပုန်းအောင်းလိုက်ရာ ယင်းဖိန်တို့လူစုသည် ကျင်းစန်းအား မျက်ခြည်ပြတ်သွားကာ စိတ်ပျက်စွာဖြင့် ထိုနေရာမှ လှည့်ပြန်သွားကြလေတော့သည်။

မြို့စားကြီးမှာ ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

မင်းသားလေးတုလတ်က မပိုင်ဘဲ ဦးစွာ ဝင်ရောက်တိုက်ခိုက်လိုက်သဖြင့်သာ ယခုကဲ့သို့ ကျင်းစန်းတို့လူစုအား လက်လွတ်လိုက်ရပြီး တံဆိပ်တော်ကိုလည်း လက်လွတ်လိုက်ရခြင်း ဖြစ်ကြောင်း ယင်းဖိန်က ဆင်ခြေပေးလိုက်၏။

မြို့စားကြီးကမူ မိမိ စီစဉ်ထားသော အကြံများ ပျက်စီးသွားသဖြင့် မင်းသားလေးတုလတ်အပေါ် ဒေါသထွက်နေလေသည်။

သို့သော်...

သူသည် ဒေါသကို မျိုသိပ်ကာ...

"ဘာပဲဖြစ်ဖြစ် ကျင်းစန်းကို မိအောင် ဖမ်းရမယ်၊ တံဆိပ်တော်ကို ရအောင် ယူရမယ်"

ဟုအမိန့်ပေးလိုက်လေသည်။

♦ ♦ ♦

ပိတ်ဆို့ခြင်း

လုယန်မြို့...

လုယန်မြို့၏ မြို့ရိုးတံခါးပေါက်များတွင် အစောင့်အကြပ်များ ပိုမိုချထားသည်။

တံခါးပေါက်မှန်သမျှ မန်ချူးစစ်သည်တော်များက ပိတ်ဆို့ ထားကြလေသည်။

မြို့ပြင်သို့ ထွက်သူနှင့် မြို့ထဲသို့ ဝင်လာသူများကို တင်းကျပ်စွာ ရှာဖွေစစ်ဆေးနေသည်။

မြို့ထဲတွင် မင်းသားလေးတုလတ်တို့လူစုက ကျင်းစန်းတို့ လူစုအား တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံရှာဖွေကြသည်။

ကျင်းစန်းသည် တံဆိပ်တော်ကို ရင်မှာ ပိုက်၍ အဘိုးအိုနှင့် ဖုံးရောင်ကို ရှာဖွေနေ၏။

သို့သော်...

မည်သူမှ ရှာမတွေ့ပါ။

အဘိုးအိုလည်း ဖုံးရှောင်အား လိုက်လံရှာဖွေနေ၏။

ဖုံးရှောင်မှာမူ မန်ချူးစစ်သည်တော်၏လက်ထဲမှ လွတ်မြောက်ရန် ကြိုးစား၍ ရှောင်တိမ်းနေရသည်။

ဤသို့ဖြင့်...

ညအချိန်သို့ ရောက်ရှိလာခဲ့တော့သည်။

♦ ♦ ♦

ဝူးယို့နှင့် သူ၏ဖနီးဟုန်ချိုင်းတို့သည် ကျင်းစန်းအား လိုက်လံရှာဖွေနေကြသည်။

ထိုသို့ ရှာဖွေနေရင်းမှ လမ်းတွင် ခြေရှုပ်နေကြသော မန်ချူးစစ်သည်များနှင့် ပက်ပင်းတိုးလေတော့သည်။

ထို့ကြောင့်...

ဘုံကျောင်းတစ်ခုထဲသို့ ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။

ထိုစဉ်...

ဗေဒင်ဆရာဟန်ဆောင်ထားသော မန်ချူးသူလျှိုက ဝူးယို့တို့ဖနီးမောင်နှံအား တွေ့မြင်သွားလေတော့သည်။

ဤတွင် မန်ချူးစစ်သည်တော်များကို ခေါ်ဆောင်ကာ ဘုံကျောင်းထဲသို့ ချဉ်းနင်းဝင်ရောက်လာသည်။

မရှောင်သာ မလွှဲသာသည့် အဆုံးတွင် ဝူးယို့တို့ဖနီးမောင်နှံနှင့်သူများအား ရင်ဆိုင်တိုက်ခိုက်လိုက်ကြရလေတော့သည်။

ဝူးယို့က ပြန်လည်တိုက်ခိုက်လိုက်ရာ ဗေဒင်ဆရာနှင့်အပါ မန်ချူးများသည် အတိုးအရုံး လဲကျသွားလေသည်။

ဝူးယို့သည် ဟုန်ချိုင်း၏လက်ကို ဆွဲကာ ဘုံကျောင်းထဲမှ ထွက်လာသည်။

သူတို့နောက်တွင် ကင်းလှည့်နေသော မန်ချူးစစ်သည်အချို့က ပြေးလိုက်လာကြပြန်သည်။

သို့ဖြင့်...

အဆောက်အအုံတစ်ခုထဲသို့ ပြေးဝင်ပြီး ပုန်းအောင်းနေကြရလေတော့သည်။

ဟုန်ချိုင်းမှာ ကြောက်ရွံ့လွန်းသဖြင့် မျက်နှာတစ်ခုလုံး ဖြူရော်ဖြစ်သွားလေသည်။

"အစ်ကိုကြီး၊ ရှင် ဘာတွေ လုပ်နေလို့ သူတို့က သဲသဲမဲမဲလိုက်နေရတာလဲ"

ဟုန်ချိုင်းက ဝူးယို့၏မျက်နှာကို မော့ကြည့်ပြီး မေးမြန်းလိုက်လေသည်။

ဝူးယို့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ငါက ဘာမှ မလုပ်ပါဘူးကွာ"

ဟုန်ချိုင်းက...

"ရှင်က ဘာမှ မလုပ်ရင် သူတို့က သည်လောက်တောင် သဲမဲမဲ လိုက်ပါ့မလား"

ဟုပြောလိုက်သည်။

"ငါအမှန်ပြောတာပါကွာ၊ ငါနဲ့ ညီအရင်းလို ခင်မင်တဲ့ ကျေး
စန်းအတွက် ကူညီပေးတာပါ"

ဟုန်ချိုင်းက မျက်မှောင်တွန့်ကာ...

"သူက ဘာလုပ်လို့ ရှင်က ကူညီပေးရမှာလဲ"

"ကျင်းစန်းဟာ ဗိုလ်မှူးတစ်ယောက်ပါ။ အထက်က တာဝန်
ပေးချက်အရ တံဆိပ်တော်ကို ယူဆောင်လာခဲ့တယ်"

ဝူးယို့က တိုချုံးပြီး ရှင်းပြလိုက်သည်။

ဟုန်ချိုင်းက မျက်မှောင်ကြုတ်သွားမိပြန်သည်။

"တံဆိပ်တော်ဆိုတာ ဘာလဲဟင်"

"တံဆိပ်တော်ဆိုတာ ဘုရင်မင်းမြတ်ရဲ့ တံဆိပ်တော်ပါ
အဲဒါ နန်ကင်းမှာ ပြောင်းရွှေ့သွားတဲ့ တို့ဘုရင်လက်ထဲ ပေးအပ်မလို့"

ဝူးယို့က ဟုန်ချိုင်း နားလည်စေရန် အတတ်နိုင်ဆုံး ရှင်းပြ
လိုက်သည်။

ဟုန်ချိုင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျွန်မရဲ့ရောဂါဟာ အခုလို ထိတ်လန့်တကြား ပြဿနာ
မျိုးနဲ့ဆိုရင် မဖြစ်ဘူး၊ ဒါကို အစ်ကိုကြီး သိပါတယ်"

ဝူးယို့က စိတ်မကောင်းစွာဖြင့်...

"တိုင်းပြည်နဲ့ ပတ်သက်တဲ့ တာဝန်ဖြစ်တဲ့အတွက် မလွဲ
မရှောင်သာလို့ အခုလို ကူညီပေးတာပါ"

ဝူးယို့က ဟုန်ချိုင်းအား မကြည့်ဘဲ ပြောဆိုလိုက်လေသည်
ဟုန်ချိုင်းက ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကိုယ့်လူမျိုးနဲ့ ကိုယ့်တိုင်းပြည်အတွက် အခု
လို ဆောင်ရွက်ပေးတာ ဂုဏ်ယူပါတယ်"

ဝူးယို့က စိတ်သက်သာရာရသွားလေသည်။

"အခုလို စကားမျိုး ကြားရတော့ အစ်ကိုကြီး အားရှိလှပါ
ဘယ်"

သူတို့ ပြောဆိုနေစဉ်မှာပင် လူတစ်ယောက် လျှပ်တပြက်
ဝင်ရောက်လာသည်ကို တွေ့ရသည်။

ဝူးယို့က ထိုသူ့အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ဝင်ရောက်လာသူက ဟန့်တားလိုက်သည်။

"ကျွန်တော်ပါ အစ်ကိုကြီး"

ဝင်ရောက်လာသူမှာ ကျင်းစန်းပင် ဖြစ်သည်။

ဝူးယို့က ဝမ်းသာသွားမိသည်။

"အတော်ပဲ၊ ငါ မင်းကို လိုက်ရှာနေတာ"

ဝူးယို့သည် ကျင်းစန်း၏မျက်နှာအား တစ်ချက်ကြည့်ကာ
ပြောဆိုလိုက်သည်။

ကျင်းစန်းက ဘေးဆီသို့ တစ်ချက်ကြည့်လိုက်သည်။

"အစ်ကိုကြီးတို့ သည်မှာ ဆက်နေလို့ မဖြစ်တော့ဘူး ထင်
တယ်"

ကျင်းစန်းတို့၏စကားအား ဝူးယို့က ခေါင်းညိတ်ထောက်ခံ
လိုက်၏။

"ဟုတ်တယ်၊ ရဲနှံသူက မင်းနဲ့ ဆက်သွယ်နေတာကို သိ
သွားပြီ"

ကျင်းစန်းက...

"ဒါဆိုရင် အစ်ကိုကြီးတို့ စင်းလိန်စန်းတောင်ကို အမြန်ဆုံး သွားကြပါ၊ ဟိုမှာ ကျွန်တော့်မိသားစု စောင့်နေပါတယ်"

ကျင်းစန်းက သူ၏အစီအစဉ်ကို ပြောဆိုလိုက်၏။

ဟုန်ချိုင်းက ကြားဖြတ်မေးလိုက်၏။

"ရှင်ကော တစ်ခါတည်း မလိုက်ဘူးလား"

ကျင်းစန်းက ခေါင်းညိတ်လိုက်၏။

"ကျုပ်သွားလို့ မဖြစ်သေးလို့ပါ"

သူသည် ဝူးယို့ဘက်သို့ လှည့်လိုက်သည်။

"အမြန်ဆုံးသွားပါ၊ ကျွန်တော့်မိန်းမကို တွေ့ရင် ကျွန်တော့်ကို မစောင့်ပါနဲ့၊ အမြန်ဆုံး ထွက်သွားပါလို့ ပြောပါ ခင်ဗျာ"

သူသည် ယင်းသို့ စကားပြောဆိုနေစဉ်မှာပင် ယင်းဖိန်က ရောက်ရှိလာလေတော့၏။

ကျင်းစန်းက ယင်းဖိန်အား ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

"အစ်ကိုကြီး၊ ကျွန်တော် သူ့ကို တားထားမယ်၊ အမြန်ဆုံး သွားပါ ခင်ဗျာ"

ယင်းဖိန်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ တစ်ယောက်မှ ပြေးမလွတ်ပါဘူးကွာ"

သူသည် ပြောရင်း ကျင်းစန်းအား တိုက်ခိုက်လိုက်လေသည်။

◆ ◆ ◆

ယခု...

ကျင်းစန်းသည် ယင်းဖိန်နှင့် ယှဉ်ပြိုင် တိုက်ခိုက်နေ၏။

အမှန်စင်စစ်မူ...

ယင်းဖိန်မှာ နန်းတွင်းတွင် ကျော်ကြားသော ကိုယ်ရံတော်ယောက်အနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ထို့အပြင်...

ကျင်းစန်းက ကြိုးစား၍ ခုခံသော်လည်း အရေးနိမ့်နေလေသည်။

ဝူးယို့သည် ကျင်းစန်းမှာ ယင်းဖိန်၏တိုက်ခိုက်မှုအောက်တွင် အသေအလဲ ခုခံနေရသည်ကို တွေ့ရသဖြင့် သူ့အား ပစ်မထားနိုင်ဘဲ ဖြစ်နေ၏။

သို့သော်...

ကျင်းစန်းက ခုခံရင်း အော်ဟစ်လိုက်လေသည်။

"အစ်ကိုကြီး မြန်မြန်သွားကြပါ၊ ကျုပ်မိသားစုခြောက်ယောက်ရဲ့ ကံကြမ္မာကလဲ ခင်ဗျားအပေါ်မှာပဲ တည်နေတာပါ"

ဝူးယို့သည် ထိုစကားကြားလိုက်ရသောအခါ အံကို တင်းတင်းကြိတ်လိုက်မိ၏။

"ငါ့ညီ အသေမခံနဲ့ လွတ်ရာကျွတ်ရာ ပြေးပါ"

သူသည် ယင်းသို့ အော်ဟစ်ရင်း ဟုန်ချိုင်း၏လက်ကို ဆွဲထား ထွက်ပြေးသွားလေတော့သည်။

◆ ◆ ◆

ဖုံးရှောင်သည် ပြေးလွှားထွက်သွားရင်း အိမ်ပျက်တစ်ခုသို့ ရောက်ရှိသွားလေသည်။

သူသည် အိမ်ပျက်ထဲသို့ ဝင်ရောက်ပုန်းအောင်းနေစဉ် ဂူတစ်ယောက်က အေးဆေးစွာဖြင့် ဝင်ရောက်လာသည်ကို တွေ့ခြင်းလိုက်ရလေသည်။

ဖုံးရှောင်မှာ မျက်လုံးများ ပြူးကျယ်သွားမိသည်။

ထိုလူအား မြင်လျှင်မြင်ချင်းမှာပင် ယင်းလူမှာ...

မင်းသားလေးတုလတ်က လက်နှစ်ဘက်နောက်သို့ ပင်လိုက်၏။

မှန်ပေသည်။

ဖုံးရှောင် တွေ့လိုက်ရသည်မှာ မင်းသားလေးတုလတ်ပင်ဖြစ်နေ၏။

သူသည် ထိတ်လန့်သွားသည်။

သို့သော်...

မင်းသားလေးတုလတ်သည် အဖော်မပါ တစ်ယောက်တည်း ဝင်ရောက်လာခြင်း ဖြစ်၏။

ထိုအချက်ကို တွေးမိပြန်သောအခါ ဖုံးရှောင်မှာ စိတ်သက်သာရာရသွားလေသည်။

ထိုစဉ်...

ဖုံးရှောင်ရှေ့သို့ မင်းသားလေးက ရောက်ရှိလာ၏။

မင်းသားလေးတုလတ်သည် ခေါင်းကို မော့ထားလိုက်ပြီး-

"မှန်မှန်ပြောစမ်း၊ မင်းက ကျားမဟုတ်လား"

ဟုမေးလိုက်၏။

ဖုံးရှောင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်က နားကန်း မဟုတ်ပါဘူး၊ ခင်ဗျားပြောတာ ကျုပ်ကြားပါတယ်ဗျ"

ဖုံးရှောင်က အငေါ်ထူးကာ ပြောဆိုလိုက်၏။

မင်းသားလေးတုလတ် ဒေါသထွက်လာသည်။

"ငါက ကျားကို မေးနေတာကွ၊ နားကန်းကို မေးတာ မဟုတ်ဘူး၊ မင်းက ဘာအူကြောင်ကြောင် လုပ်နေတာလဲ"

ဖုံးရှောင်က ပြုံးလိုက်သည်။

"ကျုပ်က အူကြောင်ကြောင် လုပ်နေတာ မဟုတ်ပါဘူး၊ အားမကန်းလို့ နားကန်း မဟုတ်ဘူးလို့ ပြောလိုက်တာ"

ဖုံးရှောင်၏လေသံက တကယ့်ကို မထီတရီ နှိုင်လှပေ၏။

မင်းသားလေးတုလတ်က ပို၍ ဒေါသထွက်လာသည်။

"ငါက ကျားကို မေးနေတာကွ"

ဟုထပ်မံအော်ငေါက် ပြောဆိုလိုက်၏။

ဖုံးရှောင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"သည်အိမ်ထဲမှာ ကျုပ်တစ်ယောက်တည်းပဲ ရှိတယ်၊ နားကန်းမရှိဘူး"

မင်းသားလေးတုလတ်က မခံမရပ်နိုင် ဖြစ်လာလေတော့သည်။

သူသည် လက်ဝါးဖြန့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ပေး"

ဖုံးရှောင် ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

"တံဆိပ်တော်ဆိုတာ ဘာလဲ"

သူသည် မင်းသားလေးတုလတ်အား ကြည့်ကာ နား မလည်နိုင်စွာဖြင့် မေးလိုက်မိ၏။

မင်းသားလေးတုလတ်က ဒေါသကို မထိန်းနိုင်တော့ဘဲ ဖုံး ရှောင်အား တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

မင်းသားလေးနှင့် ဖုံးရှောင်တို့၏ သိုင်းပညာအဆင့်မှာ ကွာ ခြားလွန်းလှသည်။

သိုင်းကွက်လေးကွက်ငါးကွက် ယှဉ်ပြိုင်လိုက်သည်နှင့်—

"ဝုန်း"

မင်းသားလေးတုလတ်၏ခန္ဓာကိုယ်သည် ပက်လက်လန် လဲကျသွားရတော့သည်။

ထိုစဉ်...

သူ၏စစ်သည်တော်များက ဝင်ရောက်လာကြလေတော့ သည်။

မင်းသားလေး၏စစ်သည်တော်တို့သည် ဖုံးရှောင်အား ဝိုင်း ရံတိုက်ခိုက်ကြလေတော့သည်။

ဖုံးရှောင်သည် အခြေအနေ မဟန်မှန်း သိလိုက်သည်နှင့် ပြတင်းပေါက်တံခါးကို ခန္ဓာကိုယ်နှင့် ဆောင့်ဖွင့်ပြီး ခုန်ထွက်သွားလေ တော့၏။

သို့သော်...

အပြင်ဘက်မှာ စောင့်ကြပ်နေသော မန်ချူးစစ်သည်တော်

များသည် ဖုံးရှောင်အား ဝိုင်းရံထားလိုက်ပြီး ပြင်းပြင်းထန်ထန် တိုက် ခိုက်လိုက်ကြပြန်လေသည်။

ထိုစဉ်မှာပင် လူတစ်ယောက်က ဝင်ရောက်လာပြီး ကူညီ တိုက်ခိုက်နေသည်။

ဖုံးရှောင်က ကြည့်လိုက်သောအခါ မြို့ထောင်ဘုံကျောင်း ရှေ့ မြေကွက်လပ်ပေါ်တွင် သိုင်းကစားပြနေသော အဘိုးအို ဖြစ်နေ သည်ကို သူမှတ်မိလိုက်လေသည်။

သူတို့နှစ်ယောက် ပေါင်းမိလိုက်သောအခါ ပိုမို၍ တိုက်ခိုက် မှု ထက်မြက်လာလေတော့သည်။

တဒင်္ဂအချိန်အတွင်း၌ မန်ချူးစစ်သည်တော်နောက်သို့ ဆုတ်သွားရလေသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ အဘိုးအိုနှင့် ဖုံး ရှောင်တို့သည် လျင်မြန်စွာ ထွက်ပြေးသွားကြလေတော့သည်။

◆ ◆ ◆

ရှောင်လင်ကျောင်း

"ဒေါင်...ဒေါင်...ဒေါင်"

ရှောင်လင်ကျောင်း၏ ခေါင်းလောင်းသံမှာ တောတောင် တစ်ခုလုံးသို့တိုင် လွှင့်ပျံရိုက်ခတ်သွားလေသည်။

ရှောင်လင်ကျောင်း၏ ခေါင်းလောင်းသံသည် ရှည်လျား ကျယ်လောင်သည်နှင့်အမျှ သာယာကြည်နူးဖွယ် ကောင်းလှပေသည်။

ယင်းခေါင်းလောင်းသံမှာ သာသနာပြုနေကြသော ရှောင်လင်ဘုန်းကြီးများအတွက် ကျမ်းစာများ ရွတ်ဖတ်ရန် အချက်ပေးသော ခေါင်းလောင်းသံပင် ဖြစ်လေသည်။

♦ ♦ ♦

ရှောင်လင်ဘုန်းတော်ကြီးများတို့သည် ခေါင်းလောင်းသံကြားရသည်နှင့် မိမိ သီတင်းသုံးဆောင်နေကြသော အခန်းအဆောင်အသီးသီးမှ ထွက်လာကြ၏။

ဘုန်းတော်ကြီးများသည် စနစ်တကျ ကြွမြန်းလာကြပြီးနောက်...

ဘုရားဝတ်ပြုရန် ဘုရားအဆောင်ထဲသို့ စုရုံးရောက်ရှိလာကြလေသည်။

ဘုရားဆောင်ထဲတွင် မြတ်စွာဘုရား ရုပ်ပွားတော်တစ်ဆူ အပ် တင့်တယ်စွာ စံပယ်လျက် ရှိသည်။

ဘုန်းတော်ကြီးများသည် ထိုရုပ်ပွားတော်ရှေ့၌ လက်အုပ်ချီ၍ ကျမ်းစာများ ရွတ်ဖတ်သော အသံများသည် အဝေးသို့ လွှင့်ပျံ့သွားလေသည်။

♦ ♦ ♦

လူတစ်ယောက်သည် ရှောင်လင်ကျောင်း ဘုရားဆောင်ရှေ့သို့ လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် ဝင်ရောက်သွားသည်။

ကျောင်းထိုင်ဆရာတော်က သူ့အား မြင်တွေ့လိုက်ရသည်နှင့် အဆောင်၏နံဘေးရှိ အခန်းတစ်ခုထဲသို့ ဝင်ရောက်သွားရန် အချက်ပေး ညွှန်ပြလိုက်လေ၏။

ဤတွင်...

ထိုလူသည် နံကေးရှိ သီးသန့်ခန်းသို့ လှမ်းဝင်သွားသည်။

မကြာမီ...

ကျောင်းထိုင်ဆရာတော်နှင့် တာဝန်ရှိ ဘုန်းကြီးများလည်း ထိုသီးသန့်အခန်းထဲသို့ အသီးသီး ဝင်သွားကြလေသည်။

ဘုန်းတော်ကြီးများ ဝင်ရောက်လာကြသည်နှင့် တစ်ပြိုင်နက် သီးသန့်အခန်းထဲသို့ ရောက်နေသော လူသည် ဦးထုပ်နှင့် ဆံဝင်တုများကို ချွတ်ချလိုက်သည်။

ခြေမျက်စေ့အထိ ရှည်လျားသော အပေါ်အင်္ကျီကိုလည်း ချွတ်လိုက်လေသည်။

အမှန်စင်စစ်မူ...

ယင်းလူမှာ ဘုန်းတော်ကြီးတစ်ပါးပင် ဖြစ်လေသည်။

ကျောင်းထိုင်ဆရာတော်က လှမ်းမေးလိုက်သည်။

"ခုံးကျိ၊ အခြေအနေ ဘယ်လိုလဲဟေ့"

ခုံးကျိက လက်အုပ်ချီလိုက်၏။

"နန်းတွင်းက ဘုရင့်တံဆိပ်တော်ကို ဗိုလ်မှူးလေးကျင်းစန်းကို ပို့ခိုင်းလိုက်ပါတယ် ဘုရား"

ကျောင်းထိုင်က ခေါင်းညိတ်လိုက်၏။

ကျောင်းထိုင်က မျက်မှောင်ကုပ်သွားသည်။

"ဗိုလ်မှူးလေးကျင်းစန်း ဟုတ်လား"

"တင်ပါ့ဘုရား"

"ဒါဖြင့် သူက ရှောင်လင်ကျောင်းကို လာရမှာပေါ့"

"တင်ပါ့၊ ကျင်းစန်းရဲ့တာဝန်က မြို့ထောင်ဘုံကျောင်းရှေ့မှာ နဂါးနှစ်ကောင်နဲ့ တွေ့ပြီး ဘုရင့်တံဆိပ်တော်ကို အပ်ရပါလိမ့်မယ်"

"မြို့ထောင်ဘုံကျောင်းဆိုတာက လုယန်မြို့က ဘုံကျောင်းကို ပြောတာလား"

ဟုမေးလိုက်၏။

"တင်ပါ့"

"ဒါဖြင့် ကျားနှစ်ယောက်ဟာ တံဆိပ်တော်ရရင် တို့ဆီကို ဆောက်လာမယ်ဆိုပါတော့ ဟုတ်လား"

"တင်ပါ့၊ ကျားနှစ်ယောက်က တံဆိပ်တော်ရရင် အရပ်ဆန်းသုံးရက်နေမှာ ရှောင်လင်ကျောင်းမှာ လာဆုံပါလိမ့်မယ်"

ခုံးကျိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ၊ ဒါနဲ့ ကျင်းစန်း၊ လုယန်မြို့ကို ရောက်ပြီလား"

"ရောက်ပြီလို့ ကြားပါတယ်"

"ဟုတ်ပြီ၊ သူက ကျားနှစ်ယောက်နဲ့ တွေ့ပြီးပြီလား မသိဘူး"

"ဘူးသတင်းနဲ့ ပတ်သက်ပြီး ဘာမှ ထပ်မကြားရသေးပါဘူး"

ခုံးကျိက သူသိသမျှအား လျှောက်ထားပြောဆိုလိုက်၏။

ကျောင်းထိုင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း တို့က သာသနာ့ဘောင်က လူတွေပဲ၊ သည်ကိစ္စကို ဝင်ရှုပ်ဖို့ မသင့်ပါဘူး၊ ခက်တာက နိုင်ငံနဲ့ ပတ်သက်လာပြန်တော့

လက်ပိုက်ကြည့်နေလို့လဲ မဖြစ်ဘူး မဟုတ်လား”

ခုံးကျိုက လက်အုပ်ချီလိုက်သည်။

“တင်ပါ့ဘုရား”

“အေး တို့လည်း ဝိရိယနဲ့ နေကြမယ်၊ ကျင်းစန်းရဲ့ သတင်းကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်ရမှာပေါ့”

♦ ♦ ♦

တောင်လေသည် တဟူးဟူး တိုက်နေ၏။

စင်းလိန်စန်းတောင်ပေါ်လမ်း၌ မြင်းလှည်းတစ်စီး ရပ်လျက် ရှိနေသည်။

မြင်းလှည်းပေါ်၌ လူများ မရှိပါ။

မြင်းလှည်းနံဘေးတွင်မူ...

ကလေးနှစ်ယောက် အပါအဝင် လူခြောက်ယောက်တို့သည် မြင်းလှည်း၏နံဘေး၌ ရပ်လျက် လာလမ်းအတိုင်း မျှော်၍ ကြည့်နေကြသည်။။

သူတို့ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အရောင်များ ထင်ရှားပေါ်လွင်နေ၏။

ထိုလူစုကား အခြားသူများ မဟုတ်ကြပါ။

ကျင်းစန်း၏မိသားစုများပင် ဖြစ်လေသည်။

ကျင်းစန်း၏သားဖြစ်သူ ကျင်းရှိက မိခင်ဖြစ်သူအား မော့ကြည့်လိုက်သည်။

“မေမေ၊ ဖေဖေလဲ မလာသေးပါလား”

ဟုမေးလိုက်၏။

ကျင်းစန်း၏သမီးဖြစ်သူ ကျင်းကျူးကလည်း ဖခင် ရောက်မလာ၍ ပူဆာနေ၏။

“ဟုတ်တယ် မေမေ၊ ဖေဖေ ကြာလိုက်တာ”

သားဖြစ်သူနှင့် သမီးဖြစ်သူက ဖခင်ကို တမ်းတပူဆာနေ၏။

လန်အင်း၏ရင်ထဲ၌ ပူပင်သောက ဖြစ်နေသော်လည်း သားသမီးများကိုမူ သူမလို ပူပင်သောက မဖြစ်စေချင်ပါ။

ထို့ကြောင့်...

နှစ်သိမ့်သော အပြုံးဖြင့် သူတို့အား ပြုံးပြလိုက်ရသည်။

“လာမှာပေါ့ကွယ်”

ကျင်းရှိက နှုတ်ခမ်းစူလိုက်၏။

“ဖေဖေက အရုပ်ဝယ်လာမယ်ဆိုပြီးတော့ အခုထိ မလာသေးဘူး”

အဘိုးဖြစ်သူက သူ့အား ချီထားရန် လက်လှမ်းလိုက်လေသည်။

“မြေးလေး လေတိုက်နေတယ်၊ မြင်းလှည်းပေါ် တက်ကြပါစို့လား”

ကျင်းရှိက ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

“မတက်ဘူး..မတက်ဘူး၊ ဖေဖေ့ကို စောင့်အုံးမယ်”

ထိုစဉ်...

မြင်းလှည်းမောင်းသမားက လမ်းမဘက်သို့ ညွှန်ပြလိုက်သည်။

"ဟိုမှာကြည့် လူနှစ်ယောက် လာနေတယ်"

လန်အင်းတို့လူစုမှာ ဝမ်းသာပီတိ ဖြစ်သွားသည်။

သို့သော် ထိုလူနှစ်ယောက် အနီးသို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရသောအခါတွင်မူ သူတို့၏မျက်နှာများပေါ်မှ အပြုံးများမှာ ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။

ရောက်ရှိလာသော လူနှစ်ယောက်မှာ သူတို့ မျှော်လင့်သော ကျင်းစန်း မဟုတ်ဘဲ ဝူးယို့နှင့် သူ၏ဇနီးဖြစ်သူ ဟုန်ချိုင်းတို့နှစ်ယောက်ပင် ဖြစ်ပေတော့သည်။

♦ ♦ ♦

လန်အင်းသည် အနီးသို့ ရောက်ရှိလာကြသော ဝူးယို့နှင့် ဟုန်ချိုင်းတို့အား အလောတကြီး မေးလိုက်လေသည်။

"အစ်ကိုကြီးကျင်းစန်းကော၊ သူ မလာသေးဘူးလား"

လန်အင်း၏အမေးစကားကြောင့် ဝူးယို့ စိတ်မကောင်း ဖြစ်သွားမိ၏။

ဝူးယို့က ခေါင်းငုံ့ထားလိုက်လေသည်။

"သူ...သူက မလာနိုင်သေးပါဘူး"

လန်အင်း၏မျက်နှာမှာ ညှိုးလျော့သွားသည်။

"ဘာဖြစ်လို့လဲဟင်"

လန်အင်းက ဝူးယို့ကို ကြည့်ရင်း အခြေအနေကို သိချင်သဖြင့် မေးလိုက်သည်။

ဟုန်ချိုင်းက ကြားဖြတ်ပြောလိုက်၏။

"ဟုတ်တယ် ညီမလေး၊ သူက ညီမလေးကို အရင်သွားနှုံးလို့ မှာလိုက်ပါတယ်"

လန်အင်း၏မျက်လုံးအစုံတွင် မျက်ရည်များ စီးဆင်းကျလာလေသည်။

"ကျွန်မ မသွားဘူး၊ သူလာတဲ့အထိ သည်က စောင့်မယ်"

လန်အင်းက ခေါင်းမာစွာဖြင့် ပြောဆိုနေသည်။

ဝူးယို့က ချော့မော့ပြောဆိုလိုက်ရ၏။

"ကျင်းစန်းအတွက် မပူပါနဲ့၊ သူလိုက်လာမယ်လို့ သေချာပြောပါတယ်၊ ညီမလေးတို့လူစုကသာ အမြန်ဆုံးသွားဖို့ သူမှာလိုက်ပါတယ်"

ဟုန်ချိုင်းကလည်း ဝင်ရောက်ဖျောင်းဖျပြောဆိုလိုက်သည်။

"ဟုတ်ပါတယ် ညီမလေး၊ သူက ညီမလေးတို့ကို စိတ်မချလို့ ကျွန်မတို့ကို အတန်တန် မှာလိုက်ပါတယ်"

ဝူးယို့က...

"ဟုတ်ပါတယ် ညီမလေး၊ သည်နေရာဟာ သိပ်မလုံခြုံဘူး၊ အမြန်ဆုံးသွားမှ ဖြစ်မယ်"

အဘိုးဖြစ်သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း သည်နေရာက လူသူခေါင်းပါးတယ်၊ လေကလည်း ဆန်သေးတယ်၊ ကလေးတွေလည်း ဒုက္ခရောက်ပါတယ်၊ သွားကြပါစို့

လုံမလေးရယ်”

အဘိုးအိုက သက်ပြင်းချရင်း ပြောဆိုလိုက်သည်။

သူသည် ပြောပြီး ကျင်းရှိနှင့် ကျင်းကျူးတို့အား မြင်းလှည်းပေါ် တင်ပေးလိုက်သည်။

ဟုန်ချိုင်းကလည်း လန်အင်း၏လက်ကို ဆွဲကာ မြင်းလှည်းပေါ်သို့ တင်ပေးလိုက်၏။

ဝူးယို့က မြင်းလှည်းမောင်းသမားအား စတင်ထွက်ခွာရန် အချက်ပေးလိုက်၏။

“ကဲ မြင်းလှည်းဆရာ မောင်းပါတော့ဗျာ”

မြင်းလှည်းမောင်းသမားသည် ကြိမ်လုံးကို တစ်ချက်ရွေ့ယမ်းလိုက်ပြီး မြင်းလှည်းအား မောင်းနှင်သွားလေတော့သည်။

♦ ♦ ♦

လုယန်မြို့တစ်မြို့လုံးမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေလေသည်။ ယခုအခါတွင်...

မြို့စားကြီး၏ကိုယ်ရံတော်တပ်ဖွဲ့များသည် ကျင်းစန်းအား ပိုက်စိပ်တိုက် ရှာဖွေနေသည်။

ထို့အပြင်...

မင်းသားလေးတုလတ်တို့ ကိုယ်ရံတော်တပ်ဖွဲ့များကလည်း တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံရှာဖွေနေရသည်။

ယင်းသို့ ပိုက်စိပ်တိုက်၍ ရှာဖွေနေသည့်ကြားမှပင် ကျင်း

စန်းကလည်း ရှောင်တိမ်းပြေးလွှားနေရင်းမှ အဘိုးအိုနှင့် ဖုံးရှောင်ဘို့အား လိုက်လံရှာဖွေနေကြရသည်။

သူ၏စိတ်ထဲ၌မူ သူ၏မိသားစုများအတွက် ပူပင်သောကဖြစ်နေမိသော်လည်း သူစိတ်မချနိုင်ပါ။

ထို့ကြောင့်...

သူ၏လက်ဝယ် ရှိနေသော ဘုရင့်တံဆိပ်တော်ကို အဘိုးအိုဘို့လက်ထဲ အမြန်ဆုံး ပေးအပ်နိုင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

♦ ♦ ♦

"အစ်ကိုကြီး ဘာဖြစ်လို့ ရပ်ခိုင်းလိုက်တာလဲ"

ဝူးယို့က ဘယ်ဘက်ရှိ လမ်းငယ်တစ်ခုအား ညွှန်ပြလိုက်သည်။

"ကျုပ်တို့အားလုံး မြင်းလှည်းပေါ်က ဆင်းပြီး သည်ဘက်လမ်းလေးဘက်ကို သွားရလိမ့်မယ်ဗျ"

"ဘာဖြစ်လို့လဲ"

ဝူးယို့က...

"လမ်းဘက်က သွားရင် မန်ချူးစစ်သား တွေ့ရလိမ့်"

ဟုပြောလိုက်သည်။

လန်အင်းက သက်ပြင်းချလိုက်၏။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ အစ်ကိုကျင်းစန်းလဲ ဘယ်လိုဖြစ်နေပြီလဲ မသိဘူး"

ဟုပြောလိုက်၏။

ဟုန်ချိုင်းက...

"ဘာမှ မပူပါနဲ့ ညီမလေးရယ်၊ အစ်ကိုကျင်းစန်းဟာ သူ့အန္တရာယ်ကနေ သူကာကွယ်နိုင်မှာပါ"

ဟုနှစ်သိမ့်လိုက်၏။

ဝူးယို့က...

"ကဲ ညီမလေး တို့ အချိန်မရှိဘူး၊ သွားကြရအောင်"

ဟုန်ချိုင်းက...

"ဒါဆို အစ်ကိုက မန်ချူးတွေနဲ့ မတွေ့အောင် လမ်းကလေးဘက်ကသွားမှာပေါ့ ဟုတ်သလား"

သွေးအေးတောင်ကြား

မြင်းလှည်းက အရှိန်ပြင်းစွာ ပြေးလွှားမောင်းနှင်နေလေသည်။

မြင်းလှည်းက အရှိန်ပြင်းစွာ ပြေးလွှားနေသော်လည်း ဝူးယို့နှင့် ဟုန်ချိုင်းတို့ကမူ မြင်းလှည်းကို အမြန်ဆုံးမောင်းနှင်ရန် လောပေးနေ၏။

ဤသို့ဖြင့် မြင်းလှည်းသည် လမ်းခွလမ်းဆုံတစ်ခုသို့ ရောက်ရှိလာသည်။

ဝူးယို့က မြင်းလှည်းကို ရပ်တန့်ခိုင်းလိုက်၏။

ဟုန်ချိုင်းက မြင်းလှည်းရပ်တန့်သွားသဖြင့် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မြင်းလှည်းထဲမှ ခေါင်းပြူ၍ လှမ်းမေးလိုက်လေသည်။

ဟူမေးလိုက်၏။

ဝူးယို့က...

"ဟုတ်တယ်"

ဟုပြောလိုက်၏။

ဝူးယို့၏စကားဆုံးသောအခါ အားလုံးသော လူများသည် မြင်းလှည်းအပေါ်မှ အောက်သို့ ဆင်းလိုက်ကြလေသည်။

မြင်းလှည်းမောင်းသမားသည် အခကြေးငွေယူ၍ မြင်းလှည်းကို လာလမ်းအတိုင်း မောင်းနှင်ထွက်ခွာသွားလေသည်။

♦ ♦ ♦

ဝူးယို့သည် ဟုန်ချိုင်း၏လက်အား ဆွဲယူလိုက်၏။

ထို့နောက်...

လမ်းကြားအတိုင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားသည်။

လန်အင်းက သားငယ်ဖြစ်သူ ကျင်းရှိကို ပိုက်လိုက်သည်။

ထို့နောက်...

သူမက ဟုန်ချိုင်းနှင့် ဝူးယို့တို့နောက်သို့ ခပ်သွက်သွက် လိုက်သွား၏။

အဘိုးဖြစ်သူသည် ကျင်းကျူးအား လက်ဆွဲကာ နောက်မှ လိုက်လာ၏။

သူတို့သည် တောင်ကြားလမ်းအတိုင်း လျှောက်သွားရာ

ကြာမီမှာပင် မြေဝါလမ်းတစ်ခုသို့ ရောက်ရှိလာကြလေတော့သည်။

♦ ♦ ♦

မြေဝါလင်းပေါ်တွင် ကျောက်တိုင်လေးတစ်တိုင် စိုက်ထူထားသည်ကို တွေ့ရ၏။

ကျောက်တိုင်ပေါ်၌ စာများ ရေးသားထားသည်။

"သွေးအေးတောင်ကြား"

ဟူသော စာလုံးများပင် ဖြစ်သည်။

ဝူးယို့တို့သည် သူ့နောက်မှ လိုက်ပါလာသော လူစုများကို ဦးဆောင်ကာ သွေးအေးတောင်ကြားထဲသို့ လျှောက်သွားသည်။

သူတို့သည် သုံးမိုင်ခန့်သို့ ရောက်သောအခါ ပင်ပန်းနွမ်းနယ်လာကြလေတော့သည်။

ဝူးယို့က ခဏအမောဖြေရန် ပြောလိုက်တော့မှ အားလုံးတို့သည် လမ်းဘေး၌ ထိုင်ချလိုက်ပြီး အမောဖြေကြလေသည်။

လန်အင်းသည် ဗိုက်ထဲ၌ မအီမလည် ဖြစ်လာသဖြင့် ကလေးအား ပိုက်၍ ချုံဖုတ်ကြားထဲသို့ ဝင်ရောက်သွားသည်။

ထိုစဉ်မှာပင်...

တောင်ထိပ်ပေါ်မှ လူတစ်ယောက် ဘွားခနဲ ပေါ်လာသည်ကို တွေ့မြင်လိုက်ရတော့၏။

♦ ♦ ♦

ဝူးယို့သည် သိုင်းလောကဌ္ဌ ကျင်လည်ကျက်စားခဲ့သူတစ်ဦး ဖြစ်ပါသည်။

ထို့ကြောင့် သွေးအေးတောင်ကြားဟူသောအမည်ကို ကောင်းစွာ ကြားဖူးထားလေသည်။

သွေးအေးတောင်ကြားပိုင်ရှင်မှာ အလွန်ကြောက်စရာ ကောင်းသော အဆိပ်မယ်နှစ်ယောက် ဖြစ်သည်။

သူတို့၏သိုင်းပညာ ထက်မြက်သကဲ့သို့ အဆိပ်ပညာလည်း အစွမ်းထက်လေသည်။

အဆိပ်မယ်နှစ်ယောက်၏ လက်ချက်ဖြင့် သေဆုံးသွားသူ မနည်းတော့ပါချေ။

ဝူးယို့ သက်ပြင်းချမိသည်။

သူတို့သည် အန္တရာယ် ဖြစ်မည်ကို စိုးရိမ်ကာ ရှောင်တိမ်းလာခဲ့ပါမှ ကြောက်စရာကောင်းသော သွေးအေးတောင်ကြားထဲသို့ ဝင်လာမိခဲ့သည် မဟုတ်ပါလား။

ဝူးယို့သည် တောင်ကြားထဲမှ ပြန်ထွက်သွားလိုပါသော်လည်း တစ်စုံတစ်ခုအား တွေးတောစဉ်းစားမိလိုက်ခြင်းကြောင့် မသွားဖြစ်တော့ပေ။

ဝူးယို့ တွေးမိသည်မှာ...

"မန်ချူးတွေက အဆိပ်မယ်နှစ်ယောက်ကို စည်းရုံးသိမ်းသွင်းပြီး မျိုးချစ်သိုင်းသမားတွေကို လုပ်ကြံသတ်ဖြတ်ခိုင်းနေတာပဲ၊ သူတို့ဟာ သွေးအေးတောင်ကြားက ထွက်ပြီး သိုင်းလောကထဲမှာ လှုပ်ရှားနေကြမှာပဲ၊ သူတို့ မရှိဘူးဆိုရင် ဘာမှ စိုးရိမ်စရာ မလိုဘူး"

ဟူ၍ ဖြစ်လေသည်။

စိုးရိမ်ပူပန်မှုများ ပျောက်ကွယ်သွားသည်။

ရှေ့ဆုံးမှ ဦးဆောင်ကာ တောင်ကြားထဲ ဆက်လက်ဝင်ရောက်သွားလေသည်။

သွေးအေးတောင်ကြားနှင့် ပတ်သက်ပြီး ကျန်လူများအားပြောပြမနေတော့ပါ။

ပြောပြလျှင် ကြောက်ရွံ့နေမည် စိုးရိမ်ကာ မပြောဘဲ နေဦး တောင်ကြားထဲ ဝင်လာပါမှ မကြာမီမှာပင် တောင်ထိပ်ပိုင်းမှ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရခြင်း ဖြစ်ပါတော့သည်။

◆ ◆ ◆

ဟုန်ချိုင်းသည် တောင်ပူစာတစ်ခုနောက်သို့ ဝင်ရောက်ပုန်းအုပ်လိုက်သည်။

ထို့နောက် အခြေအနေကို အကဲခတ် စောင့်ကြည့်လိုက်သည်။

ချုံဖုတ်ထဲမှာ ဝင်ရောက်နေသော လန်အင်းသည် ရန်သူတွေ့ရှိနေသည်ကို တွေ့မြင်ရသဖြင့် ချုံဖုတ်ထဲမှ မထွက်ဝံ့ဘဲ ပုန်းအောင်းနေသည်။

ဝူးယို့သည် ခမောက်ဆောင်းထားသောလူနှင့် ယှဉ်ပြိုင်ခိုက်ရာ ခမောက်ဆောင်းထားသူ၏ သိုင်းပညာရပ်များမှာ အလွန်ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်ပြင်းထန်လွန်းနေကြောင်း သိရှိလိုက်ရတော့သည်။

ဤတွင် သူသည် ကြောက်ရွံ့၍ ထွက်ပြေးသွားလေတော့သည်။

♦ ♦ ♦

ခမောက်ဆောင်းထားသောလူသည် အလွန်ရက်စက်ကြမ်းကြုတ်သော လူတစ်ယောက် ဖြစ်၏။

သူသည် ကျင်းစန်း၏မိသားစုအား ရက်ရက်စက်စက် သတ်ဖြတ်လေသည်။

တစ်နေရာတွင် ပုန်းအောင်းကြည့်ရှုနေသော ဟုန်ချိုင်းသည် ရက်စက်ကြမ်းကြုတ်သော မြင်ကွင်းကို တွေ့မြင်ရသဖြင့်

လျှို့ဝှက်သောလူ

တောင်ထိပ်ပေါ်မှ ရောက်ရှိလာသော လူသည် ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူ ဖြစ်၏။

သူ၏ခေါင်းပေါ်၌ အနက်ရောင်ခမောက်တစ်လုံး ဆောင်းထားသည်။

အဖြူရောင်ဝတ်ရုံ၊ ငွေရောင်ကိုယ်ကျပ်အင်္ကျီနှင့် ဘောင်းဘီ ဝတ်ဆင်ထားသည်။

ခမောက်ကို ခပ်နိမ့်နိမ့် ဆောင်းထားသဖြင့် သူ့မျက်နှာကို လုံးဝမတွေ့ရပါ။

ထိုလူသည် ဝူးယို့တို့လူစုထံသို့ ပြေးဆင်းလာနေသည်။

ဝူးယို့သည် ဟုန်ချိုင်းအား ထွက်ပြေးရန် သတိပေးပြီးနောက် ရောက်ရှိလာသူအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိတ်လန့်တုန်လှုပ်ကာ ၁၀တိလစ် မေ့မြော်သွားရတော့၏။

ခမောက်ဆောင်းထားသောလူသည် သတ်ဖြတ်ခံရသော လူများ၏ကိုယ်ပေါ်မှာ ရှာဖွေကြည့်ရှုသည်။

သူသည် တွေ့လိုသော ပစ္စည်းများကို ရှာမတွေ့သဖြင့် ဝူးယို့နောက်သို့ လျင်မြန်စွာ လိုက်သွားတော့၏။

လန်အင်းသည် ကလေးငယ်ပိုက်ကာ လူသတ်သမားနှင့် ဝေးရာသို့ ခြေဦးတည့်ရာ ထွက်ပြေးသွားလေသည်။

ခမောက်ဆောင်းထားသောလူသည် ဝူးယို့နောက်သို့ လိုက် သွားသည်။

သူသည် ဝူးယို့အား တိုက်ခိုက်လိုက်ပြီးနောက် ဝူးယို့၏ခန္ဓာ ကိုယ်ပေါ်တွင် ရှာဖွေပြန်သည်။

သို့ရာတွင်...

ဝူးယို့ ကိုယ်ပေါ်၌ မည်သည့် ပစ္စည်းကိုမှ မတွေ့ရတော့ မကျေမနပ် ဖြစ်ကာ ထွက်ခွာသွားလေသည်။

♦ ♦ ♦

အန္တရာယ်အသွယ်သွယ်

'လုယန်'မြို့တစ်မြို့လုံးမှာ မှောင်အတိ ကျနေ၏။

အချိန်ကား ညသန်းခေါင်ယံ ဖြစ်သည်။

ခွေးဟောင်သံများမှအပ အခြား မည်သည့်အသံကိုမှ ကြားရပါ။

ထိုစဉ်...

လူရိပ်တစ်ခုသည် အမှောင်ထုကို ကွယ်ကာ မြို့ထောင်ဘုံ ကျောင်းရှိရာသို့ တရွေ့ရွေ့ လျှောက်သွားနေ၏။

ထိုလူမှာ အခြားလူ မဟုတ်ပါချေ။

'ကျင်းစန်း'ပင် ဖြစ်သည်။

ကျင်းစန်း အဓိက ဆောင်ရွက်ရမည့် တံဝန်မှာ တံဆိပ် ဘော်ကို ကျားနှစ်ကောင်သို့ အပ်လိုက်ရန် ဖြစ်၏။

ထို့ကြောင့် သူသည် ဖုံးရောင်နှင့် မြေအောင်းကျားတို့ကို ကြိုးစားရှာဖွေနေရခြင်းပင် ဖြစ်လေသည်။

ကျင်းစန်း အနေဖြင့် မြေအောင်းကျားမှာ မြို့ထောင်ဘုံကျောင်း အနီးတစ်ဝိုက်တွင် ရှိလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။

သို့ဖြစ်၍လည်း....

ယခုကဲ့သို့ မြို့ထောင်ဘုံကျောင်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

သူသည် မြို့ထောင်ဘုံကျောင်းသို့ ရောက်ရှိလာသောအခါ လူတစ်ယောက်နှင့် ပက်ပင်းရင်ဆိုင် တိုးမိသွားလေသည်။

♦ ♦ ♦

ထိုလူသည် မန်ချူးလက်ရွေးစင်(၁၀)ယောက်အနက် ကြောက်စရာအကောင်းဆုံးသော 'ယင်းဖိန်'ပင် ဖြစ်လေသည်။

ယင်းဖိန်က လက်နှစ်ဖက်ကို နောက်ပစ်ကာ ကျင်းစန်းအား အေးစက်စွာ စိုက်ကြည့်နေ၏။

သူ၏ကြည့်ပုံမှာ လူသေတစ်ယောက်ကို ကြည့်နေသည်ဟု ခံစားရလေသည်။

သူသည် အေးစက်သော အသံဖြင့်...

"တံဆိပ်တော် ဘယ်မှာလဲ"

ကျင်းစန်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သို့သော် ကျင်းစန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ယင်းဖိန်က မဲ့ပြုံးပြုံးလိုက်၏။

"မင်းအသားမနာရင် ငါ့ကို ကောင်းကောင်းဆက်ဆံမှာ ဟုတ်ဘူး ထင်တယ်"

သူသည် ပြောပြီးသည်နှင့် ကျင်းစန်းအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

ကျင်းစန်းက ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လေသည်။

သို့သော် ကျင်းစန်းမှာ စစ်ချီတိုက်ခိုက်သော ပညာသာ အထူးကျွမ်းကျင်သည်။

သိုင်းပညာရပ်တွင်မူ အသင့်အတင့်သာ ရှိနေသောကြောင့် ယင်းဖိန်၏တိုက်ခိုက်မှုအောက်တွင် အလူးအလိမ့် ခံနေရပေသည်။

ဤအတိုင်းသာ အချိန်ကြာသွားလျှင် မိမိ ဒုက္ခရောက်နိုင်သည်ကို ကျင်းစန်း ရိပ်စားမိလိုက်၏။

သူသည် ဒီအတိုင်း အသေမခံနိုင်ပါ။

မိမိ၏အသက် လွတ်မြောက်ရန်သာ အရေးကြီးသည်ဟု သဘောပေါက် နားလည်လိုက်လေသည်။

ထို့ကြောင့် သူသည် ထွက်ပြေးရန် အခွင့်အရေးကိုသာ စောင့်မျှော်ရင်း အန္တရာယ်မရှိအောင် ရှောင်တိမ်းခုခံနေရ၏။

ယင်းဖိန်သည် ကျင်းစန်း၏ခုခံနိုင်သည့် အရည်အချင်းပင် ရှိတော့သည်ကို တွေ့ရသဖြင့် မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီမှာ ကျင်းစန်း၊ မင်းက အသေခံမလား၊ တံဆိပ်တော်ကို ပေးမလား"

ယင်းဖိန်က အောင်နိုင်သူ၏အပြုံးဖြင့် ခပ်ပြုံးပြုံး မေးမြန်း

ကျင်းစန်းသည် မည်သည့်နေရာကိုမျှ ထွက်ပြေးသွားခြင်း မရှိပါ။

ထွက်ပြေးနိုင်စွမ်းလည်း မရှိပါချေ။

အမှန်စင်စစ်မှာမူ ကျင်းစန်းမှာ ယင်းဖိန်ကန်လိုက်သော ခြေထောက်ဒဏ်ကို ခံလိုက်ရသဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့လေသည်။

သူသည် ယင်းဖိန် ထက်ကြပ်မကွာ လိုက်လာလိမ့်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် သူသည် ရှေ့သို့ ဆက်မပြေးတော့ဘဲ ထိုနေရာ၌ပင် ပုန်းအောင်းနေခဲ့ခြင်း ဖြစ်လေသည်။

ယင်းဖိန် အတော်ဝေးဝေး ရောက်ရှိသွားသည်ကို တွေ့ရသောအခါမှ ပုန်းကွယ်ရာမှ ထွက်လာလေတော့သည်။

သူသည် ခြေလှမ်းယိမ်းယိုင်စွာဖြင့် မြို့ပြင်ဘက်သို့ ထွက်သွားလေသည်။

◆ ◆ ◆

ရှောင်လင်ကျောင်း....

ကျောင်းထိုင်၏ သီးသန့်အခန်းတွင် ကျောင်းထိုင်မှာ သူယုံကြည်ရသော ဘုန်းတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးနေကြလေသည်။

ကျောင်းထိုင်က သူ့၌ ရှိနေသော သံသယကို ဖွင့်ဟပြော

လိုက်လေသည်။

ကျင်းစန်းက စကားမပြောဘဲ အံကို တင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်နေ၏။

ယင်းဖိန်က မျက်မှောင်ကြုတ်သွားလေသည်။

"ဒီလောက် ခေါင်းမာတဲ့ကောင် ကဲကွာ"

သူသည် ပြောရင်း ခြေထောက်ဖြင့် တအားကန်လိုက်လေသည်။

ကျင်းစန်းသည် ယင်းဖိန်၏ ကန်လိုက်သော အားကို အသုံးချလိုက်လေသည်။

ယင်းဖိန်က ခြေထောက်နှင့် ကန်လိုက်သည်နှင့် သူသည် ကိုယ်ဖော့ပညာကို အသုံးပြုကာ အုတ်နံရံပေါ်သို့ ခုန်တက်သွားလေတော့သည်။

ထို့နောက် လေထဲ၌ ကျွမ်းတစ်ပတ် ထိုးလိုက်ပြီး အုတ်နံရံ၏ အခြားတစ်ဘက်သို့ ကျသွားလေတော့သည်။

ယင်းဖိန်သည် အုတ်နံရံ၏တစ်ဘက်သို့ ပြေးလွှားကြည့်လိုက်ရာ ကျင်းစန်းတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ချက်ချင်းလိုလိုမှာပင် သူသည် ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး ကျင်းစန်း ထွက်ပြေးသွားနိုင်မည့်ဘက်သို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။

◆ ◆ ◆

လိုက်၏။

"အခု နောက်ဆုံး ရရှိတဲ့ သတင်းအရ ကျင်းစန်းဟာ လုယန်မြို့ကိုရောက်နေပြီ၊ ခက်တာက သူဟာ ဘာဖြစ်လို့ ရှောင်လင်ကျောင်းကို မလာတာလဲ"

ခုံကျိကိုယ်တော်က လက်အုပ်ချီလိုက်သည်။

"သူက ကျားနှစ်ကောင်နဲ့ အဆက်အသွယ် မရသေးလို့ တူပါတယ်"

ကျောင်းထိုင်က ခေါင်းညိတ်လိုက်၏။

"ဒါဖြစ်နိုင်တယ်"

သူသည် ပြောရင်း ခုံကျိကိုယ်တော်အား အကဲခတ်သည်အကြည့်ဖြင့် ကြည့်ရှုလိုက်လေသည်။

"ကဲ ကျင်းစန်းရဲ့ အခြေအနေကို တိတိကျကျ သိချင်တယ် အဲဒါ မင်းပဲ လုယန်မြို့ကို တစ်ခေါက်လောက် ထပ်သွားလိုက်ပါဦး"

ကျောင်းထိုင်က အမိန့်ပေး ပြောဆိုလိုက်၏။

ခုံကျိကိုယ်တော်က ခေါင်းညိတ်ပြလိုက်သည်။

"တင်ပါ့ဘုရား"

ကျောင်းထိုင်က...

"အချိန်သိပ်မရဘူး၊ မင်းအမြန်ဆုံး သွားပေတော့"

ခုံကျိကိုယ်တော်က လက်အုပ်ချီ၍ ဦးညွှတ်လိုက်လေသည်။

"တင်ပါ့ဘုရား"

◆ ◆ ◆

ယင်းဖိန်သည် ကျင်းစန်းအား ရှာမတွေ့ပါ။

သို့ဖြင့် သူသည် မကျေမနပ်ဖြင့် မြို့စားဂေဟာသို့ ပြန်လည်ရောက်ရှိလာလေသည်။

သူသည် မြို့စားကြီးအား အခြေအနေကို တင်ပြအစီရင်ခံလိုက်လေသည်။

မြို့စားကြီးသည် ယင်းဖိန်၏စကားကို သေချာစွာ နားထောင်ပြီးနောက် စားပွဲပေါ်မှ မြေပုံကို ဖြန့်ချလိုက်လေသည်။

"ရှောင်လင်ကျောင်းကို သွားမယ့်လမ်း ၁၂ လမ်း ရှိတယ်၊ ကျုပ်တို့က လမ်း ၁၁ ခုမှာ စစ်တပ်ကို အသုံးပြုပြီး ပိတ်ဆို့ထားလို့ အမိန့်ပေးလိုက်ပါ"

ယင်းဖိန်က မျက်မှောင်ကုပ်သွားသည်။

သူသည် မြို့စားကြီးအား နားမလည်နိုင်စွာ ကြည့်ကာ...

"မြို့စားကြီးက ဘာဖြစ်လို့ လမ်း ၁၂ ခုလုံး မပိတ်ဘဲ လမ်းတစ်လမ်းကို ချန်ထားရတာလဲ"

မြို့စားကြီးက ပြုံးလိုက်သည်။

အေးအေးဆေးဆေး အမူအရာဖြင့်ပင်...

"ကျင်းစန်းကို ရှောင်လင်ကျောင်း ရောက်သွားအောင် လမ်းဖွင့်ပေးထားတာပါ"

ထိုစကားကြောင့် ယင်းဖိန် ပိုပြီး နားမလည်နိုင် ဖြစ်သွားလေသည်။

"ကျွန်တော်မျိုး နားမလည်ပါဘူး မြို့စားကြီး"

မြို့စားကြီးက ပြုံးလိုက်၏။

"မင်းက ဘယ်နေရာကို နားမလည်တာလဲ"

ယင်းဖိန်က...

"ကျွန်တော်မျိုး သိသလောက် ပြောရမယ်ဆိုရင် မြို့စားကြီးက ကျင်းစန်းကို ရှောင်လင်ကျောင်း ရောက်မသွားနိုင်အောင် လုပ်နေတယ် မဟုတ်လား"

မြို့စားကြီးက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ကို လုယန်မြို့မှာ မိအောင်မှ မဖမ်းနိုင်ဘဲ၊ အခုလို လမ်းဖွင့်ပေးရတာပေါ့"

ယင်းဖိန်က ခေါင်းခါယမ်းလိုက်သည်။

"ကျင်းစန်း ရှောင်လင်ကျောင်း ရောက်သွားရင် ကျွန်တော်မျိုးတို့က ဘာဆက်လုပ်ရဦးမှာလဲ"

မြို့စားကြီးက ပြုံးလိုက်သည်။

"မပူပါနဲ့ကွာ၊ တံဆိပ်တော်သာ ရှောင်လင်ကျောင်း ရောက်သွားပါစေ၊ ဒါဆို ကျုပ်လက်ထဲ ပြန်ရောက်လာသလိုပဲ နေမှာပါ"

မြို့စားကြီး၏စကားက ပဟေဠိဆန်လှ၏။

ယင်းဖိန်က ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မြို့စားကြီးဆိုလိုတာက..."

မြို့စားကြီးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းထဲမှာ ငါ့လူတွေ ရှိနေတယ်ကွယ်"

ယခုမှ ယင်းဖိန် သဘောပေါက်စွာ နားလည်လိုက်သည်။

"ကျွန်တော်မျိုး နားလည်ပါပြီဗျာ"

"ဟား...ဟား...ဟား"

မြို့စားကြီးက ကျေနပ်စွာ အားရပါးရ ရယ်မောလိုက်သည်။

ယင်းဖိန်ကလည်း လိုက်လံရယ်မောနေ၏။

♦ ♦ ♦

လုယန်မြို့...

လုယန်မြို့တစ်ခုလုံး တိတ်ဆိတ်၍နေ၏။

လူများ မရှိ၍ မဟုတ်ပါ။

လူများသည် အိမ်ထဲ၌သာ ပုန်းအောင်းနေကြခြင်းကြောင့်ဖြစ်သည်။

အလွန်အရေးကြီးသော ကိစ္စရှိသည်မှတ်ပါး မည်သူမဆို အိမ်ပြင်သို့ မထွက်ဝံ့ဘဲ ဖြစ်နေကြ၏။

ယခင်က စည်ကားသိုက်မြိုက်ခြင်းကား ဆိတ်သုဉ်းသွားခဲ့ရပြီ။

လုယန်မြို့၏ စည်ကားသော လမ်းမပေါ်တွင် မန်ချူးစစ်သည်တော်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လှည့်ပတ်သွားနေသည်အပ လူသူတစ်ယောက်မျှ မရှိတော့ပါ။

သို့သော် လူပ်ရှားသွားလာနေသူတစ်ယောက်ကား ရှိနေ၏။

ယင်းလူသည် အမှောင်ထုကို ကွယ်၍ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွားလေသည်။

ထိုလူသည် မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

သူမ၏တစ်ကိုယ်လုံးတွင် ဖုန်အလိမ်းလိမ်း ပေကျံနေသော်လည်း သူမ၏လှပချောမောသော မျက်နှာကို ဖုံးလွှမ်းထားနိုင်စွမ်းမရှိပေ။

မိန်းကလေးသည်...

စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာတော့မှ ဆိုင်ထဲမှ လူသူတစ်စုံတစ်ယောက်မျှ မရှိသည်ကို တွေ့ရှိရလေသည်။

သူမသည် ဆိုင်ခန်းတစ်ခုလုံးအား မွေနှောက်ရှာဖွေလိုက်ရာ စားသောက်ဖွယ်ရာများနှင့် အရက်များကို တွေ့ရှိသွားသဖြင့် ဝမ်းသာသွားသည်။

သူသည် စားသောက်ဖွယ်ရာများကို တစ်ခုပြီးတစ်ခု နှိုက်စားနေစဉ်မှာပင် စွေထားသော အခန်းတံခါးကို တစ်စုံတစ်ယောက် တွန်းဖွင့်၍ ဝင်လာသည်ကို တွေ့လိုက်ရတော့၏။

သူမသည် ရင်ထိတ်သွားသည်။

ဗီရိုနောက်တွင် ကမန်းကတန်း ပုန်းအောင်းလိုက်၏။

ထို့နောက် တံခါးရှိရာသို့ ချောင်းကြည့်သည်။

ထိုစဉ် ဆိုင်ထဲသို့ လူငယ်တစ်ယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ယင်းလူငယ်မှာ ဖုံးရှောင်ပင် ဖြစ်သည်။

သူသည် မန်ချူးစစ်သည်တော်များကို ရှောင်တိမ်းရင်း ဤဆိုင်အတွင်းသို့ ရောက်ရှိလာခြင်း ဖြစ်၏။

သူသည် ဆိုင်ထဲသို့ ဝင်ရောက်လာသည်နှင့် အိမ်ထဲ၌

သူသူတစ်ယောက်မျှ မရှိသည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။

သူ့နှုတ်မှ ငြိမ်သက်မနေနိုင်တော့ပါ။ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။

"ဟေ့ အိမ်ထဲမှာ လူတစ်ယောက်မှ မရှိတော့ဘူးလား"

သူသည် ယင်းသို့ မေးရင်း ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။

ထိုအခါ မမျှော်လင့်ဘဲ ဗီရိုနောက်တွင် ပုန်းအောင်းနေသော မိန်းကလေးအား မြင်တွေ့လိုက်ရသည်။

"ဟေ မင်း ဘယ်သူလဲ"

ဖုံးရှောင်က မိန်းကလေးအား မေးလိုက်၏။

မိန်းကလေးက ပုန်းကွယ်ရာမှ ထွက်လာသည်။

သူမက ခါးထောက်လိုက်သည်။

"ကျွန်မက ဒီဆိုင်ရှင်ပဲ၊ ရှင် ဘယ်သူလဲ"

မိန်းကလေးက ခပ်တည်တည် ပြောဆိုလိုက်၏။

လူငယ်က ပခုံးတစ်ချက် တွန့်လိုက်၏။

"ကျုပ်က ဧည့်သည်ပါ၊ ဘာများ စားသောက်စရာ ရှိသလဲ"

မိန်းကလေးက ခေါင်းခါယမ်းပြလိုက်၏။

"ဆိုင်ပိတ်ထားတာ မတွေ့ဘူးလား၊ ကျွန်မတို့ ဘာမှ မရောင်းတော့ဘူး"

လူငယ်က အခန်းတစ်ခုလုံးကို ငေ့ကြည့်လိုက်သည်။

"ခင်ဗျားတစ်ယောက်ထဲပဲလား"

"ဟုတ်တယ်"

"ခင်ဗျားတစ်ယောက်ထဲပဲဆိုရင် ကျုပ်ကို တစ်ခုခု စားစရာ တွေ ကျောင်းပါလားဗျာ"

မိန်းကလေးက နှုတ်ခမ်းစူလိုက်သည်။

"ကျွန်မပြောပြီးပြီပဲ၊ ရှင့်ကို ကျောင်းဖို့ မပြောနဲ့၊ ကျွန်မ အတွက်တောင် စားစရာမရှိဘူး"

"ဟောဗျာ"

ဖုံးရှောင်က အံ့အားသင့်သွားလေသည်။

သူသည် မိန်းကလေးအား အကဲခတ်သလို ကြည့်ရင်း...

"ခင်ဗျားစားစရာ မရှိဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဟား...ဟား...ဟား"

ဖုံးရှောင်၏ရယ်မောသံက ဆိုင်တစ်ခုလုံး ပြည့်လျှံသွား သလား ထင်ရလောက်အောင် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မိန်းကလေးက နှုတ်ခမ်းစူလိုက်၏။

"ရှင်က ဘာရယ်တာလဲ"

ဖုံးရှောင်က ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"ခင်ဗျားက စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက် ဖြစ်ပြီး စားစရာမရှိဘူး ဟုတ်လား"

"ဒါက..."

မိန်းကလေး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ဖုံးရှောင်ကလည်း မိန်းကလေးအား ခပ်ပြုံးပြုံး စိုက်ကြည့် နေစဉ်...

တံခါးခေါက်သံ ကြားလိုက်ရလေသည်။

မိန်းကလေး၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

"ဟာတော့"

ဖုံးရှောင်က မျက်မှောင်ကုပ်သွားမိ၏။

"ခင်ဗျား ဘာဖြစ်နေတာလဲ"

မိန်းကလေးက တံခါးဘက်သို့ ကြည့်လိုက်သည်။

နှုတ်မှလည်း ထိတ်လန့်တကြားဖြင့်...

"ဒုက္ခပဲ ဆိုင်ရှင် ပြန်လာပြီနဲ့ တူတယ်"

ဖုံးရှောင် မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွား သည်။

မိန်းကလေး ပြောစကားများကိုပင် ပဲ့တင်ထပ်ကာ...

"ခင်ဗျားက ဆိုင်ရှင် မဟုတ်ဘူး"

ဟုရေရွတ်လိုက်မိ၏။

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ ဗိုက်ဆာလွန်းလို့ ဘာများ စားစရာ ရှိမလဲလို့ ဝင်ခဲ့ မိတာပါ"

"ဩော်...ဒီလိုကိုး"

အခုမှပင် မိန်းကလေးမှာ သူ့ကို တစ်ချိန်လုံး ပတ်နေခြင်း ဖြစ်ကြောင်း သိရတော့၏။

ဖုံးရှောင်က ခါးထောက်လိုက်သည်။

"မင်းနာမည် ဘယ်သူလဲ မှန်မှန်ပြောစမ်း"

မိန်းကလေးက နှုတ်ခမ်းစူလိုက်သည်။

"ကျွန်မ ဘာဖြစ်လို့ ပြောရမှာလဲ"
"မပြောရင် မင်းကို သက်ဆိုင်ရာ ဖမ်းအပ်လိုက်မှာပေါ့"
ဖုံးရှောင်က ခပ်တည်တည် ပြောဆိုလိုက်၏။
မိန်းကလေးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။
"ရှင်က ဘယ်သူလဲ"
ဖုံးရှောင်က ရင်ကော့လိုက်သည်။
"ကျုပ်က ဒီစားသောက်ဆိုင်ရဲ့ ပိုင်ရှင်ဗျ"
မိန်းကလေးက အထိတ်တလန့်ဖြင့်...
"ကျွန်မကို မဖမ်းပါနဲ့ရှင်၊ တောင်းပန်ပါတယ်"
ဖုံးရှောင်က ခေါင်းကို မော့လိုက်သည်။
အလွန်တရာ တင်းမာခက်ထန်သော လေသံဖြင့်လည်း...
"မင်းက ဒီကိုဝင်လာတာ ပစ္စည်းခိုးဖို့ မဟုတ်လား"
"မဟုတ်ပါဘူးရှင့်"
"ကျွန်မဗိုက်ဆာလို့ ဝင်လာခဲ့တာပါ"
"မင်းနာမည် ဘယ်သူလဲ"
"ဆေးရွက်ပါ"
မိန်းကလေးက ပြောမိပြောရာ ပြောချလိုက်၏။
ဖုံးရှောင်က နှုတ်ခမ်းမဲ့လိုက်သည်။
"ငါ့ကို လိမ်ဖို့ မကြိုးနဲ့၊ လူနာမည်ဟာ ဆေးရွက်ဆိုတာ မရှိဘူး"
မိန်းကလေးက ဦးညွှတ်တောင်းပန်လိုက်သည်။
"ကျွန်မ...ကျွန်မ လိမ်မပြောပါဘူးရှင့်"

ဖုံးရှောင်က မျက်မှောင်ကြုတ်သွား၏။
"ထားပါတော့လေ၊ ဒီတစ်ခါ မင်းကို ခွင့်လွှတ်လိုက်မယ်"
ဖုံးရှောင်က သဘောထားကြီးစွာ ပြောလိုက်၏။
ဆေးရွက်က ဝမ်းသာသွားလေသည်။
"ကျေးဇူးတင်လိုက်တာရှင့်"
"ကျေးဇူးတင်ရင် ငါလဲ ဗိုက်ဆာတယ်၊ တစ်ခုခု သွားချက်ခဲ့ပါ"
"ဟုတ်ကဲ့ရှင့်"
ဆေးရွက်သည် ဖုံးရှောင်အား အလိုက်သင့် ပြောဆိုခေါင်းညိတ်လိုက်သည်။
ထိုစဉ်မှာပင် မန်ချူးအရာရှိ တစ်ယောက်သည် တံခါးကို တွန်းဖွင့်ကာ ဆိုင်ထဲသို့ လှမ်းဝင်လာသည်။
"ဒီမှာ ဆိုင်ရှင်တို့"
ဖုံးရှောင်သည် မန်ချူးအရာရှိအား တွေ့မြင်လိုက်သည်နှင့် ဒေါသနောက်ကွယ်သို့ ပုန်းအောင်းလိုက်သည်။
ဆေးရွက်က အံ့သြစွာဖြင့် ဖုံးရှောင်အား ငေးကြည့်မိသည်။
မန်ချူးအရာရှိသည် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး...
"ဆိုင်ရှင်ကို ခေါ်နေတာ မကြားဘူးလား"
ဖုံးရှောင်၏မျက်နှာ ရှုံ့မဲ့နေ၏။
သူသည် ဆေးရွက်အား ကြည့်ကာ...
"ငါ မသွားချင်ဘူး၊ မင်းပဲ တွေ့လိုက်"
ဆေးရွက်က ခေါင်းခါယမ်းလိုက်သည်။

"သူက ဆိုင်ရှင်ခေါ်တာပဲ၊ ကျွန်မသွားတွေ့လို့ ဖြစ်ပဲ့လား"

ဖုံးရှောင်က အသံတိုးတိုးဖြင့်...

"ကျုပ်က ဆိုင်ရှင်မှ မဟုတ်ဘဲ"

ဖုံးရှောင်က မတတ်သာသည့်အဆုံး၌ အမှန်အတိုင်း ပြောဆိုလိုက်ရ၏။

မိန်းကလေးက မျက်မှောင်ကြုတ်သွားသည်။

"ဒါနဲ့ ရှင်က ဆိုင်ရှင်ဆို"

အခုတစ်ကြိမ် မကျေမနပ်ဖြင့် ပြောဆိုလိုက်သူက ဆေးရွက်အမည်ရှိ မိန်းကလေး ဖြစ်၏။

ဖုံးရှောင်၏မျက်နှာ မဲသွားလေသည်။

"ကျုပ်...ကျုပ်က လိမ်ပြောတာဗျ"

ဆေးရွက်က ခါးထောက်လိုက်သည်။

"ဩော် ရှင်က ဆိုင်ရှင်အတုကိုး"

ထိုစဉ် မန်ချူးအရာရှိက စိတ်မရှည်စွာဖြင့် အလွန်တရာ တင်းမာခက်ထန်သော လေသံဖြင့် ဆိုင်အတွင်းဘက်သို့ လှမ်းအော်လိုက်၏။

"ဒီမှာ ခင်ဗျားတို့ ထွက်မလာရင် ကျုပ်က ဆိုင်ကို မီးရှို့လိုက်ရမလား"

မန်ချူးအရာရှိသည် ပြောသည့်အတိုင်း လုပ်မည့် လူစားမျိုး ဖြစ်ဟန်တူ၏။

ဖုံးရှောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူသည် ဆေးရွက်အား လက်အုပ်ချီ၍...

"ငါတောင်းပန်ပါတယ်ဟာ၊ မြန်မြန်သာ သွားတွေ့လိုက်စမ်းပါ"

ဆေးရွက်သည် ဖုံးရှောင်အား မျက်စောင်းတစ်ချက် ထိုးသိုက်ပြီး ထွက်သွားလေသည်။

◆ ◆ ◆

မန်ချူးအရာရှိက ဆေးရွက်အား ခြေဆုံးခေါင်းဆုံး ကြည့်သိုက်သည်။

"မင်းက ဘယ်သူလဲ၊ ဆိုင်ရှင် ဘယ်မှာလဲ"

မန်ချူးအရာရှိ၏ ခပ်ဆတ်ဆတ် အမေးကို ဆေးရွက်က ကြောက်ရွံ့ဟန် မရှိပါ။

ဆေးရွက်က ရင်ကော့လိုက်သည်။

"ကျွန်မဆိုင်ရှင်ပဲ"

မန်ချူးအရာရှိက သူမအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်သည်။

"မတူဘူး"

"ဘယ်နေရာမှာ မတူတာလဲ"

မန်ချူးအရာရှိက နှာခေါင်းရှုံ့လိုက်၏။.

"မင်းရဲ့ဝတ်စားပုံကိုလည်း မင်းဘာသာ ပြန်ကြည့်ပါအုံး၊ ဆိုင်ရှင်နဲ့ တူရဲ့လားလို့"

မန်ချူးအရာရှိက ဝိုင်နိုင်စွာ ပြောဆိုနေ၏။

ဆေးရွက်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရှင်မယုံချင်နေ၊ ဒီဆိုင်ထဲမှာ ကျွန်မတစ်ယောက်ထဲပဲ ရှိတယ်"

မန်ချူးအရာရှိက မျက်မှောင်ကုပ်၍ အတန်ကြာ စဉ်းစားလိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့ တစ်ဆိုင်လုံးကို မင်းသားလေးတုံလတ်က ငှားလိုက်ပြီ၊ အဲဒါ ခုချိန်ကစပြီး အပြင်လူ တစ်ယောက်မှ မငှားနဲ့တော့"

ဆေးရွက် ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

"အပြင်လူကို လက်မခံရဘူး ဟုတ်လား"

"ဟုတ်တယ်၊ နောက်ပြီး စားသောက်ဖွယ်ရာများနဲ့ အရက်များကိုပါ အဆင်သင့်လုပ်ထား"

သူသည် ပြောပြီး ဆေးရွက်၏အဖြေကို မစောင့်ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့၏။

"ဒီမှာ...ဒီမှာ"

ဆေးရွက်သည် ယင်းသို့ လှမ်းခေါ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆

ဆေးရွက်သည် ဖုံးရှောင် ပုန်းကွယ်နေသော နေရာသို့ လျှောက်သွားလေသည်။

"ဒီမှာ ကျွန်မတို့ မြန်မြန်ပြေးမှ ဖြစ်မယ်"

ဖုံးရှောင်က ပုန်းကွယ်ရာမှ ထွက်လာလေသည်။

"ဘာဖြစ်လို့လဲ"

"တော်ကြာ၊ မင်းသားလေးဆိုလား၊ ဘယ်သူဆိုလား၊ ရောက်လာလိမ့်မယ်၊ သူတို့ကို အရက်နဲ့ စားသောက်စရာတွေ ချပေးရမယ်တဲ့"

ဆေးရွက်က သူမ သိသမျှ အတိုချုပ် ပြောပြလိုက်သည်။

ဖုံးရှောင်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟုတ်တယ်၊ ဒါဖြင့် တို့မြန်မြန် ပြေးကြမယ်"

သူတို့သည် ကမန်းကတန်း ထွက်လာကြသည်။

သို့သော် ထိုစဉ်ခိုက်မှာပင်...

မင်းသားလေးတုလတ်နှင့် သူ၏ကိုယ်ရံတော်များတို့သည် ဆိုင်ထဲသို့ ဝင်ရောက်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဖုံးရှောင်နှင့် ဆေးရွက်တို့သည် မီးဖိုဆောင်ဘက်သို့ လျင်မြန်စွာ ပြေးလွှားသွားကြ၏။

သို့ရာတွင်...

နောက်ဘက်မှလည်း ထွက်ပေါက်တံခါး လုံးဝမရှိသည်ကို တွေ့ရသဖြင့် လက်မှိုင်ချကြရလေတော့သည်။

"အခုမှ ဒုက္ခပဲ"

ဖုံးရှောင်က ညည်းညူလိုက်သည်။

ဆေးရွက်က သက်ပြင်းချလိုက်ပြီး ကြမ်းပေါ်သို့ ထိုင်ချလိုက်၏။

ထိုစဉ် ဖုံးရှောင်က ရုတ်တရက် ထအော်လိုက်သည်။

"ဆေးရွက်၊ မင်း ဟိုမှာ ကြည့်စမ်း"

ဆေးရွက်သည် ဖုံးရှောင် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းမှာ...

မီးဖိုဆောင်တစ်ခုလုံး စားသောက်ဖွယ်ရာများဖြင့် ပြည့်နှက်လျက် ရှိသည်ကို တွေ့ရှိရသည့်အပြင် အရက်အိုးများလည်း အစီအရီ တွေ့ရသောကြောင့် ဖြစ်လေသည်။

ဖုံးရှောင်က...

"ကဲ တို့ပြေးလို့ မလွတ်မယ့် အတူတူ ဒါတွေကို ချပြီး သူတို့ကိုလည်းရောင်း တို့လည်း ဝဝစားရတာပေါ့"

ဆေးရွက်က...

"ရှင်က ချက်တတ်လို့လား"

ဖုံးရှောင်က ခေါင်းခါယမ်းပြလိုက်၏။

"ကျုပ် ဘာမှ မချက်တတ်ဘူး"

ဆေးရွက်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကောင်းရော ကျွန်မလည်း ဘာမှ မချက်တတ်ဘူး"

ဖုံးရှောင်က လက်အုပ်ချီလိုက်ပြန်သည်။

"ချက်တတ်သလောက်တော့ ချက်ပါဗျာ၊ ကျုပ်အများကြီး

ောင်းပန်ပါတယ်"

ဖုံးရှောင်က ဆေးရွက်အား တောင်းပန်ပြောဆိုလိုက်၏။

ဆေးရွက်သည် ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး ထွက်းလေတော့သည်။

ည...

မန်ချူးစစ်သည်တော်များ...

ဆေးရွက် ဖြစ်သလို ချက်ထားသော ထမင်းနှင့် ဟင်းများင် ဝိုင်းဖွဲ့ကာ စားသောက်နေကြသည်။

အရက်များ သောက်နေရသောကြောင့် ဟင်းလျာ၏ အရာများကို ဂရုမစိုက်နိုင်ကြပါ။

သူတို့သည် အရက်သောက်ရင်း ဝိုင်းဖွဲ့စကား ပြောနေကြသည်။

အပေါ်ထပ်ရှိ သီးသန့်အခန်းထဲ၌မူ မန်ချူးစစ်သည်တို့၏ခေါင်းဆောင်ဖြစ်သော...

မင်းသားလေးတုလတ်က ထိုင်၍ စားသောက်နေ၏။

ဆေးရွက်မှာမူ အနီး၌ ကျွေးမွေးပြုစုနေရသည်။

အရက်တော်တော်များများ သောက်လာသောအခါ မင်းသားလေးတုလတ်မှာ ရီဝေလာလေသည်။

သူသည် ရီဝေသော မျက်လုံးအစုံဖြင့်...

ဆေးရွက်အား ကြည့်နေ၏။

"မင်း ဘာဖြစ်လို့ ရပ်နေတာလဲ"

သူသည် အနီးရှိ ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

"လာပါ၊ ဒီမှာ လာထိုင်စမ်းပါ"

ဆေးရွက်က မလွန်ဆန်ရဲဘဲ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ရသည်။

ထိုစဉ်...

မင်းသားလေးတုလတ်က အရက်တစ်ခွက်ငဲ့လိုက်ပြီး ဆေးရွက်အား လှမ်းပေးလိုက်သည်။

"သောက်ပါ ညီမ"

သို့သော် ဆေးရွက်က ခေါင်းခါယမ်းပြလိုက်၏။

"ကျွန်မ မသောက်တတ်ဘူး"

မင်းသားလေးတုလတ်က အရက်ခွက်ကို အတင်းထိုးပေးနေ၏။

"မရဘူး သောက်ရမယ်"

သူ၏နှုတ်မှလည်း အတင်းအဓမ္မ တိုက်တွန်းနေလေသည်။

ဆေးရွက်သည် မတတ်နိုင်တော့ဘဲ အရက်ကို တစ်ငုံသောက်လိုက်ပြီး အောက်သို့ သွန်ချလိုက်လေသည်။

မင်းသားလေးတုလတ်က ဆေးရွက်သောက်လိုက်သည်ကို ထင်မှတ်ပြီး ကျေနပ်သွားလေသည်။

သူသည် လက်ခုပ်လက်ဝါး တီးလိုက်ပြီး သြဘာပေးလိုက်၏။

"ဒီလိုမှပေါ့"

သူသည် နောက်ထပ် တစ်ခွက် ငဲ့ပေးလိုက်သည်။

"ကဲ နောက်တစ်ခွက် သောက်လိုက်ပါဦး"

ဆေးရွက်က သောက်ချင်ဟန်ဆောင်ပြီး မင်းသားလေး မခြင်အောင် သွန်ချလိုက်ပြန်သည်။

ထို့နောက် မင်းသားလေး၏ခွက်ထဲသို့ ငဲ့ပေးလိုက်သည်။

သူမ၏နှုတ်မှလည်း အမူးသမားတစ်ဦးကဲ့သို့ အသံ လေးတွဲစွာဖြင့်...

"မင်းသားလေးလည်း သောက်ရမယ်"

"ဟား...ဟား...ဟား"

မင်းသားလေးတုလတ်က ရယ်မောလိုက်လေသည်။

"သောက်ရမှာပေါ့ဗျာ"

သူသည် အရက်ကို မော့သောက်လိုက်လေသည်။

ဆေးရွက်က ထပ်မံ၍ငဲ့ပေးလိုက်ပြန်၏။

သို့သော် ကရားထဲမှ အရက်ကုန်သွားပြီဖြစ်သည်။

"အရက်ကုန်သွားပြီ၊ ကျွန်မ သွားထည့်ပါ့မယ်"

ဆေးရွက်က ပြောပြောဆိုဆိုဖြင့်ပင် ထိုင်ရာမှထရပ်လိုက်သည်။ မင်းသားလေးတုလတ်မှာ ကိုယ့်ကိုကိုယ် မထိန်းနိုင်ဘဲဖြစ်နေ၏။

"ကောင်းတယ်...မြန်မြန်သွားယူစမ်း၊ ဒီကနေ့ည ငါမူးအောင်သောက်မယ်"

သူသည် မူးမူးရူးရူးဖြင့် တွေ့ကရာပြောနေပြန်၏။

ဆေးရွက်သည် အရက်ကရားကိုယူ၍ မီးဖိုဆောင်ဘက်သို့ ထွက်ခွာသွားလေသည်။

◆ ◆ ◆

ဆေးရွက်က မင်းသားလေးအား ဟန်မပျက်ပင် အရက်ခွဲ့
းလိုက်သည်။

"အရက်ရလာပါပြီ၊ သောက်လိုက်ပါဦးရှင်"

မင်းသားလေးက လှမ်းပေးသော အရက်ခွက်ကို သောက်
ိုက်သည်။

ဆေးရွက်က ထပ်မံခွဲ့ပေးလိုက်ပြန်၏။

မင်းသားလေးက သူမအား ပြန်လည်လှမ်းပေးလိုက်သည်။

သူသည် အာလေးလျှာလေးဖြင့်...

"ညီမလေးလည်း သောက်လိုက်ပါဦး"

ဆေးရွက်က အရက်ခွက်ကို စားပွဲအောက်မှာ ပုန်းနေသော
းနောင်အား လှမ်းပေးလိုက်သည်။ ဤတွင်...

ဖုံးရှောင်က သောက်လိုက်ပြီး အရက်ခွက်ကို ပြန်ပေးလိုက်
းသည်။

ဤသို့ဖြင့် မင်းသားလေးက သောက်လိုက်၊ ဆေးရွက်ကိုယ်
း ဖုံးရှောင်က သောက်လိုက်ဖြင့် အရက်ကရား တစ်အိုး ထပ်မံကုန်
းပြန်လေသည်။

အရက် အလွန်အကျွံ အမူးလွန်သောအခါ မင်းသားလေးတု
ိုက်သည် မဟန်နိုင်တော့ဘဲ ခုတင်ပေါ်သို့ လှဲချ လိုက်ပြီး အိပ်ပျော်
းလေသည်။

ဆေးရွက်သည် မင်းသားလေးတုလတ် အရက်အလွန်အကျွံ
ခြင်း အိပ်ပျော်သွားသည်ကို တွေ့ရသောအခါ စိတ်လွှတ်ရားသွား
းသည်။

ထွက်ပြေးခြင်း

ဆေးရွက်သည် အရက်ကရားကိုယူပြီး အခန်းတွင်းသို့ပြန်
လည်ဝင်ရောက်လာ၏။

ယခုအခါတွင်မူ ဆေးရွက်တစ်ယောက်တည်း မဟုတ်တော့
ပါချေ။

ဖုံးရှောင်ပါ တပါတည်း ပါလာသည်။

သို့သော်...

မင်းသားလေးတုလတ်က အလွန်အကျွံ အမူးလွန်နေသဖြင့်
ဆေးရွက်ကို အကာအကွယ်ယူ၍ ဝင်ရောက်လာသော ဖုံးရှောင်အား
မတွေ့မြင်လိုက်ပါ။

ဖုံးရှောင်သည် စားပွဲအောက်သို့ဝင်၍ ပုန်းအောင်းနေလိုက်
သည်။

သူမသည် စားပွဲအောက်မှာ ပုန်းနေသော ဖုံးရှောင်အား အသံတိုးတိုးဖြင့် သတိပေးပြောဆိုလိုက်၏။

"ဟော့...သူအိပ်ပျော်သွားပြီ၊ တို့ ဘယ်လိုလုပ်ကြမလဲ"

သို့သော် သူမက သတိပေးပြောဆိုသော်လည်း စားပွဲအောက်မှ ဖုံးရှောင်၏အသံ ထွက်မလာပါ။

သူမသည် စိတ်တိုလာ၍ စားပွဲအောက်သို့ ငုံ့ကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းမှာ...

ဖုံးရှောင်မှာလည်း အရက်မူး၍ အိပ်ပျော်နေသည်ကို တွေ့ရလေသည်။

ဆေးရွက်သည် ဖုံးရှောင်အား သတိရလာအောင် လှုပ်နှိုးလိုက်လေသည်။

နှုတ်မှလည်း မကျေမနပ်ဖြင့် ခပ်တိုးတိုးကြိတ်ကာ ကြိမောင်းလိုက်၏။

"ဒုက္ခပါပဲ၊ ရှင် ဘယ်လိုဖြစ်သွားတာလဲ"

ဖုံးရှောင်က ရီဝေသော မျက်လုံးများဖြင့်ကြည့်ကာ အားလေးလျှာလေးဖြင့်...

"ငါ ဘာဖြစ်နေလို့လဲကွ"

ဆေးရွက်က ရေအေးယူ၍ မျက်နှာကို ပက်ဖျန်းလိုက်တော့မှ ဖုံးရှောင်က သတိရလာသည်။

သူသည် လူးလှိမ့်၍ စားပွဲအောက်မှ ထွက်လာသည်။

သူ့အမူအရာမှာ ကြောင်စီစီဖြစ်နေသည်။

"ဒုက္ခပါပဲ၊ ရှင် ဘယ်လိုဖြစ်နေတာလဲ"

ဆေးရွက်က အပြစ်တင်လိုက်လေသည်။

ဖုံးရှောင်က မျက်နှာပေါ်မှရေများကို သုတ်ရင်း...

"ငါလင့်ဒ်း သောက်ရင်း မူးသွားလို့ပါကွာ"

"ရှင်မူးဟာက အရေးမကြီးဘူး၊ တော်ကြာ မင်းသားလေး သတိရလာရင် အကုန်သေကုန်လိမ့်မယ်"

ဆေးရွက်၏စကားကို ကြားရတော့မှ ဖုံးရှောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ရှင်က ယောကျ်ားပဲ၊ ကျွန်မကို မေးနေရသေးလား"

ဖုံးရှောင်က အနည်းငယ် စဉ်းစားလိုက်၏။

ထို့နောက် ဆေးရွက်အား တစ်ချက်လှမ်းကြည့်ကာ...

"ဟို့ ထွက်ပြေးကြမယ်လေ"

ဆေးရွက်က...

"အောက်မှာ မန်ချူးစစ်သားတွေရှိတယ်၊ ပြေးလို့ ဘယ်ရမလဲ"

"ဒါဖြင့်"

ဖုံးရှောင်က အတန်ကြာ စဉ်းစားသော်လည်း အကြံမရပါ။

သူသည် ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ငါ အရက် အလွန်အကျွံသောက်ထားလို့ အခုထိခေါင်းမူးနောက်နောက်ဖြစ်နေတယ်၊ ဘာမှ စဉ်းစားလို့မရဘူး"

ဆေးရွက်က ခုတင်ပေါ်ရှိ လူမှန်းသူမှန်းမသိအောင် အိပ်

ပျော်နေသော မင်းသားလေးတုလတ်အား ကြည့်ရင်း အကြံတစ်ခု ရလာလေသည်။

"ကျွန်မ အကြံတစ်ခုရပြီ"

ဖုံးရှောင်က သူမအား ရီဝေစွာကြည့်လိုက်၏။

"ဟုတ်လား၊ ဆိုစမ်းပါဦး"

ဆေးရွက်က သူ့လက်ကို ဆွဲလိုက်သည်။

"ကဲ လာပါ၊ ရှင် ကျွန်မ ခိုင်းသလိုလုပ်ပါ"

♦ ♦ ♦

မန်ချူးစစ်သည်များသည် အရက်သောက်ရင်း စကားပြော နေကြသည်။

စစ်သည်တော်တစ်ယောက်က အပေါ်ထပ်သို့ ညွှန်ပြလိုက် သည်။

"တို့မင်းသားလေးတော့ ကံကောင်းနေပြီ ထင်တယ်"

သူသည် ထိုသို့ပြောနေစဉ်မှာပင်...

ဆေးရွက်က ခေါင်းငိုက်စိုက်ချထားသော မင်းသားလေး တုလတ်အား ဖေးမပြီး လှေကားပေါ်မှဆင်းလာနေသည်ကို တွေ့ မြင်ရလေသည်။

သူတို့သည် မည်သူမျှ စကားမပြောရဲကြတော့ဘဲ တိတ် ဆိတ်နေပြီး အာရုံစူးစိုက်ကြည့်နေကြ၏။

မင်းသားလေးတုလတ်နှင့် ဆေးရွက်တို့ ဆိုင်ထဲမှထွက်ခွာ

ကွယ်ပျောက်သွားသည်အထိ ကြည့်နေမိကြသည်။

နှစ်ယောက်စလုံး ကွယ်ပျောက်သွားသောအခါကျမှ စစ် သည်တော်တစ်ယောက်က သက်ပြင်းချလိုက်လေသည်။

"တစ်ယောက်တော့ ပါသွားပြန်ပြီ"

သူ့စကားဆုံးမည်သည့် ရယ်မောစရာပါလေသည်မသိ အား သုံးက ဝါးခနဲ ရယ်မောကြလေသည်။

♦ ♦ ♦

ဆေးရွက်နှင့် မင်းသားလေးတုလတ်တို့သည် အဝေးသို့ ရောက်သွားတော့မှ...

အဆောက်အဦးတစ်ခုအနီးသို့ ချဉ်းကပ်သွား၏။

မင်းသားလေးတုလတ်က ခေါင်းပေါ်မှ ဦးထုပ်၊ အပေါ် အင်္ကျီများ ချွတ်လိုက်သောအခါ ဖုံးရှောင် ဖြစ်နေသည်ကို တွေ့ရလေ သည်။

သူတို့သည် မင်းသားလေးတုလတ်၏ အဝတ်အစားနှင့် ဦး ထုပ်ကိုချွတ်ယူ၍ ယခုကဲ့သို့ ဟန်ဆောင်ခြင်းဖြစ်လေသည်။

ဖုံးရှောင်က လက်မထောင်ပြလိုက်၏။

"ကျုပ်ကတော့ မင်းကို အတော်လေးစားသွားပြီ"

ဖုံးရှောင်က ဆေးရွက်အား နှုတ်မှ ချီးကျူးပြောဆိုလိုက်၏။

ဆေးရွက်က သဘောကျသွားလေသည်။

ဖုံးရှောင်က စကားဆက်လိုက်သည်။

"ဒါနဲ့ ခင်ဗျားက အခုဘယ်သွားမှာလဲ"

ဖုံးရှောင် မေးလိုက်တော့မှ ဆေးရွက်၏မျက်နှာမှာ ညှိုးငယ်သွားလေသည်။

"ကျွန်မ...ကျွန်မလည်း ဘယ်ကိုသွားရမှန်း မသိတော့ဘူးရှင်"

ဖုံးရှောင်က မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘယ်သွားရမှန်းမသိဘူး ဟုတ်လား"

ဆေးရွက်က ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျား အိမ်မရှိဘူး ဟုတ်လား"

ဖုံးရှောင်က ထပ်ဆင့်မေးလိုက်ပြန်၏။

ဆေးရွက်က ထပ်မံခေါင်းညိတ်လိုက်သည်။

"ခင်ဗျား မိဘတွေကော"

ဆေးရွက်က ခေါင်းခါယမ်းပြလိုက်သည်။

ဖုံးရှောင်က...

"ခင်ဗျားအဖေနဲ့အမေကော သေသွားပြီ ဟုတ်လား"

ဆေးရွက်က ခေါင်းညိတ်ပြလိုက်သည်။

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချရင်း...

"ဒါဖြင့် ခင်ဗျား ဘယ်ကိုသွားရမှန်းတောင် မသိတော့ဘူးပေါ့"

ထိုအမေးကိုလည်း ဆေးရွက်က ခေါင်းညိတ်ပြလိုက်ခြင်းဖြင့်သာဖြေဆိုလိုက်ပြန်သည်။

ဖုံးရှောင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းငါ့ဆောက်လိုက်ခဲ့၊ မင်းကိစ္စ ဘယ်လိုဖြေရှင်းရမယ်ဆိုတာ နောက်မှ စဉ်းစားကြတာပေါ့"

သူသည် ပြောရင်းဆက်လျှောက်သွားသည်။

ဆေးရွက်က သူ့နောက်မှ ထပ်ကြပ်မံကွာ လိုက်ပါသွားလေတော့သည်။

♦ ♦ ♦

အသေရေရ ဖမ်းဆီးပေးနိုင်သူအား ဆုငွေ(၅၀၀၀) ချီးမြှင့်မည်ဟု ကြေငြာရှိလေသည်။

ထိုစဉ်...

. မြင်းလှည်းတစ်စီးအား အဘိုးအိုတစ်ယောက်က မြို့ပြင်သို့ထွက်ရန် မြို့ရိုးတံခါးပေါက်သို့ မောင်းနှင်လာလေသည်။

တံခါးမှူးဖြစ်သူ တင်းလောက်က ဟန့်တားလိုက်သည်။

"မြင်းလှည်း ရပ်စမ်း"

သူ၏အမိန့်သံ အဆုံးဌ...

မြင်းလှည်းသည် တုန့်ခနဲ ရပ်သွားလေသည်။

တံခါးမှူးတင်းလောက်က မြင်းလှည်းမောင်းသမားအား အော်ငေါက်လိုက်သည်။

"မင်း ဘယ်သွားမလို့လဲ"

"မြို့ပြင်သွားမလို့"

"မြို့ပြင်သွားမှန်း ငါသိတယ်၊ ဘာကိစ္စနဲ့သွားမလဲဆိုတာ ငါမေးတာ"

"လမ်းခွဆုံ သွားမလို့ပါ၊ သမားတော်ကြီးတစ်ယောက်ကို သွားပင့်မလို့ပါ"

"မင်း အမှန်ပြောတာလား"

"အမှန်ပြောနေတာပါ"

တံခါးမှူးတင်းလောက်က မြင်းလှည်းမောင်းသူအား မျက်လုံးမှေးကြည့်လိုက်၏။

မြင်းလှည်းမောင်းသူသည် ငွေတုံးလေးတစ်တုံးယူ၍ လှမ်း

ဆုငွေ(၅၀၀၀)

မြို့ရိုးတံခါးတွင် မန်ချူးတံခါးစောင့်များ တင်းကြပ်စွာ စောင့်ကြပ်နေကြ၏။

သူတို့သည် မြို့ထဲဝင်လာသောလူများနှင့် မြို့ပြင်ထွက်လာသောလူများကို တစ်ဦးချင်း စစ်ဆေးနေသည်။

စိတ်ကျေနပ်လောက်ပြီဆိုတော့မှ လွှတ်လိုက်လေသည်။

မြို့ရိုးတံခါးပေါက်၏ နံရံပေါ်တွင် အလိုရှိသည် ဟူသော ကြေငြာစာတန်းတစ်ခု ကပ်ထားလေသည်။

ထို ဆုငွေထုတ်ထားသော ကြေငြာစာတန်းပေါ်တွင် လူတစ်ယောက်၏ပုံကို ဖော်ထား၏။

တခြားလူ၏ပုံ မဟုတ်ပါ။

ကျင်းစန်း၏ပုံပင် ဖြစ်သည်။

ကြေငြာစာတန်းပေါ်တွင် ပုံပါ ကျင်းစန်းအား အရှင်ရှာ

ပေးလိုက်သည်။

တံခါးမှူးတင်းလောက်က ပြုံး၍ခေါင်းညိတ်လိုက်သည်။

"မင်း မဆိုးဘူး"

သူသည် ငွေတုံးလေးကို အိတ်ထဲထည့်လိုက်ပြီး...

"ကဲ...သွားလိုရာသွားပေတော့"

တံခါးမှူးတင်းလောက်က ခွင့်ပြုလိုက်၏။

မြင်းလှည်းမောင်းသူသည် မြင်းလှည်းကိုမောင်း၍ ထွ
မည်အပြုတွင် ရုတ်တရက် လူတစ်ယောက်က ဟန့်တားလိုက်
သည်။

"ရပ်လိုက်"

မြင်းလှည်းသမားက မြင်းလှည်းကို ရပ်တန့်လိုက်ရ
သည်။

ဟန့်တားလိုက်သောလူမှာ ယင်းဖိန်ပင်ဖြစ်သည်။

တံခါးမှူးတင်းလောက်က မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်လွတ်လိုက်ပြီးသားကိစ္စ ဘာကြောင့်ဝင်ပြီး နှောင့်
ယှက်ရတာလဲ"

ယင်းဖိန်က သူ့အားစေ့စေ့ကြည့်လိုက်၏။

"ဒီမြင်းလှည်းကို မင်းက ရှာပြီးပြီ ဟုတ်လား"

"ဟုတ်တယ်"

ယင်းဖိန်သည် တံခါးမှူး၏ခါးမှဓားကို ဆွဲထုတ်လိုက်သည်
သူသည် ထိုဓားဖြင့် မြင်းလှည်းဆီသို့ ထိုးသွင်းလိုက်သည်
မြင်းလှည်းထဲ၌ ကျင်းစန်းက ကောက်ရိုးကြားမှာ ပုန်း

ည်က်လာခြင်း ဖြစ်သည်။

ယင်းဖိန်က ဓားဖြင့်ထိုးလိုက်သောအခါ ကံကောင်း
ဆောက်မစွာဖြင့် ကျင်းစန်း၏ဝမ်းဗိုက်အနီးမှကပ်၍ ချော်ထွက်သွား
သည်။

ယင်းဖိန်သည် ဓားကိုဆွဲထုတ်၍ကြည့်ရှု စစ်ဆေးလိုက်
သည်။

ဓားပေါ်တွင် သွေးစက်များမရှိသည်ကို တွေ့ရတော့မှ မြင်း
လှည်းကို လွှတ်ပေးလိုက်လေသည်။

ကျင်းစန်းသည် သက်သာရာရသွားလေတော့သည်။

♦ ♦ ♦

ကျင်းစန်းက မြင်းလှည်းပေါ်မှ ဆင်းလိုက်လေသည်။

မြင်းလှည်းသမားအား ငွေပေးလိုက်ပြီးနောက် စင်းလိန်စန်း
ဘောင်သို့ ဦးတည်ထွက်ခွာသွားလေသည်။

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်နေသည်။

ကျင်းစန်းသည် ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလွှား
သွားလိုက်ရာ မကြာပါချေ။ စင်းလိန်စန်းတောင်သို့ ဆိုက်ဆိုက်မြိုက်
မြိုက် ရောက်ရှိသွားလေတော့သည်။

ကျင်းစန်း ရှေ့ဆက်လျှောက်သွားရာ လမ်းဆုံလမ်းခွတစ်ခု
သို့ ရောက်ရှိသွား၏။

ကျင်းစန်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ မြေပေါ်၌ခြေရာများ ရှုပ်ပွနေသည်ကို တွေ့ရလေသည်။

သူ၏မိသားစုသည် ဝဲဘက်လမ်းကလေးအတိုင်း သွားခြင်းဖြစ်ကြောင်း နားလည်လိုက်လေသည်။

ကျင်းစန်း ဝမ်းသာသွားပြီး ကပျာကယာ ပြေးလိုက်သွားလေတော့သည်။

ကိုယ်ဖော့ပညာဖြင့် ပြေးလွှားလာရင်း သွေးအေးတောင်ကြားဟု ရေးထားသော ကျောက်တိုင်အနီးသို့ ရောက်ရှိသွားလျှင် ခြေလှမ်းရပ်လိုက်လေသည်။

ရင်ထဲ ထိတ်လန့်သွားသည်။

"သူတို့က သွေးအေးတောင်ကြားကို သွားတဲ့လမ်းအတိုင်း လမ်းမှားပြီး သွားကြတာကိုး ဒုက္ခပါပဲ"

စိုးရိမ်စိတ်ဖြင့် ပြေးလွှားသွားရာ ဝါးတရိုက်ခန့် ပြေးသွားမိသည်နှင့် မြေပေါ်ပြန့်ကျဲနေသော လူသေအလောင်းများကိုတွေ့လိုက်ရလေတော့သည်။

"ဟာ"

ကျင်းစန်း လွတ်ခနဲ အော်လိုက်လေသည်။

အလောင်းများကို ကြည့်လိုက်သည်။

သူနှင့် အနီးဆုံး ပထမဆုံးတွေ့ရသော အလောင်းကား ကျင်းကျူး၏အလောင်းဖြစ်လေသည်။

"သမီးရယ်..အဖြစ်ဆိုးလှချည်လား"

ကျင်းစန်း ညည်းတွားလိုက်လေသည်။

တဖန်...

မလှမ်းမကမ်း၌ရှိနေသော သားဖြစ်သူကျင်းရှိထံသို့ ပြေးလွှားလိုက်လေသည်။

ကျင်းရှိလည်း သေဆုံးနေပြီဖြစ်လေသည်။

"သားရယ် ဖေဖေလာတာ နောက်ကသွားပြီ"

မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်ကာ ငိုကြွေးလိုက်လေတော့သည်။

ထိုစဉ်...

"အင်း...အင်း"

ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း သတိပြုကြည့်လိုက်ရာ လန်အင်း၏မောင်ဖြစ်သူ လန်ထုံက သွေးအိုင်ထဲ လူးလွန့်ညည်းတွားနေသည်ကို တွေ့လိုက်ရလေသည်။

"လန်ထုံ"

ကျင်းစန်း ပြေးသွားပြီး ဖေးမပွေ့ထူလိုက်လေသည်။

လန်ထုံက...

"အစ်...ကိုကြီး...ကျင်းစန်း"

"ဟုတ်တယ်၊ ငါရောက်လာပြီ၊ မင်းတို့ကို ဘယ်သူက ရက်စက်စက် တိုက်ခိုက်သွားတာလဲ ပြောပါဦး"

လန်ထုံက...

"ခ...ခမောက်ဆောင်းထားတဲ့လူ"

ထို့နောက် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

"လန်ထုံ...လန်ထုံ"

ကျင်းစန်းက လန်ထုံအားလှုပ်ကာလှုပ်ကာ ခေါ်လိုက်သော်လည်း လန်ထုံ ထူးနိုင်တော့မည် မဟုတ်ပါချေ။

ကျင်းစန်းသည် လန်ထုံ၏အလောင်းကို ချထားလိုက်ပြီး ပတ်ဝန်းကျင်၌ လိုက်လံစစ်ဆေး ကြည့်လိုက်လေသည်။

သို့သော်...

လန်အင်း၏အလောင်းကို မတွေ့ရပါချေ။

"လန်အင်း...လန်အင်း"

ကျင်းစန်း ကျယ်လောင်စွာ အော်ခေါ်လိုက်လေသည်။

ဟိုဟိုသည်သည် ပြေးလွှားရှာဖွေလိုက်သည်။

အတန်ကြာ ရှာဖွေလိုက်သော်လည်းလန်အင်း၏အလောင်းကိုမတွေ့ရပါ။

ကျင်းစန်းကား အရူးကြီးတစ်ယောက်ပမာ ဆောက်တည်ရာမဲ့ ဖြစ်နေလေတော့သည်။

◆ ◆ ◆

မြေပေါ်မှ လူသေအလောင်းများ ပျောက်ကွယ်သွားပြီဖြစ်သည်။

အလောင်းအားလုံး မြေကြီးထဲ ရောက်သွားပြီဖြစ်သည်။

ကျင်းစန်းက ကောင်းမွန်စွာ မြှုပ်နှံသင်္ကြံလိပေးလိုက်ပြီဖြစ်လေသည်။

ကျင်းစန်းသည် မြေပုံများရှေ့တွင် ဒူးထောက်ချလိုက်သည်။

သူ၏မျက်နှာ ခက်ထန်တင်းမာနေသည်။

သူ၏မျက်လုံးများက မီးကျည်ခဲပမာ ရဲရဲနီနေသည်။

လက်သီးနှစ်လုံးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

"ရက်စက်လွန်းလှတဲ့ လူသတ်သမားကို ဖေဖေ လက်စားချေပါ့မယ်၊ မင်းတို့ အေးအေးချမ်းချမ်း အနားယူကြပါတော့"

ဟုကိုင်တည် ပြောဆိုလိုက်လေသည်။

သူ၏အသံသည် တိုက်ခတ်လာသည့် လေပြည်လေညင်းနှင့်အတူ အဝေးသို့တိုင် လွင့်မျောသွားသည် ထင်ရလေသည်။

ကျင်းစန်း အံတင်းတင်းကြိတ်လိုက်သည်။

"ကဲ ဖေဖေ သွားတော့မယ်"

ဟု နှုတ်ဆက်လိုက်သည်။

သူက ရန်သူကို လိုက်လံရှာဖွေချေမှုန်းရဦးမည် ဖဟုတ်ပါသား။ ထိုစဉ်...

◆ ◆ ◆

ကျင်းစန်းကား ခံပြင်းဒေါသထွက်၍ မဆုံးအောင် ဖြစ်နေပါသည်။

ဒူးထောက်ရာမှထကာ မြေပုံများရှေ့မှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

အေးစိမ့်သောအင်္ဂေ့အသက်ကို ခံစားလိုက်ရလေသည်။

လူသတ်လိုသော အင်္ဂေ့အသက်ဖြစ်လေသည်။

ကျင်းစန်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ခမောက်ဆောင်းထားတဲ့လူ မင်းကို မြေလှန်ရှာပြီး သတ်ပစ်မယ်၊ မှတ်ထားပါ"

ဟုအော်ပြောလိုက်လေသည်။

ရုတ်တရက်...

အေးစိမ့်သောစကားသံက သူ၏နောက်ကျောဘက်မှ ထွက်ပေါ်လာလေသည်။

"ကျုပ်ကို လိုက်ရှာစရာမလိုပါဘူး၊ ကျုပ် သည်မှာ ရှိနေတာပဲ"

ကျင်းစန်း ချာခနဲလှည့်ကြည့်လိုက်လေသည်။

ထိုအခါ...

ခမောက်ဆောင်းထားသူက မလှမ်းမကမ်း၌ ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်း ရွံ့မုန်းစွာ ကြည့်လိုက်သည်။

"မင်းလားကွ၊ ငါ့မိသားစုကို သတ်တဲ့လူ"

ခမောက်ဆောင်းထားသူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကျုပ်တို့ ဘာရန်ငြိုးရှိလို့လဲ၊ ပြောပါဦး"

"မင်းလက်ထဲမှာ အမိန့်တံဆိပ်ရှိနေသမျှ မင်းနဲ့ပတ်သက်သူအားလုံးကို သတ်ပစ်ရမှာပဲကွ"

"တောက်"

ကျင်းစန်း ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။

"မင်းကို သတ်ပစ်ရမှ ငါကျေနပ်မယ်"

ခမောက်ဆောင်းထားသူထံ ပြေးဝင်သွားပြီး ပြင်းပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ခမောက်ဆောင်းထားသူက...

"မင်း သေချင်ပြီထင်တယ်"

ဟုအော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်လိုက်သောအခါ ကျင်းစန်းမှာ ခမောက်ဆောင်းထားသူအား မယှဉ်နိုင်ဘဲ ဖြစ်သွားလေသည်။

ခမောက်ဆောင်းထားသူမှာ သိုင်းပညာမြင့်မားသည့်အဆင့်ရက်စက်ကြမ်းကြုတ်သူ ဖြစ်နေသည်။

ထို့ကြောင့် ကျင်းစန်း ရေရှည်မယှဉ်နိုင်တော့ဘဲ...

"အား"

စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

◆ ◆ ◆

သွေးသံရဲရဲမြင်ကွင်းကို ရုတ်တရက် မြင်တွေ့လိုက်ရသော ကြောင့် ဟုန်ချိုင်းက သတိမေ့သွားခြင်းဖြစ်သည်။

သူမ သတိရလာသောအခါတွင် နွေးထွေးသောနေရောင် ခြည်ကို စတင်တွေ့မြင်လိုက်ရလေသည်။

သူမသည် သတိမေ့သွား၍လည်း ခမောက်ဆောင်းထားသူ ၏ လက်ချက်မှ လွတ်မြောက်သွားခဲ့ရခြင်း ဖြစ်သည်။

သူမသည် လူးလိမ့်ပြီး ဝန်းကျင်သို့ကြည့်လိုက်သောအခါ တစ်စုံတစ်ယောက်သောသူကိုမျှ မတွေ့ရတော့ပါ။

"အစ်ကိုကြီး....အစ်ကိုကြီး"

သူမသည် ခင်ပွန်းဖြစ်သူ ဂူးယို့၏အမည် တကြော်ကြော် ခေါ်နေသော်လည်း ဝန်းကျင်တစ်ခုလုံး မည်သည့်တုန့်ပြန်သံမျှ မကြားရဘဲ ပကတိတိတ်တိတ်ငြိမ်သက်နေ၏။

သူမသည် ပုန်းကွယ်ရာမှ ထွက်လာ၏။

မြေဝါလမ်းအတိုင်း လျှောက်လာလေသည်။ ရုတ်တရက် သူမ၏ခြေလှမ်း တုန့်ခနဲ ရပ်တန့်သွားလေသည်။

သူမသည် သေချာစွာ ကြည့်လိုက်သောအခါ ကျင်းစန်းဖြစ် နေမှန်း မှတ်မိလိုက်လေသည်။

သူမ ရင်ထိတ်သွားမိ၏။

ဟုန်ချိုင်းက အရဲစွန့်ကာ အနီးသို့ချဉ်းကပ်ပြီး ကြည့်ရှုလိုက် သည်။

ထိုအခါ...

ကျင်းစန်းမှာ သတိမေ့နေသော်လည်း အသက်ရှူနေ

ခြောင်း တွေ့ရသည်။

ကျင်းစန်း ဒဏ်ရာပြင်းထန်စွာရနေသည်ကို ဟုန်ချိုင်း သိလည်းသိလိုက်သည်။

သို့သော် သူမသည် မည်သို့ပြုလုပ်ရမည်ကို မသိဘဲ အ ခက်ကြုံနေ၏။

သူမ ထိုသို့ အကျပ်အတည်းတွေ့နေစဉ်မှာပင် မြင်းလှည်း ဘစ်စီးမောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

♦ ♦ ♦

ဟုန်ချိုင်းသည် မြင်းလှည်းရှိရာသို့ ပြေးလွှားသွားသည်။

နှုတ်မှလည်း ဟစ်အော် ဟန့်တားလိုက်၏။

"နေပါဦး....အစ်ကိုကြီး"

သူမသည် မြင်းလှည်း၏သွားလမ်းကို ရပ်တန့်ပိတ်ထား လိုက်သည်။

မြင်းလှည်းမောင်းသူက မြင်းလှည်းကို ရပ်တန့်ပေးလိုက် လေသည်။

ဟုန်ချိုင်းက...

"ရှင် ဘယ်ကို သွားမလို့လဲ"

မြင်းလှည်းမောင်းသူက...

"လုယန်မြို့ကို သွားမလို့ပါ"

ဟုန်ချိုင်းက....

"ဒါဖြင့် ကျွန်မကို တစ်ခုကူညီပါလားရှင်"

"ပြောပါ မိန်းကလေး"

ဤတွင် ဟုန်ချိုင်းသည် သတိမေ့နေသော ကျင်းစန်းအား ညွှန်ပြလိုက်သည်။

"ဟိုမှာ ကျွန်မအစ်ကိုကြီးတစ်ယောက် ရောဂါအသည်းသန်ဖြစ်နေလို့ လှည်းကြိုလိုက်ပါရစေရှင်"

မြင်းလှည်းမောင်းသူက ဟုန်ချိုင်း၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

"မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲရှင်"

ဟုန်ချိုင်း၏မျက်နှာမှာ ညှိုးလျော့သွားသည်။

မြင်းလှည်းမောင်းသူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ် မတင်ချင်လို့ မဟုတ်ပါဘူး၊ ခေါ်လို့မဖြစ်လို့ပါ"

"ဘာဖြစ်လို့လဲရှင်"

မြင်းလှည်းမောင်းသူသည် သူ၏မြင်းလှည်းကို ညွှန်ပြလိုက်သည်။

"ကျုပ် မြင်းလှည်းက တခြားမြင်းလှည်းလို မဟုတ်ဘူး လူတိုင်းက သိထားတဲ့ မြင်းလှည်းပါ"

အရေးထဲ မြင်းလှည်းမောင်းသမားက စကားကို ပဟေဠိဝှက်သလို မပြည့်မစုံပြောနေသည်။

ဟုန်ချိုင်း မျက်မှောင်ကုပ်သွားမိသည်။

"အဲဒါ ဘာဖြစ်လို့လဲရှင်"

မြင်းလှည်းမောင်းသူက ခေါင်းခါယမ်းလိုက်သည်။

"ခပ်ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်မြင်းလှည်းဟာ ပိုးဖလံဂေဟာက မြင်းလှည်းဆိုတာ လူတိုင်းကသိပါတယ်"

ဟုန်ချိုင်း မျက်မှောင်ကုပ်သွားမိသည်။

"အဲဒါ ဘာဖြစ်လို့လဲရှင်"

"ပိုးဖလံဂေဟာဆိုတာ ကြေးတန်းစားမယ်များရဲ့ ဂေဟာဖြစ်ပါတယ်၊ မိန်းကလေးက မြင်းလှည်းနဲ့လိုက်လာရင် လူများက မိန်းကလေးကို ဘယ်လိုထင်သွားမလဲဗျာ"

မြင်းလှည်းမောင်းသမားက မပြောချင်ပြောချင် ပြောချလိုက်သည်။

ယခုမှ ဟုန်ချိုင်းက သဘောပေါက်နားလည်လိုက်လေ၏။

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မအစ်ကိုရဲ့ ဝေဒနာက အတော်ကို ခဲရိမ်ရလို့ပါ၊ ကျွန်မလည်း အဲဒီကိုသွားမလို့ပါပဲ"

ဟုန်ချိုင်းက မျက်စိမှိတ်ကာ ပြောလိုက်၏။

မြင်းလှည်းမောင်းသူက သူမအားခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"ခင်ဗျားက အဲဒီကိုသွားမလို့ ဟုတ်လား"

ဟုန်ချိုင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ရှင်ကိုယ်တိုင် ရောက်အောင် ပို့ပေးရင် ရှင့်ကို ကျွန်မ ငွေပေးဖို့မယ်"

မြင်းလှည်းမောင်းသူက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါဖြင့်လည်း လိုက်ခဲ့ပေါ့ဗျာ"

ပိုးဖလံဂေဟာ

မြင်းလှည်းသည် မြို့တံခါးပေါက်သို့ ရောက်ရှိလာသည်။

တံခါးမှူးတင်းလောက်သည် မြင်းလှည်းပေါ်၌ ပါလာသော ဘုန်ချိုင်းအား စိုက်ကြည့်လိုက်၏။

"အစ်ကိုကြီးကလည်း ကျွန်မကို မမှတ်မိတော့ဘူးလား"

တင်းလောက်က သူမအား သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

ယင်းကဲ့သို့ လှပသောမိန်းကလေးကို သူမမြင်ဖူးသည်မှာ အမှန်ပင်။

"ဟဲ့...ဟဲ့...မြင်တော့မြင်ဖူးပါတယ်၊ ဒါပေမယ့်"

တင်းလောက်က ချော်လဲရောထိုင် ပြောဆိုလိုက်သည်။

ဟုန်ချိုင်း ဝမ်းသာသွားလေသည်။

"ကျွန်မအစ်ကိုကို မြင်းလှည်းပေါ် တင်ပေးပါရင်"

မြင်းလှည်းသမားက အောက်သို့ဆင်းလာ၏။

"ခင်ဗျား မြင်းလှည်းပေါ်တက်ပါ၊ သူ့ကို ကျုပ် မြင်းလှည်းပေါ်တင်ပေးပါ့မယ်"

◆ ◆ ◆

ဟုန်ချိုင်းက ပြုံးလိုက်သည်။

"အစ်ကိုကြီးက အလုပ်များနေတာကိုး၊ ဘယ်မှတ်မိပါ့မလဲ ကျွန်မက ပိုးဖလံဂေဟာကလေ"

တင်းလောက် ရယ်မောလိုက်သည်။

"သြော်...မိန်းကလေးက ပိုးဖလံဂေဟာကိုး၊ အစ်ကိုကြီးက ရုတ်တရက် မမှတ်မိလို့ စိတ်မရှိနဲ့နော်"

"စိတ်မရှိပါဘူးရှင်၊ ပိုးဖလံဂေဟာမှာ မိန်းကလေးအများကြီး ရှိနေတာကိုး၊ ဘယ်မှတ်မိပါ့မလဲရှင်"

တံခါးမှူးတင်းလောက်က စစ်ဆေးမေးမြန်းနေပုံအား ယင်မိန်းကလေးက တစ်ချိန်လုံး အကဲခတ်စောင့်ကြည့်နေ၏။

ထိုစဉ် တံခါးမှူးတင်းလောက်က ရယ်မောရင်း လက်ဟန်ပြလိုက်၏။

"ကဲ...ဝင်နိုင်ပါပြီဗျာ"

သို့သော် ယင်းဖိန် ကြားဖြတ်ဟန့်တားလိုက်သည်။

"ခဏနေဦး"

တံခါးမှူးတင်းလောက်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီမြင်းလှည်းဟာ ပိုးဖလံဂေဟာက မြင်းလှည်းဆိုတာလူတိုင်းသိပါတယ်ဗျာ"

တံခါးမှူးတင်းလောက်က မကျေမနပ်ဖြင့် ပြောဆိုလိုက်သည်။

ယင်းဖိန်က သူ့အား မျက်လုံးပြူးကြည့်လိုက်သည်။

"မင်းပါးစပ် ပိတ်ထားစမ်း"

တင်းလောက် ရေငုံနှုတ်ပိတ် တိတ်ဆိတ်စွာနေလိုက်ရလေတော့သည်။

ယင်းဖိန်က ဟုန်ချိုင်းအား အကဲခတ်သည့်အကြည့်ဖြင့် တစ်ချက်စိုက်ကြည့်လိုက်သည်။

"မိန်းကလေးက ပိုးဖလံဂေဟာက ဟုတ်လား"

"ဟုတ်တယ်ရှင့်"

"အခု ဘယ်ကပြန်လာတာလဲ"

"သူငွေးသားတစ်ယောက်ကခေါ်လို့ လိုက်သွားတာပါ။ ဒီမနက်ပဲ ပြန်လာတာ၊ အဲဒါဘာဖြစ်သလဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ ခင်ဗျားကြည့်ရတာ ကြေးတန်းစားမယ်တစ်ယောက်နဲ့ မတူပါဘူး"

ယင်းဖိန်က ဟုန်ချိုင်းအား စိုက်ကြည့်ရင်း ပြောလိုက်၏။

ဟုန်ချိုင်းက ရယ်မောလိုက်သည်။

"ဘာလဲ ကျွန်မက လည်ပင်းမှာဆိုင်းဘုတ်ဆွဲထားရဦးမှာလား"

ယင်းဖိန် ခေါင်းခါယမ်းလိုက်သည်။

"ငါက ပိုးဖလံဂေဟာကို ရောက်ဖူးတယ်၊ မင်းကို မတွေ့ဖူးပါလား"

ဟုန်ချိုင်း ရင်ထိတ်သွားသော်လည်း အပြုံးမပျက်ပါ။

"ဒါကတော့ရှင် ဂေဟာထဲမှာ မိန်းကလေး အများသားပဲ၊ ရှင်က တစ်ယောက်ချင်း မှတ်မိနိုင်ပါ့မလား"

ဟုန်ချိုင်းကတော့ ခပ်ပိုင်ပိုင်ပင် ပြောဆိုနေချေပြီ။

ယင်းဖိန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်က ခင်ဗျားတို့သခင်မကြီးဆီ လိုက်ဦးမှာပဲ၊ သူက ဟုတ်တယ်လို့ ဝန်ခံရင်တော့ ငါယုံမှာပေါ့"

ဟုန်ချိုင်း ရင်ထဲ တထိတ်ထိတ်ခုန်လာလေသည်။

သူမသည် ရင်ခုန်နေသောစိတ်များကို ထိန်းချုပ်ထားလိုက်လေသည်။

"နေပါဦး ရှင်က ဘယ်သူလဲ"

ယင်းဖိန်က ရယ်မောလိုက်သည်။

"မင်းက ပိုးဖလံဂေဟာကဆိုရင် ကျုပ်ကို မသိဘဲနေပဲ့ခလား"

ဟုန်ချိုင်းက မဲ့ပြုံးပြုံးလိုက်သည်။

သူမသည် မဲ့ကာရဲ့ကာဖြင့်ပင် ယင်းဖိန်အား ပြန်လည်ခေမပြောဆိုနေ၏။

"ရှင့်ကိုယ်ရှင် ဘာမှတ်နေသလဲ၊ တခြားမိန်းကလေးက ရှင့်ကိုအထင်ကြီးချင်ကြီးနေမှာပေါ့၊ ကျွန်မက ရှင့်ကိုမသိဘူးဆိုတာ ရှင့်ကိုကျွန်မ စိတ်မဝင်စားလို့ဖြစ်မှာပေါ့"

ယင်းဖိန်၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"စကားမများနဲ့ မင်းသွားနိုင်ပြီ၊ ကျုပ် တော်ကြာလာမေးလို့ ပိုးဖလံဂေဟာက မဟုတ်ဘူးဆိုရင်တော့ မင်းမလွယ်ဘူးသာမှတ်"

ဟုန်ချိုင်း ပြုံးလိုက်သည်။

"ကောင်းပါပြီရှင်၊ အချိန်မရွေး လာနိုင်ပါတယ်"

ယင်းဖိန်က...

"ကျုပ်ကိစ္စပြီးတာနဲ့ ချက်ချင်းလာခဲ့မယ်"

ဟုန်ချိုင်းသည် မြင်းလှည်းသမားဘက်သို့ လှည့်လိုက်၏။

"ကဲ မောင်းပါတော့ရှင်"

မြင်းလှည်းမောင်းသူသည် မြင်းလှည်းကို မောင်းထွက်သွားရင်း နှဖူးပေါ်မှချွေးများကို သုတ်လိုက်လေသည်။

♦ ♦ ♦

မြင်းလှည်းမောင်းသူသည် မြင်းလှည်းပေါ်တွင် ဝှက်လာ
သော ကျင်းစနှိုးအား ပွေ့ချီ၍နောက်ဘက်ပေါက်မှ ဝင်သွားလေ
သည်။

ထို့နောက် ဟုန်ချိုင်းအားခေါ်ဆောင်၍ ပိုးဖလံဂေဟာ
ပိုင်ရှင် မာဝမ်းနှင့် မိတ်ဆက်ပေးလိုက်လေသည်။

မာဝမ်းသည် ဟုန်ချိုင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်
ကြည့်လိုက်သည်။

ဟုန်ချိုင်းမှာ အလွန်ချောမောသော မိန်းကလေးတစ်
ယောက်ဖြစ်သည်ကို တွေ့ရလေသည်။

ထို့ပြင်....

ဟုန်ချိုင်းမှာ အလွန်အထက်တန်းကျသော ရုပ်ရည်နှင့် အ
ရည်အချင်းရှိသည်ကိုလည်း အကဲခတ်မိသည်။

အကယ်၍သာ ဟုန်ချိုင်းအား သိမ်းသွင်းစည်းရုံးနိုင်မည်
ဆိုလျှင် ငွေတုံးငွေခဲပုံကြီးကို ရလိုက်သည်နှင့်မခြား ဖြစ်မည်ဟု
တထစ်ချမှတ်ချက်ချလိုက်မိသည်။

ထို့ကြောင့် သူမသည် ဟုန်ချိုင်းအား စည်းရုံးသိမ်းသွင်းရန်
ဆုံးဖြတ်လိုက်လေသည်။

"ကဲ ပြောစမ်း မိန်းကလေး၊ ကြီးကြီးက ဘယ်လိုကူညီ
မလဲ"

မာဝမ်းက ဟုန်ချိုင်းအားကြည့်ရင်း မေးမြန်းလိုက်သည်၊
ဟုန်ချိုင်းက အရိုအသေပြုလိုက်၏။

"ဒီလိုပါ ကြီးကြီး၊ ကျွန်မတို့ မောင်နှစ်မ ဒီကိုလာရင်း မာ

ကြုံကိုက်ခံရပါတယ်၊ လူဆိုးရဲ့လက်ချက်ကြောင့် ကျွန်မအစ်ကို အခုထိ
သတိမရသေးပါဘူး၊ ဒါကြောင့် ဒီမှာ ခဏနေထိုင်ခွင့်ပေးပါလို့
အောင်းခံတာပါ"

မာဝမ်းက ပြုံးပြလိုက်လေသည်။

"သြော်...သမီးလေးရယ်၊ ကြီးကြီးမှာလည်း သနားကြင်နာ
တတ်တဲ့စိတ်ရှိပါတယ်၊ ကူညီရမှာပေါ့"

ဟုန်ချိုင်းက ဝမ်းသာသွားကာ...

"ကျေးဇူးတင်ပါတယ် ကြီးကြီး၊ နောက်ထပ် အကူအညီတစ်
ခုတောင်းချင်ပါသေးတယ်"

"ဘာများလဲ သမီးလေး"

ထိုစဉ်....

မြင်းလှည်းသမားက ကြားဖြတ်ပြောလိုက်သည်။

"ဒီမိန်းကလေး မြို့ထဲဝင်လာတုန်းက ပိုးဖလံဂေဟာကလို့
ပြောလိုက်ပါတယ်"

"သြော်...ပြောပါစေ၊ ကိစ္စမရှိပါဘူး"

ဟန်ချိုင်းက...

"ဒါပေမယ့် မန်ချူးအရာရှိတစ်ယောက်က ကျွန်အဖေ
သံသယဖြစ်လို့ ကြီးကြီးကို လာမေးမယ်လို့ပြောပါတယ်"

မာဝမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူများပါလိမ့်"

မြင်းလှည်းမောင်းသူက...

"မြို့စားကြီးရဲ့ကိုယ်ရံတော် ယင်းဖိန်ပါ"

မာဇမ်းက ခေါင်းညိတ်လိုက်သည်။

"အင်း...ဒီလူက မလွယ်ဘူး"

ဟုန်ချိုင်းမှာ မာဝမ်း၏စကားကြောင့် ထိတ်လန့်တကြား ဖြစ်သွားမိ၏။

သူမသည် ဟုန်ချိုင်းအား လှည့်ကြည့်လိုက်ရင်း...

"ကြီးကြီးက ဘာလုပ်ပေးရမလဲ"

ဟုန်ချိုင်းက...

"သူလာမေးရင် ကျွန်မကို ဝိုးဖလံဂေဟာကလူလို့ပြောပေးပါရှင်"

ဟုန်ချိုင်းက သူမအတွက် အသင့်တော်ဆုံး အကူအညီကို သာ တောင်းခံသည်။

မာဝမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဒါနဲ့ သမီးကလေးရဲ့အစ်ကို အခြေအနေ ဘယ်လိုရှိတယ် ဆိုတာ သွားကြည့်ကြရအောင်"

မြင်းလှည်းမောင်းသူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သူ့ကို ကျွန်တော့်အခန်းမှာထားပါတယ်၊ လိုက် ကြည့်ပါဗျာ"

◆ ◆ ◆

မာဝမ်းသည် သတိလုံးဝမရသော ကျင်းစန်းအား အတန် ကြာကြည့်ရှုပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း...သမီးလေးကို မေးရဦးမယ်"

ဟုန်ချိုင်းက ခေါင်းညိတ်ပြလိုက်သည်။

"မေးပါကြီးကြီး"

"သမီးလေးမှာ ဂွေဘယ်လောက်ပါလာသလဲ"

မာဝမ်းကတော့ သူ့လုပ်ငန်းကို ပြတ်သားစွာပင် စတင်အ ကောင်အထည်ဖော်ချေပြီ။

ဟုန်ချိုင်းက တွေဝေသွားလေသည်။

"ကျွန်မ...ကျွန်မမှာ ဂွေ လုံးဝမပါပါဘူးရှင်"

မာဝမ်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"သမီးလေးရဲ့အစ်ကိုဟာ ဒဏ်ရာပြင်းပြင်းထန်ထန်ရထား တယ်၊ သူ့ကို အချိန်မီမကုနိုင်ရင် အချိန်မရွေး သေဆုံးသွားနိုင်တယ်"

ဟုန်ချိုင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားရင်း...

"ဟင်...ဟုတ်လား"

မာဝမ်းက ကျင်းစန်းအား မေးငေါ့ပြရင်း...

"သမီးတွေ့တယ် မဟုတ်လား၊ အခုထိ သူက သတိလုံးဝ မရဘဲ"

"ဒါဖြင့် သူ့ကိုကုဖို့ ဂွေဘယ်လောက်များလိုမလဲဟင်"

"အနည်းဆုံး တစ်ထောင်လောက်မှ မရှိရင်ဖရွယ်ဘူး"

မာဝမ်းက တည်ကြည်လေးနက်စွာ ပြောဆိုလိုက်သည်။

ဟုန်ချိုင်းက အခက်ကြုံသွားလေသည်။

"ဒုက္ခပါပဲ ကျွန်မမှာ ငွေတစ်ထောင်မရှိဘူး"

"ငွေမရှိရင် သူက သေမှာသေချာတယ်"

မာဝမ်းကတော့ ရေနစ်သူ ငါးကူကိုးနှစ်သလို ပြောဆိုနေချေပြီ။

ဟုန်ချိုင်း၏မျက်ဝန်းအစုံတွင် မျက်ရည်များဝဲလာလေ၏။

"ကြီးကြီးက မကူညီနိုင်တော့ဘူးလားရှင်"

မာဝမ်းက သူ့အား စိုက်ကြည့်လိုက်သည်။

"သမီးက ခေါင်းညိတ်လိုက်မယ်ဆိုရင် ငွေတစ်ထောင်မပြောနဲ့ နှစ်ထောင်လည်းရနိုင်ပါတယ်"

မာဝမ်း ဘာဆိုလိုပါသလဲ၊ ဟုန်ချိုင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘယ်လို...ကျွန်မ ဘယ်လိုခေါင်းညိတ်ရမှာလဲ"

မာဝမ်းသည် အနီးနားရပ်နေသော မိန်းကလေးကစ်ယောက်အား ခေါင်းညိတ်ပြလိုက်သည်။

မိန်းကလေးက အသင့်ရေးထားသော စာချုပ်တစ်ခုနှင့် စုတ်တံကိုယူ၍ စားပွဲပေါ်သို့ ချထားလိုက်လေသည်။

မာဝမ်းက ပြုံးပြလိုက်သည်။

"ဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးလိုက်ရင် သမီးလေးအစ်ကိုကို ကူညီဖို့နဲ့ သမီးလေး အဝတ်အစားဝယ်ဖို့ ကြီး ကြီးကငွေ ၁၅၀၀ ထုတ်ပေးလိုက်မယ်"

မာဝမ်းက ခပ်ပြုံးပြုံး မျက်နှာလေးဖြင့်ပြောရင်း စာချုပ်ကမ်းပေးလိုက်၏။

ဟုန်ချိုင်းသည် ထိုစာချုပ်အားယူ၍ ဖတ်ကြည့်လိုက်ရာ သူမ၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

"ကျွန်မ...ကျွန်မ လက်မခံနိုင်ဘူး"

ခေါင်းကို တွင်တွင်ရမ်းခါကာ အကြောက်အကန်ငြင်းဆိုလိုက်၏။

မာဝမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းသေချာစဉ်းစားပါအေ၊ လက်မှတ်မထိုးရင် ညည်းကို ကျွေးပဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ နောက်ပြီး ကိုယ်ခံတော်လာမေးရင်လည်း ကျုပ်က ငြင်းလွှတ်လိုက်မှာပဲ"

မာဝမ်းက အပိုင်ကိုင်ကာ ချည်ပြီးတုပ်ပြီးပြောဆိုနေပြီ။

ထိုစကားကြားလိုက်ရသောအခါ ဟုန်ချိုင်း၏တစ်ကိုယ်လုံး ဒုန်ခါသွားလေသည်။

သူမသည် တွေဝေသွားလေသည်။

အကယ်၍ မန်ခူးအရာရှိက လာရောက်မေးမြန်းသောအခါသူတို့က ငြင်းလိုက်လျှင်...

မိမိအဖမ်းခံရမည့်အပြင် ကျင်းစန်းလည်း အသက်သေဆုံးသွားမည်ဖြစ်သည်။

တစ်ဘက်တွင်မူ သူမအနေဖြင့် အခြားနေရာသို့ ရောက်ပြီးသွားလိုသော်လည်း ကျင်းစန်း၏အခြေအနေမှာ အလွန်ဆိုးဝါးနေသဖြင့် ဤအတိုင်း မထားရစ်နိုင်ပါ။

မည်သို့ပြုလုပ်ရမည်နည်း။

ဟုန်ချိုင်း အတွေးရခက်သွားမိလေသည်။

မာဝမ်းက ပြီးခဲ့ပြောပြောင်းသောအသံဖြင့်...

"သမီးလေးရယ်...ညည်း စိတ်ကူးမလွဲနဲ့၊ ညည်းလက်မှတ် ထိုးလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ"

ဟုန်ချိုင်းသည် ပိုးဖလံဂေဟာမှ ထွက်သွားလိုပေသည်။

မာဝမ်းကတော့ အကုသိုလ် လမ်းကြောင်းအပေါ် ဇွတ်အတင်းတွန်းပို့နေချေပြီ။

ဟုန်ချိုင်း ပါးစပ်ပိတ်ထားလိုက်သည်။

မာဝမ်းက စကားဆက်လိုက်ပြန်သည်။

"ညည်းအစ်ကိုရဲ့ အသက်ကို ရှင်စေချင်ရင်တော့ အမြန်ဆုံး လက်မှတ်ထိုးလိုက်ပါ"

ထိုစဉ် အိမ်ဖော်တစ်ယောက်က ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်လာလေသည်။

"ကြီးကြီး...ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

မာဝမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

"မြို့စားကိုယ်ရံတော်ယင်းဖိန်လို့ ပြောပါတယ်"

ယင်းစကားကြားလိုက်သည်နှင့် ဟုန်ချိုင်း၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။

မာဝမ်းကမူ သူမအား ပြီးခဲ့ကြည့်လိုက်သည်။

"ကဲ...သမီးလေး ညည်းဘယ်လိုဆုံးဖြတ်မလဲ"

ဟုန်ချိုင်းက အံကိုတင်းနေအောင်ကြိတ်လိုက်၏။

ထို့နောက် လေသံပြတ်ဖြင့်...

"ကျွန်မ လက်မှတ်ထိုးမယ်"

မာဝမ်း၏မျက်နှာ ပြီးခဲ့ရွင်သွားလေသည်။

"ဒီလိုမှပေါ့ သမီးလေးရယ်"

အိမ်ဖော်မိန်းကလေးက စာချုပ်နှင့်စုတ်တံကို လှမ်းပေးသိုက်လေသည်။

ဟုန်ချိုင်းက လက်မခံသေးပါ။

"ဒါပေမယ့် ကျွန်မ ကတိတစ်ခုတောင်းချင်တယ်"

"ပြောပါ သမီးလေး"

"ကျွန်မ အဆိုအတိုးပညာကိုပဲ ရောင်းစားမယ်၊ ခန္ဓာကိုယ် ဘော့မရောင်းစားနိုင်ဘူး၊ ဒါကို သဘောတူရင် ကျွန်မ လက်မှတ်ထိုးမယ်၊ သဘောမတူရင်တော့ ကျွန်မ အဖမ်းခံပါ့မယ်"

မာဝမ်းက ရယ်မောလိုက်သည်။

သူ့နှုတ်မှလည်း လိုက်လိုက်လျောလျောမင်...

"ရပါတယ် သမီးလေးရယ်၊ လက်မှတ်သာထိုးလိုက်ပါ"

ဟုန်ချိုင်းသည် စာချုပ်ပေါ်၌ လက်မှတ်ထိုးလိုက်လေတော့သည်။

♦ ♦ ♦

ယင်းဖိန်က ဧည့်ခန်းထဲ ရောက်နေ၏။

မာဝမ်းက ပြုံးပြုံးရွှင်ရွှင်မျက်နှာဖြင့် ထွက်လာလေသည်။

"ကိုယ်ရံတော်မှူးကြီးပါလား"

ယင်းဖိန်က သူမအား စိုက်ကြည့်လိုက်၏။

"ကျုပ်က စကားတစ်ခွန်းမေးချင်လို့ လာခဲ့တာ"

"မေးပါရှင်၊ ဘာများပါလိမ့်"

"ခုနတုန်းက ခင်ဗျားတို့မြင်းလှည်းနဲ့ မိန်းကလေးတစ်ယောက်ပါလာတယ်၊ သူက ခင်ဗျားတို့လူ ဟုတ်လား"

မာဝမ်းက အနည်းငယ်စဉ်းစားလိုက်ဟန်ဖြင့်...

"သြော်...ဟုန်ချိုင်းကိုမေးတာ ထင်တယ်"

ယင်းဖိန်က မာဝမ်းအား အကဲခတ်သလိုကြည့်ရင်းမှ...

"အဲဒီမိန်းကလေးရဲ့နာမည်က ဟုန်ချိုင်းတဲ့လား"

"ဟုတ်ပါတယ်ရှင့်"

ယင်းဖိန်က ပြုံးလိုက်လေသည်။

"ခင်ဗျားဆီမှာ ဒီလောက်လှတဲ့ မိန်းကလေး ကျုပ်တစ်ခါမှမမြင်ဖူးပါဘူး"

သူ့စကားသံတွင် သံသယအရိပ်အငွေ့များ စွန်းနေဆဲပင်ဖြစ်၏။

မာဝမ်းက ပြုံးလိုက်သည်။

စကားလမ်းကြောင်းကိုလည်း လိမ္မာပါးနပ်စွာ လွှဲလိုက်၏။

"လူကြီးမင်းက မျက်စေ့ကျနေပြီနဲ့တူတယ်"

"ဟဲ...ဟဲ...သူက တခြားမိန်းကလေးနဲ့ မတူဘဲကိုး"

"ဟုတ်ပါတယ် သူက တခြားမိန်းကလေးလို ဆက်ဆံလို့ရတဲ့သူးရှင့်"

"ဘာဖြစ်လို့လဲ"

"သူက ဧည့်သည်ကိုဆိုပြမယ်၊ တီးပြမယ်၊ ဒီလောက်ပါပဲ"

ယင်းဖိန်က ပို၍သဘောကျသွားလေသည်။

"ဒါဖြင့် ကျုပ်အားတဲ့အချိန် လာခဲ့မယ်၊ ကျုပ်ကိုမိတ်ဆက်ပေးရမယ်နော်"

မာဝမ်းက ပြုံးလိုက်သည်။

"ကောင်းပါပြီရှင်၊ လူကြီးမင်း အချိန်မရွေးလာနိုင်ပါတယ် ဘွဲ့နှန်မတို့က ကြိုဆိုလျက်ပါ"

ယင်းဖိန်က ထိုင်ရာမှထလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျုပ်သွားလိုက်ဦးမယ်"

♦ ♦ ♦

သူရဲဘောကြောင်သူ

လန်အင်းသည် ကလေးငယ်ကိုပိုက်၍ လုယန်မြို့သို့ ရောက်ရှိလာလေသည်။

သူမသည် မြို့ထဲသို့ ဝင်ရောက်လာသည်နှင့် ပြည်သူပြည်သားများ ဖရိဖရဲပြေးလွှားနေသည်ကို တွေ့မြင်လိုက်ရသည်။

သူမသည် အနီးရှိ တစ်နေရာတွင် ဝင်ရောက်ပုန်းအောင်လိုက်လေသည်။

သူမသည် ပုန်းလျှိုးကွယ်လျှိုးဖြင့်ပင် အိမ်တစ်အိမ်ထဲသို့ ဝင်ရောက်သွားလေသည်။

အဆိုပါအိမ်ကြီးမှာ လူသူတစ်စုံတစ်ယောက်မျှ မနေသော အိမ်ပျက်ကြီးဖြစ်နေ၏။

သူမသည် ကလေးငယ်အားပိုက်၍ အိမ်ခန်း၏ထောင့်တစ်နေရာတွင် ဝင်ရောက်ပုန်းအောင်းနေလေသည်။

အပြင်ဘက်၌ ပြေးလွှားနေသောခြေသံများ အော်ဟစ်နေသောအသံများသည် ဆူညံစွာ ထွက်ပေါ်နေ၏။

ရုတ်တရက် လူတစ်ယောက်သည် ကသောကမျောဖြင့် အိမ်ထဲပြေးဝင်လာလေသည်။

လန်အင်းသည် ထိတ်လန့်တုန်လှုပ်သွားရာ ခေါင်းတွင်တွင်းယမ်းလိုက်လေသည်။

သူမသည် လှည့်မကြည့်ဝံ့ဘဲ ခေါင်းငုံ့ထားနေစဉ် အသံတစ်ခွန်းကြားလိုက်ရလေသည်။

"ဟင်...ညီမလေးပါလား"

ထိုအသံကိုကြားဖူးသည်ဟု လန်အင်းစိတ်ထဲမှ ထင်လိုက်မိသည်။

သူမသည် ခေါင်းမော့ကြည့်လိုက်၏။

သူမ၏မျက်လုံးအစုံသည် ထိုလူ၏မျက်နှာကို ခြင်တွေ့သွေ့က်သည်နှင့် တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

အမှန်စင်စစ်မူ...

ထိုလူမှာ သူတို့အား စွန့်ပစ်၍ တစ်ကိုယ်ကောင်းဆန်စွာ ထွက်ပြေးသွားသော ဝူးယို့ပင်ဖြစ်လေသည်။

ဝူးယို့က ဝမ်းသာစွာဖြင့်...

"ညီမလေး ဘာမှမဖြစ်ဘူးနော်၊ ဟုန်ချိုင်းကော ဘယ်မှာလဲ"

လန်အင်း မျက်နှာ ခက်ထန်တင်းမာလာသည်။

"ရှင် ဘယ်သူလဲ၊ ကျွန်မ ရှင့်ကို မသိဘူး"

ဝူးယို့က အံ့အားသင့်သွားသည်။

"ကျုပ် ဝူးယို့လေ၊ မမှတ်မိတော့ဘူးလား"

လန်အင်းက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ကျုပ် ဝူးယို့ပါ၊ ခင်ဗျားယောကျ်ား ကျင်းစန်းရဲ့မိတ်ဆေ
ရင်းချာလေ"

ဝူးယို့က လန်အင်းမမှတ်မိတော့ဘူးအထင်ဖြင့် သေချာ
ရှင်းပြနေ၏။

လန်အင်းက ရွံ့မုန်းစွာဖြင့် ကြည့်လိုက်သည်။

"ကျွန်မယောကျ်ားမှာ ရှင့်လို မိန်းမတွေ၊ ကလေးတွေ
ထားပစ်ခဲ့ပြီး ထွက်ပြေးတဲ့ မိတ်ဆွေမရှိဘူး"

လန်အင်း၏စကားကြောင့် ဝူးယို့ စိတ်ထိခိုက်သွား၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် သူရဲဘောကြောင်သွားပါတယ်"

လန်အင်းက မျက်နှာကို တစ်ဘက်သို့လွှဲထားလိုက်သည်။

ဝူးယို့က လက်သီးနှစ်ဘက် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်
သည်။

"ကျုပ်ထွက်ပြေးတာ ကျုပ်ရဲ့အပြစ်ပါ၊ ကျုပ်မိန်းမက်
မတွေ့တော့မှ ကျုပ် အကြီးအကျယ် နောင်တရသွားပါတယ်"

သူသည် ပြောပြီး ဒူးထောက်လိုက်လေသည်။

"ကျုပ် သူရဲဘောကြောင်လို့သာ ကျုပ်မိန်းမနဲ့ကွဲခဲ့ရတယ်

ဗဟုတ်လား၊ ကျုပ် မှားပါတယ်ဗျာ"

နှုတ်မှလည်း ပင်ပန်းတကြီး ပြောဆိုတောင်းပန်လိုက်၏။

လန်အင်းက သူ့အား အထင်သေးစွာဖြင့် ကြည့်လိုက်သည်။

"ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ အခုပဲ ထွက်သွားပါ"

ဝူးယို့က...

"ကျုပ်ကို ခွင့်မလွှတ်နိုင်တော့ဘူးလား...ဗျာ"

လန်အင်းသည် တံခါးဝသို့ ညွှန်ပြလိုက်သည်။

"ကျေးဇူးပြုပြီး အခုချက်ချင်း ထွက်သွားပါ"

ဝူးယို့သည် တစ်စုံတစ်ခုပြောရန် သတိရပြီးမှ ဘာတစ်ခုမှ
မပြောတော့ဘဲ လေးလံသောခြေလှမ်းဖြင့် ထွက်ခွာသွားလေသည်။

♦ ♦ ♦

သူမသည် ကျင်းစန်း၏ဒဏ်ရာအတွက် ဆေးဝါးဝယ်ယူရန်
ထွက်လာခြင်းဖြစ်သည်။

သူမသည် ပိုးဖလံဂေဟာမှ ထွက်လာသောအခါ ယင်းမိန်
နှင့် မျက်နှာချင်းဆိုင် တွေ့ရလေသည်။

ယင်းဖိန်က သူမအား တောင်းပန်စကားပြောဆို၏။

"တစ်နေ့က ကျုပ်ပြောမှားဆိုမှားမိတာကို တောင်းပန်ပါ
ဘယ်ဗျာ"

ဟုန်ချိုင်းက ပြုံးပြလိုက်သည်။

"ဘာလဲ ကျွန်မကို စစ်ဆေးဦးမလို့လား"

"မဟုတ်ပါဘူးဗျာ၊ ကျုပ်က တောင်းပန်ဖို့လာတာပါ"

"မလိုတော့ပါဘူးရှင်"

ဟုန်ချိုင်းက ခပ်အေးအေးပင် ခေါင်းခါယမ်းပြောဆိုလိုက်၏။ သူမသည် ပြောရင်း ခြေလှမ်းလှမ်းလိုက်သည်။

ယင်းဖိန်က...

"ခင်ဗျား ဘယ်သွားမလို့လဲ"

"ဝယ်စရာနည်းနည်းရှိလို့"

"ကျုပ် လိုက်ပို့ပေးမယ်လေ"

"မလိုပါဘူးရှင်"

သူမသည် ယင်းသို့ပြောပြီး ခြေလှမ်းခပ်သုတ်သုတ်ဖြင့် လျှောက်သွားလေသည်။

ယင်းဖိန်သည် နောက်မှ မယောင်မလည်လိုက်ပါသွားလေသည်။

♦ ♦ ♦

ဟုန်ချိုင်းသည် ပရဆေးဆိုင်ဘက်သို့ လှမ်းဝင်သွားသည်။

ယင်းဖိန်က ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေ၏။

ဟုန်ချိုင်းသည် အသင့်ပါလာသော ဆေးစာရွက်ကို လှမ်းပေးလိုက်သည်။

"ကျေးဇူးပြုပြီး ဒီဆေးတစ်ဖုံဖော်ပေးပါရှင်"

ဆိုင်ထိုင်က ဆေးစာရွက်ကို လှမ်းယူလိုက်သည်။

"ခဏထိုင်ပါဗျာ"

သူသည် နေရာထိုင်ခင်းပေးပြီး ဆေးစာရွက်ကို ဖတ်ကြည့်လိုက်သည်။

ဆေးစာရွက်ကို ဖတ်ရင်းမှပင်...

သူ၏ထူထဲသော မျက်ခုံးမွေးအစုံသည် အလယ်သို့စုသွားလေသည်။

ထို့နောက်...

ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ဒီဆေးတွေ မရနိုင်ပါဘူးဗျာ"

ဟုန်ချိုင်းက လွန်စွာစိုးရိမ်ပူပန်သော မျက်နှာဖြင့်...

"ဘာဖြစ်လို့လဲ၊ ဆိုင်မှာ ဒီဆေးတွေမရှိလို့လား"

"ဆေးတွေရှိပါတယ်၊ ရောင်းလို့မဖြစ်လို့ပါ"

"ဘာဖြစ်လို့လဲရှင့်"

"ခင်ဗျားဖော်မယ့်ဆေးတွေဟာ ဒဏ်ကြေဆေးတွေပါ၊ အခု မြို့စားကြီးက ပရဆေးဆိုင်အားလုံးကို အမိန့်ထုတ်ထားတယ်၊ ဘယ်သူ့ကိုမှ ဒဏ်ကြေဆေးမရောင်းရဘူးတဲ့"

ဆိုင်ထိုင်က ယတိပြတ်ပင် ပြောဆိုလိုက်၏။

ဟုန်ချိုင်းမှာ အခက်ကြုံသွားရလေသည်။

"ကျွန်မ ဒီဆေးကို အရေးတကြီးလိုအပ်နေပါတယ်၊ ဝယ်နိုင်မယ့်နည်းလမ်းကို ညွှန်ပြပါလားရှင်"

ဆိုင်ထိုင်က အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက် ဟုန်ချိုင်းအား တစ်ချက်ကြည့်၍...

"နည်းလမ်းတစ်ခုတော့ ရှိတယ်"

ဟုန်ချိုင်းက ဝမ်းသာသွားသည်။

"ပြောပါရှင်"

"ခင်ဗျားက မြို့စားကြီးဆီက စာတစ်စောင်ယူခဲ့ရင်တော့ ကျုပ်ရောင်းပေးပါ့မယ်"

ဟုန်ချိုင်း. မျက်မှောင်ကုပ်သွားသည်။

"တခြားနည်းလမ်း မရှိတော့ဘူးလား"

ဆိုင်ထိုင်က ခေါင်းခါယမ်းလိုက်သည်။

"တခြားနည်းလမ်း မရှိတော့ပါဘူး"

ဟုန်ချိုင်းသည် မတတ်နိုင်သည့်အဆုံး စိတ်ပျက်စွာဖြင့် ပရဆေးဆိုင်မှ ထွက်လာလေသည်။

◆ ◆ ◆

ဟုန်ချိုင်းသည် စိတ်ပျက်စွာဖြင့် ပရဆေးဆိုင်မှ ထွက်လာသောအခါ ယင်းဖိန်အား တွေ့မြင်လိုက်သည်နှင့် အကြံရလာလေသည်။

"ရှင် ဘာရပ်လုပ်နေတာလဲ"

သူမသည် ယင်းဖိန်အား ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် စိုက်ကြည့်ကာ မေးလိုက်၏။

ယင်းဖိန်သည် ဟုန်ချိုင်းက မျက်နှာထားချိုစွာ နူတ်ဆက်သည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

"ခင်ဗျားကို စောင့်နေတာပါ"

"ကျွန်မကို စောင့်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"အခုလို ကျွန်မအပေါ် ဂရုစိုက်တာကို ကျေးဇူးတင်ပါတယ်ရှင့်"

ဟုန်ချိုင်းက ခေါင်းကလေးအသာငုံ့ကာ မျက်လွှာလေးအောက်ချ ပြောဆိုလိုက်လေသည်။

ယင်းဖိန်က ဦးညွှတ်လိုက်သည်။

"ဟုန်ချိုင်းအတွက်ဆိုရင် ကျုပ် ဘာပဲလုပ်ရလုပ်ရ လုပ်ပေးပါ့မယ်"

ဟုန်ချိုင်းက ရယ်မောလိုက်လေသည်။

"ရှင် တကယ်ပြောတာလား"

ယင်းဖိန်က ရင်ကော့လိုက်၏။

"တကယ်ပြောတာပါဗျာ"

"ဒါဖြင့် ရှင်က ကျွန်မကို တကယ်ကူညီမှာလား"

"တကယ်ကူညီမှာပါ"

"သူများက ကျွန်မကို စော်ကားရင် ရှင်က ကူညီမှာလား"

"ပြောစမ်း လုယန်မြို့မှာ ဘယ်သူကမှ မင်းကို မစော်ကားစေရဘူး"

ယင်းဖိန်က ဒေါမာန်ပါစွာဖြင့် ပြောဆိုလိုက်၏။

ဟုန်ချိုင်းက ပရဆေးဆိုင်အား ညွှန်ပြလိုက်သည်။

"အခုပဲ ပရဆေးဆိုင်က ကျွန်မကို ပိုးဖလံဂေဟာကဆိုပြီး ဆေးမရောင်းဘူးလို့ ငြင်းလွှတ်လိုက်တယ်"

"ဒါဖြင့် သူမရောင်းဘဲ ငြင်းရင် ကျုပ်သူ့ကို ကောင်းကောင်း ဆုံးမလိုက်မယ်"

ဟုန်ချိုင်းသည် ယင်းဖိန်နှင့် ပခုံးချင်းယှဉ်၍ ပြန်လည် လျှောက်သွားလေသည်။

◆ ◆ ◆

ပရိယာယ်

ဟုန်ချိုင်းနှင့်ယင်းဖိန်တို့သည် ပရဆေးဆိုင်ထဲသို့ လှမ်းဝင်ကြလေသည်။

ဆိုင်ထဲရောက်လျှင် ရောက်ချင်းမှာပင်...

ယင်းဖိန်က ကောင်တာစားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်ချလိုက်သည်။

"ဝုန်း"

ကျယ်လောင်သော မြည်ဟည်းသံကြောင့် အိပ်ပျော်နေသော ဆိုင်ထိုင်က လန့်နိုးလာသည်။

"ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ"

ယင်းဖိန်က ဟုန်ချိုင်းအား တစ်ချက်ကြည့်လိုက်ပြီး ဆေးဝါ ပြလိုက်သည်။

ဟုန်ချိုင်းက ဆေးစာရွက်ကို လှမ်းပေးလိုက်လေသည်။
ဆိုင်ထိုင်က ဆေးစာရွက်ကို မယူဘဲ ခေါင်းခါပြလိုက်သည်။
"ဘာဖြစ်လို့လဲ"
ယင်းဖိန်၏အသံက ဟိန်းထွက်သွား၏။
ဆိုင်ထိုင်က ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။
"မြို့စားကြီးက သူ့အမိန့်မပါရင် ဘယ်သူ့ကိုမှ မရောင်းရ ဘူးလို့ အမိန့်ထုတ်ထားလို့ပါ"
ယင်းဖိန်က မိမိ၏ရင်ဘတ်ကို ညှစ်ပြလိုက်သည်။
ထို့နောက် အလွန်ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့်...
"ကျုပ် ဘယ်သူလဲဆိုတာ သိသလား"
ဆိုင်ထိုင်က ခေါင်းခါယမ်းလိုက်သည်။
"မသိပါဘူးဗျာ"
ယင်းဖိန်က စကားတစ်လုံးချင်း ပြောချလိုက်သည်။
"ကျုပ်နာမည် ယင်းဖိန်၊ မြို့စားကြီးရဲ့ကိုယ်ရံတော်"
ဆိုင်ထိုင်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။
"ဟုတ်...ဟုတ်ကဲ့"
ယင်းဖိန်အား မမြင်ဖူးသော်လည်း ယင်းဖိန်၏အမည်ကိုမူ လူယန်တစ်မြို့လုံး မသိသူရှားပါးလှချေသည်။
ယင်းဖိန်က သူ့အား စိုက်ကြည့်လိုက်သည်။
နှုတ်မှလည်း အေးစက်စက်လေသံဖြင့်...
"မြို့စားကြီးရဲ့အမိန့် လိုသေးလား"
"မ...မလိုတော့ပါဘူး"

ဆိုင်ထိုင်က ပျာပျာသလဲ ပြောဆိုလိုက်သည်။
ဟုန်ချိုင်းက ပြုံး၍စာရွက် လှမ်းပေးလိုက်သည်။
ဆိုင်ထိုင်က လက်နှစ်ဘက်ဖြင့် တုန်တုန်ယင်ယင် လှမ်းယူလိုက်လေတော့သည်။

♦ ♦ ♦

ဆိုင်ထိုင်သည် ပရဆေးထုပ်ကို ဟုန်ချိုင်းအား ရိုသေစွာ လှမ်းပေးလိုက်သည်။
ဟုန်ချိုင်းက ဂျန္ဒေမျက် လှမ်းယူလိုက်သည်။
"ဘယ်လောက်ကျသလဲ"
ဟုန်ချိုင်းက မေးရင်း ငွေတုံးကလေးတစ်တုံး နှိုက်၍ပေးလိုက်သည်။
ဆိုင်ထိုင်က လက်နှစ်ဘက် ခါယမ်းပြလိုက်သည်။
"နေပါစေ၊ မယူပါရစေနဲ့"
ဟုန်ချိုင်းက ပြုံးလိုက်သည်။
"ဘာဖြစ်လို့ ငွေမယူတာလဲဂျင့်"
ဆိုင်ထိုင်က ဦးညွှတ်လိုက်သည်။
"ဟဲ့...ဟဲ့...ကိုယ်ရံတော်ကြီးကိုယ်တိုင် အခုလိုဆိုတဲ့အခါကြီး ခဲ့မြှင့်တာ ကျေးဇူးတင်လှပါပြီ၊ ငွေကိုတော့မယူပါရစေနဲ့"
ဟုန်ချိုင်းက ပြုံးလိုက်သည်။
"ဒါဖြင့် ကျေးဇူးတင်ပါတယ်နော်"

ဂူးယို့သည် စိတ်ပျက်စွာဖြင့် အိမ်ပျက်ဆဲမှထွက်လာပြီး အောက် ခြေဦးတည့်ရာ လျှောက်လာသည်။

ပိုးဖလံဂေဟာအနီးသို့ ရောက်လာသောအခါ မမျှော်လင့် ဘဲ ဟုန်ချိုင်းအား မြင်တွေ့လိုက်ရသည်။

သူသည် ဝမ်းသာသွားသည်။

ဟုန်ချိုင်း နောက်သို့ အပြေးကလေးလိုက်လာရာ ဟုန်ချိုင်း နှင့် တစိမ်းယောကျ်ားတစ်ယောက် ရင်းနှီးစွာ တွဲလျှောက်လာသည် ကို တွေ့ရသဖြင့် ပြေးလာနေသော ခြေလှမ်းများ တုန့်ခနဲရပ်တန့် သွားသည်။

သူ့မျက်လုံးကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

မိမိက လူမှားနေ၍လော။

သူသည် သေသေချာချာ ထပ်မံကြည့်လိုက်သည်။

မမှားပါ။ ဟုန်ချိုင်းမှ ဟုန်ချိုင်းပင်။

ထိုအမျိုးသမီးမှာ မိမိ၏ဇနီးဟုန်ချိုင်း အစစ်ဖြစ်နေမှန်း တွေ့ရလေသည်။

မိမိဇနီးသည် တစိမ်းယောကျ်ားတစ်ယောက်နှင့် ယင်းကဲ့ သို့ ရင်းနှီးစွာ နေထိုင်သည်ကိုတွေ့ရသောအခါ သူ၏အသည်းနှလုံး များမှာ ကျွဲခတ်ခံရသည့်အလား နာကျင်၍သွားလေသည်။

"ဟုန်ချိုင်း"

သူသည် လျှမ်းခေါ်လိုက်သည်။

သူ့အသံမှာ အက်ကွဲတုန်ယင်နေ၏။

ဟုန်ချိုင်းသည် ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်သည်။

သူမသည် ဆေးထုပ်ကလေးကိုယူ၍ထွက်လာသည်။

ယင်းဖိန်က သူမနှင့် ပခုံးချင်းယှဉ်တွဲလျှက် ပရဆေးဆိုင်ထဲ မှ ထွက်လာသည်။

ဟုန်ချိုင်းသည် ယင်းဖိန်အား ပြုံးပြလိုက်သည်။

"ရှင့်ကို အများကြီး ကျေးဇူးတင်ပါတယ်"

ယင်းဖိန်က ပြုံးလိုက်သည်။

"မလိုပါဘူးဗျာ၊ အခုလို ခင်ဗျားနဲ့မိတ်ဆွေဖြစ်တာပဲ ကျေ အဖို့ ဂုဏ်ယူပါတယ်"

သူသည် ပြုံး၍စကားဆက်လိုက်ပြန်သည်။

"ဒါဖြင့် ကျုပ်ကို ပို့ခွင့်ပြုပါခင်ဗျာ"

ဟုန်ချိုင်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

သူတို့သည် ရယ်ရယ်မောမော စကားတပြောပြောဖြင့် ပိုး ဖလံဂေဟာသို့ လျှောက်သွားကြသည်။

သို့သော် သူတို့နောက်တွင် လူတစ်ယောက်က အကဲခတ် ရှင်း လိုက်ပါလာသည်ကို သတိမပြုမိလိုက်ပါချေ။

♦ ♦ ♦

ခေါ်သံရှင်မှာ ဝူးယို့ဖြစ်နေသည်ကို တွေ့ရသောအခါ သူ
သာသွားလေသည်။

သို့သော် အနီးမှပါလာသော ယင်းဖိန်အား သတိရ
သဖြင့် မတွေ့ချင်ဟန်ဆောင်ကာ ဂေဟာထဲသို့ ခြေလှမ်းသုတ်သာ
ဖြင့် ဝင်သွားလေသည်။

♦ ♦ ♦

ဝူးယို့သည် မိမိ၏ဇနီးက မိမိအား မမြင်ချင်ဟန်ဆောင်၍
ပိုးဖလံဂေဟာသို့ ဝင်သွားသည်ကိုတွေ့ရသောအခါ ပို၍ဝမ်းနည်း
လာမိလေသည်။

သူသည် ဂေဟာသို့ ပြေးဝင်လိုက်ပါလာလေတော့သည်။

"ဟုန်ချိုင်း...ဟုန်ချိုင်း"

ဟုအော်ဟစ်ခေါ်လိုက်သည်။

ဝူးယို့၏ခေါ်သံကြောင့် ယင်းဖိန်က မျက်မှောင်ကုပ်သွား
သည်။

"ဟုန်ချိုင်း...သူ့ကိုသိသလား"

ဝူးယို့ဘက်သို့ မေးငေါ့ပြရင်း မေးလိုက်၏။

ဟုန်ချိုင်းက ခေါင်းခါယမ်းပြလိုက်သည်။

"မသိဘူး"

ယင်းဖိန်က...

"ဒါဖြင့် သူ့ကို တို့ဆုံးမလိုက်ဦးမယ်"

သူသည် ပြောရင်း ဝူးယို့အား တိုက်ခိုက်ရန်ဟန်ပြင်လိုက်
သည်။

"နေပါစေရှင်၊ သူက ရူးနေတဲ့လူတစ်ယောက်ပါ"

ဟုန်ချိုင်းက ဟန့်တားလိုက်ပြီး ယင်းဖိန်အား အံခန်းထဲသို့
ခေါ်ဆောင်သွားလေသည်။

မာဝမ်းသည် သူ၏ငယ်သားများအား အမိန့်ပေးလိုက်
သည်။

"ဒီအရူးကို မောင်းထုတ်လိုက်စမ်း"

ဤတွင်...

ငယ်သားများသည် ဝူးယို့အား မောင်းထုတ်လိုက်ကြလေ
သည်။

ဝူးယို့သည် မကျေမနပ် ဖြစ်နေမိ၏။

သူသည် ဝိတ်ထားသော တံခါးကိုထုရိုက်နေသည်။

သို့သော် သူ၏ကြိုးပမ်းမှုမှာ အချည်းနှီးပင်ဖြစ်သည်။

သို့ရာတွင် ဝူးယို့ကား အလွယ်တကူ လက်လျှော့တတ်သူ
မဟုတ်ပါချေ။

သူသည် အဆောက်အဦး၏ အုတ်နံရံရှိသောဘက်သို့
လျှောက်သွား၏။

အုတ်နံရံပေါ်မှကျော်၍ အထဲသို့ တိတ်တဆိတ်ခုန်ချလိုက်
သည်။

သူသည် အခန်းပြတင်းပေါက်များကို တစ်ခုပြီးတစ်ခု လိုက်
၍ချောင်းကြည့်၏။

သူသည် ပြတင်းပေါက်(၃) ခုကိုကျော်၍ စတုတ္ထမြောက် ပြတင်းပေါက်အနီးသို့ ရောက်ရှိသွားသောအခါ သူ၏တစ်ကိုယ်လုံး သည် တုန်ခါသွားသည်။

အခန်းထဲ၌ ဟုန်ချိုင်းနှင့်ယင်းဖိန်တို့သည် စားသောက် ဖွယ်ရာများကို ပျော်ရွှင်စွာ စားသောက်နေကြသည့် မြင်ကွင်းအား တွေ့မြင်လိုက်ရလေသည်။

သူသည် စိတ်အလွန် ထိခိုက်သွားသည်။

"ရက်စက်လှချည်လား ဟုန်ချိုင်းရယ်"

သူသည် ယင်းသို့ ဝမ်းနည်းကြေကွဲစွာ ပြောပြီး ခေါင်းငိုက် စိုက်ချကာ ထွက်လာလေသည်။

"ဟုန်ချိုင်းရယ်၊ အခုမှ ငါတကယ်ရူးတော့မယ်"

သူသည် ယင်းသို့ရေရွတ်ရင်း ခြေဦးတည့်ရာသို့ လှမ်းထွက် သွားလေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်

သီဟအောင်

အမိန့်တံဆိပ်သိုင်းပုံရိပ်

(ဒုတိယထိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၄၁၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၆၉၉၀၈၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်တင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဇိလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စာပေသမား

ဖုံးရောင်သည် သူငယ်ချင်းဖြစ်သူ ငါးကလေးနှင့်အတူ လျှောက်သွားနေ၏။

သူတို့သည် တောလမ်းတစ်ခုကို ရောက်ရှိလာသည်။

ထိုနေရာတွင်...

မန်ချူးစစ်သားတို့သည် ခရီးသည်များ၏ ပစ္စည်းများကို သုယူပြီး တိုက်ခိုက်သတ်ဖြတ်နေသည်ကို တွေ့မြင်ရလေသည်။

ဤတွင်...

ဖုံးရောင်သည် လူငယ်တစ်ယောက်ပီပီ မခံမရပ်နိုင်ကာ မန်ချူးစစ်သားတို့အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ငါးကလေးသည် သိုင်းပညာ မတတ်ပါ။

သို့သော် ဖုံးရှောင်နှင့်အတူ အနေများသူ ဖြစ်သည်။

ထို့ကြောင့် ဖုံးရှောင်ထံမှ သိုင်းကွက်တစ်ကွက်နှစ်ကွက်မျှ သင်ကြားထားလေသည်။

ထို့ကြောင့်လည်း သူသည် ဖုံးရှောင်ဘက်သို့ ဝင်ရောက်၍ ကူညီတိုက်ခိုက်ပေးသည်။

ခရီးသည်များသည် သူတို့အား ကျေးဇူးတင်စကား ပြောသည်။

ထိုခရီးသည်ကြားတွင် စာပေသမားနှင့်တူသော လူတစ်ယောက်နှင့် သူ၏ဇနီးဖြစ်ဟန်ရှိသော အမျိုးသမီးတစ်ဦးတို့ လိုက်ပါလာလေသည်။

စာပေသမားက ဖုံးရှောင်အား ကျေးဇူးတင်စကားပြောပြီးနောက်...

"ဒါနဲ့ သူရဲကောင်းရဲ့နာမည် တဆိတ်လောက် သိခွင့်ပေးပါဗျာ"

ဖုံးရှောင်သည် စာပေသမားက မိမိအား သူရဲကောင်းဟု ခေါ်လိုက်သည်ကို ကြားရသဖြင့် ဝမ်းသာဝိတိ ဖြစ်သွားလေသည်။

သူသည် ရင်ကော့လိုက်ပြီး...

"ကျုပ်နာမည်က ဖုံးရှောင်ပါ"

ငါးကလေးကလည်း ကမန်းတန်း ဝင်ပြောလိုက်သည်။

"ကျုပ်နာမည်က ငါးကလေးပါ"

စာပေသမားက လက်နှစ်ဘက်ဆုပ်၍ အလေးပြုလိုက်သည်။

"ကျုပ်နာမည်က မုယုံပါ"

စာပေသမားမုယုံသည် တလေးတစား ပြောဆိုလိုက်၏။

ဖုံးရှောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

ငါးကလေး က...

"ဒါနဲ့ ခင်ဗျားတို့က ဘယ်သွားကြမလို့လဲ"

မုယုံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်တို့ရွာကို မန်ချူးစစ်သားတွေ ဝင်ပြီး မီးရှို့သွားလို့ အခု ကျုပ်တို့ နေစရာ မရှိတာနဲ့ ရှောင်လင်ကျောင်းကို ခဏလေး ဝင်ခိုမလားလို့ပါ"

မုယုံက....

"ဒါနဲ့ ခင်ဗျားတို့က ဘယ်သွားကြမလို့လဲ"

ဖုံးရှောင်က ရင်ကော့လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ထဲသာ သွားယင် လမ်းမှာ စိတ်မချရဘူး၊ ကျုပ်လိုက်ပို့ပေးပါ့မယ်"

ဖုံးရှောင်သည် စာပေသမားနှင့် သူ၏ဇနီးအား ကူညီရန် ကမ်းလှမ်းလိုက်၏။

မုယုံက လက်နှစ်ဘက်ဆုပ်၍ အလေးပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ငါးကလေး မျက်မှောင်ကြုတ်သွားသည်။

"လမ်းမှာ မန်ချူးစစ်တပ်နဲ့ တွေ့ရင် ဘယ်လိုလုပ်ကြမလဲ"

ဖုံးရှောင်က ရင်ကော့လိုက်သည်။

"အို သူတို့ကို တို့က ကြောက်ရမှာလား"

ငါးကလေးက...

"လေးငါးယောက်လောက်တော့ ကျုပ်တို့က ဘယ်မှုပါမလဲ၊ လမ်းတစ်လျှောက်လုံးမှာ ရှိနေမယ့် မန်ချူးစစ်သားတွေကို ခင်ဗျားက ဘယ်လိုလုပ် အားလုံးကို ရှင်းပစ်နိုင်မှာလဲ"

ဖုံးရှောင်က မျက်မှောင်ကြုတ်သွားသည်။

"ဒါလဲ ဟုတ်တာပဲ"

ဖုံးရှောင် မကြံတတ် မစီတတ်နိုင်အောင်ပင် ဖြစ်သွားမိ၏။

ငါးကလေးသည် ခေါင်းကုတ်၍ အကြံထုတ်ရင်း...

မြေပေါ်၌ သေဆုံးနေသော မန်ချူးစစ်သားများအား တစ်ချက်ကြည့်လိုက်ပြီး...

"ကျုပ်အကြံတစ်ခုရပြီ"

ဖုံးရှောင်က...

"ဟုတ်လား ဆိုစမ်းပါအုံး"

ငါးကလေးက ဖုံးရှောင်၏နားသို့ ကပ်၍ တီးတိုးပြောလိုက်ရာ ဖုံးရှောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"မင်းအကြံမဆိုးဘူး"

♦ ♦ ♦

ဤလမ်းကလေးသည် ရှောင်လင်ကျောင်းသို့ သွားရန် လမ်းများစွာအနက် အခေါင်ဆုံးလမ်းတစ်ခု ဖြစ်လေသည်။

မန်ချူးစစ်သားနှစ်ယောက်သည် မုယုံနှင့် သူ၏ဇနီးဖြစ်သူတို့ကို ခြံရံလျက် လျှောက်နေကြ၏။

ယင်းမန်ချူးစစ်သားနှစ်ယောက်မှာ အခြားသူများ မဟုတ်ကြပါ။

ဖုံးရှောင်နှင့် ငါးကလေးတို့ပင် ဖြစ်ပါသည်။

သူတို့သည် လမ်းခရီးတစ်လျှောက်လုံးမှာ ချောချောမောမော ဖြတ်ကျော်နိုင်ခဲ့လေသည်။

သို့သော် ရှောင်လင်ကျောင်းသို့ ရောက်ရှိလာသောအခါတွင်မူ...

ကိုရင်နှစ်ပါးက သူတို့အား ဆီး၍ တိုက်ခိုက်လေတော့၏။

"ဟေ့ မန်ချူးနောက်လိုက်ခွေး၊ ဒီနေရာဟာ မင်းတို့နဲ့ မတန်ဘူး၊ မလာနဲ့"

မုယုံက ကမန်းကတန်း ဝင်ရောက်ရှင်းပြလိုက်ရလေသည်။

"သူတို့က မန်ချူးတွေ မဟုတ်ပါဘူး၊ မျိုးချစ်သူရဲကောင်းတွေပါ၊ မန်ချူးစစ်သား လက်ထဲက ကျုပ်တို့ကို ကယ်တင်လာခဲ့တာပါ"

ကိုရင်တစ်ပါးက ထောင်ထောင်မောင်းမောင်းရှိသော ကိုရင် တစ်ပါးအား မေးငေါ့လိုက်သည်။

"မျက်ပြူး သူတို့က မန်ချူးတွေဆို"

မျက်ပြူးဆိုသောကိုရင်က ခေါင်းကို ပွတ်လိုက်သည်။

"ဘယ်သိပ့်မလဲ၊ သူတို့က မန်ချူးအဝတ်အစားတွေ ဝတ်ထားကာကိုး"

ဖုံးရှောင်နှင့် ငါးကလေးတို့သည် မန်ချူးစစ်သည်တော်အဝတ်အစားများကို ချွတ်၍ လွှင့်ပစ်လိုက်လေသည်။

"ကျုပ်တို့က တရုတ်လူမျိုးတွေပါ"

ကိုရင်မျက်ပြူးက တောင်းပန်လိုက်လေသည်။

"ကျုပ်တို့ မှားသွားတာ တောင်းပန်ပါတယ်"

တခြားကိုရင်တစ်ပါးကလည်း တောင်းပန်လိုက်သည်။

"ကျုပ်တို့ မသိလို့ပါ၊ အထဲကို ကြွနိုင်ပါပြီ"

ဖုံးရှောင်က ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်တော်တို့ မဝင်တော့ပါဘူး၊ ကိစ္စရှိလို့ သွားလိုက်ပါအုံးမယ်"

သူသည် ပြောပြီး ငါးကလေးဘက်သို့ လှည့်လိုက်သည်။

"ကဲ ငါးကလေး၊ တို့သွားကြရအောင်"

သူတို့သည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

မုယုံသည် ဖုံးရှောင်တို့ မြင်ကွင်းမှ ကွယ်ပျောက်သွားသည်အထိ ကြည့်ပြီး သက်ပြင်းချလိုက်သည်။ သူက နှုတ်မှလည်း....

"ဒီလို မျိုးချစ်လူငယ်တွေ ရှိနေတဲ့အတွက် တစ်နေ့ နယ်ချဲ့ မန်ချူးတွေဟာ တရုတ်မြေပေါ်မှ မောင်းထုတ်နိုင်မယ်ဆိုတာ ကျုပ် ယုံကြည်ပါတယ်"

ဟု တစ်ယောက်တည်း မှတ်ချက်ချလိုက်လေသည်။

♦ ♦ ♦

ဖုံးရှောင်နှင့် ငါးကလေးတို့သည် ခရီးပန်းလာကြသဖြင့် သစ်ပင်တစ်ပင်၏ ခြေရင်း၌ ထိုင်ကာ အနားယူနေကြ၏။

ငါးကလေးက သူ၏ပေါင်ကို လက်သီးဖွဖွလေးဖြင့် ထုရင်း

"ဒါနဲ့ အစ်ကိုလေး၊ အခု ဘယ်ကို သွားမှာလဲ"

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းသိတဲ့အတိုင်း ငါ ခိုင်ဖုန်းမြို့ကို သွားရမှာကွ"

ငါးကလေးက သတိရလာလေသည်။

"ဟုတ်သားပဲ၊ အစ်ကိုလေးက လက်ထပ်ဖို့ သွားမှာကိုး"

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်၊ ငါတော့ စိတ်ညစ်လှပြီ"

ဖုံးရှောင်၏လေသံက တကယ့်ကို စိတ်ပျက်သော လေသံမျိုး ဖြစ်၏။

ငါးကလေး၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဟ လက်ထပ်တယ်ဆိုတာ ကောင်းတဲ့ အလုပ်ပဲ၊ အစ်ကိုလေးက ဘာလို့ စိတ်ညစ်နေတာလဲ"

"မင်းကလည်းကွာ သတို့သမီးက ဘယ်လောက် ရုပ်ဆိုးနေမှန်းမသိဘဲ ငါ ဘယ်လို ဝမ်းသာနိုင်မှာလဲ"

"အစ်ကိုလေးက သတို့သမီးကို တစ်ခါမှ မတွေ့ဖူးဘူးလား"

"ဘယ်တွေ့ဖူးမှာလဲ"

"ဒါဖြင့် ဘာဖြစ်လို့ သွားပြီး လက်ထပ်ရမှာလဲ"

"မိဘတွေက ငါ့ကို မမွေးခင်ဘဉ်းက ဗိုက်ကို လက်ညှိုးထိုး

ပြီး ပေးစားထားတာ”

ဖုံးရှောင်က မျက်နှာထားရှုံ့မဲ့စွာ ပြောဆိုလိုက်၏။

ငါးကလေးက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူသည် ဖုံးရှောင်အား တစ်ချက်ကြည့်ကာ...

“ဆိုလိုတာက ခင်ဗျားအမေ ကိုယ်ဝန်ရှိတုန်းက လူကြီးတွေက လက်ညှိုးထိုးပြီး ပေးစားတယ် ဟုတ်လား”

“ဟုတ်တယ်”

“ဟား...ဟား...ဟား”

ငါးကလေးက ရယ်မောလိုက်သည်။

ဖုံးရှောင်က မျက်မှောင်ကုပ်သွားသည်။

“မင်း ဘာတွေ ရယ်နေတာလဲကွ”

ငါးကလေးက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူတွေးမိသော ပေါက်ပေါက်ရှာရှာ အတွေးကိုလည်း ထုတ်ဖော်ပြောဆိုလိုက်၏။

“တကယ်လို့များ အစ်ကိုလေးရဲ့ အမေနဲ့ သူတို့ရဲ့ အမေ နှစ်ယောက်စလုံး ယောကျ်ားလေးတွေ မွေးရင် ဘယ်လောက် ရယ်စရာကောင်းမလဲလို့ တွေးမိပြီး ရယ်မိတာပါ”

“မင်းနှယ်ကွာ၊ ငါစိတ်ညစ်ရတဲ့အထိ ရယ်ရသလားကွ”

ငါးကလေးက အနည်းငယ် စဉ်းစားလိုက်သည်။

“အခု သွားပြီး လက်ထပ်မယ်လို့ ဆုံးဖြတ်လိုက်ပြီလား”

“မိန်းကလေးကို မမြင်ရဘဲနဲ့တော့ မဆုံးဖြတ်ရသေးပါဘူး”

“ဒါကောင်းတယ်၊ အစ်ကိုလေး အရင်သွားကြည့်ပေါ့၊

မိန်းကလေးက လှတယ်ဆိုရင် ငြင်းစရာ မလိုဘူးပေါ့”

ဖုံးရှောင်က ခေါင်းကို ကုတ်လိုက်သည်။

“ငါတော့ ဘာလုပ်ရမှန်းမသိ စိတ်ညစ်ပါတယ်ကွာ”

ငါးကလေးက ပြုံးလိုက်သည်။

“ကဲပါဗျာ၊ ဟိုရောက်မှ မီးစဉ်ကြည့်ကရတာပေါ့ အစ်ကိုလေးရာ”

◆ ◆ ◆

အထင်လွဲခြင်း

ဟုန်ချိုင်း၏ ကြိုးစားကုသပေးသောကြောင့် ကျင်းစန်း၏ ဒဏ်ရာမှာ တစ်နေ့တခြား သက်သာရာရလာသည်။

အကောင်းဆုံး ဆေးဝါးနှင့် အာဟာရရှိသော အစားအစာများကြောင့် ကျင်းစန်းသည် အိပ်ရာမှ ထလာပြီး လမ်းလျှောက်နိုင်သည့် အခြေအနေသို့ပင် ရောက်ရှိလာသည်။

သူသည် သတိရလာသောအခါ မိမိအား ငွေကုန်ကြေးကျခံ၍ ကုသပေးသော ကယ်တင်ရှင်အား မြင်တွေ့လိုက်သော ဆန္ဒများ ပြင်းထန်လာသည်။

သို့သော် မာဝမ်းက အတွေ့မခံဘဲ ဆိုင်းငံ့ထားလိုက်သည်။

ယနေ့ ကျင်းစန်းသည် အလွန်သက်သာလာပြီ ဖြစ်ရာ မာ

ဝမ်း ရောက်လာသည်နှင့် ထပ်မံမေးမြန်းလိုက်သည်။

"ဒီမှာ ဒေါ်ဒေါ်၊ ကျွန်တော်တို့ကို ကယ်တင်တဲ့ ကျေးဇူးရှင်နဲ့ တွေ့ပါရစေ"

မာဝမ်းက သူ့အား အကဲခတ်ကြည့်လိုက်သည်။

"မင်းမှာ ညီမလေးတစ်ယောက် ရှိတယ် မဟုတ်လား"

ကျင်းစန်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျွန်တော့်မှာ ညီမ မရှိပါလား"

"ဒါဖြင့် မိန်းကလေးက လိမ်ပြောတာ ဖြစ်ရမယ်"

"မိန်းကလေး ဟုတ်လား၊ ကျွန်တော့်ရဲ့ကျေးဇူးရှင်က မိန်းကလေးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်၊ သူ မင်းကို ခေါ်လာတုန်းက သူ့အစ်ကိုအရင်းလို့ ပြောပါတယ်"

"မဟုတ်ဘူး၊ ကျွန်တော့်မှာ ညီမမှ မရှိဘဲ"

မာဝမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အေး မင်းရဲ့ညီမ မဟုတ်ရင်တော့ မင်းအဖို့ ဝမ်းသာစရာပဲပေါ့"

ကျင်းစန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားပြောတာ ကျွန်တော်နားမလည်ပါဘူး"

မာဝမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် မပြောချင် ပြောချင်ဟန်မျိုးဖြင့်...

"မင်းကို နားလည်အောင် ပြောရမယ်ဆိုရင် မင်းကို ကယ်တင်တဲ့ မိန်းကလေးဟာ မန်ချူးအရာရှိနဲ့ပေါင်းတဲ့ မကောင်းတဲ့

မိန်းကလေးတစ်ယောက်ပါ"

မာဝမ်း၏စကား ထိရောက်လှသည်။

ကျင်းစန်းက မျက်မှောင်ကြုတ်သွားသည်။

"သူက မကောင်းတဲ့ မိန်းကလေးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်၊ မင်း မယုံရင် ငါလိုက်ပြမယ်လေ"

ကျင်းစန်းက အနည်းငယ် စဉ်းစားလိုက်ပြီး ခေါင်းညိတ်ပြလိုက်၏။

"သူက ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ကျေးဇူးရှင်ပဲ၊ ကျွန်တော့်ကို လိုက်သာပို့ပါ"

"ကောင်းပြီလေ၊ ငါ့နောက်က လိုက်ခဲ့ပါ"

♦ ♦ ♦

ကျင်းစန်းသည် မိမိ၏မျက်လုံးများကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။

မာဝမ်း ညွှန်ပြသော အပေါက်မှ အခန်းထဲသို့ လှမ်းကြည့်လိုက်သောအခါ မိန်းကလေးတစ်ယောက်နှင့် ယင်းဖိန်တို့ အတူ စားသောက်နေကြသည်ကို တွေ့မြင်လိုက်ရသည်။

မိမိ၏ အသက်ကို ကယ်တင်လိုက်သော ကျေးဇူးရှင်မှာ ဟုန်ချိုင်းပင် ဖြစ်နေ၏။

သူသည် ဟုန်ချိုင်းအား ကြည့်ရင်း ရင်မောနေမိသည်။

ဟုန်ချိုင်းသည် မိမိတို့ မဟာရန်သူဖြစ်သော ယင်းဖိန်နှင့်မှ

အောက်ပြန်နေကြသည်ကို သူလုံးဝ မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

ဟုန်ချိုင်းသည် ယင်းဖိန်နှင့်အတူ စားသောက်ယင်း အသွေးရင်းနှီးစွာ စကားပြောနေကြသည်ကို သူလုံးဝ မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

ထိုသို့ တွေ့ရသောအခါ ဒေါသကို မထိန်းသိမ်းနိုင်လောက်အောင် ဖြစ်ခဲ့လေသည်။

ဤအချက်ကို မာဝမ်းက ရိပ်စားမိသည်။

သူမသည် သူ၏လက်ကို ဆွဲလိုက်ပြီး...

"ကဲ ဒေါသလဲ ထွက်မနေနဲ့၊ တော်ကြာ ဟိုက သိသွားရင် ရင်သက်သက် အသက်သေလိမ့်မယ်"

ကျင်းစန်းသည် ခံပြင်းလွန်းသဖြင့် သူသေကိုယ်သေ ဝင်ရောက်တိုက်ခိုက်လိုသောဆန္ဒ ပြင်းပြနေ၏။

သို့သော် မိမိမှာ နာလန်ထစေ ဒဏ်ရာပျောက်ကာစ အချိန်ဖြစ်သည်။ အင်အားမပြည့်ဘဲ တိုက်ခိုက်ပါက ရန်သူ၏လက်ချက်ဖြင့် သေဆုံးနိုင်သည်ကို ဆင်ခြင်မိသောကြောင့် ဒေါသကို ချုပ်တည်းလိုက်ပြီး ချာခနဲလှည့်ကာ အခန်းထဲသို့ ပြန်လာသည်။

ထို့နောက်တွင် သူသည် စာတစ်စောင်ရေးသားထားပြီးနောက် ပိုးဖလံဂေဟာမှ ထွက်ခွာလာတော့သည်။

♦ ♦ ♦

ကျင်းစန်းသည် ရင်ထဲ၌ ဒေါသအပြည့်ဖြင့် ထွက်လာသည်။

သူသည် မြို့ရိုးတံခါး ရှိရာသို့ ရောက်ရှိလာသည်။

ထိုစဉ် များပြားလှသော လူများသည် အမွေးတိုင်ကိုယ်စီ ကိုင်လျက် မြို့ပြင်သို့ ထွက်သွားနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းစန်းက မေးမြန်းစုံစမ်းကြည့်သည်။

ဤနယ်တဝိုက်၌ မိုးခေါင်ရေရှား ဖြစ်နေ၏။

လူအများမှာ မြို့ပြင် နတ်ကွန်းရှိရာသို့ ဆုတောင်းပွဲ ပြုလုပ်ရန် ထွက်ခွာသွားကြသည်ကို သိလိုက်ရလေသည်။

တံခါးမှူးသည် မြို့ပြင်သို့ ထွက်သွားမည့် လူများအား တစ်ယောက်ချင်း လိုက်လံစစ်ဆေးနေ၏။

တံခါးမှူးသည် တရုတ်လူမျိုး ဖြစ်သည်။

သူသည် တံခါးမှူးတာဝန် ထမ်းဆောင်ခဲ့သည်မှာ ဘိုးစဉ်ဘောင်ဆက်က ဖြစ်၍ လုယန်မြို့တွင် နေထိုင်ကြသူများကို အတော်များများ သိကျွမ်းခဲ့လေသည်။

ထို့ကြောင့်လည်း မြို့စားကြီးက သူ့အား တံခါးမှူးတာဝန်ကို ဆက်လက်ခန့်အပ်ထားခြင်း ဖြစ်သည်။

တံခါးမှူးသည် မြို့ပြင်ထွက်မည့် သူများကို စစ်ဆေးလာခဲ့ရာ ကျင်းစန်းအလှည့် ရောက်ရှိလာသောအခါ တံခါးမှူးက ထုံးစံအတိုင်း စစ်ဆေးမေးမြန်းလိုက်သည်။

"နာမည်ပြောပါ"

"ကျင်းစန်း"

ကျင်းစန်း အမှန်အတိုင်း ပြောဆိုလိုက်သည်။

သို့သော် တံခါးမှူးက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာဖြစ်လို့ နောက်နေရတာလဲ"

ကျင်းစန်းက မျက်နှာထားတည်တည်ဖြင့်...

"ကျုပ်ကျင်းစန်းမို့ ကျင်းစန်းလို့ ပြောတာ"

တံခါးမှူးက သူ့အနီး၌ ရှိသော မန်ချူးစစ်သားအား ပြုံးပြလိုက်သည်။

"ဒီလူ ခေါင်းမကောင်းဘူးနဲ့ တူတယ်"

ကျင်းစန်းက တံခါးမှူးအား စိုက်ကြည့်လိုက်သည်။

"ဘယ်လိုလဲ ခင်ဗျား မဖမ်းတော့ဘူးလား"

တံခါးမှူး ရယ်မောလိုက်သည်။

"တို့ဖမ်းထားတာ ကျင်းစန်းဆိုတဲ့ လူပေါင်း(၃၀)တောင် ကျော်နေပြီဗျ၊ ခင်ဗျားလာလိမ်လို့ ဘယ်ရမလဲ"

တံခါးမှူးအနီးတွင် ရပ်နေသော သူ၏လက်ထောက်က နံရံပေါ်မှာ ကပ်ထားသော ရုပ်ပုံကို ကြည့်လိုက်၊ တဖန် ကျင်းစန်းကို ကြည့်လိုက်ဖြင့် ဂနာမငြိမ်နိုင်အောင် ဖြစ်နေမိ၏။

ထို့နောက် တံခါးမှူး၏လက်ကို ဆွဲလိုက်ပြီး အသံတိုးတိုးဖြင့်...

"ဒီမှာ တင်းလော့က် ပြောစရာရှိတယ်"

တံခါးမှူးက သူ့အား လှည့်မကြည့်ပါ။

"ငါအလုပ်များနေတယ်၊ နောက်မှပြော"

"ကိစ္စက သိပ်အရေးကြီးလို့ပါ"

"အို ဘယ်လောက်ပဲ အရေးကြီးကြီး"

တံခါးမှူးသည် ကျင်းစန်းဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားသွားနိုင်ပြီ"

တံခါးမှူးထံမှ ခွင့်ပြုချက်ကို ရရှိပြီဆိုသောအခါ ကျင်းစန်းက စကားတစ်ခွန်းမှ မပြောဘဲ ထွက်ခွာသွားလေသည်။

♦ ♦ ♦

လက်ထောက်တံခါးမှူးသည် ကျင်းစန်း အဝေးသို့ ရောက်ရှိသွားတော့မှ ခြေတစ်ချက်ဆောင့်လိုက်လေသည်။

သူသည် တံခါးမှူးအား မကျေမနပ်ကြည့်ကာ...

"ခင်ဗျား ငွေ(၁၅၀၀) လက်လွတ်သွားပြီဗျ"

ဟုတံခါးမှူးအား အပြစ်တင်ပြောဆိုလိုက်သည်။

တံခါးမှူးက အေးတိအေးစက်လေသံဖြင့်...

"ဘာဖြစ်လို့"

လက်ထောက်တံခါးမှူးက...

"ခုနက ခင်ဗျားလွတ်လိုက်တဲ့သူက ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

"သိသားပဲ"

"သူက ဘယ်သူလဲ"

"ကျင်းစန်း"

လက်ထောက်တံခါးမှူး၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

"သူ့ကို ဖမ်းမိယင် ဆုငွေ ၁၅၀၀ ရမယ် ဆိုတာ ခင်ဗျားမေ့နေလို့လား"

"မမေ့ပါဘူး"

"ဒါဖြင့် သူ့ကို ဘာလို့ မဖမ်းလိုက်တာလဲ"

"ဖမ်းပြီး ဘာလုပ်မလဲ"

"ဆုငွေရမယ်လေ"

တံခါးမှူးက ခါးထောက်၍ လက်ထောက်တံခါးမှူးအား စိုက်ကြည့်လိုက်၏။

"သေတဲ့လူတစ်ယောက်က ၁၅၀၀ကို ရတာ ဘယ်လိုလုပ် အသုံးချနိုင်မလဲ"

"သေတဲ့လူတစ်ယောက်က ဘယ်သုံးနိုင်ပါ့မလဲ"

"အေး ငါမသေချင်လို့ပေါ့"

လက်ထောက်တံခါးမှူးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။ တံခါးမှူး ဘာကို ဆိုလိုလိုက်မှန်း သူ မသိပါ။

"ခင်ဗျား ဘာကြောင့် သေရမှာလဲဗျ"

"ငါက ကျင်းစန်းကို သွားဖမ်းလိုက်ရင် သူက ငါ့ကို သတ်သွားမှာပေါ့"

လက်ထောက်တံခါးမှူးက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်တာပဲ"

♦ ♦ ♦

ဟုန်ချိုင်းသည် အစားအစာများကို ယူ၍ ကျင်းစန်းထံသို့ ထုံးစံအတိုင်း ပို့ပေးလေသည်။

သို့သော် ယခုအချိန်တွင် ကျင်းစန်း၏အခန်းထဲသို့ သူမ ရောက်လာခဲ့ခြင်းမှာ အလဟသ ဖြစ်သွား၏။

အခန်းထဲတွင် ကျင်းစန်းအား မတွေ့ရပါ။

သူမသည် လိုက်လံရှာဖွေရာ မာဝမ်းက ခေါင်းခါယမ်းပြလိုက်သည်။

"သူ့ကို မရှာနဲ့တော့"

ဟုန်ချိုင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မာဝမ်းအား နားမလည်နိုင်သလို ကြည့်ကာ...

"ဘာဖြစ်လို့လဲ မာဝမ်း"

"သူထွက်သွားပြီလေ"

ဟုန်ချိုင်း မျက်မှောင်ကုပ်သွားသည်။

"သူ့ကို မတားထားဘူးလား"

မာဝမ်းက ပြောလိုက်သည်။

"အမျိုးမျိုးချော့ပြီး တားပါသေးတယ်၊ သူက ညည်းနဲ့ ယင်းဖိန် ရင်းရင်းနှီးနှီး နေထိုင်တာကို တွေ့သွားလို့ စိတ်ဆိုးပြီး ထွက်သွားတာ"

မာဝမ်းက ပြောလိုက်သည်။

ဟုန်ချိုင်းက စိတ်မကောင်း ဖြစ်သွားမိ၏။

"မာဝမ်းက ရှင်းမပြဘူးလား"

"ရှင်းပြတာပေါ့၊ သူက နားမှ နားမထောင်ဘဲ"

"သူ ဘာပြောသွားသေးလဲ"

မာဝမ်းက စာတစ်စောင် ထုတ်ပြလိုက်သည်။

"ညည်းကို ပေးဖို့ စာတစ်စောင်ပေးထားတယ်"

ဟုန်ချိုင်းသည် စာရွက်ကို ဖြန့်ကြည့်လိုက်သောအခါ ရင်ထဲ၌ လှိုက်လဲဆို့နင့်စွာ ခံစားရလေသည်။

စာရွက်ပေါ်တွင်...

"အရှက်မရှိ"

ဟုရေးသားထားသည်ကို တွေ့ရလေသည်။

♦ ♦ ♦

ယင်းလူများသည် သူ့နောက်သို့ လိုက်လာနေကြခြင်းမှာ သူ၏လက်ထဲတွင် ဘုရင့်တံဆိပ်တော် ရှိနေသောကြောင့်ပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျင်းစန်းနှင့် မန်ချူးစစ်သားတို့သည် လိုက်တမ်းပြေးတမ်း ကစားနေကြသည်နှင့် တူလှပေသည်။

♦ ♦ ♦

လိုက်တမ်းပြေးတမ်း

ကျင်းစန်း မြို့ပြင်သို့ ထွက်လာ၏။

သူသည် ကျားနှစ်ယောက်နှင့် မည်သို့ ဆုံတွေ့ရမည်ကို လိုက်ရှာသည်။

လန်အင်းတို့သားအမိကိုလည်း လိုက်ရှာသည်။

သူ့နောက် ယင်းဖိန်က ခြေရာခံ၍ လိုက်နေ၏။

မြို့စားကြီး၏လူများကလည်း သူ့အား ဝိုက်စိပ်တိုက်ကာ လိုက်ရှာနေကြသည်။

မင်းသားလေးတုလတ်၏ ငယ်သားများကလည်း သူ့နောက်သို့ လိုက်နေသည်။

သူသည် အန္တရာယ်နှင့် ရန်သူများကို ရှောင်တိမ်း၍ ပြေးသွားနေရလေသည်။

ခိုင်ဖုန်းမြို့

ခိုင်ဖုန်းမြို့သည် ဒုတိယမြို့တော်တစ်ခု ဖြစ်သောကြောင့် အလွန်စည်ကားလှပေသည်။

ဤနေရာတွင် မန်ချူးစစ်သားများ ရမ်းရမ်းကားကား မရှိလှပါ။

ထို့ကြောင့်လည်း ပြည်သူပြည်သားများသည် အနည်းငယ် အသက်ရှူချောင်ရလေသည်။

ဖုံးရှောင်နှင့် ငါးကလေးတို့သည် ခိုင်ဖုန်းမြို့ထဲသို့ ရောက်ရှိလာလေတော့သည်။

♦ ♦ ♦

ဖုံးရှောင်နှင့် ငါးကလေးတို့သည် လိပ်စာအတိုင်း လမ်းသွားလမ်းလာသူများကို မေးမြန်းရလေသည်။

"ကွမ်းပင်လမ်း ခြံနံပါတ်(၁၈)ဆိုတာ ဘယ်မှာ ရှိပါသလဲခင်ဗျာ"

လမ်းသွားလမ်းလာသူများက ခေါင်းခါပြလိုက်၏။

"မသိဘူးဗျ၊ ကျုပ်တို့က ဧည့်သည်တွေပါ"

မေးပါများစကားရဆိုသော်လည်း သူတို့အတွက်မူ စကားစပင် ရှာမရ ဖြစ်နေကြ၏။

ငါးကလေးက အပြစ်တင်လိုက်သည်။

"အစ်ကိုလေးကလည်း မြို့ခံလူကိုမေးမှ သိမှာပေါ့ဗျာ"

ဖုံးရှောင် ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဘယ်သူက မြို့ခံလဲ၊ ဘယ်သူဟာ ဧည့်သည်လဲဆိုတာ ငါ ဘယ်သိပ့်မလဲ"

မင်းသားလေးတုလတ်က လက်နှစ်ဘက် နောက်သို့ ပစ်လိုက်သည်။

"ဒီမှာ၊ မင်းပြေးလို့ မလွတ်ပါဘူးကွာ"·

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားက ဘာကြောင့် ကျုပ်ကို သဲသဲမဲမဲ လိုက်ဖမ်းနေရတာလဲဗျ"

တုလတ်က လက်ဖြန့်လိုက်၏။

"အဖမ်းမခံချင်ရင် ငါ့ကိုပေး"

ဖုံးရှောင်က ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာကို ပေးရမှာလဲ"

တုလတ်က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက ဟန်ဆောင်မနေစမ်းပါနဲ့ တံဆိပ်တော်ကို လက်ခံပြီး နန်ကင်းမြို့ကို ပို့ပေးမယ့် ကျားဆိုတာ ငါသိပြီးပြီ"

ဖုံးရှောင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခင်ဗျား လူမှားပြီ ထင်တယ်"

"ကျုပ်က မမှားဘူး၊ မင်းကကျား"

"ကျုပ်က နားမကောင်းဘူးဗျ"

"မင်းက ငါ့ကို နောက်နေတာလား"

တုလတ် စိတ်မရှည်တော့ပါ။

ထို့ကြောင့် သူ၏ငယ်သားများကို လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"သူ့ကို ဖမ်းလိုက်စမ်း"

တုလတ်၏ငယ်သားများသည် ဖုံးရှောင်အား ငြာသံပေး၍ ဝိုင်းဝန်းတိုက်ခိုက်လိုက်လေသည်။

ဖုံးရှောင်က ပြန်လည်တိုက်ခိုက်လိုက်သည်။

ငါးကလေးမှာမူ အုတ်နံရံတစ်ခု အနီးသို့ သွားရောက်၍ ပုန်းအောင်းလိုက်လေသည်။

♦ ♦ ♦

တုလတ်၏ငယ်သားများနှင့် ဖုံးရှောင်တို့၏ တိုက်ပွဲမှာ ဘခဏ အကြာတွင် ပြီးဆုံးသွားလေသည်။

တုလတ်၏ငယ်သား ၈ ယောက်တို့သည် မြေပေါ်သို့ လဲကျ ကုန်ကြလေသည်။

တုလတ်က ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့ အတော်အသုံးမကျဘူး၊ ရှစ်ယောက်နဲ့ တစ်ယောက်တောင်မှ မနိုင်ဘူးလား"

ငယ်သားများအား ပြစ်တင်မောင်းမဲလိုက်၏။

"မင်းသားလေးက သိုင်းပညာ အလွန်တော်ပါတယ်၊ ကိုယ်တိုင်ဖမ်းပါလား"

တုလတ်က နှာခေါင်းရှုံ့လိုက်သည်။

"မင်းတို့နောက်ဆုတ်စမ်းပါ၊ ငါဖမ်းပြမယ်"

သူသည် ပြောပြီးသည်နှင့် ဖုံးရှောင်အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သို့သော် သိုင်းကွက်သုံးကွက်မျှသာ ယှဉ်လိုက်ရသည်။

"ဝုန်း"

ဟူသော မြည်သံနှင့်အတူ တုလတ် ခန္ဓာကိုယ်သည် မြေပေါ်သို့ ခြေကားယား လက်ကားယားဖြင့် ကျသွားလေသည်။

သူ၏ငယ်သားများက ဝါးခနဲ ရယ်မောကြလေသည်။

တုလတ် လူးလိမ့်၍ ထလာသည်။

သူ၏ဒေါသသည် ငယ်သားများထံသို့ ကူးစက်သွားလေတော့၏။

"ဖြန်း...ဖြန်း"

ငယ်သားများကို ပါးရိုက်ချလိုက်လေသည်။

ထိုစဉ်မှာပင် ရယ်သံတစ်ချက် ကြားလိုက်ရသည်။

"မင်းသားလေးရဲ့ သိုင်းပညာ ဘယ်ဆိုးလို့လဲရှင့်"

♦ ♦ ♦

လက်ခုပ်တီး၍ ချီးကျူးလိုက်သူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ထိုမိန်းကလေးမှာ မန်ချူးသခင်မလေးအသွင် ဝတ်စားတန်ဆာများ ဝတ်ဆင်ထားသည်။

သူမ၏အနီးတွင် မိန်းကလေး အိမ်ဖော်တစ်ယောက် ပါလာသေးသည်။

မင်းသားလေးတုလတ်က မိန်းကလေးကို တွေ့မြင်လိုက်သည်နှင့် ပြုံး၍ ဦးညွှတ်လိုက်သည်။

သူသည် အရှက်ကင်းမဲ့စွာဖြင့်...

"ဟဲ့...ဟဲ့...အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ"

မိန်းကလေးက မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"ရှင့်ကို ငေါ့ပြောတာ၊ ဘယ့်နယ် လူအများကြီးက လူတစ်ယောက်ကို မနိုင်ဘဲ ခွေးကျကျသွားတာ မရှက်ဘူးလား"

သခင်မလေးက ပွင့်လင်းစွာ ရှုတ်ချပြောဆိုလိုက်လေတော့၏။

တုလတ်၏မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"ကျုပ်ကို ဒီလို မပြောပါနဲ့ ကူးကူး"

♦ ♦ ♦

ကူးကူးဆိုသောမိန်းကလေးသည် မြို့စံးကြီး၏သမီးပင် ဖြစ်လေသည်။

သူမသည် မန်ချူးလူမျိုး ဖြစ်သော်လည်း တခြားမန်ချူးလူမျိုးကဲ့သို့ တရုတ်လူမျိုးအပေါ် အနိုင်မကျင့်ပါ။

အနိုင်မကျင့်သည့်အပြင် တရုတ်လူမျိုးများကို အမျိုးမျိုးကာကွယ်ခဲ့သေး၏။

ယခုလည်း တုလတ်တို့လူစုက အများအားကိုးဖြင့် ဖိုးရှောင်အား တိုက်ခိုက်သည်ကို တွေ့ရသောကြောင့် ယင်းကဲ့သို့ တုလတ်အား ပြစ်တင်ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

မင်းသားလေးတုလတ်သည် ကူးကူး၏ပြောဆိုမှုကြောင့် ရှက်သွားလေသည်။ သူသည် ငယ်သားများအား လက်တစ်ချက် ခွေယမ်းပြလိုက်သည်။

"သွားကြမယ်"

ယင်းသို့ အမိန့်ပေးပြီး သူတို့လူစုသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားကြသည်။

♦ ♦ ♦

ဖုံးရှောင်နှင့် ငါးကလေးတို့သည် နေရာမှ ဆက်လက်ထွက်ခွာသွားကြသည်။

ကူးကူးသည် ဖုံးရှောင်သတ္တိကို ဂုဏ်ပြုသည့် အနေဖြင့် ပုတီးတစ်ကုံးကို အိမ်ဖော်ဖြစ်သူကျိန်းရီအား ပေးခိုင်းလိုက်လေသည်။

"ခဏနေပါဦးရှင့်"

ကျိန်းရီက ဟန့်တားလိုက်သည်။

"ဘာလဲ ခင်ဗျားတို့က ကျုပ်ကို ဖမ်းမလို့လား"

ကျိန်းရီက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးရှင့်"

"ဒါဖြင့် ဘာကိစ္စ ရှိလို့လဲ"

"ကျွန်မတို့ ကူးကူးက ပုတီးကုံး လက်ဆောင်ပေးခိုင်းလိုက်လို့ပါ"

ကျိန်းရီက ပုတီးကုံးကို လှမ်းပေးလိုက်သည်။

ကျိန်းရီ၏လက်ထဲမှ ပုတီးကုံးလေးက ဖုံးရှောင်ဆီ လှပစွာ ကမ်း၍ လာ၏။

ဖုံးရှောင် မျက်မှောင်ကြုတ်သွားသည်။

နားမလည်နိုင်ဟန်ဖြင့် ကျိန်းရီကို ကြည့်ကာ...

"ဒါက ဘာသဘောလဲဗျ"

ကျိန်းရီက ပြုံးလိုက်သည်။

"သတ္တိရှိတဲ့ သူရဲကောင်းကို လက်ဆောင်ပေးတာ မန်ချူးလူမျိုးရဲ့ ထုံးထမ်းဓလေ့တစ်ခုပါ"

ထိုအပြောကိုတော့ ဖုံးရှောင် သဘောကျသွားသည်။

ထို့ကြောင့် ရင်ကို ကော့၍...

"ခင်ဗျား ကူးကူးက ကျုပ်ကို သူရဲကောင်းလို့ အသိအမှတ်ပြုတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"ဒီလိုဆို ကျုပ်လက်ခံတယ်"

ဖုံးရှောင်သည် ပုတီးကုံးကို လက်ခံပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။

♦ ♦ ♦

ဖုံးရှောင်နှင့် ငါးကလေးတို့သည် လိပ်စာအတိုင်း မေးမြန်း၍ ရာဖွေရာ သူတို့သည် ကွမ်းပင်လမ်း ခြံအမှတ်(၁၈)သို့ ရောက်ရှိလာကြလေတော့၏။

သူဌေးကြီးလွေ့နှင့် ဇနီးတို့က ဝမ်းသာစွာ ကြိုဆိုလိုက်ကြလေသည်။

"ဒါနဲ့ မင်းအဖေက လက်ထပ်ဖို့ လွှတ်လိုက်တယ် မဟုတ်လား"

ဖုံးရှောင်က ဦးညွှတ်လိုက်၏။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်..."

လွေ့က မျက်မှောင်ကြုတ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အစ်ကို့လေး ကျွန်မနောက် လိုက်ခဲ့ပါ"

ဖုံးရှောင်က ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါအုံးဗျာ"

ထို့နောက်တွင် သူသည် ငါးကလေးကို ခေါ်ဆောင်၍ အိမ်ဖော်ကွေ့ကျုံးနောက်သို့ လိုက်သွားလေသည်။

◆ ◆ ◆

နောက်တစ်နေ့ နံနက်၌ မြို့စားကြီးသည် လွေ့အိမ်တော်သို့ ရောက်ရှိလာလေသည်။

လွေ့သည် ထိတ်ထိတ်ပျာပျာဖြင့် ထွက်ကြိုဆိုလိုက်သည်။

"မြို့စားကြီးကို ကြိုဆိုပါတယ် ခင်ဗျာ"

မြို့စားကြီးက လက်ကာပြလိုက်သည်။

"ကျုပ် အခုလာတဲ့ ကိစ္စက ခင်ဗျားဆီမှာ ကျုပ်တို့ကို တော်လှန်မယ့် သူပုန်တစ်ယောက် ရောက်နေတယ်လို့ သတင်းရတယ်၊ အဲဒါ ဖမ်းမလို့"

မြို့စားကြီးက ခရီးရောက်မဆိုက်ပင် ပြောဆိုလိုက်လေသည်။

လွေ့ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"မြို့စားကြီး မှားနေပြီထင်တယ်၊ ကျွန်တော်တို့ဆီမှာ သူပုန် မရှိပါဘူး"

"ခင်ဗျားဆီမှာ ရောက်နေတဲ့ ဧည့်သည်နာမည်က ဖုံးရှောင်

ဖုံးရှောင်က မချိုဖြုံးပြုံးလိုက်သည်။

"လက်ထပ်ဖို့ ပါလာတဲ့ ငွေတွေ လမ်းမှာ ဓားပြတိုက်ခံရလို့ ကုန်သွားပါပြီ၊ ဒါကြောင့် လက်ထပ်ပွဲကို ရွှေ့ဆိုင်းပေးပါလို့ တောင်းပန်ပါရစေ"

ဖုံးရှောင်က သူ၏အခြေအနေကို တင်ပြပြောဆိုလိုက်သည်။

လွေ့က ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ငွေမရှိလဲ ရပါတယ်၊ အခုလို တိုင်းပြည် မငြိမ်သက်တဲ့အခါမှာ ကျုပ်သမီးကို ဒီအတိုင်းထားလို့ ကျုပ်စိတ်မချလို့ မင်းအဖေဆီ စာရေးလိုက်တာပါ"

လွေ့က ဖုံးရှောင်အား သဘောကျစွာဖြင့် ကြည့်ကာ ပြောလိုက်သည်။

ဖုံးရှောင်က ငြင်း၍ မရမှန်း သိလိုက်သဖြင့် ပါးစပ်ပိတ်ထားလိုက်သည်။

လွေ့က စကားဆက်လိုက်သည်။

"ကဲ မင်း ခရီးလည်း ပန်းလာပြီ၊ အနားယူလိုက်အုံး၊ ငါ့သမီးနဲ့လဲ တွေ့ပေးပါဦးမယ်"

သူသည် ပြောပြီး အနီးရှိ အိမ်ဖော်အနီးသို့ လှည့်လိုက်သည်။

"ဒီမှာ ကွေ့ကျုံး၊ သူတို့ကို အသင့်ပြင်ထားတဲ့ အခန်း လိုက်ပို့စမ်း"

ကွေ့ကျုံးက ဖုံးရှောင်အား ဦးညွှတ်အလေးပြုလိုက်သည်။

မဟုတ်လား”

“ဟုတ်ပါတယ်၊ သူက တပည့်တော်မျိုးရဲ့ သမက်လောင်းပါ”

လွေ့က ဖုံးရှောင်ဘက်မှ ကာကွယ်ပြောဆိုသည်။

မြို့စားကြီးက ပြုံးလိုက်သည်။

“ငါတို့ အလိုရှိတာ သူပါပဲ”

လွေ့နှင့် ဇနီး ဖြစ်သူတို့သည် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

လွေ့သည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

“ဒီလိုဆိုလဲ မြို့စားကြီးက ဖမ်းနိုင်ပါတယ်”

မြို့စားကြီးက ခေါင်းညိတ်လိုက်သည်။

“ဒီလိုမှပေါ့။ အခု သူ ဘယ်မှာလဲ”

“သူ မရှိပါဘူး၊ အပြင်ခဏ သွားနေပါတယ်”

“အေး သူပြန်လာရင် ကျုပ်တို့ ဖမ်းမယ့်အကြောင်း မသိစေနဲ့၊ ဘယ်ကိုမှ မရောက်ရအောင် ထိန်းပေးထားစမ်းပါ”

မြို့စားကြီးက မှာကြားလိုက်သည်။

“ကောင်းပါပြီ ခင်ဗျား”

မြို့စားကြီးသည် ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

လွေ့သည် ခေါင်းငိုက်စိုက်ကျကာ ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆

ဖုံးရှောင်သည် ဇနီးလောင်းဖြစ်သူ လွေ့ကျင်းနှင့်အတူ ပန်းဥယျာဉ်ထဲ စကားပြောနေကြသည်။

ဖုံးရှောင်က လွေ့ကျင်းအား သေချာစွာ ကြည့်လိုက်သည်။

“လွေ့ကျင်း၊ ကျုပ်တို့ လူငယ်အချင်းချင်းတွေပဲ ပွင့်ပွင့်လင်းလင်း ပြောကြတာ ကောင်းမယ် ထင်တယ်”

လွေ့ကျင်းက မျက်လွှာပင့်ကြည့်လိုက်သည်။

“အစ်ကို ဘာပြောချင်လို့လဲ”

“မင်းမိဘက မင်းနဲ့ ငါ့ကို ပေးစားတာ၊ မင်းသဘောတူရဲ့လား”

ဖုံးရှောင်က မကွယ်မဝှက်ဘဲ တိုက်ရိုက်မေးလိုက်၏။

လွေ့ကျင်းက ခေါင်းညိတ်ပြလိုက်သည်။

“မိဘရဲ့စကားကို ကျွန်မ မပယ်တတ်ပါဘူး”

ဖုံးရှောင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ထို့နောက် လွေ့ကျင်းအား တစ်ချက်ကြည့်ကာ...

“မင်းကိုယ်ပိုင် သဘောရော”

လွေ့ကျင်းက ခေါင်းငုံ့ထားလိုက်သည်။ မည်သို့မျှ ပြန်မဖြေပါ။ ဖုံးရှောင်က စကားဆက်လိုက်သည်။

“အိမ်ထောင်တစ်ခု ပြုတယ်ဆိုတာ မိဘက သဘောတူပေမယ့် ကိုယ်တိုင်က သဘောတူ ကြည်ဖြူမှ ကောင်းတယ် မဟုတ်လား”

လွေ့ကျင်းက ခေါင်းညိတ်လိုက်သည်။

“ကျွန်မ ငြင်းစရာ မရှိပါဘူးရှင့်”

ဖုံးရှောင်က ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာ"

သူသည် လွေ့ကျင်း၏လက်ကို ဆုပ်ကိုင်ရန် ဟန်ပြင်လိုက်၏။

သို့သော် ထိုခဏမှပင် ရုတ်တရက် မန်ချူးစစ်သားများသည် ဥယျာဉ်ထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖုံးရှောင်က ဆတ်ခနဲ ထလိုက်၏။

သူသည် လွေ့ကျင်းအား စူးရဲစွာ ကြည့်ကာ...

"မင်းတို့က ငါ့ကို မန်ချူးလက်ကို အပ်တာကိုး"

လွေ့ကျင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"မဟုတ်ရပါဘူးရှင်၊ ကျွန်မကို အထင်မလွဲပါနဲ့"

ဖုံးရှောင်က အံကို တင်းတင်းကြိတ်လိုက်၏။

"လက်တွေ့ တွေ့နေတာတောင် မင်းက ငြင်းချင်သေးတာကိုး"

သူသည် မန်ချူးစစ်သားများကို ခုခံရင်း ပြေးလွှားသွားလေတော့သည်။

လွေ့ကျင်းသည် ငိုကြွေး၍ ကျန်ရစ်ခဲ့လေတော့သည်။

ဖုံးရှောင်က သူမတို့အား အထင်လွဲသွားခဲ့ချေပြီတကား။

◆ ◆ ◆

ရှောင်လင်ကျောင်း၏ကံကြမ္မာ

ဝိဋ္ဌကတ်တိုက်၏ တာဝန်ခံဖြစ်သူ ဘုန်းတော်ကြီးဖူးကြွယ်သည် သူသီတင်းသုံးတော်မူသော အခန်းတွင် ပျံလွန်တော်မူနေသည်ကို တွေ့ရှိရလေသည်။

ရှောင်လင်ကျောင်းထိုင်နှင့် ထိပ်တန်းပုဂ္ဂိုလ်တို့သည် ဖူးကြွယ်ကိုယ်တော် သေဆုံးသည့် အကြောင်းများကို စစ်ဆေးကြည့်ရှုရာ ဖူးကြွယ်၏ရင်ပတ်ပေါ်တွင် လက်ဝါးရာတစ်ခုကို တွေ့ရှိလိုက်ရလေသည်။

ကျောင်းထိုင်က အတန်ကြာ စစ်ဆေးပြီးသောအခါ...

"ဖူးကြွယ် ပျံလွန်တော်မူတာဟာ သံမဏိလက်ဝါးကြောင့် ဖြစ်တယ်လို့ ကျုပ်အတိအကျ ယူဆပါတယ်"

ဟုမှတ်ချက်ချလိုက်လေသည်။

ဖူးခုံးကိုယ်တော်က မျက်မှောင်ကုပ်သွားသည်။

သူသည် ကျောင်းထိုင်ဆရာတော်အား တစ်ချက်ကြည့်ကာ ခေါင်းယမ်းပြလိုက်၏။

"မဖြစ်နိုင်ဘူး ထင်တယ်"

ကျောင်းထိုင်က သူ့အား ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဖူးခုံးက...

"ကျုပ်တို့ ရှောင်လင်ကျောင်းထဲမှာ သံမဏိလက်ဝါး သိုင်းပညာကို တတ်မြောက်ထားတဲ့လူဟာ နှစ်ယောက်ပဲ ရှိတယ်"

ကျောင်းထိုင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တခြားကိုယ်တော်တွေ တစ်ယောက်နှစ်ယောက်လဲ တတ်ပါတယ်၊ ဒါပေမယ့် ဖြစ်ဖြစ်မြောက်မြောက်တတ်တဲ့လူဆိုလို့ ကျုပ်နဲ့ ဖူးကြွယ်ပဲ ရှိတယ်"

ဖူးခုံးက ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် လူသတ်တရားခံဟာ ဖူးကြွယ်ထက် ပညာသာမှ ဖြစ်နိုင်တယ်၊ လက်ရှိ ရှောင်လင်ကျောင်းထဲမှာ ကျောင်းထိုင်ကလွဲလို့ ဘယ်သူမှ သူ့ကို သတ်လို့ မရပါဘူး"

သူသည် စကားဆက်လိုက်သည်။

"ဒါပေမယ့် ကျောင်းထိုင်က သူ့ကို သတ်စရာအကြောင်းလုံးဝ မရှိနိုင်ပါဘူး"

ကျောင်းထိုင်က ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်၊ ကျုပ်က သူ့ကို သဘောမကျရင် သူ့ကို ရှောင်လင်ကျောင်းကနေ မောင်းထုတ်နိုင်တယ်၊ သူ့ကို သတ်တဲ့အထိ မလိုပါဘူး"

ဖူးခုံးက...

"ဟုတ်ပါတယ်၊ ဒါကြောင့် ဖူးကြွယ် သတ်တဲ့ တရားခံ ဘယ်သူလဲဆိုတာ မစုံစမ်းမိခင် လူသတ်ကောင်ဟာ ဘာကြောင့် ဖူးကြွယ်ကို သတ်တယ်ဆိုတာ အရင်ဆုံး လေ့လာစုံစမ်းရဦးမယ်"

ဖူးခုံး တွက်ဆချက်ကို လက်ခံရမည်သာ ဖြစ်၏။

ကျောင်းထိုင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ဟုတ်တယ်၊ ဖူးကြွယ်ကို ဘာကြောင့် သတ်တယ်ဆိုတာ ကျုပ်နည်းနည်းပါးပါး အကဲခတ်မိတယ်"

ကျောင်းထိုင်၏စကားကြောင့် ကျန်ရှိနေသော ကိုယ်တော်များသည် နားစွင့်နေကြသည်။

ကျောင်းထိုင်က စကားဆက်လိုက်သည်။

"ကျင်းစန်းက ဘုရင့်တံဆိပ်ကို ဝိုက်ပြီး တို့ဆီ ရောက်လာမယ့်အကြောင်းကို ရှောင်လင်ကျောင်းတစ်ကျောင်းလုံးက သိထားကြတယ် မဟုတ်လား"

ဖူးကြည်က ခေါင်းညိတ်လိုက်၏။

"ကြားမိပါတယ် ဘုရား"

"အေး မင်းတို့ ကြားသလို မန်ချူးတွေကလည်း သတင်းအပြည့်အစုံ ရထားမှာပဲ"

"ဟုတ်ပါတယ်၊ ကျောင်းထိုင်ဆရာတော်"

ကျောင်းထိုင်က ပြုံးလိုက်သည်။

"အခုအချိန်ဟာ အမှန်အတိုင်း ဖွင့်ပြောရမယ့် အချိန်ရောက်လာပြီမို့ ကျုပ်ဖွင့်ပြောရဦးမယ်"

အားလုံးက နားစွင့်နေကြသည်။

ကျောင်းထိုင်က စကားဆက်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် ကျင်းစန်းမှာ ရှိတဲ့ ဘုရင့်တံဆိပ်တုံးဆိုတာ အစစ်မဟုတ်ဘူး"

သူ၏စကားကြောင့် ဘုန်းတော်ကြီးအားလုံး အံ့သြကုန်ကြလေသည်။

ဖူးခုံးက မျက်မှောင်ကြုတ်သွားသည်။

တစ်ချို့က ကျောင်းထိုင်ဆရာတော်အား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်ကြ၏။

"သူ့ကို ဘာဖြစ်လို့ တံဆိပ်တော်အတု ပေးလိုက်ရတာလဲ"

ကျောင်းထိုင်က ပြုံးလိုက်သည်။

"ရန်သူရဲ့အာရုံကို ကျင်းစန်းဘက် ရောက်ရှိသွားအောင် ဆင်ထားတဲ့ ပရိယာယ်ပဲ ဖြစ်တယ်"

ဖူးခုံးက ခေါင်းညိတ်လိုက်၏။

"ဒါကြောင့် မန်ချူးတို့က ကျင်းစန်းနောက်ကို သဲသဲမဲမဲလိုက်နေတာကိုး"

ဖူးကြည်က ကျောင်းထိုင်ဆရာတော်ကား အကဲခတ်သလို တစ်ချက်ကြည့်ကာ...

"ဒါဖြင့် တံဆိပ်တော်အစစ်ကော"

ကျောင်းထိုင်က စကားတစ်လုံးချင်း ပြောချလိုက်သည်။

"တံဆိပ်တော်အစစ်က ဤတို့ရှောင်လင်ကျောင်းမှာ ပို့ထားဘာပါ၊ သုံးလ၊ လဆန်းသုံးရက်နေ့ကျယင် ကျားနှစ်ယောက် ရောက်လာပါလိမ့်မယ်၊ တံဆိပ်တော်ကို နန်ကင်းကို ဆက်ပို့ဖို့ သူတို့ဘာဝန်ယူပါလိမ့်မယ်"

ဖူးခုံးက...

"အဲဒါနဲ့ ဖူးကြွယ် အသတ်ခံရတာနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

ကျောင်းထိုင်က သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက် စကားဆက်လိုက်ပြန်သည်။

"ဆိုင်တာပေါ့ကွယ်"

သူသည် သက်ပြင်းတစ်ချက် ထပ်မံချလိုက်သည်။

ထို့နောက် စကားဆက်လိုက်ပြန်သည်။

"ဖူးကြွယ်ရဲ့တာဝန်က ပိဋိကတ်ရဲ့ တာဝန်ယူထားတဲ့ပုဂ္ဂိုလ်တစ်ယောက် မဟုတ်လား"

ဖူးခုံးနှင့် ဖူးကြည်တို့သည် အာရုံစိုက်စွာ နားစွင့်နေသည်။

ကျောင်းထိုင်က စကားဆက်လိုက်ပြန်သည်။

"လူသတ်ကောင်ဟာ တံဆိပ်တော်အစစ်က ပိဋိကတ်တိုက်မှာ ရှိတယ်လို့ ယူဆပြီး သွားရှာပါလိမ့်မယ်၊ ဖူးကြွယ်က တွေ့သွားတဲ့အခါကျတော့ သူ့အကြောင်း ပေါ်သွားမှာဆိုးလို့ ဖူးကြွယ်ကို နှုတ်ပိတ်လိုက်တာပေါ့"

ဖူးကြည်က မျက်မှောင်ကြုတ်သွားသည်။

"ကျောင်းထိုင်ဆိုလိုတာက.."

ကျောင်းထိုင်က ခေါင်းညိတ်လိုက်သည်။ နှုတ်မှလည်း အလွန်တရာ အေးဆေးတည်ကြည်စွာဖြင့်...

"ဟုတ်တယ်၊ ကျုပ်တို့ ရှောင်လင်ကျောင်းထဲမှာ သူလျှို ရှိနေတယ်"

သူ၏စကားကြောင့် ဘုန်းတော်ကြီးအားလုံးတို့သည် ထိတ်လန့်တုန်လှုပ်ထားမိကြလေတော့သည်။

ထိုစဉ် ဖူးယင်ဘုန်းတော်ကြီးက ရောက်ရှိလာသည်။

သူသည် ကျောင်းထိုင်အား ဦးညွှတ်အရိုအသေ ပြုလိုက်၏။

"ယခုမှ ဖူးကြွယ်ရဲ့သတင်းကို ကြားလို့ လာခဲ့တာပါ"

ဖူးယင်က ဦးညွှတ်လိုက်သည်။

"တင့်ပါဘုရား"

ကျောင်းထိုင်က ထိုင်ရာမှ ထလိုက်သည်။

"အားလုံး ကိုယ့်နေရာကိုယ် ပြန်နိုင်ပါပြီ၊ လူသတ်တရားခံကို မကြာမီ အချိန်အတွင်းမှာ ကျုပ်အမိန့်အရ ဖမ်းဖို့ စီစဉ်ထားပြီးပါပြီ"

တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

အားလုံးက ကျောင်းထိုင်ဆရာတော်ကို ကြည့်လိုက်ကြသည်။

ကျောင်းထိုင်က တရားခံအား ဖော်ထုတ်ဖမ်းဆီးရန် စီစဉ်ထားပြီဟု ပြောနေသည်။

မည်သို့ စီစဉ်ထားပါသနည်း။

တရားခံက မည်သူမည်ဝါ ဖြစ်ပါသနည်း။

ကျောင်းထိုင်က တရားခံကို သိနေပြီလော။

အားလုံး စိတ်လှုပ်ရှားနေပြီး အဖြစ်မှန်ကို သိလိုစိတ် ပြင်းပြနေကြသော်လည်း ထုတ်ဖော်မေးမြန်းခြင်း မပြုကြပါချေ။

အချိန်တန်လျှင် အဖြေပေါ်လာလိမ့်မည် မဟုတ်ပါလား။

အားလုံးသည် ကျောင်းထိုင်ကို ဦးညွှတ်ကာ အလျှိုအလျှို ထွက်ခွာသွားကြလေတော့သည်။

♦ ♦ ♦

လေးလံသော ထင်းစည်းကြီးများ ကိုယ်စီ ထမ်းလာခဲ့ရခြင်းကြောင့် နှစ်ယောက်စလုံး မောပန်းနေကြပြီ ဖြစ်လေသည်။

ထို့ကြောင့်...

လမ်းချိုးကွေ့တစ်နေရာရှိ အနားယူ အပန်းဖြေရန် ဆောက်လုပ်ထားသော တစ်နေရာသို့ ရောက်လာသောအခါ...

"မျက်ပြူး၊ ငါတို့ သည်မှာ ခဏနားကြမယ်"

ဝေဖန်းက ပြောလိုက်သည်။

"ကောင်းပါပြီ ဆရာ"

မျက်ပြူးလည်း သဘောတူလိုက်သည်။

နှစ်ယောက်သား ထင်းစည်းများကို ဝုန်းခနဲ ဝုန်းခနဲ ပစ်ချကာ အပန်းဖြေ အဆောင်ထဲ လှမ်းဝင်လိုက်ကြသည်။

နဖူးပေါ်မှ ချွေးများကို သုတ်ရင်း အနားယူလိုက်မည်ဟု အားခဲကာ ကြမ်းပြင်ပေါ် ထိုင်ချရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော်...

နှစ်ယောက်သား တင်ပါးနှင့် ကြမ်းပြင် မထိတွေ့မီမှာပင် ငေါက်ခနဲ ငေါက်ခနဲ ပြန်ထလိုက်ကြလေသည်။

အကြောင်းကား...

အပန်းဖြေဆောင်ထဲ ဝင်လာသူတစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူကား ရှောင်လင်ကျောင်းမှ အားလုံးသော လူများကြောက်ရွံ့ရိုသေရသည့် ကျောင်းထိုင်ဆရာတော် ဖြစ်နေပါတော့သည်။

ပရိယာယ်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ရှောင်လင်ကျောင်းမှ ဘုန်းကြီးတစ်ပါးနှင့် ကိုရင်တစ်ပါးသည် ထင်းခွေရာမှ ပြန်လာကြလေသည်။

ကိုရင်မှာ နေရာတကာ စပ်စပ်စုစု လုပ်တတ်သော မျက်ပြူးဆိုသည့်ကိုရင် ဖြစ်သည်။

ဘုန်းကြီးကား မျက်ပြူး၏ဆရာ 'ဝေဖန်း' ဖြစ်လေသည်။

မျက်ပြူးနှင့် ဝေဖန်း ဆရာတပည့်နှစ်ယောက်သည် တောထဲ ထင်းခွေသွားပြီး ထင်းစည်း ကိုယ်စီထမ်းကာ ပြန်လာခဲ့ကြခြင်း ဖြစ်လေသည်။

"ဆရာတော်ကို ဂါရဝပြုပါတယ်"

ဝေဖန်းနှင့် မျက်ပြူးတို့ ကပျာကယာ ဂါရဝပြုလိုက်ကြလေသည်။

ကျောင်းထိုင် လက်ကာပြလိုက်သည်။

"ကိစ္စ မရှိဘူး၊ မင်းတို့ ခဏထိုင်ပြီး အမောဖြေလိုက်ကြပါဦး"

"ကျွန်တော်တို့..."

"ကျုပ်ကို အားနာစရာ မလိုပါဘူးလေ"

ဝေဖန်းနှင့် မျက်ပြူးတို့က ကျောင်းထိုင်၏စကားကို မလွန်ဆန်ဝံ့သဖြင့် ကြမ်းပြင်ပေါ် ထိုင်ချလိုက်ကြရလေသည်။

ကျောင်းထိုင်ဆရာတော်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသဖြင့် နှစ်ယောက်သား ပင်ပန်းနွမ်းနယ်မှုများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတော့သည်။

ကျောင်းထိုင်၏အသွင်မှာလည်း အရေးကြီးသည့်အသွင် ရှိနေသည် မဟုတ်ပါလား။

ခဏကြာမှ ကျောင်းထိုင်က...

"အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိလို့ မင်းတို့ကို ငါလာပြီး စောင့်နေတာ"

ဟုစကားစလာလေသည်။

ဝေဖန်း ဦးညွှတ်လိုက်ပြန်သည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာတော်"

မျက်ပြူးကား သူတို့ ထင်းခွေသွားရာ မိုးချုပ်ကာနီးမှ ပြန်

သာကြသဖြင့် တမင် အချိန်ဖြုန်းနေသည်ဟု ကျောင်းထိုင်က ယူဆကာ အပြစ်ပေးလိမ့်မည် ထင်ပြီး ကြောက်လန့်တကြား ဖြစ်နေသည်။

ကျောင်းထိုင် ဘာမှမမေးရ မပြောရသေးဘဲ ရှင်းပြလိုက်လေသည်။

"တပည့်တော်တို့ တမင် အချိန်ဖြုန်းနေတာ မဟုတ်ပါဘူး၊ ထင်းတွေ ပိုရအောင် ခပ်ဝေးဝေးအထိ သွားပြီး ထင်းခွေနေခဲ့ရတာကြောင့် နောက်ကျသွားပြီး မိုးချုပ်သွားတာပါ ခင်ဗျာ"

ကျောင်းထိုင် ပြုံးလိုက်သည်။

"မင်းတို့ ထင်းခွေသွားတဲ့ ကိစ္စက အရေးမကြီးပါဘူးလေ၊ ငါက တခြားကိစ္စတစ်ခုနဲ့ မင်းတို့ကို လာပြီး စောင့်နေတာပါ"

မျက်ပြူး ယခုမှ စိတ်သက်သာရာရသွားလေသည်။

ဝေဖန်းလည်း သက်ပြင်းချလိုက်လေသည်။

ကျောင်းထိုင်က အသင့်ပါလာသော 'ဘူးကလေး'တစ်ခုကို လှမ်းပေးလေသည်။

"သည်ဘူးကလေးကို ပို့ခိုင်းမလို့"

မျက်ပြူးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

အချင်းချင်း ကြည့်လိုက်ကြလေသည်။

"ယူထားပါ"

ကျောင်းထိုင် ပြောသောအခါ ဝေဖန်း လက်ခံယူလိုက်ရလေသည်။

ကျောင်းထိုင်က...

"သည်ဘူးကလေးကို ဂရုစိုက် စောင့်ရှောက်ပြီး မင်းတို့

သွားပို့ပေးကြရလိမ့်မယ်”

မျက်ပြူးက...

“ကျွန်တော်တို့ ဘယ်နေရာကို သွားပို့ပေးရမှာလဲ ခင်ဗျာ”

ကျောင်းထိုင်က ရုတ်တရက် အဖြေမပေးသေးဘဲ ဘူးကလေးအကြောင်း ပြောပြလိုက်သည်။

“သည်ဘူးကလေးကို ပေါ့ပေါ့တန်တန် သဘောမထားကြပါနဲ့၊ ဘူးထဲမှာ ဘုရင့်တံဆိပ်တော်ပါတယ်”

“ဟင်”

“ဟာ”

ဝေဖန်းနှင့် မျက်ပြူးတို့ လူပ်လူပ်ရှားရှား ဖြစ်သွားကြလေသည်။

ဝေဖန်းက...

“ဘုရင့်တံဆိပ်တော် ဟုတ်လား၊ ဆရာတော်”

ကျောင်းထိုင် ခေါင်းညိတ်လိုက်လေသည်။

“ဟုတ်တယ်”

“ကျွန်တော်တို့က ဘုရင့်တံဆိပ်တော်ကို ယူပြီး ဘယ်ကို သွားပို့ပေးရမှာလဲ ခင်ဗျာ”

မျက်ပြူး ဝင်မေးလိုက်ခြင်း ဖြစ်လေသည်။

ကျောင်းထိုင်က...

“တောင်ခြေရင်းမှာ ဘုံကျောင်းပျက်တစ်ခု ရှိတယ်ဆိုတာ မင်းတို့သိတယ် မဟုတ်လား”

“ဟုတ်ကဲ့ သိပါတယ်”

“အေး အဲသည် ဘုံကျောင်းပျက်ကို ပို့ပေးရမှာ”

ဝေဖန်းက...

“ဆရာတော် တောင်ခြေက ဘုံကျောင်းပျက်မှာ ဘယ်သူမှ မရှိတာ ဘယ်လိုပို့ပေးရမှာလဲ”

“ကိစ္စမရှိဘူး၊ မင်းတို့ ရောက်သွားတဲ့ အချိန်မှာ သည်ဘူးကလေးကို လက်ခံမယ့်လူ ရောက်လာလိမ့်မယ်”

“ဩော်”

ဝေဖန်း သဘောပေါက်သွားလေသည်။

တောင်ခြေဘုံကျောင်းသည် စွန့်ပစ်ထားသော ဘုံကျောင်းတစ်ခု ဖြစ်သည်။

နေထိုင်မည့်သူ မရှိခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိခြင်းကြောင့် ပျက်စီးယိုယွင်းနေပြီ ဖြစ်လေသည်။

ထိုဘုံကျောင်းပျက်သို့ တစ်ခုံတစ်ယောက် ရောက်လာလိမ့်မည် ဖြစ်သည်။

ကျောင်းထိုင်ဆရာတော်နှင့် ချိန်းထားသူ ရောက်လာလျှင် ထိုလူ လက်ထဲသို့ ဘူးကလေး ပေးအပ်လိုက်ရမည် ဖြစ်လေသည်။

ကျောင်းထိုင်က...

“မင်းတို့က ဘုံကျောင်းပျက်မှာ စောင့်နေရမယ်၊ ညကျရင် ကျားနှစ်ကောင် ရောက်လာလိမ့်မယ်၊ ဘူးကလေးကို သူတို့လက်ထဲ အပ်လိုက်ရလိမ့်မယ်’

ဝေဖန်းနှင့် မျက်ပြူးတို့ ပြုံင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

ကျောင်းထိုင်သည် ဘူးကလေးကို ပေးအပ်ပြီး ပြန်လည် ထွက်ခွာသွားလေတော့သည်။

♦ ♦ ♦

ကျောင်းထိုင် ထွက်သွားပြီ ဖြစ်လေသည်။

ဝေဖန်းနှင့် မျက်ပြူးတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

မျက်ပြူးက...

"ကျောင်းထိုင်ဆရာတော်က ဘယ်လိုသဘောလဲ မသိဘူး" ဟုပြောလိုက်သည်။

ဝေဖန်းက...

"တစ်ခုခုတော့ တစ်ခုခုပဲကွ၊ ခုတလော မျိုးချစ်သိုင်း သမားတွေကို စုစည်းဖို့ တို့ရှောင်လင်ကျောင်းက တာဝန်ယူ လုပ်ရှား နေတယ်လို့ သတင်းတွေ ထွက်ပေါ်နေတာပဲ မဟုတ်လား၊ သည်ကိစ္စ နဲ့ ပတ်သက်နေလိုမ့်မယ်"

လက်ထဲမှ ဘူးကလေးကို မြှောက်ပြလိုက်သည်။

"သည်ဘူးလေးထဲမှာ ဘုရင့်တံဆိပ်တော်ပါတယ်လို့ ပြော သွားတာပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဘုရင်မင်းမြတ်က သူ့ကိုယ်စား တာဝန်ယူ ဆောင်ရွက်နိုင် အောင် တံဆိပ်တော်ကို အပ်နှင်းလိုက်တာပဲ ဖြစ်မယ်၊ အမိန့်တံဆိပ်

တော်လက်ထဲ ကိုင်ထားတဲ့လူရဲ့ အမိန့်ကို ဘုရင့်အမိန့်လို့ သဘော ထားရတယ် မဟုတ်လား"

မျက်ပြူးက...

"ကျောင်းထိုင်က ဘုရင့်ကိုယ်စား သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းမယ်ဆိုရင် တော်တော်အရေးကြီးတဲ့ကိစ္စပဲ ဖြစ် မယ်၊ မန်ချူးတွေက လက်ပိုက်ကြည့်နေပါ့မလား"

ဝေဖန်း သက်ပြင်းချလိုက်သည်။

"ကျောင်းထိုင်က လုပ်သင့်လုပ်ထိုက်တယ် ထင်လို့ လုပ်တဲ့ ကိစ္စ တို့ ဘာမှ ပြောစရာအကြောင်း မရှိဘူး၊ တို့တတွေ ကျောင်းထိုင် ခိုင်းသလို လုပ်ကြဖို့ပဲ ရှိတယ်၊ ကဲ သွားကြမယ်"

"ကောင်းပါပြီဗျာ"

ထို့နောက် နှစ်ယောက်သား ထင်းစည်းများကိုပင် အမှု မထားတော့ဘဲ အပန်းဖြေအဆောင်ကလေးမှ ထွက်သွားကြလေ တော့သည်။

♦ ♦ ♦

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက စိုးမိုးထားလိုက်သည်။

အပန်းဖြေအဆောင်ကလေးမှ ထွက်လာကြသော ဝေဖန်းနှင့် မျက်ပြူးတို့မှာ တောင်ခြေဘုံကျောင်းပျက်လေးသို့ ရောက်ရှိလာကြလေသည်။

ဘုံကျောင်းပျက်လေးမှာ ညအမှောင်ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဝေဖန်းနှင့် မျက်ပြူးတို့သည် ဘုံကျောင်းပျက်လေးနှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်ကြသည်။

မျက်ပြူးက...

"ဘုံကျောင်းပျက်လေးကို ကြည့်ရတာ တစ္ဆေသရဲတစ်ကောင် ငုတ်တုတ်ထိုင်နေသလိုပဲ"

ဝေဖန်းက...

"အေး မင်းပြောတာနဲ့ ငါတောင် ကြောက်လာပြီ၊ ဒါပေမယ့် မသွားလို့ မဖြစ်ဘူးကွ"

မှန်ပေသည်။ သူတို့သည် တစ္ဆေသရဲထက် ကျောင်းထိုင်ကို ပို၍ ကြောက်ရွံ့ကြသည် မဟုတ်ပါလား။

"ကဲ...လာ"

ဝေဖန်း ရှေ့က လျှောက်သွားသောအခါ မျက်ပြူးလည်း မလိုက်ချင် လိုက်ချင်ဖြင့် လိုက်သွားရလေတော့သည်။

ဘုံကျောင်းပျက်လေးရှေ့သို့ ရောက်သွားသောအခါ ဝေဖန်းက ခြေလှမ်းရပ်လိုက်လေသည်။

မျက်ပြူးက...

"ဆရာဝေဖန်းက တော်တော်လေးစားစရာ ကောင်းတာပဲ"

"ဘာကွ၊ ငါက ဘာတွေ ဖြစ်နေလို့လဲ"

"သတ္တိတော်တော်ကောင်းနေလို့ပေါ့"

"ငါ မသွားလို့မှ မဖြစ်တာ၊ ကျောင်းထိုင်ဆရာတော် ခိုင်းထားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာဝေဖန်း၊ သတ္တိကောင်းတော့ ဆရာပဲ ဘုံကျောင်းပျက်ထဲ ဝင်သွားပြီး ဘူးကလေးကို ပေးလိုက်တာ ကောင်းမယ်"

"မင်းကော"

"ကျွန်တော်ကတော့ အပြင်ဘက်မှာ စောင့်နေမယ်လေ"

ဝေဖန်း ခေါင်းခါယမ်းလိုက်သည်။

"မင်းမလိုက်လို့ မဖြစ်ဘူး"

"မလုပ်ပါနဲ့၊ ဆရာဝေဖန်းရယ်၊ ကျွန်တော်ကြောက်တယ်၊ မလိုက်ရဲဘူးဗျ"

"ဩော်"

ဝေဖန်း ခါးထောက်လိုက်သည်။

"မင်းက ဘာတွေကို ကြောက်နေတာလဲ ပြောစမ်းပါဦး"

မျက်ပြူးက...

"ရှောင်လင်ကျောင်းမှာ ပြဿနာတွေ ဖြစ်ပေါ်နေတာကို

ဆရာဝေဖန်းလည်း သိတာပဲ”

“ဘာလဲ မင်းက လူသတ်ကောင်ကို ကြောက်နေတာလား ကွ”

“ဟုတ်ပါတယ်ဗျာ”

ဝေဖန်း ခေါင်းညိတ်လိုက်သည်။

“လူသတ်ကောင်က သည်ဘုံကျောင်းပျက်ထဲမှာ ရောက် ချင်ရောက်နေလိမ့်မယ်လို့ မင်းထင်နေတာလား”

“ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် အထဲကို မလိုက်ပါရစေနဲ့၊ အပြင်ကပဲ စောင့်နေပါရစေဗျာ”

မျက်ပြူးက တောင်းပန်လိုက်လေသည်။

ဝေဖန်းက...

“အေး မင်းအပြင်မှာ စောင့်နေတော့ ဟုတ်ပါပြီ၊ လူသတ် ကောင်က အထဲမှာ မရှိဘဲ အပြင်မှာဆိုရင်ကော”

“ဗျာ”

“ပြောရင်းဆိုရင်း မင်းနောက်ကို ရောက်လာနေပြီဆိုရင် ကောတွာ”

“ဟာ”

မျက်ပြူး အထိတ်တလန့် နောက်လှည့်ကြည့်လိုက်လေ သည်။

“ဟားး...ဟားး...ဟားး”

ဝေဖန်းသည် မျက်ပြူး ထိတ်လန့်သွားသည်ကို ကြည့်ကာ ရယ်မောလိုက်လေသည်။

“ဘယ်လိုလဲ မင်းအပြင်ဘက်မှာ နေခဲ့ချင်သေးသလား”

မျက်ပြူး ခေါင်းခါယမ်းလိုက်သည်။

“ဟင့်အင်း မနေခဲ့တော့ဘူး၊ ကျွန်တော်လဲ အထဲကို လိုက်ခဲ့ မယ်”

“သည်လိုလုပ်စမ်းပါကွ”

ဝေဖန်းက ဘုံကျောင်းပျက်ထဲ ဝင်သွားသောအခါ မျက်ပြူး လည်း လိုက်သွားလေတော့သည်။

♦ ♦ ♦

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာပြီ ဖြစ်သည်။

ပေါက်ပြဲနေသော ခေါင်မိုးအပေါက်များမှတဆင့် လရောင်က ဘုံကျောင်းပျက်ထဲ တိုးဝင်လာလေသည်။

ဝေဖန်းနှင့် မျက်ပြူးတို့သည် ဘုံကျောင်းပျက်ထဲသို့ ရောက် ရှိလာကြပြီ ဖြစ်လေသည်။

မသဲမကွဲ လရောင်အလင်းကို အားပြုကာ သတိကြီးစွာဖြင့် ဝင်လာခဲ့ကြခြင်းလည်း ဖြစ်လေသည်။

ဝေဖန်းက ဟိုဟိုသည်သည် အကဲခတ်ကြည့်နေ၏။

မျက်ပြူးက ဘုရားစာကို တတွတ်တွတ် ရွတ်ဆိုနေလေ သည်။

သို့ဖြင့် နှစ်ယောက်သား ဘုံကျောင်းပျက်ထဲသို့ ရောက်မှန်း မသိ ရောက်ရှိသွားလေသည်။

ထိုအခါ...

ဘုံကျောင်းပျက်ထောင့် တစ်နေရာရှိ နံရံအနီးတွင် လူတစ်ယောက် ရပ်နေသည့် လူရိပ်ပုံသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရလေသည်။

"ဟိုမှာ...ဟိုမှာ"

မျက်ပြူးက လက်ညှိုးထိုးပြလိုက်သည်။

ဝေဖန်းက...

"တိတ်တိတ်နေစမ်းပါကွာ၊ ငါတွေ့ပါတယ်"

ထိုလူရိပ်က လှုပ်ရှားလာသည်။

ရှေ့သို့ လှမ်းထွက်လာခြင်း ဖြစ်လေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ခမောက်ဆောင်းထားသူ ဖြစ်နေသည်ကို တွေ့ရလေသည်။

ဝေဖန်းနှင့် မျက်ပြူးတို့ ခြေလှမ်း ရပ်သွား၏။

ခမောက်ဆောင်းထားသူက သူတို့နှင့် မလှမ်းမကမ်းသို့ ရိပ်ခနဲ ရောက်လာသည် မဟုတ်ပါလား။

ထိုလူက လက်ဝါးဖြန့်လိုက်လေသည်။

"မင်းတို့လက်ထဲက 'ဘူး' ကျုပ်ကို ပေးပါ"

ထိတ်လန့်နေသော ဝေဖန်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

ခမောက်ဆောင်းထားသူက...

"ဒါက ဘာသဘောလဲ၊ ဘူးကလေးကို ပေးမလား၊ မပေးဘူးလား"

ဝေဖန်းက ဘူးလေးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။

"တောက်"

ခမောက်ဆောင်းထားသူ ဒေါပွသွားကာ လျှပ်တပြက် ချဉ်းကပ်လာပြီး တိုက်ခိုက်လိုက်လေသည်။

"မပေးဘူး"

ဝေဖန်းနှင့် မျက်ပြူးတို့က နောက်ဆုတ် ထွက်ပြေးရန် ကြိုးစားလိုက်ကြလေသည်။

သို့သော် ခမောက်ဆောင်းထားသူ၏လက်ထဲမှ မလွတ်မြောက်နိုင်ပါချေ။

"ဝုန်း...ဝုန်း"

ခမောက်ဆောင်းထားသူက တိုက်ခိုက်လိုက်ရာ ဝေဖန်းနှင့် မျက်ပြူးတို့မှာ ဘုံကျောင်းပျက်လေး အပြင်ဘက်သို့ လွင့်စဉ်သွားကြလေတော့သည်။

◆ ◆ ◆

ဝေဖန်းနှင့် မျက်ပြူးတို့ အပြင်ဘက် လွှင့်စဉ်သွားကြလေသည်။

သူတို့၏လက်ထဲမှ ဘူးလေး လွှင့်စင်ကျသွား၏။

ခမောက်ဆောင်းထားသူက ရိပ်ခနဲ လှုပ်ရှားပြီး ဘူးလေးကို ကောက်ယူလိုက်သည်။

လက်ထဲ ဘူးကလေး ရောက်သည်နှင့် ထွက်ပြေးသွားဖို့ ကြိုးစားလိုက်ရလေသည်။

သို့သော်...

ဘုံကျောင်းပျက် အပြင်ဘက်သို့ ရောက်ရှိသွားသည်နှင့် ဆက်လက် ပြေးသွား၍ မရတော့ဘဲ ခြေလှမ်းရပ်လိုက်ရလေတော့သည်။

"ရပ်လိုက်"

ဟန့်တားသံက တိတ်ဆိတ်နေသော ညဉ့်ယံတွင် ဟိန်း၍ ထွက်ပေါ်လာလေသည်။

မီးရောင်များလည်း ထွက်ပေါ်လာကာ ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလေတော့သည်။

ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီးများက လေးဘက် လေးတန်မှ ဝိုင်းရံထားသည်ကို တွေ့လိုက်ရတော့သည်။

ဦးဆောင်သူကား ရှောင်လင်ကျောင်းထိုင် ဖြစ်လေသည်။

ကျောင်းထိုင်က တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

"တကာကြီး ခမောက်ချွတ်လိုက်ပါတော့"

"ဟား...ဟား...ဟား"

ခမောက်ဆောင်းထားသူ ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့က ထောင်ချောက်ဆင်ထားတာကိုး"

ထောင်ချောက်ထဲ ရောက်ရှိနေပြီ ဖြစ်ကြောင်း နားလည်သိုက်သက့်သို့ သူလုယူထားသော ဘူးကလေးမှာလည်း ထောင်ချောက်ဆင်ရာ၌ အသုံးပြုခြင်း ဖြစ်၍ အရေးပါတော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

"တောက်"

လုယူထားသော ဘူးကလေးကို လွှင့်ပစ်လိုက်လေသည်။

ကျောင်းထိုင်က...

"တကာကြီး ဘယ်သူလဲ ပြောပါ"

ဟုမေးလိုက်သည်။

ခမောက်ဆောင်းထားသူ ခေါင်းခါယမ်းလိုက်သည်။

"မပြောနိုင်ဘူး"

"ဒါဖြင့် ခမောက်ချွတ်လိုက်ပါ"

"မချွတ်နိုင်ပါဘူးဗျာ"

"ဒါဆို ကျုပ်တို့က အင်အားသုံးမှ ဖြစ်တော့မယ် ထင်တယ်"

ခမောက်ဆောင်းထားသူက ထိုးဖောက်ထွက်ပြေးရန် အကွက်ချောင်းနေလိုက်လေသည်။

ကျောင်းထိုင်က...

"သူ့ကို ဖမ်းလိုက်"

ဟုအမိန့်ပေးလိုက်လေသည်။

ကျောင်းထိုင်နှင့်အတူ လိုက်ပါလာသော ဘုန်းတော်ကြီးများသည် ထိပ်တန်းသိုင်းပညာရှိသော ဝါရင့်ဘုန်းတော်ကြီးများ ဖြစ်လေသည်။

သူတို့ စုပေါင်းတိုက်ခိုက်လာကြယင် မိမိ ခံနိုင်ရည်ရှိမည် မဟုတ်ကြောင်း ခမောက်ဆောင်းထားသူ ရိပ်မိထားလေသည်။

အခြေအနေ မဟန်မှန်းသိလျှင်...

"ကျုပ်က ကြောက်နေရမှာလား"

ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိသည့်အလား ဟန်ဆောင်ကာ ပြန်လည်ခုခံ တိုက်ခိုက်လိုက်လေသည်။

ထိပ်တန်းသိုင်းကွက်များ အသုံးပြုကာ ရင်ဆိုင်ခုခံလိုက်ခြင်း ဖြစ်လေသည်။

ရှောင်လင်ဘုန်းတော်ကြီးများသည်လည်း မပေါ့ဆဝံ့ဘဲ သတိထားနေကြရာ သူတို့၏တိုက်ခိုက်မှု အနည်းငယ် နှေးကွေးသွားသည့်နှင့်...

"ယား"

ခမောက်ဆောင်းထားသူက အခွင့်ကောင်းယူကာ မြေပေါ်ခြေဆောင့်၍ အပေါ်ခုန်တက်လိုက်လေသည်။

လေထဲ ရောက်သွားလျှင် ကျွမ်းတပတ်ပစ်ကာ ဘုန်းတော်ကြီးများ၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွားလေသည်။

"ပြေးပြီ"

"လိုက်ကြ"

ဘုန်းတော်ကြီးများ လူပ်လူပ်ရှားရှား ဖြစ်သွားကြလေသည်။ ခမောက်ဆောင်းထားသူနောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော်...

"သူသွားပါစေတော့"

ကျောင်းထိုင်က လှမ်းပြောလိုက်ခြင်းကြောင့် အားလုံး ရပ်ဘန့်လိုက်ကြလေသည်။

အားလုံးက ကျောင်းထိုင်ကို လှမ်းကြည့်လိုက်ကြ၏။

"ဆရာတော် သူဟာ လူသတ်သမားပဲ မဟုတ်လား"

"ဟုတ်ပါလိမ့်မယ်"

"သူ့ကို လက်ရဖမ်းဆီးပြီး ဖော်ထုတ်လိုက်ရင် မကောင်းဘူးလား"

"သူက ခုခံတိုက်ခိုက်မှာ မဟုတ်ဘူး၊ လွတ်အောင်ပြေးမှာပဲ၊ တကယ်လို့ သူ့နောက်ကို လိုက်သွားရင်တော့ နောက်ကြောင်းလှည့်တော့တဲ့ လွတ်အောင် ပြေးလိမ့်မယ်"

"သူ့နောက်ကို လိုက်မသွားရင်တော့ မပြေးဘူး ဟုတ်လား"

ကျောင်းထိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ့အကြောင်း ဘယ်သူမှမသိဘူး ထင်ပြီး ရှောင်လင်ကျောင်းကို ပြန်သွားမှာ သေချာပါတယ်"

ဘုန်းတော်ကြီးများ အချင်းချင်း ကြည့်လိုက်ကြလေသည်။

တဖန်...

"သူဟာ ရှောင်လင်ကျောင်းက လူတစ်ယောက်လို့ ဆိုလို

တာများလား ဆရာတော်”

ဟုမေးကြလေသည်။

ကျောင်းထိုင်က...

“ဟုတ်တယ်၊ ရှောင်လင်ကျောင်းမှာ ပြဿနာ ဖြစ်ပေါ်လာကတည်းက အတွင်းသစ္စာဖောက်တစ်ယောက် ရှိနေပြီဆိုတာ ကျုပ် ရိပ်မိခဲ့တာပဲဟ”

“လက်စသပ်တော့ သူဟာ ရှောင်လင်ကျောင်းက လူတစ်ယောက်ပဲကိုး”

“ဒါကြောင့် သူလွတ်သွားရင် သူ့အကြောင်း ဘယ်သူမှ မသိဘူး ထင်ပြီး ရှောင်လင်ကျောင်းကို ပြန်သွားပြီး ဟန်မပျက်နေလိမ့်မယ်”

ဖူးယင်ကိုယ်တော်က...

“သည်လိုဆိုရင် သူ့ကို ဘယ်လိုဖော်ထုတ်နိုင်တော့မှာလဲ”

ကျောင်းထိုင် ပြုံးလိုက်သည်။

“မပူပါနဲ့၊ သူ ဘယ်သူဘယ်ဝါဆိုတာ မကြာခင် သိရမှပါ”

ထို့နောက်...

“ကဲ ကျုပ်တို့ ပြန်ကြပါစို့”

ရှောင်လင်ကျောင်းထိုင်က ဝေဖန်း၊ မျက်ပြူးတို့ကိုပါ ခေါ်ဆောင်ကာ ရှောင်လင်ကျောင်းသို့ ပြန်သွားလေတော့သည်။

♦ ♦ ♦

“ဒေါင်ဒေါင်...ဒေါင်ဒေါင်”

ရှောင်လင်ကျောင်းမှ ခေါင်းလောင်းထိုးသံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။

ဘုန်းတော်ကြီးများသည် မိမိနေရာမှ အသီးသီး ထွက်လာကြလေသည်။

ထို့နောက် ခန်းမဆောင်ကြီး ရှိရာသို့ ဦးတည်လျှောက်သွားကြလေသည်။

ရှောင်လင်ကျောင်း၌ မှီတင်းနေထိုင်ကြသူအားလုံး ခေါင်းလောင်းထိုးသံ၏အဓိပ္ပါယ်ကို ကောင်းစွာ နားလည်သဘောပေါက်ဆားကြသည် မဟုတ်ပါလား။

ခေါင်းလောင်းထိုးသံမှာ ခုနစ်ချက်တိတိ ဖြစ်လေသည်။

အဓိပ္ပါယ်မှာ အားလုံး ခန်းမဆောင်ကြီးထဲ၌ လာရောက်စုဝေးရန် ဖြစ်လေသည်။

ထို့ကြောင့်...

ဘုန်းတော်ကြီးများသည် ခန်းမဆောင်ထဲ စုဝေးရောက်ရှိလာကြလေသည်။

ခန်းမဆောင်ကြီးထဲသို့ ဘုန်းတော်ကြီးများ ရောက်ရှိလာကြသော်လည်း အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေပါသည်။

အားလုံးက ကျောင်းထိုင် ပြောလာမည့် စကားကို နားစွင့်နေကြခြင်း ဖြစ်လေသည်။

ကျောင်းထိုင်က အားလုံးကို ဝေ့ကြည့်လိုက်ပြီးလျှင်...

"ကိုရင်လေး တကာကြီးမုယုံကို သွားခေါ်လိုက်ပါ"

ကိုရင်လေးတစ်ပါးကို ပြောလိုက်သည်။

ကိုရင်လေးက ချက်ချင်း ထွက်သွားလေသည်။

ကျောင်းထိုင်က...

"အားလုံးကို ခုလို ခေါ်ယူလိုက်ရတာက ကျုပ်တို့ ရှောင်လင်ကျောင်းမှာ အလွန်ဝမ်းနည်းစရာကောင်းတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်နေတဲ့ အကြောင်းပါပဲ"

အားလုံးက ကျောင်းထိုင် ဆက်ပြောလာမည့် စကားကို နားစွင့်နေကြလေသည်။

ကျောင်းထိုင်၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ကျုပ်တို့ ရှောင်လင်ကျောင်းမှာ သစ္စာဖောက်သူလျှို့တစ်ယောက် ရှိနေပြီ"

ထိုစကားကြားလျှင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

ကျောင်းထိုင်က လက်ကာပြလိုက်လေသည်။

ကျောင်းထိုင်က စကားဆက်လိုက်သည်။

"သစ္စာဖောက်သူလျှို ဘယ်သူဘယ်ဝါဆိုတာ မကြာခင် အားလုံး သိကြရပါလိမ့်မယ်"

ဘုန်းတော်ကြီးများ ပိုပြီး စိတ်ဝင်စားသွားကြလေသည်။

ထိုအချိန်မှာပင် ကိုရင်လေးတပါးနှင့် စာပေသမားမုယုံတို့ ပြန်လည်ရောက်ရှိလာကြလေတော့သည်။

◆ ◆ ◆

စာပေသမားမုယုံက ကျောင်းထိုင်ကို ဦးညွှတ်လိုက်လေသည်။

"တပည့်တော်ကို ခေါ်ခိုင်းတာ ကိစ္စ ရှိလို့လား အမိန့်ရှိပါ"

"ရှိပါတယ်"

ကျောင်းထိုင်က အသင့်ပါလာသော စာတစ်စောင်ကို လှမ်းပေးလိုက်လေသည်။

"တကာကြီးဟာ စာပေသမားတစ်ယောက်ဆိုတော့ သည်စာကို ဖတ်ကြည့်ပြီး စာရေးတဲ့လူရဲ့ အနေအထားကို ပြောပြနိုင်လား"

မုယုံက...

"တပည့်တော် ကြိုးစားကြည့်ပါ့မယ်"

စာကို ယူကာ ဖတ်ကြည့်လိုက်လေသည်။

အားလုံး အကဲခတ်နေကြ၏။

မုယုံက...

"သည်စာဟာ ကဗျာစပ်ထားတဲ့ စာပါ။ လက်ရာမြောက်သူ ကဗျာစပ်သူရဲ့ ပင်ကိုယ်ဗီဇက မသိမသာ ပါလာတာကို တွေ့နိုင်ပါတယ်"

ကျောင်းထိုင်က...

"ဆက်ပြောပါဦး"

မုယုံက...

"တပည့်တော် သုံးသပ်ရသလောက် ပြောရမယ်ဆိုရင် ဤလက်ရေးပိုင်ရှင်ဟာ တရုတ်လူမျိုး မဖြစ်နိုင်ဘူးဆိုတာပါပဲ"

ကျောင်းထိုင် ပြုံးလိုက်သည်။

"တရုတ်ကဗျာကို စပ်ဆိုတဲ့လူဟာ တရုတ်လူမျိုး မဟုတ်ယင် ဘယ်လိုလူစားမျိုးလဲ ပြောပါဦး"

"မန်ချူးတစ်ယောက်ပါပဲ"

မန်ချူးတို့သည် တရုတ်ပြည်နှင့် နယ်နိမိတ်ချင်း ထိစပ်ကာ နေထိုင်ကြသူများ ဖြစ်၍...

ထိုစကားကြောင့် အားလုံး လူပ်လူပ်ရှားရှား ဖြစ်သွားကြလေသည်။

စာပေသမားမုယုံကို ကြည့်လိုက်ကြလေသည်။

မုယုံက ရှင်းပြသည်။

"လူမျိုးတစ်မျိုးဟာ ယဉ်ကျေးမှုတစ်ခုတော့ ရှိတတ်ကြတာပါပဲ၊ လူမျိုးချင်း နီးစပ်သလို ယဉ်ကျေးမှုချင်းလည်း နီးစပ်ဆက်နွယ်နေတတ်တဲ့ သဘောမျိုး ရှိပါတယ်၊ တစ်ယောက်ရဲ့ ယဉ်ကျေးမှုဟာ အခြားတစ်ယောက်အပေါ်မှာ လွှမ်းမိုးထားတတ်ပါတယ်၊ တရုတ်လူမျိုးရဲ့ ယဉ်ကျေးမှုကို နယ်နိမိတ်ချင်း ထိစပ်နေတဲ့ မန်ချူးတွေက အစိမ်းသက်သက် မဟုတ်တာ ထူးခြားတဲ့ကိစ္စ မဟုတ်ပါဘူး"

ကျောင်းထိုင် ခေါင်းညိတ်လိုက်လေသည်။

"တကာကြီး ပြောတာ သဘာဝကျပါတယ်"

မုယုံက...

"ဒါဟာ တရုတ်ကဗျာ ဖြစ်ပေမယ့် တရုတ်စာပေ လေ့လာတဲ့ [illegible] မန်ချူးတစ်ယောက်က ရေးသားထားတယ်ဆို တာ တွေ့ရမှုတယ်"

ဟုထပ်မံလျှောက်တင်လိုက်လေသည်။

ကျောင်းထိုင် သက်ပြင်းချလိုက်လေသည်။

"အင်း ကဗျာရေးထားတဲ့ သည်စာရွက်လေးကို ကျုပ်က ဘုန်းတော်ကြီးတပါးဆီက ရခဲ့တာပါ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် တော့ သူမသိအောင် တိတ်တဆိတ် နှိုက်ယူထားခဲ့တာပါ"

တိုင်းပြည်အတွက် အရေးကြီးသဖြင့် ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း အားလုံး နားလည်သဘောပေါက်ထားကြလေသည်။

ကျောင်းထိုင် စကားဆက်လိုက်သည်။

"သူဟာ ရှောင်လင်ကျောင်းကို ရောက်လာတာ မကြာသေးပါဘူး၊ ဒါပေမယ့် အရည်အချင်း ရှိတဲ့ လူတစ်ယောက် ဖြစ်နေတာကြောင့် ရှောင်လင်ကျောင်းမှာ ဝင်ဆန့်တဲ့အပြင် အရေးပါ အရာရောက်သူ ဖြစ်လာခဲ့ပါတယ်၊ ခုချိန်မှာတော့ ပြဿနာတွေ ပေါ်ပေါက်လာပြီး သူဟာ မသက်ာစရာကောင်းတဲ့ လူတစ်ယောက်လို့ ကျုပ်သံသယရှိတာနဲ့ စောင့်ကြည့်နေခဲ့တာပါ"

အားလုံးသည် ကျောင်းထိုင်က မည်သူ့အပေါ်၌ သံသယရှိနေသနည်းဟု သို့လောသို့လော ဖြစ်သွားကြလေသည်။

ကျောင်းထိုင် ဆက်ပြောသာမည့် စကားကိုလည်း နားစွင့်နေလိုက်ကြလေသည်။

သို့သော်...

အတန်ကြာသည်အထိ ကျောင်းထိုင်က ထုတ်ဖော်ပြောဆိုခြင်း မပြုသောအခါ စိတ်လှုပ်ရှားနေသော ဘုန်းတော်ကြီးတစ်ပါးက

မနေနိုင်ဘဲ မေးလိုက်လေတော့သည်။

"အဲသည်လူ ဘယ်သူလဲဆိုတာ သိပါရစေ"

အားလုံးကလည်း ဘုန်းတော်ကြီး၏စကားကို ထောက်ခံလိုက်ကြလေသည်။

ကျောင်းထိုင် သက်ပြင်းချလိုက်လေသည်။

သူထုတ်ဖော် ပြောနေစရာ မလိုတော့ကြောင်း နားလည်ထားလေသည်။

ထိုစဉ်...

"ကျုပ်ပါ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ဆူဆူညံညံဖြစ်လာသော ဘုန်းတော်ကြီးများ ငြိမ်ကျသွားကြလေသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ...

ဘုန်းတော်ကြီးတစ်ပါးက တည်ကြည်သော မျက်နှာထားဖြင့် ရှေ့သို့ လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

"ဟာ"

အားလုံး မယုံနိုင်အောင် ဖြစ်သွားကြလေသည်။

လှမ်းထွက်လာသော ဘုန်းတော်ကြီးကို မယုံနိုင်စွာ ကြည့်နေကြလေသည်။

ထိုဘုန်းတော်ကြီးကား ကျိယုံကိုယ်တော် ဖြစ်လေသည်။

ကျိယုံကိုယ်တော်က ကျောင်းထိုင်အား ဦးညွှတ်လိုက်သည်။

ကျောင်းထိုင် စိတ်မကောင်း ဖြစ်နေသည်။

ကျိယုံကိုယ်တော်သည် အလွန်အားထားရသူတစ်ဦးဟုတ်ပါလား။

ဖူးခုံးကိုယ်တော်က...

"သူ့ကို ဖမ်းချုပ်ထားလိုက်"

ဟုအော်ပြောလိုက်လေသည်။

ထိုအခါ အခြားဘုန်းတော်ကြီးများက ရှေ့တိုးလာကြလေသည်။

"နေဦး"

ကျောင်းထိုင် ဟန့်တားလိုက်လေသည်။

ဘုန်းတော်ကြီးများလည်း နောက်ဆုတ်သွားကြလေသည်။

ကျိယုံကိုယ်တော်က မလုပ်မယှက် ရပ်နေ၏။

ကျောင်းထိုင်က မေးလိုက်သည်။

"ရှောင်လင်ကျောင်းက ကိုယ်တော်အပေါ်မှာ မှားယွင်းမှုတစ်ခုခုများ ရှိခဲ့လို့လား"

ကျိယုံ ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး"

"ခင်ဗျား အာမခံကြောင့် သည်လိုလုပ်ရတာလဲ"

ကျိုယုံ့ ရင်ဘောလိုက်လေသည်။

အဖွဲ့ခွဲကြည်လင်ပြတ်သားသော လေသံဖြင့် ပြောလိုက်သည်။

"ကျွန်ုပ်ဟာ တရုတ်လူမျိုး မဟုတ်လို့ပါဘဲ"

အားလုံး အံ့သြသွားကြပြန်လေသည်။

ကျိုယုံ့အား တရုတ်လူမျိုးတစ်ယောက် ဖြစ်သည်ဟု ရှောင်လင်ကျောင်းက မှားယွင်းလက်ခံမိခဲ့သည် မဟုတ်ပါလား။

ကျောင်းထိုင်သည် ကျိုယုံ့၏စကား ကြားရသောအခါ ကိုယ့်ကိုကိုယ် အပြစ်မကင်းဟု ခံစားလိုက်ရလေသည်။

ကျိုယုံ့က...

"ကျုပ်ဟာ မန်ချူးတစ်ယောက်ပါဗဲ"

ဟုပြောလိုက်လေသည်။

မန်ချူးတို့သည် တရုတ်ဘုရင်မင်းမြတ်နှင့် သိုင်းလောကအား ချေမှုန်းရန် အစွမ်းကုန် ကြိုးစားနေကြသည် မဟုတ်ပါလား။

မန်ချူးတို့၏ ဖိနှိပ်မှု၊ ရက်စက်မှုများကြောင့် အားလုံးက မုန်းတီးနေကြပြီ ဖြစ်လေသည်။

ကျိုယုံ့၏စကားအဆုံးတွင်...

"သူ့ကို ချမ်းသာမပေးနဲ့"

"သတ်ပစ်...သတ်ပစ်"

ဒေါသတကြီး အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာတော့သည်။

ကျောင်းထိုင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်တို့ ရှောင်လင်ကျောင်းဟာ သူတစ်ပါး အသက်ကို သေတ်ရဘူးဆိုတဲ့ စည်းကမ်းချက် ရှိပါတယ်၊ .အားလုံးသိကြတဲ့အတိုင်းပါပဲ၊ ဒါကြောင့် အပြစ်တွေ ဘယ်လောက်ပဲ များနေပါစေ သူ့ကို သတ်ပစ်လို့ မဖြစ်ပါဘူး"

ရှောင်လင်ကျောင်း၏စည်းကမ်းအတိုင်းဆိုလျှင် သူ့ အသက် သတ်ခြင်းကို မလွဲမသွေ ရှောင်ကြဉ်ရမည် ဖြစ်သည်။

စည်းကမ်းကို လိုက်နာမည်ဆိုပါလျှင် ကျိုယုံ့အား သတ်ဖို့ လုံးဝမဖြစ်နိုင်တော့ချေ။

အားလုံး အားမလို အားမရ ဖြစ်သွားကြလေတော့သည်။

ဖူးခုံးက...

"သူ့ကို သတ်ပစ်လို့ မရဘူးဆိုရင်တောင် ကြီးလေးတဲ့အပြစ်ဒဏ်ပေးသင့်ပါတယ်"

ဟုစောဒက တက်လိုက်လေသည်။

ကျောင်းထိုင်က...

"ကျုပ်က သူ့ကို ဘယ်လိုအပြစ်ပေးရမယ်ဆိုတာ ပြတ်ပြတ်သားသား ခုံးဖြတ်ပါ့မယ်"

ဖူးခုံးလည်း ဘာမှ မပြောဘဲ နေလိုက်လေတော့သည်။

ကျောင်းထိုင်က ကျိုယုံ့ကို စိုက်ကြည့်လိုက်သည်။

"မင်းက မန်ချူးတစ်ယောက်ဆိုတာ တကယ်ပဲလား၊ ကြည့်ရတာ တရုတ်လူမျိုးတစ်ယောက်လိုပါပဲလား"

ကျိယုံ ပြန်မေးလိုက်သောအခါ ကျောင်းထိုင် ဘာမှ မပြောဘဲ နေလိုက်လေသည်။

ကျိယုံ ပြုံးလိုက်သည်။

"တရုတ်ဘုရင်ဟာ မန်ချူးတွေကို တွန်းလှန်တဲ့ နေရာမှာ ချီးချစ်သိုင်းသမား အင်အားစုတွေကို လိုအပ်နေတယ်၊ သိုင်းလောကဘစ်ခုလုံး ကြည်ညိုလေးစားကြရတဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက်က ဘုရင့်အမိန့်တံဆိပ်တော်နဲ့အတူ စည်းရုံးသိမ်းသွင်းခဲ့မယ်ဆိုရင် မျိုးချစ်သိုင်းသမားတွေက လက်တွဲဆောင်ရွက်လာကြမှာပဲ၊ သည်ကိစ္စကို အကောင်အထည်ဖော်ဖို့ တရုတ်ဝန်ကြီးမောက်ဖုံးက တာဝန်ယူစီစဉ်နေတယ်ဆိုတဲ့ သတင်းကို ကျွပ်တို့ရခဲ့တယ်"

ကျောင်းထိုင် အပါအဝင် အားလုံးက ကျိယုံ၏စကားကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ကျိယုံက...

"မန်ချူးအကြီးအကဲက ဘုရင့်အမိန့်တံဆိပ်တော် ကိစ္စမှာ ချီးချစ်သိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းဖို့ တာဝန်ယူမယ့် အဖွဲ့အစည်းဟာ ရှောင်လင်ကျောင်းပဲ ဖြစ်ရမယ်လို့ သုံးသပ်ခဲ့တယ်၊ ဒါနဲ့ပဲ ကျွပ်ကို တာဝန်ပေး စေလွှတ်လိုက်တာပါပဲ"

ကျောင်းထိုင်က...

"ဘုရင့်အမိန့်တော်ကို ဖြစ်တဲ့နည်းနဲ့ ရယူပြီး ဖျက်ဆီးပစ်ဖို့ မဟုတ်လား"

ကျိယုံ ပြုံးလိုက်သည်။

"ဟုတ်ပါဘူးဗျာ"

ကျိယုံက...

"ကျွပ်က မန်ချူးတစ်ယောက်ပါ၊ တရုတ်ပြည်ထဲမှာ နေလာတာ နှစ်ပေါင်း အတော်ကြာပြီဆိုတော့ တရုတ်တစ်ယောက်လို ဖြစ်နေတာပါ"

သူက တရုတ်စာပေ ယဉ်ကျေးမှု အနုပညာကို ကျွမ်းကျင်နေသည်မှာ မထူးဆန်းတော့ပေ။

ကျိယုံ စကားဆက်လိုက်လေသည်။

"မန်ချူးတွေက တရုတ်ပြည်ထဲ ဝင်လာတော့ ကျွပ်လည်း မန်ချူးတစ်ယောက် ဖြစ်တာကြောင့် လက်ကမ်းကြိုဆိုပြီး တတ်နိုင်တဲ့ဘက်က ကူညီခဲ့ရတာပေါ့ဗျာ"

ကျောင်းထိုင် သက်ပြင်းချလိုက်လေသည်။

"ကျွပ်သဘောပေါက်ပါပြီ၊ မင်းက မန်ချူးတွေအတွက် ဘယ်လိုတာဝန်ထမ်းဆောင်နေရသလဲဆိုတာ ပြောပါ"

ကျိယုံ ခေါင်းခါယမ်းလိုက်လေသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွပ်ပြောနိုင်မှာ မဟုတ်ပါဘူး၊ ကျွပ်ကို ကြိုက်တဲ့ အပြစ်ပေးပါ၊ ကျွပ်ခံယူပါ့မယ်ဗျာ"

ကျောင်းထိုင်က...

"ရှောင်လင်ကျောင်းမှာ ဘုရင့်အမိန့်တံဆိပ်တော်ကို လာရှာတာလား"

"ရှောင်လင်ကျောင်းက တရုတ်ဘုရင်ကိုယ်စား သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းဖို့ တာဝန်ယူခဲ့တယ် မဟုတ်လားဗျာ"

"ဒါဖြင့် ဘာလုပ်ရမှာလဲ"

"ဘုရင့်အမိန့်တံဆိပ်တော်ကို ရယူပြီး ကျုပ်တို့ အကြီးအကဲဆီကို ပို့ပေးရမှာပါ။ သူက အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး မြို့ချစ်သိုင်းသမားတွေကို ထောင်ချောက်ဆင် သုတ်သင်ပစ်မှာလေ"

ကျောင်းထိုင် မကျေမနပ် ဖြစ်သွားလေသည်။

"တော်တော်ရက်စက်တာပဲ"

ကျိယုံက...

"ဝန်ကြီးမောက်ဖုံးက သူအားထားရတဲ့ ကျင်းစန်းက ဘုရင့် အမိန့်တံဆိပ်တော် ယူလာမယ်၊ မြို့ထောင်ဘုံကျောင်းရှေ့မှာ ရှောင်လင်ကျောင်းကို တာဝန်ယူခေါ်ဆောင်သွားမယ့် ကျားနှစ်ကောင်နဲ့ တွေ့မယ်ဆိုတဲ့ သတင်းတွေ အရင်ဆုံး ဖြစ်ပေါ်လာတဲ့ယ်၊ ကျုပ်တို့ မန်ချူးတွေ ကျင်းစန်းအပေါ် အာရုံရောက်သွားအောင် လှည့်စားလိုက်တာပဲ၊ တကယ့် အမိန့်တံဆိပ်တော်အစစ်ကို ဝန်ကြီးမောက်ဖုံးရဲ့ လူတစ်ယောက်က ရှောင်လင်ကျောင်းကို တိတ်တဆိတ် ပို့ပေးခဲ့တယ်ဆိုတာ ကျုပ်တို့ သိထားပြီးပါပြီ၊ ဒါကြောင့် ကျုပ်ကို ရှောင်လင်ကျောင်းမှာ လူပ်ရှားဖို့ အကြီးအကဲက တာဝန်ပေးခဲ့တာပါပဲ၊ ဒါဆိုရင် ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာကို အားလုံး နားလည်သဘောပေါက်သွားကြလောက်ပါပြီ၊ ကျုပ်လည်း သည်ထက် ပိုပြီး ပြောစရာ မရှိတော့ပါဘူး၊ ကဲ ကျုပ်ကို စီရင်ပါတော့"

စကားဆုံးလျှင် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

"သူ့ကို လုံးဝခွင့်မလွှတ်ပါနဲ့"

"အကြီးလေးဆုံး အပြစ်ဒဏ်ချမှတ်ပါ ဆရာတော်"

ဘုန်းတော်ကြီးများက ကျောင်းထိုင်အား တောင်းဆိုလိုက်ကြလေသည်။

ကျောင်းထိုင် သက်ပြင်းချလိုက်ပြန်သည်။

ဆူဆူညံညံ အသံများ တိတ်ဆိတ်ငြိမ်သက်သွားသည်အထိ စောင့်ဆိုင်းနေလိုက်ပြီးမှ တည်ကြည်သော မျက်နှာထားဖြင့် ကျိယုံအပေါ် ထားရှိသော သူ၏သဘောထားကို ပြောလိုက်လေသည်။

"ကျိယုံ၊ မင်း လိုရာသွားနိုင်ပါပြီ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

♦ ♦ ♦

ခန်းမဆောင်ထဲ၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျောင်းထိုင်က ကျိယုံအား သွားခွင့်ပြုလိုက်ပြီ ဖြစ်သည်။

အဘယ်ကြောင့် ချမ်းသာပေးလိုက်သည်ကို အားလုံး နားမလည်နိုင်အောင် ဖြစ်နေကြပါတော့သည်။

ကျိယုံက...

"ကျွပ်..ကျွပ်ကို လွှတ်ပေးလိုက်မယ် ဟုတ်လား"

ကျောင်းထိုင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

ကျိယုံက...

"ကျွပ်ဟာ သူလျှိုတစ်ယောက် မန်ချူးတစ်ယောက်ဆိုတာ သိတယ် မဟုတ်လားဗျာ"

"သိပါတယ်"

"ဒါဖြင့်.."

ကျောင်းထိုင်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျွပ်တို့ဟာ ကျွပ်တို့ အလုပ်ကို လုပ်ကြသလို မင်းကလည်း ကိုယ့်အလုပ် ကိုယ်လုပ်ခဲ့တာပဲ၊ ဒါကြောင့် ထွေထွေထူးထူး ဘာမှ ပြောစရာ မရှိပါဘူးလေ"

ကျိယုံ၏မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

"ကျောင်းထိုင်က သွားခွင့်ပြုမယ်ဆိုရင် ကျွပ်သွားချင်ပါတယ်"

"သွားပါလေ"

"ကျေးဇူးပါပဲ"

ကျိယုံက ခန်းမဆောင်ထဲ၌ ရှိနေသူများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။

♦ ♦ ♦

ကျိယုံ ထွက်သွားပြီ ဖြစ်လေသည်။

ကျိယုံကို လွှတ်ပေးလိုက်ခြင်းကြောင့် အားလုံး မကျေမနပ် ဖြစ်နေကြလေသည်။

ဖူးယင်ကိုယ်တော်က...

"သူ့ကို လွှတ်ပေးလိုက်တာ လုံးဝမှားယွင်းနေပါတယ်"

ဟုပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

ကျောင်းထိုင် သက်ပြင်းချလိုက်သည်။

"ရှောင်လင်ကျောင်းရဲ့ စည်းကမ်းအရ သူ့ကို သတ်ပစ်လို့ ဖြစ်ပါဘူး၊ ဖမ်းဆီးအကျဉ်းချထားရင်လည်း မန်ချူးတွေ လိုက်လာဘဲအခါ ဖြေရှင်းရခက်နေမှာပါပဲ"

မှုန်ပေသည်။

ကျိယုံကို အကြောင်းပြုကာ မန်ချူးများ ရောက်လာပါက ဖြေရှင်းရခက်နေမည် မဟုတ်ပါလား။

အင်အားကောင်းပြီး အရှိန်အဝါ ကြီးကြီးမားမားနေပြီ ဖြစ်သော မန်ချူးဘုရားသည် အပြစ်ရှာပြီး တိုက်ခိုက်လာမည်ဆိုပါက ရှောင်လင်ကျောင်း ကြမ္မာဆိုးနှင့် ကြုံရမည့်သဘော ရှိလေသည်။

ကျောင်းထိုင်က...

"သူ့ကို လွှတ်ပေးလိုက်လို့ မန်ချူးတွေဆီကို ပြန်ရောက်သွားရင် သူ့ကို ဘယ်လိုသဘောထားမလဲ၊ တာဝန်မကျေဘူးဆိုပြီး အပြစ်ပေးလိုက်ကြတော့မှာပဲ မဟုတ်လား၊ သူ့ တရားသူ စီရင်သွားတော့မှာပါလေ"

ဖူးယင်ကိုယ်တော် ငြိမ်ကျသွားတော့သည်။

ကျောင်းထိုင်၏မျက်နှာ တည်ကြည်လေးနက်နေသည်။

"ဘုရင့်အမိန့်တံဆိပ်တော်ကိစ္စဟာ အင်မတန် ရှုပ်ထွေးပါတယ်၊ ဝန်ကြီးမောက်ဖုံးဟာ ကျင်းစန်းက အမိန့်တံဆိပ်တော်ကို သယ်လာပြီး ကျားနှစ်ကောင်နဲ့ တွေ့ဆုံလိမ့်မယ်၊ ကျားနှစ်ကောင်ကို အမိန့်တံဆိပ်တော် လွဲပြောင်းပေးမယ်၊ ကျားနှစ်ကောင်က ကျူပ်တို့ ရှောင်လင်ကျောင်းကို လာပို့မယ်၊ ကျူပ်က အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး သိုင်းလောကသားတွေကို စည်းရုံးမယ်၊ သည်လို မဟုတ်လား"

ဖူးယင် ခေါင်းညိတ်လိုက်လေသည်။

ကျောင်းထိုင်က...

"တကယ်တော့ သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းဖို့ တာဝန်ယူထားတာ၊ ကျူပ်တို့ ရှောင်လင်ကျောင်း မဟုတ်ပါဘူး"

"ဟင်"

ဖူးယင်ကိုယ်တော်နှင့်တကွ အားလုံး အံ့သြသွားကြလေသည်။

ကျောင်းထိုင်က...

"ရှောင်လင်ကျောင်းဟာ ဝန်ကြီးမောက်ဖုံးရဲ့ အစီအစဉ်ထဲမှာ တစိတ်တဒေသပဲ ပါဝင်ခဲ့တာပါ။ တကယ်တော့ ကျင်းစန်းကို ခန့်ချူးတွေ အာရုံရောက်နေတဲ့ အချိန်မှာ တစ်ခြားတစ်ဘက်ကနေပြီး အမိန့်တံဆိပ်တော်ကို ရှောင်လင်ကျောင်းကို ရောက်လာမယ် ဆိုတာလည်း မဟုတ်ပါဘူး၊ ဒါကလည်း မန်ချူးတွေ ရှောင်လင်ကျောင်းအပေါ် အာရုံရောက်လာအောင် ထပ်ပြီး လှည့်စားသားတာပါပဲ"

ဖူးယင်က...

"လက်စသပ်တော့ မန်ချူးတွေ မျက်စိလည်ပြီး ရှုပ်ထွေးသွားအောင် ထပ်ဆင့်လှည့်စားထားတာကိုး"

ကျောင်းထိုင်က...

"ဟုတ်ပါတယ်၊ မန်ချူးတွေဟာ ကျင်းစန်းကိုကော ရှောင်လင်ကျောင်းကိုပါ စောင့်ကြည့်ပြီး အာရုံများနေချိန်မှာ အမိန့်တံဆိပ်တော်ကို ယူသွားတဲ့လူဟာ သိုင်းလောကသားတွေကို စည်းရုံးသိမ်းသွင်းဖို့ တာဝန်ယူထားတဲ့ လူဆီကို အရောက်သွားလိမ့်မယ်လို့ ကျူပ်ယုံဆတယ်"

ယခုထိ အမိန့်တံဆိပ်တော်အစစ် မည်သူ့လက်ထဲ၌ ရှိနေသည်ကို မပြောနိုင်ပါ။

မသေချာတော့ပါ။

ကျောင်းထိုင်ကိုယ်တိုင် မပြောနိုင်အောင် ဖြစ်နေသည် မဟုတ်ပါလား။

ရှောင်လင်ကျောင်း၌ ရှိမနေသည်က သေချာနေပါတော့ သည်။

ကျောင်းထိုင်က...

"ကျုပ်တို့ ရှောင်လင်ကျောင်းနဲ့ ပတ်သက်ပြီး မန်ချူးတွေ နားလည်သွားလောက်ပါပြီလေ"

ကျိယင်ကို လွှတ်ပေးလိုက်ခြင်းဖြင့် အမိန့်တံဆိပ်တော်ကိစ္စ တွင် ရှောင်လင်ကျောင်း ပါဝင်ပတ်သက်ခဲ့သည့် အခန်းကဏ္ဍ ပြီးဆုံး သွားပြီ ဟူသည့်သဘော ဖြစ်လေသည်။

ဖူးယင်ကိုယ်တော်နှင့် အခြားကိုယ်တော်များလည်း ယခုမှ ဘဝင်ကျကာ ဦးခေါင်းတည်တည်ဟ ဖြစ်သွားကြလေတော့သည်။

◆ ◆ ◆

အဆိပ်မယ်

ကျင်းစန်းသည် စင်းလိန်စန်းတောင်မှ ပြန်လာပြီးနောက် ခဒီးသည်ကို လိုက်လံရှာဖွေခဲ့လေသည်။

တောလမ်းအတိုင်း ပြေးလာရင်း တစ်နေရာသို့ အရောက် ဘွင် သစ်ပင်တစ်ပင်အောက်၌ ထိုင်နေသော အမျိုးသမီးတစ် ယောက်ကို တွေ့လိုက်ရလေသည်။

ကျင်းစန်း ဝမ်းသာသွားလေတော့သည်။

"ညီမလန်အင်း"

အော်ဟစ်ခေါ်ရင်း တဟုန်ထိုး ပြေးသွားလိုက်လေသည်။

သစ်ပင်အောက်၌ ထိုင်နေသူမှာ လန်အင်း ဖြစ်နေသည်။

သို့သော် ကျင်းစန်း အနီးသို့ ရောက်ရှိသွားသောအခါ လန် အင်းက ရုတ်တရက် ခုန်ထလာပြီး တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ညီမ...မင်း..."

ကဗျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ရလေသည်။

သို့တိုင် အငိုက်မိသွားသဖြင့် အမျိုးသမီး၏တိုက်ခိုက်မှု ခံရကာ လက်မောင်းတစ်ဘက်၌ ဒဏ်ရာရရှိသွားတော့သည်။

ထိုအမျိုးသမီးမှာ လန်အင်း မဟုတ်ဘဲ အခြားတစ်ယောက်က အယောင်ဆောင်ထားခြင်း ဖြစ်ပါတော့သည်။

မန်ချူးဘက်မှ လူသစ်သမားတစ်ယောက်က ဟန်ဆောင်ထားခြင်း ဖြစ်လေသည်။

အမျိုးသမီး တိုက်ခိုက်လိုက်သည်နှင့် သစ်ပင်တစ်ပင် နောက်ကွယ်မှ လူလေးယောက် ခုန်ထွက်လာကြပြီး ကျင်းစန်းအား တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းစန်းမှာ ရန်သူ ထောင်ချောက်ထဲ ကျရောက်နေပြီ ဖြစ်ကြောင်း နားလည်လိုက်လျှင် ရှောင်ထွက်သွားရန် ကြိုးစားလိုက်လေသည်။

"ဟူး"

ကျင်းစန်းက လေ၏လျင်မြန်မှုမျိုးဖြင့် ပြေးလွှားရှောင်တိမ်းသွားရာ မန်ချူးလူသတ်သမားများလက်မှ လွတ်မြောက်သွားတော့သည်။

သို့သော်...

ရုတ်တရက် သစ်ပင်တစ်ပင် နောက်ကွယ်မှ ထွက်ပေါ်လာသူတစ်ယောက်ကြောင့် အခက်ကြုံသွားတော့သည်။

ထွက်လာသူကား ခမောက်ဆောင်းထားသူ ဖြစ်လေသည်။

ထိုလူနှင့် ရင်ဆိုင်လိုက်ရသောအခါ ကျင်းစန်း အငိုက်မိကာ ဘာမှ မတတ်နိုင်ဘဲ အဖမ်းခံလိုက်ရလေတော့သည်။

♦ ♦ ♦

"ဟား...ဟား...ဟား"

ခမောက်ဆောင်းထားသူက သဘောကျစွာ ရယ်မောလိုက်သည်။ ကျင်းစန်းကို စိုက်ကြည့်လိုက်သည်။

"မင်း ဘာတတ်နိုင်သေးသလဲ"

ကျင်းစန်း ဘာမှ မပြောနိုင်ပါ။ ထိုစဉ်...

"ရှင်ကော ဘာထတ်နိုင်မှာတဲ့လဲ"

"ဟင်"

ခမောက်ဆောင်းထားသူ ရင်ထိတ်ကာ လှည့်ကြည့်လိုက်ရာ နောက်ကျောဘက်၌ မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

မိန်းကလေးက...

"ရှင် အဆိပ်မိမှာ မကြောက်ဘူးလား"

ခမောက်ဆောင်းထားသူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ချာခနဲလှည့်ကာ ပြေးလွှားသွားလေတော့သည်။

♦ ♦ ♦

ဗေဒင်ဆရာ

ဆေးရွက်သည် လုယန်မြို့ထဲသို့ ရောက်ရှိလာလေသည်။

ထုံးစံအတိုင်း တံခါးမှူးတင်းလောက်က သူမအား စစ်ဆေးမေးမြန်းပြီးနောက်...

"ကဲ လုံမလေး၊ မင်းသွားလိုရာ သွားနိုင်ပြီ"

သို့သော် ဆေးရွက်က မသွားသေးပါ။

တံခါးမှူးက အံ့သြသွား၏။

"မင်းသွားနိုင်ပြီလို့ ပြောနေတာ"

ဆေးရွက်က နှုတ်ခမ်းစူလိုက်သည်။

"ကျွန်မကြားပါတယ်"

"ကြားရင် ဘာဖြစ်လို့ မသွားသေးတာလဲ"

"ကျွန်မ ဘယ်ကို သွားရမှန်း မသိသေးလို့ပါ"

တံခါးမှူး၏သေးငယ်သော မျက်လုံးအစုံသည် ပြူးကျယ်သွားရလေတော့သည်။

"ဘယ်ကို သွားရမယ်ဆိုတာ မင်း မသိဘူး ဟုတ်လား"

"ဟုတ်တယ်ရှင့်"

"ဒါဖြင့် မင်း ဒီကို ဘာကြောင့် လာတာလဲ"

"လူတစ်ယောက်ကို တွေ့ချင်လို့ပါ"

"သူ ဘယ်မှာနေသလဲ"

"မသိဘူး"

တံခါးမှူး၏သေးငယ်သော မျက်လုံးအစုံသည် ဒုတိယအကြိမ်မြောက် ပြူးကျယ်သွားသည်။

"မသိဘူး ဟုတ်လား"

"ဟုတ်တယ်ရှင့်"

"ဒါဖြင့် ပြော မင်းရှာမယ့်သူက ဘယ်သူလဲ"

"ကျွန်မပြောပြရင် ရှင်က သူ ဘယ်မှာနေသလဲဆိုတာ ပြောပြနိုင်လို့လား"

ဆေးရွက်က တံခါးမှူးအား ကြည့်ရင်း မေးလိုက်၏။

တံခါးမှူးက သူ၏ရင်ဘတ်ကို ပုတ်ပြလိုက်သည်။

"ဒီလုယန်မြို့ထဲမှာ ကျုပ် မသိတဲ့လူ မရှိသလောက်ပဲ၊ ဘယ်သူ့ကို တွေ့ချင်သလဲပြောပါ"

"ရှင် တကယ် ပြောတာလား"

"တကယ်ပေါ့"

"ဒါဖြင့် ပြောမယ်"

"ပြော"

"ကျွန်မတွေ့ချင်တဲ့လူက ဦးလေးပါ"

တံခါးမှူးသည် တတိယအကြိမ် မျက်လုံးပြူးကျယ်သွားပြန်လေသည်။

"မင်းဦးလေးရဲ့နာမည် ပြောပြမှာပေါ့"

"ကျွန်မက သူ့ကို ဦးလေးလို့ပဲ ခေါ်တယ်၊ သူ့နာမည်ကိုတော့ မသိဘူး"

"ဟောဗျာ ဘုရားရေ"

တံခါးမှူးသည် မိမိ၏နဖူးကို လက်ဝါးဖြင့် ပုတ်လိုက်လေသည်။

"နာမည်မှ မသိတာ၊ ကျုပ်က ဘယ်လိုရှာပေးရမှာလဲ"

ဆေးရွက်က နှုတ်ခမ်းစူလိုက်သည်။

"ဒါနဲ့များ ရှင်က မသိတဲ့လူ မရှိဘူးဆို"

"မင်းဦးလေးနာမည် သိမှမသိဘဲ၊ ဘယ်လိုလုပ် ရှာမလဲ"

တံခါးမှူးက ခေါင်းကို လက်ဖြင့် ကုတ်ရင်း ကြောင်စီစီဖြင့် ပြောဆိုလိုက်၏။

ဆေးရွက်၏မျက်နှာ ငိုမဲ့မဲ့ ဖြစ်လာလေသည်။

"အခုမှ ဒုက္ခ"

တံခါးမှူးသည် တစ်စုံတစ်ခုကို သတိရလာလေသည်။

"နေအုံး၊ မင်းဦးလေး ဘာအလုပ်လုပ်သလဲ"

"သူက ဗေဒင်ဟောတယ်"

"ဟုတ်ပြီ၊ ဘယ်လိုအမှတ်အသား ရှိသလဲ"

တံခါးမှူးက စိတ်အားတက်ကြွစွာ မေးလိုက်၏။

ဆေးရွက်က ခေါင်းခါယမ်းပြလိုက်၏။

"ကျွန်မ မသိဘူး"

တံခါးမှူးက သက်ပြင်းတစ်ချက်ချလိုက်သည်။

နှုတ်မှလည်း စိတ်ပျက်လက်ပျက်ဖြင့်...

"လုယန်မြို့ထဲမှာ ဗေဒင်ဆရာ တစ်ရာကျော်လောက် ရှိတယ်၊ ဘယ်လိုလုပ် လိုက်ရှာနိုင်ပါ့မလဲ"

ဆေးရွက်သည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာသည်။

"ကျွန်မသတိရပြီ"

"ဟုတ်လား ပြောစမ်း"

"ကျွန်မဦးလေးက မျက်လုံးမမြင်ဘူးရှင့်"

တံခါးမှူးက သူ၏ပေါင်ကို တအားပုတ်လိုက်လေသည်။

"မင်းစောစောက ဒီလို ပြောရောပေါ့"

"ရှင်သိတယ် ဟုတ်လား"

"သိတာပေါ့"

ဆေးရွက်က ဝမ်းသာသွားလေသည်။

"ဒါဖြင့် မြန်မြန်ပြောစမ်းပါရှင်"

တံခါးမှူးက ပြုံးလိုက်သည်။

"မှတ်ထားသူက မျက်မမြင်ဗေဒင်ဆရာချန်းလို့ ခေါ်တယ်"

ဆေးရွက်က ခေါင်းတဆတ်ဆတ်ညိတ်ကာ မှတ်သားနေ

ဆေးရွက်သည် လမ်းတစ်လျှောက်လုံး မေးမြန်းလာရာ နောက်ဆုံး လမ်းကြားတစ်ခုမှာ အလွန်သေးငယ်သော အခန်းတစ်ခုဌ သူ့ဦးလေးဆိုသူအား ရှာဖွေတွေ့ရှိလေတော့သည်။

ဆေးရွက် ဝမ်းသာသွားသည်။ ဆေးရွက်၏နှုတ်မှ အားရဝမ်းသာစွာဖြင့်...

"ဦးလေး"

သူမသည် အားရဝမ်းသာစွာဖြင့် ပြေးဝင်သွားလေသည်။

မျက်မမြင်ဗေဒင်ဆရာချန်းက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"သူ ဘယ်သူလဲဟ"

"ကျွန်မပါ"

"ကျွန်မက ဘယ်သူလဲ"

"ဆေးရွက်က ဦးလေးတူမလေ"

ဆရာချန်းက မျက်မှောင်ကုပ်သွားလေသည်။

"ငါ့မှာ တူမမှ မရှိဘဲ"

ဆေးရွက် ခေါင်းကုတ်လိုက်မိ၏။ သို့သော် စိတ်ရှည်ရှည် ထားကာ ရှင်းပြလိုက်သည်။

"ကျွန်မအဖေက ဝမ်းပင်၊ အမေက လိန်ကျင်းလို့ ခေါ်တယ်၊ သာဆန်းမြို့မှာလေ မမှတ်မိတော့ဘူးလား"

ဗေဒင်ဆရာချန်းက သတိရလာလေသည်။

"မင်းက လိန်ကျင်းရဲ့သမီး ဟုတ်လား"

"ဟုတ်တယ်လေ"

၏။ သူသည် လမ်းမကြီးအတိုင်း ညွှန်ပြလိုက်သည်။

"ဒီလမ်းကနေ တည့်တည့်သွား၊ လမ်း ၇ လမ်းကျော်လိုက်ယင် ဘယ်ဘက်လမ်းကြားထဲ ကွေ့ဝင်လိုက်ပါ၊ မျက်မမြင်ဗေဒင်ဆရာချန်းလို့ မေးရင် အားလုံးသိတယ်"

တံခါးမှူးက တိကျစွာ လမ်းညွှန်လိုက်၏။

ဆေးရွက်သည် တံခါးမှူးအား ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင့်"

♦ ♦ ♦

ဗေဒင်ဆရာချန်းက လက်ဝါးဖြင့် စားပွဲကို ပုတ်လိုက်၏။

"ကြည့်စမ်း၊ မင်းက ဘာကြောင့် ငါ့ဆီကို လာရတာလဲ"

ဗေဒင်ဆရာချန်း ပြောပုံဆိုပုံက အားရှိစရာ တစ်ကွက်မှ မရှိပါ။

ဆေးရွက်၏မျက်နှာတစ်ခုလုံးမှာ ညှိုးနွမ်းသွားလေသည်။

"ကျွန်မမိဘတွေ ကွယ်လွန်ကုန်ပြီ၊ စားရမဲ့ သောက်ရမဲ့ ဘဝ ဖြစ်လို့ ဦးလေးဆီကို လိုက်လာခဲ့တာပါ"

ဗေဒင်ဆရာချန်းက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ငါက မင်းရဲ့ဦးလေးဆိုပေမယ့် (၃–၄)ဝမ်းကွဲနေပြီ၊ မင်း တခြားနေရာ သွားပါတော့ကွာ"

ဆေးရွက် မျက်ရည်ကျလာသည်။

"ဦးလေးက လက်မခံရင် ကျွန်မသွားစရာနေရာ မရှိတော့ဘူး"

ဗေဒင်ဆရာချန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ဦးလေးက မင်းကို လက်မခံချင်လို့ မဟုတ်ဘူး၊ မင်းသိတဲ့အတိုင်း တိုင်းပြည် အခြေအနေနဲ့ ငါလည်း အလုပ်မကောင်းဘူး"

ဆေးရွက်က တောင်းပန်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဦးလေး ကျွေးသမျှ စားပါ့မယ်၊ ကျွန်မကို နေခွင့်ပြုပါ"

ဗေဒင်ဆရာချန်းက...

"မင်းရဲ့ရုပ်က ဘယ်လိုနေသလဲ မသိဘူး၊ အသံတော့ ကောင်းသား"

"ကျွန်မလုပ်တယ်လို့ သူများတွေက ပြောပါတယ်"

"အေး မင်း ငါ့ဆီမှာ နေရင် အလုပ်လုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်မလုပ်ပါ့မယ်၊ ဘာလုပ်ရမလဲ"

"မင်း ဘာလုပ်ရင် ကောင်းမလဲဆိုတာ ငါစဉ်းစားနေတယ်"

"ဟာ ဦးလေး စဉ်းစားမနေနဲ့၊ ကျွန်မအကြံရပြီ"

"ဆိုစမ်း ဘာအလုပ်လုပ်မလဲ"

"ဦးလေးက ဗေဒင်ဆရာဆိုတော့ ကျွန်မက ဗေဒင်ဆရာမ လုပ်မှာပေါ့"

ဆေးရွက်က အားတက်သရော ပြောဆိုလိုက်သည်။

သို့သော် ဗေဒင်ဆရာချန်းက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ကြည့်စမ်း၊ ငါ့အလုပ်ကိုမှ လာပြီး လုယက်တယ်"

ဗေဒင်ဆရာချန်းက မနာလိုစိတ် ပြည့်ဝစွာ ရွတ်ချပြောဆိုလိုက်၏။

ဆေးရွက်က မျက်နှာရှုံ့မဲ့သွားသည်။

"ဒါဖြင့် ကျွန်မ ဘာလုပ်ရမလဲ"

ဗေဒင်ဆရာချန်းက တစ်စုံတစ်ခု သတိရလာသည်။

"ငါအကြံရပြီ၊ မင်းက သူတောင်းစား လုပ်ရမယ်"

ဗေဒင်ဆရာချန်းက တက်ကြွစွာ ပြောလိုက်၏။

ဆေးရွက်၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏။

"ရှင်.."

"ရှင် မနေနဲ့ သူတောင်းစားအလုပ်ကို အထင်မသေးနဲ့၊ ဝင်

ငွေ သိပ်ကောင်းတာ"

ဆေးရွက် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မလုပ်ချင်ဘူး"

"လုပ်ပါဟာ အသံက သိပ်ကောင်းတာ၊ သနားအောင် ပြောတတ်ရင် ပိုက်ဆံအများကြီးရမယ်"

"ကျွန်မမှ မတောင်းတတ်တာ"

"ဒါလွယ်ပါတယ်၊ ငါသင်ပေးမယ်"

ဗေဒင်ဆရာသည် စားပွဲပေါ်မှ ပန်းကန်ကို စမ်း၍ ယူလိုက်၏။ ထို့နောက် ဟန်မူရာ လုပ်ပြပြီး အသံနေ အသံထားဖြင့်...

"ကျွန်မကို သနားကြပါရှင့်၊ ဦးလေးတို့ ဒေါ်ဒေါ်တို့သာ မကူညီရင် ကျွန်မငတ်လို့ သေရပါ့မယ်၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်လိုက်ရင် ဘုံ(၇)ဆင့် ရောက်နိုင်ပါတယ်ရှင်"

ဗေဒင်ဆရာချန်းသည် တောင်းပုံရမ်းပုံကို သံနေသံထားဖြင့် ဒိတ်ပါလက်ပါ ရွတ်ပြနေ၏။

ဗေဒင်ဆရာချန်းသည် ယင်းသို့ ပြောဆိုပြီးနောက် ပန်းကန်ခွက်ကို လှမ်းပေးလိုက်သည်။

"ကဲ ဒီအတိုင်းဆိုကြည့်စမ်း"

ဆေးရွက်သည် မျက်နှာရှုံ့မဲ့စွာဖြင့်...

သူ့ဦးလေး ဆိုပြသည့်အတိုင်း လိုက်ဆိုလေသည်။

ဆေးရွက်က စိတ်ပျက်လက်ပျက်ဖြင့် မှားမှားယွင်းယွင်း ဆိုလိုက်၏။

ဗေဒင်ဆရာချန်းက မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။

"ဘုံ(၇)ဆင့်ဟာ၊ ဘယ့်နယ် (ဗုံ) ၇ လုံးလဲ"

ဆေးရွက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဦးလေး ပြောတဲ့ အတိုင်းပါပဲ"

ဗေဒင်ဆရာချန်းက မျက်နှာထားတင်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်း တစ်နေ့ကို ပြား ၁၀၀ ရှာပေးရမယ်၊ ပြား ၁၀၀ မပြည့်ရင် မင်းကို ထမင်းမကျွေးဘူး၊ ဒါပဲ"

◆ ◆ ◆

ပြန်လည်တွေ့ဆုံခြင်း

ဖုံးရှောင်နှင့် ငါးကလေးတို့သည် ပြေးရင်းလွှားရင်း လူယန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

သူတို့သည် တံခါးမှူး၏အကြောင်းကို ကောင်းစွာ သိထားပြီး ဖြစ်သည်။

သူတို့သည် ရင်ကော့၍ အေးဆေးဖြင့် တံခါးပေါက် ရှိရာသို့ ရောက်ရှိလာလေသည်။

တံခါးမှူးက ထုံးစံအတိုင်း စစ်ဆေးမေးမြန်းလိုက်၏။

ဖုံးရှောင်က လက်ကာပြလိုက်သည်။

"မေးမနေနဲ့ မိတ်ဆွေဟောင်းတွေပဲ"

ဖုံးရှောင်က မှင်သေသေ မှင်တည်တည် ပြောဆိုလိုက်သည်။

တံခါးမှူးက ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

ထိုစဉ် ဖုံးရှောင်က ငွေတုံးကလေးတစ်တုံး လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

တံခါးမှူး၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားသည်။

"ဟုတ်သားပဲ မေ့နေလိုက်တာ၊ ကြွပါခင်ဗျာ ကြွပါ"

ဖုံးရှောင်သည် လက်နှစ်ဘက် နောက်ပစ်ကာ လေတချွန်ချွန်ဖြင့် မြို့ထဲသို့ လှမ်းဝင်သွားသည်။

သူတို့ မြို့ထဲသို့ လှမ်းဝင်လိုက်သည်နှင့် မင်းသားလေးတုလတ်နှင့် သူ၏ကိုယ်ရံတော်များနှင့် ပက်ပင်းတွေ့ဆုံသွားပြန်လေတော့သည်။

ဖုံးရှောင် ရင်ထဲထိတ်ခနဲ ဖြစ်သွားမိ၏။

ခြေလှမ်းကို တုံ့ခနဲ ရပ်တန့်ပစ်လိုက်သည်။

မင်းသားလေးတုလတ်ကလည်း သူ၏မျက်နှာချင်းဆိုင်၌ ရပ်မိလိုက်၏။

သူသည် ဖုံးရှောင်အား သေချာစွာ အကဲခတ်ကြည့်ရှုလိုက်သည်။

"မင်းကို ငါမြင်ဖူးသလိုပဲ"

"မိတ်ဆွေအရင်းချာတွေပဲ မြင်ဖူးမှာပေါ့"

"နေပါဦး၊ တို့ ဘယ်မှာများ ဆုံဖူးကြသလဲ"

မင်းသားလေးတုလတ်က ဇဝေဇဝါ မေးလိုက်၏။

ဖုံးရှောင်က ပြုံးလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်တုန်းကလေဗျာ"

"လွန်ခဲ့တဲ့ နှစ်တုန်းက ဟုတ်လား"

ဖုံးရှောင် ခေါင်းကို သွက်လက်စွာ ညိတ်ပြသည်။

မင်းသားလေးတုလတ်က စဉ်းစား၍ မရ ဖြစ်နေ၏။

ဖုံးရှောင်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်"

"ဟုတ်ပါတယ်၊ ဘယ်မှာများ ဆုံမိကြပါလိမ့်"

"မင်းသားလေးရဲ့အဖေ မွေးနေ့လုပ်တုန်းကလေ၊ ကျုပ်ကိုယ်တိုင် မွေးနေ့လက်ဆောင်တွေ လာပို့တယ်၊ မင်းသားလေးနဲ့ အတူတူ အရက်သောက်ခဲ့တယ်လေ"

တုလတ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ၊ ကျုပ်မေ့နေလိုက်တာ၊ စိတ်မရှိပါနဲ့နော်"

"ကိစ္စမရှိပါဘူး"

ဖုံးရှောင်သည် ပြောပြောဆိုဆိုနှင့် ငါးကလေး၏လက်ကို ဆွဲကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

မင်းသားလေးတုလတ်သည် ယင်းသို့သာ နှုတ်ဆက်လိုက်ရသည်။

စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်နေ၏။

သူ့ကိုယ်ရံတော်တစ်ဦးက သူ့ထံသို့ ချဉ်းကပ်လာသည်။

"မင်းသားလေး၊ ဟိုလူက လိမ်ပြောသွားတာ"

တုလတ် မျက်မှောင်ကုပ်သွားသည်။

သူသည် ကိုယ်ရံတော်အား တစ်ချက်ကြည့်ကာ...

"ဟုတ်လား"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့ နှစ်တုန်းက မင်းသားလေးရဲ့ဖခင်ကွယ်လွန်သွားပြီပဲ၊ မွေးနေ့ ဘယ်လုပ်ပဲ့မလဲ"

ကိုယ်ရံတော်က တိကျစွာ ရှင်းပြလိုက်သည်။

ထို့နောက်...

"ကျုပ်သတိရလာပြီ၊ ဒီကောင်က ကျားပဲ"

သူသည် ချာခနဲ လှည့်လိုက်သည်။

"ဒီကောင်ကို မိအောင် ဖမ်းကြ"

အမိန့်သံအဆုံးတွင် သူတို့သည် ဖုံးရှောင်နောက်သို့ ပြေးလိုက်သွားကြလေသည်။

♦ ♦ ♦

ဖုံးရှောင်နှင့် ငါးကလေးတို့သည် တုလတ်တို့ လိုက်လာသည်ကို တွေ့မြင်လိုက်သဖြင့် ခြေဦးတည့်ရာ ပြေးလွှားသွားကြလေသည်။

တုလတ်နှင့် သူ၏ကိုယ်ရံတော်များသည် ထပ်ကြပ်မကွာ လိုက်ပါလာကြ၏။

ငါးကလေးနှင့် ဖုံးရှောင်တို့သည် လမ်းခွဲ၍ ပြေးလွှားကြသည်။

တုလတ်နှင့် သူ၏ကိုယ်ရံတော်များသည် ငါးကလေးနောက်သို့ မလိုက်ဘဲ ဖုံးရှောင်နောက်သို့သာ သဲကြီးမဲကြီး ပြေးလိုက်လာကြသည်။

ဖုံးရှောင်သည် အဆောက်အဦးတစ်ခု ရှိရာသို့ ရောက်ရှိလာသောအခါ အထဲကို မဝင်ဝံ့တော့ဘဲ ခြေလှမ်းကို ရပ်တန့်လိုက်သည်။

ဖုံးရှောင် ဝင်မိသော အဆောက်အဦးမှာ မြို့စားကေဟာထံ ဖြစ်နေလေသည်တကား။

ဖုံးရှောင်သည် ကေဟာထဲသို့ ဝင်ရောက်လိုက်သည်နှင့် ဆက်လက်လျှောက်သွားရာ သူသည် အမှတ်မထင် အခန်းတစ်ခုထဲ ဝင်ရောက်မိလေသည်။

အခန်းတစ်ခုလုံးမှာ မွေးကြိုင်သော အနံ့အသက်ကို ခံစားရသည်။

ဖုံးရှောင်သည် အခန်းတစ်ခုလုံးကို ဝေ့ဝဲအကဲခတ် ကြည့်လိုက်၏။

အခန်း၏အပြင်ဆင်ကို သတိပြုမိတော့မှ မိန်းကလေးတစ်

ယောက်၏အခန်း ဖြစ်နေသည်ကို ရိပ်စားမိလိုက်လေသည်။

"ဒုက္ခပါပဲ၊ မိန်းကလေး အိပ်ခန်းမှ ဝင်မိတယ်၊ မြန်မြန်ထွက်ခဲ့"

သူသည် အလန့်တကြား ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ခြေသံများကို ကြားလိုက်ရသည်။

အပြင်သို့ ထွက်မည့် ခြေလှမ်းများကို ပြန်ရုပ်လိုက်ပြီး အခန်းကာသော အဝတ်နောက်သို့ သွားရောက်၍ ပုန်းအောင်းလိုက်သည်။

ထို့နောက် ကာထားသော အဝတ်ကြားမှ ချောင်းကြည့်သိုက်သည်။

မိန်းကလေးနှစ်ယောက်သည် စကားတပြောပြောဖြင့် အခန်းထဲသို့ ဝင်လာသည်ကို တွေ့မြင်ရလေသည်။

သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

ရင်ထဲမှလည်း တထိတ်ထိတ် ဖြစ်လာလေသည်။

အကြောင်းမှာ ထိုမိန်းကလေးနှစ်ယောက်မှာ မဟာရန်သူ မြို့စားကြီး၏သမီး ကူးကူးနှင့် အိမ်ဖော်ကျိန်းရီ ဖြစ်နေသောကြောင့် ဖြစ်သည်။ သူသည် အနည်းငယ်မျှ မလှုပ်ရှားဝံ့ဘဲ ပုန်းနေမိ၏။

ကူးကူး၏အသံ ထွက်ပေါ်လာသည်။

"ကျိန်းရီ တို့အမဲလိုက်ဖို့ အသင့်လုပ်ထားပြီးပြီလား"

"ဟုတ်ကဲ့၊ အားလုံး အဆင်သင့်ပါပဲ"

"ဒါဖြင့် ညည်း ခဏစောင့်အုံး၊ ငါအဝတ်စားလဲလိုက်ဦးမယ်"

သူမသည် ကာရံထားသော အကာထဲသို့ ဝင်ရောက်၍ အဝတ်အစား လဲလိုက်လေသည်။

သူမသည် အမဲလိုက် အဝတ်အစား လဲပြီးနောက် ကျိန်း၏ နှင့်အတူ အခန်းထဲမှ ထွက်လာလေသည်။

♦ ♦ ♦

ကူးကူးနှင့် ကျိန်းရီတို့ ထွက်သွားတော့မှ ဖုံးရောင်က ပုန်းကွယ်ရာမှ ထွက်လာလေသည်။

ယခုမှ သူသည် အသက်ကို ဝဝရှူနိုင်ခဲ့လေသည်။

သူသည် အခန်းထဲမှ မည်သို့ ထွက်ရမည်ကို အကြံထုတ်နေစဉ် ခြေသံကို ထပ်မံကြားလိုက်ရလေသည်။

"ငါ ဓားမွေကျန်ခဲ့လို့ဟေ့ ခဏစောင့်ပါ"

ဖုံးရောင်က ကမန်းကတန်း အဝတ်ကာထားသော နေရာသို့ ပြေးဝင်သွားလေသည်။

ထိုစဉ်မှာပင် ကူးကူးက အခန်းထဲသို့ လှမ်းဝင်လာလေသည်။

♦ ♦ ♦

ကူးကူးသည် စားပွဲပေါ်မှာ ထားရှိသော ဓားကို လှမ်းယူလိုက်သည်။

သူ၏မျက်လုံးအစုံသည် အမှတ်မထင် မှန်ကြေးမုံထဲသို့ ရောက်ရှိသွားသည်။

ကြေးမုံထဲ၌ လူငယ်တစ်ယောက်၏**ရုပ်ပုံ ထင်ဟပ်**နေသည်ကို တွေ့မြင်ရလေသည်။

ကူးကူးသည် အလွန်သတ္တိကောင်း**သော မိန်း**မပျိုတစ်ယောက် ဖြစ်သည်။

သူမသည် ဟန်မပျက် ဓားကို **ဆွဲထုတ်လိုက်**သည်။

တဆက်တည်းမှာလည်း နောက်သို့ ချာခနဲ လှည့်ကာ လျှပ်တပြက် ဓားဖြင့် ဖုံးရောင်၏ရင်ဝသို့ ချိန်ရွယ်ထားလိုက်သည်။

နှုတ်မှလည်း မာကျောခက်ထန်စွာ ပြောဆိုလိုက်၏။

"ထွက်ခဲ့စမ်း"

ဖုံးရောင်က မရှောင်နိုင်တော့ဘဲ အပြင်သို့ ထွက်လာလေသည်။

"ရှင် ဒီကို ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

ဖုံးရောင်က လက်ကာပြလိုက်သည်။

"မကြာ..မကြာသေးပါဘူးဗျာ"

ဟုအမှားမှားအယွင်းယွင်းဖြင့် ဖြေလိုက်လေသည်။

ကူးကူးက **ဒေါသထွက်**လာသည်။

"မိန်းကလေးတစ်ယောက်ရဲ့ အခန်းကို ပိုင်စိုးပိုင်နင်း ဝင်လာတာ သေပေတော့"

သူမသည် ဤသို့ ပြောပြီး ဖုံးရှောင်အား လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

ဖုံးရှောင်က ရှောင်တိမ်းရင်း ရှင်းပြနေ၏။

"ကျုပ် တမင်တကာ ဝင်လာတာ မဟုတ်ပါဘူးဗျာ"

ကူးကူးက တိုက်ခိုက်ရင်း...

"ရှင်ဝင်မလာရင် အခန်းထဲ ဘယ်လိုရောက်လာသေးလဲ"

ဖုံးရှောင်က ရှောင်တိမ်းရင်း...

"တုလတ်က အတင်းလိုက်လို့ ဝင်မိဝင်ရာ ဝင်လာတာပါ"

ကူးကူးက တရကြမ်းဖိ၍ တိုက်နေယင်းမှပင်...

"မှားဝင်လာရင် ဘာဖြစ်လို့ ထွက်မလာဘဲ ပုန်းနေရတာလဲ"

ဖုံးရှောင်က လျင်မြန်သွက်လက်စွာ ရှောင်ရင်းမှ...

"ကျုပ်ထွက်မလို့ပါပဲ၊ ခင်ဗျားတို့ ဝင်လာတာနဲ့ ထွက်မလာဝံ့တာပါ"

ကူးကူးသည် ဓားကို ဒေ့ယမ်းရင်း ဖုံးရှောင် ခါးမှာချိတ်ထားသော အိတ်ကလေးကို ခုတ်မိလေသည်။

ကူးကူးက ဓားဖြင့် ကော်ယူလိုက်ရာ ပုတီးကုံးတစ်ကုံး ပါလာသည်ကို တွေ့ရလေသည်။

ထိုပုတီးလုံးကို သူမ ချက်ချင်းမှတ်မိလိုက်သည်။

"ပြောစမ်း၊ ဒီပုတီးကုံး ဘယ်က ရတာလဲ"

ဖုံးရှောင် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ခင်ဗျားပဲ ကျုပ်ကို လက်ဆောင်ပေးတယ် မဟုတ်လား"

ဖုံးရှောင်က မဆိုင်းမတွ ပြန်လည်ပြောဆိုလိုက်၏။

ကူးကူးက တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်သည်။

ယခုမှ သူမသည် ဖုံးရှောင်အား မှတ်မိလိုက်လေသည်။

ဖုံးရှောင်က လက်ဝါးဖြင့် မိမိခေါင်းကို အုပ်ထားလိုက်သည်။

"မှတ်မိလို့ တော်ပါသေးရဲ့၊ နို့မဟုတ်ရင် ကျုပ်ခေါင်းပြတ်ကြွဗျာ"

ကူးကူးက ခစ်ခနဲ ရယ်မောလိုက်လေသည်။

ထိုအချိန်မှာပင် တံခါးခေါက်သံ ကြားလိုက်ရလေသည်။

♦ ♦ ♦

ကူးကူးနှင့် ဖုံးရှောင်တို့ ထိတ်လန့်သွားကြသည်။

တစ်ယောက်နှင့်တစ်ယောက် ထိတ်လန့်တကြား ကြည့်နေမိကြစဉ်...

"ဒေါက်...ဒေါက်"

"ဘယ်သူလဲ"

"ငါပါဟ သမီး"

မြို့စားကြီး အသံ ဖြစ်သည်။

ကူးကူး ထိတ်လန့်တုန်လှုပ်သွားမိ၏။

"အခုမှ ဒုက္ခ"

ဖုံးရှောင်ကလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထပ်မံကြားလိုက်ရပြန်သည်။

"လာပါပြီ ဖေဖေ"

ကူးကူးသည် ယင်းသို့သာ ပြောလိုက်ရသည်။

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေမိ၏။

သူမသည် နောက်ဆုံး ကြံရာမရသည့်အဆုံး ဖုံးရှောင်အား အိတ်တစ်ခုထဲသို့ ထည့်လိုက်ပြီး ကြိုးချည်၍ တိုင်ပေါ်၌ ချိတ်ထားလိုက်လေသည်။

သူမသည် လှုပ်ရှားနေသော စိတ်များကို တည်ငြိမ်စေပြီးမှ တံခါးဖွင့်ပေးလိုက်သည်။

မြို့စားကြီးက အခန်းထဲသို့ ဝင်ရောက်လာသည်။

အခန်းတစ်ခုလုံးကိုလည်း သေချာစွာ ငေ့ဝဲအကဲခတ် ကြည့်ရှုလိုက်သည်။

"သမီး ဘာလုပ်နေလဲ"

ကူးကူးက ပခုံးတစ်ချက် မြှင့်ပြလိုက်သည်။

"ဘာမှ မလုပ်ပါဘူး ဖေဖေ"

မြို့စားကြီး၏မျက်လုံးအစုံသည် တိုင်ပေါ်မှာ ချိတ်ထားသော အိတ်ပေါ်သို့ ရောက်သွားသည်။

"ဒီအိတ်ကို ဘာဖြစ်လို့ ချိတ်ထားရတာလဲ"

ကူးကူးက ပြုံးပြလိုက်ပြီး...

"ကျွန်မ လက်သီးထိုးကျင့်တာပါ"

ခူမသည် ပြောပြီး အိတ်ကို ဟန်နှင့် ပန်နှင့် ထိုးပြလိုက်သည်။

မြို့စားကြီးက ခေါင်းခါယမ်းလိုက်သည်။ နှုတ်မှလည်း အားမရသော် အားမရဟန်ဖြင့်...

"သမီးထိုးပုံက အားမပါဘူးကွယ်"

သူသည် အိတ်ရှိရာသို့ လျှောက်သွားသည်။

"ကဲ ဖယ်စမ်းပါ၊ ဖေဖေ ထိုးပြမယ်"

ကူးကူးက ရင်ထိတ်သွားသည်။ ကမန်းကတန်း ဟန့်တားသော်မိသည်။

"မလိုပါဘူး ဖေဖေ၊ ကျွန်မထိုးတတ်ပါတယ်"

သူမသည် ဖခင် မထိုးမီ အားစိုက်၍ တစ်ချက်နှစ်ချက် ထိုးပြလိုက်လေသည်။

ဖုံးရှောင်သည် အထိုးခံရသဖြင့် နာကျင်သော ဝေဒနာကို ခံစားလိုက်ရသော်လည်း အသံမထွက်ရဲဘဲ အံကြိတ်၍ နေ၏။

ဤအတိုင်း ဆက်၍ ထိုးနေလျှင် ဖုံးရှောင်မှာ အရိုးများ ကျိုးသွားနိုင်သည်ကို တွေးမိသဖြင့် သူမသည် လက်သီးထိုး လေ့ကျင့်ရာမှ ရပ်တန့်လိုက်လေသည်။

ထို့နောက် ဖခင်ဘက်သို့ လှည့်၍...

"ဒါနဲ့ ဖေဖေ ဘာကိစ္စ ရှိလို့လဲ"

မြို့စားကြီးက ခေါင်းခါယမ်းလိုက်သည်။

"သမီးက အမဲလိုက်သွားမယ်ဆိုလို့ သွားတာ၊ မတွေ့တာနဲ့ သာကြည့်တာပါ"

"ပထမတော့ သွားမလို့ဘဲ၊ အခုတော့ မသွားချင်တော့ဘူး"

"ဘာဖြစ်လို့လဲ သမီး"

"သခီးပျင်းသွားလို့ပါ"

"အေးလေ ပျင်းရင် နောက်တစ်နေ့မှ သွားပေါ့"

မြို့စားကြီးသည် ယင်းသို့ ပြောပြီး အခန်းထဲမှ ထွက်သွားလေသည်။

ကူးကူးသည် အခန်းတံခါး ပိတ်လိုက်ပြီး တိုင်ပေါ်မှ အိတ်ကို ကမန်းကတန်း အောက်သို့ ချလိုက်လေသည်။

ကြိုးကို ဖြေလိုက်ပြီး အိတ်ကို ချွတ်လိုက်သောအခါ ဖုံးရှောင် ခွေခွေကလေး ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ကူးကူးက သူ့အား ဖေးမပွေ့ထူလိုက်သည်။

"ရှင် ဘယ်နှယ်နေသေးသလဲ"

ဖုံးရှောင်က စိတ်မရှည်နိုင်တော့ဘဲ မျက်နှာရှုံ့မဲ့လိုက်သည်။

"ခင်ဗျားလက်သီးဒဏ်ကို ခံလိုက်ရတာ အသက်မထွက်ရုံတမယ်ပဲ ကျန်တော့တယ်"

ကူးကူးက ခစ်ခနဲ ရယ်မောလိုက်လေသည်။

"ရှင်ကလည်း ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ"

"အေး ဟုတ်သားပဲ"

ဖုံးရှောင်က ထခုန်လိုက်လေသည်။

သူ့မျက်နှာကလည်း လွန်စွာ ထိတ်လန့်ဟန်ဖြင့်...

"ကျုပ်မြန်မြန်သွားမှ ဖြစ်မယ်၊ တော်ကြာ ခင်ဗျားအဖေရောက်လာရင် အရိုးကျိုးရချည်ရဲ့"

သူသည် ပြောပြောဆိုဆိုဖြင့် အခန်းပြတင်းပေါက် ရှိရာသို့ လျှောက်သွားသည်။

ကူးကူးက ဟန့်တားလိုက်သည်။

"နေပါအုံး၊ ရှင့်နာမည် ပြောခဲ့ပါအုံး"

"ဖုံးရှောင်"

ဖုံးရှောင်က ပြောပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားလေသည်။

သူသည် လေထဲ၌ တပတ်ကျွမ်းပစ်ပြီး အုတ်နံရံကို ကျော်၍ အပြင်သို့ ခုန်ချလိုက်လေသည်။

သူ၏ခြေထောက် မြေပေါ်သို့ ထိမိလိုက်သည်နှင့် ပိုက်ကွန်ဘစ်ခုသည် သူ့အပေါ်သို့ အုပ်ချလိုက်လေတော့သည်။

♦ ♦ ♦

သူတောင်းစားဘဝ

ဤနေရာသည် လုယန်မြို့၏ အစည်ကားဆုံးသော လမ်းတစ်ခု ဖြစ်သည်။

လမ်းဘေးဈေးသည်များ...

အစားအသောက်ရောင်းသူများ...

တိုလိမိုလီရောင်းသူများ၊ ဆေးရောင်းသူများနှင့် အလွန်အသီးသီးမှ **ဈေးဝယ်သူများ စသည်ဖြင့်** စည်ကားလှပေသည်။

ဈေးသည်များကြားတွင် ဗေဒင်ဆရာတစ်ဦးလည်း **ပါဝင်နေ**သည်။

ယင်းဗေဒင်ဆရာမှာ ဆေးရွက်၏ဦးလေးဖြစ်သူ **မျက်မမြင် ဗေဒင်ဆရာချန်း** ဖြစ်လေသည်။

ဗေဒင်ဆရာ အနီး၌ ဆေးရွက်သည် ပန်းကန်ခွက်တစ်ခုကို ဘိုင်လျက် လမ်းသွားလမ်းလာများထံမှ အသပြာငွေစများကို တစာစာ တောင်းရမ်းနေ၏။

သူမသည် ဦးလေးဖြစ်သူ သင်ကြားထားသည့်အတိုင်း အသံနေ အသံထားဖြင့် တောင်းဆို၍ နေလေသည်။

"ကျွန်မကို သနားကြပါရှင်၊ ဦးလေးတို့ ဒေါ်ဒေါ်တို့၊ အစ်ကို ဘဲ့ အစ်မတို့သာ မကူညီရင် ကျွန်မတော်လို့ သေရပါ့မယ်၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်လိုက်ယင် ဗုဒ္ဓခုနစ်လုံး ရပါလိမ့်မယ်ရှင်"

ဗေဒင်ဆရာချန်းက ကြိမ်လုံးဖြင့် သူမအား လှမ်းရိုက်လိုက်သည်။

"ဗုဒ္ဓ(၇)လုံး မဟုတ်ဘူး၊ ဘုံခုနစ်ဆင့် ရောက်နိုင်ပါတယ်ရှင့် ပြောပါ"

ဆေးရွက်က ကမန်းကတန်း ပြင်လိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ဦးလေး ပြောတဲ့အတိုင်းပါပဲရှင့်"

ဗေဒင်ဆရာချန်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းမျက်နှာ ထောင့်မကျိုးပုံနဲ့တော့ မင်းကို သနားဖို့ နေနေသာသာ ပါးမရိုက်သွားတာ **ကံကောင်း**"

ဗေဒင်ဆရာချန်းက ကြိမ်းမောင်းဆူပူနေပြန်သည်။

ဆေးရွက်က နှုတ်ခမ်းစူလိုက်လေသည်။

"ကျွန်မမှ မတောင်းတတ်ဘဲ၊ ဦးလေးက တောင်းခိုင်းတာကဲ့"

ဗေဒင်ဆရာချန်းက စိတ်ပျက်သွားမိ၏။

"မင်း ငါ့အိမ် ရောက်တာ ရှစ်ရက် ရှိသွားပြီ၊ တစ်ပြား တောင်းလို့ မရသေးဘူး၊ မင်းကို ငါဆက်မကျွေးထားနိုင်တော့ဘူး"

ဗေဒင်ဆရာချန်းသည် ယင်းသို့ ပြောရင်း အကြံတစ်ခု ရလာလေသည်။

"ကဲ မင်းအရင်ပြန်၊ ထမင်းဟင်းချက်ထားလိုက်၊ ဒီည ငါ့မိတ်ဆွေတစ်ယောက်ကို ထမင်းကျွေးရလိမ့်မယ်"

ဆေးရွက်သည် မတောင်းရသဖြင့် ဝမ်းသာရွင်လန်းပြီး အိမ်သို့ ပြန်သွားလေတော့သည်။

ဆေးရွက်၏ သွက်လက်ချက်ချာပုံကို အနီးရှိ အဘိုးအိုတယောက်က အကဲခတ်မိလိုက်လေသည်။

ထိုစဉ် ဗေဒင်ဆရာချန်းက လူတစ်ယောက်နှင့် တီးတိုးတိုင်ပင်နေသည်ကို တွေ့မြင်လိုက်သောအခါ ဗေဒင်ဆရာချန်းမရိုးသားသော အကြံအစည် ရှိသည်ကို အကဲခတ်မိလိုက်သည်။

ယင်းအဘိုးအိုမှာ မြေအောင်းကျားပင် ဖြစ်သည်။

♦ ♦ ♦

ယုတ်မာသော အကြံအစည်

ဆေးရွက်သည် တေးတကြော်ကြော်ဆိုတာ ထမင်းဟင်းချက်ပြုတ်နေ၏။

သူ၏ဦးလေး ချက်ခိုင်းသည်မှာ ခါတိုင်းကဲ့သို့ ငံပြာရည်နှင့် ပဲပြားဟင်းလျာ မဟုတ်တော့ဘဲ ယနေ့ည်သည် ဝက်သားဟင်းလည်းပါသည်။

ကြက်သားဟင်းလည်း ပါသည်။

ထို့အပြင် အရက်ခရားလည်း ပါလာသေး၏။

သူမ၏ဦးလေးက အဘယ်ကြောင့် ဤမျှ ရက်ရက်ရောရော ချက်ခိုင်းသည်ကို သူမက မစဉ်းစားမိပါ။ ဟင်းကောင်းစားရမည်ကိုသာ တွေးကာ ဝမ်းသာပီတိ ဖြစ်နေမိ၏။

မကြာမီ ဟင်းလျာအားလုံး ချက်ပြီး စားပွဲပေါ်သို့ အသင့်ရောက်ရှိနေလေသည်။

မိုးချုပ်လာပြီ ဖြစ်၍ သူမသည် ဆီးမီးခွက်ထွန်း၍ ဦးလေးပြန်လာမည်ကို စောင့်မျှော်၍ နေမိလေသည်။

မကြာပါချေ။

သူမ၏ဦးလေး ပြန်လည်ရောက်ရှိလာသည်။

သို့သော် ယခု ဗေဒင်ဆရာချန်း ပြန်လာသည်မှာ သူတစ်ယောက်တည်း မဟုတ်ပါ။

အဖော်တစ်ယောက်ပင် ပါလာသေး၏။

သူနှင့် ပါလာသော အဖော်သည် အသက် ၅၀ ကျော်ပြီ ဖြစ်လေသည်။

ဗိုက်ရွဲရွဲဖြင့် ရုပ်ဆိုးသည်။

သို့သော် သူ့ကိုယ်ပေါ်တွင် ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထား၏။ လက်မှာလည်း အလွန်တန်ဖိုးကြီးသော ကျောက်စိမ်းလက်စွပ် စွပ်ထားသည်။

ဆရာချန်းနှင့် ပါလာသူကား ချမ်းသာကြွယ်ဝသော လူတစ်ယောက် ဖြစ်ရမည်ဟု ခန့်မှန်းနိုင်လေသည်။

♦ ♦ ♦

ဗေဒင်ဆရာချန်းသည် ဆေးရွက်အား ချိုပြုံးသော မျက်နှာထားဖြင့် နူတ်ခွန်းဆက်စကားဆိုလိုက်၏။

"တူမလေး ချက်ရပြုတ်ရတာ မောနေပြီ ထင်တယ်"

မိမိအား အချိန်မလပ် ကြိမ်းမောင်းပြောဆိုနေသော ဦးလေးက ယခုကဲ့သို့ ချိုသာစွာဖြင့် ဆက်ဆံလာသည်ကို တွေ့လိုက်ရသဖြင့် ဆေးရွက် စိတ်ထဲ ဝိတိဖြစ်သွားလေသည်။

"ကျွန်မ မမောပါဘူး ဦးလေးရယ်"

ဗေဒင်ဆရာချန်းသည် သူ၏အဖော်အား ဆေးရွက်အနှီးဦးထိုင်စေသည်။

"တူမလေးကို မိတ်ဆက်ပေးရဦးမယ်"

သူက အနီးရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်ပြီး...

"သူကတော့ အထည်ဆိုင်ဝိုင်ရှင် သူဌေးကြီးချူးပါ၊ သူက အလွန်ချမ်းသာတယ်ကွယ့်"

ဆေးရွက်က သူဌေးကြီးချူးဆိုသူအား မော့ကြည့်လိုက်သည်။

သူဌေးကြီးချူးသည် သူမ၏တစ်ကိုယ်လုံးအား စားတော့ငေးတော့မလို ကြည့်ရှုနေကြောင်း တွေ့လိုက်ရ၏။

အဘယ်ကြောင့်မှန်းမသိ ဆေးရွက်မှာ အလိုလို ကြောက်ရွံ့သွားလေသည်။

"ဟဲ့...ဟဲ့...ဟဲ့"

သူဌေးကြီးချူးသည် ရမက်ဝေသော မျက်လုံးအစုံဖြင့် သူမအား စိုက်ကြည့်လိုက်သည်။

နှုတ်မှလည်း အလွန်တရာ အက်ကွဲနက်စူးသော အသံ
ကြီးဖြင့်...

"ကလေးမ အသက် ဘယ်လောက် ရှိပြီလဲ"

"၁၇ နှစ်ပါရှင်"

သူဌေးကြီးချုပ်က ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်..ကောင်းတယ်"

သူသည် ဗေဒင်ဆရာချန်းဘက်သို့ လှည့်လိုက်သည်။

"ကဲ စွေးပြောပါဦးလေ"

ဗေဒင်ဆရာချန်းက လက်ခြောက်ချောင်း ထောင်ပြလိုက်
သည်။

"၆၀ တော့ပေးပါ"

သူဌေးကြီးချုပ်က ဆေးရွက်အား ကုန်ပစ္စည်းတစ်ခုအား
စွေးဖြတ်နေသည့်ပမာ ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန် ကြည့်
လိုက်လေသည်။

"များပါတယ်၊ နဲနဲလျှော့ပါဦး"

ဗေဒင်ဆရာချန်းက လက်ငါးချောင်း ထောင်ပြလိုက်သည်

"ငါးဆယ်တော့ မလျှော့နိုင်တော့ဘူးဗျာ"

"သုံးဆယ်ထားပါဗျာ"

ဆေးရွက်သည် သူဌေးကြီးချုပ်နှင့် သူမ၏ဦးလေးတို့ ဆွေ
သည့် အကြောင်းများ ပြောနေသည်ကိုမူ နားမလည်နိုင်ဘဲ မျက်ဝန်း
ကလေး အကြောင်သားဖြင့် ငေးကြည့်နေမိသည်။

ဗေဒင်ဆရာချန်းက ခေါင်းခါယမ်းလိုက်သည်။

"မလျှော့နိုင်ဘူးဗျာ"

သူဌေးကြီးချုပ်သည် ဆေးရွက်အား တတိယအကြိမ်
မြောက် ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန် ကြည့်ရှုလိုက်ပြန်၏။

ထို့နောက် လက်လေးချောင်း ထောင်ပြလိုက်သည်။

"လေးဆယ်တော့ ထားပါဗျာ"

ဗေဒင်ဆရာချန်းက မျက်မှောင်ကြုတ်သွားသည်။

"ကဲ ဒါဖြင့် ငွေလက်ငင်းပေးပါ"

သူဌေးကြီးချုပ်က လက်ကာပြလိုက်သည်။

"ကျုပ်နောက်ထပ် ကြည့်ပါရစေဗျာ"

"ကြည့်ပါဗျာ၊ တော်ကြာ ကျုပ်စိတ်မထင်ရင် စွေးတက်
သွားအုံးမှာနော်"

သူဌေးကြီးချုပ်သည် ဆေးရွက်အား ထပ်မံ၍ သေသေချာ
ချာ ကြည့်လိုက်သည်။ သူ့မျက်နှာကြီးတစ်ခုလုံးမှာ ရမ္မက်ခိုးငွေ့များ
ဆုပ်ကိုင်တက်နေသည်။

နောက်ဆုံးတွင် သူဌေးကြီးချုပ်သည် ငွေတုံးကလေးလေး
ငါး ရေတွက်၍ ဗေဒင်ဆရာချန်း လက်ထဲသို့ ပေးအပ်လိုက်လေ
သည်။

ယခုမှ ဆေးရွက်က ရိပ်စားမိသွားသည်။

"ဒါ ဘာလုပ်တာလဲ ဦးလေး"

ဗေဒင်ဆရာချန်းက ပြုံးပြလိုက်သည်။

"မင်း တစ်သက်လုံး မပူမပင် နေထိုင်နိုင်အောင် ငါစီစဉ်
ပေးလိုက်တာလေ"

"ဦးလေးက ဘယ်လို စီစဉ်လိုက်တာလဲ"

"ငါက မင်းကို ရောင်းလိုက်တာလေ၊ ဦးလေးလဲ ပိုက်ဆံးတယ်၊ မင်းလဲ မပူမပင် မကြောင့်မကျ နေရတော့မယ် မဟုတ်လား"

ဆေးရွက်က မခံမရပ်နိုင်အောင် ဖြစ်လာမိလေသည်။

"ရှင်..လူမဟုတ်ဘူး၊ တိရစ္ဆာန်"

သူဌေးကြီးက ဗေဒင်ဆရာအား ပြုံးပြလိုက်သည်။

နှုတ်မှလည်း သွက်လက်ရွင်ပြစွာ...

"ကျုပ် ဝေါစင်သွားငှားလိုက်အုံးမယ်၊ ခဏစောင့်ပါအုံး"

ဗေဒင်ဆရာချန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ၊ အမြန်ဆုံး လာခေါ်သွားပါ၊ ကျုပ်က မျက်စိမမြင်ဘူး၊ သူ့ကို ကြာကြာ မထိန်းနိုင်ဘူးဗျ"

ဆေးရွက်သည် ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးမိရာလေတော့သည်။

◆ ◆ ◆

သရဲလော လူလော

ည သန်းခေါင်ယံ မရောက်တရောက် အချိန် ဖြစ်ပါသည်။

ဝေါယာဉ်တစ်စီးကို လမ်းကြားကလေးအတိုင်း လူ ၂ ယောက် ထမ်း၍ ထွက်လာ၏။

ဝေါစင်ရှေ့မှ သူဌေးကြီးချူးက ဦး ဆောင်ခေါ်ဆောင်သွားသည်။

ဝေါစင်ထဲမှ ဆေးရွက်၏ငိုသံမှာ သဲ့သဲ့ကလေး ထွက်ပေါ်လာလေသည်။

သူဌေးကြီးချူး၏ မျက်နှာတစ်ခုလုံးမှာမူ ပြုံးရွှင်၍ နေ၏။

သူသည် လမ်းကြားထဲမှ ထွက်လာပြီးနောက် ဆက်လက် လျှောက်သွားလေသည်။

ကြောမီ သူတို့သည် သုသာန်တစ်ခု၏နံဘေးမှ ဖြတ်ကျော်သွားရလေသည်။

အေးစိမ့်သော လေတစ်ချက်က ဝေ့ခနဲ တိုက်ခတ်လိုက်၏။

ဝေါစင်ထမ်းသူက အနည်းငယ် စိတ်ချောက်ချားသွားသည်။

"ဒီနေရာက လူပြတ်တယ်၊ မြန်မြန်လျှောက်ပါ"

သူဌေးကြီးချူးက ရယ်မောလိုက်သည်။

"မကြောက်ပါနဲ့ဗျာ၊ ဒီလမ်းကို ကျုပ်ခဏခဏ ဖြတ်နေကြပါ"

သူဌေးကြီးချူး၏စကားကြောင့် ဝေါစင်ထမ်းသူက စိတ်အားတက်ကြွလာလေသည်။

ထိုစဉ်မှာပင် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရယ်သံတစ်ခုသည် ညဉ့်ယံကို ထိုးဖောက်ကာ ထွက်ပေါ်လာလေတော့သည်။

"ဟား...ဟား...ဟား"

ထိုအသံ ကြားလိုက်သည်နှင့် ဝေါစင်ထမ်းသူနှင့် သူဌေးကြီးချူးတို့ ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ဟား...ဟား...ဟား"

သူဌေးကြီးက ပတ်ဝန်းကျင်တို့ကို ထိတ်ထိတ်ပျာပျာဖြင့် လှည့်ကြည့်လိုက်သည်။

"ဘယ်သူလဲဟေ့"

"ဟား...ဟား...ဟား"

ကြောက်မက်ဖွယ်ရာကောင်းသော ရယ်မောသံများသည်

ကျင်တစ်ခုလုံးသို့ ပဲ့တင်ရိုက်ခတ်သွားလေတော့သည်။

"ဘယ်သူလဲဟေ့ ထွက်ခဲ့"

ဝေါစင်ထမ်းသူမှာမူ ဒူးနှစ်လုံးစလုံး တဆတ်ဆတ် တုန်နေချေပြီ။

ကြောက်ရွံ့သည့်စိတ်ကို မခံမရပ်နိုင်သည့် အဆုံးဌ ဝေါစင်ကို ချထားလိုက်ပြီး ပြေးလွှားထွက်ခွာသွားလေသည်။

သူဌေးကြီးချူးက စိတ်တိုသွား၏။

"ဟေ့ မင်းက သရဲလား၊ လူလား၊ လာခဲ့စမ်း"

သူ၏စကားဆုံးသွားသည်နှင့် ရယ်မောသံများ ရပ်တန့်သွားသည်။

သစ်ပင်ပေါ်မှ လူရိပ်တစ်ခု အောက်သို့ ဖြုတ်ခနဲ ခုန်ဆင်းလာရောက်လာ၏။

"ကျုပ်က လူလား၊ သရဲလားဆိုတာ မင်းကိုယ်တိုင် ကြည့်"

သူဌေးကြီးချူးသည် ထိုလူအား တွေ့မြင်လိုက်သောအခါ ကြောက်ဒူးတုန်သွားလေသည်။

ထိုလူမှာ အဖြူရောင်အင်္ကျီတစ်ထည် ဝတ်ဆင်ထားသည်။

သူ၏ရှည်လျားသော ဆံပင်များမှာလည်း မျက်နှာပေါ်သို့ ဖုံးအုပ်နေလေသည်။

သူဌေးကြီးချူးမှာ ရင်တလှုပ်လှုပ် ခုန်နေ၏။

"မင်း...မင်း ဘယ်သူလဲ"

"အခုထိ ငါ ဘယ်သူမှန်း မသိသေးဘူးလား"

ထိုလူသည် သူဌေးကြီးချူးထံ ချဉ်းကပ်လာနေ၏။

သို့သော် လူကဲ့သို့ လျှောက်လာခြင်း မဟုတ်ဘဲ၊ ခါးလည်း မကိုင်း၊ ဒူးလည်း မကွေးဘဲ မာတောင့်တောင့်ကြီး ခုန်လာနေခြင်း ဖြစ်ပေသည်။

"အမယ်လေးဗျ"

သူဌေးကြီးချူးသည် ယင်းသို့ စာစ်ချက်အော်လိုက်ပြီး ခြေထောက်နှင့် တင်ပါးတသားတည်း ဖြစ်အောင် ထွက်ပြေးသွားလေတော့သည်။

♦ ♦ ♦

သူဌေးကြီးချူး အဝေးသို့ ရောက်ရှိသွားတော့မှ အဖြူရောင် ဝတ်ဆင်ထားသောလူသည် မျက်နှာပေါ်သို့ ဖုံးထားသော ဆံပင်များကို ဖယ်ရှားလိုက်ပြန်သည်။

ထိုသူမှာ မြေအောင်းကျားအမည်ရှိ အဘိုးအိုပင် ဖြစ်သည်။

သူသည် ဝေါစင်အနီးသို့ လျှောက်သွားသည်။

"မိန်းကလေး မင်းထွက်လာနိုင်ပြီ"

ဆေးရွက်က ဝေါစင်မှာ ကာထားသော ယင်းကို ဖယ်ရှားလိုက်သည်။

သူဌေးကြီးနှင့် ဝေါစင်ထမ်းသူများကို မတွေ့ရတော့ဘဲ မိမိအား ကရုဏာသက်သည့် မျက်လုံးအစုံဖြင့် ကြည့်နေသော အဘိုးအိုကိုသာ တွေ့မြင်ရသည်။

သူမသည် ကြောင်အမ်းအမ်းဖြင့် အဘိုးအိုအား ကြည့်နေသည်။

အဘိုးအိုက ပြုံးပြလိုက်သည်။

"မကြောက်ပါနဲ့ မိန်းကလေးရယ်၊ သူတို့ကို ကျုပ်ခြောက်သွတ်လိုက်လို့ ကြောက်လန့်တကြား ပြေးလွှားကုန်ကြပါပြီ"

ယခုမှ ဆေးရွက်က မိမိအား အဘိုးအိုက ကယ်တင်လိုက်ကြောင်း သိလိုက်ရလေသည်။

သူမသည် မြေပြင်ထက်၌ ဒူးနှစ်ဘက်ထောက်ကာ အဘိုးအိုအား အရိုအသေပြုရင်း ကျေးဇူးစကားဆိုလိုက်သည်။

"ကျေးဇူးကြီးလှပါတယ် ဘဘရယ်"

အဘိုးအိုက ပြုံးလိုက်သည်။

"မင်း ဘယ်ကို သွားဖို့ စိတ်ကူးသလဲ"

ဆေးရွက်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မက ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ပါ"

"ဒါဖြင့် မင်း ငါ့ကို ဆရာလို့ ခေါ်မလား"

ဆေးရွက်က ဝမ်းသာသွားသည်။

သူမသည် ဒုတိယအကြိမ်မြောက် ဒူးထောက်လိုက်ပြီး ဂါရုပြုလိုက်ပြန်သည်။

"ဆရာ"

အဘိုးအိုက ငြိမ်သက်စွာ ရယ်မောလိုက်သည်။

"အေး...အေး မင်းရဲ့ အရိုးအဆစ် တည်ဆောက်ပုံဟာ သိုင်းပညာ လေ့ကျင့်ဖို့ အသင့်တော်ဆုံးပဲလို့ ငါအကဲခတ်မိတယ်၊ မင်း

ငါ့နောက်လိုက်မယ်ဆိုရင် ငါတတ်ထားတဲ့ သိုင်းပညာအားလုံး မင်းကို သင်ပေးမယ်”

ဆေးရွက်က ဦးညွှတ်လိုက်သည်။

“ကျေးဇူးတင်ပါတယ်၊ ဆရာရယ်”

♦ ♦ ♦

မိန်းကလေးသည် ကျင်းစန်းနှင့်အတူ ဘုံကျောင်းတစ်ခုသို့ ရောက်ရှိလာလေသည်။

ကျင်းစန်းသည် ထိုမိန်းကလေးအား သေချာစွာ အကဲခတ်ကြည့်လိုက်၏။

“ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့ကို ကယ်ရတာလဲ”

မိန်းကလေးက ပြုံးလိုက်သည်။

“ကျွန်မ ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ ရှင့်ကို အခုလို ကယ်တင်တာ ရှင်က အပြစ်တင်အုံးမလို့လား”

ကျင်းစန်းက ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်ပါဘူးဗျာ၊ ခင်ဗျားက အသက်ငယ်ငယ်နဲ့ လူများကို အဆိပ်ခတ်တာကို ကျုပ်က မလိုလားလို့ပါ”

မိန်းကလေးက ရယ်မောလိုက်သည်။

“ရန်သူကို သနားရင် ကိုယ့်ကိုကိုယ် ရက်စက်တာနဲ့ တူတယ်ဆိုတဲ့ စကားကို မကြားဖူးဘူးလား”

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

“ဘာပဲဖြစ်ဖြသ် မတရားတဲ့နည်းနဲ့ အနိုင်ယူတာကို အထင်မကြီးဘူး”

မိန်းကလေးက တခစ်ခစ် ရယ်မောလိုက်လေသည်။

“ရှင့်အ ယက်ကို ကျွန်မကယ်ခဲ့တယ်ဆိုတာ မေ့နေပြီနဲ့တူတယ်”

ကျင်းစန်းက ပါးစပ်ဝိတ်သွားရလေတော့၏။

သူမသည် ကျင်းစန်းအား တစ်ချက်ကြည့်လိုက်သည်။

“ရှင်လဲ ဗိုက်ဆာပြီနဲ့ တူတယ်၊ ကျွန်မ စားစရာ တစ်ခုခု သွားဖန်တီးလိုက်ဦးမယ်”

သူမသည် ပြောပြီး ထွက်သွားလေသည်။

တခဏ အကြာတွင် သူမက ပြန်လည်ရောက်ရှိလာသည်။

သူမ၏လက်ထဲတွင် စားသောက်ဖွယ်ရာများ ထည့်ထားသော ခြင်းတောင်းတစ်လုံး ပါလာသည်။

ထို့အပြင် အရက်တစ်ခရားလည်း ပါလာသေး၏။

မိန်းကလေးသည် ကျင်းစန်းအား ပြုံးပြလိုက်၏။

ထို့နောက် စားသောက်ဖွယ်ရာများကို စားပွဲပေါ်သို့ ချထားလိုက်ပြီး အရက်ကို ငှဲ့ပေးလိုက်သည်။

“ကဲ ခရီးဆက်ရအုံးမယ်၊ ဗိုက်ဝအောင်စားထားပါရှင်”

ကျင်းစန်း မစားသေးဘဲ တွေဝေနေ၏။

မိန်းကလေးက ပြုံးလိုက်သည်။

“ဘာလဲ ကျွန်မ ရှင့်ကို အဆိပ်ခတ်မှာ ကြောက်နေလို့လား”

ကျင်းစန်းသည် အရက်ခွက်ယူ၍ သောက်မည်အပြုတွင်

အသံတစ်ခု ကြားလိုက်ရလေသည်။

"မသောက်နဲ့"

ယင်းစကားနှင့်အတူ လူရိပ်တစ်ခုသည် ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်လာပြီး ကျင်းစန်း လက်ထဲမှ အရက်ခွက်ကို ပုတ်ချပစ်လိုက်လေသည်။

အရက်များသည် ကြမ်းပြင်ပေါ်သို့ ဖိတ်ကျသွားသောအခါ မီးခိုးများ ထွက်လာသည်ကို တွေ့ရလေသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် ကျင်းစန်းမှာ ကြောင်စီစီပင် ဖြစ်နေသည်။

တခဏအကြာတွင် အရက်ခွက်ကို ပုတ်ချသော လူအား ကြည့်မိလေသည်။

ထိုလူမှာ ခမောက်ဆောင်းထားသော လူတစ်ယောက် ဖြစ်သည်။

ကျင်းစန်းက မျက်မှောင်ကုပ်၍...

"ခင်ဗျား ဘယ်သူလဲ"

ခမောက်ဆောင်းထားသောလူက...

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး"

သူသည် မိန်းကလေးအား ညွှန်ပြလိုက်သည်။

"သူက ဘယ်သူလဲဆိုတာ ခင်ဗျားသိလား"

ကျင်းစန်း ခေါင်းယမ်းပြလိုက်သည်။

ခမောက်ဆောင်းထားသောလူက ရယ်မောလိုက်လေသည်။

"သူ့နာမည်က ယင်ချင်းလို့ ခေါ်တယ်၊ မန်ချူးထောက်ပံ့မှုရေးမှူးရဲ့ လူသဲတ်သမားနှစ်ယောက်ထဲက တစ်ယောက် အပါအဝင်ပါပဲ"

မိန်းကလေးသည် မိမိအကြံ ပေါ်သွားသဖြင့် ကျင်းစန်းအား လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

သို့သော် သူမ နောက်ကျသွားချေပြီ။ သူမက လူပ်ရှားရန် ဟန်ပြင်လိုက်စဉ်မှာပင် ခမောက်ဆောင်းထားသူ၏မှားသည် သူမ၏ ခေါင်းဗိုက်သို့ ထိုးစိုက်လိုက်ပြီ ဖြစ်သည်။

"ဝုန်း"

ယင်ချင်းသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့၏။

"ဟင်"

ကျင်းစန်း အံ့သြနေသည်။

ခမောက်ဆောင်းထားသူက...

"မင်းကံကောင်းသွားတယ်"

ကျင်းစန်းသည် ခမောက်ဆောင်းထားသူကိုတစ်လှည့်၊ မိန်းကလေးကိုတစ်လှည့် ကြည့်နေရာမှ သက်ပြင်းချလိုက်မိလေတော့သည်။

◆ ◆ ◆

ခမောက်နှင့်လူက မည်သူနည်း

ကျင်းစန်းသည် ခမောက်ဆောင်းထားသောလူအား ငို
ကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

ခမောက်နှင့်လူက သူ၏ခမောက်ကို ချွတ်ချလိုက်သ
သည်။

အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ယင်းအမျိုးသမီးသည် အသက်(၃၀)ခန့် ရှိမည်ဟု ထ
သည်။

ရုပ်ရည်ချောမောပြီး မျက်နှာတည်ကြည်နေ၏။

"ခင်ဗျားက ကျုပ်မိသားစုကို သတ်သွားတဲ့လူ မဟုတ်လ

အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်၏။

"ရှင့်မိသားစုကို သိလဲ မသိဘူး၊ သတ်လဲ မသတ်ဘူး"

"ဒါပေမယ့် ခင်ဗျားက ဘယ်သူလဲ"

"ရှင်သိချင်ရင် ပြောပြမှာပါ"

"ဒါဖြင့် ပြောပါ"

"ကျွန်မနာမည်"

သူမ၏စကားမဆုံးခင် မန်ချူးစစ်သည်တော်များသည် ဘုံ
ကျောင်းပျက်ထဲသို့ ချဉ်းနင်းဝင်ရောက်လာကြလေတော့သည်။

♦ ♦ ♦

"ယား"

မန်ချူးစစ်သည်တော်များသည် ငြာသံပေးကာ ကျင်းစန်း
နှင့် အမျိုးသမီးတို့အား ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

ကျင်းစန်းနှင့် အမျိုးသမီးတို့က ပူးပေါင်း၍ ပြန်လည်ခုခံကြ
၏။

သို့သော် မန်ချူးစစ်သည်တော်က လူအင်အား များလာ
သဖြင့် သူတို့ ခုခံရင်း ထွက်ပြေးတိမ်းရှောင်သွားကြရလေသည်။

♦ ♦ ♦

မန်ချူးဘုရင်မင်းမြတ်က ခေါ်ယူသဖြင့် မြို့စားကြီးသည် ဘုရင့်ရှေ့မှောက်သို့ ခစားရန် နန်းတော်ထဲသို့ ရောက်ရှိသွားလေသည်။

သို့သော် သူသည် ဘုရင်မင်းမြတ်နှင့် မတွေ့ရဘဲ ဘုရင်မင်းမြတ်၏ ဦးလေးဖြစ်သူ နယ်စားကြီးနှင့်သာ တွေ့ရလေသည်။

အမှန်မှာ ဘုရင်မင်းမြတ်ကိုယ်တိုင် မည်သည့်ကိစ္စကိုမျှ ဘိုင်တွယ်ဆုံးဖြတ်ခြင်း မရှိပါ။

တိုင်းရေးပြည်ရေး ကိစ္စအလုံးစုံကို နယ်စားကြီးကသာ အာဏာအပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဝန်ကြီး၊ မှူးမတ်များသည် ဘုရင်ကို မကြောက်ဘဲ နယ်စားကြီးကိုသာ ကြောက်ရွံ့ရလေသည်။

♦ ♦ ♦

အဘိုးအိုမြေအောင်းကျား သည် ကျင်းစန်းတို့နှင့် မျက်ခြည်ပြတ်သွားသဖြင့် သူသည် ကျင်းစန်း၏သတင်း နားထောင်ရင်း ဆေးရွက်အား သိုင်းပညာ သင်ကြားပေးခဲ့လေသည်။

ဆေးရွက်သည် အလွန်ဉာဏ်ကောင်းသော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

အပင်ပန်းခံ၍လည်း ကြိုးစားလေ့ရှိသည်။

တိုတောင်းသော ရက်ပိုင်းအတွင်းမှာပင် သိုင်းပညာများကောင်းမွန်စွာ တိုးတက်အောင်မြင်လာလေသည်။

မြေအောင်းကျား ဝမ်းသာပီတိ ဖြစ်မိ၏။

♦ ♦ ♦

မြို့စားကြီးသည် နယ်စားကြီး၏မျက်နှာကို မြင်တွေ့လိုက်သည်နှင့် ကျောချမ်းသွားမိ၏။

နယ်စားကြီး၏မျက်နှာတစ်ခုလုံးမှာ သုန်မှုန်၍ နေလေသည်။

"မြို့စားကြီး အခုထိ တံဆိပ်တော်ကို မရသေးဘူးလား" မြို့စားကြီးက အရိုအသေ ပြုလိုက်၏။

"ကျွန်တော်မျိုးကြီး ကြိုးစားနေပါတယ်"

"ကျင်းစန်းကိုကော မဖမ်းမိဘူးလား"

"ကျင်းစန်းနဲ့တူတဲ့လူ (၄၅)ယောက်လောက် ဖမ်းထားပါတယ်"

"ကျင်းစန်းအစစ်ကို ဖမ်းလို့ မမိသေးဘူးဆိုပါတော့"

"ဟုတ်ကဲ့ပါ နယ်စားကြီး"

"မင်းက မြို့စားကြီးတစ်ယောက် ဖြစ်ပြီး ကျင်းစန်းတစ်ယောက်ကိုတောင် မိအောင် မဖမ်းနိုင်တာ ကျုပ်ဖြင့် ဘဝင်မကျဘူးကွယ်"

နယ်စားကြီးက မကျေမနပ် ရေရွတ်ပြောဆိုလိုက်၏။

မြို့စားကြီးက ဦးညွှတ်လိုက်သည်။

"ကျွန်တော်မျိုးကို အချိန်နဲနဲပေးပါ၊ မိအောင် ဖမ်းပေးပါ့မယ်"

"ကောင်းပြီလေ၊ မင်းကို အချိန်တစ်လပေးမယ်၊ တစ်လအတွင်းမှာ ကျင်းစန်းကို မိအောင် ဖမ်းပေးရမယ်"

"ကျေးဇူးတင်ပါတယ် နယ်စားကြီး"

မြို့စားကြီးသည် အရိုအသေပြုပြီး နန်းတော်ထဲမှ ထွက်လာခဲ့လေသည်။

♦ ♦ ♦

မြို့စားကြီးသည် သူ၏ဂေဟာကို ပြန်လည်ရောက်ရှိလာသောအခါ စိတ်ထဲ၌ လုံးဝအခဲမကျေ ဘဝင်မကျနိုင်အောင် ဖြစ်နေမိ၏။

တကယ်ဆိုလျှင် နယ်စားကြီးသည် မိမိအပေါ် အစစအရာရာ ယုံကြည်အားကိုးသည်။

သို့သော် ဤတစ်ကြိမ်တွင်မူ မိမိအား အပြစ်တင်နေချေပြီ။

ယခုကဲ့သို့ အပြစ်တင်နေရခြင်းမှာ မင်းသားလေးတုလတ်၏ သက်ချက် ဖြစ်ကြောင်းကို သူရိပ်စားမိလိုက်လေသည်။

မင်းသားလေးတုလတ်သည် အသုံးမကျသလောက် အလွန်ကောက်ကျစ်စဉ်းလဲသည်။

မိမိ၏လက်ထဲတွင် ရှိနေသော တပ်ဖွဲ့များကို အပိုင်စီးလိုသ၍ ယခုကဲ့သို့ နယ်စားကြီးရှေ့တွင် သွားရောက်ကုန်းချောခြင်း ဖြစ်သည်ဟု တထစ်ချ ယုံကြည်မိလိုက်လေသည်။

သူသည် မင်းသားလေးတုလတ်အား ပြန်လည်ကာ ကလဲ့စားချေရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် မင်းသားလေးတုလတ်အား...

"မင်းကောင်းကောင်း သတိထားပါ၊ တစ်နေ့ ငါ့အကြောင်း

မင်းကောင်းကောင်းသိရလိမ့်မယ်”

ဟုကြိမ်းဝါးလိုက်လေသည်။

ထိုစဉ် သူဇာ်ကိုယ်ရံတော်မှူးက ဝင်ရောက်လာလေသည်။

“မြို့စားကြီးခင်ဗျာ၊ ဖမ်းမိထားတဲ့ ကျင်းစန်းအတု ဘယ်လို စစ်ဆေးရပါ့မလဲ ခင်ဗျာ”

မြို့စားကြီးက ဒေါသကြီးစွာဖြင့်...

“သူတို့အားလုံးကို အချုပ်ခန်းထဲမှာ ချုပ်ထားလိုက်”

သမီးဖြစ်သူကူးကူးက...

“ဖေဖေ သူတို့မှ တရားခံအစစ် မဟုတ်ဘဲ၊ ဘာဖြစ်လို့ ဖမ်းချုပ်ထားရမှာလဲ သနားပါတယ်၊ သူတို့ကို လွှတ်လိုက်ပါ”

မြို့စားကြီးက ဒေါသကြီးစွာဖြင့် ကူးကူးအား အော်ဟစ်လိုက်၏။

“မင်းနဲ့ မဆိုင်ဘူး၊ ငါ့ကိစ္စ ဝင်မရှုပ်နဲ့”

ကူးကူးက ခေါင်းငုံ့ထားလိုက်လေသည်။

♦ ♦ ♦

ဝေဖန်းနှင့် မျက်ပြူးတို့သည် ကျောက်လှေကားထစ်အတိုင်း တက်သွားကြလေသည်။

သူတို့သည် ရေပုံးများ ထမ်း၍ တက်သွားကြခြင်း ဖြစ်သည်။

လှေကားထစ်သို့ ရောက်ရှိလာသောအခါ မျက်ပြူးက မတော်မဆ ဝေဖန်းအား ဝင်ရောက်တိုက်မိလိုက်သည်။

ဝေဖန်းမှာ ချော်လဲသွားပြီး ရေပုံးလဲကျကာ ရေများ ဖိတ်စဉ်သွားတော့၏။

မျက်ပြူးက အားတုံးအားနာ ဖြစ်သွားသည်။

“မတော်လို့ပါ”

ဝေဖန်းက ခါးထောက်လိုက်သည်။

“မင်း မတော်လို့က အရေးမကြီးဘူး၊ ငါ့ရေ တစ်ထမ်းကို ဘယ်သူက ထမ်းပေးမှာလဲ”

မျက်ပြူးက အားတုံ့အားနာ ဖြစ်သွားသည်။

“ကျုပ်လဲ စိတ်မကောင်းပါဘူးဗျာ”

ဝေဖန်းက သူ့အား ကြည့်လိုက်သည်။

“စိတ်မကောင်း ဖြစ်နေလို့ ပြီးမတဲ့လား”

မျက်ပြူးက သူဇာ်ခေါင်းကို ကုတ်လိုက်သည်။

“ဒါဖြင့် ကျုပ်က ဘာလုပ်ပေးရမှာလဲ”

ဝေဖန်းက မျက်ပြူး၏ရေပုံးကို ထမ်းလိုက်လေသည်။

“မင်းရေပုံးကို ငါထမ်းသွားမှာပေါ့”

မျက်ပြူးက စိတ်ပျက်စွာဖြင့် ခေါင်းကို ပွတ်နေမိ၏။

ထိုစဉ် ညည်းညူသံတစ်ခု သဲ့သဲ့ ကြားလိုက်ရ၏။

မျက်ပြူးက အံ့သြသွားလေသည်။

အသံလာရာသို့ လိုက်၍ ရှာကြည့်ရာ ကျောင်းဆောင်၏ နံဘေးတွင် အမျိုးသမီးတစ်ယောက် သတိမေ့မြော်လဲကျနေသည်ကို တွေ့ရလေသည်။

အမျိုးသမီး၏ရင်ခွင်ထဲမှာလည်း ကလေးငယ်တစ်ယောက် ပိုက်ထားသည်ကို တွေ့လိုက်ရလေသည်။

မျက်ပြူးသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

ဝေဖန်းအား အလန့်တကြား လက်ညှိုးညွှန်ပြလိုက်၏။

"ဟို...ဟိုမှာ"

ဝေဖန်းက မျက်ပြူး ကြည့်ရာဘက်သို့ လှည့်ကြည့်လိုက်လေသည်။

သူသည် မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

"ဟင် ဘယ်က ဒကာမမှန်း မသိဘူး"

သူတို့သည် အမျိုးသမီးထံသို့ ချဉ်းကပ်၍ သေချာစွာ ကြည့်လိုက်လေသည်။

မျက်ပြူးက...

"အမျိုးသမီး ကြည့်ရတာ နေထိုင်မကောင်းဘူးနဲ့ တူတယ်"

ဝေဖန်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"မင်းက သွားပွေ့ချီပြီး ကျောင်းထိုင်ဆီကို ပို့ပေးပေါ့၊ ဒါမှ

သူ့ကို ဆေးကုပေးနိုင်မှာပါ"

မျက်ပြူးက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူက မိန်းမ၊ ငါက ကိုရင်၊ ဘယ်အပ်စပ်မှာလဲ"

"အို ဒုက္ခရောက်နေတဲ့သူကို ကူညီတဲ့ဥစ္စာ သွားပွေ့ချီလိုက်စမ်းပါ"

မျက်ပြူးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က ကူညီချင်ပါတယ်၊ ဒါပေမယ့် လက်အဖြတ်ခံရမှာ ခေါ်းလို့ပါ"

ဝေဖန်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ်သူက မင်းလက်ကို ဖြတ်မှာလဲ"

မျက်ပြူးက...

"ဟိုးတစ်ချိန်တုန်းက မားပြတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို အတင်းဆွဲခေါ်သွားလို့ နောက်ဆုံး သူ့ကို မိုဒြီးလက်နှစ်ဘက် ဖြတ်လိုက်တယ်လေ"

ဝေဖန်းက ခေါင်းကိုသာ တွင်တွင်ခါယမ်းပြလိုက်၏။

"မင်းက တော်တော်တုံးတဲ့သူပဲ၊ ဟိုဟာက အမျိုးသမီးကို အတင်းလုခေါ်သွားတာ၊ အခုဟာက အမျိုးသမီး အသက်ကို ကယ်တာ ဘာဆိုင်လို့လဲ"

ဝေဖန်းက မကျေမနပ်ဖြင့် ရှင်းပြနေ၏။

မျက်ပြူးက သူ၏ခေါင်းကို လက်နှင့် ပွတ်လိုက်ပြန်သည်။

"ဘာမှ မဆိုင်ဘူး ဟုတ်လား"

"မဆိုင်ပါဘူးကွ၊ ကဲ ပြောတာ ကြာတယ်၊ ငါက ကလေး ချိုလိုက်မယ်၊ မင်းက အမျိုးသမီးကို ပွေ့ခေါ်လာပေတော့"

♦ ♦ ♦

သမားတော်ဘုန်းကြီးက အမျိုးသမီး၏ဝေဒနာကို ကြည့်ရှု ပြီးနောက်...

"သူက အစာရေစာပြတ် ပင်ပန်း အအေးမိတာနဲ့ အခုလို ရောဂါရသွားတာပါ၊ အသက်ကို စိုးရိမ်စရာ မရှိပါဘူး"

ဟုမှတ်ချက်ချလိုက်သည်။

ကျောင်းထိုင်က ခေါင်းညိတ်ပြလိုက်၏။

"ဩော် ဒုက္ခ...ဒုက္ခ"

ထိုစဉ် ဖူးခုံးက တစ်စုံတစ်ခုကို သတိရလာလေသည်။

"ဆရာတော်ဘုရား၊ ဒီအမျိုးသမီးနဲ့ ကလေးဟာ ကျင်းစန်း ရဲ့ဇနီး ဖြစ်နေမလား မသိဘူး"

ဖူးခုံး၏စကားကြောင့် ကျောင်းထိုင်က မျက်မှောင်ကုပ် သွားမိလိုက်ယင်း...

"အင်း ကျင်းစန်းက သူ့ဇနီးနဲ့ ကလေးကို လိုက်ရှာနေတဲ့ သတင်းကိုတော့ ကြားမိသား"

ထို့နောက် အမျိုးသမီးအား သေချာစွာ အကဲခတ် ကြည့် လိုက်ပြန်သည်။

"အင်း သူက ကလေးပိုက်ပြီး ရှောင်လင်ကျောင်းကို ပြေး ဘုံထောက်ရင်တော့ ဒါဟာ ဖြစ်နိုင်လောက်တယ်"

သမားတော်ဘုန်းတော်ကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ဆေးတစ်ခွက် ဝင်သွားတာနဲ့ သူစကားပြောလာနိုင်မှာပါ"

♦ ♦ ♦

ကျင်းစန်းနှင့် အမျိုးသမီးတို့သည် ဘုံကျောင်းပျက်ထဲမှ ဆွက်လာကြသည်။

သူတို့သည် လမ်းဆုံတစ်နေရာသို့ ရောက်ရှိလာကြသော အခါ ခြေလှမ်းရပ်တန့်လိုက်၏။

"ကဲ ဒီနေရာမှာ လမ်းခွဲကြမယ်"

ကျင်းစန်းက လက်နှစ်ဘက်ကို ဆုပ်၍ နှုတ်ဆက်လိုက်၏။

"အခုလို ကျုပ်ကို ကယ်တင်တာ ကျေးဇူးတင်ပါတယ်"

အမျိုးသမီးက လက်ကာပြလိုက်သည်။

"ကျွန်မကို ကျေးဇူးအတင်မစော်နဲ့"

"ဘာဖြစ်လို့လဲဗျ"

"ကျွန်မ ရှင့်ကို ကယ်တင်တာ ကျေးဇူးတင်ပါတယ်"

အမျိုးသမီးက ပြတ်သားစွာ ပြောဆိုလိုက်၏။

ကျင်းစန်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျုပ်နားမလည်ပါလား"

အမျိုးသမီးက ပြုံးလိုက်သည်။

"တစ်နေ့ ရှင်နားလည်လာမှာပါ"
ကျင်းစန်းက ခေါင်းညိတ်လိုက်သည်။
"ဒါနဲ့ ခင်ဗျားနာမည် မသိရသေးဘူး"
"ယန်ရှမ်း"
အမျိုးသမီးသည် သူမ၏အမည်ကို ပြောပြီး သွက်လက်လျင်မြန်သည့် ခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့၏။

♦ ♦ ♦

အချုပ်ခန်း

ဖုံးရှောင်သည် တုလတ်၏အချုပ်ခန်းထဲသို့ပင် ရောက်ရှိနေလေသည်။

ဖုံးရှောင်သည် အချုပ်ခန်းထဲ၌ သေလုမျောပါး ဖြစ်နေသော အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်လေသည်။

ဖုံးရှောင်သည် အဘိုးအိုအား လွန်စွာ သနားနေမိလေသည်။

သူသည် အဘိုးအို နားသို့ ကပ်သွားကာ...
"အဘ ဘာဖြစ်လို့ အချုပ်ခန်းထဲ ရောက်နေတာလဲ"
"သူတို့က ဖမ်းပို့လိုက်တာကိုး"
အဘိုးအိုက အားနည်းစွာဖြင့် ပြန်ပြောလိုက်လေသည်။
ဖုံးရှောင် မျက်မှောင်ကုပ်သွားမိသည်။

"အဘ ဘာအပြစ်ရှိလို့ သူတို့က အချုပ်ခန်းထဲ ပို့ရတာလဲ"

အဘိုးအိုက ဖုံးရှောင်အား အကဲခတ်သလို ကြည့်ရှုလိုက်၏

"မင်းက ဘယ်သူလဲ"

"ကျွန်တော့်နာမည် ဖုံးရှောင်ပါ"

"မင်းကကော ဘာကြောင့် အချုပ်ခန်းထဲ ရောက်လာရတာလဲ"

"သူတို့က ဖမ်းပို့လိုက်တာ"

"မင်းမှာ ဘာအပြစ်ရှိလို့လဲ"

"သူတို့က ကျွန်တော့်ကို နားကန်းဆိုလား၊ ကျားဆိုလား ထင်ပြီး ကျုပ်ကို အတင်းလိုက်ဖမ်းနေတော့တာပဲ"

ဖုံးရှောင်က အေးဆေးစွာ ပြောဆို ရှင်းပြလိုက်သော်လည်း အဘိုးအို၏မျက်လုံးအစုံသည် ရုတ်ခြည်းပြူးကျယ်လာသည်။

"မင်းက ကျား ဟုတ်လား"

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။ ခေါင်းက်လည်း လေးတွဲစွာ ရမ်းခါကာ...

"မဟုတ်ရပါဘူး"

အဘိုးအိုက အသံတိုးတိုးဖြင့်...

"ဒီမှာ သူငယ်၊ ငါမသေခင် မင်းကို တာဝန်တစ်ခု ပေးရဦးမယ်"

ဖုံးရှောင်က စိတ်ရှုပ်သွားသည်။

"ဘာများလဲ အဘ"

အဘိုးအိုက အိမ်ထဲမှာ စမ်းတဝါးဝါးနှိုက်ရင်း ကြေးပြား

ဘာစ်ချမ်းကို နှိုက်ယူ၍ လှမ်းမေးလိုက်လေသည်။

"အဲဒါ ဘာလုပ်ဖို့လဲ"

"ငါ့ရဲ့ လျှို့ဝှက်အမှတ်အသားပါ"

"ဘယ်လို လျှို့ဝှက်အမှတ်အသားလဲ"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါနာမည်က တိမ်ယံကျားလို့ ခေါ်တယ်၊ အကြောင်းက ဒီလိုကွယ်..."

ထို့နောက်တွင်မူ အဘိုးအိုသည် သူ၏အဖြစ်အပျက်များကို အတိုချုံး ပြောပြလိုက်လေသည်။

♦ ♦ ♦

"ကျုပ်နာမည်က တိမ်ယံကျား၊ ကျုပ်က တာဝန်အရ လူသန်မြို့၊ မြို့ထောင်ဘုံကျောင်းဆီကို သွားရလိမ့်မယ်၊ ဟိုရောက်ရင် ကြေးပြားတစ်ခြမ်းကို ပြပြီး ဘုရင့်တံဆိပ်တော်ကို လက်ခံရယူမယ်၊ အဲ တံဆိပ်တော် လက်ခံပြီးနောက် မြေအောင်းကျားဆိုတဲ့လူနဲ့အတူ တံဆိပ်တော်ကို သုံးလ လဆန်း(၃)ရက် မတိုင်မီမှာ ရှောင်လင်ကျောင်းအရောက် ပို့ပေးရမယ်၊ ဒါပေမယ့် ကျုပ်လမ်းအလာမှာ ခမောက်ဆောင်းထားတဲ့လူတစ်ယောက်နဲ့ တွေ့တယ်၊ သူက တရုတ်လူမျိုးကို နှိပ်စက်ညှဉ်းပန်းနေတာကို ကြည့်မရလို့ ဝင်ပြီး တိုက်ခိုက်ခဲ့တာယ်၊ သူ့ရဲ့လက်ချက်ကြောင့် ငါဒဏ်ရာပြင်းထန်စွာရပြီး လဲကျသွားတယ်၊ ခမောက်ဆောင်းထားတဲ့လူက ကျုပ်ကိုယ်ပေါ်မှာ ဘာမှ

"မင်းကညီမယ်ဆိုရင် ဖြစ်ပါတယ်၊ ဟောဒီ ကြေးပြားကို သုံးပြီးတော့ ကျုပ်က လှိုဂ်သင်္ကေတကို ဖတ်ပြပါ့မယ်"

ဖုံးရှောင် မချိပြုံးပြီးလိုက်လေသည်။

"ကျွန်တော်က လုပ်ချင်တယ်ပဲထား၊ ဒါပေမယ့် ကျွန်တော်ဟာ ဒီအချုပ်ခန်းထဲမှာ အရိုးထုတ်နေရမလား မပြောတတ်ဘူးဗျ"

အဘိုးအိုသည် ယင်းစကား ကြားလိုက်ရသောအခါ စိတ်ပျက်သွားလေသည်။

အတန်ကြာမှ...

"အို ဘာပဲဖြစ်ဖြစ် ငါက သေရမယ့်လူပဲ၊ မင်းမှာ အခွင့်အရေး အများကြီး ရှိနေပါသေးတယ်"

ဖုံးရှောင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကောင်းပြီလေ၊ ကျွန်တော်သာ အချုပ်ခန်းထဲက လွတ်နိုင်မယ်ဆိုရင် ကူညီပေးပါ့မယ်"

အဘိုးအိုက ဝမ်းသာသွားသည်။

"မင်းကတိမဖျက်ရဘူးနော်"

ဖုံးရှောင်က ရင်ကော့လိုက်သည်။

"ကျွန်တော်ယောက်ျားပါ ကတိတည်ပါတယ်"

အဘိုးအိုက ဝမ်းသာပီတိ ဖြစ်သွားလေတော့သည်။

ဖုံးရှောင်၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး ရယ်မောလိုက်လေသည်။

"အခုလို ကြားရတာ ငါသေပျော်ပါပြီကွာ"

သူသည် ရယ်မောရင်း ချောင်းတဟွတ်ဟွတ် ဆိုးလာလေ

ရှာမတွေ့တာနဲ့ ထွက်သွားတယ်၊ ကျုပ်က ဝမ်းသာနေတုန်းမှာ မင်းသားလေးတုလတ် ရောက်ရှိလာပြီး ကျုပ်ကို အခုလို အချုပ်ခန်းထဲ ဖမ်းပြီး ပို့လိုက်တော့တာပဲ"

ယင်းမှာ အဘိုးအို ပြောပြသမျှ သူ၏အဖြစ်အပျက်များပင် ဖြစ်၏။

♦ ♦ ♦

တိမ်ယံကျားသည် သူ၏အဖြစ်အပျက်များကို ပြောပြပြီးနောက် သက်ပြင်းရှည်တစ်ချက်ကို ချလိုက်လေသည်။

"ကျုပ်သေသင့်တာ ကြာပါပြီကွယ်၊ ဒါပေမယ့် ကျုပ်တာဝန်ကို လွဲမပေးနိုင်သေးလို့ ကျုပ်က မသေဘဲ တောင့်ခံထားတာ"

သူသည် ဖုံးရှောင်အား အကူအညီတောင်းသည့် အကြည့်ဖြင့် ကြည့်လိုက်လေသည်။ နှုတ်မှလည်း အလွန်တရာ အားကိုးစွာဖြင့်...

"ငါ့ကိုယ်စား မင်းသွားပေးပါလားကွာ"

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်တော်ကူညီချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့် အခြေအနေကလည်း ဘယ်လိုဖြစ်မယ်မှန်းတောင် မသိတာ၊ ဘယ်နဲ့လုပ်မလဲ"

အဘိုးအိုက ဝမ်းသာအားရလေသံဖြင့်...

သည်။ ထို့နောက် ခေါင်းငိုက်စိုက်ကျပြီး သေဆုံးသွားလေတော့သည်။

"အဘာ...အဘာ"

အဘိုးအိုတိမ်ယံကျားသည် သူ၏ခေါ်သံကို လုံးဝမကြားနိုင်တော့ပါ။

◆ ◆ ◆

ကူးကူး၏အိမ်ဖော် ကျိန်းရီမှာ တရုတ်အမျိုးသမီးတစ်ယောက် ဖြစ်သည်။

သူမ၏ဖခင်သည် သေဒဏ်ကို ပေးခြင်းခံရသော အကျဉ်းသမားများအား ခေါင်းဖြတ်ခုတ်သတ်သော လူသတ်သမားတစ်ယောက် ဖြစ်လေသည်။

ယနေ့ သူသည် ၅ ရက်တိုင်တိုင် ခွင့်ရလာသဖြင့် နေအိမ်သို့ ပြန်လည်ရောက်ရှိလာသည်။

သမီးဖြစ်သူ ကျိန်းရီသည် ဖခင်က အလုပ်ခွင့်ရ၍ ပြန်လာသည်ကို ကြားရသဖြင့် ကူးကူးထံမှ ခွင့်တောင်းပြီးလျှင် နေအိမ်သို့ ပြန်လာခဲ့လေသည်။

အချိန်ကြာစွာ ကွဲကွာနေသော သမီးနှင့် ဖခင်တို့သည် ပြန်လည်ဆုံတွေ့သောအခါ ဝမ်းသာမဆုံးနိုင်အောင် ဖြစ်နေကြသည်။

ကျိန်းရီ၏မျက်နှာတစ်ခုလုံး ပြုံးရွှင်နေမိ၏။

"ဖေဖေ အိမ်မှာ ဘယ်နှစ်ရက်လောက် နေမလဲဟင်"

ကျိန်းရီက သူမ၏ဖခင်အား မေးမြန်းလိုက်သည်။

ဖခင်ဖြစ်သူက လက်ငါးချောင်းထောင်ပြလိုက်သည်။

"ငါးရက် ခွင့်ရတယ် သမီး"

"ကောင်းတယ်...ကောင်းတယ်၊ သမီးလဲ ကူးကူးဆီက ခွင့်ငါးရက်ယူမယ်"

"ကောင်းတာပေါ့ သမီးရယ်"

"ကဲ ဖေဖေ ဒီကနေ့ ဘာစားမလဲပြော သမီးချက်ကျွေးမယ်"

"အိုး ဘာပဲဖြစ်ဖြစ်ပေါ့၊ သမီးချက်ကျွေးရင် အကုန်စားကောင်းတာချည်းပဲ"

ကျိန်းရီက ဗီရိုရှိရာသို့ သွားရောက်ပြီး အရက်အိုးကလေးတစ်အိုးလုံး ထုတ်လိုက်သည်။

"ဟောဒီမှာ ဖေဖေသောက်ဖို့ ကျွန်မ မြို့စားဂေဟာကသူလာတဲ့ သစ်ရွက်စိမ်းအရက်လေ"

ဖခင်ဖြစ်သူက အရက်အိုးကို ယူ၍ အနံ့ခံကြည့်လိုက်သည်။

"အားလားလား ကောင်းလိုက်တဲ့ အရက်ပဲကွယ့်"

ကျိန်းရီက အရက်ခွက်ကို ယူ၍ စားပွဲပေါ်သို့ ချပေးလိုက်သည်။ သူမ၏ဖခင်သည် သစ်ရွက်စိမ်းအရက်ကို ငဲ့၍သောက်လိုက်လေသည်။ သောက်သည်မှာ တကယ့်ကို ·နှစ်နှစ်ခြိုက်ခြိုက် သောက်နေခြင်း ဖြစ်၏။

ကျိန်းရီသည် ဖခင်၏အနီးတွင် ထိုင်လျက် အရက်ငဲ့ပေးနေသည်။

ဖခင်ဖြစ်သူသည် အရက် ၃–၄ ခွက်မျှ ဝမ်းထဲသို့ ရောက်ရှိသွားသောအခါ ရင်ထဲ၌ ကိန်းအောင်းနေသော ခံစားချက်များကို ဖွင့်ဟလာတော့သည်။

"အင်း ငါလဲ တစ်နေ့တစ်နေ့ ခေါင်းဖြတ်တဲ့ အလုပ် လုပ်ရတာ ငြီးငွေ့လှပါပြီ"

ကျိန်းရီက မည်သို့မျှ ဝင်ရောက်ပြောဆိုခြင်း မပြုပါ။

ငြိမ်သက်စွာ နားထောင်နေ၏။

ဖခင်ဖြစ်သူက စကားဆက်လိုက်ပြန်သည်။

"အပြစ်မရှိတဲ့လူကို ငါသတ်ရတာ စိတ်မသတီပါဘူးကွယ်"

ကျိန်းရီက မျက်မှောင်ကုပ်သွားလေသည်။

"အပြစ်မရှိတဲ့ လူကိုလည်း သတ်ရတယ် ဟုတ်လား"

"ဟုတ်တယ်၊ မန်ချူးတွေက တရုတ်လူမျိုးဆိုရင် အပြစ်ရှိတာ မရှိတာ ဘာညာစစ်ဆေးမပြုတော့ဘူး၊ သူတို့ သံသယ ဖြစ်တာနဲ့ သတ်ပစ်လိုက်တာပဲ"

ကျိန်းရီ ထိုစကား ကြားလိုက်ရသောအခါ ရင်ထဲ၌ နာကျင်စွာ ခံစားလိုက်ရလေသည်။

ဖခင်ဖြစ်သူက စကားဆက်လိုက်ပြန်သည်။

"နောက်ပြီး အသတ်ခံရတဲ့ လူတွေဟာ လူငယ်တွေချည်းဆိုတော့ ဖေဖေလဲ သတ်ရတာ စိတ်ထဲထိခိုက်လှပါပြီ"

ကျိန်းရီက...

"ဒါဖြင့် အဖေ အလုပ်ထွက်လိုက်ပါလား၊ အိမ်မှာ အေးအေးဆေးဆေးနေပေါ့"

"ထွက်ဖို့ လျှောက်ထားပါတယ်၊ အမိန့်မကျသေးလို့ပါ"

သူသည် သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်ပြန်သည်။

"အခုလည်း အချုပ်ခန်းထဲမှာ လူငယ်တစ်ယောက်ကို ဘာသေ ညာမသိ ဖမ်းထားပြန်ပြီ၊ ဘယ်နေ့ သတ်ခိုင်းဦးမလဲ မသိဘူး"

ကျိန်းရီ အရက်ကို ထပ်မံငဲ့ပေးရင်း...

"ဟုတ်လား၊ ဖေဖေ သူ့ကို ဘာအပြစ်နဲ့ ဖမ်းထားတာလဲ"

"မသိပါဘူးကွာ၊ ငါက သူ့ကို မေးတော့ မန်ချူးတွေက သူ့ကို နားကန်းဆိုလား၊ ကျားဆိုလား သံသယဖြစ်လို့ ဖမ်းထားတဲ့ကွယ်"

ကျိန်းရီ မျက်မှောင်ကုပ်သွားသည်။

"ဟုတ်လား ဖေဖေ၊ သူ့နာမည် ကျားတဲ့လား"

"မဟုတ်ဘူး၊ သူ့နာမည်ဖုံးရှောင်ပါ"

ဖုံးရှောင်ဟူသောအမည်ကို ကြားလိုက်ရသည်နှင့် ကျိန်းရီ အဆိတ်တလန့် ဖြစ်သွားလေသည်။

"ချမ်း"

အရက်ခွက်ပင် လက်ထဲမှ လွတ်ကျသွားရလေသည်။

ဖခင်ဖြစ်သူက သူမအား မကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။

"ဘာဖြစ်သွားတာလဲ သမီး"

ကျိန်းရီက ဖခင်ရဲ့ မျက်နှာကို စိုက်ကြည့်လိုက်သည်။

"သူ့နာမည်က ဖုံးရှောင် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်အရွယ်လောက် ရှိပြီလဲ"

"အသက်နှစ်ဆယ် ပတ်ဝန်းကျင်ပဲ ရှိသေးတယ်"

ကျိန်းရီသည် ဝုန်းခနဲ ထလိုက်ပြီး အခန်းထဲမှ ပြေးလွှား ထွက်ခွာသွားလေတော့၏။

"သမီး"

ဖခင်သည် သမီးဖြစ်သူကို ငေးကြောင်ကြောင် ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

♦ ♦ ♦

ဖုံးရှောင်သည် အဘိုးအို သေဆုံးသွားသောကြောင့် အချုပ်ခန်းထဲ၌ တစ်ယောက်တည်း ထိုင်နေသည်။

သူသည် သံတိုင်ကို မှီကာ စိတ်ညစ်စွာ ထိုင်နေ၏။

ထိုစဉ် မြို့စားကြီး၏သမီး ကူးကူး ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖုံးရှောင်က ဝမ်းသာသွားသည်။

ကူးကူးသည် အချုပ်ခန်းတာဝန်ခံကို မျက်နှာထားတည်တည်ဖြင့်...

"အချုပ်ခန်းတံခါး ဖွင့်ပေးပါ"

အချုပ်ခန်းတာဝန်ခံမှာ အခက်ကြုံနေ၏။

"ဘာလုပ်မလို့လဲ သခင်မလေး"

ကူးကူးက အချုပ်ခန်းထဲမှာ ထိုင်နေသော ဖုံးရှောင်အား ငဲ့ခဲ့ပြလိုက်ပြီး...

"သူ ဘယ်သူလဲဆိုတာ ရှင်သိလား"

အချုပ်ခန်းတာဝန်ခံက ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်တော်မျိုး မသိဘူး သခင်မလေး"

"သူက ကူးကူးအိမ်မှာ အလုပ်ခိုင်းတဲ့ ကျေးကျွန်တစ်ယောက်ပဲ၊ အိမ်က ပစ္စည်းခိုးသွားလို့ အခုလို အချုပ်ခန်းထဲ ရောက်နေတာ"

အချုပ်ခန်းတာဝန်ခံက ခေါင်းညိတ်လိုက်သည်။

"ဩော် ဟုတ်ကဲ့"

ကူးကူးက စကားဆက်လိုက်သည်။

"အခု သူ့ကို ကျွန်မကိုယ်တိုင် ဆုံးမ,မလို့ ခေါ်သွားမယ်၊ အချုပ်ခန်းဖွင့်ပေးပါ"

"ဟုတ်ကဲ့ သခင်မလေး"

အချုပ်ခန်းတာဝန်ခံသည် အချုပ်ခန်းသော့ကို လိုလားသွက်လက်စွာ ဖွင့်ပေးလိုက်လေသည်။

အိမ်ဖော်ကျိန်းရီက အချုပ်ခန်းထဲ ဝင်ရောက်သွားပြီး ဖုံးရှောင်၏လည်ကုပ်ကို ဖမ်းဆွဲထားလိုက်သည်။

"ကဲ ထွက်သွားစမ်း"

သူမသည် ဖုန်းရှောင်အား အချုပ်ခန်းထဲမှ တွန်းထုတ်လိုက်လေသည်။

ဖုံးရှောင်သည် ကျိန်းရီက အချက်ပြလိုက်သည်ကို မြင်တွေ့

ဖုံးရှောင်သည် ခြေဦးစာည့်ရာ လျှောက်လာရင်း ခြေသောက်ညောင်းလာသဖြင့် ကျောက်ဆောင်တစ်ခုပေါ်သို့ ထိုင်ချလိုက်လေသည်။

ထိုင်ရင်းမှပင် သူသည် မည်သို့ ထွက်သွားရမည်ကို တွေးနေမိ၏။

အမှတ်မထင် အင်္ကျီကို ပေါင်ပေါ်တင်လိုက်ရာ ထိုအင်္ကျီသည် မိမိ၏အင်္ကျီ မဟုတ်ဘဲ အဘိုးအို၏အင်္ကျီ ဖြစ်နေသည်ကို သတိပြုမိလေသည်။

အင်္ကျီကို မြင်ရသောအခါ အဘိုးအိုအား သတိရလာမိလေသည်။ သူသည် အင်္ကျီကို ကြည့်ရင်း အမှတ်မထင် အင်္ကျီပေါ်၌ ရေးသားထားသော ကဗျာတစ်ပုဒ်ကို ဖတ်လိုက်ရလေသည်။

သူသည် ထိုကဗျာကို ရွတ်ဖတ်ကြည့်လိုက်လေသည်။

"တို့တိုင်း တို့ပြည် တို့ဌာနေ"

"သူ့တိုင်း သူ့ပြည် မောင်းထုတ်ကြလေ"

ဖုံးရှောင်သည် ထိုကဗျာကို အကြိမ်ကြိမ် ရွတ်ဖတ်ကြည့်လိုက်မိ၏။

တဖြည်းဖြည်း ယင်းကဗျာမှာ လှို့ဝှက်သင်္ကေတ ဖြစ်သည်ဟု သတိရလာလေသည်။

သူသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဟုတ်ပြီ၊ ငါက အဘိုးကြီးကို ကတိပေးထားပြီးပြီ၊ သူ မပြီးဆုံးတဲ့ တာဝန်ကို ငါက ဆက်ပြီး ထမ်းဆောင်ရမယ်"

သူသည် ယင်းသို့ တစ်ယောက်တည်း ရေရွတ်လိုက်ပြီး

လိုက်ရသဖြင့် နားလည်လိုက်သည်။ ယခု အခြေအနေကား ကျိန်းနှင့် ကူးကူးတို့၏ အစီအစဉ်အတိုင်း မီးစဉ်ကြည့်ကရမည် မဟုတ်ပါလား။

သူသည် ခေါင်းငိုက်စိုက်ချကာ အချုပ်ခန်းထဲမှ ထွက်လာလေသည်။

အချုပ်ခန်းထဲ၌ အင်္ကျီတစ်ထည် ကျန်ရစ်ခဲ့သည်ကို တွေ့ရသဖြင့် ကျိန်းရီက ကောက်ယူလိုက်ပြီး ဖုံးရှောင်အား ပစ်ပေးလိုက်သည်။

"အင်္ကျီယူသွားအုံး"

ဖုံးရှောင်သည် အင်္ကျီကို ဖမ်းယူလိုက်ပြီး ကူးကူးနောက်သို့ လိုက်သွားလေသည်။

အပြင်သို့ ရောက်ရှိသွားသောအခါ ဖုံးရှောင်က ကူးကူးနောက်သို့ လိုက်မြဲလိုက်နေ၏။

ကူးကူးက ခြေလှမ်းရပ်တန့်လိုက်သည်။

"ရှင် ကျွန်မနောက်ကို ဘာဖြစ်လို့ လိုက်လာရတာလဲ"

ဖုံးရှောင်က သတိရလာပြီး လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ကူးကူး"

သူသည် ပြောပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

ကျောက်ဆောင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

♦ ♦ ♦

ရှောင်လင်ဘုန်းတော်ကြီးများသည် ထုံးစံအကိုင်း နံနက်စောစောတွင် ကျမ်းစာများကို ရွတ်ဖတ်နေကြသည်။

ရွတ်ဖတ်နေသော အသံများသည် ကြားရသူ၏စိတ်ထဲ၌ ကြည်လင်သာယာမှုကို ဖြစ်ပေါ်စေလေသည်။

လန်အင်း၏စိတ်ထဲမှာလည်း ကြည်ကြည်လင်လင် ဖြစ်နေ၏။

သမားတော်ဘုန်းတော်ကြီး ဂရုတစိုက် ကုသပေးမှုကြောင့် လန်အင်းနှင့် ကလေးငယ်တို့သည် ပကတိ အခြေအနေအတိုင်း ကျန်းမာလာလေသည်။

ကျောင်းထိုင်ဆရာတော်နှင့် ဘုန်းတော်ကြီးများက သူမအား မေးမြန်းရာ သူမမှာ ကျင်းစန်း၏ဇနီး ဖြစ်ကြောင်း သိလိုက်ရလေသည်။

ထို့အပြင် လျှို့ဝှက်လူသတ်သမားခမောက်ဆောင်းထားသူသည် အလွန်ရက်စက်ကြမ်းကြုတ်သည့်လူ ဖြစ်ကြောင်းများကိုလည်း သိရှိကြရလေသည်။

ကျောင်းထိုင်ဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုတလော ခမောက်ဆောင်းတဲ့ လျှို့ဝှက်လူသတ်သမားတစ်ယောက် သောင်းကျန်းနေတဲ့ သတင်းကို ခဏခဏ ကြားနေရတယ်"

ဖူးခုံးက ခေါင်းညိတ်လိုက်သည်။

"အင်း ဒီခမောက်ဆောင်းထားတဲ့လူက ဘယ်သူဘယ်ဝါဆိုဘာ ကျုပ်တို့ အပူတပြင်း စုံစမ်းဖို့ သင့်ပြီနဲ့ တူတယ်"

ကျောင်းထိုင်၏ပြောကြားချက်အား ဖူးခုံးက ခေါင်းညိတ်ထောက်ခံလိုက်သည်။

"တင်ပါ့ဘုရား"

ကျောင်းထိုင်က ယုံကျိကိုယ်တော်ဘက်သို့ လှည့်လိုက်သည်။

"ဒါကို ကိုယ်တော်ကြီးက ကိုယ့်တပည့်နဲ့အတူ စုံစမ်းပေးပါ"

ယုံကျိကိုယ်တော်က ဦးညွှတ်လိုက်သည်။

"လာမယ့် ၃လ လဆန်း ၃ ရက်နေ့မှာ ကျားနှစ်ကောင်က ရှောင်လင်ကျောင်းတော်ကို ရောက်လာလိမ့်မယ်၊ ဒါပေမယ့် အခုထိ ကျင်းစန်းက ရောက်မလာသေးဘူး၊ ဒါကြောင့် ကျင်းစန်းရဲ့ သတင်းကိုလဲ အမြန်ဆုံး စုံစမ်းပေးပါ"

ယုံကျိကိုယ်တော်က ဦးညွှတ်လိုက်သည်။

"တင်ပါ့ဘုရား"

♦ ♦ ♦

ကျင်းစန်းသည် ခိုင်ဖုန်းမြို့သို့ ရောက်ရှိလာလေသည်။

သူသည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်၍ စားသောက်နေစဉ် အတွင်းမှာပင် မင်းသားလေးတုလတ်နှင့် သူ၏ကိုယ်ရံတော်တပ်ဖွဲ့များတို့သည် ခိုင်ဖုန်းမြို့ထဲသို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာကြလေတော့သည်။

ထိုးစံအတိုင်း မင်းသားလေးတုလတ်သည် လူစည်ကားသော လမ်းမပေါ်၌ မြင်းကို အလွန်ပြင်းစွာဖြင့် မောင်းနှင်၍ ဝင်ရောက်လာသည်။

လမ်းပေါ်၌ ရှိနေကြသော လုပ်သားပြည်သူများသည် အထိတ်တလန့် ပြေးလွှားကုန်ကြလေသည်။

ထိုစဉ် ကလေးတစ်ယောက်က လမ်း၏တစ်ဘက်သို့ ပြေးလွှားသွားသည်။

မြင်းများ ဒုန်းစိုင်းမောင်းနှင်နေသော လမ်းပေါ်မှာမို့ ကလေးငယ်အတွက် အန္တရာယ်ကြီးလှ၏။

ကျင်းစန်းသည် ထိုကလေးငယ်ကို တုလတ်တို့၏ မြင်းများက ဖြတ်နင်းသွားမည်ကို စိုးရိမ်သဖြင့် ခုန်ထွက်လာပြီးလျှင် ကလေးငယ်အား ဖမ်းဆုပ်လိုက်သည်။

ထို့နောက် မြေပေါ်မှ လှိမ့်၍ တစ်ဘက်သို့ ရှောင်တိမ်းလိုက်ရလေသည်။

ကျင်းစန်း လှုပ်ရှားသွားပုံက လျင်မြန်သွက်လက်လှ၏။

မင်းသားလေးတုလတ်က မြင်းကို ရပ်တန့်လိုက်သည်။

သူသည် ကျင်းစန်းအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်ဆိုးလို့လဲ နာမည် ဘယ်လိုခေါ်သလဲ"

ကျင်းစန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်နာမည်ကျင်းစန်းပါ"

"ကျင်း ၁န်း"

တုလတ၁ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ထိတ်လန့်တကြား ရေရွတ်လိုက်၏။

တုလတ် ဃင်းသို့ ရေရွတ်ရင်း...

"မင်းကို..."

သူသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဒီလူကို ဖမ်းလိုက်စမ်း"

ကိုယ်ရံတော်များသည် မြင်းပေါ်မှ ခုန်ဆင်းလာကြပြီး ကျင်းစန်းအား ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

ကျင်းစန်းက ပြန်လည်တိုက်ခိုက်လိုက်ရာ တုလတ်၏ကိုယ်ရံတော်(၆)ယောက်တို့သည် မြေပေါ်သို့ လွင့်စဉ်လဲကျသွားကြလေတော့သည်။

ကျင်းစန်းက တုလတ်အား ကြည့်လိုက်သည်။

"ခင်ဗျားသတ္တိရှိရင် အောက်ကို ဆင်းခဲ့"

တုလတ် မြင်းပေါ်မှ ဆင်းလိုက်သည်။

"မင်းလို ဝရမ်းပြေးကို ကျုပ်က လက်တစ်ဘက်နဲ့ တိုက်ခိုက်ဒီး ဖမ်းပြမယ်"

သူသည် ပြောပြီးသည်နှင့် ကျင်းစန်းအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

မြေခွေးနှင့် ဝံပုလွေ

ပိုးဖလံဂေဟာတွင် မိန်းကလေးပေါင်း (၁၀၀)ကျော်မျှ ရှိသည်။

သို့သော် ဟုန်ချိုင်းသည် တစ်ဦးတည်းသာ အကျော်ကြားဆုံး ဝင်ငွေအကောင်းဆုံး ဖြစ်သည်။

သူမသည် တေးဂီတပညာဖြင့် ငွေရှာခြင်း ဖြစ်သည်။

သူမသည် မည်သည့်ယောကျ်ားနဲ့မှ ရှုပ်ရှုပ်ထွေးထွေး အာမည်ပျက်ပြားခြင်း မရှိသေးပါ။

ထို့ကြောင့်လည်း ပိုးဖလံဂေဟာသို့ ရောက်ရှိလာကြသော အသွေ့တော်များတို့သည် ဟုန်ချိုင်းအပေါ် ပို၍လေးစားလာလေသည်။

ထို့ကြောင့် လုယန်မြို့တဝိုက် သူဌေးသူကြွယ်များ၊ ကုန်သည်ပွဲစားများ၊ အရာရှိအရာခံများတို့သည် ဟုန်ချိုင်းအား လာ

သို့သော် မင်းသားလေးတုလတ်၏ သိုင်းပညာမှာ ကျင်စန်းကို မမီပါ။

သိုင်းကွက်(၃)ကွက်မျှ တိုက်ခိုက်လိုက်သည်နှင့် တုလတ် ခြေပေါ်သို့ မှောက်လျက် လဲကျသွားရလေတော့သည်။

တုလတ်၏အခြေအနေ ကျင်းစန်း သတ်လျှင် သေရမည့် အနေအထားမှာ ရှိနေ၏။

ကျင်းစန်းသည် သူ့အား မသတ်ဘဲ အေးဆေးစွာဖြင့် ထွက်ခွာသွားလေသည်။

♦ ♦ ♦

ရောက်တောင်းရမ်းကြလေသည်။

သို့သော် ဟုန်ချိုင်းက မည်သူ့ကိုမှ လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

မာဝမ်းသည် ငွေတိုးငွေခဲများ လက်လွတ်သွားရသဖြင့် ဟုန်ချိုင်းအပေါ် မကျေမနပ် ဖြစ်လာလေသည်။

သူမသည် ဟုန်ချိုင်းအား ဖျောင်းဖျပြောဆိုရလေသည်။

"ဟုန်ချိုင်း၊ မင်းအသက် မငယ်တော့ဘူး၊ လာတောင်းရမ်းတဲ့ လူတွေထဲက တစ်ယောက်ယောက်ကို ယူဖို့ သင့်ပြီ ထင်တယ်"

ဟုန်ချိုင်းက ပြတ်သားစွာ ငြင်းပယ်လိုက်သည်။

"မာဝမ်း၊ ဒီကိစ္စ လာမပြောနဲ့၊ ကျွန်မ တစ်သက်လုံး ဘယ်သူ့ကိုမှ မယူဘူး"

မာဝမ်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ညည်းသေသေချာချာ စဉ်းစားပါအုံးလေ၊ သူဌေးသားဝမ်းဆိုတာ ရုပ်ချော ဥစ္စာပေါ၊ သူက ငွေတစ်သောင်းနဲ့ မင်းကို ရွေးယူမယ်လို့ ငါ့ကို လာပြောနေတယ်"

မာဝမ်းက အလျော့မပေးဘဲ တိုက်တွန်းပြောဆိုနေ၏။

ဟုန်ချိုင်းက ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။

နှုတ်မှလည်း ပြတ်သားစွာဖြင့်...

"မာဝမ်း ထပ်မပြောပါနဲ့၊ ကျွန်မကို မနေစေချင်ရင် တခြားနေရာသွားပါ့မယ်"

မာဝမ်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်။

"ဒီလိုတော့ မလုပ်ပါနဲ့"

သို့သော် သူမ၏စိတ်ထဲတွင် ဟုန်ချိုင်းအပေါ် ရက်စက်ကြမ်းကြုတ်ဆိုသော စိတ်များ ဖြစ်ပေါ်လာသည်။

"မိုးကောင်းတုန်း မွှဲဦးပေါ့လေ၊ တစ်နေ့ ကျုပ်အကြောင်း သိစေရမယ်"

ဟုရင်ထဲ၌ ကြိတ်၍ ကြိမ်းမောင်းလိုက်သည်။

♦ ♦ ♦

ယင်းဖိန်သည် ပိုးဖလံဂေဟာသို့ ရောက်ရှိလာသည်။

မာဝမ်းသည် သူ့အား ကြိုဆို၍ သူမ၏အခန်းထဲသို့ ခေါ်ဆောင်သွားသည်။

"ထိုင်ပါဦးရှင်"

မာဝမ်းက နေရာထိုင်ခင်းပေးလိုက်၏။

ယင်းဖိန်က ထိုင်ချလိုက်သည်။

"ကဲ ဆိုစမ်းပါဦး၊ အရေးကြီးတဲ့သတင်း ပြောစရာ ရှိတယ် ဆိုတာ"

မာဝမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ပြောစမ်းပါဦး၊ ဘာများ အရေးကြီးလို့လဲ"

မာဝမ်းက အသံတိုးတိုးဖြင့်...

"လူကြီးမင်းကို ခေါ်ရတာက ဟုန်ချိုင်းရဲ့အကြောင်းကို ပြောပြမလို့ပါ"

ယင်းဖိန်က နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

သူသည် မာဝမ်းအား တအံ့တသြကြည့်ကာ...

"ဟုန်ချိုင်းက ဘာဖြစ်နေလို့လဲ"

"သူလာတုန်းက ယောကျ်ားတစ်ယောက် ပါလာသေးတယ်ရှင့်"

"ဟုတ်လား"

"အဲဒီ ယောကျ်ားက ဘယ်သူလဲ"

"သူကတော့ သူ့အစ်ကိုလို့ ပြောတယ်၊ လာတုန်းက ဒဏ်ရာတော်တော်ရထားတယ်"

မာဝမ်းက ကောက်ကျစ်စဉ်းလဲစွာဖြင့် လှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုနေချေပြီ။ ယင်းဖိန်က ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် သူက ဒဏ်ကြေဆေးတွေကို လိုက်ဝယ်တာကိုး"

သူသည် မာဝမ်းအား စေ့စေ့ကြည့်လိုက်သည်။

"ဒီလူက သူ့ယောကျ်ားလား"

မာဝမ်းက ခေါင်းခါယမ်းပြ၏။

"ဟုတ်မယ် မထင်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"သူက ဆုငွေထုတ်ထားတဲ့ ကျင်းစန်းလို့ နောက်မှ သိရတယ်"

မာဝမ်း စကားဆုံးသည်နှင့် ယင်းဖိန်က ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

"အခု သူ ဘယ်မှာလဲ"

"သူထွက်သွားတာ ကြာပြီ"

ယင်းဖိန်က ဒေါသခြောင်းခြောင်း ထွက်လာသည်။

"မင်း ဘာဖြစ်လို့ အခုမှ ငါ့ကို လာပြောတာလဲ"

ယင်းဖိန်က မာဝမ်းကို ကြိမ်းမောင်းလိုက်၏။

မာဝမ်း၏မျက်နှာ ညှိုးငယ်သွားသည်။

"ကျွန်မလဲ အခု ၁-၂ ရက်မှ သိလို့ အခုလို ချက်ချင်း အကြောင်းကြားလိုက်တာပါ"

ယင်းဖိန်က စားပွဲတစ်ချက် ပုတ်လိုက်သည်။

"မှတ်ထား၊ ဟုန်ချိုင်းကို အလွတ်မပေးနဲ့၊ ကျင်းစန်း နောက်ဘပ်လာရင် ငါ့ကို ချက်ချင်းအကြောင်းကြား"

♦ ♦ ♦

မင်းသားလေးတုလတ်သည် သူ၏ကိုယ်ရံတော်တပ်ဖွဲ့နှင့် အတူ အချုပ်ခန်းထဲသို့ ရောက်ရှိလာသည်။

အချုပ်ခန်းတာဝန်ခံက ပျာပျာသလဲ ကြိုဆိုလိုက်သည်။

တုလတ် ခေါင်းမော့ထားသည်။

"ကဲ အချုပ်ခန်းထဲက အကျဉ်းသားကို ထုတ်လိုက်စမ်း"

တုလတ်က အမိန့်ပေးလိုက်၏။

အချုပ်တာဝန်ခံက ဦးညွှတ်လိုက်သည်။

"အချုပ်ခန်းထဲမှာ အကျဉ်းသားတစ်ယောက်မှ မရှိတော့ပါဘူး"

"ဘာကွ"

မင်းသားလေး၏အသံက ဟိန်းထွက်သွားလေသည်။

"ဘယ်လိုလဲ ကျုပ်ပို့လိုက်တဲ့ အကျဉ်းသား ဘယ်ရောက်သွားပြီလဲ"

"ကူးကူး လာခေါ်သွားပါတယ်"

တုလတ်၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"ကူးကူး လာခေါ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်"

"သူက ဘာဖြစ်လို့ လာခေါ်သွားတာလဲ"

"အကျဉ်းသားက သူ့အိမ်က ထွက်ပြေးသွားတဲ့ အိမ်ဖော်လို့ ပြောပါတယ်"

မင်းသားလေးတုလတ်သည် ရေငုံနှုတ်ဆိတ်သွားရလေတော့သည်။

◆ ◆ ◆

ပိုးဖလံဂေဟာ...

ဟုန်ချိုင်းသည် အခန်းထဲ၌ တစ်ယောက်တည်း ဗျပ်စောင်းတီးနေ၏။

မာဝမ်းက ရောက်ရှိလာသည်။

"ဒီမှာ ဟုန်ချိုင်း၊ ငါ ညည်းကို နောက်ဆုံးမေးမယ်"

ဟုန်ချိုင်းက လှည့်မကြည့်ပါ။ ဗျပ်စောင်းတီးလျက် ရှိနေသည်။

မာဝမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ညည်းက သိပ်ကြီးကျယ်မနေနဲ့၊ မကြာမီ ဒုက္ခလှလှ တွေ့လိမ့်မယ်"

မာဝမ်းက အေးစက်စွာ ပြောဆိုလိုက်၏။

ဟုန်ချိုင်းက ဗျပ်စောင်းတီးရာမှ ရပ်တန့်လိုက်သည်။

မာဝမ်းက မျက်နှာမဲ့ပြလိုက်လေသည်။

"ငါက မင်းကို တန်ဖိုးထားတာ၊ မင်းက လက်မခံဘူး၊ အဲဒီတော့ မင်းကို တစ်ပြားမှ မတန်အောင် လုပ်ရမယ်"

သူမသည် ယင်းသို့ ကြိမ်းမောင်းပြီး ထွက်ခွာသွားလေသည်။

◆ ◆ ◆

ဟုန်ချိုင်းသည် တစ်ယောက်တည်း ထိုင်၍ စဉ်းစားနေ၏။

မာဝမ်း၏အကြောင်းကို သူမ ကောင်းစွာ လေ့လာခဲ့သည်။

ထိုသို့ လေ့လာမိသောအခါကျမှ မာဝမ်း ယုတ်မာပက်စက်ပုံကို သိလာရ၏။

မာဝမ်းသည် လူ့စိတ် လုံးဝမရှိပါ။ အလွန်ကောက်ကျစ်စဉ်းလဲသော မြေခွေးတစ်ကောင်နှင့် တူလှပေသည်။

သူ၏ဆန္ဒကို မလိုက်လျောသည့်အတွက် သူမသည် မိမိ အပေါ် ယုတ်မာသော အကြံများ ကြံစည်လာလိမ့်မည်ဟု သူမ ယုံကြည်လေသည်။

"အင်း ငါ ဒီမှာ ဆက်နေလို့ မဖြစ်ဘူး၊ ထွက်ပြေးမှ ဖြစ်မယ်"

သူမက ယင်းသို့ တွေးမိလိုက်သည်နှင့် ပိုးဖလံဂေဟာမှ ထွက်ပြေးရန် ဆုံးဖြတ်လိုက်လေသည်။

♦ ♦ ♦

ည...

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးသာ ရှိနေပြီး ကြယ်ခဲ့ လမသာသော ညတစ်ည ဖြစ်ပါသည်။

ပိုးဖလံဂေဟာသည် မှုန်ဝါးဝါး လရောင်အောက်၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

တံခါးပိတ် မီးမှိတ်ကာ အသံဗလံများ မကြားရတော့ပါ။

ထိုအချိန်တွင်...

"ချပ်"

တံခါးတစ်ချပ် ပွင့်သွားပြီး အမျိုးသမီးတစ်ယောက် တိတ်ဘာဆိတ် လှမ်းထွက်လာလေသည်။

ဟုန်ချိုင်း ဖြစ်သည်။

ဟုန်ချိုင်းက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပတ်ဝန်းကျင်ကို ခေ့ကြည့်လိုက်သည်။

ထို့နောက်...

အမှောင်ရိပ်ထဲသို့ လှစ်ခနဲ ပြေးသွားလိုက်လေသည်။

သူမသည် ပိုးဖလံဂေဟာမှ ထွက်ပြေးတော့မည် ဖြစ်လေသည်။

သူမ လွတ်မြောက်သွားနိုင်ပါမည်လော။

ဟုန်ချိုင်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်ပြေးသွားရင်း အမှောင်ရိပ်ထဲ ရောက်ရှိသွားလေသည်။

ဟုန်ချိုင်း ခြေလှမ်းရပ်လိုက်လေသည်။

ပိုးဖလံဂေဟာသို့ လှည့်ကြည့်လိုက်သည်။

ပိုးဖလံဂေဟာသည် တိတ်ဆိတ်ငြိမ်သက်နေပြီး ဘာတစ်ခုမှ ပြောင်းလဲသွားခြင်း မရှိချေ။

"ဟူး တော်ပါသေးရဲ့"

ဟုန်ချိုင်း ဝမ်းသာသွားလေသည်။

သူမ လွတ်မြောက်နိုင်တော့မည် မဟုတ်ပါလား။

"သူတို့ တစ်ယောက်မှ မနိုးကြသေးဘူး၊ ငါထွက်ပြေးလာတာကို ဘယ်သူမှ မသိကြသေးတာ ကံကောင်းတာပဲ"

သူမ၏အတွေ့အကြုံအရ ကြာကြာကံကောင်းမနေတတ်ကြောင်းလည်း နားလည်ထားလေသည်။

ထို့ကြောင့်...

"အခွင့်အရေးရတုန်း ပြေးမှပဲ"

ဟုန်ချိုင်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထွက်ပြေးသွားတော့သည်။

ညအမှောင်ထုအောက်ဝယ် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဟုန်ချိုင်းတစ်ယောက်ထဲသာ လှုပ်ရှားနေသည်ဟု ဆိုနိုင်ပါသည်။

ဟုန်ချိုင်းက မင်းလမ်းမကြီးအတိုင်း ပြေးလွှားသွားရင်း မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

ဟုန်ချိုင်း ဝမ်းသာနေသည်။

သူမ လွတ်မြောက်လာခဲ့ပြီ မဟုတ်ပါလား။

သူမ ဆက်လက်ပြေးလွှားသွားရာ မြို့ပြင်ရှိ ဘုံကျောင်း

ကြီးတစ်ခု ရှေ့သို့ ရောက်မှန်းမသိ ရောက်ရှိသွားခဲ့လေတော့သည်။

♦ ♦ ♦

ယင်းဖိန်သည် မာဝမ်းက အကြံပေးလိုက်သည့်အတိုင်း ပိုးဖလံဂေဟာသို့ ရောက်ရှိလာသည်။

မာဝမ်းက အသင့်စောင့်နေ၏။

ထို့နောက်...

ဟုန်ချိုင်း၏အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

အခန်းထဲသို့ ဝင်ရောက်မိသောအခါတွင်မူ ယင်းဖိန်၏မျက်စိများ ပြူးကျယ်သွားလေသည်။

ခုတင်ပေါ်၌ ဟုန်ချိုင်း မရှိတော့သည်ကို တွေ့လိုက်ရလေသည်။

ယင်းဖိန်က ခြေလှမ်းကျဲကျဲဖြင့် ပြန်ထွက်လာသည်။

ထိုအခါ အခန်းအပြင်၌ မာဝမ်း အသင့်စောင့်နေသည်ကို တွေ့မြင်ရလေသည်။

"မာဝမ်း၊ ဟုန်ချိုင်း မရှိတော့ဘူး"

မာဝမ်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်။

သူမသည် ယင်းဖိန်အား အထိတ်တလန့် ကြည့်ကာ...

"ခုနကပဲ ရှိသေးတယ်၊ ထွက်သွားရင်လဲ အခုမှ ထွက်သွားတာ ဖြစ်ရမယ်"

သူမသည် ယင်းဖိန်အား အထိတ်တလန့် ကြည့်ကာ...

"ခုနကပဲ ရှိသေးတယ်"

"ကျုပ်လိုက်ရှာမယ်"

ယင်းဖိန်က ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

♦ ♦ ♦

ဟုန်ချိုင်းသည် ခြေဦးတည့်ရာသို့ သွားနေ၏။

သို့သော်...

သူမ လမ်းပန်းမကျွမ်းကျင်ပါ။

ထို့ကြောင့်လည်း အချို့နေရာ၌ တဝဲလည်လည် ဖြစ်နေတော့သည်။

သူမသည် ခြေထောက်အလွန်ညောင်းသွားသဖြင့် အနီးနားလှေကားအရင်း၌ ထိုင်ချလိုက်၏။

ထိုစဉ်မှာပင် ခြေသံတစ်ခုသည် ညဉ့်၏ကိတ်ဆိတ်ခြင်းကို ဖြိုခွဲကာ ထွက်ပေါ်လာတော့သည်။

ခြေသံများ ကြားလိုက်ရသောအခါ ဟုန်ချိုင်းက ရင်ထိတ်သွားသည်။

အမှောင်ထုကွယ်၌ ပုန်းအောင်းလိုက်သည်။

ခြေသံသည် တဖြည်းဖြည်း နီးကပ်လာသည်။

ဟုန်ချိုင်းက မကြည့်ဝံ့ဘဲ ခေါင်းငုံ့ထားသည်။

ခြေသံများသည် ရုတ်တရက် ငြိမ်သက်သွားသည်။

ဟုန်ချိုင်းက ခေါင်းငုံ့၍ နားစွင့်နေ၏။

ခြေသံ လုံးဝမကြားရတော့မှ ခေါင်းထောင်ကြည့်လိုက်လေသည်။

"အမယ်လေး"

သူမသည် ရင်ထိတ်စွာဖြင့် အော်ဟစ်လိုက်သည်။

အဘယ်ကြောင့်ဆိုသော် သူမ ခေါင်းထောင်ကြည့်လိုက်သောအခါ ယင်းဖိန်က သူမရှေ့တွင် ရပ်၍ သူမအား ပြုံးစေ့စေ့ဖြင့် ကြည့်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

ယင်းဖိန်က အေးစက်စွာ ရယ်မောလိုက်၏။

"မင်းပြေးလို့ မလွတ်ပါဘူးကွာ"

သူမသည် ယင်းဖိန်၏ နောက်ဆုံး စကားကိုသာ ကြားလိုက်သည်။

မြေပေါ်သို့ လဲကျသွားပြီး သတိမေ့သွားလေတော့သည်။

♦ ♦ ♦

ဖုံးရှောင်သည် ခြေဦးတည့်ရာသို့ လျှောက်သွားနေလေသည်။

သူသည် ကျင်းစန်းတို့လူစုအား လိုက်လံရှာဖွေရင်း ယခုကဲ့သို့ ခြေဦးတည့်ရာ သွားနေခြင်း ဖြစ်သည်။

ယနေ့ သူသည် အလွန်စည်ကားသော နေရာတစ်ခုသို့ ရောက်ရှိလာသည်။

ထိုနေရာ၌ စင်တစ်ခုကို ဝိုင်းရံ၍ ပရိသတ် အတော်များများ ကြည့်နေသည်ကို တွေ့မြင်ရသည်။

သူသည် လူငယ်တစ်ယောက်ဝိုဝို စူးစမ်းရှာဖွေလိုသော ဆန္ဒ ပြင်းပြလာသောကြောင့် ပရိသတ် အုံနေသော နေရာသို့ တိုးဝင်သွားလေသည်။

ထိုနေရာတွင် စင်မြင့်တစ်ခု ရှိသည်။

စင်မြင့်ပေါ်တွင် မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားတစ်ယောက် သိုင်းပညာ ယှဉ်ပြိုင်နေသည်ကို တွေ့ရှိရလေသည်။

အနီး၌ ရပ်နေသောလူအား စပ်စုမေးမြန်းလိုက်သည်။

"ဦးလေး၊ သူတို့ ဘာလုပ်နေကြတာလဲ"

"သိုင်းပညာ ယှဉ်ပြိုင်နေကြတယ်လေ"

"ဒါတော့ ကျုပ်သိတာပေါ့"

"သိရင် ဘာဖြစ်လို့ မေးနေရတာလဲ"

မေးသောသူက စိတ်မရှည်သကဲ့သို့ ဖြေသောသူကလည်း စိတ်တိုနေ၏။

"သည်လိုပါ၊ သူတို့ ဘာကြောင့် ယှဉ်ပြိုင်တယ်ဆိုတာ သိ

ခွင့်လို့ပါ"

"အစကတည်းက သည်လို မေးပါလား"

ဖြေသည့်သူက စိတ်ဆိုးမပြေသေးဟန်ဖြင့် ဘုကျကျ ပြန်ပြောလိုက်၏။

ဖုံးရှောင်က ပြုံးလိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျုပ် အစက ပြန်မေးပါ့မယ်"

"ကဲ ကျုပ်ပြောပြပါတော့မယ်၊ အဲသည် မိန်းကလေးက သူ့ကို သိုင်းပညာယှဉ်ပြိုင်ပြီး နိုင်တဲ့လူကို လက်ထပ်ယူမယ်လို့ ကြေငြာထားတယ်၊ ဒါကြောင့် မိန်းကလေးကို ယူချင်တဲ့လူက အခုလို ဟက်ပြီး ယှဉ်ပြိုင်နေတာပါ"

ဖြေမယ့်ဖြေတော့လည်း သေချာကျနစွာ ဖြေဆိုလိုက်ပြန်သည်။

ဖုံးရှောင်က ခေါင်းညိတ်လိုက်သည်။

"မိန်းကလေးကို နိုင်ရင် ဇနီးအဖြစ် သိမ်းပိုက်လို့ ရတယ်ဆိုပါတော့"

"ဟုတ်တယ်"

"ဒါဖြင့် ခင်ဗျားက ဘာကြောင့် တက်ပြီး မယှဉ်ပြိုင်တာလဲ"

"ကျုပ်က မိန်းမ ရနေလို့ပေါ့ဗျာ"

ထိုသူ၏စကားကြောင့် ဖုံးရှောင် ပြုံးမိသွားသည်။

ထို့နောက်...

ဖုံးရှောင်သည် စင်မြင့်ပေါ်မှ မိန်းကလေးအား လှမ်းကြည့်လိုက်သည်။

မိန်းကလေးက ယောကျ်ားတစ်ယောက်နှင့် ယှဉ်ပြိုင်ခဲ့
သဖြင့် သူမ၏မျက်နှာကို သေချာမတွေ့ရပါ။

သို့သော် သူမ၏ကိုယ်လုံးကိုယ်ထည်မှာ အလွန်လှပခဲ့
သည်ကို တွေ့ရလေသည်။

အဘယ်ကြောင့်မှန်းမသိ သူသည် ယှဉ်ပြိုင်လိုသော စိတ်
များ တဖွားဖွား ပေါ်ပေါက်လာ၏။

ထိုစဉ်မှာပင်...

ပရိသတ်၏အော်သံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရ၏။

ဖုံးရှောင်က ပြိုင်ပွဲကို သေချာစွာ ကြည့်လိုက်၏။

ယှဉ်ပြိုင်သော ယောကျ်ားသည် စင်မြင့်အောက်သို့ လိမ့်ဝင်
သွားသည်ကို တွေ့မြင်လိုက်ရသည်။

♦ ♦ ♦

ဖုံးရှောင်သည် စိတ်ထဲ၌ ခံပြင်းလာသည်။

သူသည် စဉ်းစားဆင်ခြင်ခြင်း မရှိဘဲ စင်မြင့်ပေါ်သို့ ခုန်
တက်သွားသည်။

မိန်းကလေးက သူ့အား လက်နှစ်ဘက်ဆုပ်၍ အရှိအသေ
ပြုလိုက်သည်။

"နာမည်ပြောပါရှင်"

သူမ၏အသံသည် အလွန်သာယာသည့်အပြင် ယင်းအသံ

ကြားဖူးသည်ဟုလည်း ဖုံးရှောင် ခံစားလိုက်ရလေသည်။

ထို့ကြောင့်...

သူက ခေါင်းမော့ကြည့်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်
သွားမိလေသည်။

ဖုံးရှောင်တစ်ယောက် စင်မြင့်ပေါ်မှ ပြန်ပြေးချင်စိတ်
ပေါက်သွားသည်။

အကြောင်းမှာ ယင်းမိန်းကလေးသည် အသံသာယာ
လောက် ရုပ်အလွန်ဆိုးသည်ကို တွေ့ရသောကြောင့် ဖြစ်လေ
သည်။

သူသည် ကမန်းကတန်း လက်ကာပြလိုက်သည်။

"ကျုပ် မယှဉ်ပြိုင်လိုတော့ပါဘူး ခင်ဗျာ"

ယင်းသို့ ပြောပြီး အောက်သို့ ခုန်ချရန် ဟန်ပြင်လိုက်၏။

သို့သော်...

တစ်စုံတစ်ယောက်က သူ၏လက်ကို ဖမ်းဆွဲထားလိုက်လေ
သည်။

"ကျုပ်တို့ စည်းကမ်းချက် ကြော်ငြာထားပြီးပါပြီ၊ စင်မြင့်
ရောက်တဲ့လူဟာ အနိုင်အရှုံး မပေါ်မချင်း မဆင်းရပါဘူး"

ဖုံးရှောင်က မတတ်နိုင်တော့ပါ။

သူသည် လက်နှစ်ဖက်ဆုပ်လိုက်သည်။

"ကျုပ်နာမည်ဖုံးရှောင်ပါ"

သူ၏အမည်ကိုလည်း ထုတ်ဖော်ပြောဆိုလိုက်လေ၏။

ယင်းအမည် ကြားလိုက်သည်နှင့် မိန်းကလေး၏ခန္ဓာကိုယ်

သည် မသိမသာ တစ်ချက် တုန်ခါသွားသည်။

အဘိုးအိုက လက်မြှောက်ထားလိုက်သည်။

"က ယှဉ်ပြိုင်ဖို့ အသင့်ပြင်"

ဖုံးရှောင်သည် အသင့်ပြင်ထားသော အနေအထားဖြင့် ရပ်လိုက်လေသည်။

သူသည် အရှုံးပေးရန် ဆုံးဖြတ်ထားလေသည်။

သို့သော်...

မိန်းကလေး၏တိုက်ခိုက်မှုမှာ ပြင်းထန်ခြင်း မရှိသည်ကို တွေ့ရသဖြင့် စိတ်ပျက်သွားမိလေသည်။

ထိုစဉ်...

မိန်းကလေး၏ လက်သီးတစ်လုံး ပစ်လွှင့်လာသည်ကို ရရှိလိုက်ရလေသည်။

သူက ရှောင်တိမ်းခြင်း မပြုဘဲ ခံလိုက်လေသည်။

"ဝုန်း"

သူ၏ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျသွားလေသည်။

သူသည် လက်မြှောက်ပြလိုက်သည်။

"ကျုပ်အရှုံးပေးပါပြီဗျာ"

သူသည် ပြောရင်း ထရပ်လိုက်လေသည်။

ထိုသို့ လဲကျသွားစဉ် အခိုက်အတန့်၌ သူ့အိတ်ထဲမှာ ပါသော ကြေးပြားပွဲတစ်ခြမ်းသည် ကြမ်းပြင်ပေါ်သို့ ကျနေခဲ့သည်။

ထိုကြေးပြားတခြမ်းပွဲအား အဘိုးအိုက အမှတ်မထင် တွေ့ခြင်သွားလေသည်။

အဘိုးအိုသည် ဖုံးရှောင်မှာ တိမ်ယံကျား ဖြစ်သည်ဟု ထင်မှားသွားမိလေသည်။

သူသည် ကမန်းကတန်း ဝင်ရောက်လာပြီး ဖုံးရှောင်အား ဖမ်းမလိုက်၏။

"ဟဲ့...ဟဲ့...ဟဲ့၊ မင်းကလဲကွာ အားနာစရာ မလိုပါဘူး"

ဖုံးရှောင်က ပြုံးလိုက်သည်။

"ကျုပ်အားမနာတတ်ပါဘူးဗျာ"

အဘိုးအိုက သူ၏ပခုံးအား ပုတ်လိုက်သည်။

"မင်းက ငါ့သမီးကို နှိုင်တဲ့အတွက် ကျုပ်ကတိပေးထားတဲ့ အတိုင်း ကျုပ်သမီးကို မင်းနဲ့ လက်ထပ်ခွင့်ပေးပါ့မယ်"

"ဗျာ"

ဖုံးရှောင်က ထိတ်လန့်တကြား အော်ဟစ်မိလိုက်လေသည်။

သူသည် အဘိုးအိုအား သေချာစွာ ကြည့်လိုက်လေသည်။

"ခင်ဗျားရဲ့မျက်လုံး ကောင်းမှ ကောင်းသေးရဲ့လားဗျာ"

အဘိုးအိုက ပြုံးပြလိုက်သည်။

"မျက်လုံးတွေ ကောင်းပါတယ်"

"ကောင်းရင်၊ ရှုံးတာကို မြင်ရက်နဲ့ ဘာကြောင့် နှိုင်တယ် ဆို ပြောရတာလဲ"

ဖုံးရှောင်က မကျေမနပ် ပြောဆိုလိုက်၏။

အဘိုးအိုက လက်ကာပြလိုက်သည်။

"ငါ့ကို မလိမ်ချင်စမ်းပါနဲ့၊ မင်းရဲ့သိုင်းပညာဟာ ငါသိပါတယ်ကွာ"

ဖုံးရှောင်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"မလုပ်ပါနဲ့ဗျာ၊ ကျုပ် မိန်းမ မယူချင်သေးပါဘူး"

အဘိုးအိုက ခေါင်းခါယမ်းလိုက်ရင်းမှ...

"ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်ကတော့ စည်းကမ်းချက်အတိုင်း ငါ့သမီးနဲ့ မင်းကို ပေးစားရမှာပဲ"

ဖုံးရှောင်သည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ဇာတ်မြင့်ပေါ်မှ ခုန်ချလိုက်သည်။

တဆက်တည်းမှာလည်း လူအုပ်ကြားထဲသို့ တိုးဝင်ပြေးထွက်သွားလေတော့သည်။

အဘိုးအိုက မိန်းကလေးအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"သမီး သူ့ကို မီအောင် လိုက်ကြမယ်"

ဟုပြောလိုက်သည်။

ထို့နောက်...

သူတို့သည် စင်မြင့်ပေါ်မှ ခုန်ချလိုက်ပြီး ဖုံးရှောင်နောက်သို့ လိုက်သွားကြလေသည်။

◆ ◆ ◆

ကျင်းစန်းသည် ပြေးလွှားနေရသည်။

မန်ချူးစစ်သားများတို့သည် အင်နှင့်အားနှင့် ချီ၍ တောနင်းဖမ်းကြလေသည်။

သူတို့သည် ထိုနေရာတစ်ဝိုက်ကို ပိတ်ဆို့၍ ဝိုင်းရံထားသည်။

ကျင်းစန်းသည် ထွက်ပေါက် မရှိသည်ကို တွေ့ရသောအခါ သူသည် သစ်ပင်တစ်ပင်၏ သစ်ခေါက်များကို ခွာယူလိုက်ပြီး ဓားဖြင့် အပေါက်တစ်ခု ထွင်းလိုက်လေသည်။

ထို့နောက်...

တံဆိပ်တုံးအား အပေါက်ထဲသို့ ဝှက်ထားလိုက်ပြီး သစ်ခေါက်ဖြင့် ပြန်လည်ကပ်ထားလိုက်လေသည်။

သူသည် မြေအနေအထားကို သေချာစွာ မှတ်သားထားပြီးနောက် ဆက်လက်ပြေးလွှားသွားလေသည်။

သို့သော် များပြားလှသော မန်ချူးစစ်သားများ၏လက်မှ လွတ်မြောက်နိုင်ခြင်း မရှိသဖြင့် အဖမ်းခံလိုက်ရလေတော့သည်။

◆ ◆ ◆

မန်ချူးစစ်သားများတို့သည် ကျင်းစန်းအား ဖမ်းဆီးပြီးသည့်နောက် အမျိုးမျိုး စစ်ဆေးမေးမြန်းကြသည်။

သို့သော်...

ကျင်းစန်းက အရူးအဖြစ် ဟန်ဆောင်နေသောကြောင့် သူတို့သည် အခက်ကြုံရလေသည်။

ပြန်လည်လွတ်ပေးရန်မှာလည်း မှားယွင်းသွားမည် စိုးရိမ်နေကြ၏။

နောက်ဆုံး သူတို့သည် ကျင်းစန်းအား လုယန်မြို့သို့ ပို့ပေးရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

♦ ♦ ♦

မြို့စားကြီးသည် တံဆိပ်တော်ကို မည်သို့ ပြန်ယူရမည်ကို အကြံထုတ်နေ၏။

ထိုစဉ်...

ကျိယုံဘုန်းတော်ကြီးက ရောက်ရှိလာ၏။

မြို့စားကြီးက မျက်မှောင်ကုပ်သွားသည်။

သူသည် ကျိယုံအား မာန်မဲပြစ်တင်လိုဟန်ဖြင့် ဆီးကြို ဟောက်လိုက်၏။

"မင်းက ဘာဖြစ်လို့ လာတာလဲ"

ကျိယုံက ဦးညွှတ်လိုက်သည်။

"ကျုပ်က သူလျှိုဖြစ်မှန်း သူတို့က သိသွားပြီ မြို့စားကြီး"

မြို့စားကြီးက မကျေမနပ် ဖြစ်သွားသည်။

"မင်းကို သူတို့က ဘာကြောင့် သိသွားတာလဲ"

"ကျောင်းထိုင်ဆရာတော်က ကျုပ်ကို သံသယ ဖြစ်နေတာကတော့ ကြာပါပြီ၊ ကျုပ်ကလဲ တံဆိပ်တော်ကို ယူချင်တဲ့စိတ်ကြောင်းပြသွားလို့ သူတို့ဆင်ထားတဲ့ ထောင်ချောက်ထဲ တိုးဝင်မိလို့ပါ"

မြို့စားကြီးက မကျေမနပ် ဖြစ်သွားပြန်သည်။

ကျိယုံက ဦးညွှတ်လိုက်လေသည်။

"ကျုပ်တာဝန်မကျေတဲ့အတွက် အပြစ်ဒဏ်ခံယူဖို့ပဲ အသင့်ရှိပါတယ်"

မြို့စားကြီးက ပြုံးလိုက်သည်။

"မင်းကို အပြစ်ဒဏ်မခတ်ပါဘူးကွာ၊ ဒါပေမယ့် နောက်ဆုံး ဘာဝန်တစ်ခုကတော့ မင်းထမ်းဆောင်ရလိမ့်မယ်"

"အမိန့်ရှိပါ မြို့စားကြီး"

"မင်း အခု ရှောင်လင်ကျောင်းကို ပြန်သွား၊ ကျောင်းထိုင်ကို သတ်လိုက်ပါ"

မြို့စားကြီးက ခပ်ပြုံးပြုံး မျက်နှာလေးဖြင့် အမိန့်ပေးနေ၏။

ကျိယုံ တွေဝေသွားသည်။

"မဖြစ်ဘူး ထင်တယ် မြို့စားကြီး"

"ဘာဖြစ်လို့လဲ"

"ကျုပ်သူလျှိုဆိုတာ သူတို့အားလုံး သိထားပြီးပြီပဲ၊ ကျုပ် ပြန်သွားတာနဲ့ အဖမ်းခံရတော့မှာပေါ့"

မြို့စားကြီးက ပြုံးလိုက်သည်။

"မင်း ညဘက်ကျမှသွားပေါ့၊ ရှောင်လင်ကျောင်းရဲ့ လမ်း တွေကို မင်းက ကျွမ်းကျင်ပြီးသားပဲ၊ သူတို့ မသိအောင်သွားဖို့ မင်း အနေနဲ့ လွယ်ပါတယ်ကွာ"

ကျိယုံက ခေါင်းထောက်လိုက်သည်။

သူသည် ယခုတစ်ကြိမ်တွင်မူ မြို့စားကြီး ပေးအပ်သော အမိန့်ကို ငြင်းဆန်ရန် ဆုံးဖြတ်ဟန် လက္ခဏာ ရှိပေသည်။

"သည်တာဝန်ကို ကျွန်တော်လက်မခံနိုင်ဘူး မြို့စားကြီး"

မြို့စားကြီးက မျက်မှောင်ကုပ်သွားမိသည်။

"ဘာဖြစ်လို့လဲ"

"သူက ကျုပ်သူလျှို ဖြစ်နေမှန်း သိလျက်နဲ့ ဘာမှ အရေး မယူဘဲ ပြန်လွှတ်ပေးလိုက်တယ်၊ ကျုပ်က သူ့ကို ပြန်လုပ်ကြံရင်

ဆေးရာကျမှာပေါ့"

မြို့စားကြီးက ဒေါသထွက်လာသည်။

"သူက မင်းအပေါ်မှာ ကျေးဇူးရှိတာက တခြား၊ ငါက တာ ပေးနေတာ"

မြို့စားကြီးက တင်းမာခက်ထန်စွာ ပြောဆိုနေ၏။

ကျိယုံက အခက်ကြုံသွားလေသည်။

သူသည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်လေသည်။

"အခုအချိန်ကစပြီး ကျုပ် ရာထူးက နှုတ်ထွက်ပါတယ်ဗျာ"

ကျိယုံက ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက် ပြတ်သားစွာ ပြောဆိုလိုက်၏။

မြို့စားကြီးက ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားလေ သည်။

အတန်ကြာမှ ကျိယုံအား ကြောင်ငေးငေး ကြည့်နေမိလေ သည်။

ထို့နောက်...

ရယ်မောလိုက်သည်။

"အေးပါ၊ မင်း မသွားချင်လဲ ရပါတယ်"

သူသည် ကုလားထိုင်အား ညွှန်ပြလိုက်သည်။

"ကဲ ထိုင်စမ်းပါအုံးကွ"

ကျိယုံက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

မြို့စားကြီးက အရက်တစ်ခွက် ငှဲ့ပေးလိုက်၏။

"ဘာပဲဖြစ်ဖြစ် မင်းဟာ တို့တိုင်းပြည်အတွက် ရှောင်လင်

ကျောင်းမှာ ဒုက္ခခံပြီး တာဝန်ထမ်းဆောင်တာကိုတော့ ကျုပ်က ဝုဏ်ပြုပါတယ်ဗျာ”

သူသည် ပြောရင်း အရက်ခွက်ကို လှမ်းပေးလိုက်လေသည်။

ကျိယုံက အရက်တစ်ခွက်ကို ယူ၍ မော့ချလိုက်သည်။

မြို့စားကြီးက ထိုင်ရာမှ ထလိုက်သည်။

“ကဲ မင်းလဲ သွားလိုရာ သွားနိုင်ပါပြီ”

မြို့စားကြီးက ရောရောရှူရှူပင် ခွင့်ပြုနေပြန်သည်။

ကျိယုံသည် ထိုင်ရာမှ ထလိုက်ပြီး ဦးညွှတ်လိုက်လေသည်။

ထို့နောက်...

ထိုနေရာမှ ထွက်ခွာသွားလေသည်။

မြို့စားကြီးက လက်ခုပ်တစ်ချက် တီးလိုက်သည်။

ယင်းဖိန်က မြို့စားကြီးရှေ့မှောက်သို့ ရောက်ရှိလာလေသည်။

မြို့စားကြီးက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

ယင်းဖိန်သည် ကျိယုံနောက်သို့ ထပ်ကြပ်မကွာ လိုက်သွားလေတော့သည်။

◆ ◆ ◆

အချင်းချင်း

ကျိယုံသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားနေလေသည်။

ယင်းဖိန်ကလည်း နောက်မှ ခြေရာခံ၍ လိုက်သွားလေသည်။

သူတို့သည် ရှေ့ဆင့်နောက်ဆင့် လျှောက်သွားရာ မြေကွက်လပ်တစ်ခုသို့ ရောက်ရှိလာသောအခါ ကျိယုံက ခြေလှမ်းကို ရပ်တန့်လိုက်သည်။

ယင်းဖိန်ကလည်း ခြေလှမ်း ရပ်တန့်လိုက်သည်။

ကျိယုံ၏စိတ်ထဲ၌ သူ့နောက်မှ တစ်စုံတစ်ယောက် လိုက်ပါလာသည်ဟု ထင်နေမိ၏။

ကျိယုံသည် ဖြည်းညင်းစွာ နောက်သို့ လှည့်လိုက်သည်နှင့် ယင်းဖိန်အား တွေ့မြင်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် အံ့သြခြင်း မရှိဘဲ ပကတိ တည်ငြိမ်နေသည်။

"ယင်းဖိန်၊ မြို့စားကြီးက ငါ့ကို ခွင့်မလွှတ်နိုင်ဘူးဆိုတာ ငါသိပြီးသားပါ၊ မင်းက ငါ့ကို သတ်ဖို့ လိုက်လာတယ် ဟုတ်လား"

ယင်းဖိန်က ပြုံးလိုက်သည်။

"သည်လို ပြောတာ နားထောင်မကောင်းပါဘူး"

"ဒါဖြင့် ဘယ်လိုပြောရမလဲ"

"ကျုပ်က မြို့စားကြီးပေးတဲ့ တာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်ရမှာမို့ပါ"

ယင်းဖိန်က ခန့်ညားစွာ ပြောဆိုနေပြန်သည်။

ကျိယုံက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါ့ကို သတ်မယ်ဆိုရင်လဲ ပွင့်ပွင့်လင်းလင်း ပြောပေါ့ကွာ"

"မင်းသိရင် ပြီးတာပဲလေ"

ယင်းဖိန်သည် ယင်းသို့ ပြောပြီးသည်နှင့် ကျိယုံအား တိုက်ခိုက်လိုက်လေသည်။

ကျိယုံက ပြုံးလိုက်၏။

"အရင်တုန်းက မင်းနဲ့ ငါ ယှဉ်ပြိုင်ခဲ့ဖူးပါတယ်၊ ငါက မင်းကို မနိုင်ပေမယ့် မင်းလဲ ငါ့ကို မနိုင်ခဲ့ပါဘူး"

ယင်းဖိန်က တိုက်ခိုက်ရင်းမှ...

"ဘယ်အရာမဆို ပြောင်းလဲတတ်တဲ့သဘော ရှိပါတယ်၊ ဘယ်သူနိုင်မယ်ဆိုတာ အခုပဲ သိရမှာပေါ့"

ယင်းဖိန်၏စကားထဲတွင် အမှန်တရား တချို့တဝက် ပါရှိနေ၏။

ကျိယုံက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်တယ်"

သို့ဖြင့်...

သူတို့နှစ်ယောက်သည် ရင်ဆိုင်တိုက်ခိုက်လိုက်ကြလေတော့သည်။

♦ ♦ ♦

ယင်းဖိန်နှင့် ကျိယုံတို့သည် ထောက်လှမ်းရေးမှူး လက်ချေးစင် လူသတ်သမားဆယ်ယောက်ထဲတွင် စာရင်းပါဝင်ကြသော သူများ ဖြစ်ကြလေသည်။

တစ်ချိန်က သူတို့သည် သိုင်းပညာရပ်များကို အတူတူ သင်ခဲ့ကြသည်။

လူသတ်ပညာများကိုလည်း အတူတူ သင်ကြားခဲ့လေသည်။

သူတို့နှစ်ယောက်သည် မကြာခဏ သိုင်းပညာ ယှဉ်ပြိုင်ခဲ့ကြဖူး၏။

သို့သော်...

မည်သူကမျှ အနှိုင်မရရှိခဲ့ဘူးပါချေ။

ထို့ကြောင့် သူတို့နှစ်ယောက်သည် အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

သို့သော် ယခုမှာမူ သူတို့သည် အချင်းချင်း သူသေကိုယ်သေ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြချေပြီတကား။

♦ ♦ ♦

ကျိယုံနှင့် ယင်းဖိန်တို့သည် သဲကြီးမဲကြီး ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

ယခုအချိန်အထိ မည်သူမျှ အနိုင်မရသေးပါ။

သို့သော် သိုင်းကွက်တစ်ရာကျော်အထိ ယှဉ်ပြိုင်လာသော အခါ ကျိယုံသည် တဖြည်းဖြည်း အရေးနိမ့်လာလေတော့သည်။

ယင်းဖိန်သည် အသာစီး ရလိုက်သဖြင့် ဖိ၍ တိုက်ခိုက်လိုက်သည်။

ကျိယုံသည် အခြေအနေ မဟန်မှန်း အကဲခတ်မိလိုက်သည်။

သူသည် ယင်းဖိန်၏တိုက်ကွက်များကို ရှောင်တိမ်းရင်းမှ ကမန်းကတန်း ပြေးလွှားထွက်ခွာသွားလေသည်။

ယင်းဖိန်သည် သူ့နောက်သို့ ထပ်ကြပ်မကွာ လိုက်လာလေသည်။

သို့သော်...

ကျိယုံ၏ကိုယ်ဖော့ပညာမှာ ယင်းဖိန်ထက် သာနေသောကြောင့် သူသည် ယင်းဖိန်၏လက်မှ လွတ်မြောက်လာလေသည်။

ကျိယုံသည် ယင်းဖိန် မျက်ခြည်ပြတ်သွားသည်ကို တွေ့သိုက်ရတော့မှ ပြေးနေသော အရှိန်ကို လျှော့ချလိုက်ရလေသည်။

♦ ♦ ♦

"ဘာစားမလဲ ဆရာ"

ဆိုင်လုလင်က စားပွဲကို သုတ်ရင်း မောနေသော ဖုံးရှောင်ကို ကြည့်ယင်း မေးလိုက်ခြင်း ဖြစ်သည်။ ဖုံးရှောင်က...

"ငါ့ကို အကောင်းဆုံး ရေနွေးကြမ်းတစ်အိုး အရင်ယူခဲ့စမ်းပါကွာ"

"ဟုတ်ကဲ့ ရပါတယ်"

ဆိုင်လုလင်က ဖုံးရှောင်အား ကြည့်လိုက်သည်။

"ခင်ဗျားကြည့်ရတာ မောနေသလိုပဲ"

ဖုံးရှောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ငါက လူတစ်ယောက် နောက်ကို လိုက်နေရတယ်၊ ဒါကြောင့် မောနေတာ"

ဆိုင်လုလင်က ပြုံးပြလိုက်၏။

"ဟုတ်လား၊ ခင်ဗျားက ဘယ်သူ့နောက်ကို လိုက်နေတာပဲ"

ဖုံးရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"သည်လူကို ကျုပ်က ဖမ်းပြီး နန်းတွင်းကို ပို့မလို့"

ဆိုင်လုလင်က ရယ်မောလိုက်သည်။

"ခင်ဗျားက တော်သေးတာပေါ့ဗျာ၊ တခြားလူကသော သမက်ထွက်ပြေးလို့ လိုက်ဖမ်းနေရတယ်"

ဆိုင်လုလင်က ခပ်ပြုံးပြုံး မျက်နှာလေးဖြင့် ပြောဆိုလိုသ ၏။

ဖုံးရှောင်က မျက်မှောင်ကြုတ်သွားမိလေသည်။

"ဘယ်သူများပါလိမ့်"

ဆိုင်လုလင်က သူ့နောက်၌ ရှိနေသော စားပွဲတစ်ခုသို့ ညွှ ပြလိုက်လေသည်။

"ခင်ဗျားနောက်မှာလေ"

ဖုံးရှောင်က လှည့်ကြည့်လိုက်သောအခါ သူ၏မျက်လုံးအ သည် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ သူနှင့် ကပ်လျက်ရှိသော စားပွဲတွင် အဘ အိုနှင့် မိန်းကလေးတို့ ထိုင်နေသည်ကို တွေ့မြင်လိုက်ရသောကြော ဖြစ်ပါသည်။

ဖုံးရှောင်သည် အမောမဖြေနိုင်တော့ပါ။

"ဝုန်း"

ခနဲ ထလိုက်ပြီး ဆိုင်ထဲမှ ပြေးထွက်သွားလေသည်။

ဖုံးရှောင်သည် ခြေကုန်ပြေးနေ၏။

သူသည် အတော်ဝေးဝေး ရောက်လာတော့မှ နောက်သို့

လှည့်ကြည့်ခဲ့သည်။

သူ့နောက်သို့ တစ်စုံတစ်ယောက်မျှ လိုက်လာသည်ကို မတွေ့ရတော့မှ ခြေလှမ်းရပ်တန့်ပစ်လိုက်သည်။

သူသည် ကိုယ့်ကိုကိုယ် အားပေးစကား ပြောလိုက်လေ သည်။

"သူတို့ လိုက်မလာတော့ပါဘူးကွာ၊ ငါ ဘာဖြစ်လို့ ပြေးနေ ရပါလိမ့်"

သူသည် ယင်းသို့ ပြောရင်း ဆက်လက်လျှောက်သွားရာ ဘုံကျောင်းပျက်တစ်ခုကို တွေ့လိုက်ရလသည်။

"အင်း ငါ သည်ဘုံကျောင်းပျက်ထဲမှာ တရေးလောက် ဝင် အိပ်ရင် ကောင်းမယ်"

သူသည် ယင်းသို့ တစ်ယောက်တည်း ရေရွတ်ပြီး ဘုံ ကျောင်းပျက်ထဲသို့ လှမ်းဝင်လိုက်လေသည်။

◆ ◆ ◆

ဖုံးရှောင်သည် ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် သူ၏ဦးခေါင်းပေါ်သို့ ဝိုက်ကွန်တစ်ခု အုပ်၍ ကျလာလေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် သူသည် ရှောင်တိမ်းနိုင်ခြင်း မရှိတော့ဘဲ ဝိုက်ကွန်၏အုပ်၍ ဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့သည်။

သူသည် အတင်းရုန်းကန်လိုက်သော်လည်း တစ်စုံတစ်ယောက်က ဝိုက်ကွန်ကြိုးအား ဆွဲထားလိုက်သည်။

သို့ဖြင့် သူသည် ကောက်ညှင်းထုပ်ပမာ တုပ်နှောင်ခြီးသားဖြစ်သွားလေသည်။

ဝိုက်ကွန်ထဲမှ ကြည့်လိုက်သောအခါ ဝိုက်ကွန်ဖြင့် အုပ်လိုက်သူမှာ အဘိုးအိုနှင့် အကျည်းတန်သော မိန်းကလေးတို့ပင် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖုံးရှောင်မှာ လက်လျှော့လိုက်ရလေတော့၏။

သူသည် ထွက်ပြေးရန် လုံးဝစိတ်မကူးပါတော့ချေ။

ထွက်ပြေးရန်လည်း မဖြစ်တော့ပါချေ။

◆ ◆ ◆

မင်းသားလေးတုလတ်သည် မြို့စားကြီး၏သမီးဖြစ်သူ ကူးကူးအား တစ်ဘက်သက် မေတ္တာရှိနေသည်ကို ယင်းဖိန် သိရှိထားလေသည်။

တစ်နေ့ မင်းသားလေးတုလတ်ထံသို့ ရောက်ရှိသွားလေသည်။

မင်းသားလေးတုလတ်က ယင်းဖိန်၏သိုင်းပညာကို အားကျသည်။

ယင်းဖိန်ကို မိမိလက်အောက် ရောက်ရှိလာရန် စည်းရုံးလေသည်။

သို့သော်...

ယင်းဖိန်မှာမူ မြို့စားကြီးနှင့် အနေကြာသွားသဖြင့် စည်းရုံးခြင်း မရတဲ့ ဖြစ်နေ၏။

တစ်နေ့မှာမူ ယင်းဖိန် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

သူသည် ဝမ်းသာစွာ ကြိုဆိုလိုက်လေသည်။

"ဟေ့ ယင်းဖိန်၊ မင်း ငါ့ဆီကို စောစောစီးစီး ဘာကိစ္စနဲ့ ရောက်လာတာလဲဗျ"

ယင်းဖိန်က လက်နှစ်ဖက်ဆုပ်၍ အရိုအသေ ပြုလိုက်လေသည်။

"ခင်ဗျား အခုတလော မြို့စားကြီးရဲ့ လက်အောက်မှာ ရှိတဲ့ လူတွေကို လွှဲပြောင်းယူထားတယ်လို့ သတင်းကြားတာနဲ့ ကျွန်တော်က လာပြီး ဂုဏ်ပြုစကား ပြောတာပါ"

တုလတ်က ရင်ကော့လိုက်သည်။

"အေး သည်သတင်းလဲ မင်းကြားတယ် ဟုတ်လား"

ယင်းဖိန်က ခေါင်းညိတ်ပြလိုက်၏။

"သည်သတင်းက တစ်မြို့လုံး ပြောဆိုဝေဖန်နေကြတာပဲ ကြားတာပေါ့ဗျာ"

မင်းသားလေးတုလတ်က အောင်နိုင်သူ အပြုံးဖြင့်...

"အေး မင်းတို့ မြို့စားကြီးက အစစအရာရာ ငါ့ကို အထင်သေးတယ်၊ အခုတော့ ဘယ့်နယ်ရှိစ"

"သူက မင်းသားလေး အံတုလို့ ဘယ်ရနိုင်ပါ့မလဲ၊ နယ်စားကြီးဟာ မင်းသားလေးရဲ့ဦးလေးအရင်း ခေါက်ခေါက်ပဲ မဟုတ်လား"

"အေး မင်းသိရင် ပြီးရော၊ ကျုပ်ဦးလေး နယ်စားကြီးက ကျုပ်ရဲ့စကားကို ပိုယုံတော့မှာပေါ့"

မင်းသားလေးတုလတ်က ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလိုက်၏။

ယင်းဖိန်က ဦးညွှတ်လိုက်၏။

"ဟုတ်တာပေါ့ဗျာ"

တုလတ်က နေရာထိုင်ခင်း ပေးလိုက်သည်။

"ကဲ ထိုင်ပါလေ၊ ကနေ့ ကျုပ်ဧည့်ခံကျွေးမွေးပါ့မယ်"

ယင်းဖိန်က ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် မင်းသားလေး"

သူသည် တုလတ်အား တစ်ချက်ကြည့်လိုက်သည်။

"ဒါနဲ့ မင်းသားလေးက ကူးကူးကို မေတ္တာရှိနေတယ်

မဟုတ်လား"

ယင်းဖိန်က တည့်ထိုးကြီးပင် မေးမြန်းလိုက်၏။

မင်းသားလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းကို ဘယ်သူက ပြောသလဲ"

ယင်းဖိန်က ပြုံးလိုက်သည်။

"ကျုပ် သည်လောက်တော့ သိတာပေါ့ဗျာ"

တုလတ်က သက်ပြင်းတစ်ချလိုက်သည်။

"ကျုပ်က မေတ္တာရှိနေလဲ အလကားပါပဲဗျာ"

"ဘာဖြစ်လို့လဲ မင်းသားလေး"

"သူက ကျုပ်ကိုမှ မကြိုက်ဘဲ"

"ဟား...ဟား...ဟား"

ယင်းဖိန်က အားရပါးရ ရယ်မောလိုက်သည်။

တုလတ်က မျက်မှောင်ကြုတ်သွားမိသည်။

သူသည် ယင်းဖိန်အား မကျေမနပ်ဖြင့် ကြည့်ကာ...

"မင်းက ဘာရယ်တာလဲကွ"

ယင်းဖိန်က ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"ဩော် မင်းသားလေးက အတော်ရိုးတားကိုး"

"ကျုပ်က ရိုးတယ် ဟုတ်လား"

"ဟုတ်တယ်၊ မင်းသားလေး၊ မိန်းကလေးတစ်ယောက်ကို သွားပြီး ချော့နေရင် ဘယ်တော့မှ မရဘူးမှတ်"

ယင်းဖိန်က ပညာရှိ ပုံစံဖြင့် ပြောဆိုလိုက်၏။

တုလတ်က ထိုစကား ကြားလိုက်ရသော်အခါ စိတ်ဝင်စား

လာလေသည်။

"ဒါဖြင့် ကျုပ်က ဘယ်လိုလုပ်ရမလဲ"

ယင်းဖိန်က ပြုံးလိုက်သည်။

"မင်းသားလေးမှာ ဂုဏ်လဲ ရှိတယ်၊ အာဏာလဲ ရှိတယ်၊ မိန်းကလေးက မကြိုက်ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

"ဘာများလဲ"

"ကူးကူးဟာ တရုတ်လူမျိုး ဖုံးရှောင်ကို မေတ္တာရှိနေတယ်လို့ ကျုပ်အကဲခတ်မိတယ်"

ယင်းဖိန်၏စကားက ထိရောက်လှသည်။

တုလတ်က ထိုင်ရာမှ ရုတ်တရက်ထလိုက်၏။

"မဖြစ်နိုင်ဘူး၊ ကူးကူးဟာ မန်ချူးလူမျိုး၊ ဖုံးရှောင်ဟာ တရုတ်သူပုန်"

ယင်းဖိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် မေတ္တာဆိုတာ မျက်စိမရှိဘူးလို့ မင်းသားလေးလဲ ကြားဖူးမှာပါ"

ယင်းဖိန်က ခိုင်မာစွာ ပြောဆိုနေ၏။

တုလတ်က ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ကျုပ်ဟန့်တားရမှာပဲ"

ယင်းဖိန်က တုလတ်အား တစ်ချက်ကြည့်လိုက်သည်။

"မင်းသားလေးက ကူးကူးကို မလိုချင်ဘူးလား"

"လိုချင်တာပေါ့"

"လိုချင်ရင် သည်အတိုင်း နေလို့ ဘယ်သွားရမှာလဲဗျ"

"ဒါဖြင့် ကျုပ် ဘာလုပ်ရမလဲ"

"အကြမ်းနည်းကို အသုံးပြုပေါ့"

ထိုစကားကိုတော့ တုလတ် ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ အကြမ်းနည်းကို အသုံးပြုရလိမ့်မယ်"

"သူက မင်းသားလေးရဲ့လူ ဖြစ်သွားရင် မင်းသားလေးက မယူမှာတောင် စိုးရိမ်သွားလိမ့်မယ်"

ယင်းဖိန်က ကျွမ်းကျင်သူကြီးတစ်ယောက် လေသံမျိုးဖြင့် ပြောဆိုလိုက်၏။

တုလတ်က ဝမ်းသာသွားသည်။

"ဟုတ်တယ်၊ မင်းပြောတာ ဟုတ်တယ်"

ယင်းဖိန်က ပြုံးလိုက်သည်။

"ဒါဖြင့်လဲ အမြန်ဆုံး ကြံစည်ပါဗျာ၊ အချိန်နောက်ကျသွားရင် တရုတ်သူပုန်နဲ့ ပါသွားလိမ့်မယ်ဗျ"

တုလတ်က လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"ကူးကူးကို ကျုပ် ဘယ်နည်းနဲ့မှ လက်လွတ်မခံနိုင်ဘူး"

◆ ◆ ◆

နောက်တစ်နေ့တွင် မင်းသားလေးတုလတ်သည် လက်ဆောင်ပစ္စည်းများယူကာ မြို့စားဂေဟာသို့ ရောက်ရှိလာလေသည်။

မြို့စားကြီးမှာ ကိစ္စတစ်ခုနှင့် အပြင်ထွက်သွားသည်ကို သိရှိရသဖြင့် ဝမ်းသာသွားလေသည်။

မြို့စားကြီး မရှိသည့်အတွက် မိမိအဖို့ အကြံအစည်များကြံစည်ရာတွင် များစွာ လွယ်ကူလာလိမ့်မည်ဟု ဝမ်းသာနေမိသည်။

သူသည် ဧည့်ခန်းတွင်းမှာ ထိုင်၍ စောင့်နေစဉ် ကူးကူးကဧည့်ခန်းထဲသို့ ရောက်ရှိလာလေသည်။

တွေ့လျှင် တွေ့ချင်းမှာပင်...

"စောစောစီးစီး ဘာကိစ္စနဲ့ လာတာလဲ မင်းသားလေး၊ ဖေဖေ မရှိဘူးရှင့်"

ဟုပြောလိုက်၏။

တုလတ်က ပြုံးလိုက်သည်။

"မြို့စားကြီးနဲ့ တွေ့ဖို့ မဟုတ်ပါဘူး၊ ကူးကူးဆီ လာတာပါ"

"ဟုတ်လား၊ ဘာကိစ္စ အထူးရှိနေလို့လဲ"

တုလတ်က ပါလာသော လက်ဆောင်ကို လှမ်းပေးလိုက်လေသည်။

"ကူးကူးကို လက်ဆောင်ပေးတာပါ"

ကူးကူးက လက်မခံချေ။

"ရှင့်လက်ဆောင်ကို ကျွန်မလက်မခံပါစေနဲ့"

တုလတ် မျက်မှောင်ကုပ်သွားပြီး...

"ဘာဖြစ်လို့လဲ ကူးကူး"

ဟုမေးလိုက်၏။

ကူးကူးက ခေါင်းကို အသာခါယမ်းကာ...

"ကျွန်မ မလိုချင်လို့ပါ"

တုလတ်က ပြုံးလိုက်သည်။

"ကျုပ်လက်ဆောင်ကို မလိုချင်ပေမယ့် ကျုပ်ဆီက သတင်းတစ်ခုကိုတော့ ကူးကူးကြားချင်မှာပါ"

တုလတ်က စကားကို အကွယ်အဝှက်နှင့် လမ်းကြောင်းခင်းကာ ပြောဆိုလိုက်၏။

ကူးကူးက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင့်ဆီက သတင်းကို ကျွန်မစိတ်မဝင်စားဘူး"

တုလတ်က ပြုံးလိုက်သည်။

"ကျုပ်ပြောတဲ့ သတင်းက ဖုံးရှောင်နဲ့ ပတ်သက်နေတယ်ဆိုရင်ကော"

ကူးကူးက မျက်မှောင်ကုပ်သွားမိသည်။

"ဖုံးရှောင် ဟုတ်လား၊ သူက ဘာဖြစ်နေလို့လဲ"

တုလတ်က ပြုံးလိုက်သည်။

"ပထမတုန်းကတော့ သူအဖမ်းခံရတယ်၊ နောက်တော့ သူကကူးကူးရဲ့ မိတ်ဆွေဆိုတာနဲ့ ဘာမှ မလုပ်လိုက်ပါဘူးဗျာ"

ကူးကူးက စိတ်ဝင်တစား ဖြစ်လာကာ...

"သူ အခု ဘယ်မှာလဲ"

တုလတ်က...

"ကူးကူး သူ့ကို တွေ့ချင်ရင် ကျုပ်လိုက်ပို့ပေးပါ့မယ်"

ကူးကူးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ သူ့ကို တွေ့ဖို့ မလိုပါဘူး"

ဟုပြောလိုက်၏။

"ဒါပေမယ့် သူက ကူးကူးကို အရေးကြီးတဲ့ကိစ္စ ပြောစရာ ရှိတယ်လို့ ကျုပ်ကို ပြောလို့ အခုလို ကူးကူးကို လာပြီး အကြောင်း ကြားတာပါ"

ကူးကူး ခပ်တွေတွေ ဖြစ်သွားသည်။

တုလတ်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကူးကူးက သူ့ကို မတွေ့ချင်ဘူးဆိုရင် ကျုပ်က သူ့ကို ပြန်ပြီး လွှတ်လိုက်ရုံပဲ ရှိတာပေါ့"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ပြန်ရန် ဟန် ပြင်လိုက်လေသည်။

"ခဏနေပါဦးရှင်"

ကူးကူးက ဟန့်တားလိုက်သည်။

တုလတ်က ပြန်လှည့်လိုက်သည်။

ကူးကူးက သူ့အား ကြည့်လိုက်သည်။

"သူ အခု ဘယ်မှာလဲ"

တုလတ်က ငါးစာများကို လာဟပ်တော့မည့် ငါးတစ် ကောင်အား ကြည့်နေသည့်အလား **ကူးကူးကို ကြည့်ကာ စိတ်ထဲ** ကျေနပ်စွာ ပြုံးလိုက်၏။ သူက ပြုံး၍...

"သူ အခု မြို့ပြင် လယ်သမားတစ်ယောက် **အိမ်မှာ ရှိနေ** တယ်"

ကူးကူးက တောင်းပန်သော အသံဖြင့်...

"ကျွန်မကို လိုက်ပို့ပါလားရှင်"

ဟုပြောလိုက်၏။

မှန်ပေသည်။

သူမသည် ဖုံးရှောင်အား တွေ့ချင်နေ၏။

တုလတ်က ကူးကူးအား ကြည့်လိုက်၏။

ကူးကူး၏မျက်နှာလေးမှာ အမှန်ပင် ညှိုးငယ်နေလေသည်။

တုလတ်၏ရင်ထဲ ကြိတ်၍ ဝိတိဖြစ်နေသည်။

"ကောင်းပြီလေ၊ မြို့စားကြီး ပြန်မရောက်ခင် သွားကြမှ ဖြစ်မယ်"

"ဟုတ်ကဲ့၊ ကျွန်မ အဝတ်အစားလဲပြီး ချက်ချင်း လိုက်လာ ခဲ့ပါ့မယ်"

ဟုပြောလိုက်လေသည်။

♦ ♦ ♦

မန်ချူးစစ်သားများသည် ကျင်းစန်းအား အချုပ်လှည်းပေါ်သို့ တင်ဆောင်ကာ လုယန်မြို့သို့ ခေါ်ဆောင်လာကြသည်။

ယင်းဖိန်က ကျင်းစန်း ဖမ်းမိလာသည်ကို တွေ့ရသောအခါ စစ်ဆေးမေးမြန်းလိုက်လေသည်။

သို့သော်...

ကျင်းစန်းမှာ ရူးသွပ်နေသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရလေသည်။

မည်သို့မျှ စစ်ဆေးမရတော့သည့် သူသည် ကျင်းစန်းအား အချုပ်ခန်းထဲသို့ ဆွဲသွင်းချုပ်နှောင်ထားလိုက်လေသည်။

◆ ◆ ◆

ကူးကူးသည် တုလတ် ခေါ်ရာသို့ လိုက်သွားလိုက်လေသည်။

သူတို့သည် မြို့ပြင်သို့ ရောက်သောအခါ လယ်သမား နေထိုင်သော အိမ်တစ်အိမ်သို့ ရောက်ရှိလာကြပြန်လေသည်။

သို့သော်...

ထိုလယ်သမား အိမ်တွင် ဖုံးရှောင်အား မတွေ့ရပါတော့ချေ။

ကူးကူးက တုလတ်အား ကြည့်ကာ...

"ဖုံးရှောင် ဘယ်မှာလဲ"

ဟုမေးလိုက်၏။

တုလတ်က လယ်သမားကြီးအား မျက်ရိပ်ပြ၍ မေးခွန်းထုတ်လိုက်သည်။

"သည်မှာ ခုနက နေခဲ့တဲ့ ဖုံးရှောင်တစ်ယောက် ဘယ်ရောက်သွားသလဲ"

လယ်သမားက ဦးညွှတ်လိုက်သည်။

"ခုနပဲ ရှိပါတယ်၊ မင်းသားလေး ရောက်လာခါနီးမှပဲ စောင့်နိုင်တော့ဘူး ဆိုပြီး ထွက်သွားပါတယ်ဗျာ"

တုလတ်က ခေါင်းကုတ်လိုက်သည်။

"ဟောဗျာ၊ သူကပဲ ကူးကူးနဲ့ တွေ့ချင်တယ်ဆိုလို့ ခေါ်လာသေးတယ်"

ဟုပြောလိုက်၏။

သူ၏လေသံ ဟန်ပန်က အမှန်ပင် ထိရောက်ပိုင်နိုင်လှ၏။

ကူးကူးက ပြုံးလိုက်သည်။

"သူ မရှိလဲ အရေးမကြီးပါဘူးရင်၊ ကျွန်မ ပြန်တော့မယ်"

ဟုပြောလိုက်၏။

တုလတ်က ဟန့်တားလိုက်သည်။

"ရောက်လာပြီးမှတော့ ခဏနေပါအုံးဗျာ"

ဟုပြောလိုက်၏။

ကူးကူးက သူ့အား ကြည့်လိုက်၏။

"ဘာလုပ်မလို့လဲ"

တုလတ်က ပြုံးလိုက်သည်။

"သည်နေရာဟာ အလွန်သာယာ ကြည်နူးစရာ မကောင်း

တုလတ်က ကူးကူးအား အရက်ခွက်ငဲ့ပေးရင်း...

"ကဲ စားပါဗျာ၊ အရက်လဲ တစ်ခွက်လောက် သောက်လိုက်ပါအုံး"

ကူးကူးက စကားမပြောဘဲ အရက်ခွက်ကို လှမ်းယူလိုက်ပြီး သောက်လိုက်သည်။

တုလတ်က မိမိခွက်ထဲသို့ အရက်ငဲ့လိုက်ပြီးနောက် ကူးကူး၏အရက်ခွက်ထဲသို့ ထပ်မံငဲ့ပေးလိုက်ပြန်သည်။

တုလတ်မှာမူ မိမိ အရက်ခွက်ထဲ၌ ငဲ့ထားသော အရက်များကို ကူးကူး အလစ်တွင် စားပွဲအောက် ထွေးခံထဲသို့ တိတ်တဆိတ် သွန်လောင်းလိုက်သည်။

သူသည် ကူးကူးအား အရက်တစ်ခွက်ပြီးတစ်ခွက် တိုက်သည်။

သူ၏အရက်ခွက်ထဲမှ အရက်များကို တစ်ခွက်ပြီးတစ်ခွက် သွေးခံထဲသို့ လောင်းသွန်သည်။

ဤသို့ဖြင့် အရက်တစ်ခရား ကုန်သွားသောအခါ ကူးကူးသည် လုံးဝခေါင်းမထောင်နိုင်တော့ဘဲ စားပွဲပေါ်မှောက်ကာ အိပ်ပျော်သွားလေသည်။

"ကူးကူး...ကူးကူး"

တုလတ်က သူမ၏လက်ကို လှုပ်ကာ ခေါ်လိုက်လေ၏။

သို့သော် ကူးကူးမှာ ခေါင်းမထူနိုင်ဘဲ အရက်အလွန်အကျွံ မူးနေသည်။

တုလတ်သည် သူ၏အကြံ အောင်သွားသဖြင့် အားရပါးရ

ဘူးလား၊ ဒါကြောင့် ကျုပ်က စားသောက်စရာတွေပါ ယူလာခဲ့တယ်ဗျ"

တုလတ်က စေတနာ ရက်ရောသူတစ်ဦး၏ လေသံဖြင့် ပြောဆိုလိုက်၏။

ကူးကူးက ပြုံး၍...

"ရှင်က ကျွန်မကို ထမင်းကျွေးမယ်ဆိုပါတော့"

တုလတ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကြုံတောင့်ကြုံခဲ့ အခုလို ကူးကူးနဲ့အတူ ထွက်လာရတာ၊ ကျုပ်အဖို့ ကျေးဇူးတင်လွန်းလို့ ထမင်းကျွေးပါရစေ"

ကူးကူးက သူ့အား အကဲခတ် ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ရှင့်စေတနာကိုတော့ ငြင်းပယ်လို့ မကောင်းပါဘူးလေ"

◆ ◆ ◆

လယ်သမားသည် ထမင်းဟင်းလျာများကို အသင့်ပြင်ထားလိုက်လေသည်။

ထို့နောက်...

အိမ်တံခါးပိတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

အိမ်ခန်းထဲ၌ တုလတ်နှင့် ကူးကူးတို့ နှစ်ယောက်ထဲသာ ကျန်တော့သည်။

ရယ်မောလိုက်သည်။

နှုတ်မှလည်း ကျေနပ်စွာ ရေရွတ်ပြောဆိုနေ၏။

"ကဲ ကူးကူး၊ မင်း ဘာတတ်နိုင်သလဲ၊ ဒုစ်နေ့ မင်း ငှဲ့လက်ထဲ ရောက်ရမယ် မဟုတ်လား၊ မင်း သ့ဉ်အချိန်ကစပြီး ငှဲ့ကူဖြစ်တော့မယ်၊ မင်းအဖေက ငှဲ့ကို သူ့သမီးကို ယူပါလို့ လာတောင်းပန်တာကို ငါမြင်ယောင်သေးတယ်ကွ"

သူသည် ပြောရင်းပြောရင်း သဘောကျလာသဖြင့် တဟားဟား ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

♦ ♦ ♦

ကူးကူးသည် ခုတင်ပေါ်၌ မလှုပ်မယှက် လဲလျောင်းနေသည်။

တုလတ်သည် သူမ အနီးသို့ ချဉ်းကပ်သွားသည်။

သူသည် ကူးကူး၏မျက်နှာအား အနီးကပ် စိုက်ကြည့်လိုက်ယင်း...

"ဩော် ကူးကူး...ကူးကူး၊ အခုအချိန်က စပြီး မင်းဟာ အပို့ မဟုတ်ဘော့ဘူးကွ"

သူ၏စကားမဆုံးမီ သတိမေ့နေသော ကူးကူးက ဆတ်ခနဲထလိုက်ပြီး လက်ဝါးဖြင့် တုလတ်၏ပါးကို တအားလွှဲကာ ရိုက်ချပစ်လိုက်တော့သည်။

တုလတ်မှာ လုံးဝမထင်မှတ်ဘဲ အရိုက်ခံလိုက်ရသဖြင့် မရှောင်သာ မတိမ်းသာ ဖြစ်သွား၏။

"ဖြန်း"

တုလတ်၏ပါးတစ်ဘက်သည် ရဲခနဲ ဖြစ်ကာ စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။

"ရှင်...ရှင် လူယုတ်မာ"

တုလတ်မှာ ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွား၏။

ယင်းဖိန်က မြောက်ပေးလိုက်သောကြောင့်သာ ဤသို့ ကြီစည်ခဲ့မိခြင်း ဖြစ်သည်။ အကြံမအောင်မြင်သည့်အခါ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားလေသည်။

"ကဲ ရှင်ဖယ်ပါ၊ နောက်ကိုလဲ ရှင့်မျက်နှာ ကျွန်မ မမြင်ချင်ဘူး"

"ကူးကူး၊ မင်း မသွားရဘူး၊ မင်းကို ငါချစ်တယ်"

ပြောပြောဆိုဆို တုလတ်သည် ကူးကူး၏ခန္ဓာကိုယ်ကို ပွေ့ဖက်ရန် ကြိုးစားလိုက်၏။

ဤသည်မှာ မင်းသားလေးတုလတ်၏ အမှားပင် ဖြစ်ပေတော့၏။

ကူးကူးသည် သာမန်မိန်းကလေးတစ်ယောက် မဟုတ်ချေ။ သိုင်းပညာကို အဆင့်မြင့်မြင့် တတ်မြောက်ထားသူ ဖြစ်သည်။

ထို့ကြောင့်...

မင်းသားလေးတုလတ်က ပွေ့ဖက်ရန် ကြိုးစားလိုက်ချိန်

တွင် ကူးကူးက အလိုက်သင့်မျောပါကာ မင်းသားလေးတုလတ်၏ ရင်ဝသို့ တံတောင်ဆစ်ဖြင့် ဆောင့်တွန်းထုတ်လိုက်၏။

"အင့်"

ကူးကူး၏တံတောင်ဆစ်က မင်းသားလေးတုလတ်၏ အရှိုက်ကို ပြင်းထန်စွာ ထိသွား၏။

ထို့ကြောင့် မင်းသားလေးတုလတ်မှာ 'အင့်'ဟု တစ်ချက်သာ ညည်းညူနိုင်ပြီး ခွေကျသွားတော့၏။

ကူးကူးက မဲ့ပြုံးတစ်ချက်ပြုံးကာ...

"ရှင့်ကို နယ်စားကြီးရဲ့တူမို့ သည်တစ်ခါ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ်ဆိုရင် ရှင်သေပြီသာမှတ်"

ယင်းသို့ ပြောဆိုကြိမ်းမောင်းပြီးနောက် ကူးကူးသည် လယ်သမားကြီး၏ တဲအတွင်းမှ ထွက်ခွာသွားတော့သည်။

မင်းသားလေးတုလတ်မှာ ရင်ဝကို လက်ဖြင့် ဖိကာ မျက်နှာရုံ့မဲ့လျက် ကျန်ရစ်ခဲ့သည်။

ဒုတိယပိုင်း၏။

တတိယပိုင်းဇာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်

သီဟာအောင်

အမိန့်တံဆိပ်သိုင်းပုံရိပ်

(တတိယဗိုင်း-ဇာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၄၁၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၆၉၀၈၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဝိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

☆ ဘစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ ဘစ်မျိုးသားလုံး ကျန်းမာကြံခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ရှေးရေစက်

မင်္ဂလာပွဲ...။

မင်္ဂလာပွဲဟူသည်စည်ကားသိုက်မြိုက်ကာရယ်မောပြောဆိုသံများ လွှမ်းမိုးနေရမည် ဖြစ်ပေသည်။

သို့သော်...

ယခုကျင်းပနေသော မင်္ဂလာပွဲကား တိတ်ဆိတ်ခြောက်ကပ်ပြီး ဧည့်သည်လုံးဝမရှိသော မင်္ဂလာပွဲဖြစ်လေသည်။

သတို့သမီး၊ သတို့သားနှင့် အသိအမှတ်ပြုပေးမည့် လူကြီးဘစ်ယောက်ရှိနေခြင်းကြောင့်သာလျှင် မင်္ဂလာပွဲဟုဆိုနိုင်ခြင်းဖြစ်လေသည်။

သို့တိုင်...

သတို့သားက ရုပ်ချောသလောက် သတို့သမီးက ရုပ်ဆိုးလှပေတော့သည်။

သတို့သားကား ဖုံးရှောင်ဖြစ်သည်။

သတို့သမီးမှာ 'ဆေးရွက်' ဖြစ်လေသည်။

အမှန်တော့ ဆေးရွက်သည် ချောမောလှပသော မိန်းကလေးတစ်ဦးဖြစ်ပေသည်။

ဖုံးရှောင်က ဆေးရွက်ကို သဘောကျမိသည်။

ဖခင်ကြီး သဘောတူထားသောသူအား မေ့ပစ်လိုက်ကာ ဆေးရွက်နှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ဖခင်ကြီး သဘောတူခဲ့သော သူဌေးကြီးလွေနှင့် သမီးဖြစ်သူ လွေကျင်းတို့မှာ မန်ချူးများနှင့်ပေါင်းသင်းဆက်ဆံနေသူများဖြစ်ကြပြီး ဆင်းရဲနွမ်းပါးသွားပြီဖြစ်သော သူ့အား သဘောမကျတော့သည့်အပြင် မန်ချူးများလက်သို့ အပ်နှံရန်ကြံစည်ခဲ့သည်ဟု ဖုံးရှောင် မကျေမနပ်ဖြစ်ကာ လက်ထပ်ဖို့ကိစ္စကို လုံးဝမေ့ပစ်လိုက်ခြင်းဖြစ်လေသည်။

သူဌေးကြီးလွေနှင့် သမီးလွေကျင်းတို့သည် မန်ချူးများအား ကြောက်ရွံ့ကာ မလွန်ဆန်ဝံ့ကြသည့်အပြင် ဖုံးရှောင်မှာ ရာဇဝတ်သားဖြစ်နေပြီဟု သဘောထားပြီး လက်ထပ်ပွဲကိစ္စကို ဇွတ်မေ့ထားလိုက်ကြပြီဖြစ်လေသည်။

မိဘများ သဘောတူစီစဉ်ခဲ့သော မင်္ဂလာပွဲပြီးပြတ်သွားပြီဖြစ်၍ ဖုံးရှောင်က ဆေးရွက်နှင့် လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတော့သည်။

အဘိုးအိုသည် ဆေးရွက်နှင့်ဖုံးရှောင်တို့အား လက်ထပ်ပေး

သိုက်လေသည်။

ပြီးလျှင်...

"မင်းတို့အတွက် မင်္ဂလာလက်ဖွဲ့အဖြစ်ပေးဖို့ကတော့ သည်ကြေးပြားလေးတစ်ခြမ်းပဲရှိတယ်"

ကြေးပြားလေးတစ်ခြမ်းကိုထုတ်ကာ ပြောလေသည်။

ဖုံးရှောင် အံ့သြသွားလေသည်။

"ဒါ...ဒါ.."

အဘိုးအိုက ရယ်မောလိုက်သည်။

"သည်ကြေးပြားလေးကို မင်းသိနေတယ် မဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်ခင်ဗျာ"

"ကောင်းပြီ..သည်ကြေးပြားကို ဘယ်ကရလာသလဲဆိုတာ ပြောပါ"

ဖုံးရှောင်သည် အမှန်အတိုင်း ရှင်းပြလိုက်လေသည်။

"ကျွန်တော် အချုပ်ခန်းထဲမှာ တိမ်ယံကျားဆိုတဲ့လူတစ်ယောက်နဲ့ တွေ့ခဲ့ရပါတယ်၊ သူ့ဆီက ရခဲ့တာပါ"

အဘိုးအိုသည် ဖုံးရှောင်၏စကားကို ဂရုစိုက်နားထောင်နေပြီး သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များသည်း ဖြစ်ပေါ်လာလေသည်။

"သူက တိုင်းပြည်အကျိုး သည်ပိုးဆောင်ရွက်ရင်း အသက်ပေးခဲ့ရှာပြီကိုး၊ ငါတို့ကတော့ တမျော်မျော်နဲ့ သူ့ကိုစောင့်နေခဲ့ကြတာ"

ဖုံးရှောင်က...

"သူ ကွယ်လွန်သွားပါပြီခင်ဗျာ"

ဟု ထပ်ပြောလိုက်သည်။

အဘိုးအိုက....

"အေး....မင်းတို့မင်္ဂလာကိစ္စပြီးတာနဲ့ ငါတို့လည်း ရှောင်လင်ကျောင်းကို လိုက်သွားကြတာပေါ့"

အရှုပ်တော်ပုံတစ်ခုထဲ၌ ပါဝင်ပတ်သက်မိပြီဖြစ်ကြောင်း နားလည်ထားသည့် ဖုံးရှောင် ဘာမှမပြောတော့ပါ။

ဖခင်ကြီး စီစဉ်ခဲ့သည့် မင်္ဂလာကိစ္စ ပျက်ပြားသွားပြီး ဆေးရွက်နှင့် လက်ထပ်ပြီးပြီဖြစ်ပါသည်။

ထို့ကြောင့် ဆေးရွက်၊ အဘိုးအို‌တို့နှင့် ဆက်လက် လက်တွဲဆောင်ရွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

♦ ♦ ♦

ကျင်းစန်း...။

ကျင်းစန်းကား အဖမ်းခံလိုက်ရပြီဖြစ်သည်။

ကျင်းစန်းအား ဖမ်းမိလိုက်ခြင်းကြောင့် မြို့စားကြီး ဝမ်းသာအားရ ဖြစ်နေပါသည်။

ကျင်းစန်းထံမှ အမိန့်တံဆိပ်တော် ရအောင် ကြိုးစားဖို့ ယင်းဖိန်ကို တာဝန်ပေးလိုက်လေသည်။

ယင်းဖိန်လည်း ကျင်းစန်းထံသို့ ရောက်လာသည်။

"ကျင်းစန်း..အမိန့်တံဆိပ်တော် ဘယ်မှာလဲ၊ အမှန်အတိုင်း သုတ်ဖော်ပြောရင်ကောင်းမယ်"

ကျင်းစန်းက ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

ယင်းဖိန်က...

"မပြောဘဲနေရင်တော့ မင်းသေသွားလိမ့်မယ်နော်"

ရုတ်တရက် ကျင်းစန်း ငိုချလိုက်လေသည်။

"တောက်"

ယင်းဖိန် ဒေါသထွက်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

"ဝုန်း"

ကျင်းစန်း ကြမ်းပြင်ပေါ် လိမ့်သွားလေသည်။

ယင်းဖိန်က...

"ပြောစမ်း အမိန့်တံဆိပ်တော် ဘယ်မှာလဲ"

ကျင်းစန်းက မျက်လုံးပြူးကာ ကြည့်ရင်း...

"ခင်ဗျားလိုချင်ရင် ဈေးထဲမှာ သွားဝယ်ပါလား"

"ဘာကွ"

"ခင်ဗျားက တံဆိပ်ကို ဘာကြောင့်လိုချင်တာလဲ၊ ရူးနေလို့ လားဗျ"

"မင်း"

'ဟား...ဟား....ဟား...ခင်ဗျားက ရူးနေတာကိုး"

"တောက်....ငါ့ကိုများ ရူးတယ်လို့ ပြောသေးတယ်၊ သေစမ်း၊ ကဲကွာ..ကဲကွာ"

ယင်းဖိန်က ထိုးကြိတ်ကန်ကျောက်လိုက်လေသည်။

"ဖုန်း"

"ခွပ်"

"အား"

ကျင်းစန်း၏မျက်နှာတစ်ခုလုံး အညိုအမည်းစွဲကာ ဖူးယောင်သွားတော့သည်။

နှုတ်ခမ်းများပေါက်ပြကာ နှာခေါင်းရိုးကျိုးကာ သွေးချင်းချင်းနီရဲသွားလေသည်။

ကျင်းစန်းသည် ယင်းဖိန် နှိပ်စက်သမျှ ခံနေရပြီး နောက်ဆုံးသတိလစ် မေ့မြောသွားတော့သည်။

တစ်ကြိမ်။

နှစ်ကြိမ်။

သုံးကြိမ်။

ယင်းဖိန်က ကျင်းစန်းအား အမျိုးမျိုးနှိပ်စက်ညှင်းပမ်းကာ အမိန့်တံဆိပ်တော်အကြောင်း မေးမြန်းခဲ့လေသည်။

ကျင်းစန်းက ပေါက်ကရ ပြန်ပြော၏။

ငိုလိုက်၊ ရယ်လိုက်ဖြစ်နေသည်။

ယင်းဖိန်သည် ကျင်းစန်းကို...

"သည်လူ ရူးသွပ်သွားပြီ"

ဟုသုံးသပ်ကာ နောက်ဆုံးလက်လျှော့လိုက်လေတော့သည်။

♦ ♦ ♦

"ဘာပြောတယ်၊ သူရူးသွားပြီ ဟုတ်လား"

မြို့စားကြီး မယုံနိုင်အောင် ဖြစ်နေသည်။

ယင်းဖိန်က...

"ဟုတ်ပါတယ် မြို့စားကြီး၊ ကျွန်တော် အမျိုးမျိုး စမ်းသပ်ပြီးပါပြီ"

မြို့စားကြီးက...

"သူက ဟန်ဆောင်နေတာဆိုရင်ကော"

"ဒါတော့ မဖြစ်နိုင်ဘူးထင်ပါတယ်"

"သူ့ကို သမားတော်တစ်ယောက်ယောက်နဲ့ စမ်းသပ်စစ်ဆေးကြည့်ခိုင်းရင် ကောင်းမယ်ထင်တယ်"

"ဒါတော့ ဟုတ်ပါတယ်၊ သမားတော်နဲ့ စမ်းသပ်စစ်ဆေးလိုက်ရင် ပိုသေချာနိုင်ပါတယ်"

"ကောင်းပြီ၊ သမားတော်ကြီးကို ဖိတ်ခေါ်လိုက်ပါ"

"ဟုတ်ကဲ့"

ယင်းဖိန်က မြို့စားကြီးအမိန့်ဖြင့် သမားတော်ကြီးအား ပင့်ဖိတ်ကာ ကျင်းစန်းအား စမ်းသပ်စစ်ဆေးလေသည်။

နောက်ဆုံး...

"သူ တကယ်ရူးသွားတာ သေချာပါတယ်"

ဟုဆုံးဖြတ်ချက် ပေးလိုက်လေတော့သည်။

♦ ♦ ♦

ကျင်းစန်း ရူးသွပ်သွားပြီဆိုသည်ကို မြို့စားကြီး လက်မခံနိုင်အောင် ဖြစ်နေပါသည်။ ထို့ကြောင့်...

"သူ့ကို ပြန်မလွှတ်နဲ့၊ အချုပ်ခန်းထဲမှာထည့်ပြီး ချုပ်နှောင်ထားလိုက်"

ကျင်းစန်းအား ဆက်လက်ချုပ်နှောင်ထားရန် အမိန့်ထုတ်လိုက်လေသည်။

ကျင်းစန်းမှာ ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရလေတော့သည်။ အမှန်တော့...

မြို့စားကြီး သံသယရှိနေသည့်အတိုင်း ကျင်းစန်း အမှန်တကယ် ရူးသွပ်သွားခြင်းမဟုတ်ဘဲ ဟန်ဆောင်နေခဲ့ခြင်းသာ ဖြစ်လေသည်။

ရူးချင်ဟန်ဆောင်နေလိုက်သဖြင့် နှိပ်စက်ခံရသည့်ဘေးမှလွတ်ကင်းသွားလေသည်။

အချုပ်ခန်းထဲ၌ ရယ်လိုက် ငိုလိုက် ပြောချင်ရာပြောလိုက်ဖြင့် အခွင့်ကောင်း စောင့်နေလိုက်လေသည်။

သို့ဖြင့် ဆယ့်လေးငါးရက် ခန့်ကြာသွားသောအခါ အချုပ်သားတစ်ယောက် ချုပ်ရက်စေ့သဖြင့် လွတ်မြောက်တော့မည့် အခြေအနေနှင့်ကြုံတွေ့လိုက်ရလေသည်။

ကျင်းစန်းက ထိုအချုပ်သားနှင့် လူချင်းလဲကာ လွတ်မြောက်နိုင်ရန် အကြံထုတ်လိုက်လေတော့သည်။

♦ ♦ ♦

မာလုံးသည် ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် ဖမ်းဆီးချုပ်နှောင်ခံရသူဖြစ်လေသည်။

သူ၏ဇနီးသည်က မြို့စားကြီးအတွက် လက်ဆောင်ပဏ္ဏာပေးကာ တောင်းပန်တိုးလျှိုးသဖြင့် မြို့စားကြီးက မာလုံးအား လွှတ်ပေးရန် အမိန့်ထုတ်လိုက်လေသည်။

မာလုံးအား သူ၏ဇနီးသည်က လာရောက်ခေါ်ဆောင်သွားလေသည်။

ဇနီးမောင်နှံနှစ်ယောက် မြင်းလှည်းတစ်စီးဖြင့် အိမ်ပြန်လာခဲ့ကြရာ လမ်းတွင် မာလုံးက မြင်းလှည်းတံခါးတွန်းဖွင့်ကာ အောက်သို့ ခုန်ဆင်းသွားလေသည်။

ဇနီးသည်က...

"မာလုံး...ရှင် ဘယ်သွားမလို့လဲ"

မာလုံးက ဘာမှမပြောဘဲ တဟုန်ထိုးပြေးသွားပြီး တခဏအတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ထိုလူကား မာလုံးအဖြစ် ဟန်ဆောင်ထားသော ကျင်းစန်းဖြစ်လေသည်။

ကျင်းစန်းက မာလုံးအား သွေးကြောပိတ်ကာ အဝတ်အစားများ ချွတ်ယူပြီးလဲလှယ်ဝတ်ဆင်ကာ မာလုံးအသွင်ဆောင်ပြီး ထွက်လာခဲ့ခြင်းဖြစ်လေသည်။

မာလုံး၏ဇနီးသည်က တန်ဖိုးလက်ဆောင်ပေးထားသဖြင့် အစောင့်အကြပ်များက တင်းတင်းကြပ်ကြပ် မစစ်ဆေးတော့ဘဲ

လွှတ်ပေးလိုက်ကြခြင်း ဖြစ်သည်။

ကျင်းစန်း ရူးသွားပြီဟုလည်း သတင်းကြီးနေခြင်းကြောင့် အားလုံး ပေါ့ပေါ့တန်တန် ဖြစ်နေကြခြင်းပင်။

သို့တိုင်...

များမကြာမီ ကျင်းစန်း လွတ်မြောက်သွားကြောင်း မြို့စားကြီး သိရှိသွားလေတော့သည်။

♦ ♦ ♦

အကြံသမား

ပိုးဖလံဂေဟာ...။

မာဝမ်းသည် ဟုန်ချိုင်းထွက်ပြေးသွားသဖြင့် အခက်ကြုံနေရလေတော့သည်။

ယင်းဖိန် ဒေါသထွက်နေသည်။

"ဟုန်ချိုင်းကို ခင်ဗျားရှာလို့ မတွေ့သေးဘူးလား"

မာဝမ်းက...

"ကျုပ်လည်း ကြိုးစားနေပါတယ်၊ မကြာခင် သူ့ကိုတွေ့ရမှာ သေချာပါတယ်"

"မကြာခင်ဆိုတော့ ကျုပ်က ဘယ်လောက်စောင့်ရမှာလဲ သည်နေ့လား၊ မနက်ဖြန်လား"

"ဒါက..."

မာဝမ်း မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

ယင်းဖိန်က လက်သုံးချောင်း ထောင်လိုက်သည်။

"ခင်ဗျားကို သုံးရက်အချိန်ပေးမယ်၊ သုံးရက်အတွင်း ဟုန်ချိုင်းကို ရှာလို့မတွေ့ဘူးဆိုရင်တော့ ခင်ဗျားရဲ့ဂေဟာကိုပိတ်ပြီး ဘာခြားနေရာကို ပြောင်းရွှေ့သွားပေတော့"

မာဝမ်း ခေါင်းငုံ့ထားလိုက်လေသည်။

ယင်းဖိန်လည်း မာဝမ်းကို အမှုမထားဘဲ ခြေသံပြင်းပြင်းနင်းကာ ထွက်သွားလေတော့သည်။

မာဝမ်း ဆတ်ခနဲ ခေါင်းထောင်လာသည်။

"ဟုန်ချိုင်း...ညည်းတော်တော် ဒုက္ခပေးတာပဲ"

မကျေမနပ် ညည်းတွားလိုက်လေသည်။

ထိုစဉ်...

"ခင်ဗျား ဒုက္ခမရောက်အောင် ကျုပ်ကူညီမယ်ဆိုရင်ကော"

စကားသံနှင့်အတူ ပြတင်းပေါက်မှတဆင့် လူတစ်ယောက် ခုန်ဝင်လာလေသည်။

ထိုလူမှာ ကျီယုံဖြစ်သည်။

ကျီယုံသည် ပိုးဖလံဂေဟာသို့ ရောက်လာတတ်သူဖြစ်၍ မာဝမ်းက ကောင်းစွာသိနေပါသည်။

"ရှင်ကိုး...ရှင်က ကျွန်မကို ကူညီမယ် ဟုတ်လား"

ကျိယုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ကိုလည်း ခင်ဗျားပြန်ပြီး ကူညီရလိမ့်မယ်၊ ဘယ့်နှယ်လဲ"

မာဝမ်းက...

"ကျွန်မက ဘာလိုပြန်ပြီး ကူညီရမလဲ ပြောပါဦး"

ကျိယုံက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ပြီးမှ အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"ကျုပ်က ဟုန်ချိုင်းကိုတွေ့အောင် ရှာပေးမယ်ဆိုရင် ယင်းဖိန်နဲ့ကျုပ် ရင်ဆိုင်တဲ့အခါ ခင်ဗျားကူညီရမယ်"

"ဟင်"

မာဝမ်း ရင်ထိတ်သွားလေသည်။

"ရှင်...ရှင်က ဟုန်ချိုင်းအကြောင်း သိနေတယ် ဟုတ်လား"

ကျိယုံ ပြုံးလိုက်သည်။

"ကျုပ်က ယင်းဖိန်ကို စိတ်ဝင်စားတယ်လေ၊ ဒါကြောင့် ဟုန်ချိုင်းအကြောင်း သိနေတာ မဆန်းတော့ပါဘူး"

မာဝမ်းက...

"ရှင်တို့နှစ်ယောက်စလုံး မြို့စားကြီးဆီမှာ အတူတကွ တာဝန်ထမ်းဆောင်နေကြတာပဲ မဟုတ်လား၊ ဘာကြောင့် ယင်းဖိန်ကို ဒုက္ခပေးချင်ရတာလဲ"

ကျိယုံ၏မျက်နှာ ခက်ထန်သွားလေသည်။

"ကျုပ်တို့ဟာ မိုးချစ်သိုင်းသမားတွေကို ချေမှုန်းဖို့ တာဝန်

ယူထားတဲ့ မန်ချူးအကြီးအကဲရဲ့လက်အောက်မှာ တာဝန်ထမ်းဆောင်နေကြတာပါ၊ အကြီးအကဲက မြို့စားကြီးခိုင်းတာလုပ်ပေးဖို့ ကျုပ်တို့ကိုလွှတ်လိုက်တာ၊ ဘုရင့်အမိန့်တံဆိပ်တော်ကိစ္စနဲ့ ကျုပ်က နောင်လင်ကျောင်းကိုသွားခဲ့ရတယ်"

ရှောင်လင်ကျောင်း၌ အခက်ကြုံခဲ့ရပုံများကို ပြောပြသိုက်လေသည်။

မာဝမ်းက...

"ရှင်ဟာ မျက်နှာမရတဲ့အပြင် ခြေထောက်ရဆိုတဲ့ကိန်းဆိုက်ခဲ့တာပေါ့ ဟုတ်လား"

ကျိယုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မြို့စားကြီးက ကျုပ်ကို လက်မခံတော့ဘူး"

တာဝန်မကျေသည့်အပြင် မြို့စားကြီးက လက်မခံတော့သဖြင့် ကျိယုံအတွက် ရင်လေးစရာကောင်းလှပေသည်။

ကျိယုံအား မလိုလားအပ်သူဟု သဘောထားကာ သုတ်သင်ရှင်းလင်းပစ်လိမ့်မည် ဖြစ်လေသည်။

ကျိယုံက...

"မြို့စားကြီးက ကျုပ်ကိုတွေ့အောင် ရှာနိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ယင်းဖိန်ကတော့ ရှာနိုင်လိမ့်မယ်"

"ဩော်...ဒါကြောင့် ရှင်က ယင်းဖိန်ကို ဖယ်ရှားပစ်ချင်နေတာကိုး"

"သူနဲ့ကျုပ် တစ်ယောက်ယောက် မရှိမဖြစ်တော့မယ့် အ

ခြေအနေ ရောက်နေပြီလေ"

မာဝမ်းက...

"ကျွန်မ ဘယ်လိုကူညီရမလဲ ပြောပါ"

ကျိယုံက....

"ဟုန်ချိုင်းကို ကျုပ်ခေါ်လာခဲ့မယ်၊ ခင်ဗျားက ယင်းဖိန်နဲ့ ဆက်သွယ်ပြီး တွေ့ပေးလိုက်ပါ"

"ဒါပဲလား"

"နောက်ပိုင်းကိစ္စ ကျုပ်ဘာသာဆက်ပြီး တာဝန်ယူပါ့မယ်"

မာဝမ်း သက်ပြင်းချလိုက်သည်။

"ယင်းဖိန်က ကျွန်မရဲ့ဂေဟာမှာ တစ်ခုခုဖြစ်သွားတယ်ဆိုရင် မြို့စားကြီးက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးဆိုတာကောရှင် တွေးမိရဲ့လား"

ကျိယုံ မျက်မှောင်ကုပ်သွားလေသည်။

အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ၊ ခင်ဗျား မထိခိုက်ရအောင် ကျုပ်စီစဉ်လိုက်ပါ့မယ်"

ဟုပြောလိုက်လေသည်။

◆ ◆ ◆

မြို့ပြင်တစ်နေရာရှိ ဘုံကျောင်းပျက်လေးတစ်ခု ဖြစ်သည်။

ကျိယုံသည် ယင်းဖိန်ကို မျက်ခြည်ဖြတ်ပြီးနောက် ထိုဘုံကျောင်းပျက်လေး၌ ဝင်ရောက်ပုန်းအောင်းနေခဲ့လေသည်။

တစ်ည...။

ကျိယုံ အိပ်ပျော်နေရာမှ ထူးခြားသောအသံတစ်ခုကြောင့် သန့်နိုးလာလေသည်။

ကဗျာကယာ လူးလိမ့်ထကာ တိတ်တဆိတ်ချောင်းမြောင်းကြည့်လိုက်လျှင် မသဲမကွဲလရောင်ဖြင့် ဘုံကျောင်းပျက်ထဲ ဝင်လာသည့် ဟုန်ချိုင်းအား တွေ့လိုက်ရလေသည်။

ကျိယုံသည် ရှောင်လင်ကျောင်းမှနေ၍ မြို့စားကြီးထံသို့ ဘိတ်တဆိတ် ပြန်လာပြီး ဆက်သွယ်ခဲ့သည့်အချိန်များက အနားရသည့်နေ့ရက်များတွင် ပိုးဖလံဂေဟာသို့ရောက်ခဲ့လေသည်။

ထို့ကြောင့် ပိုးဖလံဂေဟာ၌ သတင်းကြီးနေသည့် ဟုန်ချိုင်းကိုတွေ့ဖူးမြင်ဖူးထားလေသည်။

"သူက ဘာလာလုပ်တာပါလိမ့်"

ထိုစဉ် ဟုန်ချိုင်းသည် ဘုံကျောင်းပျက်နံရံကိုမီကာ ထိုင်ချလိုက်သည်။

"ငါ့ကို ဘယ်သူမှ ရှာမတွေ့ပါစေနဲ့"

"မာဝမ်းနဲ့ယင်းဖိန်ရဲ့လက်ထဲက လွတ်အောင် ငါပြေးရခဲ့ပဲ"

သူမဏ်ညည်းတွားသံကြောင့် ကျိယုံ အံ့ဩသွားလေသည်။

တွေးတောစဉ်းစားရင်း အခြေအနေကို နားလည်သဘော ပေါက်လာလေသည်။

"လက်စသပ်တော့ မာဝမ်းက ယင်းဖိန်လက်ထဲထည့်ပေးဖို့ ကြံစည်နေတာနဲ့ သူထွက်ပြေးလာတာပဲဖြစ်မယ်"

ယင်းဖိန်သည် ဟုန်ချိုင်းအကြောင်းကို အမြဲချီးကျူးပြောဆို လေ့ရှိသည်ကိုလည်း သတိရလိုက်လေသည်။ ကျိယုံ၏မျက်လုံးများ ဝင်းလက်တောက်ပ သွားလေတော့သည်။

"ဟုတ်ဖြီ..ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ရမှာပဲ"

ဟုန်ချိုင်းကို ဓားစာခံလုပ်ကာ ယင်းဖိန်နှင့်ရင်ဆိုင်ရန် ဆုံး ဖြတ်လိုက်သည်။ ထို့နောက်....

"ဟူး"

အမှောင်ရိပ်ထဲမှ ခုန်ထွက်လိုက်လေသည်။

"အမယ်လေး"

ဟုန်ချိုင်းသည် အမှောင်ရိပ်ထဲမှ လူတစ်ယောက် ခုန်ထွက် လာသည်ကိုမြင်လျှင် ထိတ်လန့်သွားလေသည်။

ထိုင်ရာမှထတာ ထွက်ပြေးရန်ကြိုးစားလိုက်သည်။

သို့သော်...

"မင်း ဘယ်ပြေးမလဲ"

ကျိယုံက အနီးသို့ရောက်သွားပြီး သွေးကြောပိတ်လိုက်လျှင် ဟုန်ချိုင်း မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

◆ ◆ ◆

ကယ်တင်ရှင်

နွေးထွေးသော နံနက်ခင်းနေရောင်ခြည်အောက်တွင် ငှက်ကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းစိုပြည်နေသော တောမြိုင်းကလေးအတိုင်း လူသုံးယောက် လျှောက်လှမ်းလာနေကြလေသည်။

ထိုလူသုံးယောက်မှာ ဖုံးရှောင်၊ ဆေးရွက်နှင့် မြေအောင်းတို့ဆိုသည့် အဘိုးအိုတို့ဖြစ်လေသည်။

သူတို့သည် ဘုရင့်အမိန့်တံဆိပ်တော်၏ လျှို့ဝှက်ချက်ကို သိဘဲ ရှောင်လင်ကျောင်းသို့ ဦးတည်ခရီးထွက်လာခဲ့ကြခြင်းဖြစ် လေသည်။

ကျင်းစန်းသည် ရှောင်လင်ကျောင်းသို့ လာလိမ့်မည်ဟု အဘိုးအို က ယုံကြည်ထားလေသည်။

သုံးယောက်သား ခရီးနှင်လာရင်း ဖုံးရှောင်က တစ်စုံတစ်ခု ကိုတွေးတော စဉ်းစားမိလာပြီး မေးလိုက်လေသည်။

"နန်းတွင်းအထောက်တော်ကျင်းစန်းနဲ့တွေ့ဖို့ ဘာတို့ရှောင်လင်ကျောင်းက တာဝန်ပေးလိုက်တာ မဟုတ်ဘူးထင်တယ်"

အဘိုးအိုက...

"မဟုတ်ဘူး"

"ဒါဆို တစ်ခုခု မှားယွင်းသလိုဖြစ်နေပြီပေါ့"

ဖုံးရှောင် ညည်းတွားလိုက်သောစကားကြောင့် အဘိုးအို ရယ်မောလိုက်လေသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တကယ်တော့ ကျုပ်တို့ဟာ ရှောင်လင်ကျောင်းထိုင်နဲ့ ဘာမှမပတ်သက်ပါဘူး၊ အမိန့်တံဆိပ်တော်ကိုရရှိတောင် ရှောင်လင်ကျောင်းကိုသွားဖို့ မဟုတ်ပါဘူး"

ဖုံးရှောင်က သိလိုစိတ်ရှိနေသော်လည်း မမေးဘဲ နေလိုက်လေသည်။

အဘိုးအိုက...

"ကျုပ်တို့က အမိန့်တံဆိပ်တော်ကို ရှောင်လင်ကျောင်းကိုသွားမယ်လို့ သတင်းလွှင့်ထားပေမယ့် တကယ်တမ်းသွားမှာ မဟုတ်ပါဘူး၊ ဘုရင်မင်းမြတ်နဲ့ဆက်သွယ်ပြီး မျိုးချစ်သိုင်းသမားတွေ

စည်းရုံးသိမ်းသွင်းဖို့ တကယ်တမ်းတာဝန်ယူထားတဲ့လူဆီကို ယူသွားမှာပါ"

"အဲသည်လူက ဘယ်သူလဲဗျာ"

ဖုံးရှောင် လွတ်ခနဲ မေးလိုက်လေသည်။

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း မသိဘူး"

ဖုံးရှောင် သက်ပြင်းချလိုက်လေသည်။

အဘိုးအိုက...

"ကျုပ်က သိလျှက်နဲ့ မင်းကိုမပြောပြချင်လို့ မဟုတ်ပါဘူး ကျုပ် တကယ်မသိတာပါ၊ အဲသည်လူက သူယုံကြည်စိတ်ချတဲ့လူတစ်ယောက်နဲ့ ကျုပ်တို့ကို ဆက်သွယ်လာတယ်၊ အမိန့်တံဆိပ်တော်ကိစ္စ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချရတာမဟုတ်လို့ ကျုပ်တစ်ယောက်ထဲကိုပဲ တာဝန်မပေးဘဲ ကျုပ်နဲ့လက်တွဲဆောင်ရွက်ဖို့ နောက်တစ်ယောက်ကိုလည်း တာဝန်ပေးလိုက်တယ်၊ နှစ်ယောက်ဆိုတော့ တစ်ယောက်ကိုတစ်ယောက် စောင့်ကြည့်နိုင်တယ်၊ တစ်ယောက်သစ္စာဖောက်တာနဲ့ တစ်ယောက်သိမှာပဲ မဟုတ်လား"

ဖုံရှောင်က...

"အတော်ကို လျှို့ဝှက်တာကိုး"

အဘိုးအိုက...

"ဒါပေါ့ အမိန့်တံဆိပ်တော်ဟာ အင်မတန်အရေးကြီးပြီး အသက်ပေါင်းများစွာကို ကိုယ်စားပြုတယ်လေ၊ ရန်သူလက်ထဲ

ရုတ်တရက် လူတစ်စု ထွက်ပေါ်လာပြီး လမ်းပိတ်ထားလိုက်ကြလေသည်။

အဘိုးအို မျက်နှာပျက်သွားလေသည်။

"မြို့စားကြီးရဲ့လူတွေပဲ"

ဆေးရွက်က...

"ကျွန်မတို့ ရှောင်လင်ကျောင်းကို သွားမယ်ဆိုတာ သူတို့သိနေကြပြီ"

ဖုံးရှောင် အံကြိတ်လိုက်လေသည်။

"ဘာတို့သွားနှင့်ကြပါ၊ သူတို့ကို ကျွန်တော် ဟန့်တားထားလိုက်ပါ့မယ်"

စကားဆုံးလျှင် လမ်းပိတ်ထားသူများထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

ဖုံးရှောင်၏သိုင်းပညာ မဆိုးပါချေ။

ခြေလက်များ အသုံးပြုကာ တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

ဝိုင်းရံထားသူများ ဖရိုဖရဲဖြစ်သွားလေသည်။

ဖုံးရှောင်က....

"ညီမ...ပြေး...ပြေး"

ဆေးရွက်ကို အော်ပြောလိုက်လေသည်။

ဆေးရွက်နှင့် အဘိုးအိုတို့ကလည်း ရန်သူများအား ဖုံးရှောင်

ရောက်သွားရင် မျိုးချစ်သိုင်းသမားတွေ လှည့်စားခံကြရမယ်၊ အသက်ပေါင်းများစွာ သေကြပျက်စီးရလိမ့်မယ် မဟုတ်လား"

ဖုံးရှောင် ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါပြီ၊ အခု ရှောင်လင်ကျောင်းကိုသွားမယ်ဆိုတာက..."

"ကျင်းစန်းနဲ့သွားတွေ့ရမှာပဲ၊ ကျန်တဲ့ကျားတစ်ကောင်ကလည်း သေသွားခဲ့ပြီ မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော်တို့ အမြန်ဆုံးသွားကြတာပေါ့"

အဘိုးအို၏စကားကို ဖုံးရှောင် ထောက်ခံလိုက်လေသည်။

ထို့နောက် အရေးကြီးနေပြီမို့ ခရီးပြင်းနှင်ရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော်...

သူတို့ရှေ့ဆက်သွား၍ မရနိုင်တော့ပါ။

လူတစ်စုက လမ်းပိတ်ထားလိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

♦ ♦ ♦

ကဟန့်တားထားသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးရောင် တိမ်းသွားရန် ကြိုးစားလိုက်ကြလေသည်။

ထိုစဉ်...

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံများနှင့်အတူ အမျိုးသမီးတစ် ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုအမျိုးသမီးသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထား ပြီး ရုတ်စက်ကြမ်းကြုတ်မည့် အသွင်ရှိသူ ဖြစ်လေသည်။

အဘိုးအိုမှာ ထိုအမျိုးသမီးကိုမြင်လျှင် မျက်မှောင်ကုပ်သွား လေသည်။

"အဆိပ်မယ်ပါလား"

မျိုးချစ်သိုင်းသမားများအား သုတ်သင်ရှင်းလင်းရန် တာ ဝန်ယူထားရသည့် မန်ချူးအကြီးအကဲ လက်အောက်ခံ လက်ရွေးစင် လူသတ်သမား ဆယ်ယောက်ရှိလေသည်။

ထိုလူသတ်သမားများတွင် ယင်းဖိန်နှင့်ကျိယုံတို့ ပါဝင်ကြ သလို အဆိပ်မယ် ညီအစ်မနှစ်ယောက်လည်း ပါဝင်ကြပေသည်။

အလွန်ကြောက်စရာကောင်းသော လူသတ်သမားများ ဖြစ် ကြပေတော့သည်။

အဆိပ်မယ်သည် ရောက်လာသည်နှင့် လက်နှစ်ဘက်ဝှေ့ ယမ်းလိုက်ရာ...

"ဝုန်း"

ပေါက်ကွဲသံနှင့်အတူ ပန်းရောင်အခိုးအငွေ့များ ထွက်ပေါ် လာကာ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားတော့သည်။

"မြန်မြန်ပြေး"

ဖုံးရှောင် ထိတ်လန့်ကာ အော်ပြောလိုက်သည်။

အဆိပ်မယ်က အဆိပ်ငွေ့ဖြင့် တိုက်ခိုက်လာသဖြင့် အလွန် အန္တရာယ်များကြောင်း နားလည်ထားပြီး ရှောင်ထွက်သွားရန်ကြိုး စားလိုက်လေသည်။

မြေပေါ်ခြေဆောင့်ကာ မြားတစ်စင်းပမာ ခုန်ထွက်သွား ခြင်းဖြစ်လေသည်။

သို့တိုင်...

အဆိပ်ငွေ့များက ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားပြီဖြစ်ရာ ဖုံးရှောင်လည်း လွတ်အောင် ရှောင်ထွက်မသွားနိုင်ပါတော့ချေ။

အသက်အောင့်ထားသည့်ကြားမှ အဆိပ်ငွေ့အချို့ကို ရှူ ရှိုက်မိလိုက်ရာ ဦးခေါင်းထဲ မူးနောက်ရီဝေလာလေတော့သည်။

"ငါ အဆိပ်မိသွားပြီ ထင်တယ်"

ဖုံးရှောင် ထိတ်လန့်သွားလေသည်။

လေထဲ ကျမ်းပစ်ကာ ဆက်လက်ခုန်ထွက်သွားရာမှ တစ် ကိုယ်လုံး ထုံထိုင်းသွားပြီး...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် ကျသွားလေတော့သည်။

♦ ♦ ♦

အချိန်မည်မျှ ကြာသွားမှန်းမသိ။

“အား...ကျွတ်...ကျွတ်”

ဖုံးရှောင် ညည်းတွားရင်း သတိရလာလေသည်။

အဆိပ်မယ်ကြောင့် အဆိပ်မိကာ ဒုက္ခရောက်ခဲ့ရပြီဟု နား လည်လိုက်သည်။

သို့သော်...

“ငါက အဆိပ်မိခဲ့တာပဲ၊ ဘာကြောင့် ခုထိအသက်ရှင်နေရ သေးတာလဲ”

အထိတ်တလန့် ရေရွတ်လိုက်လေသည်။

“ကျွန်မက ရှင့်ကို ကယ်ခဲ့လို့ပေါ့ရှင်”

ရှိုက်လွင်သောစကားသံလေး ထွက်ပေါ်လာလေသည်။

ဖုံးရှောင် ကပျာကယာ လူးလှိမ့်ထကာ ကြည့်လိုက်လျှင် မလှမ်းမကမ်း၌ မိန်းမချောလေးတစ်ယောက် ရှိနေသည်ကို တွေ့ လိုက်ရလေသည်။

“ဟင်...မင်း...မင်း”

ဖုံးရှောင် အံ့သြသွားလေသည်။

ထိုမိန်းမချောလေးကား မြို့စားကြီး၏သမီး ကူးကူးဖြစ် သည်။

ကူးကူးက...

“ကျွန်မရောက်လာလို့ ရှင့်ကံကောင်းသွားတာပေါ့ရှင်”

“လက်စသတ်တော့ မင်းက ကျွပ်ကို ကယ်တင်ခဲ့တာကိုး”

“အဆိပ်မယ်တွေက သိပ်ပြီးကြောက်စရာကောင်းတယ် ရှင့်”

“ဟုတ်တယ်”

ဖုံးရှောင် ဟိုဟိုသည်သည် ကြည့်လိုက်သည်။

အဘိုးအိုနှင့်ဆေးရွက်ကို မတွေ့ရသဖြင့် ရင်ထိတ်သွားလေ သည်။

“ဆေးရွက်ကော”

“ဆေးရွက် ဟုတ်လား”

“ဟုတ်တယ်၊ ကျွပ်နဲ့အတူလာခဲ့တဲ့ အဘိုးအိုတစ်ယောက် နဲ့မိန်းကလေးတစ်ယောက်ကို မတွေ့ဘူးလား”

ကူးကူးက...

“သူတို့ ထွက်ပြေးသွားကြတယ်လေ”

“ထွက်ပြေးသွားကြတယ် ဟုတ်လား”

“ဟုတ်တယ်”

“ဟူး...တော်ပါသေးရဲ့”

ဖုံးရှောင် စိတ်သက်သာရာရသွားလေသည်။

ကူးကူးက...

“မတော်နဲ့ဦး၊ အဆိပ်မယ်က သူတို့နောက်ကိုလိုက်သွား ဘယ်ရှင့်”

ဖုံးရှောင်က...

“ဒါဆို မဖြစ်သေးဘူး၊ ကျွပ်လိုက်သွားမှပဲ”

ကူးကူး နှာခေါင်းရှုံ့လိုက်သည်။

"ရှင်လိုက်သွားလို့ကော ဘာအကြောင်းထူးမှာလဲ၊ ခုချိန်ဆို သူတို့နှစ်ယောက် အဆိပ်မယ်လက်ချက်နဲ့ သေသွားလောက်ပြီရှင့်"

"ဟာ"

ဖုံးရှောင် ပိုပြီးစိုးရိမ်သွားလေတော့သည်။

"သူတို့သာ တစ်ခုခုဖြစ်သွားမယ်ဆိုရင်တော့ အဆိပ်မယ်ကို ကျုပ်ဘယ်တော့မှ မကျေဘူး"

အံကြိတ်ကာ ကြိုးဝါးလိုက်လေသည်။

ကူးကူး မျက်မှောင်ကုပ်သွား၏။

"သူတို့နှစ်ယောက်က ရှင်နဲ့ဘယ်လို သက်ဆိုင်နေလို့လဲ ပြောစမ်းပါဦး"

ဖုံးရှောင် မပြောဘဲ နေလိုက်လေသည်။

ကူးကူးက...

"ရှင် မပြောဘူးလား"

ဖုံးရှောင် ပြန်မေးလိုက်လေသည်။

"နေပါဦး၊ မင်းက ဘာကြောင့်သိချင်ရတာလဲ"

"မလိုချင်ဘူး၊ သူတို့ဟာ ရှင်နဲ့ဘယ်လိုပတ်သက်နေသလဲဆို တာ ပြောရမယ်"

"ကောင်းပြီလေ၊ မင်း သည်လောက်တောင် သိချင်နေ တယ်ဆိုရင်လည်း ကျုပ်ပြောပါ့မယ်"

ကူးကူးက အတင်းအကြပ်မေးနေမည်ဖြစ်ကြောင်း ရိပ်မိ

သားသဖြင့် ဖုံးရှောင် ပြောပြလိုက်လေတော့သည်။

ကူးကူး မျက်လုံးပြူးသွားလေသည်။

ဖုံးရှောင်ကို စိုက်ကြည့်လိုက်သည်။

"ရှင်ပြောတာ အမှန်ပဲလား"

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲဗျာ"

"ရှင်...ရှင်"

ကူးကူး ဒေါသထွက်သွားလေသည်။

ခါးထောက်ကာ ရန်တွေ့လိုက်သည်။

"ရှင် တော်တော် အသုံးမကျတဲ့လူပဲ၊ သိုင်းယှဉ်ပြိုင်တာ ခဲနံးကလေးတစ်ယောက်ကိုတောင် နိုင်အောင် မယှဉ်နိုင်ဘူးလား"

ဖုံးရှောင် ပြုံးလိုက်သည်။

"ငါက ယှဉ်နိုင်သားပဲ၊ တမင် မယှဉ်ချင်လို့ အရှုံးပေးလိုက် ဘာ"

စိတ်ထဲမှ ပြောလိုက်လေသည်။

သူ၏နှုတ်ဖျားမှမူ...

"ကျုပ်က သိုင်းပညာမှ သည်လောက်မရှိတာ ရှုံးတာ ဘာ ဆန်းမှာလဲ"

"ဒါကြောင့် ရှင့်ကို အသုံးမကျဘူးလို့ ပြောတာပေါ့ရှင်"

"ဟား...ဟား...ဟား"

ဖုံးရှောင်က ရယ်မောလိုက်လေသည်။

ကူးကူး ပိုပြီးဒေါသထွက်သွားလေသည်။

မြို့ပြင် ဘုံကျောင်းပျက်ကလေးရှေ့၌ မြေကွက်လပ်လေး ဘစ်ခု ရှိနေပါသည်။

ကူးကူးက ဖုံးရှောင်၏လက်ကို လွှတ်ပေးလိုက်သည်။

"ကဲ..ကြည့်ပါဦး သည်နေရာမှာ လူရှင်းပြီး အေးချမ်းတိတ် ဆိတ်တယ်၊ သိုင်းပညာသင်ဖို့ ဘယ်လောက်ကောင်းသလဲ"

ဖုံးရှောင်က...

"ကျုပ်က သိုင်းပညာသင်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"သိုင်းပညာသင်ပြီး ဘာလုပ်ရမှာလဲ"

"ဟိုမိန်းမကိုယှဉ်ပြီး အနိုင်ယူဖို့ပေါ့"

ဖုံးရှောင် ခေါင်းခါယမ်းလိုက်လေသည်။

"ဒါတော့ မဖြစ်ဘူးဗျ"

"ဘာပြောတယ်"

"မဖြစ်ဘူးလို့ ပြောတာပါ"

ကူးကူး မျက်မှောင်ကုပ်သွားသည်။

"ဘာကြောင့် မဖြစ်ရတာလဲ၊ ပြောပါဦး"

"ကျုပ်..ကျုပ်"

"ပြောလေ"

ကူးကူး ငေါက်လိုက်လေသည်။

ဖုံးရှောင် ပြုံးလိုက်သည်။

"ဟင်း...ဟင်း...ကျုပ်က သူ့ကိုလိုချင်လို့ပါ"

"ရှင်က သူ့ကိုအနိုင်ရရင် သူ့ကိုလက်ထပ်စရာမလိုဘူး မဟုတ်လား၊ ကဲ လာခဲ့ သူ့ကိုအနိုင်ယူနိုင်အောင် ရှင့်ကို ကျွန်မ သိုင်းပညာ သင်ပေးမယ်"

ဖုံးရှောင်၏လက်ကိုဆွဲကာ ခေါ်သွားတော့သည်။

"ကျုပ်...ကျုပ်"

ကူးကူးက တင်းကြပ်စွာ ဆုပ်ကိုင်ထားသဖြင့် ဖုံးရှောင် ရုန်းထွက်မရတော့ပါ။

ကူးကူးခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

သို့ဖြင့် များမကြာမီ သူတို့နှစ်ယောက် မြို့ပြင်ဘုံကျောင်း ပျက်လေးသို့ ရောက်ရှိသွားကြလေတော့သည်။

◆ ◆ ◆

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ဖုံးရှောင်က ဘုံကျောင်းပျက်လေးရှေ့ မြေကွက်လပ်၌ မလှုပ်မယှက်ရပ်နေ၏။

ကူးကူးကား စိတ်ဆိုးပြီး ထွက်သွားပြီဖြစ်လေသည်။

ဖုံးရှောင် လိုက်မသွားပါ။

နီရဲနှာကျင်သွားသောပါးပြင်ကို လက်ဝါးဖြင့် ပွတ်ရင်းကျန်ရစ်ခဲ့သည်။

ကူးကူးက အဘယ်ကြောင့် သူ့အားကူညီချင်ရပါသနည်း။

ဆေးရွက်နှင့် ပတ်သက်ခဲ့သည်ကို အဘယ်ကြောင့် စိတ်ဆိုးနေရပါသနည်း။

ဖုံးရှောင် စိတ်မကောင်းဖြစ်မိလေသည်။

ကူးကူးက သူ့အပေါ် တစ်ဘက်သတ် မေတ္တာသက်ဝင်နေကြောင်း သူရိပ်မိလိုက်သည် မဟုတ်ပါလား။

ဖုံးရှောင် သက်ပြင်းချလိုက်လေသည်။

"ဘာပဲပြောပြော အဆိပ်မယ်တို့လူစုလက်ထဲက ငါ့ကို ကယ်ခဲ့တာ ကျေးဇူးတင်ရမှာပဲ"

ဆေးရွက်နှင့်အဘိုးအိုတို့ မည်သို့ရှိမည်နည်းဟု တွေးလိုက်သောအခါ စိတ်ပူလာလေတော့သည်။

"သူတို့ကို လိုက်ရှာမှပဲ"

ဖုံးရှောင်သည် ဘုံကျောင်းပျက်လေးရှေ့မှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ရှင်...ရှင်"

"ကျုပ်က သူ့ကိုလိုချင်တာနဲ့ တမင်မယှဉ်ဘဲ အရှုံးပေးလိုက်တာပါ"

ဖုံးရှောင် ရယ်ရယ်မောမော ပြောလိုက်သည်။

သူ၏စကား အဆုံးတွင်....

"ဖြန်း"

ကူးကူး၏လက်ဝါးက သူ၏ပါးပြင်ပေါ်သို့ ကျရောက်လာလေတော့သည်။

♦ ♦ ♦

ထိုအချိန်မှာပင် ပြေးလွှားလာသောခြေသံများကို ကြား လိုက်ရလေသည်။

"သူ ပြန်လာပြီထင်တယ်"

ကူးကူး ပြန်လာသည်ဟု ထင်မိလေသည်။

သို့သော်...

ခြေသံကို နားထောင်လိုက်ခြင်းဖြင့် ကူးကူး မဟုတ်ကြောင်း ဖုံးရောင် ခွဲခြားသိရှိလိုက်လေသည်။

ကူးကူး မဟုတ်လျှင် မည်သူနည်း။

"အဆိပ်မယ်ဆိုရင်တော့ ဒုက္ခပဲ"

ဖုံးရောင်လည်း မြေကွက်လပ်နံဘေးရှိ သစ်ပင်တစ်ပင် နောက်ကွယ်သို့ ဝင်ပုန်းလိုက်လေသည်။

မရေးမနှောင်းမှာပင် လူတစ်ယောက် ဘုံကျောင်းပျက်ရှေ့ သို့ ပြေးလွှားရောက်ရှိလာလေတော့သည်။

♦ ♦ ♦

ဘုံကျောင်းပျက်ရှေ့သို့ ရောက်လာသူမှာ ကျိယုံဖြစ်သည်။

ကျိယုံက ဟိုဟိုသည်သည် အကဲခတ်ပြီးလျှင်...

"ညီမဟုန်ချိုင်း မင်းထွက်လာလို့ရပါပြီ"

ဟုပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရေးမနှောင်းမှာပင် ဘုံကျောင်းပျက် ဘဲမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေ သည်။

ဟုန်ချိုင်းဖြစ်သည်။

ကျိယုံက...

"မင်းကို မာဝမ်းနဲ့ယင်းဖိန်တို့က အခက်ကြုံအောင်လုပ်ခဲ့ ကြတယ် မဟုတ်လား၊ သည်ကိစ္စကို ကျုပ်ဖြေရှင်းပေးမယ်ဆိုရင် မင်းကျေနပ်တယ် မဟုတ်လား"

"ကျွန်မ..."

"ကျုပ်က ယင်းဖိန်တို့ကို ဆုံးမပြီး မင်းကို ကျင်းစန်းနဲ့ပြန် တွေ့အောင် ကူညီမယ်"

"ကျေး...ကျေးဇူးတင်ပါတယ်ရှင်"

ကျိယုံက...

"ကျုပ်က မင်းကို ကူညီသလို မင်းကလည်း ကျုပ်ကိုပြန် ကူညီရမယ်"

"ကျွန်...ကျွန်မ ဘယ်လိုကူညီရမလဲ ပြောပါရှင်"

"မင်းက"

ကျိယုံက သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

ဟုန်ချိုင်းသည် ကျိယုံက သူ့အားကူညီထားသည်ဖြစ်ရကား မည်သို့မျှမတတ်သာတော့ဘဲ ပြန်လည်ကူညီရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

ကျိယုံ ကျေနပ်သွားလေသည်။

"ကျုပ်တို့နှစ်ယောက်ပေါင်းပြီး ယင်းဖိန်ကို ဆုံးမလိုက်ကြတာပေါ့"

ဟုန်ချိုင်းက ကျိယုံကို ကြည့်နေသည်။

ကျိယုံသည် အခြားသူများထက် ယင်းဖိန်ကိုပိုပြီး ကြောက်ရွံ့နေကြောင်း ထင်ရှားလေသည်။

သူမလည်း ယင်းဖိန်ကို ကြောက်ရွံ့နေပါသည်။

ယင်းဖိန်က သူမအား ကူညီနေသော်လည်း အဘယ်ကြောင့်ဆိုသည်ကို ကောင်းစွာနားလည်ထားလေသည်။

ယင်းဖိန်၏လက်မှ လွတ်မြောက်ဖို့လွယ်မည် မဟုတ်ပါ။

ယင်းဖိန်ကို ရှင်းပစ်သည်က အကောင်းဆုံးဖြစ်သည်ဟု သဘောထားကာ ကျိယုံ၏အကြံကို သဘောတူလိုက်ခြင်းဖြစ်လေသည်။

ကျိယုံက...

"ဒါဖြင့် မင်း ဘုံကျောင်းပျက်ထဲမှာပဲနေပါ။ ဘယ်ကိုမှ မသွားပါနဲ့၊ ယင်းဖိန်ကို ဆုံးမဖို့ကျုပ်စီစဉ်လိုက်ဦးမယ်"

"ကောင်းပါပြီရှင်"

ဟုန်ချိုင်းက ဘုံကျောင်းပျက်ထဲ ပြန်ဝင်သွားလေသည်။

ကျိယုံက အစီအစဉ်များ ပြုလုပ်လိုက်သည်။

ပြီးလျှင်...

"ကျုပ် ပြန်လာခဲ့မယ်"

ဟုန်ချိုင်းအား လှမ်းပြောလိုက်ပြီး ကိုယ်ဖော့ပညာအသုံးပြုကာ ထွက်သွားလေတော့သည်။

◆ ◆ ◆

ဖုံးရှောင်သည် ကျိယုံနှင့် ဟုန်ချိုင်းတို့အား စိတ်ဝင်စားသွား၏။

"တစ်ယောက်က ရှောင်လင်ဘုန်းကြီး၊ တစ်ယောက်က ချောမောလှပတဲ့ အမျိုးသမီး၊ လူပြတ်တဲ့ သည်ဘုံကျောင်းပျက်မှာ ဘာလာလုပ်ကြတာပါလိမ့်"

ကျိယုံ ထွက်သွားပြီးနောက် ဘုံကျောင်းပျက်ထဲ ကျန်ရစ်ခဲ့သော ဟုန်ချိုင်း၏အခြေအနေကို လေ့လာရန် ဆုံးဖြတ်လိုက်လေသည်

သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူပြီး ဘုံကျောင်းပျက်လေးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားလိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်နှစ်ခုပြေးလွှားလာနေကြသည်ကို တွေ့လိုက်ရလေသည်။

ဖုံးရှောင်လည်း သစ်ပင်ချုံနွယ်များသို့ တိုးဝင်ကာ ပုန်းအောင်းနေလိုက်လေသည်။

မကြာပါချေ။

ဘုံကျောင်းပျက်လေးရှေ့သို့ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

ဝမ်းမာနှင့်ယင်းဖိန်တို့ ဖြစ်လေသည်။

ကျိယုံက ဟုန်ချိုင်းက ဘုံကျောင်းပျက်လေးဌ် ပုန်းအောင်းနေသည်ဟု ဝမ်းမာကို သတင်းပေးခဲ့သည်။

ဝမ်းမာက ယင်းဖိန်ကို ပြောပြလိုက်သည်။

ထို့နောက် နှစ်ယောက်သား ဘုံကျောင်းပျက်လေးသို့ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

ဖုံးရှောင်သည် ယင်းဖိန်အား သိထားပါသည်။

"သူတို့ ဘာလာလုပ်ကြတာပါလိမ့်"

သူတွေးတောနေစဉ်မှာပင် ဝမ်းမာ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟုန်ချိုင်း...ညည်းထွက်လာရင်ကောင်းမယ်"

တိတ်ဆိတ်နေသော ဝန်းကျင်၌ သူမ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် ဟုန်ချိုင်းက ခေါင်းကလေးငုံ့ကာ

ဘုံကျောင်းပျက်ထဲမှ ထွက်လာလေသည်။

ယင်းဖိန် ပြုံးလိုက်သည်။

"ညီမ...ဘာကြောင့်ထွက်ပြေးသွားရတာလဲ"

ဟုန်ချိုင်း ဘာမှမပြောဘဲ နေလိုက်သည်။

ယင်းဖိန်က...

"ညီမ ထွက်သွားလို့ ကျုပ် အတော်စိတ်ပူသွားခဲ့တာ၊ ဒါပေမယ့် ကျုပ်ကိုထားခဲ့ပြီး ဘယ်ကိုမှ ထွက်သွားလို့မရဘူးဆိုတာ ညီမသဘောပေါက်လောက်ပါပြီလေ"

ဟုန်ချိုင်းက...

"ရှင်က ဘာကြောင့် ကျွန်မကို မသွားစေချင်ရတာလဲ"

ယင်းဖိန်က...

"ညီမဟာ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ် ကူညီနိုင်သလောက် ကူညီခဲ့တာ ညီမသိပါတယ်"

"ဟုတ်ပါတယ်ရှင့်"

"ဒါဖြင့် ကျုပ်ကိုထားခဲ့ပြီး ညီမဘာကြောင့် ထွက်သွားချင်ရတာလဲ"

"ကျွန်မ"

ဟုန်ချိုင်း မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

ယင်းဖိန်က...

"ညီမက ဂူးယို့ကို မျှော်လင့်နေတာလား"

ဆော ဝူးယို့အား ဒေါသထွက်ကာ မုန်းတီးသွားလေသည်။

ကျင်းစန်းကို ကယ်တင်ပြီး ဆေးကုပေးဖို့ကြိုးစားခြင်းဖြင့် ခန်းမာ၊ ယင်းဖိန်တို့နှင့် ဆုံဆည်းမိခြင်းဖြစ်သည်။

ကျင်းစန်း နေကောင်းလာသောအခါ တိတ်တဆိတ် ထွက်သွားသကဲ့သို့ ဝူးယို့နှင့်လည်း မမျှော်လင့်ဘဲ ပြန်လည်ဆုံ၊ ဘွ့်မိခဲ့လေသည်။

ဝူးယို့က သူမနှင့်ယင်းဖိန်ကို အထင်လွဲကာ အရူးကြီးတစ်ယောက်ပမာဖြစ်ကာ မြို့စားကြီးအား လုပ်ကြံသည်အထိ မိုက်ရူးရဲဆန်ခဲ့ခြင်းဖြစ်ရမည်ဟု ဟုန်ချိုင်း နားလည်လိုက်လေတော့သည်။

ယင်းဖိန်က ပြုံးလိုက်သည်။

"ဝူးယို့ လွတ်မြောက်သွားဖို့ဆိုတာ ညီမအပေါ်မှာ မူတည်နေပါတယ်"

ဟု အဓိပ္ပါယ်ပါပါ ပြောလိုက်၏။

ဟုန်ချိုင်း သက်ပြင်းချလိုက်သည်။

"ကျွန်မ ဘာလုပ်ပေးရမလဲ၊ ပြောပါရှင်"

ယင်းဖိန်က...

"လွယ်ပါတယ်၊ ကျုပ်နောက်ကို လိုက်ခဲ့ရုံပါပဲ"

ဟုန်ချိုင်းစဉ်းစားခြင်းမပြုဘဲ သဘောတူလိုက်လေသည်။

"ကောင်းပါပြီရှင်၊ ကျွန်မလိုက်ခဲ့ပါ့မယ်"

ယင်းဖိန် ကျေနပ်ကာ အားရပါးရရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

"ရှင်"

ဟုန်ချိုင်း ထိတ်လန့်သွားလေသည်။

ယင်းဖိန် ပြုံးလိုက်သည်။

"ဝူးယို့က ရူးသွပ်နေတာမှမဟုတ်တာ ညီမရယ်"

"ရှင်...ရှင်"

"သူဟာ ညီမနဲ့ပတ်သက်နေသလို ကျင်းစန်းနဲ့လည်း ပတ်သက်နေတယ်ဆိုတာ ကျုပ်သိထားပြီးပါပြီ"

ဟုန်ချိုင်း နောက်ဆုတ်လိုက်လေသည်။

ယင်းဖိန်က...

"ဝူးယို့က မြို့စားကြီးကို လုပ်ကြံဖို့ကြိုးစားခဲ့တယ်လေ၊ ဒါကြောင့် မြို့စားကြီးက သူ့ကိုဖမ်းထားလိုက်ပြီ"

"သူ...သူ...အဖမ်းခံနေရပြီ ဟုတ်လား"

"ဟုတ်တယ်၊ ဝူးယို့ လွတ်မြောက်စေချင်ရင်..."

ယင်းဖိန် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ဝမ်းမာက...

"ဟုန်ချိုင်း ညည်းက ဆရာယင်းဖိန်ကို ကျေးဇူးမကန်းသင့်ဘူး"

ဟု ဝင်ပြောလိုက်လေသည်။

ဟုန်ချိုင်း ဗျာများသွားလေသည်။

သူမသည် အန္တရာယ်ကြီးတွေ့ရသောအခါ ထွက်ပြေးသွား

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်...

ယင်းဖိန်၏ရယ်သံက တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားသည်။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး...

"ဝုန်း"

မြေပေါ် လဲကျသွားလေတော့သည်။

◆ ◆ ◆

ယင်းဖိန် မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားလေသည်။

ဟုန်ချိုင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဝမ်းမာက ရယ်မောလိုက်လေသည်။

ဟုန်ချိုင်းက...

"ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲရှင်"

ဝမ်းမာက...

"သူ့ကိုကြောက်ပြီး ညည်းထွက်ပြေးသွားတာ မဟုတ်လား ပြောစမ်းပါဦး"

"ဟုတ်..ဟုတ်ပါတယ်ရှင်"

"အခု သူဒုက္ခရောက်သွားပြီလေ"

"သူ...သူက.."

"သည်ကိုမလာခင် သူ့ကို မေ့ဆေးခတ်ထားတဲ့ အရက်တစ်ခွက်တိုက်ထားလိုက်တာ"

"ရှင် ဘာကြောင့် သည်လိုလုပ်ရတာလဲ"

"ငွေကြောင့်ပေါ့"

"ငွေ"

"ဟုတ်တယ်လေ၊ ယင်းဖိန်ရှိနေရင် ဒုက္ခရောက်မှာ စိုးရိမ်နေတဲ့လူတစ်ယောက်က ငါ့ကိုငွေပေးပြီး အကူအညီတောင်းတော့ ငါလည်း မလွဲမရှောင်သာပဲ ကူညီခဲ့ရတာပေါ့လေ"

ဟုန်ချိုင်းက....

"သည်လိုလုပ်ရင် ရှင်ဒုက္ခရောက်မှာ မကြောက်ဘူးလား ရှင်"

"ယင်းဖိန်ကို ငါအကောက်ကြိုလိုက်တာ ဘယ်သူသိနိုင်မှာ တဲ့လဲ"

ဟုန်ချိုင်းသည် ငွေမက်လွန်းသော ဝမ်းမာကို သဘောမကျ နိုင်အောင်ဖြစ်သွားလေသည်။

"ယင်းဖိန်ကို ဒုက္ခပေးဖို့ ရှင့်ကို ဘယ်သူက ခိုင်းလိုက်တာ လဲ"

ဝမ်းမာက မဖြေပါ။

ထိုစဉ်...

"ကျုပ် ခိုင်းတာပါဗျာ"

စကားသံနှင့်အတူ ကိုယုံ ရောက်ရှိလာလေတော့သည်။

◆ ◆ ◆

ကိုယုံက ဝမ်းမာကို ပြုံးပြလိုက်သည်။

"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးပါပဲဗျာ"

ဝမ်းမာက လက်ဝါးဖြန့်လိုက်လေသည်။

ကိုယုံက ရွှေတုံးလေးတစ်တုံး ထုတ်ပေးလိုက်၏။

"ကျေးဇူးပဲ"

ဝမ်းမာကလည်း ကျေးဇူးတင်စကား ပြန်ပြောလိုက်လေ သည်။

ကိုယုံက လဲကျနေသော ယင်းဖိန်ကို အကဲခတ်ကြည့်လိုက် လေသည်။

"သူ့ကိုပိုးဖလံဂေဟာမှာ ထောင်ချောက်ဆင်လို့ရပေမယ့် ဟုန်ချိုင်းဆီကိုခေါ်လာတာလောက်တော့ စိတ်မချရဘူး၊ ဟုန်ချိုင်း ကဲ့တွေ့တော့ သူလည်း အရာရာကို မေ့လျော့သွားတော့တာပေါ့"

ပြောပြီး ရယ်မောလိုက်လေသည်။

ဟုန်ချိုင်းသည် ယင်းဖိန်ကို ကြောက်ရွံ့မိပါသော်လည်း သူမအား ကူညီခဲ့သည်ကို မမေ့နိုင်ပါချေ။

ယင်းဖိန်သာ မကူညီလျှင် ကျင်းစန်းကိုလည်း သူမ ကူညီ နိုင်မည် မဟုတ်ပါချေ။

ကိုယုံက...

"ကျုပ်တို့ဟာ အကြီးအကဲရဲ့အမိန့်နဲ့ မျိုးချစ်သိုင်းသမား တွေကို ချေမှုန်းသုတ်သင်ဖို့ မြို့စားကြီးဆီမှာ တာဝန်ထမ်း ဆောင်ခဲ့ကြတယ်၊ ကျုပ်က ရှောင်လင်ကျောင်းကိုသွားပြီး အမိန့်တံ

ဆိပ်တော်ကို ရယူဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့တာကြောင့် ကျူပ်ကိုရှင်းပစ်ဖို့ ယင်းဖိန်က တာဝန်ယူလိုက်တယ်လေ၊ ကျူပ်က ရှောင်ပြေးနေလို့လည်း လွတ်မှာမဟုတ်လို့ ယင်းဖိန်ကို ရှင်းပစ်ဖို့ကြံစည်လိုက်ရတာ၊ ယင်းဖိန်မရှိတော့ဘူးဆိုရင်တော့ ကျူပ်က ကျန်တဲ့လူတွေကို မမှုပါဘူး"

ယင်းဖိန်သည် လက်ရွေးစင်လူသတ်သမား အချင်းချင်းပင် ကြောက်ခဲ့ရသူဖြစ်ကြောင်း ထင်ရှားလေသည်။

ကျိယုံက...

"ခုတော့ ကျူပ်လက်ဦးသွားပြီဆိုတော့"

ယင်းဖိန်အား အပြီးတိုင်သုတ်သင်ရှင်းလင်းပစ်ရန် ဓားမြှောင်တစ်လက် ဆွဲထုတ်လိုက်လေသည်။

ထိုစဉ်...

"ဘယ်သူက လက်ဦးတာလဲ"

အေးစက်သောစကားသံ ထွက်ပေါ်လာလေသည်။

ကျိယုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘယ်သူလဲ"

အထိတ်တလန့်မေးရင်း ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လေသည်။

ပတ်ဝန်းကျင်၌ လူသူကင်းရှင်းကာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

ကျိယုံ ဒေါသထွက်သွားလေသည်။

"ထွက်လာခဲ့စမ်း"

ထပ်မံအော်ပြောလိုက်သည်။

"ကျူပ်က မင်းရှေ့မှာ ရှိနေတာကို မတွေ့ဘူးလား"

အေးစက်သောအသံ ထပ်မံထွက်ပေါ်လာကာ လဲကျနေသော ယင်းဖိန် ငေါက်ခနဲထရပ်လာပြီး ကျိယုံလက်ထဲမှဓားမြှောင်ကို လုယူကာ ကျိယုံ၏ရင်ဝဿ် ပြန်လည်ထိုးစိုက်ချလိုက်လေတော့သည်။

"အား"

အငိုက်မိသွားသော ကျိယုံမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

သူ၏ရင်ဝဿ် ဓားမြှောင်စိုက်ဝင်သွားခြင်းကြောင့် သွေးချင်းနီရဲနေပြီဖြစ်လေသည်။

ယင်းဖိန်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"လွယ်လွယ်နဲ့ သတ်လို့ရမယ်ဆိုရင် ကျူပ်သေသွားခဲ့တာကြာပြီပေါ့"

မှန်ပေသည်။

မန်ချူးလူသတ်သမားများအား မြို့ချစ်သိုင်း သမားများက ဖမ်းဆီးသတ်ပစ်ဖို့ အမြဲတမ်းကြိုးစားအားထုတ်နေခဲ့ကြသည် မဟုတ်ပေး။

ကျိယုံက ဝမ်းမာအား ဒေါသတကြီးကြည့်လိုက်သည်။

"ခင်ဗျား ယုတ်မာလှချည်လား"

ဝမ်းမာ ပခုံးတွန့်လိုက်လေသည်။

"ဆရာယင်းဖိန် ဒုက္ခရောက်သွားတာထက်စာရင် ရှင့်ဆီက ငွေယူပြီး ရှင့်ကို ဆရာယင်းဖိန်လက်ထဲ အပ်လိုက်တာ အကောင်းဆုံးပဲဆိုတာ ကျွန်မ သိတာပေါ့ရှင်"

ကျိုယုံက...

"တောက်...သေဖို့သာပြင်ထား"

အော်ငေါက်ကာ ဝမ်းမာအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

ပြင်းထန်စွာ ဒဏ်ရာရထားပြီးဖြစ်ရကား လုံးဝမဟန်နိုင်တော့ဘဲ...

"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

ယင်းဖိန်က အမှုမထားတော့ဘဲ ဟုန်ချိုင်းဘက်သို့ လှည့်လိုက်သည်။

"ညီမက ကျုပ်နဲ့လိုက်ခဲ့မယ် မဟုတ်လား"

ဟုန်ချိုင်း ဘာမှမတတ်နိုင်တော့ပါ။

"အစ်ကိုဝူးယို့ကို ချမ်းသာပေးမယ်ဆိုရင် ကျွန်မ လိုက်ခဲ့ပါ့မယ်ရှင်"

ယင်းဖိန် ပြုံးလိုက်သည်။

"စိတ်ချ၊ မြို့စားကြီးကို ကျုပ်ပြောလိုက်ပါ့မယ်၊ လောလော

ဆယ်တော့ ညီမက အစ်မကြီးဝမ်းမာနဲ့ပဲ လိုက်သွားပါ"

"ကောင်းပါပြီရှင်"

ဝမ်းမာ ပြုံးလိုက်သည်။

သူမ ချာခနဲလှည့်ကာ ထွက်သွားလျှင် ဟုန်ချိုင်းလည်း မတာ်သာတော့ဘဲ လိုက်သွားရလေတော့သည်။

♦ ♦ ♦

ယင်းဖိန်က ဖုံးရှောင်အာယား အကဲခတ်လိုက်လေသည်။

ဖုံးရှောင်က...

"ခင်ဗျား သေချင်ဟန်ဆောင်တာ အတော်ပီပြင်တာပဲဗျ"

ပြောပြီး ရယ်မောလိုက်လေသည်။

ယင်းဖိန် နှာခေါင်းရှုံ့လိုက်သည်။

"မင်းသားလေးတုလတ်ကို ဒုက္ခပေးခဲ့တာ မင်းပဲမဟုတ်သား၊ သည်အရပ်ဒေသမှာ ငါမသိတဲ့ကိစ္စ ဘာမှမရှိဘူးဆိုတာ မင်းမှတ်ထားပါ"

ဖုံးရှောင် အံ့သြသွားသည်။

"ခင်ဗျား သိနေတာကိုး၊ သည်မန်ချူးမင်းသားက ဘာမှအရည်အချင်းမရှိဘဲ နေရာတကာ လူတွင်ကျယ်လုပ်ချင်နေတာကိုးဗျ"

ယင်းဖိန်က...

"မင်းသားလေးတုလတ်ကို အရည်အချင်းမရှိဘူးလို့ပြောရင်မှားသွားလိမ့်မယ်၊ သူ့ရဲ့ဦးရီးတော်ဟာ မျိုးချစ်ဆိုင်းသမားတွေကို သုတ်သင်ပစ်ဖို့ တာဝန်ယူထားရတဲ့ မန်ချူးအကြီးအကဲတစ်ယောက်ဆိုတာ မှတ်ထားစမ်းပါ"

ဖုံးရှောင် ပခုံးတွန့်လိုက်သည်။

"သူ့ရဲ့ဦးရီးတော်ဟာ ဩဇာတိက္ကမကြီးမားတဲ့ လူတစ်ယောက်ဖြစ်ပေမယ့် သူ အသုံးမကျတာက အသုံးမကျတာပဲဗျ"

"အေး...မင်းက သူ့ကိုနှောက်ယှက်စော်ကားတာကြောင့်

လျှို့ဝှက်တဲ့လူ

ဝမ်းမာနှင့် ဟုန်ချိုင်းတို့ ထွက်သွားကြပြီဖြစ်လေသည်။

သို့သော် ယင်းဖိန်က ထွက်မသွားသေးပါချေ။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ယင်းဖိန်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး...

"မင်း ထွက်လာရင် ကောင်းမယ်"

ဟုပြောလိုက်သည်။

ပုန်းအောင်းချောင်းကြည့်နေသော ဖုံးရှောင် ရင်ထိတ်သွားလေသည်။

"ကျုပ်ကို ပြောတာလားဗျ"

ယင်းဖိန်က သူပုန်းအောင်းနေသည်ကို သိနေပြီဖြစ်၍ မထူးတော့ဟု သဘောပိုက်ကာ ခုန်ထွက်လိုက်လေသည်။

အရေးယူခံရမှာပဲ”

ယင်းဖိန်က ပြောရင်းရှေ့တိုးလာလေသည်။

ဖုံးရှောင် မဲ့ပြုံးပြုံးလိုက်သည်။

“ခင်ဗျား ဘယ်လိုအရေးယူမယ်ဆိုတာ ကျုပ်သိချင်ပါသေး တယ်ဗျာ”

“ကောင်းပြီ..မင်းသတိထားပါ”

ယင်းဖိန်က ဖုံးရှောင်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ သည်။

ဖုံးရှောင် မဲ့ပြုံးပြုံးလိုက်သည်။

“ခင်ဗျားလည်း သတိထားပါ”

မြေပေါ်မှ ကျောက်ခဲတစ်လုံးအား ကန်ကျောက်လိုက်ခြင်း ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

“ဒွိုး”

ကျောက်ခဲလေးက အရှိန်ပြင်းစွာ ပစ်လွှင့်သွားလေသည်။

ယင်းဖိန် ရှောင်တိမ်းခြင်းမပြုဘဲ ဖမ်းဆီးထားလိုက်၏။

“ဟင်”

ဖုံးရှောင် ရင်ထိတ်သွားလေသည်။

ယင်းဖိန်မှာ ခေသူတစ်ယောက် မဟုတ်ကြောင်း နားလည် လိုက်လေတော့သည်။

ယင်းဖိန်က...

“မင်းပစ္စည်း မင်းပြန်ယူ”

ဖမ်းယူထားသော ကျောက်ခဲလေးဖြင့် ဖုံးရှောင်အား ပြန် သည်ပစ်ခတ်လိုက်ပြီး တဆက်တည်းပင် မြေပေါ်ခြေဆောင့်ကာ ခုန်ဝင်သွားတော့သည်။

“ဟူး”

ဖုံးရှောင်လည်း လက်ဝါးနှစ်ဘက် အသုံးပြုကာ ယင်းဖိန်ကို ဆီးကြိုရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိကြသည်နှင့်...

“ဝုန်း”

ဖုံးရှောင် အဝေးသို့လွှင့်စဉ်သွားလေတော့သည်။

♦ ♦ ♦

ဖုံးရှောင် မြေပေါ်မှ ကပျာကယာ လူးလိမ့်ထလိုက်သေ
သည်။

ယင်းဖိန်၏လက်ချက်ကြောင့် ဒဏ်ရာရသွားပြီး နှုတ်ခမ်း
ထောင့်မှ သွေးများစီးကျလာ၏။

ယင်းဖိန်ကို မျက်လုံးပြူး၍ ကြည့်လိုက်မိသည်။

"ခင်...ခင်ဗျား"

ယင်းဖိန်က...

"မင်းသားလေးတုလတ်ကို နှောက်ယှက်ရဲတယ်ဆိုတော့
မင်းဟာ ကျင်းစန်းတို့လူစုနဲ့ ပတ်သက်နေလိမ့်မယ်၊ မင်းကို ဖမ်းခေါ်
သွားရလိမ့်မယ်"

"ဘာဗျ"

"ဘုရင့်အမိန့်တံဆိပ်တော်ကိစ္စကို မင်းသိနေတယ် မဟုတ်
လား"

ဖုံးရှောင်မှာ ခံပြင်းနေသည့်အလျောက် တမင်အရွဲ့တိုက်
ကာ ပြောလိုက်လေသည်။

"သိပ်မှန်တာပေါ့ဗျာ၊ အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး
သိုင်းလောကသားတွေကို စည်းရုံးဖို့ ကျုပ်တို့ကြိုးစားနေကြတာပေါ့
သည်ကိစ္စအောင်မြင်သွားရင် ခင်ဗျားတို့ ဒုက္ခရောက်ပြီမှတ်ထား
လိုက်ပါ"

ယင်းဖိန် ခေါင်းခါယမ်းလိုက်သည်။

"သိပ်လည်း အထင်မသေးပါနဲ့ဗျာ၊ ငါတို့က သည်လောက်

အထိမည့်သေးပါဘူး၊ ကဲ ငါ့နောက်ကို အေးအေးဆေးဆေးလိုက်ခဲ့
ခလား၊ ဒါမှမဟုတ် မင်းကိုဆုံးမပြီးခေါ်သွားရမလား၊ ကြိုက်တဲ့
လမ်းရွေးပေတော့"

ဖုံးရှောင်က...

"ရွေးနေစရာ မလိုပါဘူး၊ ခင်ဗျားတို့ကို ဆုံးမသွားမယ်ဆို
ဘာမှတ်ထားစမ်းပါ"

ရှေ့သို့ခုန်ထွက်ပြီး ယင်းဖိန်အား တိုက်ခိုက်လိုက်လေသည်။

"သွားစမ်း"

ယင်းဖိန် အော်ငေါက်ကာ လက်ဝှေ့ယမ်းလိုက်လျှင်...

"ဝုန်း"

"အွန့်"

ဖုံးရှောင် အဝေးသို့ လွင့်စဉ်သွားပြန်တော့သည်။

ယခုတစ်ကြိမ် ဖုံးရှောင် အတော်ပင်ခံလိုက်ရလေသည်။

မြေပေါ်မှ ရုတ်တရက် ပြန်မထနိုင်အောင် ဖြစ်သွား၏။

ယင်းဖိန်က...

"ငါ နောက်ဆုံးမေးမယ်၊ အေးအေးဆေးဆေးလိုက်ခဲ့မ
လား၊ ဒါမှမဟုတ် အသက်အသေခံမလား"

ဖုံးရှောင် အံကြိတ်လိုက်သည်။

"ကျုပ်ကို သတ်ပစ်လိုက်၊ ကျုပ် မကြောက်သေးဘူးဗျ"

"ဩော်...မင်းသေချင်နေတာကိုး၊ ကောင်းပြီ"

ယင်းဖိန်က ဖုံးရှောင်အား သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်

ဖုံးရှောင်သည် ရောက်လာသူကိုမြင်လျှင် ဝမ်းသာသွားလေသည်။

ထိုလူမှာ စာပေသမားမုယုံ ဖြစ်လေသည်။

ယင်းဖိန်က...

"ခင်ဗျား ဘယ်သူလဲ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်ဘဲနေရင်ကောင်းမယ်"

မုယုံက...

"လောကပေါ်မှာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဆိုတာ မရှိပါဘူးလေ"

"ခင်ဗျား"

"ကျုပ်မေတ္တာရပ်ခံပါတယ်ဗျာ၊ သူ့ကို ချမ်းသာပေးလိုက်ပါ"

စာပေသမားမုယုံသည် ဖုံးရှောင်ကိုကူညီရန် ရောက်လာခြင်းဖြစ်ကြောင်း ယင်းဖိန် နားလည်လိုက်လေသည်။

"ခင်ဗျား သေချင်နေတာကိုး"

ချက်ချင်းပင် မုယုံအား တိုက်ခိုက်လိုက်လေတော့သည်။

ယင်းဖိန်မှာ မန်ချူးလက်ရွေးစင်သိုင်းသမားတစ်ယောက်ဖြစ်သည့်အတိုင်း ပြဿနာတစ်ခုဖြစ်ပေါ်လာသည်နှင့် တိုက်ခိုက်ဖို့ဦးစားပေးသူ ဖြစ်လေသည်။

ဖုံးရှောင် ထိတ်လန့်သွားသည်။

"နောင်ကြီးမုယုံ...မြန်မြန်နောက်ဆုတ်လိုက်ပါ။ သည်လူက

လေသည်။

လက်ဝါးဖြင့် ရိုက်ချရန် လက်တစ်ဘက်အပေါ် မြှောက်လိုက်စဉ်...

"ကြီးနိုင်ငယ်ညှင်းလုပ်တာကို မိုးနတ်မင်းကြီးက မကြိုက်ပါဘူး"

စာသံပေသံနှင့်ပြောဆိုသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယင်းဖိန် ရင်ထိတ်သွားပြီး လှည့်ကြည့်လိုက်ရာ လူတစ်ယောက်က ကဗျာတစ်ပုဒ်ရွတ်ဆိုရင်း ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

♦ ♦ ♦

ကြောက်စရာကောင်းတယ်ဗျ”

မုယုံသည် ယင်းဖိန်၏လက်ချက်ကြောင့် ဒုက္ခရောက်သွားလိမ့်မည်ဟု ယုံကြည်ထားလေသည်။

မုယုံ ရယ်မောလိုက်သည်။

“ကျုပ်အတွက် မစိုးရိမ်ပါနဲ့လေ”

ယင်းဖိန်၏ တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်လေသည်။

ယင်းဖိန် မျက်နှာပျက်သွား၏။

ထပ်မံတိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်ဆုတ်လိုက်သည်။

မုယုံကို စိုက်ကြည့်ရင်း...

“ခင်ဗျားဟာ စာပေသမားမုယုံလား”

မုယုံ ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ”

ယင်းဖိန် သက်ပြင်းချလိုက်သည်။

“တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်မှာ ကိစ္စလေးတစ်ခုရှိနေတာကြောင့် သွားခွင့်ပြုပါဦး”

စကားဆုံးသည်နှင့် သစ်ပင်များကြားသို့ ခုန်ဝင်သွား၏။

တခဏအတွင်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♦ ♦ ♦

ယင်းဖိန် ထွက်သွားပြီ ဖြစ်လေသည်။

ဖုံးရှောင် အံ့သြသွား၏။

ယင်းဖိန် အဘယ်ကြောင့် ရှောင်တိမ်းသွားပါသနည်း။

စာပေသမားမုယုံအား မန်ချူးများက နှောက်ယှက်ခဲ့ကြသဖြင့် သူကူညီခဲ့ရသေး၏။

ယခု...

ယင်းဖိန်က သူ့အား လုံးဝအမှုမထားဘဲ မုယုံကိုမြင်လျှင် ရှောင်တိမ်းသွားလေသည်။

ယင်းဖိန်က မုယုံအား ကြောက်ရွံ့နေသည်လော။

မုယုံသည် ဖုံးရှောင်အနီးသို့ လှမ်းလာပြီး ဖေးမလိုက်သည်။

“ငါ့ညီ မင်းဘာဖြစ်သွားသေးသလဲ”

ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

“ဘာမှမဖြစ်ပါဘူးဗျာ၊ နောင်ကြီးက...”

“ကျုပ်က ရှောင်လင်ကျောင်းကို သွားဖူးမျှော်ပြီး ပြန်လာတာပါ”

မြေပေါ်လဲကျသေဆုံးနေသော ကျိယုံ၏အလောင်းကို ငဲ့ကြည့်ကာ သက်ပြင်းချလိုက်လေသည်။

“သူဟာ မန်ချူးတစ်ယောက်ပဲ၊ အမိန့်တံဆိပ်တော်ကိစ္စနဲ့ ရှောင်လင်ကျောင်းကို ထိုးဖောက်ဝင်ပြီး သူလျှိုလုပ်ခဲ့တာပေါ့။ သူ့အကြောင်းပေါ် ပေါက်သွားပြီး ရှောင်လင်ကျောင်းက နှင်ထုတ်ခံလိုက်ရတာ၊ အင်း ခုတော့ ကံဆိုးသွားရှာပြီကိုး”

ဖုံးရှောင်သည် မုယုံကိုကြည့်ရင်း ထူးခြားနေသည်ဟု တဖြည်းဖြည်း သတိပြုမိလာလေတော့သည်။

မုယုံက...

"ငါ့ညီက ကျင်းစန်းနဲ့ ပတ်သက်နေတယ် မဟုတ်လား"

ဟုမေးလာလေသည်။

အမိန့်တံဆိပ်တော်အား ကျင်းစန်းယူလာခဲ့သည်ဟု အားလုံးသိရှိနေကြပြီ ဖြစ်လေသည်။

မြေအောင်းကျားနှင့် မမျှော်လင့်ဘဲ ပတ်သက်ခဲ့ရပြီး ကျင်းစန်းနှင့် ဘုရင့်အမိန့်တံဆိပ်တော်အကြောင်း သိခဲ့ရလေသည်။

မုယုံကလည်း ဘုရင့်အမိန့်တံဆိပ်တော်အကြောင်း သိထားသည်။

ဖုံးရှောင်အတွက် အလွန်ထူးဆန်းနေပါတော့သည်။

သိုင်းပညာမရှိ၊ သူတပါးအား မယှဉ်နိုင်ဘဲ စိုးရိမ်နေရသူ တစ်ယောက် အသွင်မျိုး ယခုတော့ မုယုံထံ၌ မတွေ့ရတော့ပါချေ။

မုယုံသည် အလွန်တည်ကြည်လေးနက်သည့် ထိပ်သီးသိုင်းသမားတစ်ယောက်အသွင်မျိုး ရှိနေပါတော့သည်။

ဖုံးရှောင် ငေးကြည့်နေမိလေတော့သည်။

မုယုံက...

"ငါ့ညီက မြေအောင်းကျားကိုကော သိတယ်မဟုတ်လားကွ"

"ဗျာ"

ဖုံးရှောင် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

မုယုံကိုကြည့်ရင်း မနေနိုင်တော့ဘဲ...

"နောင်ကြီးလည်း အမိန့်တံဆိပ်တော်နဲ့ ပတ်သက်ပြီး အားလုံးသိနေတယ် ဟုတ်လား"

မုယုံ ပြုံးလိုက်သည်။

"တကယ်တော့ ဘုရင့်အမိန့်တံဆိပ်တော်ကိုရယူပြီး သိုင်းလောကသားတွေကို စုစည်းဖို့ တာဝန်ယူထားတာ ကျုပ်ဆရာပါ။ ရှောင်လင်ကျောင်း မဟုတ်ပါဘူး၊ ဆရာက ခိုင်းလို့က်လို့ သိုင်းလောကထဲကို ကျုပ်ဆင်းလာခဲ့တာပါပဲ"

ဖုံးရှောင် ညည်းတွားလိုက်သည်။

"တော်တော် ရှုပ်ထွေးပါလား"

မုယုံက...

"မန်ချူးတွေ တာဝန်ပေးထားတဲ့ နယ်စားကြီးဟာ မျိုးချစ်သိုင်းသမားတွေကို ချေမှုန်းပစ်ဖို့ သူတို့ရဲ့လက်ရွေးစင်သိုင်းသမားတွေကော သိုင်းလောကက ကြေးစားသိုင်းသမားတွေကိုပါ ငှားရမ်းအသုံးချနေတာပါ။ မန်ချူးသူလျှိုတွေကြောင့် သိုင်းလောကသားအချင်းချင်း စိတ်ဝမ်းကွဲပြီး သိုင်းလောက ပျက်စီးသွားနိုင်တာကြောင့် ဘုရင်မင်းမြတ်က ကြားဝင်ထိန်းသိမ်းတဲ့သဘော၊ မျိုးချစ်သိုင်းသမားတွေရဲ့အင်အားကို နယ်ချဲ့တော်လှန်ရေးမှာ အသုံးချမယ့်သဘောနဲ့ အားလုံးအကျိုးရှိအောင် ဘုရင်မင်းမြတ်နဲ့ ဝန်ကြီးမောက်ဖုံးတို့တိုင်ပင်ဆောင်ရွက်ခဲ့ကြတာပါပဲ"

ဖုံးရှောင်သည် ယခုမှ အမိန့်တံဆိပ်တော်ကို ဘုရင်မင်းမြတ်အသုံးပြုခဲ့သည့်အကြောင်းရင်းမှန်ကို သိလိုက်ရ၏။

မုယုံက...

"မြေအောင်းကျားနဲ့ တိမ်ယံကျားကို ကျုပ်ကဆက်သွယ်ပြီး အကူအညီတောင်းခဲ့တာပါ၊ သူတို့ဟာ ကျားနှစ်ကောင်အဖြစ် သိုင်းလောကဘွဲ့ထူးခံယူထားကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းရုံလောက်ပဲ ရှိကြတာပါ၊ အမိန့်တံဆိပ်တော်ကိစ္စဟာ အရေးကြီးတဲ့ကိစ္စဖြစ်တာကြောင့် ဘယ်သူ့ကိုမှ ယုံကြည်လို့မရပါဘူး၊ တစ်ယောက်ယောက်က သစ္စာဖောက်လိုက်ရင် အခက်ကြုံရမယ်၊ မြေအောင်းကျားနဲ့ တိမ်ယံကျားက ခေတ္တဲ့လူတွေမဟုတ်ဘူး၊ သူတို့ကူညီဆောင်ရွက်ကြရင် အောင်မြင်မယ်၊ တကယ်လို့ တစ်ယောက်ယောက်က သစ္စာဖောက်ခဲ့ရင်တောင် ပြဿနာမရှိအောင် စီစဉ်ခဲ့တာ"

မုယုံသည် အရာရာကို လိုလေသေးမရှိအောင် စီစဉ်ခဲ့သော်လည်း မမျှော်လင့်သောကိစ္စများကြောင့် အမှားအယွင်းများ ဖြစ်လာခဲ့ချေပြီ။

မုယုံက...

"ငါ့ညီက အမိန့်တံဆိပ်တော်ကိစ္စမှာ မမျှော်လင့်ဘဲ ပါဝင်ပတ်သက်ခဲ့ပေမယ့် မန်ချူးတွေကို မုန်းတီးပြီး မျိုးချစ်စိတ်ရှိတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်။ ဒါကြောင့် ကျုပ်နဲ့လက်တွဲဆောင်ရွက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"

ဖုံးရှောင် ဝမ်းသာသွားလေသည်။

"စိတ်ချပါ အစ်ကိုကြီး၊ ဘုရင့်အမိန့်တံဆိပ်တော်ကိစ္စမှာ အစ်ကိုကြီးနဲ့ လက်တွဲဆောင်ရွက်ခွင့်ရတာပဲ ဝမ်းသာလှပါပြီ"

မုယုံက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထို့နောက်...

"ကဲ...တို့သွားကြတာပေါ့"

"ဟုတ်ကဲ့...အစ်ကိုကြီး"

မုယုံထွက်သွားလျှင် ဖုံးရှောင်လည်း လိုက်ပါသွားလေတော့သည်။

♦ ♦ ♦

တူညီသောအကျိုး

ဝမ်းမာသည် ဟုန်ချိုင်းကိုခေါ်ကာ ပိုးဖလံဂေဟာသို့ ပြန်လာခဲ့လေသည်။

ဟုန်ချိုင်းကို အသုံးချကာ ယင်းဖိန်၏အကူအညီများ ရယူနိုင်တော့မည် မဟုတ်ပါလား။

ဟုန်ချိုင်းကား ဝူးယို့အဖမ်းခံလိုက်ရပြီဆို၍ ထွက်မပြေးငံ့တော့ဘဲ အညံ့ခံလိုက်ပြီဖြစ်လေသည်။

ဝူးယို့အား အမှန်တကယ် ဖမ်းမိထားခြင်းရှိမရှိ ဝမ်းမာ မသိချေ။

စိတ်လည်း မဝင်စားပါ။

သူမ စိတ်ဝင်စားနေသည်မှာ ဟုန်ချိုင်းကို အသုံးချရန်တစ်ခုတည်းသာ မဟုတ်ပါလား။

နှစ်ယောက်သား ဘုံကျောင်းပျက်ရှေ့မှ ထွက်လာပြီး ပိုးဖလံဂေဟာသို့ ပြန်လာခဲ့ရာ လမ်းတစ်ဝက်သို့ရောက်လျှင် ပြေးလွှားလာနေသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းမာ မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်သူများပါလိမ့်"

ဟုန်ချိုင်း၏လက်ကို ဆွဲကာ ခြေလှမ်းရပ်လိုက်၏။

ပြေးလွှားလာသူက အနီးသို့ရောက်လာလေသည်။

ထိုလူကား ထွက်ပြေးလွတ်မြောက်လာသော ကျင်းစန်းဖြစ်နေပါတော့သည်။

ကျင်းစန်းက...

"ဟင်...ညီမ"

ဟုန်ချိုင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့သြသွားလေသည်။

ဟုန်ချိုင်းလည်း ကျင်းစန်းကို မြင်လျှင် ဝမ်းသာသွား၏။

"အစ်ကိုကျင်းစန်းပါလား"

ကျင်းစန်းက...

"ညီမ...ဘယ်သွားမလို့လဲ"

ဟုန်ချိုင်းက...

"ကျွန်မ ပိုးဖလံဂေဟာက ထွက်ပြေးလာတာ"

ဝမ်းမာ၏လက်ထဲမှ ရုန်းထွက်ကာ ကျင်းစန်းထံသို့ ပြေးသွားပြီး အကျိုးအကြောင်း ပြောပြလိုက်လေသည်။

အဖြစ်မှန်ကို သိလိုက်ရလျှင် ကျင်းစန်း ဒေါပွသွားလေသည်။

ဝမ်းမာကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို ပိုးဖလံဂေဟာမှာ လက်ခံထားတဲ့ဖူးတာကြောင့် ခင်ဗျားအသက်ကို ချမ်းသာပေးလိုက်မယ်၊ ကဲ ခင်ဗျားသွားပေတော့"

ဝမ်းမာ မကျေမနပ် ဖြစ်သွားလေသည်။

သို့သော် ကျင်းစန်းကို ကြောက်ရွံ့သဖြင့် ဘာမှမပြောတော့ဘဲထွက်သွားလေသည်။

သူမသည် ပိုးဖလံဂေဟာသို့ မသွားဘဲ ယင်းဖိန်ထံသို့ပြန်သွားရန် ဘုံကျောင်းပျက်လေးဘက်သို့ ပြေးလွှားသွားခြင်း ဖြစ်လေသည်။

ဟုန်ချိုင်းသည် ကျင်းစန်းနှင့် ပြန်လည်ဆုံတွေ့လိုက်ရခြင်းကြောင့် ဝမ်းသာဝမ်းနည်းဖြစ်ကာ ငိုရှိုက်လိုက်လေသည်။

"အစ်ကိုဝူးယို့ဟာ သူရဲဘောကြောင်တဲ့လူတစ်ယောက်ဖြစ်ခဲ့တယ်၊ သူ ထွက်ပြေးသွားတာကြောင့် အစ်ကိုကြီးကျင်းစန်းရဲ့ မိသားစု အသတ်ခံလိုက်ရတာပါ၊ သူ့ကို ကျွန်မ စိတ်နာပြီးမောင်းထုတ်လိုက်ပါတယ်၊ ဒါပေမယ့် ခုချိန်မှာတော့ သူလည်း ဒုက္ခရောက်နေပါပြီ၊ သူ့ကိုခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ညီမရယ် ဖြစ်ပြီးသွားတဲ့ ကိစ္စတွေကိုတွေးပြီး စိတ်မ

ကောင်းဖြစ်နေလို့လည်း အကျိုးမထူးတော့ပါဘူး၊ ကံတရားလို့ပဲသဘောထားလိုက်ပါ၊ ဝမ်းနည်းမနေပါနဲ့တော့၊ ဝူးယို့ဟာ ကျုပ်နဲ့ခင်ဆွေတစ်ယောက်ပါ၊ အန္တရာယ်ကြီးမားလှတဲ့ကိစ္စတစ်ခုထဲဝင်ပတ်သက်လာအောင် ကျုပ်ကပဲ ဖိတ်ခေါ်အကူအညီတောင်းခဲ့တာပါ၊ အခြေအနေမဟန်လို့ သူ့ရှောင်တိမ်းခဲ့တာ ကျုပ် ဘယ်လိုမှသဘောမထားပါဘူး၊ အခု သူဒုက္ခရောက်နေပြီဆိုတော့ သူ့ကိုကယ်ဆောင်ဖို့ကြိုးစားကြတာပေါ့"

ဟုန်ချိုင်း မယုံနိုင်အောင် ဖြစ်သွား၏။

"အစ်ကိုကြီး...သူ့ကို စိတ်မနာဘူးလားဟင်"

"ကျုပ် သူ့ကိုခွင့်လွှတ်နိုင်ပါတယ်"

ထိုစကားကို ကျင်းစန်း အားယူကာ ပြောလိုက်ရခြင်းဖြစ်လေသည်။

ဝူးယို့ သူရဲဘောကြောင်ကာ ထွက်ပြေးသွားခြင်းကြောင့် သူ၏မိသားစု ရက်ရက်စက်စက် အသတ်ခံခဲ့ကြရသည် မဟုတ်ပါဘူး"

ဟုန်ချိုင်းက...

"သူ့ကို မြို့စားကြီးက ဖမ်းမိထားတယ်လို့ ပြောနေကြပါတယ်ရှင်၊ အဲဒါ"

"မြို့စားဂေဟာကိုသွားပြီး ဝူးယို့ကို ကယ်တင်ကြတာပေါ့"

ကျင်းစန်း ကြားဖြတ် ပြောလိုက်လေသည်။

ထိုအချိန်မှာပင်...

"အမယ်လေး"

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♦ ♦ ♦

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် ရိပ်ခနဲပစ်လွှင့်လာပြီး မြေပေါ်ကျသွားလေသည်။

ကျင်းစန်းတို့ ကြည့်လိုက်သောအခါ ဝမ်းမာဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ဝမ်းမာကား သေဆုံးသွားချေပြီ။

"ဟင်"

ဟုန်ချိုင်း ထိတ်လန့်သွားလေသည်။

ကျင်းစန်းက...

"သူ့ကို ဘယ်သူသတ်ပစ်လိုက်တာလဲ"

လွတ်ခနဲ ရေရွတ်လိုက်လေသည်။

"ဟား...ဟား...ဟား"

ရယ်မောသံများနှင့်အတူ လူတစ်ယောက် လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဝူးယို့ဖြစ်နေပါတော့သည်။

ဟုန်ချိုင်း မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ရှင်...ရှင်"

ဝူးယို့က...

"ဘာလဲ ကျုပ်သေသွားပြီ ထင်နေတာလား၊ ဒါမှမဟုတ် ဒြေ့စားကြီး ဖမ်းဆီးထားတာ ခံနေရပြီလားလို့ ထင်နေတာ မဟုတ်လား"

ဟုန်ချိုင်းက...

"ဟုတ်တယ်၊ ရှင် ဒုက္ခရောက်နေပြီထင်မိတာ"

"မပူပါနဲ့လေ၊ အခု ကျုပ်ဘာမှမဖြစ်ဘူးဆိုတာ မင်းတွေ့တာပဲ မဟုတ်လား"

ဟုန်ချိုင်းက...

"ဒါဖြင့် ရှင်အဖမ်းခံရတယ်ဆိုတာ မဟုတ်ဘူးပေါ့"

ဝူးယို့ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်က ဟုတ်ရမှာလဲ"

"လက်စသတ်တော့ ရှင်ကံကောင်းသွားတာကိုး"

"ဟဲ...ဟဲ...သူတို့ကသာ အရေးကြီးတဲ့လူနှစ်ယောက်ကို ဒြေ့စားမပေးဘူးဆိုရင် ကျုပ်အဖမ်းခံနေရလောက်ပြီပေါ့၊ ကဲ မင်းကော ဟိုမန်ချူးကောင်နဲ့ ဘယ်လိုလဲ ပြောစမ်းပါဦး"

"ကျွန်မတို့ ဘာမှမပတ်သက်ပါဘူးရှင်"

ဟုန်ချိုင်းက အဖြစ်မှန်ကို ရှင်းပြလိုက်လေသည်။

ဝူးယို့ အံ့သြသွားသည်။

"ဒါ...ဒါဆို"

"ကျွန်မက အစ်ကိုကြီးကျင်းစန်းကိုကူညီဖို့ ကြိုးစားခဲ့တာပါ ရှင်"

ဝူးယို့က ကျင်းစန်းကို ကြည့်လိုက်သည်။

တဖန် မြေပေါ်ဒူးထောက်ကာ သူ့အားခွင့်လွှတ်ပါရန် တောင်းပန်လိုက်လေတော့သည်။

ကျင်းစန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်နေသည်။

ဝူးယို့က သတ္တိရှိခဲ့လျှင် သူ၏မိသားစု ဒုက္ခရောက်မည်မဟုတ်။

ဝူးယို့ သူရဲဘောကြောင်စွာ ထွက်ပြေးခဲ့ခြင်းကြောင့် ဒုက္ခရောက်ခဲ့ရခြင်းဖြစ်သည်ဟူသော အတွေးကို မနည်းဖျောက်ဖျက်နေရလေသည်။

ဝူးယို့က...

"ကျုပ် အသုံးမကျလို့ ညီလေးရဲ့မိသားစု ဒုက္ခရောက်ခဲ့ရတာပါ။ လန်အင်းတစ်ယောက်ပဲ လွတ်သွားပြီး ရှောင်လင်ကျောင်းကို ရောက်သွားတယ်လို့ သတင်းကြားခဲ့ရပါတယ်၊ ကျုပ်သာ သတ္တိရှိခဲ့ရင်"

ကျင်းစန်းက...

"လန်အင်းက ရှောင်လင်ကျောင်းကို ရောက်သွားတယ် ဟုတ်လား"

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းက သူ့ကိုလက်ခံစောင့်ရှောက်ထားပါတယ်"

ကျင်းစန်း ဝမ်းသာသွားလေသည်။

ရှောင်လင်ကျောင်းသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

ဝူးယို့ကို ကြည့်ပြီး...

"အစ်ကိုကြီးကို မေးရဦးမယ်၊ တောင်ကြားထဲမှာ ခမောက်ဆောင်းထားတဲ့လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ် ဟုတ်လား"

"ဟုတ်တယ် ညီလေး"

"အဲသည်လူက ဘယ်သူလဲ"

ဝူးယို့ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူဘယ်ဝါဆိုတာတော့ မသိဘူး၊ ဒါပေမယ့် သူဟာ အဆိပ်မယ်ညီအစ်မတော့ မဟုတ်ဘူး"

ကျင်းစန်းက...

"အဆိပ်မယ်တွေ မဟုတ်ရင် ဘယ်သူဖြစ်နိုင်မလဲ၊ ပြောပါဦး"

"သူက ယောကျ်ားတစ်ယောက်ပဲ၊ ဓားသိုင်းတော်တယ်၊ သူ့ရဲ့ဓားသိုင်းဟာ တရုတ်ပြည်မက ဓားသိုင်းမျိုးမဟုတ်တာ သေချာပါတယ်"

"မန်ချူးတစ်ယောက် ဆိုပါတော့"

"ဟုတ်တယ်၊ သူဟာ မန်ချူးတစ်ယောက်ဆိုတာ သေချာပါတယ်"

ယင်းဖိန်သည် စာပေသမားမုယုံ ရောက်ရှိလာသဖြင့်ရှောင်သွက်လာခဲ့လေသည်။

ဝမ်းမာက ဟုန်ချိုင်းအားခေါ်သွားသည်ကိုလည်း စိတ်မချနိုင်ပါချေ။

ဟုန်ချိုင်းအား ပိုးဖလံဂေဟာ၌ မထားတော့ဘဲ သူနှင့်တပါဘည်းခေါ်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ဟုန်ချိုင်း ထိတ်လန့်သွားလေသည်။

"သူ...သူဟာ"

ဝူးယို့က ဟုန်ချိုင်းရှေ့မှ အကာအကွယ်ပေးထားလိုက်လေသည်။

"ညီမ...ဘာမှမကြောက်နဲ့၊ ကျုပ်တစ်ယောက်လုံးရှိတယ်"

ဟုန်ချိုင်း ဝမ်းသာသွား၏။

ဝူးယို့ သူရဲဘောမကြောင်တော့ဘဲ ရဲရင့်လာပြီမဟုတ်ပါဘား။

ကျင်းစန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ ပြန်တွေ့ကြပြန်ပြီပေါ့"

ယင်းဖိန် ရယ်မောလိုက်သည်။

"ကျုပ်က မင်းတို့သုံးယောက်စလုံးကို ဖမ်းခေါ်သွားမှာပါ"

ပြောရင်း ရှေ့တိုးလိုက်လေသည်။

ကျင်းစန်း၏မျက်နှာ ခက်ထန်သွားသည်။

တောင်ကြားလမ်းထဲ၌ သေဆုံးနေသော သူ့မိသားစု၏အ

ကျင်းစန်းသည် ယင်းဖိန်၏မျက်နှာကို မြင်ယောင်မိလိုက်လေသည်။

ခမောက်ဆောင်းထားသူမှာ ယင်းဖိန်ပင် ဖြစ်ရမည်ဟု ခန့်မှန်းလိုက်လေသည်။

ဝူးယို့က...

"ကျုပ်က ခမောက်ဆောင်းထားတဲ့လူနဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ"

ဟုပြောလိုက်သည်။

ထိုအချိန်မှာပင်...

"ခင်ဗျား တော်တော်သတ္တိကောင်းနေပါလား"

အေးတိအေးစက် စကားသံနှင့်အတူ ယင်းဖိန် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

◆ ◆ ◆

လောင်းများကို မြင်ယောင်လာပြီး ဒေါသချုပ်တည်းမထားနိုင်တော့ဘဲ...

"သည်တစ်ခါ ခင်ဗျား မတတ်နိုင်တော့ပါဘူး"

ရှေ့သို့ခုန်ထွက်ကာ ယင်းဖိန်အား တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆

ယင်းဖိန်သည် စာပေသမားမုယုံ ရောက်ရှိသဖြင့် ရှောင်ထွက်ခဲ့လေသည်။

ဝမ်းမာနှင့် ဟုန်ချိုင်းတို့ကိုလည်း စိတ်မချသဖြင့် နောက်မှ လိုက်သွားခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကျင်းစန်း၊ ဂူးယို့တို့နှင့် ဆုံတွေ့မိလိုက်ခြင်းဖြစ်လေသည်။

ဂူးယို့သည် ဝမ်းမာကို မုန်းတီးနေသည့်အလျောက် သုတ်သင်ရှင်းလင်းပစ်လိုက်လေသည်။

ကျင်းစန်းက ယင်းဖိန်အား တိုက်ခိုက်လိုက်သောအခါ...

"ကျုပ်လည်း ရှိပါသေးတယ်ဗျာ"

ဂူးယို့က ခုန်ဝင်လာလေတော့သည်။

သူက ကျင်းစန်းနှင့်လက်တွဲကာ ယင်းဖိန်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

နှစ်ယောက်သား လက်တွဲကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြလျှင် ယင်းဖိန် နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

ဂူးယို့က...

"ကျင်းစန်း...သူ့ရဲ့တိုက်ကွက်ကိုကြည့်ရတာ တောင်ကြားသဲက ခမောင်ဆောင်းထားတဲ့လူနဲ့ ခပ်ဆင်ဆင်ရှိတယ်"

ဟု ပြောလိုက်လေသည်။

ကျင်းစန်း ဒေါသ ထွက်သွားလေတော့သည်။

"သိကြသေးတာပေါ့"

ယင်းဖိန်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

အမှန်တော့ ကျင်းစန်း၏ သိုင်းပညာမှာ ယင်းဖိန်ထက်ဆင့်နိမ့်ကျနေသည်ဟု ဆိုနိုင်ပါသည်။

ဒေါသကြောင့် တရကြမ်းတိုက်ခိုက်လိုက်ရာ ယင်းဖိန် နောက်ဆုတ်ပေးလိုက်ရပြန်လေတော့သည်။

ဂူးယို့က...

"ကျုပ်လည်း ကူညီမယ်"

အော်ပြောရင်း ပြေးလိုက်လာကာ ကျင်းစန်းအား ကူညီလိုက်လေသည်။

သို့သော်...

ယခုတစ်ကြိမ် သူက ကူညီဟန်ပြကာ ဒုက္ခပေးလိုက်ခြင်းဖြစ်လေသည်။

ယင်းဖိန်အား တိုက်ခိုက်မလိုနှင့် ကျင်းစန်းအား သွေးကြော

ဝိတ်လိုက်လေသည်။

ကျင်းစန်းမှာ အငိုက်မိသွားကာ...

"အင့်"

သွေးကြောပိတ်ခံရကာ မလှုပ်မယှက်ဖြစ်သွားလေတော့သည်။

"တောက်...ခင်ဗျား ယုတ်မာလှချည်လား"

ကျင်းစန်း အော်ပြောလိုက်လေသည်။

ဝူးယို့ ရယ်မောလိုက်သည်။

"ကျင်းစန်း မင်းက ကျုပ်ကို သေတွင်းထဲခွဲခေါ်ခဲ့တာကိုး"

"ခင်ဗျား"

"ကျုပ်က မင်းကိုကူညီဖို့ ကြိုးစားခဲ့တာကြောင့် ဒုက္ခရောက်ခဲ့ရတယ်၊ ဟုန်ချိုင်းနဲ့ကွဲခဲ့ရတယ်၊ ဟုန်ချိုင်းက ပိုးဖလံဂေဟာကို ရောက်ခဲ့ရတယ်"

ဟုန်ချိုင်း အော်ပြောလိုက်သည်။

"ရှင် မတရားမပြောနဲ့၊ ကျွန်မဟာ အခြေအနေအရ ပိုးဖလံဂေဟာမှာ နေခဲ့ရတယ်ဆိုပေမယ့် ရှင်ထင်သလို မဟုတ်စီးခဲ့ဘူး ရှင်ဟာ သူရဲဘောကြောင်တဲ့အပြင် လူယုတ်မာတစ်ယောက် ဖြစ်နေပြီ"

ဝူးယို့က သစ္စာဖောက်ကာ ကျင်းစန်းအား သွေးကြောပိတ်လိုက်သည်ကိုတွေ့ရလျှင် ဟုန်ချိုင်းက အခြေအနေကို ရိပ်မိသွားလေသည်။

ဝူးယို့သည် ယခုတိုင် သူမအား အထင်လွဲနေသည့်အပြင် ကျင်းစန်းကြောင့် ဒုက္ခရောက်ရသည်ဟု အငြိုးထားနေသည် မဟုတ်ပါလား။

ဝူးယို့မှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီဖြစ်ကြောင်း သူမ နားလည်ထားလေတော့သည်။

ဝူးယို့သည် ကျားနာတစ်ကောင်ပမာ ဖြစ်နေသည်။

ဟုန်ချိုင်းကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ဟုန်ချိုင်း...မင်းက ကျင်းစန်းကို ကူညီချင်တာကြောင့် အစအရာရာ အနစ်နာခံခဲ့တယ် မဟုတ်လား၊ အေး ဆက်ပြီး အနစ်နာခံလိုက်ဦးပေါ့၊ မင်းကြောင့် ငါဘယ်လောက် ဒုက္ခရောက်ခဲ့ရသလဲဆိုတာ မင်းသိသလား"

ဟုန်ချိုင်း ခါးထောက်လိုက်သည်။

"ရှင်က ဘာတွေများ ဒုက္ခရောက်ခဲ့ရတာလဲ၊ ပြောစမ်းပါဦး ရှင့်"

"ငါ ခံပြင်းလွန်းလို့ ယင်းဖိန်ကိုသတ်ဖို့ မြို့စားဂေဟာကို သိုက်သွားတယ်၊ ဟိုရောက်တော့ ယင်းဖိန်ကို မတွေ့ဘဲ မြို့စားကြီးကိုတွေ့လို့ သတ်ပစ်ဖို့ကြိုးစားခဲ့တာ"

ဟုန်ချိုင်း မဲ့ပြုံးပြုံးလိုက်လေသည်။

"သတ်ပစ်လိုက်လည်း ကောင်းတာပေါ့ရှင်"

"အေး ငါက မသတ်နိုင်ဘဲ အဖမ်းခံလိုက်ရတယ်ဆိုတာ မင်းသိသလား"

"သိပ်ကောင်းတာပေါ့ရှင်"

"ဘာပြောတယ်"

"ရှင်မှအသုံးမကျတာပဲ၊ အဖမ်းခံလိုက်ရတာတောင် နည်းသေးတယ်"

"မင်း...မင်း"

ဝူးယို့က ဟုန်ချိုင်းအား ပါးရိုက်ချလိုက်လေသည်။

"ဖြန်း"

ဟုန်ချိုင်းက နီရဲသွားသော ပါးပြင်ကို လက်ဖြင့်ပွတ်လိုက်လေသည်။

သူမ မတုန်မလှုပ်ရှိနေ၏။

"ရှင် ဘာကြောင့် ကျွန်မကို သတ်မပစ်လိုက်တာလဲရှင့်"

"စိတ်ချ မင်းကို သတ်ပစ်တာထက် ဆိုးသွားစေရမယ်"

"ဟင်း...ဟင်း...ကျွန်မကို ယင်းဖိန်လက်ထဲ အပ်လိုက်မယ် မဟုတ်လား"

"ဩော်...မင်းရိပ်မိနေတာကိုး"

"ကျွန်မက ရှင်နဲ့ပေါင်းသင်းလာတဲ့ ဇနီးမယားတစ်ယောက်ပါရှင်၊ ရှင့်ရဲ့စိတ်နေသဘောထား ဘယ်လိုရှိတယ်ဆိုတာ ကောင်းကောင်းသိတာပေါ့ရှင်"

"ဟား...ဟား...ဟား"

ဝူးယို့က ဟားတိုက်ရယ်မောလိုက်လေသည်။

"အေး...ငါ့ကို မြို့စားဂေဟာကလူတွေ ဖမ်းမိသွားခဲ့ကြ

တယ်၊ ယင်းဖိန်ကြောင့် ငါအသတ်မခံရတာ၊ ဒါကြောင့် ယင်းဖိန်ကို ငါကျေးဇူးပြန်ဆပ်ရမယ်၊ သူခိုင်းတာလုပ်ရမယ်"

"ရှင်...ရှင်လူယုတ်မာ"

ဟုန်ချိုင်း ဒေါသတကြီးဖြစ်သွားသော်လည်း ဘာမှမတတ်နိုင်တော့ပါချေ။

ယင်းဖိန်က...

"ဝူးယို့က ကျေးဇူးသိတတ်သလို ညီမလည်း ကျေးဇူးသိတတ်လိမ့်မယ် ထင်ပါတယ်"

ဟုပြောလာလေသည်။

ဟုန်ချိုင်းက...

"ရှင်တို့ ကျွန်မကို ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားပါ"

သူမသည် ဓားမြှောင်တစ်ချောင်း ဆွဲထုတ်ကာ ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

သူမ ထိုသို့ပြုလုပ်မည်ဟု မည်သူမျှ မထင်လိုက်ကြပါချေ။

သူမ၏လှုပ်ရှားမှုက လျင်မြန်လွန်းလှသည် မဟုတ်ပါလား။

ဟုန်ချိုင်း၏ရင်ဝ၌ သွေးချင်းချင်း နီရဲသွားလေသည်။

သူမ မဟန်နိုင်တော့ဘဲ မြေပေါ် ဒူးထောက်ကျသွားလေသည်။

ဝူးယို့ မျက်လုံးပြူးသွားသည်။

"ဟုန်ချိုင်း...မင်းဘာကြောင့် သည်လိုလုပ်ရတာလဲ"

ဟုန်ချိုင်း မှုံပြီးပြီးလိုက်သည်။

"ယင်းဖိန်က ရှင့်ကို ဘာကြောင့် ချမ်းသာပေးထားသလဲဆို တာ ရှင်သိသလား"

ဝူးယို့က...

"မင်းရဲ့မျက်နှာကြောင့်ပေါ့"

ဟုန်ချိုင်းက...

"မှန်တာပေါ့ရှင်၊ သူက ရှင့်ကိုဂရုစိုက်မှာမှမဟုတ်တာ ကျွန်မ မရှိတော့ဘူးဆိုရင်..."

သူမ စကားဆုံးအောင် မပြောနိုင်တော့ပါ။

မြေပေါ်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

ဝူးယို့ ရင်ထိတ်သွားသည်။

ဟုန်ချိုင်းကို ကြည့်နေရာမှ ယင်းဖိန်ဘက်သို့ လှည့်ကြည့် လိုက်၏။

ယင်းဖိန်ကလည်း သူ့အား အေးတိအေးစက် ကြည့်နေ သည်ကို တွေ့လိုက်ရလေသည်။

"ဟုန်ချိုင်း ပြောသွားတာကို ခင်ဗျားကြားတယ် မဟုတ် လား"

"ကျွပ်"

ဝူးယို့သည် အခြေအနေ မဟန်မှန်းသိလျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်

သို့သော်...

အဝေးသို့ ပြေးသွားနိုင်ခြင်း မရှိပါ။

လူနှစ်ယောက်က လမ်းပိတ်ထားလိုက်ခြင်းကြောင့် ဖြစ် လေသည်။

♦ ♦ ♦

လမ်းပိတ်ထားသူနှစ်ယောက်မှာ ဂုံးရှောင်နှင့်မုယုံတို့ဖြစ် လေသည်။

ဝူးယို့ အော်ငေါက်လိုက်လေသည်။

"မသေချင်ရင် လမ်းဖယ်လိုက်ကြစမ်း"

ဖုံးရှောင် ပြုံးလိုက်သည်။

"ခင်ဗျား သွားချင်တယ်ဆိုရင် ကျုပ်တို့ကိုကျော်ဖြတ်နိုင်မှ သွားလို့ရမယ်ဗျ"

စာပေသမားမုယုံက အေးအေးဆေးဆေး လက်ပိုက်ကြည့် နေသည်။

သူတို့နှစ်ယောက်သည် ဟုန်ချိုင်းက ဓားမြှောင်ဖြင့် ရင်ဝကို ဆိုးစိုက်ချလိုက်ပြီးမှ ရောက်လာခြင်းဖြစ်ရာ ဘာမှမတတ်နိုင်တော့ ပါချေ။

ဝူးယို့က...

"သေပေတော့"

ကြုံးဝါးရင်း ဖုံးရှောင်အား တိုက်ခိုက်လိုက်လေသည်။

ဖုံးရှောင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ဝုန်း"

ဖုံးရှောင် နောက်ဆုတ်ပေးလိုက်ရတော့သည်။

ဂူးယို့က ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

မုယုံက...

"ဖုံးရှောင် မင်းက ရှေ့တိုးပြီး လက်ဝါးနဲ့ရိုက်ပါ၊ ခြေတစ်ဘက်လည်း မြောက်လိုက်ပါ၊ ပြီးရင် ကျန်တဲ့ခြေတစ်ချောင်းကို အားပြုပြီး အပေါ်ခုန်တက်လိုက်ပါ၊ မင်းရဲ့ခြေနှစ်ချောင်းက သူ့ကို ကန်ကျောက်ပြီးသား ဖြစ်နေရမယ်"

ဟု လှမ်းပြောလိုက်လေသည်။

ဖုံးရှောင် ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ မုယုံက မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကို သူ့အား သင်ပေးနေခြင်းဖြစ်ကြောင်း သဘောပေါက်ကာ...

"ယား"

မုယုံ ပြောသည့်အတိုင်း တိုက်ခိုက်လိုက်လေသည်။

ဖုံးရှောင်၏ တိုက်ကွက်က ရိုးစင်းနေပါသည်။

သို့သော် ဂူးယို့ မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။

"ဝုန်း"

"အား"

ဖုံးရှောင်၏ခြေထောက်ကန်ချက်ကြောင့် ဂူးယို့ အဝေးသို့

ငွေ့စဉ်သွားပြီး ယင်းဖိန်အနီးသို့ ရောက်ရှိသွားလေတော့သည်။

ယင်းဖိန်က ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဝုန်း"

ဂူးယို့၏ရင်ဝမှ အရိုးများ ကျိုးကြေကာ ပါးစပ်ထဲမှသွေးများ အန်ထုတ်လိုက်သည်။

မြေပေါ် အရုပ်ကြိုးပြတ်ပုံလျက်သားကျကာ မလှုပ်မယှက် ဖြစ်သွားလေသည်။

ယင်းဖိန်သည် ဂူးယို့အား တိုက်ခိုက်ပြီးသည်နှင့် နောက်ဆုတ်ခုန်ထွက်သွားတော့သည်။

သူ၏လှုပ်ရှားမှု လျင်မြန်လွန်းလှသည်ဖြစ်ရကား ဖုံးရှောင်နှင့်မုယုံတို့ ဟန့်တားဖို့အချိန်မရလိုက်ချေ။

ယင်းဖိန်သည် သစ်ပင်များကြားသို့ ရောက်ရှိသွားပြီး တခဏအတွင်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

◆ ◆ ◆

ဟုန်ချိုင်းနှင့်ဂူးယို့တို့ ဇနီးမောင်နှံနှစ်ယောက်စလုံး သေဆုံးသွားကြပြီ ဖြစ်လေသည်။

ယင်းဖိန်လည်း ထွက်ပြေးရှောင်တိမ်းသွားပြီဖြစ်သည်။

ဖုံးရှောင်က မုယုံကို ဦးညွှတ်လိုက်သည်။

"အစ်ကိုကြီး သွန်သင်ညွှန်ပြပေးလို့ သူ့ကို အနိုင်ယူလိုက်နိုင်တာ ကျေးဇူးပါပဲဗျာ"

မုယုံ ပြုံးလိုက်သည်။

"မန်ချူးတွေက မျိုးချစ်သိုင်းသမားတွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ သူတို့ရဲ့လက်ရွေးစင် သိုင်းသမားတွေအပြင် အနက်ရောင်သိုင်းသမားတွေကိုပါ အသုံးပြုနေကြတယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့ ကြေးစားသိုင်းသမားတွေဟာ ငွေမျက်နှာတစ်ခုထဲကို ကြည့်ပြီး မန်ချူးတွေအတွက် အလုပ်လုပ်ပေးနေကြတာပေါ့"

"သူတို့က..."

"မျိုးချစ်သိုင်းသမားတွေကို လုပ်ကြံနေကြတာပေါ့"

ဖုံးရှောင် မကျေမနပ် ဖြစ်သွားလေသည်။

"တော်တော်ဆိုးတဲ့ လူတွေပဲ"

မုယုံက....

"သူတို့ဟာ မျိုးချစ်သိုင်းသမားတွေကို လုပ်ကြံနေကြတယ်လေ"

ဖုံးရှောင် အံကြိတ်လိုက်သည်။

"သည်လူတွေကို ကျွန်တော် ဆုံးမပစ်မယ်"

မုယုံ ရယ်မောလိုက်သည်။

"မင်းပြောတာကို သဘောကျပါတယ်၊ ဒါပေမယ့် မင်းရဲ့ သိုင်းပညာနဲ့ သူတို့ကို ယှဉ်နိုင်ပါ့မလား"

ဖုံးရှောင် ငိုင်သွားလေသည်။

သူက သိုင်းပညာသင်ယူထားသော်လည်း သူ၏ပညာမှာ အဆင့်ပညာလောက်သည်မဟုတ်ကြောင်း လက်တွေ့သိခဲ့ရပြီးဖြစ်သည်။

ယင်းဖိန်မဆိုထားနှင့် ဂူးယို့ကိုပင် ယှဉ်နိုင်ရန် ခက်ခဲနေသည် မဟုတ်ပါလား။

မုယုံက....

"မင်းက အချိန်အားရတာနဲ့ ဆက်ပြီးကြိုးစားလေ့ကျင့်သွားမယ်ဆိုရင် မင်းရဲ့ပညာ တိုးတက်လာမှာပါ၊ ထိပ်တန်းကိုရောက်ချင်တယ်ဆိုရင်တော့ ဇွဲရှိရမယ်၊ အပင်ပန်းခံနိုင်ရမယ် မဟုတ်လားကွာ"

ဖုံးရှောင် ခေါင်းညိတ်လိုက်သည်။

"အစ်ကိုကြီးပြောတာ မှန်ပါတယ်၊ ကျွန်တော်က ပေါ့ပေါ့ဆဆနေခဲ့မိပါတယ်၊ ဖေဖေမရှိတော့တဲ့နောက်မှ သိုင်းလောကထဲရောက်လာတာပါ၊ မန်ချူးတွေက နေရာတကာ အနိုင်ကျင့်နေတာကို တွေ့ရလို့ လက်ပိုက်ကြည့်မနေနိုင်ဘဲ ဆုံးမဖို့ကြိုးစားမိတာကစပြီး ဆရာကျင်းစန်းတို့နဲ့ ပတ်သက်ခဲ့ရပြီး အမိန့်တံဆိပ်တော်အရှုပ်တော်ထဲ ပါဝင်ပတ်သက်ခဲ့ရတာပါ"

မုယုံက....

"မင်းရဲ့ စိတ်နေသဘောထားကို ချီးကျူးပါတယ်၊ ကျူပ်က

မင်းကို သိုင်းပညာသင်ပေးမယ်ဆိုရင်ကော ဘယ်လိုသဘောရသ
လဲ"

"ဗျာ"

ဖုံးရှောင်မှာ ကြားလိုက်ရသောစကားကို မယုံနိုင်အောင်
ဖြစ်သွားလေသည်။

မုယုံကို စိုက်ကြည့်လိုက်သည်။

"အစ်ကိုကြီး သင်ပေးမယ် ဟုတ်လား"

မုယုံ ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့"

ဖုံးရှောင် ဝမ်းသာသွားလေသည်။

မုယုံအား ယင်းဖိန်သည်ပင် မယှဉ်ဝံ့ဘဲ ရှောင်တိမ်းသွားခဲ့
သည် မဟုတ်ပါလား။

မုယုံမှာ ကြောင်လက်သည်းဝှက်သကဲ့သို့ သိုင်းပညာကို
လျှို့ဝှက်ထားသူဖြစ်ကြောင်း နားလည်လိုက်လေသည်။

မုယုံက...

"ကျုပ်က ကျားနှစ်ကောင်နဲ့ ကျင်းစန်းတို့ ချိန်းထားတဲ့
ဘုံကျောင်းကို ဘာကြောင့် အချိန်မီရောက်မလာနိုင်တာလဲဆိုတာ
မင်းသိသလား"

ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသိပါဘူး"

မုယုံက...

"အမိန့်တံဆိပ်တော်ကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ မျိုးချစ်
သိုင်းသမားတွေကို လုပ်ကြံဖို့ မန်ချူးအကြီးအကဲက အမှောင်လော
ကကြေးစားလူသတ်သမားကိုးယောက်ကို ငှားရမ်းထားတယ်လို့
ထင်ရလိုက်တာကြောင့်ပဲပေါ့"

ဖုံးရှောင် စိတ်ဝင်စားသွားလေသည်။

"သိုင်းလောကမှာ ကြေးစားကိုးယောက်ဟာ အင်မတန်
ကြောက်စရာကောင်းတဲ့ လူတွေလို့ ကျွန်တော် ကြားဖူးပါတယ်"

မုယုံက...

"သူတို့က မန်ချူးတွေဆီက ပိုက်ဆံယူပြီး မျိုးချစ်သိုင်းသ
မားတွေကို လုပ်ကြံနေကြတာ သူတို့လက်ချက်ကြောင့် သေဆုံးသွား
ခဲ့တဲ့ မျိုးချစ်သိုင်းသမားတွေ မနည်းတော့ဘူး"

ဖုံးရှောင်က...

"မန်ချူးအကြီးအကဲ လက်အောက်မှာလည်း လူသတ်သ
မားတွေ ရှိနေတာ"

"အဲဒါက မန်ချူးသိုင်းသမားတွေပါ၊ ယင်းဖိန်တို့လူစုလည်း
ပေါ်ယောက်လောက် ရှိတယ်၊ အမှောင်လောကကလူ တချို့ပါဝင်
တာမေ့ အများစုကတော့ မန်ချူးတွေပါပဲ"

ဖုံးရှောင် အနည်းငယ် စဉ်းစားပြီး မေးလိုက်သည်။

"ဒါထက် အစ်ကိုကြီးက အမှောင်လောကက ကြေးစားတွေ
ခေါ်ခိုင်းခဲ့သေးတယ် ဟုတ်လား"

"ဒါပေါ့"

မုယုံ ပြုံးလိုက်သည်။

"သူတို့ကို ကြိုတင် မဆုံးမထားနိုင်ဘူးဆိုရင် အခြေအနေက ပိုဆိုးသွားလိမ့်မယ်၊ မြို့ထောင်ဘုံကျောင်းရှေ့မှာ သွေးချောင်းစီးသွားမှာပဲ"

"လက်စသပ်တော့ အစ်ကိုကြီးဟန့်တားခဲ့လို့ ကြေးစားတွေ ရောက်မလာနိုင်တာကိုး၊ အစ်ကိုကြီးလည်း အချိန်မီ ရောက်မလာနိုင်တာကိုး"

မုယုံက...

"အင်း ကြေးစားတွေကို လွယ်လွယ်နဲ့ ဟန့်တားနိုင်ခဲ့တာတော့ မဟုတ်ပါဘူး၊ ညီလေးသိအောင် ပြောလိုက်ရင် ကျုပ်ဟာ စာပေသမားမုယုံဆိုတဲ့ အမည်ဝှက်နဲ့ သည်အရပ်ဒေသကို လာခဲ့ပေမယ့် သိုင်းလောကသားတွေကတော့ ကျုပ်ကို ထန်ကျားကျေးရွာက သခင်လေးထန်ချီလို့ သိထားကြပါတယ်"

"ဟာ"

ဖုံးရှောင် လွတ်ခနဲ အော်လိုက်လေသည်။

သူ သိုင်းပညာသွားရောက်သင်ယူစဉ်က သူ၏ဆရာသည် သိုင်းလောကနှင့် သိုင်းလောကသားများအကြောင်း ပြောပြခဲ့လေသည်။

ဆရာဖြစ်သူ ပြောပြသည့်အထဲ၌ ကြေးစားသိုင်းသမားများအကြောင်းနှင့် ထန်ကျားကျေးရွာမှ သခင်လေးထန်ချီအကြောင်း ပါဝင်ခဲ့လေသည်။

ထန်ချီသည် မကောင်းသူပယ် ကောင်းသူကယ် အဖြူအောင် သိုင်းသမားတစ်ယောက်ဖြစ်ပြီး သိုင်းမင်းသားဟု တင်စားခေါ်ဆိုခြင်းခံရသူ ဖြစ်လေသည်။

"လက်စသတ်တော့ အစ်ကိုကြီးဟာ ထန်ကျားကျေးရွာက သိုင်းမင်းသားထန်ချီကိုး"

"ဟုတ်တယ် ညီလေး၊ ကျုပ်က အမိန့်တံဆိပ်တော်ကိစ္စမှာ စာပေသမားမုယုံဆိုတဲ့အမည်ဝှက်နဲ့ လူပ်ရှားနေတာ မြေအောင်းကျားတို့လိုပေါ့၊ အင်း မန်ချူးတွေ ငှားရမ်းထားတဲ့ ကြေးစားတွေကို ရင်ဆိုင်ခဲ့ရတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး"

ကြေးစားသိုင်းသမားများနှင့် ရင်ဆိုင်ခဲ့ရပုံကို ပြောပြလိုက်လေတော့သည်။

♦ ♦ ♦

ဓားသမား

မိုးလင်းခါနီး ဖြစ်သည်။

သို့သော်...

လရောင်ကား ရှိနေသေးသည်။

ထန်ချီသည် မလှုပ်မယှက် တစ်ယောက်တည်း ရပ်တ
လျှက်ရှိသည်။

တစ်စုံတစ်ယောက်ကို စောင့်မျှော်နေခြင်း ဖြစ်ပေသည်

ရုတ်တရက်...

နှင်းတွေဝေနေသည့်ကြားမှ လူတစ်ယောက် ပေါ်ထွက်လ
လေတော့သည်။

ထိုလူသည် တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထား၏

သူ၏မျက်နှာကို ကြီးမားသော ခမောက်က ကွယ်ထားသ
ဖြင့် မမြင်ရပါချေ။

ထိုလူ၏ယာဘက်လက်သည် အောက်သို့ အနေတော်ချ
ထား၏။

ဝဲဘက်လက်တွင် ဓားရှည်တစ်လက်ကိုင်ထားလေသည်။

အလွန်ရှည်လျားသော ဓားရှည်တစ်လက်ပင် ဖြစ်သည်။

ထိုလူသည် ရှေ့သို့ တစ်လှမ်းချင်းတစ်လှမ်းချင်း ရွေ့လျား
နေသည်။

သူရွေ့လျားလိုက်သည့်အခါတိုင်း မြေပေါ်၌ ခြေရာနှစ်ခုနှင့်
ဒဲ့ဒိုင်းစက်သောအရာတစ်ခုက ပေါ်လွင်နေပေသည်။

သူ၏ဓားသည် သူ့အဖို့ ချိုင်းထောက်သဖွယ် အသုံးပြုနေ
သောကြောင့် ဖြစ်သည်။

သူ လမ်းလျှောက်ရာ၌ အင်မတန် သတိဝိရိယဖြင့်လျှောက်
နေ၏။

ခြေထောက်လှမ်းတိုင်း အသံမကြားစေရန် ခြေကိုဖော့နင်း
၍လျှောက်နေသည်။

ထိုလူသည် ထန်ချီ၏နောက်ကျောသို့ လျှောက်လာနေခြင်း
ဖြစ်သည်။

ထန်ချီသည် လုံးဝ သတိပြုမိခြင်း မရှိသကဲ့သို့ မတ်တတ်
ရပ်နေမြဲ ရပ်နေ၏။

ထိုလူက ထန်ချီနှင့် တစ်လံခန့်အကွာတွင် ရပ်တန့်လိုက်

လေသည်။

ထိုအကွာအဝေးသံသည် သူ၏ရှည်လျားလှသောဓားရှိသည့် အကွာအဝေးပင် ဖြစ်လေသည်။

ထန်ချီသည် ချာခနဲလှည့်ကြည့်လိုက်သည်။

ထိုအခါ...

သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင် ဖြစ်သွားလေသည်။

ထိုလူသည် ထန်ချီအား တွေ့လိုက်သောအခါ အံ့အားသင့်သွားလေသည်။

လက်က မသိမသာဓားကို အသုံးပြုလိုက်ရာ သူ၏ဓားသည် မြေကြီးထဲသို့ တစ်ပေခန့် စိုက်ဝင်သွားလေသည်။

ထိုဓားရှည်ကို တွေ့လိုက်ရသည့်အခါ ထန်ချီသည် အံ့ဩသွားလေသည်။

သူ၏နှုတ်မှလည်း...

"ရီကောင်း"

ဟု လွတ်ခနဲ ထွက်သွားတော့သည်။

♦ ♦ ♦

ရီကောင်းသည် ဓားရှည်ကိုင်ဓားသမား ဖြစ်ပြီး အလွန်ကျော်ကြားခဲ့သူ ဖြစ်လေသည်။

သို့သော်...

သူသည် ဇာတ်မြုပ်နေသည်မှာ ကြာပြီဖြစ်လေသည်။

ကြေးစားကိုးယောက်အဖွဲ့ထဲတွင် ရီကောင်းလိုလူမျိုး တစ်ယောက် ပါရှိလိမ့်မည်ဟု ထန်ချီ လုံးဝမမျှော်လင့်ထားချေ။

"ကျုပ်ကို ခင်ဗျားသိတယ် ဟုတ်လား"

ရီကောင်းသည် ဆောင်းထားသော ခမောက်ကိုချွတ်ပစ်၍ စစ်လွှင့်လိုက်ရင်း ပြန်မေးလိုက်သည်။

ခမောက်ကျွတ်သွားသောအခါ သူ၏ပိန်ရှည်သော မျက်နှာအထင်းသား ပေါ်ထွက်လာသည်။

"ကျုပ် ခင်ဗျားကို မသိပါဘူး၊ ဓားကိုကြည့်ပြီး ခေါ်လိုက်မိတာပါ"

ထန်ချီသည် လွှင့်လာသော ခမောက်ကိုဆီး၍ဖမ်းလိုက်ရင်း ပြောသည်။

ထို့နောက် ဆက်လက်၍...

"ခင်ဗျားလို လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျုပ် လုံးဝမမျှော်လင့်ခဲ့မိဘူး"

ထန်ချီက ပြောလိုက်ခြင်းဖြစ်သည်။

ရီကောင်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး...

"ခြောက်ပေဓားကိုသုံးတဲ့လူဟာ လောကပေါ်မှာ ကျုပ်

တစ်ယောက်တည်းပဲ ရှိပါတယ်လေ”

ထန်ချီ သက်ပြင်းတစ်ချက်ချလိုက်၏။

“ခင်ဗျားဘဝ တော်တော်နှမြောဖို့ ကောင်းတယ်ဗျာ”

ရီကောင်းသည် ထန်ချီကို စူးစိုက်ကြည့်လိုက်သည်။

“မင်းက ဘာတွေများ နှမြောနေရတာလဲ”

ထန်ချီက တစ်ချက်ပြုံး၍...

“ရီကောင်းဆိုတာ နာမည်ကျော်ဓားသမား တစ်ယောက်ပဲ အခုတော့ ဆိုးသွမ်းတဲ့ ဓားသမားတစ်ယောက်ဖြစ်နေလို့ နှမြောမိတာပေါ့”

ရီကောင်းက ခြောက်ကပ်ကပ်ဖြင့် ရယ်လိုက်ပြီး ဓားကို ဆွဲထုတ်လိုက်လေသည်။

အရာဏ်ဦး၏ရောင်ခြည်သည် ခေါင်းပြုစုပြုလာပေပြီ။

နှင်းတွေက ပို၍ဝေ့လာ၏။

“ယား”

စူးရှသော ညာသံနှင့်အတူ ရီကောင်း၏ခန္ဓာကိုယ်သည် အပေါ်သို့မြောက်တက်သွားလေသည်။

သူ၏ဓားသည် လျှပ်တပြက်အတွင်း ထန်ချီအား ခုတ်ခဲ့လိုက်လေသည်။

ထန်ချီက တစ်ချက်ပြုံးလိုက်ပြီး လက်ထဲမှခမောက်အား ပစ်လိုက်သည်။

တဆက်တည်းပင်...

ခန္ဓာကိုယ်သည် နောက်သို့ လျင်မြန်စွာ ဆုတ်သွားသည်။

ခမောက်သည် ရီကောင်း၏ဓားချက်မိသွားသောကြောင့် အစိတ်စိတ်အမွှာမွှာဖြစ်ကာ လွင့်စဉ်သွားလေသည်။

ရီကောင်း၏ဓားချက်သည် သိုင်းကွက်သုံးကွက်တွင် ဓားချက်ခုနစ်ချက် ခုတ်ချခြင်းဖြစ်သည်။

ခြောက်ပေမျှရှည်သောဓားသည် ဤမျှ လျင်မြန်စွာ အသုံးပြုနိုင်ခြင်းကြောင့် ရီကောင်းသည် ယနေ့တိုင် ထိပ်တန်းဓားသမား တစ်ယောက်အဖြစ် ကောင်းမွန်စွာ ရပ်တည်နိုင်ခြင်းဖြစ်သည်။

ထန်ချီ၏ခန္ဓာကိုယ်သည် လှုပ်ရှားခြင်း၊ ရှောင်တိမ်းခြင်း၊ နောက်ဆုတ်ခြင်းဖြင့် ရီကောင်း၏ဓားချက်ကိုလွတ်အောင် ရှောင်ဘိမ်းနေရ၏။

ရီကောင်း၏ဓားသည် ထိုးခုတ်ဝေ့ဝိုက်စသည် တိုက်ခိုက်မှုများဖြင့် ရေပက်မဝင်သော လျင်မြန်ခြင်းများဖြင့်လည်းကောင်း ထန်ချီအား တိုက်ခိုက်နေလေသည်။ သို့သော်...

ထန်ချီ၏ခန္ဓာကိုယ်သည် ရီကောင်း၏ပြင်းထန်သော တိုက်ခိုက်မှုများကို ရှောင်တိမ်းနိုင်ခဲ့သည်။

ရီကောင်းက တစ်ချက်မဲ့ပြုံးပြီးလိုက်ပြီး ဓားကို ဝေ့ယမ်းကာ တိုက်ခိုက်နေသည်။

အားမာန်အပြည့်ဖြင့် ထန်ချီက ပိုမိုလျင်မြန်စွာ ခုခံနေရပေသည်။

◆ ◆ ◆

နှင်းများကြားမှ လူရိပ်နှစ်ခုသည် နွယ်ပင်များကြားတွင် ကူးလူးရောယှက် လှုပ်ရှားနေပေသည်။

တစ်ဘက်တစ်ချက်မှ နွယ်ပင်ကိုင်းပင်များသည် ဓားဏ်ငေ့ယမ်းခြင်းကြောင့် အပိုင်းပိုင်း အစိတ်စိတ်ပြတ်ကာ လွင့်စဉ်ကုန်တော့သည်။

ထန်ချီသည် နွယ်ပင်များကြားမှ နောက်သို့ဆုတ်မြဲဆုတ်နေသည်။

သူသည် နောက်သို့ဆုတ်နေသော်လည်း နွယ်ပင်များကို ကျွမ်းကျင်စွာ ရှောင်တိမ်းနိုင်ခဲ့သည်။

သူ့ထက်စာလျှင် ရီကောင်းက ပို၍ပင်ပန်းပေသည်။

ရီကောင်းမှာ ဓားကရှည်နေသောကြောင့် သူ၏တိုက်ကွက်သည် နွယ်ပင်များကို မလွတ်ဘဲ နွယ်ပင်များသည် ဓားနှင့်ထိကာ အပိုင်းပိုင်းအစိတ်စိတ်ပြတ်ထွက်သွားသည်။

အထူးသဖြင့်...

ရီကောင်းသည် လေကိုဆန်၍ တိုက်ခိုက်နေရသောကြောင့် လေ၏တိုက်ခတ်မှုဖြင့် မျက်လုံးများ ပူစပ်ပူလောင်ဖြစ်လာတော့သည်။

ရီကောင်းသည် သိုင်းကွက်ငါးဆယ်ကျော်သည်အထိ တစ်စပ်တိုက်ခိုက်ခဲ့ပြီးနောက်ဝယ် သူ၏ခြေလှမ်းသည် အနည်းငယ်လေးလံလာတော့သည်။

ခြေကုန်လက်ပန်းကျလာခြင်း ဖြစ်သည်။

သို့သော်...

သူက အံတင်းတင်းကြိတ်ကာ ထန်ချီအား အဓိအရခုတ်ရန် သံကြပ်မကွာ လိုက်နေသည်။

ထန်ချီက သစ်ပင်များကို အကာအကွယ်ယူသည်။

ကိုယ်ဖော့ပညာကို အသုံးပြုပြီး တိမ်းရှောင်သည်။

ရီကောင်းသည် ဓားကိုဆင့်၍ဆင့်၍ ငေ့ယမ်းနေသည်။

သူ၏ဓားအား တစ်ချက်မိသည်နှင့် အသက်နှင့်ခန္ဓာကိုယ် အစိုးစားကွဲသွားမည်သာ ဖြစ်သည်။

ထန်ချီသည် ရုတ်တရက် သစ်ပင်နှစ်ပင်ကြားမှ တိမ်းရှောင်သည်။

ရီကောင်းသည် ထန်ချီ၏ရင်ဝသို့ ချိန်ရွယ်ကာ ထိုးချလိုက်သည်။

ထန်ချီသည် ဝဲဘက်သို့ကပ်၍တိမ်းရှောင်လိုက်သည်။

သူ့နောက်တွင် သစ်ပင်တစ်ပင် ရှိနေ၏။

ထိုသစ်ပင်သည် ထန်ချီ၏ခန္ဓာကိုယ်ကွယ်ထားသဖြင့် ရီကောင်း မတွေ့မမြင်လိုက်ချေ။

ထန်ချီဘေးသို့ ရှောင်တိမ်းလိုက်မှ ထိုသစ်ပင်အား ရုတ်တရက် မြင်တွေ့လိုက်ခြင်းဖြစ်သည်။

ရီကောင်း၏ဓားချက်သည် တဓားထိုးလိုက်သည့်အရှိန်ဖြင့်ထန်လွန်း၍ သူသည် သစ်ပင်ကိုထိုးမိမည်ကို သိလိုက်ရသော်သည်း အရှိန်သတ်ရန် မစွမ်းနိုင်တော့ပါ။

ဓားမှာ သစ်ပင်ကို တအားထိုးမိသွားလေသည်။

ရီကောင်းသည် သူ၏ဓားက သစ်ပင်သို့စိုက်ဝင်သွားသည်ကို တွေ့လိုက်ရသောအခါ မျက်လုံးပြူးသွားလေသည်။

သူသည် မည်ကဲ့သို့ပြုလုပ်ရမည် မသိဘဲ ကြောင်၍ရပ်နေလေသည်။

ထန်ချီက ရပ်တန့်ပြီး ပြုံးလိုက်သည်။

သူ၏အပြုံးသည် ရီကောင်းအဖို့ ဓားတစ်လက်က သူ၏ရင်ဝသို့ စိုက်ဝင်ခြင်းခံလိုက်ရသည့်အလား ခံစားလိုက်ရ၏။

ရီကောင်းသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ဓားကိုတအားပြန်ဆွဲနှုတ်ရန် ဟန်ပြင်လိုက်လေသည်။

ထိုတဒင်္ဂအချိန်တွင် ထန်ချီသည် ရုတ်တရက်ပြေးလာ၍ သူ၏ဓားသည် ရီကောင်း၏ ဓားကိုင်ထားသော လက်ကောက်ဝတ်ဆီသို့ ခုတ်ချလိုက်၏။

ရီကောင်းမှာ ကပျာကယာ ဓားကိုလွှတ်လိုက်ပြီး နောက်သို့ဆုတ်လိုက်ရလေသည်။

ထန်ချီသည် ရီကောင်းက နောက်ဆုတ်သွားသည်ကိုတွေ့လိုက်ရသည်နှင့် သူ၏ဓားဖြင့် တိုက်ခိုက်တော့သည်။

ရီကောင်းသည် ထိတ်လန့်သွားကာ တိုက်ခိုက်လာသောဓားကို သတိပြု၍ ခုန်လိုက်၊ ဘေးသို့ ရှောင်လိုက်၊ ခေါင်းငုံ့လိုက်၊ နောက်ဆုတ်လိုက် စသည့်လှုပ်ရှားမှုများဖြင့် ရှောင်တိမ်းနေရလေသည်။

သူသည် အမျိုးမျိုး လှည့်ပတ်ရှောင်တိမ်းလိုက်သော်လည်း

ဆန်ချီ၏ဓားချက်များအား လွတ်အောင် မရှောင်တိမ်းနိုင်ချေ။

သူသည် နောက်သို့ ခြေလှမ်းခြောက်လှမ်း ဆုတ်ခဲ့ပြီး သူ၏အဝတ်အစားပေါ်၌ ဓားချက်သုံးချက် ရရှိလိုက်လေသည်။

ထိုအဝတ်ပေါ်မှ ဓားချက်များကို တွေ့လိုက်ရသောအခါ ရီကောင်း၏မျက်နှာတစ်ခုလုံး သွေးရောင်ကင်းမဲ့သွားတော့သည်။

◆ ◆ ◆

ကြယ်ကလေး၏ တောက်ပနေသော အလင်းရောင်မဟုတ်ပါ။

လဝန်း၏ အလင်းရောင်လည်း မဟုတ်ပေ။

သေးငယ်သော မီးအိမ်တစ်လုံးမျှသာ ဖြစ်ပေသည်။

ဤမျှ မှေးမှိန်သော ဆီမီးအိမ်၏အလင်းရောင်သည် သာမန်လူတစ်ယောက်အဖို့ အရာဝတ္ထုများအား ဝိုင်းဝိုင်းထင်ရှားစွာ မြင်တွေ့နိုင်မည် မဟုတ်ချေ။

သို့သော်...

စားပွဲဝိုင်းတစ်ခုအား ဝိုင်းဖွဲ့၍ ထိုဆီမီးအိမ်အနီးတွင် ထိုင်နေကြသော လူခြောက်ယောက်အဖို့ ထိုဆီမီးအိမ်၏အလင်းရောင်သည် သူတို့အတွက် လုံလောက်ပေသည်။

ထိုလူခြောက်ယောက်သည် ဓားသမားများထဲမှ ဓားသမားများပင် ဖြစ်ပေသည်။

သူတို့သည် အမှောင်ထုအား အလေ့အကျင့်ရရှိထားကြသူများလည်း ဖြစ်ပေသည်။

အလင်းရောင် အနည်းငယ်မျှရရှိလောက်ရုံဖြင့် တိုလူခြောက်ယောက်၏မျက်လုံးသည် အမှောင်ထုအား လိုက်ဖက်ညီထွေစွာ အသုံးပြုနိုင်ပေသည်။

သို့သော်....

ယခု သူတို့စုဝေးနေသောနေရာမှာ အလွန်မှောင်မည်းနေသောကြောင့် သူတို့ခြောက်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် လူလုံးလူထည် အရပ်အမောင်း ပုံပန်းသဏ္ဌာန်များကို မြင်တွေ့နိုင်သော်လည်း မျက်နှာများကိုမူ ပီပီပြင်ပြင် မြင်တွေ့နိုင်စွမ်းမရှိချေ။

ဤနေရာသည် အခြားနေရာထက် အမှောင်ထုက လွန်ကဲနေသည်။

အကြောင်းမှာ...

ဤနေရာသို့ ရောက်နိုင်ရန်မှာ အုတ်နံရံခြံဝင်းသုံးထပ်၊ တံခါးသုံးခုကျော်သွားပြီးမှ ရောက်နိုင်မည့်နေရာဖြစ်သည်။

အမှန်မှာ ဤနေရာမျိုးသည် လူသားတို့နေထိုင်အပ်သော နေရာ မဟုတ်ပေ။

သို့သော်..

-လူတစ်ယောက် နေထိုင်သည့်နေရာဖြစ်ပါသည်။

သွေးလင်းနို့...။

မားသမားသွေးလင်းနို့ နေထိုင်သည့်နေရာ ဖြစ်ပါသည်။

ယခု...

ဤအမှောင်ထု လွှမ်းမိုးနေသော သွေးလင်းနို့၏အခန်းတွင် လူခြောက်ယောက် စုဝေးရောက်ရှိနေချေပြီ။

သူတို့သည် ဝိုင်းဖွဲ့ထိုင်ကာ ဆွေးနွေးနေကြခြင်း ဖြစ်သည်။

◆ ◆ ◆

ထိုလူခြောက်ယောက်သည် ပုံစံအမျိုးမျိုးဖြင့် ရှိနေသည်။

အချို့က ဆေးတံဖွာနေသည်။

အချို့က ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။

ထိုလူခြောက်ယောက်ထဲမှ တစ်ယောက်က လက်ကိုင်ပဝါဖြင့် ချွေးများသုတ်နေ၏။

ထိုလူသည် မိန်းကလေးတစ်ယောက် ဖြစ်သည်။

ခြောက်ယောက်မှ တစ်ဦးတည်းသော မိန်းကလေးဖြစ်သည်။

ကြေးစားကိုးယောက်ထဲမှ တစ်ယောက်အပါအဝင်လည်း ဖြစ်သည်။

သူမ၏အမည်မှာ '၅မ်း၅မ်း' ဖြစ်သည်။

သူမ၏မျက်နှာလေးမှာ လှုပနုနယ်နေသည်။

သူမ၏ပုံသဏ္ဌာန်မှာ နူးညံ့သိမ်မွေ့သည်။

သူမကား သိုင်းလောကတစ်ခုလုံးကို ဖိနှိပ်ဖိနှိပ်တုန်စေခဲ့သော ကြေးစားကိုးယောက်ထဲမှ တစ်ယောက် အပါအဝင်ဖြစ်သည်။

ယုံနိုင်ဖွယ် မရှိပါချေ။

♦ ♦ ♦

လူခြောက်ယောက်ထဲသာ ရှိသော်လည်း ကုလားထိုင်ကိုးလုံးဖြစ်သည်။

ဓားသမားကိုးယောက်အနက် ခြောက်ယောက်သာ ရောက်လာသည်။

ဌင်းတို့မှာ...

သိုင်းသမားသွေးလင်းနို့၊ ရှမ်းရှမ်း၊ ဝမ်းပါ၊ စန်းဟုန်ချန်း ကျင်းချို့၊ ချိရောက်တို့ဖြစ်သည်။

ကျင်းချို့သည် အလေးချိန်သုံးဆယ်ခန့်ရှိသော သူ၏လက်နက်အား အဝတ်ဖြင့် သုတ်နေသည်။

ဝမ်းပါသည် ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။

ရှမ်းရှမ်းသည် လက်ကိုင်ပဝါအား ခေါက်နေသည်။

စန်းဟုန်ချန်းသည် သူ၏ဝလွန်းသော ခန္ဓာကိုယ်မှ စီးကျနေသောချွေးများကို သုတ်နေ၏။

ချိရောက်သည် ကျားသားရေဖြင့် ပြုလုပ်ထားသောလက်အိတ်ဖြင့် စွပ်ထားသော လက်နှစ်ဘက်သည် သူ၏ခါးမှချိတ်ထား

သော အိတ်တစ်လုံးပေါ်တွင် အသင့်အနေအထားဖြင့် တင်ထားသည်။

ဤသည်မှာ သူ၏အလေ့အကျင့်ဖြစ်ပါသည်။

သူ၏နံဘေးတွင် စန်းဟုန်ချန်း ထိုင်နေသည်။

ဝမ်းပါက အပိန်ဆုံးဖြစ်သည်။

သူသည် ဘိန်းစားတစ်ယောက်ပမာ ကုလားထိုင်ပေါ်၌ အိပ်ငိုက်နေသည်။

ထို့နောက်...

မကြာမကြာ ချောင်းတဟွတ်ဟွတ် ဆိုးနေ၏။

ဝမ်းပါ၏ဘေးတွင် ရှမ်းရှမ်းဖြစ်သည်။

ရှမ်းရှမ်း၏ရှေ့တွင် သွေးလင်းနို့ထိုင်နေသည်။

သွေးလင်းနို့၏နောက်တွင် အနက်ရောင်ဝတ်ဆင်ထားသူ ဘစ်ယောက် ရပ်နေသည်။

မီးရောင်က သူ့ထံ ရောက်နိုင်စွမ်းမရှိသဖြင့် သူ၏မျက်နှာကိုပီပြင်စွာ မတွေ့နိုင်ပါချေ။

သို့သော်...

သူ၏စူးရှသော မျက်လုံးအစုံသည်အမှောင်ထုထဲ၌တောက်ပနေသည်။

"ဆွေးနွေးပွဲကို အခုအချိန်က စလိုက်ပါတော့မယ်"

အနက်ရောင်ဝတ်ဆင်ထားသူက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်သည်။

သူ၏အသံသည် စူးရှအက်ကွဲနေသည်။

"စင်းလုနဲ့ရီကောင်း ရောက်မလာသေးဘူးရှင့်"

ဒုတိယစကားပြောသူမှာ ရှမ်းရှမ်းဖြစ်သည်။

သူမသည် ရုပ်ဆင်းအင်္ဂါ ချောမောသလောက် အသံကလည်းချိုလွင်လှသည်။

"ဒါဖြင့် ခဏလောက် စောင့်လိုက်ရင်ကောင်းမယ်"

အနက်ရောင်ဝတ်ဆင်ထားသူက တစ်ချက်မဲ့လိုက်သည်။

"စောင့်နေစရာ မလိုတော့ဘူးထင်တယ်၊ ဒီအချိန်မှရောက်မလာရင် ဘယ်တော့မှလည်း လာနိုင်မှာ မဟုတ်တော့ဘူး"

သူ၏စကားကြောင့် ရှမ်းရှမ်း ယပ်ခတ်နေသော ယပ်တောင်သည် ရုတ်တရက် ရပ်တန့်သွားလေသည်။

ပုဆိန်ကို အဝတ်နှင့်သုတ်နေသော ကျင်းချို၏လက်ကလည်း ရပ်တန့်သွားသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်၍နေပြန်သည်။

"ဒါဖြင့် စောင့်စရာမလိုတော့ဘူးပေါ့"

ကျင်းချို၏အသံပင် ဖြစ်ပါသည်။

"ဟုတ်တယ်၊ စလိုက်ပါတော့"

စန်းဟုန်ချန်းက ထောက်ခံလိုက်သည်။

"ကဲ...ဆွေးနွေးပွဲ စမယ်"

အနက်ရောင်ဝတ်ဆင်ထားသူက ယင်းသို့ပြောလိုက်ရင်း ကုလားထိုင်ပေါ်သို့ လာရောက်ထိုင်ချလိုက်လေသည်။

သူ၏အဝတ်များက လှုပ်ရှား၍ ဖြစ်ပေါ်လာသောလေ၏ ဘိုက်ခတ်မှုကြောင့် မှေးမှိန်နေသော ဆီမီးအိမ်သည် ရုတ်တရက် ငြိမ်းသွားတော့၏။

ရုတ်တရက်...

အခန်းတစ်ခုလုံး မှောင်အတိကျသွားတော့၏။

"ကဲ...စကြမယ်"

ခြောက်ကပ်ကပ်အသံတစ်ခု ထွက်ပေါ်လာသည်။

အိမ်ရှင်ဖြစ်သူ သွေးလင်းနို့၏အသံဖြစ်သည်ကို အားလုံးကျက်မိနေ၏။

အနက်ရောင်ဝတ်ဆင်ထားသူက...

"ပထမစင်းလု သူဟာ ဓားရေးမှာ အလွန်ထူးထွေဆန်းပြားတဲ့ သိုင်းကွက်နဲ့နာမည်ကြီးလာတဲ့ ဓားသမားတစ်ဦးပဲ"

ဟုပြောလိုက်သည်။

"ဒီလိုဆိုရင် ဒီလူရဲ့ဓားရေးဟာ ထိပ်တန်းအဆင့်ရှိနေတယ်ဆိုတာ သံသယဖြစ်စရာ မလိုတော့ဘူး"

သွေးလင်းနို့က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"နောက်...ရီကောင်း"

အနက်ရောင်ဝတ်ဆင်ထားသူ၏အသံပင် ဖြစ်သည်။

အခန်းတစ်ခုလုံးတွင် ရုတ်တရုတ် ထူးထူးခြားခြား တိတ်ဆိတ်သွားသည်။

အတန်ကြာမှ...

"တို့အားလုံးရဲ့ သိုင်းပညာ အခြေအနေကို ခင်ဗျားသိသလား"

"ကျုပ် သိတယ်"

သွေးလင်းနို့က ဖြေသည်။

"ဒါဖြင့် ဘယ့်နယ်လဲ၊ ကျုပ် ဒီလူနဲ့ယှဉ်နိုင်ပါ့မလား"

ချိရောက်က မေးလိုက်ပြန်သည်။

"ခင်ဗျားရဲ့ လက်နက်ပုန်းပစ်ပညာဟာ မခေဘူးဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့စိတ်ဟာ တည်ငြိမ်မှုအားနည်းတယ်၊ စိတ်ကိုမထိန်းချုပ်နိုင်ဘူး"

သွေးလင်းနို့၏စကားကြောင့် ချိရောက် နှာခေါင်းရှုံ့လိုက်သည်။ သူက မခံချင်၍...

"ခင်ဗျားမျက်လုံးကျတော့ကော"

"ဟဲ့...ဟဲ့...ဟဲ"

သွေးလင်းနို့၏ ခြောက်ကပ်ကပ်ရယ်သံ ထွက်ပေါ်လာသည်။

ပြီးမှ စကားဆိုလိုက်သည်။

"ကျုပ်က မျက်လုံးအသုံးမကျပေမယ့် နှာခေါင်းနဲ့နားသိပ်ပါးတယ်ဗျ၊ အခု ခင်ဗျားစိတ်က လှုပ်ရှားနေသလို အသက်

ဲ့အသံတောင် မြန်နေတယ် မဟုတ်လား"

သွေးလင်းနို့၏စကားကြောင့် ချိရောက်မှာ ပါးစပ်ပိတ်ထားတော့သည်။

သွေးလင်းနို့သည် မျက်လုံးမကောင်းပါ။

သို့သော်...

နား၊ နှာခေါင်းစသည်တို့သည် သာမန်လူထက် တုန့်ပြန်အားကောင်းလေသည်။

သူသည် အမှောင်ထုထဲတွင် အခြားသူများထက် တပန်းသာနေ၏။

ထို့ကြောင့်...

သူ၏ဂေဟာသည် အမှောင်ထု အားကောင်းနေခြင်းဖြစ်သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။

အတန်ကြာမှ...

"ဒါဖြင့် တို့နှစ်ယောက် ဝိုင်းပြီး သူနဲ့ယှဉ်မယ်ဆိုရင်ကော"

ဝမ်းပါ၏ ပထမဆုံးအကြံပေးခြင်း ဖြစ်၏။

"မျှော်လင့်ချက် မရှိဘူး"

အနက်ရောင်ဝတ်ဆင်ထားသူက တုံးတိဖြေကြားလိုက်၏။

"သုံးယောက်ဆိုရင်ကော"

"နည်းနည်းတော့ ထိန်းနိုင်လိမ့်မယ်နဲ့တူတယ်"

"ဒါဖြင့် လေးယောက်ဗျာ"

"နိုင်စရာ အခွင့်အလမ်းရှိတာပေါ့"

"ဒီလိုဆို တို့ခုနစ်ယောက်စလုံး သူ့ကိုဝိုင်းတိုက်မယ်ဆိုရင်"

"သေချာတယ်၊ ထန်ချီကို အနိုင်ရမှာပဲ"

"ဒါဖြင့် လွယ်သားပဲ၊ ကျုပ်တို့ ခုနစ်ယောက်စလုံးစုပြီး သူ့ကို အပြတ်ရှင်းလိုက်ရုံပဲပေါ့"

"ဟုတ်တယ်...ဟုတ်တယ်"

အားလုံး သဘောတူလိုက်သောအသံ ဖြစ်သည်။

"ဒါပေမယ့်"

အနက်ရောင်ဝတ်ဆင်ထားသူက သူ၏စကားကို နိဒါန်းပြု၍ရပ်တန့်လိုက်လေသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သူတို့အားလုံးသည် အနက်ရောင်ဝတ်ဝတ်ဆင်ထားသူ၏ဆက်လာမည့်စကားကိုသာ နားစွင့်နေကြလေသည်။

"ဒါပေမယ့် တို့ခုနစ်ယောက်ဟာ အံကိုက်ခွင်ကျအောင်ညှိနှိုင်းအစီအစဉ်မရှိရင် လူများပြီး ကိုယ့်လူကိုယ်ပြန်ပြီး ဒုက္ခပေးနိုင်တယ်"

အနက်ရောင်လူက သူ့စကားကို အဆုံးသတ်လိုက်သည်။

တစ်ခန်းလုံး အဟန်ကြာအောင် ငြိမ်သွားလေတော့သည်။

"အင်း တို့ခုနစ်ယောက်ကစပြီး သူ့ကိုဝိုင်းတိုက်ရင် သူလည်း အသက်စွန့်ပြီး တို့ကိုပြန်တိုက်မှာပဲ၊ အဲသည်တော့ တို့ခုနစ်ယောက်ထဲက အနည်းဆုံး လေးငါးယောက်တော့ သေသွားမှာသေချာတယ်"

အမှောင်ထုထဲမှ ထွက်ပေါ်လာသောအသံ ဖြစ်လေသည်။

"ဟုတ်တယ်၊ သည်စကားကို ကျုပ်လက်ခံတယ်၊ ကျုပ်တို့ လေးငါးယောက်တော့ အမှန်ပဲ သေနိုင်တယ်"

သွေးလင်းနို့၏အသံ ဖြစ်သည်။

ကျင်ချို၏စကားမဆုံးမီ အနက်ရောင်ဝတ်ဆင်ထားသူက ဖြတ်၍...

"နောက်ပြီး တို့လုပ်ငန်းလည်း တစ်ခါတည်း ရပ်တန့်သွားရမယ်"

"ခင်ဗျားက ခေါင်းဆောင်ပဲ အကြံရှိရင်ပြောပါ"

သွေးလင်းနို့၏အသံက ခြောက်ကပ်ကပ်ဖြစ်နေလေ၏။

"ခင်ဗျားတို့အားလုံးက လိုက်နာမယ်ဆိုရင် ကျုပ်အကြံတစ်ခုရှိနေပေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ၏အသံသည် ယုံကြည်မှုအပြည့်ပြမယ်"

"ဒါဖြင့်ပြောပါ၊ အားလုံးညှိကြည့်ကြတာပေါ့"

"ကျုပ်အကြံက ရိုးရိုးလေးပါ၊ တို့ခုနစ်ယောက်ရှိတယ်၊ တစ်နေ့တည်း သူသေကိုယ်သေ ယှဉ်ကြမယ်"

ထိုစဉ်...

သွေးလင်းနို့၏ပြောလိုက်သော စကားကြောင့်တစ်ခန်းလုံး တိတ်ဆိတ်သွားလေတော့သည်။

အားလုံးကလည်း သိုင်းသမားသွေးလင်းနို့ ဘာကိုဆိုလို

ဧည့်သည်

သွေးလင်းနို့၏စကားသံကို ကြားရသောအခါ အားလုံးတိတ်ဆိတ်သွားလေတော့၏။

ခြေသံတစ်သံကိုလည်း ခပ်သဲ့သဲ့ကြားလိုက်ရလေသည်။

"ဘယ်သူဖြစ်နိုင်သလဲ"

အနက်ရောင်ဝတ်ဆင်ထားသူ၏အသံက စတင်လိုက်လေသည်။

"ထန်ချီ ဖြစ်နိုင်တာပေါ့"

သွေးလင်းနို့က ဖြေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက...

"ခင်ဗျား ဘာလို့သိတာလဲ"

"လာတဲ့လူမှန်သမျှ ကျုပ်ကို ကြိုတင်အကြောင်းကြားရသေး"

သည်ကို သဘောမပေါက်ဘဲ ငိုင်သွားကြခြင်းဖြစ်သည်။

"ခြံထဲကို လူစိမ်းတစ်ယောက်ဝင်လာရင် ကျုပ်ကြားနိုင်တယ်"

"ခင်ဗျား ဆိုလိုတာက"

ဝမ်းပါက မရှင်းလင်း၍ ပြန်မေးသည်။

"ရှင်းပါတယ်၊ ကျုပ်ရဲ့ခြံထဲမှာ လူတစ်ယောက် ရောက်နေတယ်"

ဟုပြောလိုက်လေသည်။

♦ ♦ ♦

"ဘယ်လို အုံကြောင်းကြားသလဲ"

ဟုမေးလိုက်၏။

သွေးလင်းနို့က...

"ဝင်းတံခါးပေါ်မှာ ကွင်းတစ်ခုရှိတယ်၊ ဘယ်သူမဆို ကွင်းနဲ့ တံခါးကိုခေါက်ရတယ်ဆိုတာ သိကြတယ်"

"ထားပါတော့ တခြားလူတစ်ယောက်ကော မဖြစ်နိုင်ဘူးလား"

သွေးလင်းနို့က ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား...တခြားလူဆိုရင် သည်လောက်ပေါ့ပါးတဲ့ခြေသံမျိုး မဟုတ်ဘူး၊ သိုင်းပညာ အဆင့်အတော်မြင့်တဲ့လူသာ သည်လိုခြေသံမျိုးပေါ်လာတတ်တယ်ဗျ"

"အင်း...ဒါကြောင့် ခင်ဗျားဟာ လင်းနို့သိုင်းသမားလို့ နာမည်ကြီးနေတာကိုး"

ခေါင်းဆောင်ကြီးက ချီးကျူးလိုက်သောအသံဖြစ်သည်။

"ကဲ...သည်လူ ကျုပ်အိမ်ကိုရောက်လာမှတော့ ကျုပ်က သူ့ကိုကြိုဆိုလိုက်ရုံပဲပေါ့"

"ကောင်းတယ် တကယ်လို့ ခင်ဗျားကသာ သူ့ကိုမနိုင်ရင်"

အနက်ရောင်ဝတ် ခေါင်းဆောင်၏အသံဖြစ်သည်။

ရှမ်းရှမ်းက ကြားဖြတ်လိုက်သည်။

"ကျွန်မ တစ်နေရာမှာ အခြေအနေစောင့်ကြည့်မယ်၊ ရှင် မဟန်ဘူးဆိုရင် အကြောင်းကြားပေးဖို့ ကျွန်မ တာဝန်ယူမယ်"

"ကောင်းတယ်၊ တို့အားလုံးထဲမှာ ရှမ်းရှမ်းဟာ ကိုယ်ဖော့ ပညာအကောင်းဆုံး၊ အတော်ဆုံး သူအကြောင်းကြားပေးမယ်ဆိုရင် စိတ်ချနိုင်တယ်"

အနက်ရောင်ဝတ်ဆင်ထားသူက ထောက်ခံပြောဆိုရင်းမှ သွေးလင်းနို့အား ရည်ရွယ်၍...

"မင်းအောင်မြင်တယ်ဆိုရင် ရွှေတစ်သောင်းဖိုးကတော့ အဆင်သင့်စောင့်မျှော်နေမှာပဲ"

"ကောင်းပြီလေ၊ ကဲ ကဲ ခင်ဗျားတို့ ကျုပ်အခန်းနောက်မှာရှိ တဲ့လျှို့ဝှက်တံခါးက ထွက်သွားကြပါ"

သွေးလင်းနို့၏စကား ဆုံးသွားသည်နှင့် အလျှိုအလျှို ထွက်သွားကြတော့၏။

"ချောက်"

ဟူသောအသံတစ်ခု ထွက်ပေါ်လာပြီးနောက် လျှို့ဝှက်သော တံခါးပေါက်တစ်ခု ထွက်ပေါ်လာလေသည်။

ဥမင်လိုဏ်ခေါင်းတစ်ခု ဖြစ်သည်။

တံခါးလုံးဝပွင့်သွားသောအခါ အလင်းရောင် အနည်းငယ် တိုးဝင်လာသည်။

◆ ◆ ◆

ရုတ်တရက်...

"ဝုန်း"

ဟူသောအသံ ထွက်ပေါ်လာ၏။

သွေးလင်းနို့က..

"ကျုပ်ရဲ့ ပထမတံခါးကိုတောင် ရိုက်ချိုးနေပါပေါ့လား"

ဟုပြောရင်း ရယ်မောလိုက်၏။

ထိုအချိန်တွင် ဝမ်းပါက လျှို့ဝှက်တံခါးမှ ပထမဆုံးထွက်သွားသည်။ စန်းဟုန်ချန်းက ဝမ်းပါ၏နောက်မှ လိုက်ထွက်လိုက်၏။

ထို့နောက်...

နောက်ဆုံး၌ အားလုံး အလှိုအလှိုထွက်သွားကြလေတော့သည်။

"ဝုန်း"

အသံတစ်ခု ထပ်မံကြားရပြန်သည်။

"ဒုတိယတံခါးကို ရိုက်ချိုးနေပြန်ပြီနဲ့တူတယ်၊ ကိစ္စမရှိပါဘူးလေ၊ မင်းဝင်လာတာဟာ ငါ့အတွက် ရွှေတစ်သောင်းဖိုး ဝင်လာတာနဲ့ အတူတူပါပဲ"

သွေးလင်းနို့က ရယ်မောရှုပြောနေပေ၏။

ထို့နောက်...

သူသည် အားလုံးသောလူများ ထွက်သွားပြီးသောအခါ လျှို့ဝှက်တံခါးကို ပြန်ပိတ်ပစ်လိုက်လေတော့သည်။

♦ ♦ ♦

အခန်းထဲတွင် မှောင်အတိ ဖြစ်သွား၏။

ထိုစဉ်..

"ဝုန်း"

ဤအသံသည် အခန်းထဲမှ တစ်စုံတစ်ခု လဲပြိုသွားသောအသံ ဖြစ်၏။

"ဟား...ဟား...ဟား...မင်းက အတော်စိတ်မြန်ပုံရတယ်၊ ငါ့သား စိတ်မစောဘူးဆိုရင် ကုလားထိုင်ကိုတွေ့ရမှာပေါ့၊ အခု ကျုပ်ကုလားထိုင်ကို တိုက်မိသွားတော့ ကုလားထိုင်တွေ ကျိုးကုန်ပြီးလား မသိဘူး"

လင်းနို့သိုင်းသမား၏ ခြောက်ကပ်ကပ်အသံပင် ဖြစ်ပါ၏။

"ကျုပ်ခေါင်းဟာ ကုလားထိုင်ထက်မာလို့ တော်သေးတာပေါ့၊ နို့မဟုတ်ရင် ကျုပ်ခေါင်းကွဲပြီပဲ"

တံခါးဖျက်ပြီး ဝင်လာသူက အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

"ဟား...ဟား...ဟား...သည်စကားကြားရတာနဲ့ မင်းဟာဆန်ချီဆိုတာ..."

သွေးလင်းနို့၏စကား မဆုံးမီ ထန်ချီက ကြားဖြတ်၍....

"ဟုတ်တယ် ကျုပ်ထန်ချီပဲ၊ အခုလို တံခါးရိုက်ချိုးပြီး ဝင်လာတာကိုခွင့်လွှတ်ပါ"

ဟု တဆက်တည်း ပြောလိုက်၏။

ထိုစဉ်...

တတိယတံခါးရိုက်ချိုးသံက ထွက်ပေါ်လာပြန်သည်။
အမှောင်ထုထဲတွင် လေများ တိုးဝင်လာ၏။
"ထားပါတော့၊ မင်းက ကျုပ်တံခါးတွေ ကုလားထိုင်နဲ့
ရိုက်ချိုးနေတာ ကျုပ်ကို လုံးဝဂရုမစိုက်တဲ့ သဘောပေါ့ ဟုတ်လား"
"ကျုပ် တောင်းပန်ပါတယ်၊ အခန်းထဲမှာ သိပ်မှောင်နေ
တော့လည်း ခင်ဗျားကို ဂရုမစိုက်နေနိုင်ဘူးဗျ"
"ဟား...ဟား...သည်လိုဆို ဘာဖြစ်လို့လာခဲ့တာလဲ"
ထန်ချီ ပြုံးလိုက်၏။
"ခင်ဗျားက သွေးလင်းနို့မဟုတ်လား"
သွေးလင်းနို့ ခေါင်းညိတ်လိုက်၏။
"ဟုတ်တယ်လေ"
ထန်ချီ ကျေနပ်သွားသည်။
"သည်လိုဆိုဟုတ်ပြီ ကျန်တဲ့လူတွေကော"
ဟုမေးလိုက်၏။
သွေးလင်းနို့က...
"အားလုံးသွားပြီ"
ဟုပြောလိုက်၏။
ထန်ချီက....
"ဘယ်ကိုသွားကြတယ်ဆိုတာ တဆိတ်ပြောပြပါလား"
"ရပါတယ်၊ မင်း အနောက် ကန်စီဂူးကိုသိသလား"
"အင်း...သိပါတယ်"

"သူတို့က အဲသည်မှာ ခင်ဗျားကိုစောင့်နေကြမယ်"
"ခင်ဗျားကကော"
ထန်ချီက ပြန်မေးလိုက်၏။
"ကျုပ်က သည်မှာရှိနေတယ်လေ"
"ခင်ဗျား မသွားဘူးလား"
သွေးလင်းနို့က...
"ကျုပ်သွားရင် မင်းသွားနိုင်မှာ မဟုတ်တော့ဘူးလေ"
ထန်ချီက...
"ဒါဆို ကျုပ်သွားရင် ခင်ဗျား မသွားနိုင်ဘူးဆိုပါတော့"
ဟုမေးလိုက်၏။
သွေးလင်းနို့ ခေါင်းညိတ်လိုက်၏။
"သည်လိုအဓိပ္ပါယ်ကောက်လို့လည်း ရပါတယ်"
"ဒါဆို ခင်ဗျားက ကျုပ်နဲ့ရင်ဆိုင်မှာပေါ့"
သွေးလင်းနို့က ခြောက်ကပ်ကပ် ရယ်လိုက်ပြန်သည်။
"ဟုတ်ပါတယ်၊ ဒါပေမယ့် သည်တစ်ကြိမ် ကျုပ်နဲ့တွေ့ရ
တာကတော့ မင်းကံဆိုးတယ်လို့ ဆိုရမှာပဲ"
ဟုပြောလိုက်၏။
ထန်ချီ မျက်မှောင်ကုပ်လိုက်၏။
ထို့နောက်....
"ဘာဖြစ်လို့လဲ"
ဟုမေးလိုက်၏။

သွေးလင်းနို့က...

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က မျက်လုံးမြင်တာကြောင့်၊ ရှင်းရှင်းပြောရရင် ကျုပ်ကလည်း မင်းလိုပဲ သေမင်းကို စိန်ခေါ်နေတဲ့လူတစ်ယောက်ကွ"

"သည်လိုဆိုရင် သေမင်းစိန်ခေါ်တဲ့လူနှစ်ယောက် ဘယ်သူက သေမင်းဆီသွားရမယ်ဆိုတာ အဆုံးအဖြတ်ခံယူကြတာပေါ့"

"ဟား...ဟား...ဟား"

သွေးလင်းနို့၏ရယ်သံသည် အမှောင်ထုထဲဝယ် လွမ်းမိုးသွားလေတော့၏။

♦ ♦ ♦

အမှောင်ထုထဲမှ အရာဝတ္ထုတစ်ခုသည် လေထဲဖြတ်၍ ပစ်လွှင့်လိုက်သည့်အသံများ ထွက်ပေါ်လာလေသည်။

"ခွမ်း"

သံသဲချင်းထိတွေ့လိုက်သောအသံနှင့်အတူ အမှောင်ထုထဲမှ မီးပွားကလေး တစ်ချက်ပါပွင့်ထွက်သွားလေသည်။

မီးပွင့်များ ထွက်ပေါ်လာသည့် တဒင်္ဂအချိန်တွင် သွေးလင်းနို့၏ငှက်ခြေသည်းပုံသဏ္ဌာန်နှင့် ထန်ချီ၏မ်ားကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေသည်။

"မဆိုးဘူးဟေ့"

သွေးလင်းနို့က ချီးကျူးလိုက်၏။

ထန်ချီက...

"ခင်ဗျားလည်း မဆိုးဘူး"

ဟုပြန်ပြောလိုက်၏။

သွေးလင်းနို့က...

"လာပြန်ပြီ တစ်ကွက်"

ဟုပြောပြီးသည်နှင့် တဆက်တည်း...

"ဂွိုး"

အရာဝတ္ထုတစ်ခုက လေထဲမှဖြတ်ကျော်၍ ထွက်ပေါ်လာသည်။

"ခွမ်း"

မီးပွားများ ထွက်ပေါ်လာသည်နှင့်အတူ သံသဲချင်းထိ၍ ဆွက်ပေါ်လာသောအသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ဟား...ဟား...ဟား"

သွေးလင်းနို့၏ ရယ်မောသံသည် အခန်း၏ဟိုနေရာ သည်နေရာ ကူးလူးလှုပ်ရှားကာ ပေါ်ထွက်လာလေ၏။

ထန်ချီက ဆိတ်ဆိတ်နေလိုက်၏။

အမှောင်ထု လွှမ်းမိုးနေသောနေရာမျိုးတွင် သွေးလင်းနို့အဖို့ အသာစာက်က ရပ်တည်နေပြန်သည်။

♦ ♦ ♦

အမှောင်ထုထဲ၌ ယှဉ်ပြိုင်လျှင် သွေးလင်းနို့က သာလွန်ခ
မည်မှာ ဧကန်မလွဲပါပေ။

ထန်ချီသည် အမှောင်ထဲ၌ ယှဉ်ပြိုင်တိုက်ခိုက်မှု အကြ
ပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည်။

သို့သော်...

အမှောင်ထုဟုဆိုသော်လည်း အနည်းဆုံး ကြယ်၏အလင်
ရောင် သို့မဟုတ် မီးရောင်ကလေး လရောင်ကလေးများ ရှိသော
သည် မဟုတ်ပါလား။

ယခုတွင်မူ ဤနေရာတွင် အမှောင်ထုက ဝိတ်နေ၏။
အလင်းရောင်ဟူ၍ လုံးဝပင်မရှိပေ။

ငရဲပြည်သို့ ရောက်နေသလားဟုပင် သူ့စိတ်ထဲ၌ ထင်
မိသည်။

သွေးလင်းနို့သည် ဤမှောင်မည်းနေသောနေရာမျိုး
ရွေးချယ်ပြီး ထန်ချီနှင့် ယှဉ်ပြိုင်ခြင်းမှာ သူသည် ဤအခန်းအ
၌ အစစအရာရာ ကျွမ်းကျင်မှုရှိနေခြင်းကြောင့်ဖြစ်သည်။

တဖန် အမှောင်ထုသည် မျက်လုံးအစုံ ကန်းနေသော
တစ်ယောက်အဖို့ မည်သို့မျှ ထိခိုက်နိုင်ခြင်းမရှိပါပေ။

သွေးလင်းနို့သည် အမှောင်ထု၏သခင် မဟုတ်ပါလား
အမှောင်ထုသည် သွေးလင်းနို့အဖို့ ကျွမ်းကျင်သော
မြေတစ်ခုပင် ဖြစ်ပေတော့သည်။

◆ ◆ ◆

"ဟား...ဟား...ဟား"

ခြောက်ကပ်ကပ်ရယ်သံများသည် တစ်ခန်းလုံး ပဲ့တင်ထပ်
သည်။

သွေးလင်းနို့၏ရယ်သံသည် ကြောက်မက်ဖွယ်ရာ ကောင်း
၏။

"သွေး...သွေးနံ့ ကျူပ်သွေးနံ့ရတယ်"

သွေးလင်းနို့၏အသံဖြစ်သည်။

ဝမ်းသာဝိတိဖြစ်နေသောအသံ ဖြစ်သည်။

"ကျူပ်ကိုယ်မှာ သွေးတွေထွက်နေလို့ပါ"

ထန်ချီက ပြောလိုက်သည်။

"ဟား...ဟား...ဟား...ကျူပ်ရဲ့ ဌက်ခြေသည်းက မင်းကိုထိ
ပြီ မဟုတ်လား"

သွေးလင်းနို့က ဝမ်းသာအားရ ပြောလိုက်သည်။

"ဒါပေမယ့် စိုးရိမ်လောက်တဲ့ ဒဏ်ရာတော့ မဟုတ်ဘူးဗျ"

ထန်ချီက တည်ငြိမ်သောအသံဖြင့် ပြောလိုက်၏။

သို့သော်...

သူသည် အသက်အန္တရာယ်များလွန်းနေပြီဟု သိထား
သည်။

သူက ဤကဲ့သို့ တည်တည်ငြိမ်ငြိမ်ဖြင့် စိတ်ကိုထိန်းမထား
သွေးလင်းနို့၏လက်ချက်ဖြင့် သေရမည်ကို သူနားလည်လိုက်
သည်။

ထန်ချီသည် ရှေ့သို့စမ်း၍ထလိုက်သည်။

သူသည် အခန်း၏နံရံကိုကပ်၍ ရှေ့သို့ခြေသံမကြားစေဘဲ ရွေ့လျားနေသည်။

"ဝုန်း"

သူ၏ခြေထောက်သည် ကုလားထိုင်တစ်လုံးအား ဝင်တိုက်မိလိုက်ခြင်းဖြစ်သည်။

"ဝိုး"

အသံတစ်ခုက လျင်မြန်စွာ သူ့ထံရောက်ရှိလာ၏။

သူသည် ရှောင်တိမ်းရန် အချိန်မရလိုက်ချေ။

သူ၏လက်ထဲမှဓားဖြင့် အသံလာရာသို့ ခံပေးလိုက်သည်။

"အွန့်"

ထန်ချီ၏အံကြိတ်၍ ထွက်ပေါ်လာသောအသံ ဖြစ်ပါသည်။

"ဟား...ဟား...ဟား"

သွေးလင်းနို့၏ရယ်မောသံသည် တစ်ခန်းလုံး ဆူညံသွားသည်။

♦ ♦ ♦

အမှောင်ထုထဲတွင် သူက ရန်သူ မည်သည့်နေရာမှာရှိသည်ကိုပင် မသိရသော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရသည် မဟုတ်ပါလား။

သူသည် အတတ်နိုင်ဆုံး ငြိမ်ငြိမ်သက်သက်နေနိုင်မှသာလျှင် ရန်သူ၏တိုက်ခိုက်မှုမှ လွတ်မြောက်မည်ဖြစ်သည်။

သူသည် မူလနေသောနေရာမှ ဝဲဘက်သို့အသံမထွက်စေရန်ခြေဖော့နင်းကာ ရွေ့လျားနေ၏။

"သည်တစ်ခါဆိုရင် မင်းရင်ပွင့်သွားမယ်"

သွေးလင်းနို့က ထိုကဲ့သို့ပြောပြီး အရာဝတ္ထုတစ်ခုကိုမိုးပေါ်မှပစ်လွှင့်လိုက်သောအသံလည်း တပြိုင်နက်ထွက်ပေါ်လာ၏။

"ဝိုး"

ဟူသောအသံတစ်ခုသည် သူ၏ခေါင်းပေါ်မှ ဖြတ်ကျော်သွားလေသည်။

ထန်ချီ မသိမသာ သက်ပြင်းတစ်ချက်ချလိုက်၏။

သေမင်းသည် သူ့ထံပါးမှ တစ်ချက်ဖြတ်ကျော်သွားခဲ့ပြီ မဟုတ်ပါလား။

♦ ♦ ♦

အမှောင်ထုကြားတွင် ရယ်သံသည် ကြောက်မက်ဖွယ်ရာ ကောင်းသည်။

ကျောစိမ့်ဖွယ်ရာ ကောင်းလှသည်။

သို့သော်...

ထိုရယ်သံသည် တစ်နေရာတည်းမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ။

ထိုရယ်သံမှာ အရှေ့ဘက်သို့ ရောက်သွားလိုက်၊ တောင်ဘက်သို့ ရောက်သွားလိုက်ဖြင့် ရွေ့လျားနေပေသည်။

"ဟေ့...မင်းဘာစကားမှ မပြောတော့ပါလားကွ"

ထန်ချီ ပါးစပ်ပိတ်ထားသည်။

အသက်ကို အတတ်နိုင်ဆုံး အောင့်ထားလေသည်။

"ဟေ့...ထန်ချီ မင်းအသက်ကို ဘယ်လောက်ကြာကြာ အောင့်ထားနိုင်သလဲကွ၊ ဟား ဟား ဟား"

သွေးလင်းနို့၏အသံသည် အခန်း၏အရှေ့ထောင့်မှ ပေါ်လာပြန်သည်။

ထန်ချီကမူ လုံးဝမလှုပ်မယှက်ဘဲ ဒူးကွေးကာ မြေပေါ် ထောက်ထား၏။

သူ၏ဝဘက်လက်သည် ဓားကိုဆန့်၍ကိုင်ထားလေသည်။

"ဘာလဲ မင်းက အသံမထွက်ရင် မင်းဘယ်မှာဆိုတာ ကျုပ် မသိနိုင်ဘူးလို့ ထင်နေသလား"

သွေးလင်းနို့၏အသံသည် ဤတစ်ကြိမ်တွင် သူ၏အရှေ့

ဘက်သို့တည့်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထန်ချီသည် ဓားကို အစွမ်းကုန်ဖွင့်ထားသည်။

သူ၏ဓားကိုင်ထားသော လက်ဖဝါးသည် ချွေးများစို့နေသည်။

ယခုအချိန်သည် အသံကို အတတ်နိုင်ဆုံး မကြားရလောက်အောင် ထိန်းထားရမည်။

ရုတ်တရက် သူသည် အကြံတစ်ခုရလာလေ၏။

ထို့ကြောင့်...

သူက အလျင်လှုပ်ရှားလိုက်၏။

"ဝုန်း"

"ဝုန်း...ဝုန်း"

စသည့်အသံများသည် အခန်းတစ်ခုလုံး ဟိန်းထွက်သွားသည်။

တဝုန်းဝုန်းနှင့် ဆူညံနေသောအသံများကြားမှ သိုင်းသမားသွေးလင်းနို့က တဟားဟား ရယ်မောလိုက်၏။

"ဟေ့လူ ကျုပ်ကုလားထိုင်တွေကို ဘာဖြစ်လို့ ရိုက်ချိုးနေတာလဲ"

"ဝုန်း"

"ဝုန်း"

ကုလားထိုင်များ နံရံနှင့်ဆောင့်မိ၍ထွက်ပေါ်လာသော အသံ၊ ကုလားထိုင်ကျိုးပဲ့သွားသောအသံများသည် တစ်ခန်းလုံး

ဆူညံသွားပြန်လေသည်။

"ဟေး...ကျုပ်ကုလားထိုင်တွေ ကုန်ပါပြီကွာ"

"ဝုန်း"

"ဒိုင်း"

"ဟား...ဟား...ဟား...ဘယ်လိုလဲကွ၊ မင်းက ကျုပ်ကို မန်ဂျာ တော့လို့ ကုလားထိုင်တွေကိုသွားပြီး မဲနေတာလား"

"အွန်"

သူ၏စကား မဆုံးသေးချေ။

ထို'အွန်' ဟူသောအသံက ဆက်တိုက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထို့နောက်...

"ခြွမ်း...ခြွမ်း"

လက်နက်နှစ်ခုက ကြမ်းပြင်ပေါ်သို့ ကျလာသောအသံများ ပါ တဆက်တည်း ထွက်ပေါ်လာပြန်လေတော့သည်။

"ဝုန်း"

ကုလားထိုင် ရိုက်ချိုးသည့်အသံ မဟုတ်တော့ပါ။

လေးလံသော အရာဝတ္ထုတစ်ခုက ကြမ်းပြင်ပေါ်သို့ လဲကျ သွားသောအသံပင် ဖြစ်ပေ၏။

"ဟား...ဟား...ဟား"

ဤတစ်ကြိမ် ရယ်မောသူမှာ ထန်ချီပင် ဖြစ်ပေတော့ သည်။

♦ ♦ ♦

"ကျုပ် ကုလားထိုင်တွေကို ဘာဖြစ်လို့ ရိုက်ချိုးနေသလဲဆို တာ ခင်ဗျားသိပြီ မဟုတ်လား"

ထန်ချီက မေးလိုက်သည်။

"ကျုပ်သိပါတယ်၊ ကျုပ် နားရွပ်သွားအောင် လုပ်လိုက်တာ ပဲ"

သွေးလင်းနို့၏အသံက တဖြည်းဖြည်း တိုးသွားလေတော့ သည်။

"ခင်ဗျား နားရွပ်သွားအောင်လုပ်မှ ကျုပ်က ခင်ဗျားရှိတဲ့ နေရာကိုမှန်းပြီး ဓားနဲ့ပစ်နိုင်မယ်လေ"

"ကျုပ် သိပါပြီဗျာ"

သွေးလင်းနို့၏အသံက ပို၍တိုးသွားတော့၏။

"ဒါပေမယ့် ခင်ဗျား စကားလည်းမပြော၊ ရယ်လည်း မရယ် ဘဲနေမယ်ဆိုရင် ကျုပ်က ဘယ်နေရာမှာရှိမှန်းမသိတဲ့အတွက် ခင် ဗျားကို ကျုပ်ဘယ်လိုမှ ဓားနဲ့ပစ်နိုင်လိမ့်မယ် မဟုတ်ဘူး"

"အင်း"

သွေးလင်းနို့၏အသံသည် တဖြည်းဖြည်း ကွယ်ပျောက် သွားတော့သည်။

♦ ♦ ♦

ဆရာတပည့်

စာပေသမားမုယုံ(ဝ) ထန်ကျားကျေးရွာမှ သခင်လေးထန်ချီက ကြေးစားသိုင်းသမားသွေးလင်းနို့အား ရင်ဆိုင်ခဲ့ရပုံကို ပြောပြလိုက်သည်။

"သွေးလင်းနို့က အတော်ကြောက်စရာကောင်းတယ်၊ သူကိုသုတ်သင်လိုက်တော့ သူ့ရဲ့အပေါင်းအပါတွေက ဒေါသထွက်ပြီး ကျုပ်ကို လိုက်ရှာကြတယ်၊ ကျုပ်က အေးအေးဆေးဆေး တစ်နေရာမှာထိုင်စောင့်နေပြီး သူတို့ရောက်လာတဲ့အခါ ဆုံးမလိုက် တာပေါ့"

ဖုံးရှောင်က...

"ဒါဖြင့် ကြေးစားကိုးယောက်ဟာ"

"သူတို့ ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင်ကြတော့ပါဘူး"

မုယုံ(ဝါ) ထန်ချီ၏စကားကြောင့် ဖုံးရှောင် ကျေနပ်သွားသေတော့သည်။ မုယုံက...

"တစ်ခုတော့ရှိတယ်၊ သူတို့ကိုးယောက်ကို ချုပ်ကိုင်ထားတဲ့လူကတော့ လွတ်မြောက်သွားတယ်"

ဖုံးရှောင်က...

"အဲသည်လူက ဝိုပြီးကြောက်စရာကောင်းမယ် ထင်တယ်"

"ဒါပေမယ့် သူပြေးမလွတ်တော့ပါဘူး"

"အစ်ကိုကြီးက သူ့ကိုတွေ့ထားပြီလား"

"ဟုတ်တယ်"

"အဲသည်လူက ဘယ်သူလဲ"

မုယုံ ပြုံးလိုက်သည်။

"ယင်းဖိန်ပေါ့"

ဖုံးရှောင် ထိတ်လန့်သွားတော့သည်။ မုယုံက...

"သူတို့နဲ့ရင်ဆိုင်ချင်တယ်ဆိုရင်တော့ မင်းက သိုင်းပညာဆယ်ပြီး လေ့ကျင့်ရလိမ့်မယ်"

"ကျွန်တော် ကြိုးစားသွားမှာပါ"

ဖုံးရှောင်က မြေပေါ် ခွေထောက်ချလိုက်လေသည်။

"အစ်ကိုကြီး ကျွန်တော့်ကို သိုင်းပညာသင်ပေးဖို့ တောင်းဆိုပါတယ်ခင်ဗျာ"

မုယုံလည်း လက်ခံလိုက်လေတော့သည်။

♦ ♦ ♦

သူမ အဘယ်ကြောင့် ဒေါသတကြီး ဖြစ်နေရပါသနည်း။

ကူးကူးသည် ဖခင်ကြီးအား တွေ့လိုက်သည်နှင့် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်လေသည်။

"ဖေဖေ..အမိန့်တော်ကိစ္စမှာ ပါဝင်ပတ်သက်နေသူတွေအားလုံးကို သုတ်သင်ရှင်းလင်းပစ်လိုက်ပါ ဖေဖေ"

"ဟေ"

မြို့စားကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ယခင်ကဆိုလျှင် ကူးကူးသည် အမိန့်တံဆိပ်တော်ကိစ္စနှင့် ပတ်သက်လာလျှင် သူ၏လုပ်ရပ်များကို ဆန့်ကျင်ကာ အတိုက်အခံပြုလုပ်တတ်သည် မဟုတ်ပါလား။

"သမီး ဘယ်လိုဖြစ်တာလဲ"

ကူးကူးက....

"သူတို့ဟာ သမီးတို့ကို ဖျက်ဆီးပစ်မယ့်လူတွေပါ၊ အထူးသဖြင့် သို့ဝှက်ကျားနှစ်ကောင်ကို သတ်ပစ်သင့်ပါတယ်"

မြို့စားကြီးက...

"ကျားတစ်ကောင်က သေသွားပြီ သမီးရဲ့၊ ကျန်တဲ့ကျားကောင် လွတ်မြောက်နေတယ်ဆိုပေမယ့် ဖေဖေ သတင်းကြားထားတာက မင်းသားလေးတုလတ်က ဖမ်းမိထားတယ်ဆိုပဲ"

အမိန့်တံဆိပ်တော်ကိစ္စတွင် မြို့စားကြီးနှင့် မင်းသားလေးတုလတ်တို့မှာ အပြိုင်အဆိုင်ဖြစ်လာကြလေသည်။

မင်းသားလေးသည် မြို့စားကြီးထံမှ တာဝန်လွှဲပြောင်းရယူ

နေရာ

မြို့စားဂေဟာ...။

မြို့စားကြီးသည် ဆူဆူညံညံအသံများကြောင့် ကပျာကယာ ပြေးသွားလိုက်လေသည်။

သမီးဖြစ်သူ ကူးကူး၏အခန်းမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

"သမီး ဘာဖြစ်လို့လဲ"

မြို့စားကြီးက အခန်းထဲ လှမ်းဝင်ရင်း မေးလိုက်လေသည်။

ကူးကူး၏တစ်ခန်းလုံး ရှုပ်ပွနေသည်။

ကူးကူးက ပရိဘောဂပစ္စည်းများ အဝတ်အထည်များအားလုံးကို ရိုက်ချိုး ဖျက်ဆီးစုတ်ဖြဲထားခြင်း ဖြစ်ပေသည်။

နိုင်ခြင်းမရှိသေးသဖြင့် မကျေမနပ်ဖြစ်နေ၏။

မြို့စားကြီးက ဦးဆောင်သူဖြစ်နေပြီး သူက နောက်လိုက်ပါ မာဖြစ်နေရသည်ကို မကျေမနပ် ဖြစ်နေခြင်းပင်။

ထို့ကြောင့်လည်း မြို့စားကြီးနှင့်အပြိုင်အဆိုင် လုပ်နေပြီး သူ၏ခြေလှမ်းကို လျှို့ဝှက်ထား၏။

မကြာသေးမီက မင်းသားလေးတုလတ်၏လူများက ခြေ အောင်းကျားနှင့် မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးရမိခဲ့သည်ဟု မြို့စားကြီး သတင်းသဲ့သဲ့ကြားခဲ့ရ၏။

ကူးကူးက....

"သူက ဖမ်းမိထားတယ်ဆိုရင်တော့ သမီးသူနဲ့သွားတွေ့ရ မှာပဲ"

မြို့စားကြီး အံ့ဩသွားသည်။

"သမီး ဘာသွားလုပ်မှာလဲ"

"မြေအောင်းကျားနဲ့ ဟိုမိန်းမကို တောင်းပြီး သမီးကိုယ် တိုင်စီရင်လိုက်မှာပေါ့"

"နေပါဦး သမီး၊ ဘာကြောင့် သည်လောက်တောင် ဒေါသ တကြီးဖြစ်နေရတာလဲ"

"သမီးက..."

ကူးကူး ရှေ့ဆက်မပြောနိုင်အောင် ဖြစ်သွားသည်။

သူမက ဖုံးရှောင်ကို တစ်ဘက်သတ် မေတ္တာသက်ဝင်နေ ပါသည်။

ဖုံးရှောင်က သူမအား အမှုမထားဘဲ ဆေးရွက်နှင့် လက် ဆေးလိုက်သည်ဆိုခြင်းကြောင့် ဒေါသထွက်နေရခြင်း ဖြစ်ပါတော့ သည်။

ဆေးရွက်နှင့် မြေအောင်းကျားတို့အား သုတ်သင်ရှင်းလင်း ပစ်လိုနေပါတော့သည်။

မြို့စားကြီးက အဖြစ်မှန်ကို မသိရှာပါ။

သမီးဖြစ်သူကို အလွန်ချစ်သည့်အတိုင်း...

"ကောင်ပြီလေ၊ မင်းသားလေးတုလတ်နဲ့တွေ့ပြီး သေချာ အောင် စုံစမ်းကြည့်ပါဦးမယ်"

ဟုကျေနပ်အောင် ပြောလိုက်လေသည်။

ကူးကူးက...

"သေချာတယ်ဆိုရင် သူတို့ကို ဖေဖေလွှဲပြောင်းယူပြီး သမီး ဆက်ထဲအပ်ရမယ်နော်"

"စိတ်ချပါ သမီးရယ်"

ထိုအခါမှ ကူးကူး ကျေနပ်သွားလေတော့သည်။

ထိုအချိန်မှာပင်...

"ဒေါင်ဒင်...ဒေါင်ဒင်"

မောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဧည့်သည်ရောက်လာကြောင်း အသိပေးသည့် မောင်းသံ ဖြစ်လေသည်။

မြို့စားကြီးက...

"ဧည့်သည်ရောက်နေပြီ၊ ဖေဖေသွားတွေ့လိုက်ဦးမယ်
သမီးလည်း ပစ္စည်းတွေကို ထပ်ပြီးဖျက်ဆီးမနေပါနဲ့ဦး"

ဟုမှာကြားကာ ခပ်သွက်သွက် ထွက်သွားတော့သည်။

♦ ♦ ♦

ခန်းနားထည်ဝါလှသော ဧည့်ခန်းအတွင်း၌ ဧည့်သည်တစ်
ယောက် ရောက်ရှိနေ၏။

မင်းသားလေးတုလတ် ဖြစ်လေသည်။

"မင်းသားလေး ရောက်နေတာကိုး"

မြို့စားကြီးက မင်းသားလေးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်
လိုက်လေသည်။

မင်းသားလေးတုလတ်ကား မျက်နှာထားခပ်တင်းတင်း နှ
နေပါသည်။

"ကျုပ်လည်း မလာမဖြစ်လို့ လာခဲ့ကာပါဗျာ"

မြို့စားကြီးသည် ကူးကူးတောင်းဆိုနေခိုက် တုလတ်ရောက်
လာသည်နှင့် ကြုံကြိုက်နေသဖြင့် ဝမ်းသာသွား၏။

တုလတ်ဟာ အာဘယ်ကြောင့် ရောက်လာသည်ကို မမေးဘဲ

"ဒါထက် မင်းသားလေးက မြေအောင်းကျားနဲ့ ဆေးရွက်
ဆိုတဲ့မိန်းကလေးတစ်ယောက်ကို ဖမ်းမိထားတယ်လို့ သတင်းကြား
တယ်၊ အဲဒါ"

တုလတ် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်လေ၊ သူတို့ကို ရှောင်လင်ကျောင်းသွားမယ့်
ခရီးမှာ ဖမ်းမိထားလိုက်တာပဲ၊ အခု အမိန့်တံဆိပ်တော်ကိစ္စ စစ်
ဆေးနေရတာ"

မြို့စားကြီး မကျေမနပ် ဖြစ်သွားသည်။

"မင်းသားလေးက ကိုယ့်သဘောနဲ့ကိုယ် လျှောက်လုပ်နေ
တာကိုး၊ တကယ်ဆို သူတို့ကို ဖမ်းမိတာနဲ့ ကျုပ်ဆီကို သတင်းပို့ပြီး
ဆင်ခါထဲလွှဲပြောင်းပေးရမှာပေါ့၊ ခုတော့ ကျုပ်ကိုတောင် ဂရုမစိုက်
သလို ဖြစ်နေပြီ"

တုလတ် ပြုံးလိုက်သည်။

"ကျုပ်က တာဝန်ဝတ္တရားအတိုင်း ဆောင်ရွက်နေတာပဲ
ဗျာ"

"တာဝန်ဝတ္တရား ဟုတ်လား၊ မင်းသားလေးက ကျုပ်ပေးတဲ့
တာဝန်ကို ထမ်းဆောင်ရမယ်ဆိုတာ မမှေးနေပြီလား"

တုလတ်က အမှုမထားပါချေ။

"ဒါတွေပြီးဆုံးခဲ့ပါပြီဗျာ၊ ခုချိန်မှာ ကျုပ်အကူအညီလိုတယ်
ဆိုရင်တောင် မြို့စားကြီးက ကူညီဆောင်ရွက်ပေးရမှာပါ"

"မင်းသားလေး ဘယ်လိုပြောလိုက်တာလဲ"

တုလတ် ပခုံးတွန့်လိုက်သည်။

"မြို့စားကြီး ကြားတဲ့အတိုင်းပဲလေ၊ အင်း မြို့စားကြီး နား
ရင်းသေးဘူးဆိုရင်သည်း ပြောပြရမှာပေါ့လေ၊ ကျုပ်ဦးလေး

နယ်စားကြီးက အမိန့်တံဆိပ်တော်ကိစ္စကို ကျုပ်ပဲတာဝန်ယူဆောင်ရွက်ဖို့ အမိန့်ထုတ်လိုက်ပြီ”

“ဟင်”

မြို့စားကြီး မယုံနိုင်အောင် ဖြစ်နေ၏။

သို့သော်...

တုလတ်၏ဦးလေးဝမ်းကွဲတော်စပ်သူ တစ်ယောက်မှာ ဩတိက္ကမကြီးမားသော နယ်စားကြီးတစ်ယောက် ဖြစ်နေပြီး အမိန့်တော်တံဆိပ်ပြားကိစ္စ၌ သူ၏ဆောင်ရွက်ချက်များကို အားမရဘဲ ဖြစ်နေကြောင်း သိရှိထားလေသည်။

ထိုကြောင့်လည်း မင်းသားလေးတုလတ်အား တာဝန်ကျေပြောင်းပေးလိုက်ခြင်းဖြစ်ရမည်ဟု ဆင်ခြင်မိလေသည်။

တုလတ်က...

“မြို့စားကြီးရဲ့ တာဝန်ဝတ္တရားတွေ ပြီးဆုံးသွားပြီဆိုတာနဲ့ သိအောင် ကျုပ်လာပြောတာပါ”

အင်္ကျီအိတ်ထဲမှ အမိန့်စာတစ်စောင်ကို ထုတ်ယူကာ မြို့စားကြီးအား ပေးလိုက်လေသည်။

မြို့စားကြီး ယူကာ ဖတ်ကြည့်လိုက်၏။

အမိန့်စာမှာ မူလကစီစဉ်ထားသည့်အတိုင်း မြို့စားကြီး၏ တာဝန်အရပ်ရပ်ကို မင်းသားလေးတုလတ်အား လွှဲပြောင်းပေးရန်နှင့် မြို့စားကြီးမှာ ရာထူးမှအနားယူကာ နေရပ်သို့ပြန်ရန် ထုတ်ပြန်ထားသော အမိန့်စာဖြစ်သည်။

မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် မြို့စားကြီးမှာ အဆိပ်မရှိသော ရေမြွေတစ်ကောင်ဖြစ်သွားပြီး မင်းသားလေးတုလတ်က အလွန်အဆိပ်ပြင်းသော မြွေဟောက်တစ်ကောင် ဖြစ်သွားစေသည်။

တုလတ် ပြုံးလိုက်သည်။

“မြို့စားကြီး ကိုယ့်အခြေအနေကို ကိုယ်သဘောပေါက်ပါလိမ့်မယ်နော်”

မြို့စားကြီး သက်ပြင်းချလိုက်သည်။

“ကျုပ် ဘာမှပြောစရာမရှိတော့ပါဘူးလေ”

သူက အထုပ်အပိုးပြင်ရန်သာ ရှိတော့သည် မဟုတ်လား။

တုလတ်က လက်ညှိုးတစ်ချောင်း ထောင်လိုက်သည်။

“တစ်ခုတော့ရှိတယ်ဗျ၊ မြို့စားကြီးက အထုပ်အပိုးပြင်ပြီး သွားချင်ဘူးဆိုရင်တော့ ကျုပ်ကို ကူညီလုပ်ကိုင်ပေးဖို့ပဲဗျ”

မြို့စားကြီးသည် ရာထူးမှလွဲပြောင်းပေးပြီး ဩတိရပ်ရွာသို့ ပြန်ကာ အရပ်သားတစ်ဦးကဲ့သို့ နေထိုင်သွားရတော့မည် ဖြစ်လေသည်။

အလွန်အရှိန်အဝါကြီးမားသည့် မြို့စားတစ်ဦးဘဝမှ သာမန်အရပ်သားဘဝ၌ နေထိုင်ရမည်မှာ အလွန် သဘောကျစရာမကောင်းသောကိစ္စဖြစ်လေသည်။

တုလတ်က...

“မြို့စားကြီး ဘယ်လိုသဘောရသလဲဗျာ”

ဟုမေးလိုက်လေသည်။

မြို့စားကြီး သက်ပြင်းချလိုက်သည်။

"ကျုပ် အသက်ကြီးပါပြီ၊ တာဝန်ဝတ္တရားတွေ ထမ်းဆောင်
ရတာ ပင်ပန်းလှပါပြီ၊ ဒါကြောင့် အေးအေးဆေးဆေး အနားယူ
တော့မယ်လေ"

တုလတ်က...

"မြို့စားကြီးရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလားဗျာ"

"ကျုပ် မပြင်ချင်တော့ပါဘူး"

တုလတ် သက်ပြင်းချလိုက်သည်။

"တာဝန်ဝတ္တရားတွေကို ရွပ်ရွပ်ချွဲချွဲ ထမ်းဆောင်ခဲ့တဲ့ မြို့
စားကြီးတစ်ယောက်က ခုလိုအနားယူသွားတော့မယ်ဆိုတာ စိတ်မ
ကောင်းစရာပါပဲ၊ ကျုပ်ရဲ့သဘောကတော့ ကျုပ်နဲ့လက်တွဲဆောင်
ရွက်စေချင်ပါတယ်ဗျာ"

မြို့စားကြီး တွေဝေသွားလေသည်။

တုလတ်က...

"ကျုပ်က မြို့စားကြီးကို မေတ္တာရပ်ခံနေတာပါ၊ မြို့စား
ကြီးဟာ အတွေ့အကြုံကြွယ်ဝပြီး ခေါင်းဆောင်ကောင်းပီသတဲ့ ပု
တစ်ယောက်ပါ၊ ကျုပ်အနေနဲ့ မြို့စားကြီးဆီမှာ သင်ယူစရာတွေ
အများကြီးရှိပါသေးတယ်၊ အကြံဉာဏ်တွေလည်း လိုချင်ပါသေး
တယ်၊ မြို့စားကြီး ဖေးမကူညီစေချင်ပါတယ်ဗျာ"

မြို့စားကြီး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"မင်းသားလေး တကယ်ပြောနေတာလား"

တုလတ် ဦးညွှတ်လိုက်သည်။

"ကျုပ် မေတ္တာရပ်ခံပါတယ် မြို့စားကြီးသာ ဖေးမကူညီမှု
ရှိဘူးဆိုရင် ကျုပ်လည်း တာဝန်တွေကို ကျေပွန်အောင် ထမ်း
ဆောင်နိုင်မှာ မဟုတ်ပါဘူး"

မြို့စားကြီးသည် တုလတ်က မည်သို့သောသဘောနှင့်
ပြောနေသနည်းဟု တွေးမရအောင် ဖြစ်နေသည်။

သူနှင့်တုလတ် အပြိုင်အဆိုင် ဖြစ်ခဲ့သည် မဟုတ်ပါလား။

တုလတ်က သူ့အား ဘယ်တုန်းကမှ သဘောကျခဲ့ခြင်းမရှိ
ကြောင်း နားလည်ထားသည်။

တုလတ် ပြုံးလိုက်လေသည်။

"ကျုပ်က မရိုးမသား ပြောဆိုနေတာများလားလို့ မြို့စား
ကြီး တွေးတောနေတာ မဟုတ်လားဗျာ"

"ဟင်း"

မြို့စားကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

တုလတ်က...

"ကျုပ်က မြို့စားကြီးနဲ့ တကယ်ပဲ လက်တွဲဆောင်ရွက်ချင်
တယ်ဆိုတာ ကောင်းကင်နဲ့မြေကြီးကို တိုင်တည်ပြီး သစ္စာဆိုခံပါ
တယ်ဗျာ"

"ဒါ တကယ်ပြောနေတာလား"

"ဟဲ့...ဟဲ့...ကျုပ်တို့အချင်းချင်းတွေပဲ မဟုတ်လားဗျာ"

မြို့စားကြီး ခေါင်းညိတ်လိုက်သည်။

"အမိန့်တံဆိပ်တော်ကိစ္စဟာ အင်မတန်ရှုပ်ထွေးတဲ့ကိစ္စ
သည်ကိစ္စကို မဖြေရှင်းနိုင်ရင် ကျုပ် တစ်သက်လုံး အိပ်လို့ပျော်
တော့မှာ မဟုတ်ပါဘူး"

"ဒါပေါ့ဗျာ"

"ဒါပေမယ့် နယ်စားကြီးက အမိန့်ထုတ်ပြန်ထားပြီးပြီ
တော့ ကျုပ်စဉ်းစားဖို့ အချိန်ပေးစေချင်ပါတယ်"

တုလတ် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ မြို့စားကြီး၊ အေးအေးဆေးဆေး အနား
စဉ်းစားပါဦးဗျာ၊ ဒါထက် ညီမလေးကူးကူးကော မတွေ့ပါလား"

"ရှိပါတယ်၊ သူက..."

တုလတ်က ကူးကူးကို သဘောကျနေပြီး ကူးကူး
တုလတ်ကို လုံးဝသဘောမကျနိုင်အောင် ဖြစ်နေကြောင်း ရိပ်မိထား
လေသည်။

တုလတ် ပြုံးလိုက်သည်။

"ကျုပ် သည်ကိုရောက်လာတိုင်း ညီမလေးကူးကူး
တစ်ခါမှ မတွေ့ရဘူး၊ ဘာကြောင့်လဲဗျာ၊ နေမကောင်းလို့များ အခန်း
အောင်းနေတာလား"

သူ၏စကားသံနှင့် မရွေးမနှောင်းမှာပင်...

"ရှင့်ကို မတွေ့ချင်လို့ ထွက်မလာတာပေါ့ရှင်"

ကူးကူး၏စကားသံ ထွက်ပေါ်လာလေသည်။

မြို့စားကြီးနှင့် တုလတ်တို့ ကြည့်လိုက်ကြသောအခါ
ကူးလှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

တုလတ်၏မျက်နှာကြီး ပြုံးရွှင်သွား၏။

"ညီမလေးကူးကူး"

ကူးကူးလည်း ပြုံးလိုက်သည်။

"အစ်ကိုရောက်လာတာနဲ့ အတော်ပဲ၊ ကျွန်မလည်း အစ်ကို့
ကို တွေ့ချင်နေတာ"

တုလတ်က...

"ညီမရယ်...ကျုပ်ကို တွေ့ချင်တာများ တစ်ယောက်
ယောက်ကိုလွှတ်ပြီး ခေါ်ခိုင်းလိုက်တာ မဟုတ်ဘူး၊ ကျုပ် ချက်ချင်း
လိုက်လာမှာပေါ့"

"အို...ကျွန်မကြောင့် အစ်ကို ပင်ပန်းနေမှာ မလိုလားလို့ပါ
ရှင်"

မြို့စားကြီးသည် ကူးကူးကိုကြည့်ကာ မယုံနိုင်အောင် ဖြစ်
နေသည်။

ကူးကူးသည် အလွန်ရှုံရှာမုန်းတီးနေသော တုလတ်အား
ယောင်ကြောင့် အရောတဝင်ဆက်ဆံနေရပါသနည်း။

သမီးဖြစ်သူ၏အကြောင်းကို သိထားသောကြောင့်...

"သူ တစ်ခုခုလုပ်တော့မှာ သေချာတယ်၊ သူ့မှာ အကြံ
အစည်ခုခုရှိရမယ်၊ ဒုက္ခပါပဲ"

မြို့စားကြီး စိုးရိမ်ပူပန်လာလေတော့သည်။

တုလတ်လည်း အံ့သြနေသည်။

သူ့အား မုန်းတီးနေသည့် ကူးကူးက အဘယ်ကြောင့် ရင်းရင်းနှီးနှီး ဆက်ဆံလာရပါသနည်း။

"သူက အကြံရှိနေတယ်ဆိုလည်း ဘာအရေးလဲ၊ ငါက ဒီစားကြီးကို ချုပ်ကိုင်ထားနိုင်ပြီပဲ"

သူက ဘာမှစဉ်းစားမနေတော့ချေ။

"ညီမ ဘာကြောင့်များ ကျုပ်ကိုတွေ့ချင်ရတာလဲ၊ ပြောဦး"

ကူးကူးက...

"ဟုတ်တယ်၊ ကျွန်မ မေးစရာရှိလို့ အစ်ကိုက အမိန့်တံဆိပ်တော်ကိစ္စနဲ့ ပတ်သက်နေတဲ့ မြေအောင်းကျားနဲ့ဆေးရွက်ဆိုင်မိန်းကလေးကို ဖမ်းမိထားပြီ မဟုတ်လားဟင်"

တုလတ် အံ့သြသွားသည်။

"ကျုပ် လျှို့ဝှက်ထားတာတောင် ညီမတို့က သိနေကြီးကိုး"

"ဒါဖြင့် သူတို့ကို အစ်ကိုဖမ်းထားတာ တကယ်ပဲပေါ့"

"ဟုတ်တယ်၊ သူတို့အပြင် တိမ်ယံကျားဆိုတဲ့လူကိုလည်း ဖမ်းမိခဲ့တယ်၊ ဒါပေမယ့် တိမ်ယံကျားကတော့ သေဆုံးသွားပါပြီ"

ကူးကူးက...

"သူတို့ကို ဖမ်းထားပြီး အစ်ကို ဘယ်လိုစီရင်မယ်ဆိုတာ ကျွန်မ သိရနိုင်မလားရှင်"

တုလတ်က....

"ဒါ မထူးဆန်းပါဘူး၊ အမိန့်တံဆိပ်တော်ကိစ္စဟာ အင်မတန်ရှုပ်ထွေးပြီး လျှို့ဝှက်ချက်တွေများတယ်၊ သူတို့ဘက်က လှည့်ကွက်တွေများသလို ကျုပ်တို့ကလည်း လှည့်ကွက်တွေသုံးခဲ့တာပဲဟာတ်လား၊ ကျုပ်တို့ဘက်က တပန်းသာတာက သူတို့ထက်ပိုပြီး ဉာဏ်လွတ်လပ်လပ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်တာပါပဲ၊ အဲ့ကြောင့် မြေအောင်းကျားကို ဖမ်းမိခဲ့တာပါ"

ကူးကူးက...

"ကျွန်မက သူတို့ကို ဆုံးမချင်နေတာ"

တုလတ်က ရယ်မောလိုက်သည်။

"မပူနဲ့ ညီမကိုယ်စား သူတို့ကို ကျုပ်ဆုံးမလိုက်ပါ့မယ်"

"အစ်ကို တကယ်ပြောတာနော်"

"တကယ်ပေါ့"

"အို...ကျေးဇူးတင်လိုက်တာရှင်"

ကူးကူးက မြို့စားကြီးဘက်သို့လှည့်ကာ ပြောလိုက်သည်။

"ဖေဖေ...အစ်ကို့ကို ဓာတ်ခံကျေးမွေးဖို့ သမီးသွားပြီး ပြင်ဆင်လိုက်ဦးမယ်"

"ကောင်းတာပေါ့၊ သမီးရယ်"

မြို့စားကြီးလည်း ဘုမသိဘမသိ သဘောတူလိုက်ရလေသော့သည်။

♦ ♦ ♦

မင်းသားလေးတုလတ်က မြို့စားဂေဟာမှ ပြန်လာခဲ့သည်၊ လမ်းတစ်ဝက်သို့ ရောက်လျှင် ရုတ်တရက်ခြေလှမ်းရပ်သွား၏။

နောက်ကျောဘက်မှ ခေါ်သံထွက်ပေါ်လာခြင်းကြောင့် လှည့်ကြည့်လိုက်ရာ ယင်းဖိန် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

"မင်းသားလေး"

ယင်းဖိန်က အနီးသို့ ရောက်ရှိလာလေသည်။

တုလတ် ပြုံးလိုက်သည်။

"ကိုယ်ရံတော်ကြီးရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်း မသိတော့ပါဘူးဗျာ"

ယင်းဖိန်က...

"မြို့စားကြီးက အမိန့်စာဟာ အတုဖြစ်နေတယ်ဆိုတာ မရိပ်မိခဲ့ဘူး မဟုတ်လား"

တုလတ် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ သူက တကယ့်အမိန့်စာ အစစ်ထင်နေတာ၊ ဖတ်ပြီးတာနဲ့ မျက်စိမျက်နှာပျက်သွားတော့တာပဲ၊ မြို့စားရာထူးက အနားယူရတော့မယ် မဟုတ်လား"

တုလတ်က...

"ကျုပ်က ကိုယ်ရံတော်ကြီး ပြောသလို မြွေမသေတုတ်မကျိုး သဘောမျိုး ကျုပ်နဲ့လက်တွဲဖို့ မြို့စားကြီးကို ဖိတ်ခေါ်လိုက်တာ

သက်ခံမှာ သေချာပါတယ်"

ယင်းဖိန် ကျေနပ်သွားလေသည်။

"မြို့စားကြီးက အမိန့်တံဆိပ်တော်ကိစ္စမှာ သမီးဖြစ်တဲ့ ဘူးကူး ဝင်ရှုပ်နေတာတွေကို လျစ်လျူရှုထားခဲ့တယ်၊ ဒါကြောင့် ရှေ့ဆက်အောင်မြင်အောင် ဆောင်ရွက်နိုင်မယ့်လမ်း မမြင်ဘူး"

တုလတ် ပြုံးလိုက်သည်။

"မြို့စားကြီးကို အားမရတာနဲ့ ကျုပ်နဲ့လက်တွဲဖို့ ဆုံးဖြတ်လိုက်တာ မဟုတ်လားဗျာ"

ယင်းဖိန်က...

"မင်းသားလေးဟာ တက်လမ်းရှာနေသူ တစ်ယောက်ဆိုတာ ကျုပ် သဘောပေါက်ပါတယ်"

"ဒါပေါ့ဗျာ၊ ဘုရင့်အမိန့်တံဆိပ်တော်ကိစ္စမှာ ကျုပ်က ပြတ်ပြတ်သားသား ဖြေရှင်းချင်ပေမယ့် မြို့စားကြီးက အတားအဆီး တစ်ခုလိုဖြစ်နေတာ"

ယင်းဖိန်က...

"ခုတော့ မြို့စားကြီးဟာ မင်းသားလေးရဲ့လက်အောက်ကို ရောက်သွားပါပြီဗျာ"

"ဒါက ကိုယ်ရံတော်ကြီးရဲ့ ကျေးဇူးကြောင့်ပါဗျာ၊ ဟဲ ဟဲ"

ယင်းဖိန် ပြုံးလိုက်သည်။

"ကျုပ်က မင်းသားလေးကို ကူညီခဲ့သလို မင်းသားလေးကလည်း ကျုပ်ကိုပြန်ပြီး ကူညီမယ်လို့ မျှော်လင့်ပါတယ်ဗျာ"

တုလတ်သည်လည်း နယ်စားကြီးမှာ သူ၏ဦးလေးဝမ်းကွဲ
ဟော်စပ်သည်ဟု ကြားဝါပြောဆိုတတ်သော်လည်း တကယ်တမ်း၌
နယ်စားကြီးက သူ့အား သဘောမကျကြောင်း ရိပ်မိထားလေသည်။

ယင်းဖိန်က...

"ကျုပ်က အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် နယ်စားကြီးနဲ့
တွေ့ချင်တယ်၊ အဲဒါ မင်းသားလေးကူညီနိုင်မလား"

တုလတ် သက်ပြင်းချလိုက်သည်။

"နယ်စားကြီးနဲ့ တွေ့ရုံသက်သက်တော့ ကျုပ်ကူညီနိုင်ပါ
ဘယ်၊ ဒါပေမယ့် သည်ထက်ပိုပြီး ဘာမှတော့ တတ်နိုင်မယ်မထင်
ဘူးဗျ"

"ကိစ္စမရှိဘူး၊ တွေ့ခွင့်ရရုံနဲ့ပဲ လုံလောက်ပါတယ်"

"ကောင်းပြီလေ၊ ကျုပ်ကူညီပါ့မယ်'

ယင်းဖိန် ကျေနပ်သွားလေတော့သည်။

◆ ◆ ◆

"စိတ်ချ ကျုပ် ဘာကူညီရမလဲ၊ ပြောပါ"

ယင်းဖိန်က...

"မင်းသားလေးမှာ နယ်စားကြီးနဲ့တွေ့ဖို့ အမိန့်စာရှိတယ်
မဟုတ်လားဗျာ"

တုလတ် မျက်မှောင်ကုပ်သွားလေသည်။

"အမိန့်စာ ဟုတ်လား"

"မင်းသားလေးမှာ အခက်အခဲရှိလာရင် နယ်စားကြီးကို
အချိန်မရွေး တွေ့ခွင့်ရနိုင်တဲ့ ခွင့်ပြုအမိန့်စာကို ပြောတာပါ"

မန်ချူးဘုရင်သည် တုလတ်၏မိဘများနှင့် ပတ်သက်ပြီး
အခွင့်အရေးပေးချီးမြှင့်သည့်အနေဖြင့် အထူးခွင့်ပြုချက်အမိန့်စာတစ်
စောင်ပေးခဲ့လေသည်။

ထိုအမိန့်စာဖြင့် မြို့စားနယ်စား မည်သူ့ကိုမဆို အချိန်မ
ရွေး ဝင်ရောက်တွေ့ဆုံကာ အကူအညီတောင်းနိုင်ပေသည်။

မင်းသားလေးတုလတ်မှာ အရည်အချင်း မပြည့်ဝသူဖြစ်ရာ
ဦးလေးဝမ်းကွဲတော်သည့် နယ်စားကြီးက မျက်နှာသာမပေးခဲ့ပေ။

နယ်စားကြီးသည် ရင်းနှီးသူများအား...

"သူ့ရဲ့မိဘတွေဟာ တကယ့်သူရဲကောင်းတွေပါ၊ သူက
တော့ အရည်အချင်းမရှိဘူး ဘုရင်မင်းမြတ်က ဂရုဏာသက်တော်မူ
လို့ သူ့ကိုချီးမြှင့်မြောက်စားထားပေမယ့် ကျုပ်က သူနဲ့ဆွေမျိုးတော်
စပ်တယ်ဆိုတာ ပြောရမှာတောင် ရှက်ပါတယ်ဗျာ"

ဟုရင်ဖွင့်ပြီး အတွင်းစကားဆိုလေ့ရှိပေသည်။

ချောင်းမြောင်းလုပ်ကြံဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ကြသည်။

ထို့ကြောင့် နယ်စားကြီးသည် လုံခြုံရေးကို တင်းတင်းကြပ်ကြပ်စီမံဆောင်ရွက်ထားလေသည်။

လူတိုင်းကိုလည်း အတွေ့မခံပါ။

သို့သော်...

ယင်းဖိန်က မင်းသားလေးထူလတ်၏ အမိန့်စာကိုကိုင်ကာ ရောက်ရှိလာလေသောအခါ...

နယ်စားကြီးတုရှောင်ထင်းက ယင်းဖိန်ကို စိုက်ကြည့်လိုက်သည်။

"ကျုပ်က တုလတ်ရောက်လာတယ် ထင်နေတာ"

ယင်းဖိန် ဦးညွှတ်လိုက်သည်။

"ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စရှိနေတာကြောင့် နယ်စားကြီးနဲ့တွေ့ခွင့်ရအောင် ကြိုးစားခဲ့ရတာပါ"

တုရှောင်ထင်းက...

"မင်းဟာ မြို့စားကြီးလက်အောက်မှာ တာဝန်ထမ်းဆောင်နေတာ မဟုတ်လား၊ အရေးကြီးကိစ္စရှိရင် မြို့စားကြီးဆီမှာ တင်ပြသိုက်ရင် ပြီးတာပဲ မဟုတ်လား"

ယင်းဖိန်က...

"မြို့စားကြီးဆီကို တင်ပြတဲ့အခါ သူက အထက်ကို သတင်းပို့ဘဲ ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်နေတာကြောင့် အမှားအယွင်းတွေ ရှိနေပါတယ်၊ ကျုပ်တို့ဘက်က ထိခိုက်နစ်နာမှုတွေ ရှိနေလို့ပါ"

အာဂလူ

တုရှောင်ထင်း...။

နယ်စားကြီးတုရှောင်ထင်းမှာ မန်ချူးစစ်သူကြီးတစ်ဦးလည်း ဖြစ်လေသည်။

တရုတ်ပြည်ကြီးကို ကျူးကျော်တိုက်ခိုက်ရာ၌ တိုက်ပွဲတိုင်းကို အောင်မြင်ခဲ့သဖြင့် နယ်စားကြီးရာထူး ထပ်မံခန့်အပ်ခြင်း ခံခဲ့ရသည်။

တုရှောင်ထင်းသည် သူအုပ်ချုပ်ရသော နယ်မြေအတွင်းရှိ မျိုးချစ်သိုင်းသမားများအား ရက်ရက်စက်စက် ချေမှုန်းပစ်ခဲ့လေသည်။

တုရှောင်ထင်းအား မျိုးချစ်သိုင်းသမားများက အလွန်မုန်းတီးကြသည်။

တုရောင်ထင်း သက်ပြင်းချလိုက်သည်။

"အမိန့်တံဆိပ်တော်ကိစ္စ မြို့စားကြီးကို တာဝန်ပေးထားတယ်၊ သူ့ကို ကူညီဆောင်ရွက်ဖို့ မင်းတို့ကို ပို့ပေးထားတာ မဟုတ်လား"

ယင်းဖိန်က...

"မြို့စားကြီးက သူ့သဘောနဲ့သူ ဆောင်ရွက်နေပါတယ်၊ ကျုပ်တို့ကို နယ်စားကြီးနဲ့ ဆက်သွယ်လို့မရအောင်လည်း အခြေမြိုးဝိတ်ပင်ထားတာကြောင့် မင်းသားလေးတုလတ်ကို အသုံးချခဲ့တာပါ"

ယင်းဖိန်တို့သည် နယ်စားကြီးစေလွှတ်ထားသူများ ဖြစ်ကြောင်း သေချာလည်း သူတို့ကိုယ်တိုင် နယ်စားကြီးကို တွေ့ချင်တိုင်း တွေ့ခွင့်မရချေ။

မြို့စားကြီး၏လက်အောက်၌ ရှိနေသဖြင့် မြို့စားကြီးမှတဆင့် ဆက်သွယ်ရသည်။

မြို့စားကြီးသည် အမိန့်တံဆိပ်တော်ကိစ္စကို ကိုယ်တိုင်ကြွရှင်းရန် ဆုံးဖြတ်ထားသဖြင့် ယင်းဖိန်တို့ အခက်ကြုံခဲ့ရလေသည်။

တုရောင်ထင်း သက်ပြင်းချလိုက်သည်။

"တုလတ်က အသုံးမကျတဲ့အပြင် မြို့စားကြီးကလည်း ကိုယ့်သဘောနဲ့ကိုယ် ဆောင်ရွက်ချင်တာကိုး၊ ဒါကြောင့် အခြေအနေက ဘာမှထူးခြားမလာတာကိုး"

ယင်းဖိန်က...

"ကျုပ်တို့ဘက်က အားထားရတဲ့လူတွေလည်း ဆုံးရှုံးခဲ့ရပြီးပြီ၊ နယ်စားကြီး"

တုရောင်ထင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ အမိန့်တံဆိပ်တော်ကိစ္စမှာ မင်းစိတ်တိုင်းကျ ဆောင်ရွက်ခွင့်ပြုလိုက်မယ်ဆိုရင်ကော ဘယ်လိုလဲ"

ယင်းဖိန် ဝမ်းသာသွားလေသည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျုပ် တာဝန်ကျေအောင် ဆောင်ရွက်ပါ့မယ်၊ အမိန့်တံဆိပ်တော်ကိုရအောင် ယူပေးပါ့မယ်၊ ဒါထက် ဌားရမ်းထားတဲ့ ကြေးစားတွေ"

"သူတို့ အရေးနိမ့်သွားတယ်ဆိုတာ ငါသိပြီးပြီ၊ ပွင့်ပွင့်လင်းထင်းပြောရရင် ငါတို့ ထောင်ချောက်ထဲကို သူက တိုးဝင်လာပြီလေ"

ယင်းဖိန်သည် တုရောင်ထင်းကိုကြည့်ရင်း အလိုလို ကျေနာခဲ့သွားလေသည်။

အမိန့်တံဆိပ်တော်ကိစ္စသည် အလွန်ရှုပ်ထွေးပြီး ထောင်ချောက်တစ်ခုဖြစ်နေရခြင်းမှာ တုရောင်ထင်း ပယောဂကြောင့်ဖြစ်လေသည်။

တုရောင်ထင်းက...

"ဘုရင့်အမိန့်တံဆိပ်တော်ဟာ လူတစ်ယောက်ရဲ့ ကံကြမ္မာကို ပြောင်းလဲသွားစေနိုင်တယ်ဆိုတော့ ငါတို့လူတွေတောင် စိတ်မချရတော့ဘူး၊ သူတို့ဟာ သိုင်းသမားတွေပဲ မဟုတ်လား၊ သိုင်းလောက

ကိုလွှမ်းမိုးနိုင်မယ့် အခွင့်အရေးရမယ်ဆိုရင် တခြား ဘယ်ကိစ္စကို
မှေ့ပစ်လိုက်ကြမှာပဲပေါ့”

ယင်းဖိန် သက်ပြင်းချလိုက်လေသည်။

တုရှောင်ထင်းက...

“ကြေးစားတွေ အရေးနိမ့်သွားတယ်၊ တို့ဘက်က အ
ညီအစ်မလည်း ပျောက်နေတယ်၊ ကျင်းစန်းလည်း ဘယ်ရောက်
မှန်း မသိရသေးဘူး၊ သည်ကိစ္စတွေကို မင်းတာဝန်ယူဖြေရှင်းရ
မယ်”

ယင်းဖိန် ကျေနပ်သွားလေသည်။

တုရှောင်ထင်းက...

“မင်းနဲ့လက်တွဲဆောင်ရွက်ဖို့ ကျုပ်က လူတချို့လွှတ်
လိုက်မယ်၊ မင်းကို စိတ်ချရပေမယ့် မျိုးချစ်သိုင်းအဖွဲ့ တာဝန်ခံ
တော့ ရဖို့မလွယ်ဘူး”

ယင်းဖိန် ဦးညွှတ်လိုက်သည်။

“ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ”

သူ၏လေသံ ပြောင်းလဲသွားလေသည်။

မန်ချူးသိုင်းသမားများသည် မြို့စားနယ်စားများလ
အောက်၌ တာဝန်ထမ်းဆောင်နေကြသော်လည်း သူတို့သည် ပြည်
သိုင်းလောကသားများနှင့် များစွာ မကွာခြားလှသော သိုင်းလော
သားများ ဖြစ်ကြသည်ဟု ခံယူထားကြလေသည်။

ထိုခံယူချက်ကြောင့် အချို့နေရာများ၌ မြို့စားနယ်စား

အခြေချင်းမတူတော့ချေ။

မည်သို့ဆိုစေ...

တကယ်တမ်း ဩဇာအရှိန်အဝါကြီးမားပြီး အမိန့်ပေးနိုင်သူ
မြို့စားနယ်စားများသာ ဖြစ်လေသည်။

ယင်းဖိန်တို့လူစုသည် ထက်မြက်သော လက်ရွေးစင်သိုင်း
သားများဖြစ်ကြသော်လည်း မြို့စားကြီးလက်အောက်၌ တာဝန်
ထမ်းဆောင်ရသည့် မြို့စားကြီး၏အမိန့်ကိုနာခံကြရသည် မဟုတ်ပါ
ဘူး။

ယင်းဖိန်သည် နယ်စားကြီး ကူညီပံ့ပိုးပေးမည်ဆိုသည်မှာ
သိုင်းမန်ချူးသိုင်းဆရာများအား ထပ်မံစေလွှတ်ပေးမည်ဖြစ်
ကြောင်း နားလည်ထားလေသည်။

သိုင်းစွမ်းထက်သူများ ရောက်ရှိလာကြမှသာလျှင် စာပေ
သားမုယုံအား ယှဉ်နိုင်မည် မဟုတ်ပါလား။ တုရှောင်ထင်းက...

“ခုချိန်ကစပြီး မင်းက ကျုပ်နဲ့တိုက်ရိုက်ဆက်သွယ်ဆောင်
ရွက်ပေတော့”

အထူးအခွင့်အရေး ပေးလိုက်လေသည်။ ယင်းဖိန်က...

“သည်ကိစ္စကို မြို့စားကြီးနဲ့မင်းသားလေးတုလတ်တို့ကိုး...”

“သူတို့ကို လုံးဝအသိမပေးဘဲ ဆောင်ရွက်ရမယ်”

ယင်းဖိန် အကျေနပ်ကြီး ကျေနပ်ကာ ကြမ်းပြင်ပေါ်ဒူး
ထောက်ပြီး နယ်စားကြီးအား ဂါရဝပြုလိုက်လေတော့သည်။

◆ ◆ ◆

တံဆိပ်

၁

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ကျင်းစန်းမှာ လူချင်းလဲကာ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီဖြစ်လေသည်။

အမိန့်တံဆိပ်တော်ကိစ္စမှာ သူမျှော်လင့်ထားသည်ထက် ပိုပြီးရှုပ်ထွေးနေကြောင်း နားလည်လိုက်ပြီး အမိန့်တံဆိပ်ငှက်ထားခဲ့သည့်နေရာသို့ ပြန်သွားလိုက်သည်။

များမကြာမီ ကျင်းစန်း၏လက်ထဲသို့ အမိန့်တံဆိပ်ပြန်လည် ရောက်ရှိလာလေသည်။

ကျင်းစန်းက တံဆိပ်ကို စစ်ဆေးကြည့်လိုက်သည်။

"သည်တံဆိပ်နဲ့ပတ်သက်ပြီး ငါ့ရဲ့တာဝန်အမှန်ကို ဘယ်သူသိနိုင်မှာတဲ့လဲ"

မှန်ပေသည်။

သူက တံဆိပ်တော်ယူလာမည်။

ကျားနှစ်ကောင်နှင့်တွေ့ကာ လက်ပြောင်းပေးလိုက်မည်။

ကျားနှစ်ကောင်က တံဆိပ်တော်ကိုယူကာ ရှောင်လင်ကျောင်းသို့ သွားရောက်ပို့ဆောင်မည်။

ရှောင်လင်ကျောင်းက တံဆိပ်တော်ကို အသုံးပြုကာ သိုင်းလောကသားများအား စည်းရုံးသိမ်းသွင်းမည်။

ထိုသို့ဖြစ်သည်။

ဂဖန်...

မြို့ထောင်ဘုံကျောင်း၌ ကျင်းစန်းက ကျားနှစ်ကောင်နှင့်တွေ့ဆုံကာ တံဆိပ်တော်လွှဲပြောင်းပေးမည့်ကိစ္စမှာ လှည့်ကွက်ဖြစ်သည်။

အားလုံးက ကျင်းစန်းကို ဂရုစိုက်နေချိန်၌ ဖာဆိပ်တော်အစစ်အမှန်ကို အခြားတလမ်းမှနေပြီး ရှောင်လင်ကျောင်းသို့ ပို့ပေးမည်။

ထိုသို့ သတင်းအမျိုးမျိုး ထွက်ပေါ်လာရာ အခြေအနေရှုပ်ထွေးသွားပြီး ပြဿနာအမျိုးမျိုး ဖြစ်ပေါ်ခဲ့တော့သည်။

တံဆိပ်တော်အစစ်အမှန်မှာ ကျင်းစန်း၏ လက်ထဲမှာပင်

ရှိနေခြင်းဖြစ်လေသည်။

ကျင်းစန်းသည် တံဆိပ်တော်ကို စစ်ဆေးပြီး ကျေနပ်ကာ အင်္ကျီအိတ်ထဲ လုံခြုံစွာ သိမ်းဆည်းထားလိုက်သည်။

သူက မြေအောင်းကျားနှင့် တွေ့ဆုံပြီးပြီဖြစ်သလို အခြေအနေရှုပ်ထွေးအောင် ဖန်တီးခဲ့ပြီးဖြစ်သည်။

သူ၏ဇနီးသည်နှင့် သားသမီးများလည်း အသက်ပေးခဲ့ရပြီဖြစ်သည်။။။

"ထန်ကျားကျေးရွာကို ငါသွားမှပဲ"

ကျင်းစန်း တီးတိုးရေရွတ်လိုက်သည်။

မျိုးချစ်ခေါင်းဆောင် အစစ်အမှန်မှာ ထန်ကျားကျေးရွာပိုင်ရှင်ဖြစ်လေသည်။

ကျင်းစန်းသည် အခြေအနေရှုပ်ထွေးအောင် ဆောင်ရွက်ခြင်း၊ မန်ချူးလက်ပါးစေ သစ္စာဖောက်များအား ဖော်ထုတ်ခြင်းများ ဆောင်ရွက်ပြီးလျှင် ထန်ကျားကျေးရွာသို့သွားကာ အမိန့်တံဆိပ်တော်ကို ပေးအပ်ရမည်ဖြစ်ပါသည်။

ကျင်းစန်းလည်း တောလမ်းအတိုင်း ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

အလင်းရောင်တဖြည်းဖြည်း အားနည်းလာလေသည်။

အမှောင်ထုက တစ်စထက်တစ်စ အားကောင်းလာသည်။

ကျင်းစန်း ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့သဖြင့် တော အုပ်ထဲမှာပင် တစ်ညတာ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်...

သစ်ပင်ချုံနွယ်များကြားမှ အဆောက်အဦးပျက်တစ်ခု ရှိ
သည်ကို တွေ့လိုက်ရ၏။

ကျင်းစန်း ဝမ်းသာသွားလေသည်။

"သည်အဆောက်အဦးပျက်မှာပဲ တစ်ည အနားယူလိုက်
တော့မယ်"

ဆုံးဖြတ်လိုက်လေတော့သည်။

◆ ◆ ◆

ကျင်းစန်းက အဆောက်အဦးပျက်ကြီးအတွင်းသို့ လှမ်းဝင်
လိုက်လေသည်။

အတွင်းဘက်သို့ ရောက်သွားသည်နှင့် ရုတ်တရက် မီး
ရောင်များ ထွက်ပေါ်လာကာ လင်းထိန်သွားတော့သည်။

"ဟင်"

ကျင်းစန်း ရင်ထိတ်သွားလေသည်။

ထောင်ချောက်တစ်ခုအတွင်း သက်ဆင်းခြောက်ဖြစ်ကြောင်း
နားလည်လိုက်လေသည်။

သူ့အား ဝိုင်းရံထားသူများကား ယင်းဖိန် ခေါင်းဆောင်
သော မြို့စားကြီး၏ သိုင်းသမားများ ဖြစ်လေသည်။

ယင်းဖိန်က....

"ကျင်းစန်း...မင်းက ရူးချင်ဟန်ဆောင်နေခဲ့တယ်ဆိုတာ
ငါသိတယ်၊ အမိန့်တံဆိပ်တော်ကိုလည်း တစ်နေရာမှာ ဝှက်ထား
တယ်ဆိုတာ ငါရိပ်မိတယ်၊ ဒါကြောင့် မင်းက လူချင်းလဲပြီးထွက်ပြေး
သွားတာကို တမင် မသိချင်ဟန်ဆောင်နေလိုက်တာပဲ"

ကျင်းစန်း ထိတ်လန့်သွားသည်။

ယင်းဖိန်၏လက်ထဲမှ မည်သည့်နည်းနှင့်မျှ ပြေးလွတ်နိုင်
တော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

ယင်းဖိန်က....

"ငါ့ရဲ့လူတစ်ယောက်က မင်းကို တိတ်တဆိတ် နောက်
ရောင်ခံလိုက်လာတယ်ဆိုတာ မင်းမရိပ်မိခဲ့တာ ကံဆိုးတာပဲလေ"

"တောက်"

ကျင်းစန်း ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ယင်းဖိန်က...

"ကဲ အမိန့်တံဆိပ်တော် ငါ့ကိုပေးပါ၊ မင်းကို ချမ်းသာပေး
ဦးမယ်"

ကျင်းစန်း အံကြိတ်လိုက်သည်။

"ကျုပ်သေမှရမယ် မှတ်ထား"

ယင်းဖိန်ထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေတော့သည်။

ယင်းဖိန်ကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ကျင်းစန်းသည် မကြာခဏ ဒဏ်ရာရရှိခဲ့သဖြင့် သိုင်းအား
လျော့ကျနေသကဲ့သို့ ယင်းဖိန်၏သိုင်းပညာက သူ့ထက်သာနေခြင်း
ကြောင့် သိုင်းကွက်သုံးဆယ်ခန့် ယှဉ်ပြိုင်ပြီးလျှင် မည်သို့မျှမတတ်
သာတဲ့ အရေးနိမ့်သွားခဲ့လေတော့သည်။

"ဝုန်း"

ကျင်းစန်း အဝေးသို့လွင့်စဉ်သွားတော့သည်။

ယင်းဖိန်က...

"သူ့ကို ဖမ်းထားလိုက်"

သူ၏နောက်လိုက်များကို အမိန့်ပေးလိုက်လေသည်။

ယင်းဖိန်၏လူများလည်း ရှေ့တိုးကာ ကျင်းစန်းအား ဖမ်း
ဆီးရန် ကြိုးစားလိုက်ကြလေသည်။

"ယား"

ကျင်းစန်းက အည့်မခံဘဲ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဒဏ်ရာပြင်းထန်စွာ ရထားပြီးဖြစ်သလို အများနှင့်တစ်ယောက် ရင်ဆိုင်လိုက်ရသည်ဖြစ်ရကား ကျင်းစန်း ကံဆိုးသွားလေတော့သည်။

"အား"

အသံနက်ကြီးဖြင့် စူးရှစွာအော်ဟစ်ရင်း လဲကျသွားလေတော့သည်။

◆ ◆ ◆

ကျင်းစန်း လဲကျနေ၏။

တစ်ကိုယ်လုံး မလှုပ်မယှက် ဖြစ်နေပြီး ဘယ်သောအခါမှ ပြန်ထလာနိုင်တော့မည် မဟုတ်ပါချေ။

ယင်းဖိန်က အမိန့်တံဆိပ်တော်ကို လက်ဝါးပေါ်တင်ကာ စစ်ဆေးကြည့်လိုက်သည်။

သေရေးရှင်ရေး အရေးကြီးသည့် အမိန့်တံဆိပ်တော်မှာ ယင်းဖိန်၏လက်ထဲ ရောက်ရှိသွားပြီဖြစ်လေသည်။

ယင်းဖိန်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေသည်။

သူ၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များလည်း ဖြစ်ပေါ်နေလေသည်။

"ဘုရင့်အမိန့်တံဆိပ်တော် ငါ့လက်ထဲကို ရောက်လာပြီ၊ သိုင်းလောကတစ်ခုလုံးလည်း ငါ့ရဲ့ခြေဖဝါးအောက်ကို ရောက်လာပြီ ဟေ့"

ကျေနပ်စွာ ရေရွတ်လိုက်လေသည်။

ယင်းဖိန်သည် မည်သို့သောအကြံအစည်များ ရှိနေပါသနည်း။

◆ ◆ ◆

"ဟား...ဟား...ဟား"

ဧည့်ခန်းမဆောင်ကြီးအတွင်း၌ မင်းသားလေးတုလတ်ရယ်မောသံ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

ယင်းဖိန် စီစဉ်ပေးသော နယ်စား အမိန့်စာအတုဖြင့် မြို့စားကြီးအား လှည့်စားနိုင်ခဲ့ပြီ ဖြစ်သည်။

မြို့စားကြီးသည် သူနှင့်လက်တွဲဆောင်ရွက်မည်ဟု ကတိပြုလိုက်ပြီ မဟုတ်ပါလား။

ယခင်ကဆိုလျှင် မြို့စားကြီးက ဦးဆောင်သူဖြစ်ပြီး သူက နောက်လိုက်ဖြစ်ခဲ့သည်။

ယခုတော့ သူက ဦးဆောင်သူဖြစ်ကာ မြို့စားကြီးမှာ နောက်လိုက်ငယ်သားဘဝ ရောက်ရှိသွားပြီဖြစ်လေသည်။

မင်းသားလေးတုလတ်သည် အရည်အချင်းမရှိသော်လည်း အခွင့်အရေးကိုတော့ မြင်တတ်သူဖြစ်ပေသည်။

မြို့စားကြီးအား လှည့်စားပြီးသည်နှင့် မြို့စားဂေဟာသို့ နေ့စဉ်သွားခဲ့သည်။

မြို့စားကြီးတို့သားအဖနှင့် ရင်းနှီးအောင် ဆက်ဆံခဲ့သည်။ ထို့နောက် အခွင့်အရေး တောင်းလိုက်လေတော့သည်။

"မြို့စားကြီးကို မပြောမဖြစ်လို့ ပြောရမှာပါ။ ကျုပ်က ဒီမလေးကူးကူးကို မေတ္တာသက်ဝင်နေတာကြောင့် မြို့စားကြီးရဲ့ သဘောထားကို သိချင်ပါတယ်ဗျာ"

မြို့စားကြီး သက်ပြင်းချလိုက်သည်။

တစ်နေ့ တုလတ်က ထိုစကားပြောလာမည်ဖြစ်ကြောင်း နားလည်ထားလေသည်။

"ဒါက ကျုပ်ဆုံးဖြတ်တာထက် သမီးလေးကူးကူး ကိုယ် ဘိုင်ဆုံးဖြတ်တာက ပိုကောင်းပါလိမ့်မယ်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်သိချင်တာက ညီမလေးကူးကူးက သဘောတူတယ်ဆိုရင် မြို့စားကြီးအနေနဲ့..."

"ကျုပ် သဘောမတူနိုင်စရာ မရှိပါဘူး"

မြို့စားကြီး၏စကားကြောင့် တုလတ် အားရဝမ်းသာရယ်မောလိုက်ခြင်း ဖြစ်ပါတော့သည်။

တုလတ်သည် အတန်ကြာ ရယ်မောပြီးမှ...

"သည်လိုဆိုရင် ညီမလေးကူးကူးရဲ့ သဘောထားကိုသိရအောင် တစ်ခါထဲ မေးကြည့်သွားချင်ပါတယ်ခင်ဗျာ"

"မင်းသားလေး သဘောပဲလေ"

မြို့စားကြီး ခွင့်ပြုလိုက်လေသည်။

♦ ♦ ♦

တုလတ်သည် လှပချောမောလွန်းသော ကူးကူးကို ကြည့်ပြီး ပြုံးမိလေသည်။

ယခုတလော ကူးကူးက သူ့ကိုအရောတဝင် ဆက်ဆံသည်။

တရင်းတနှီး ဆက်ဆံသည်။

သူမ ဟန်ဆောင်ဆက်ဆံနေခြင်းဖြစ်ပြီး တစ်စုံတစ်ခု လိုချင်၍ ထိုသို့ဆက်ဆံခြင်းဖြစ်ကြောင်း နားလည်ထားလေသည်။

မည်သို့ဆိုစေ...

ကူးကူးက အရေးပေးဆက်ဆံသည်ကို ကျေနပ်နေမိသေးတော့သည်။

"မင်းသားလေးက ကျွန်မကို အရေးကြီးတဲ့စကား ပြောစရာ ရှိတယ်ဆို၊ ဘာများလဲ၊ ပြောပါရှင်"

ကူးကူး မေးလာလေသည်။

တမင် ရေလာမြောင်းပေးလုပ်သည့်စကားဟု တုလတ်နားလည်လေသည်။

ထို့ကြောင့် ရဲရဲတင်းတင်းပင် ပြောလိုက်လေသည်။

"ကျုပ်က ညီမကို လက်ထပ်ခွင့်တောင်းချင်လို့ပါ"

"ဩော်"

"မြို့စားကြီးကိုလည်း အသိပေးပြီးပါပြီ၊ ညီမသာ သဘောတူရင် မြို့စားကြီးက ကန့်ကွက်စရာအကြောင်း မရှိဘူးလို့ ပြောတယ်"

ကူးကူး ပြုံးလိုက်သည်။

"ကျွန်မ လဲက်မခံဘူးဆိုရင်ကော"

တုလတ်က...

"ညီမ လက်ခံလာတဲ့အထိ ကျုပ်ကြိုးစားသွားမှာပါ"

ကူးကူး သက်ပြင်းချလိုက်သည်။

"မင်းသားလေး တော်တော်ဇွဲကောင်းတာကိုး၊ အင်းလေ ကျွန်မ သဘောကျလာအောင် လုပ်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်မ ကလည်း လက်ထပ်ဖို့စဉ်းစားရမှာပေါ့ရှင်"

တုလတ် ဝမ်းသာသွားသည်။

"ညီမ သဘောကျလာအောင် ဘာများလုပ်ပေးစေချင်သလဲ၊ ပြောပါ၊ ဘာမဆို ကျုပ်လုပ်ပေးပါ့မယ်"

"မင်းသားလေး တကယ်ပြောတာလား"

"ကျုပ် တကယ်ပြောနေတာပါ ညီမရယ်"

ကူးကူးက ပြုံး၍...

"ဒါဆို ကျွန်မ သွေးတိုးစမ်းလိုက်မယ်၊ မင်းသားလေးက မြေအောင်းကျားနဲ့ဆေးရွက်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဖမ်းသားတယ် မဟုတ်လား"

တုလတ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ဟိုတစ်ခါကတည်းက သူတို့ကို ကျုပ် ဖမ်းပြီး အမိန့်တံဆိပ်တော်အကြောင်း စစ်ဆေးနေတယ်လို့ ညီမကို ပြောခဲ့တာပဲ"

ကူးကူးက...

"သူတို့နှစ်ယောက်ကို ကျွန်မ လိုချင်တယ်ဆိုရင်ကောရှင်"

"ဩော်"

တုလတ်က ကူးကူးအား စိုက်ကြည့်လိုက်သည်။

"ညီမက သူတို့နှစ်ယောက်ကို လိုချင်နေတာကိုး"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပြီ၊ သူတို့ကို ညီမလက်ထဲ အပ်လိုက်မယ်ဆိုရင်..."

"လက်ထပ်ဖို့ကိစ္စကို ကျွန်မ စဉ်းစားမှာပေါ့ရှင်"

တုလတ် မချင့်မရဲ ဖြစ်သွားလေသည်။

"ညီမရယ်၊ စဉ်းစားရုံပဲ စဉ်းစားမှာလား"

"ကျွန်မ စဉ်းစားမယ်ဆိုကတည်းက အဓိပ္ပါယ်ကို သဘော
ပေါက်သင့်တာပေါ့ရှင်"

"ဟား...ဟား...ဟား"

တုလတ် ဟားတိုက်ရယ်မောလိုက်သည်။

"ကောင်းပြီလေ၊ ညီမ သဘောကျအောင် သူတို့နှစ်ယော
ကိုညီမလက်ထဲ ထည့်ပေးလိုက်ရတာပေါ့"

မြေအောင်းကျားနှင့်ဆေးရွက်တို့အား ကူးကူး၏လက်
လွှဲပြောင်းပေးရန် သဘောတူလိုက်လေတော့သည်။

♦ ♦ ♦

အပြောင်းအလဲ

မြို့စားဂေဟာ၏ အနောက်ဘက်အဆောင်၌ အခန်းတစ်ခု
ရှိလေသည်။

ထိုအခန်းသည် အချုပ်ခန်းတစ်ခု အဖြစ်ပြောင်းလဲသွားလေ
သည်။

မြေအောင်းကျားနှင့်ဆေးရွက်တို့အား ထိုအခန်းတွင်း၌
ခမ်းဆီးချုပ်နှောင်ထားသည် မဟုတ်ပါလား။

မြေအောင်းကျားမှာ တိုက်ပွဲ၌ ဒဏ်ရာရရှိခဲ့သလို အဆိပ်
ခဲ၏အဆိပ်ငွေ့များကြောင့် ဆေးရွက်သည်လည်း အဆိပ်ဓာတ်
လေသည်။

နှစ်ယောက်သား သိုင်းပညာကို ကောင်းစွာ အသုံးမပြုနိုင်ကြတော့ပေ။

ကူးကူးသည် စိတ်ဓာတ်ကျဆင်းနေသော မြေအောင်းကူးနှင့် ဆေးရွက်တို့ကိုကြည့်ပြီး သဘောကျနေ၏။

"ညည်းက ဆေးရွက် ဟုတ်လား"

ဆေးရွက် ဘာမှမပြောဘဲ နေလိုက်၏။

ကူးကူးက...

"အစ်ကိုဖုံးရောင်နဲ့ ညည်းလက်ထပ်ထားတယ်ဆိုတာ အမှန်ပဲလား"

ဆေးရွက် မဲ့ပြုံးပြုံးလိုက်သည်။

"သိပ်မှန်တာပေါ့၊ ကျွန်မ အခုလိုအဖမ်းခံနေတယ်ဆိုတာသာ သိရင် အစ်ကိုဖုံးရောင် လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး၊ လာကယ်မှာပဲရှင့်"

ကူးကူး ခံပြင်းသွားသည်။

"ညည်းက သူ့ကိုမျှော်နေသေးတာကိုး၊ မကြာခင် ညည်းငရဲပြည်ကိုသွားရတော့မယ်ဆိုတာ မသိဘူးလား"

"ဘာရှင့်"

"ညည်းတို့နှစ်ယောက်စလုံးကို ငါက ငရဲပြည်ပို့ပေးလိုက်မယ်လေ"

"ရှင်...ရှင်"

ဆေးရွက် ထိတ်လန့်သွားလေသည်။

ကူးကူးမှာ အမှန်ပင်ရက်စက်တော့မည့်အသွင် ရှိနေသည်မဟုတ်ပါလား။

ကူးကူး ရယ်မောလိုက်သည်။

"ညည်းကြောက်နေသလား၊ ငရဲပြည်ကိုမသွားချင်ဘူးဆိုရင်တော့ နည်းလမ်းတစ်ခု ရှိပါတယ်၊ ညည်းမသိချင်ဘူးလား"

ဆေးရွက် မမေးဘဲ နေလိုက်လေသည်။

ကူးကူးက...

"ညည်းက ဖုံးရောင်နဲ့ မပတ်သက်တော့ဘူးဆိုရင် ညည်းငရဲပြည်ကို သွားစရာအကြောင်း မရှိပါဘူးလေ"

ဆေးရွက်က...

"ကျွန်မနဲ့ အစ်ကိုဖုံးရောင်က..."

"ကိစ္စမရှိဘူး၊ ညည်းဘက်က မပတ်သက်တော့ဘူးဆိုရင်ပြီးတာပဲ"

ကူးကူး၏စကားကြောင့် ဆေးရွက် မျက်မှောင်ကုပ်သွားပြီး...

"နေပါဦး၊ ကျွန်မတို့နှစ်ယောက်ကို ဘာကြောင့် မပတ်သက်စေချင်ရတာလဲရှင့်"

ဟုမေးလိုက်လေသည်။

ကူးကူးက....

"မပတ်သက်စေချင်ဘူးဆိုမှ ရှင်းနေပြီလေ"

ဆေးရွက် အံကြိတ်လိုက်သည်။

"လက်စသတ်တော့ ရှင်က အစ်ကိုဖုံးရောင်နဲ့ ပတ်သက်ခြင်း နေတာကိုး"

ကူးကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဆိုရင်ကော ညည်းဘာပြောမလဲ"

ဆေးရွက်က...

"အစ်ကိုဖုံးရောင်ကတော့ ရှင်နဲ့ပတ်သက်ချင်မှာ မဟုတ်ဘူး ရှင်"

"ဒါ ညည်းကိစ္စမဟုတ်ပါဘူး ကဲ ညည်းဘယ်လမ်းကိုရွေးမလဲ၊ ပြောစမ်း"

ဆေးရွက်က...

"ကျွန်မကို သတ်ပစ်လိုက်ပေါ့ရှင်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်ရာ ကူးကူးဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"ဩော်...ညည်းက သေချင်နေတာကိုး၊ ကောင်းပြီ"

ရှေ့တိုးသွားပြီး ဆေးရွက်အား လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ဆေးရွက်က သူမအား ပြန်လည်စိုက်ကြည့်နေပြီး မျက်တောင်ပင် မခတ်ချေ။

"ညည်း သေရမှာ မကြောက်ဘူးလား"

ဆေးရွက် ပြုံးလိုက်သည်။

"အစ်ကိုဖုံးရောင်ရဲ့ မေတ္တာကို ကျွန်မရပြီးပြီပဲ၊ သေသွား

တော့ကော ဘာဖြစ်၊ ဦးမှာလဲရှင်"

"ညည်း"

"ရှင်သာ အစ်ကိုဖုံးရောင်ကို မျှော်လင့်ရင်း တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် အတော်ဝမ်းနည်းစရာကောင်းမှာ"

ကူးကူး အံကြိတ်လိုက်သည်။

"ညည်းကို သတ်ပစ်လိုက်ရင် တစ်ခါထဲဝဋ်ကျွတ်သွားမှာကို ငါမလိုလားဘူး၊ တတိတိနှိပ်စက်ညှဉ်းပန်းပြီးမှ သတ်ပစ်မယ်"

သူမ ကြိုးဝါးလိုက်သောစကားက ကြက်သီးထစရာကောင်းနေပါတော့သည်။

ဆေးရွက် မကြားချင်ဟန်ဆောင် နေလိုက်လေသည်။

ကူးကူးသည် ဆေးရွက်က သူမအား ဂရုမစိုက်ဘဲ နေသဖြင့် မခံချိမခံသာဖြစ်လာသည်။

ဆေးရွက် ထိတ်လန့်လာအောင် မဲညိုသိုပြုလုပ်ရမည်ကို စဉ်းစားရင်း မြေအောင်းကျားအဘိုးအို့ကို သတိပြုမိလိုက်လေသည်။

မြေအောင်းကျား အဘိုးအိုသည် ဒဏ်ရာရထားသဖြင့် အခန်းနံရံကို ကျောမှီကာ မျက်လုံးမှိတ်ပြီး ငြိမ်နေ၏။

မင်းသားလေးတုလတ် လက်ထဲ၌ရှိစဉ်ကလည်း ဆေးကုသပေးခြင်း မရှိသည့်အပြင် ထပ်မံနှိပ်စက်ခံခဲ့ရသေး၏။

ကူးကူး၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပြန်သည်။

"ကောင်းပြီ၊ ငါက မြေအောင်းကျားကို နှိပ်စက်နေတာ

ညည်းဘယ်လောက်ကြာအောင် ကြည့်နေနိုင်မလဲ၊ စောင့်ကြည့်ရသေးတာပေါ့"

စကားဆုံးလျှင် အဘိုးအိုထံသို့ ချဉ်းကပ်သွားလိုက်လေသည်။

ဆေးရွက် ထိတ်လန့်သွားပါတော့သည်။

"ရှင်...ရှင် ဘာလုပ်မလို့လဲ"

"ဟင်း...ဟင်း...သူ့ကိုနှိပ်စက်မယ်လို့ ငါပြောပြီးပြီလေ"

"မလုပ်ရဘူး၊ ရှင်မရက်စက်နဲ့"

"ညည်းက သူ့အတွက် စိုးရိမ်နေတယ် ဟုတ်လား"

ဆေးရွက် ဘာမှမပြောဘဲ နေလိုက်လေတော့သည်။

ကူးကူးက...

"သူ့ကို မနှိပ်စက်စေချင်ဘူးဆိုရင်တော့ ငါ့စကား နာခံရမယ်၊ ဒါမှမဟုတ်ရင်..."

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။

"သခင်မလေး"

အိမ်ဖော်တစ်ယောက် ရောက်လာပြီး ဦးညွှတ်လိုက်လေသည်။

"အရေးကြီးလို့ မြို့စားကြီးက ခေါ်ခိုင်းလိုက်ပါတယ်ရှင့်"

ကူးကူး ကြမ်းပြင်ပေါ် ခြေတစ်ချက် ဆောင့်လိုက်၏။

"ဘယ်က အရေးကြီးတဲ့ကိစ္စက ပေါ်လာတာလဲ"

သူမသည် ဆေးရွက်နှင့် မြေအောင်းကျားအဘိုးအိုတို့အား

ဘစ်လှည့်စီကြည့်လိုက်ပြီး...

"ငါ ပြန်လာခဲ့မယ်"

ဟုပြောကာ အိမ်ဖော်မလေးနောက်သို့ လိုက်ပါသွားလေတော့သည်။

♦ ♦ ♦

ဧည့်ခန်းထဲ၌ မြို့စားကြီးနှင့် မင်းသားလေးတုလတ်တို့ရှိနေကြပြီး မျက်နှာမကောင်းကြချေ။

ရောက်လာသော ဧည့်သည်ဆိုသည်မှာ ယင်းဖိန်ဖြစ်နေ၏။

ကူးကူး မကျေမနပ် ဖြစ်သွားသည်။

"ဖေဖေ အရေးကြီးတဲ့ကိစ္စရှိတယ်ဆို"

မြို့စားကြီးအား မေးလိုက်လေသည်။

မြို့စားကြီးက...

"ဟုတ်တယ်သမီး၊ ဖေဖေတို့အတွက် ယင်းဖိန်က အရေးအကြီးဆုံးလူ ဖြစ်နေပြီကွယ့်"

"သူက ဘာကြောင့် အရေးကြီးသွားရတာလဲ"

"အမိန့်တံဆိပ်တော်ကို သူရသွားလို့ပေါ့ သမီးရဲ့"

ကူးကူးက ယင်းဖိန်အား လှမ်းကြည့်လိုက်၏။

ယင်းဖိန် မပြုံးမရယ် ခပ်တည်တည်ရှိနေ၏။

ကူးကူးက မြို့စားကြီးဘက်သို့ ပြန်လှည့်လိုက်သည်။

"အမိန့်တံဆိပ်တော်ဟာ သမီးတို့နဲ့ ဘာဆိုင်လို့လဲ၊ အမိန့်တံဆိပ်တော်ကိုင်ထားတဲ့လူရဲ့ စကားကို နားထောင်ရမယ်ဆိုတာ သမီးတို့ မန်ချူးတွေအတွက်မှ မဟုတ်တာပဲ"

မြို့စားကြီးက...

"သမီး...ဖေဖေနဲ့ မင်းသားလေးတို့က အမိန့်တံဆိပ်တော်ကိုရအောင် ကြိုးပမ်းဖို့ တာဝန်ပေးခံခဲ့ရပေမယ့် ဘာမှမလုပ်နိုင်ခဲ့ကြဘူး၊ ယင်းဖိန်က ရသွားတော့ အကြီးအကဲတွေက သူ့ကို ချီးကျူးကြမယ်၊ ဖေဖေတို့ကိုတော့ တာဝန်မကျေဘူးဆိုပြီး အပြစ်ပေးလိမ့်မယ်ကွယ့်"

ဟုရှင်းပြရာ ကူးကူး ချက်ချင်းငိုင်ကျသွားတော့သည်။

ယင်းဖိန် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကျုပ်က အမိန့်တံဆိပ်တော်ကို နယ်စားကြီးလက်ထဲ သွားအပ်လိုက်တာနဲ့ မြို့စားကြီးကော မင်းသားလေးပါ တာဝန်မကျေတဲ့အတွက် အရေးယူခံရဖို့ နီးစပ်ပါတယ်၊ သည်လိုဖြစ်မှာကို ကျုပ် မလိုလားပါဘူး၊ ဒါကြောင့် ကျုပ်နဲ့လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

ယင်းဖိန်သည် သိုင်းသမား စိုက်ခိုက်ရေးသမားတစ်ဦး ဖြစ်လေသည်။

သူ့ထံမှ ယဉ်ကျေးသိမ်မွေ့သော စကား ထွက်ပေါ်လာခဲ့ဖူးခြင်း မရှိခဲ့ပါ။

ယခုတော့ ယင်းဖိန်က အလွန်ယဉ်ကျေးသိမ်မွေ့နေသည်။

သူ၏အမိန့်ကို အားလုံးနာခံရတော့မည် ဖြစ်လေသည်။

မြို့စားကြီးက...

"ကျုပ်တို့ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ ပြောပါဦး"

ဟုမေးလိုက်သည်။

ယင်းဖိန်က...

"လွယ်ပါတယ်၊ အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး သိုင်းလောကတစ်ခုလုံး ကျုပ်ခြေဖဝါးအောက် ရောက်လာအောင် ဆောင်ရွက်တဲ့နေရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ပါပဲ၊ ဒါမှမဟုတ်ရင်တော့"

စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

မင်းသားလေးတုလတ်က...

"သိုင်းလောကတစ်ခုလုံး ခင်ဗျားရဲ့ခြေဖဝါးအောက် ရောက်လာတော့ကော ဘာများထူးခြားမှာမို့လဲ"

ဟုမေးလိုက်လေသည်။

ယင်းဖိန်က...

"သိုင်းသမားတွေရဲ့ စွမ်းအား ဘယ်လောက်ကြီးမားတယ်ဆိုတာ မင်းသားလေးသိနိုင်မှာ မဟုတ်ပါဘူး၊ သိုင်းလောကတစ်ခုလုံး ကျုပ်ခြေဖဝါးအောက်ကို ရောက်လာရင် ကျုပ်က မန်ချူးဘုရင်ကိုတောင် မှုမှာမဟုတ်ပါဘူးဗျာ"

တုလတ် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

မြို့စားကြီးက...

"ကျုပ်တို့ တာဝန်မကျေတာကြောင့် အရေးယူခံရမှာထက် မင်းနဲ့လက်တွဲဆောင်ရွက်တာက ပိုကောင်းတယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ စဉ်းစားဖို့အချိန်နည်းနည်း ပေးစေချင်ပါတယ်"

ယင်းဖိန် ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားတို့ကို သုံးရက်အချိန်ပေးလိုက်မယ်၊ စဉ်းစားကြပေါ့၊ ကျုပ်နဲ့လက်မတွဲဘူးဆိုရင် ခင်ဗျားတို့ အပြစ်ပေးခံရတဲ့အခါ ကျုပ်လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူးပေါ့၊ ကဲ ကျုပ်သွားလိုက်ဦးမယ်"

စကားဆုံးလျှင် မည်သူ့ကိုမျှ အမှုမထားဘဲ ထိုင်ရာမှထကာဧည့်ခန်းထဲမှ ထွက်သွားလေတော့သည်။

◆ ◆ ◆

ယင်းဖိန် ထွက်သွားပြီ ဖြစ်လေသည်။

မြို့စားကြီး အံကြိတ်လိုက်သည်။

"သူက အမိန့်တံဆိပ်တော်ကို ကိုယ်ကျိုးအတွက် အသုံးချဖို့ ကြိုးစားနေတာကိုး"

မုကျေမနပ် ရေရွတ်လိုက်လေသည်။

မင်းသားလေးတုလတ်က...

"သူကကော တာဝန်ကို မလေးစားဘဲ ထင်ရာစိုင်းချင်တာမဟုတ်လား၊ မြို့စားကြီး ကျွန်တော်ကတော့ သူ့ကိုလုံးဝ အညံ့မခံနိုင်ဘူး၊ ကျွန်တော်ဦးလေး နယ်စားကြီးနဲ့သွားတွေ့မယ်"

မြို့စားကြီးက...

"နယ်စားကြီးက ကျုပ်တို့ကို"

"ယင်းဖိန်က အမိန့်တံဆိပ်ရလာပါလျက်နဲ့ နယ်စားကြီးသက်ဆဲမအပ်ဘဲ ကိုယ်ကျိုးအတွက် အသုံးပြုဖို့ကြိုးစားနေတာကို ဦးရီးတော်သိသွားရင် ယင်းဖိန်ကို အရေးယူမှာပါ"

ကူးကူး ထောက်ခံလိုက်လေသည်။

"မင်းသားလေးပြောတာ မှန်ပါတယ် နယ်စားကြီးဆီကို သွားပြီး အမှန်အတိုင်း ပြောပြနိုင်မယ်ဆိုရင် ကျွန်မတို့ စိတ်ပူစရာလိုတော့မှာ မဟုတ်ဘူး၊ နယ်စားကြီးနဲ့ အမြန်ဆုံးသွားတွေ့လိုက်ဖို့ မေတ္တာရပ်ခံပါတယ်ရှင်"

ဤတွင် မင်းသားလေးတုလတ်က ပြန်ထိုင်ချလိုက်လေသည်။

ကူးကူး အံ့ဩသွား၏။

"မင်းသားလေး မသွားတော့ဘူးလား"

တုလတ်က...

"ညီမက ကျုပ်ကို လက်ထပ်ဖို့ သဘောတူရင် ကျုပ်သွား ပါ့မယ်"

"ရှင်"

ကူးကူး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မြို့စားကြီး ကပျာကယာ ဝင်ပြောလိုက်သည်။

"ကျုပ် သဘောတူပါတယ်၊ မင်းသားလေး"

တုလတ်က...

"ညီမကကော.."

ကူးကူးသည် ဖခင်ကြီးဒုက္ခရောက်မည်ကို မကြည့်ရက် တော့သဖြင့်...

"ကျွန်မလည်း သဘောတူပါတယ်ရှင်"

ဟု ပြောလိုက်ရလေတော့သည်။

♦ ♦ ♦

ကူးကူး အခန်းထဲ လှမ်းဝင်လာသောအခါ ဆေးရွက်က အသက်ပြင်းပြင်းရှူရှိုက်လိုက်လေသည်။

သူမတို့အား နှိပ်စက်ဖို့ တစ်ခေါက်ပြန်လာသည်ဟု ယုံကြည် သေးလေသည်။

သို့သော်...

ကူးကူး၏စကား ကြားလိုက်ရသောအခါ သူမ၏အထင်နှင့် အမြင် လွဲမှားသွားပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

ကူးကူးက ဖွင့်ထားသော တံခါးပေါက်ကို ညွှန်ပြလိုက်လေ သည်။

"ရှင်တို့သွားနိုင်ပါပြီ"

ဆေးရွက် မယုံနိုင်အောင် ဖြစ်သွား၏။

"ကျွန်မတို့ကိုလွှတ်ပေးလိုက်မယ် ဟုတ်လား၊ ဘာကြောင့် ဘဲရှင်"

ကူးကူးက....

"လွှတ်ပေးတာကိုတောင် ဘာကြောင့်လဲပြောနေသေးတာ ကဲ့၊ ကဲ သိချင်ရင် မှတ်ထားကြ"

ယင်းဖိန် အကြပ်ကိုင်လာပုံကို ပြောပြလိုက်လေသည်။

ဆေးရွက် ထိတ်လန့်သွားသည်။

"သူ့လက်ထဲမှာ တံဆိပ်တော်ရှိနေရင် သိုင်းလောကသား တွေ ဒုက္ခရောက်ကြတော့မှာပဲ"

ကူးကူးက...

"ဒါပေါ့ ဖုံးရှောင်ကိုပြောပြပြီး သူ့ကိုဟန့်တားဖို့ကြိုးစားကြပေါ့ရှင်"

"ရှင်က..."

"ကျွန်မဟာ မန်ချူးတစ်ယောက်ပါ၊ ဖုံးရှောင်နဲ့နီးစပ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ ကျွန်မ နားလည်သဘောပေါက်နေပါပြီရှင်"

ထိုစကားကြားလျှင် ဆေးရွက် ဝမ်းသာသွားလေသည်။

ကူးကူးက...

"သူက အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး သိုင်းလောကသားတွေကို ချုပ်ထိန်းမယ်၊ သိုင်းလောကမှာ မင်းမူမယ်၊ သူဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်လာမှာပဲရှင့်"

ဆေးရွက် မျက်နှာပျက်သွားသည်။

ဘုရင်မင်းမြတ်ကို ရိုသေလေးစား တန်ဖိုးထားသော သိုင်းသမားများသည် အမိန့်တံဆိပ်တော်ကြောင့် ဘာမှမတတ်နိုင်တော့ဘဲ ယင်းဖိန်၏ ထောင်ချောက်ထဲ သက်ဆင်းကြရတော့မည် ဖြစ်လေသည်။

ကူးကူးက...

"ဖုံးရှောင်ပဲ သည်ကိစ္စကို ဖြေရှင်းနိုင်မယ်၊ ယင်းဖိန်ကို တားဆီးနိုင်မယ်လို့ ကျွန်မ ယုံကြည်တယ်၊ ဒါကြောင့် ရှင်တို့ကိုလွှတ်ပေးလိုက်မယ်၊ ဖုံးရှောင်ကိုလိုက်ရှာပြီး အကျိုးအကြောင်း ပြောပြ

လိုက်ကြပါ"

ဆေးရွက် ဝမ်းသာသွားလေသည်။

ကူးကူးသည် ယင်းဖိန်၏ မကောင်းသောလုပ်ရပ်များကြောင့် သဘောထားဖြောင့်လဲသွားခဲ့ပြီ မဟုတ်ပါလား။

သူမသည် မြေအောင်းကျားအတွက် အသက်ကယ်ဆေးဘစ်လုံး ပေးလေသည်။

"သည်ဆေးကို သောက်လိုက်ရင် အတွင်းဒဏ်သက်သာပျောက်ကင်းသွားပါလိမ့်မယ်၊ ကဲ ရှင်တို့သွားကြပေတော့"

"ကျေးဇူးပါပဲရှင်"

ဆေးရွက် ကျေးဇူးတင်စကား ပြောလိုက်သည်။

ထို့နောက် မြေအောင်းကျားကို ဖေးမကာ မြို့စားဂေဟာဘတိတ်တဆိတ် ထွက်သွားလေတော့သည်။

◆ ◆ ◆

လှိုင်းဂယက်

လူစည်ကားနေသော စားသောက်ဆိုင်လေးတစ်ဆိုင် ဖြစ်ပါသည်။

ဖုံးရှောင်နှင့် စာပေသမားမုယုံ(ဝါ) ထန်ကျားကျေးဇူးသခင်လေးထန်ချီတို့နှစ်ယောက် ချောင်ကျကျစားပွဲတစ်လုံး၌ နေရာယူကာ စားသောက်နေကြသည်။

သူတို့သည် ဆေးရွက်နှင့် မြေအောင်းကျားတို့ မြို့စားဟာ၌ အဖမ်းခံနေရသည်ဟူသောသတင်းကို ကြားမိကြသဖြင့် မြို့ထဲသို့ တိတ်တဆိတ် ဝင်လာခဲ့ကြခြင်းဖြစ်လေသည်။

နှစ်ယောက်သား စားသောက်နေစဉ် ဆိုင်ထဲသို့ လူများတဖွဲဖွဲဝင်ရောက်လာရာ ထိုင်စရာနေရာမရှိအောင် ပြည့်ကြပ်စည်ကား

သွားလေတော့သည်။

ဖုံးရှောင်က...

"ဆရာ..သည်လူတွေကိုကြည့်ရတာ သိုင်းလောကသားတွေဖြစ်မယ် ထင်ပါတယ်"

ဟုတီးတိုးပြောလိုက်၏။

မုယုံက...

"ဟုတ်တယ်၊ အခုဆိုင်ထဲကို ရောက်လာတဲ့လူ တစ်ဝက်လောက်ကို ကျုပ်သိတယ်၊ သူတို့ဟာ ထင်ရှားတဲ့ သိုင်းသမားတွေပဲ"

"သိုင်းသမားတွေ ခုလိုစုဝေးရောက်ရှိလာတာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ် ထင်ပါတယ်"

မုယုံက...

"ကျုပ်လည်း ဒါကိုတွေးနေမိတာ ကျင်းစန်းကို ဖမ်းမိသွားတယ်ဆိုတဲ့သတင်းနဲ့ သက်ဆိုင်နေလောက်တယ်၊ အမိန့်တံဆိပ်ဘော်အစစ်ဟာ ကျင်းစန်းဆီမှာပဲရှိနေတာ၊ သူက ရန်သူတွေကို သည်စားပြီးတာနဲ့ ကျုပ်တို့ထန်ကျားကျေးဇူးကို လာရမှာ"

"အမိန့်တံဆိပ်တော်ကို ဆရာ့လက်ထဲ အပ်ရမှာပေါ့ ဟုတ်သားဆရာ"

မုယုံ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ မန်ချူးတွေ ကျူးကျော်လာကတည်းက ကျုပ်အဖေက လက်လှမ်းမီသမျှ မိတ်ဆွေတွေကို ဖိတ်ခေါ်စုစည်းပြီး ခိုးချစ်သိုင်းအဖွဲ့တစ်ခု လှိုဖွက်ထူထောင်ခဲ့တာ၊ ရန်သူ့လက်ချက်

ကြောင့် ဖေဖေကျဆုံးသွားတော့ အားလုံး သဘောတူ ကျုပ်ကဆက်ပြီး ဦးဆောင်ခဲ့ရတာ”.

မုယုသည် အလွန်အရေးပါသော ထိပ်တန်းမျိုးချစ်ခေါင်းဆောင်တစ်ဦး ဖြစ်နေပါတော့သည်။

မုယုစကားဆက်လိုက်သည်။

“မန်ချူးတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ တော်လှန်နေတဲ့ မိုးချစ်အင်အားစုတွေ အများအပြား ရှိကြပေမယ့် တကွဲတပြားဖြစ်နေတာကြောင့် ထင်သလောက် အောင်မြင်မှုမရခဲ့ကြဘူး၊ ကျုပ်က အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး အားလုံးကို စုစည်းနိုင်အောင် ကြိုးစားနေတာ”

မိုးချစ်သိုင်းသမားများသာ စုစည်းမိပါက နယ်ချဲ့မန်ချူးတို့အတွက် ခေါင်းခဲစရာ အင်အားစုကြီးတစ်ခု ဖြစ်လာပေမည်။

မန်ချူးတို့အား မောင်းထုတ်ရာ၌ ထိရောက်စွာ စွမ်းဆောင်နိုင်ပေလိမ့်မည်။

ဖုံးရှောင်က မေးလေသည်။

“ကြည့်ရတာ သိုင်းလောကသားတွေ သည်ကိုရောက်လာကြတာ အကြောင်းရှိမယ်၊ တစ်ယောက်ယောက်ကများ အမိန့်တံဆိပ်တော်ကို အသုံးချပြီး ဖိတ်ခေါ်လိုက်လို့ပဲလားမသိဘူး၊ ဆရာကော ဘယ်လိုသဘောရသလဲဟင်”

-မုယုအနည်းငယ် စဉ်းစားလိုက်ပြီး...

“မင်းပြောတာ မှန်ခဲ့ရင် အမိန့်တံဆိပ်တော်ကို အသုံးပြုပြီး

ခေါ်စုစည်းလိုက်သူဟာ ကျင်းစန်းဖြစ်ရမယ်၊ သူမှမဟုတ်ရင် ဘာ ယင်းဖိန်ကလွဲပြီး ဘယ်သူမှမဖြစ်နိုင်တော့ဘူး”

ဟုပြောလေသည်။

ဖုံးရှောင် စိုးရိမ်သွားသည်။

ကျင်းစန်း၏သတင်း ပျောက်ကွယ်နေသည်မှာ အတော်ကြာသွားပြီ ဖြစ်ပါသည်။

ကျင်းစန်းတစ်ယောက် ကံဆိုးသွားပြီဟု ယူဆနိုင်၏။

ကျင်းစန်း ကံဆိုးခဲ့လျှင် ကံကောင်းသူမှာ ယင်းဖိန်ဖြစ်ရမည်။

ဖုံးရှောင် အံကြိတ်လိုက်သည်

“ယင်းဖိန်ဆိုရင်တော့...”

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။

ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသူနှစ်ယောက်ကို တွေ့လိုက်ခြင်းကြောင့် ဖြစ်သည်။

ဆေးရွက်နှင့်မြေအောင်းကျားတို့ ဖြစ်လေသည်။

“ညီမ”

ဖုံးရှောင် သတိလက်လွတ်ဖြစ်ကာ ဆိုင်အပြင်ဘက်သို့ တန်ထိုး ပြေးထွက်သွားလေတော့သည်။

◆ ◆ ◆

မေတ္တာ

ဆေးရွက်က မြေအောင်းကျားအဘိုးအိုကို ဖေးမကာ လမ်းသွားလမ်းလာများနှင့် ရောနှောခြင်း မြို့ပြင်သို့ ဦးတည်သွားနေ၏။

လမ်းတလျှောက်တွင် မန်ချူးသိုင်းသမားများ လှုပ်ရှားနေသည်ကို သတိပြုမိရာ သတိဝီရိယဖြင့် သွားနေရခြင်းဖြစ်လေသည်။

ဆေးရွက်တို့နှစ်ယောက်သား စားသောက်ဆိုင်လေး တစ်ဆိုင်ရှေ့မှ ဖြတ်လျှောက်လာစဉ်...

"ညီမ"

ခေါ်သံနှင့်အတူ လူတစ်ယောက် ပြေးလိုက်လာသည်ကို တွေ့လိုက်ရလေသည်။

ဆေးရွက် သေသေချာချာ ကြည့်လိုက်ရာ ဖုံးရှောင်ဖြစ်နေ

သည်ကို တွေ့ရလျှင် ဝမ်းသာသွားတော့သည်။

"အစ်ကို"

မြေအောင်းကျားအဘိုးအိုလည်း ဝမ်းသာသွားလေသည်။

"ဖုံးရှောင် မင်းနဲ့တွေ့ရတာ ကံကောင်းတာပဲ"

မြို့စားကြီး၊ သခင်မလေးကူးကူး၊ မင်းသားလေးတုလတ်နှင့် ယင်းဖိန်တို့အကြောင်းကို ပြောပြလိုက်ကြလေသည်။

ဖုံးရှောင် ဝမ်းသာသွားသည်။

"ဒါဆို သိပ်ကောင်းတာပေါ့"

"ဟေ"

"အစ်ကို ယင်းဖိန်ရဲ့လက်ထဲ အမိန့်တံဆိပ်တော်ရောက်သွားတာ ကျွန်မတို့ ဘယ်လိုကံကောင်းနိုင်မှာလဲ ပြောပါဦး၊ နယ်စားကြီးက ယင်းဖိန်အကြောင်းကို မသိသေးဘဲ သူ့ကိုကူညီဖို့မန်ချူးသိပ်တန်းသိုင်းသမားတွေကို စေလွှတ်လိုက်တယ်၊ မျိုးချစ်သိုင်းသမားတွေ ဘယ်မှာကံကောင်းနိုင်မှာလဲ"

ဖုံးရှောင် ပြုံးလိုက်သည်။

"စိတ်ချ ဘယ်လိုကံကောင်းတယ်ဆိုတာ မကြာခင် ညီမသိရမှာပါ"

ထိုအချိန်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ မြင်းစီး

သမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့လိုက်ရလေသည်။

ဖုံးရှောင်တို့ကြည့်လိုက်ရာ ဦးဆောင်လာသူမှာ ယင်းဖိန် ဖြစ်နေသည်ကို တွေ့ရလေသည်။

"ယင်းဖိန်ကတော့ သူ့ရဲ့အကြံအစည်ကို အကောင်အထည် ဖော်နေပြီပဲ"

ယင်းဖိန်သည် အမိန့်တံဆိပ်တော် ရပြီးသည်နှင့် သူ၏အကြံအစည်အတိုင်း စတင်ဆောင်ရွက်နေပြီ ဖြစ်လေသည်။

ယင်းဖိန်တို့လူစုသည် ဖုံးရှောင်ထွက်လာသော စားသောက် ဆိုင်ရှေ့၌ မြင်းကိုရပ်တန့်လိုက်ကြသည်။

မြင်းပေါ်မှ အသီးသီးဆင်းလိုက်ကြသည်။

ယင်းဖိန်က လက်ဝေ့ယမ်းပြလိုက်ရာ ပတ်ဝန်းကျင်၌ ဖောင်မလည်လုပ်နေသော မန်ချူးသိုင်းသမားများ ပြေးလွှားလာပြီး စားသောက်ဆိုင်လေးအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

ဖုံးရှောင်က...

"ဆိုင်ထဲမှာ မျိုးချစ်သိုင်းသမားတွေ ရှိနေတယ်"

ပြောရင်း မုယုံကို သတိရလာကာ...

"ဟောဗျာ"

အထိတ်တလန့် ရေရွတ်ကာ စားသောက်ဆိုင်လေးဆီသို့ ပြေးလွှားသွားလိုက်လေတော့သည်။

♦ ♦ ♦

ယင်းဖိန်၏ မန်ချူးလက်ရွေးစင် သိုင်းသမားများက စားသောက်ဆိုင်အား အထပ်ထပ်ဝိုင်းရံထားလိုက်ကြသဖြင့် ဆိုင်ထဲ၌ ရှိနေသူများ ထွက်သွားနိုင်တော့မည် မဟုတ်ပါချေ။

ယင်းဖိန်က လက်နှစ်ဘက်နောက်ပစ်ကာ ဆိုင်ထဲလှမ်းဝင်သွားလေသည်။

ဆိုင်အပြင်ဘက်၌ မန်ချူးသိုင်းသမားများက ဝိုင်းရံထားခြင်းကြောင့် ဆိုင်ထဲရောက်နေသော မျိုးချစ်သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ထိုအချိန်မှာပင် ယင်းဖိန်က ဆိုင်ထဲလှမ်းဝင်လာခြင်းဖြစ်လေသည်။

မုယုံက မလှုပ်မယှက်ထိုင်၍ အခြေအနေကို အကဲခတ်ကြည့်နေ၏။

ယင်းဖိန်က မျိုးချစ်သိုင်းသမားများအား ဝေ့ကြည့်လိုက်ပြီး

"အားလုံး နားထောင်ကြပါဗျာ"

ဟုတည်ကြည်ခန့်ညားသောအသံဖြင့် စကားစလိုက်လေသည်။

မျိုးချစ်သိုင်းသမားများက တိုက်ခိုက်ရန် အသင့်ပြင်ရင်း ယင်းဖိန် ဆက်ပြောလာမည့်စကားကို နားစွင့်နေလိုက်ကြလေသည်။

ယင်းဖိန်က...

"အားလုံးဘုရင့်အမိန့်တံဆိပ်တော်ကို ရှိသေလေးစားပြီး အမိန့်နာခံကြရပါလိမ့်မယ်"

အင်္ဂျီအိတ်ထဲမှ တံဆိပ်တော်ကို ထုတ်ယူကာ အားလုံးမြင်သာအောင် အပေါ်မြှောက်ပြလိုက်လေသည်။

အမိန့်တံဆိပ်တော်ကိုမြင်လျှင် မျိုးချစ်သိုင်းသမားများ လူပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

မုယုံ မျက်နှာပျက်သွားသည်။

"အမိန့်တံဆိပ်တော် သူ့လက်ထဲမှာရှိနေတော့ မျိုးချစ်သိုင်းသမားတွေ အခက်ကြုံနေကြရပြီ"

တွေးရင်း ထိုင်ရာမှ မသိမသာထလိုက်လေသည်။

ယင်းဖိန်က...

"အားလုံးဟာ ဘုရင့်အမိန့်ကို နာခံကြရပါလိမ့်မယ်၊ မလိုက်နာတဲ့လူဟာ ကြီးလေးတဲ့အပြစ်ဒဏ်ခံရပါလိမ့်မယ်"

ဤတွင် သိုင်းသမားတစ်ယောက်က မေးလိုက်လေသည်။

"ကျုပ်တို့က ဘယ်လိုလိုက်နာရမှာလဲ၊ ပြောစမ်းပါဦးဗျ"

ယင်းဖိန် ပြုံးလိုက်သည်။

"ကျုပ်အမိန့်ကို နာခံတာဟာ ဘုရင့်အမိန့်ကိုနာခံတာနဲ့ အတူတူပဲပေါ့ဗျာ"

"ခင်ဗျားက ဘယ်လိုအမိန့်မျိုးပေးမှာလဲ၊ ပြောစမ်းပါဦးဗျာ"

"လွယ်ပါတယ်၊ အားလုံး ကျုပ်စကားကို တသွေမတ်နာထောင်ကြဖို့ပါပဲ"

မျိုးချစ်သိုင်းသမားများ လူပ်လှုပ်ရှားရှားဖြစ်သွားကြပြန်လေသည်။

သိုင်းသမားတစ်ယောက်က ထမေးလိုက်ပြန်သည်။

"ခင်ဗျားက သေဆိုသေ၊ ရှင်ဆိုရှင်၊ ခင်ဗျားဘာပြောပြော နားထောင်ရမယ် ဟုတ်လား"

ယင်းဖိန် ပြုံးလိုက်သည်။

"ဟုတ်တယ် သည်အတိုင်းပါပဲ"

"ကျုပ်တို့က နားမထောင်ဘူးဆိုရင်ကော"

"ဘုရင့်အမိန့်ကို မနာခံဘဲ ဖီဆန်တာပဲပေါ့ဗျာ"

မျိုးချစ်သိုင်းသမားများ မကျေမနပ် ဖြစ်နေကြ၏။

သို့တိုင်...

ယင်းဖိန်၏လက်ထဲ အမိန့်တံဆိပ်တော်ရှိနေသဖြင့် အကြပ်ရိုက်နေကြလေသည်။

ယင်းဖိန်က...

"ခင်ဗျားတို့အားလုံး ခုချိန်ကစပြီး ကျုပ်ရဲ့အမိန့်ကို နာခံရမှာပေါ့မယ်၊ ကျုပ်က ခင်ဗျားတို့အားလုံး ပါဝင်တဲ့ သိုင်းအဖွဲ့ကြီးတစ်ခုဖွဲ့ပြီး သိုင်းလောကမှာ..."

သူ၏စကားမဆုံးမီ...

"ခဏနေပါဦးဗျာ"

ကြားဖြတ်ဟန့်ပတားသံ ထွက်ပေါ်လာလေသည်။

ယင်းဖိန် လှမ်းကြည့်လိုက်သောအခါ အပြာရောင်ဝတ်ထား

သူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူမှာ စာပေသမားမုယုံ ဖြစ်လေသည်။

ယင်းဖိန်သည် မုယုံ၏အကြောင်းကို ကောင်းစွာ သိထား လေသည်။

သူ၏သိုင်းပညာဖြင့် မုယုံကို မယှဉ်နိုင်မှန်းလည်း နားလည် ထားသည်။

ယခင်ကဆိုလျှင် မုယုံကို တွေ့သည်နှင့်ရှောင်တိမ်းသွားမည် သည်ချည်ဖြစ်လေသည်။

ယခုတော့ ဘုရင့်အမိန့်တံဆိပ်တော် ရှိနေသည့်အပြင် မိုး ချစ်သိုင်းသမားများအား ချုပ်ကိုင်နိုင်ပြီဟု ယူဆထားခြင်းကြောင့် မုယုံကို အမှုမထားတော့ချေ။

မုယုံက...

"ကျုပ်က စကားတစ်ခွန်းလောက် မေးချင်ပါတယ်ဗျာ"

ယင်းဖိန် ပြုံးလိုက်သည်။

"မေးပါ၊ ဘာမေးချင်လို့လဲ"

မုယုံက...

"အမိန့်တံဆိပ်တော်ရဲ့ အဓိပ္ပါယ် ဘယ်လို ရှိတယ်ဆိုတာ ခင်ဗျားသိရဲ့လားဗျာ"

"ဟား...ဟား...ဟား"

ယင်းဖိန် ရယ်မောလိုက်လေသည်။

"အမိန့်တံဆိပ်တော်ဟာ ဘုရင့်မင်းမြတ်ကို ကိုယ်စားပြုခြင်း

ဟာ လူတိုင်း သိကြတာပဲ မဟုတ်လား"

"သြော်"

"တံဆိပ်တော်ကိုင်ထားတဲ့လူရဲ့ အမိန့်ကို ဘုရင့်အမိန့်လို သဘောထားပြီး နာခံရမယ်၊ အမိန့်အတိုင်း ဆောင်ရွက်ရမယ်၊ ကုန် ကျန်ပြောရရင် သေဆိုသေ ရှင်ဆိုရှင် ဘာမှ စောဒကမတက်ဘဲ လိုက်နာရမှာ၊ ကဲ ဒါဆို ရှင်းပြီထင်ပါတယ်"

မုယုံ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတာ ရှင်းပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားပြောတဲ့ အဓိပ္ပါယ်မျိုး မဟုတ်ဘူးလို့ ယုံကြည်ထားပါတယ်"

ယင်းဖိန် မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားက ဘယ်လိုအဓိပ္ပါယ် သက်ရောက်တယ် ထင်လို့ လဲ"

မုယုံက...

"တံဆိပ်တော်ဟာ ဘုရင်မင်းမြတ်ကို ကိုယ်စားပြုတာ မှန် သေမယ့် တံဆိပ်တော်က အမိန့်မပေးတတ်ပါဘူး၊ တံဆိပ်တော်ကိုင် ဆောင်ထားတဲ့လူကပဲ အမိန့်ပေးနိုင်တာပါ၊ သူပေးတဲ့ အမိန့်ဟာ သူ့ရဲ့အမိန့်ပါပဲ၊ ဘုရင်မင်းမြတ်ရဲ့ အမိန့် မဟုတ်ပါဘူး"

မိုးချစ်သိုင်းသမားများမှာ မုယုံ၏စကားကို သဘောကျ သွားကြလေတော့သည်။

မုယုံ စကားဆက်လိုက်သည်။

"တကယ်တော့ ဘုရင်မင်းမြတ်ကိုယ်တိုင် ကြွချီဖို့ အခက်

အခဲရှိတဲ့အခါ သူ့ပြောချင်တဲ့ စကားအမိန့်တွေကို သူ့ကိုယ်စား ပြောပေးမယ့် လူတစ်ယောက်ကို တာဝန်ပေးတာပါပဲ၊ တာဝန်ခံရတဲ့ လူဟာ သူ့စကားဟာ ဘုရင်မင်းမြတ်ရဲ့ စကားအမိန့် ဖြစ်ကြောင်း သက်သေထူတဲ့ အနေနဲ့ တံဆိပ်တော်ကို အသုံးပြုရတာပါ၊ ခုတော့ တံဆိပ်တော်ကို ကိုင်ပြီး ခင်ဗျားပြောချင်တာ ပြောနေမယ်ဆိုရင်တော့ ဘုရင်မင်းမြတ်ရဲ့ စကားအမိန့် မဟုတ်တဲ့အတွက် ဘယ်သူကမှ လက်ခံကြမှာ မဟုတ်ပါဘူးဗျာ”

အခက်ကြုံနေကြသော မျိုးချစ်သိုင်းသမားများ ယခုမှ နေသာထိုင်သာ ရှိသွားကြတော့သည်။

အမိန့်တံဆိပ်တော်သည် ဘုရင်မင်းမြတ်အား ကိုယ်စားပြုသည့် ပြယုဂ်တစ်ခုသာ ဖြစ်ပေသည်။

အမိန့်တံဆိပ်တော် ကိုင်ဆောင်ပြီး ကိုယ့်သဘောနှင့်ကိုယ် ပြောဆိုနေသော စကားအမိန့်များကား ဘုရင်မင်းမြတ်၏စကား အမိန့် မဟုတ်သဖြင့် လိုက်နာရန်၊ မလိုက်နာဘဲ ငြင်းပယ်ရန် မိမိစိတ်သဘောအတိုင်း ဆုံးဖြတ်နိုင်ခွင့် ရှိနေပါတော့သည်။

သိုင်းသမားတစ်ယောက်က...

“အမိန့်တံဆိပ်တော် လက်ထဲကိုင်ပြီး ဘုရင်ပေးတဲ့အမိန့် မဟုတ်ဘဲ ကိုယ့်သဘောနဲ့ကိုယ် ပေးတဲ့ အမိန့်မျိုးကို ကျုပ်က လက်ခံနိုင်မှာ မဟုတ်ဘူးဗျ”

ဟုကျယ်လောင်စွာ ပြောလိုက်လေသည်။

“ဟုတ်တယ်၊ လက်ခံစရာအကြောင်း မရှိဘူး”

“ဘုရင့်အမိန့် မဟုတ်ဘဲ ဘာကြောင့် လက်ခံရမှာလဲ”

“ကျုပ်တို့ကို မတရား အကြပ်ကိုင်လို့ ရမယ် မထင်နဲ့”

တစ်ယောက်တစ်ခွန်း ပြောဆိုသံများ ဆိုင်ထဲ၌ ဆူညံသွားလေတော့သည်။

ယင်းဖိန် မျက်နှာပျက်သွားလေတော့သည်။

မျိုးချစ်သိုင်းသမားများအား ချုပ်ကိုင်နိုင်တော့မည့်ဆဲဆဲမှုံ ဝင်ရှုပ်လိုက်သဖြင့် အကြံအစည် ပျက်ရပြီဟု ဒေါသထွက်လာလေတော့သည်။

ယင်းဖိန် အံတင်းတင်းကြိတ်လိုက်သည်။

“အမိန့်တံဆိပ်တော်ကို မလေးစားရင် အားလုံး ကြီးလေးတဲ့ အပြစ်ဒဏ်စီရင်ခံရလိမ့်မယ်”

ဟုအမိန့်တံဆိပ်တော်ကို ဝေ့ယမ်းပြကာ ခြိမ်းခြောက်လိုက်လေသည်။

မဟုတ်မခံ စိတ်ဓာတ်ရှိသော မျိုးချစ်သိုင်းသမားတစ်ယောက်က...

“အမိန့်တံဆိပ်တော်ကို ခုတုံးလုပ်ပြီး ထင်ရာစိုင်းတာမျိုးကိုသည်း ကျုပ်တို့ လက်မခံဘူး၊ ခင်ဗျားနဲ့ အမိန့်တံဆိပ်တော် ဘယ်လို မအပ်စပ်ဘူး”

ဟုပြန်လည်ချေပရင်း ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

အခြားသိုင်းသမားများလည်း ရှေ့တိုးလာကြတော့သည်။

“ကျုပ်တို့က ဘုရင်မင်းမြတ်ကို လေးစားတယ်၊ ဒါပေမယ့်

ယင်းဖိန် ခေါ်လာသော မန်ချူးထိပ်တန်းသိုင်းသမားများက စားသောက်ဆိုင်လေးအား ဝိုင်းရံထားကြလေသည်။

ယင်းဖိန်၏လက်အောက်ငယ်သားများက လေးမြှားများအသင့်ပြင်ထား၏။

ယင်းဖိန်က ဆိုင်အပြင်ဘက်သို့ ရောက်သွားသည်နှင့်...

"ထွက်လာတဲ့ လူတစ်ယောက်မှ အလွတ်မပေးနဲ့"

ဟုအမိန့်ပေးလိုက်လေသည်။

ထိုစဉ် မျိုးချစ်သိုင်းသမားသုံးယောက် ဆိုင်ထဲမှ ပြေးထွက်လာကြလေသည်။

"ဂွစ်...ဂွစ်...ဂွစ်"

မြှားတံများ တဖွဲဖွဲ ပစ်လွှင့်သွားရာ...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

မျိုးချစ်သိုင်းသမားသုံးယောက် မြှားထိမှန်ကာ လဲကျသွားတော့သည်။

သိုင်းသမားသုံးယောက် ခံလိုက်ရသဖြင့် နောက်ထပ် သိုင်းသမားငါးယောက် ထပ်မံ ပြေးထွက်လာကြလေသည်။

"ဂွစ်...ဂွစ်...ဂွစ်"

မြှားတံများ မိုးသီးမိုးပေါက်ပမာ ပစ်လွှင့်သွားပြန်ရာ သိုင်းသမားငါးယောက်လည်း မြှားထိမှန်ပြီး လဲကျသွားကြလေတော့

ခင်ဗျားကိုတော့ အမှုထားစရာအကြောင်း မရှိဘူး"

"အို ပြောနေကြာပါတယ်၊ ကျုပ်တို့ကို အကြပ်ကိုင် အသုံးချချင်တဲ့လူကို ဆုံးမလိုက်ကြတာပေါ့"

"ဟေ့ သူက မန်ချူးတစ်ယောက်ကွ"

မျိုးချစ်သိုင်းသမားများအား ထိန်းမနိုင် သိမ်းမရ ဖြစ်လာလေသောကြောင့် ယင်းဖိန် ထိတ်လန့်သွားလေသည်။

သူ၏အကြံအစည် မအောင်မြင်နိုင်သည့်အပြင် ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

ယင်းဖိန် အံကြိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်အမိန့်ကို မနာခံရင် ဘယ်လို ဖြစ်ရမယ်ဆိုတာ ခင်ဗျားတို့ သိရမယ်"

စကားဆုံးလျှင် အပြင်ဘက် ခုန်ထွက်သွားလေတော့သည်။

◆ ◆ ◆

သည်။ မျိုးချစ်သိုင်းသမားများသည် အခြေအနေ မဟန်လျှင်...

"ဆိုင်အပြင်ထွက်ဖို့ မလွယ်တော့ဘူး"

"ဘယ်လိုလုပ်ကြမလဲ"

အားလုံးက မုယုံအား လှမ်းကြည့်လိုက်ကြလေသည်။

မုယုံက...

"သိပ်ပြီး မလောပါနဲ့ဗျာ၊ ယင်းဖိန်က ထောင်ချောက်ဆင်ထားတာဆိုတော့ အပြင်ထွက်လိုက်တာနဲ့ ဒုက္ခရောက်သွားမှာပဲ၊ ခဏတော့ အခြေအနေ စောင့်ကြည့်လိုက်ပါဦး"

ဖုံးရှောင်က ဆိုင်အပြင်ဘက် ရောက်နေခြင်းကြောင့် မျှော်လင့်ချက်ဖြင့် ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

မျိုးချစ်သိုင်းသမားများလည်း မုယုံ၏စကားကို လက်ခံကာ အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။

ထိုအချိန်မှာပင်...

"မီးမြွားနဲ့ ပစ်ပြီး မီးရှို့ပစ်လိုက်စမ်း"

ယင်းဖိန်က သူ၏လူများကို အမိန့်ပေးလိုက်လေသည်။

လေးမြွားကိုင်ဆောင်ထားသူများသည် ကောက်ရိုးများချည်နှောင်ထားသော မြွားတံများကို မီးရှို့လိုက်ကြသည်။

တဖန် စားသောက်ဆိုင်ကို ပစ်ခတ်လိုက်ကြလေသည်။

"ဗြိုး...ဗြိုး...ဗြိုး"

"ဒုတ်...ဒုတ်"

"ဝုန်း"

မီးမြွားများ တရစပ် ပစ်လွှင့်သွား၏။

စားသောက်ဆိုင်တံခါး၊ နံရံ၊ ခေါင်မိုးများ၌ စိုက်ဝင်သွားပြီး ဒဏ်ခွဲလောင်သွားလေသည်။

စားသောက်ဆိုင်အား မီးရှို့ဖျက်ဆီးကာ အထဲ၌ ရှိနေသူများအား မီးလောင်တိုက်သွင်းလိုက်ခြင်း ဖြစ်ပါတော့သည်။

ဆိုင်ထဲ၌ ရှိနေသော မုယုံတို့ အခက်ကြုံနေ၏။

ဆိုင်ထဲ ဆက်နေလျှင် မီးလောင်တိုက် သွင်းခံရမည် ဖြစ်သလို ဆိုင်အပြင် ထွက်လိုက်သည်နှင့် မြွားစာမိသွားမည် ဖြစ်လေသည်။

မုယုံက...

"ဖုံးရှောင် ဘာလုပ်နေတာပါလိမ့်"

ဟုတီးတိုးရေရွတ်လိုက်သည်။

သူ၏ရေရွတ်သံနှင့် မရှေးမနှောင်းမှာပင် အခြေအနေပြောင်းလဲသွားလေတော့သည်။

◆ ◆ ◆

ဖုံးရှောင်၊ ဆေးရွက်နှင့် မြေအောင်းကျားအဘိုးအိုတို့သည် စားသောက်ဆိုင်လေးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြလေသည်။

ယင်းဖိန်တို့လူစုက စားသောက်ဆိုင်အား မီးရှို့ပစ်ရန် ကြိုးစားနေသည်ကို တွေ့ရလျှင် ဖုံးရှောင် ထိတ်လန့်သွားလေသည်။

"ဆိုင်ထဲ ကျန်ရစ်ခဲ့တဲ့ ဆရာမယုံတော့ ဒုက္ခပဲ"

မုယုံနှင့် မျိုးချစ်သိုင်းသမားများအတွက် စိတ်ပူကာ လေးမြောကိုင်ဆောင်ထားသူများထံ ပြေးဝင်တိုက်ခိုက်လိုက်လေတော့သည်။

ဆေးရွက်နှင့် မြေအောင်းကျားအဘိုးအိုတို့လည်း မနေနိုင်ကြတော့ဘဲ ပြေးလိုက်သွားကြလေသည်။

ဖုံးရှောင်တို့ ရောက်လာပြီး တိုက်ခိုက်လိုက်သဖြင့် လေးမြောသမားများ အငိုက်မိကာ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

တိုက်ပွဲကြောင့် ပစ်လွှင့်နေသော မြားတံများ ရပ်တန့်သွားတော့သည်။

ဤတွင်...

"အပြင်ထွက်ကြမယ်"

မုယုံဦးဆောင်သော မျိုးချစ်သိုင်းသမားများ ဆိုင်ထဲမှ ပြေး

ဝင်လာကာ ယင်းဖိန်တို့လူစုအား တိုက်ခိုက်လိုက်ကြတော့သည်။

ယင်းဖိန်က မန်ချူးထိပ်တန်းသိုင်းသမားများနှင့်အတူ မုယုံအား ဆီး၍ ရင်ဆိုင်လေသည်။

စားသောက်ဆိုင်ရှေ့၌ ပြင်းထန်သော တိုက်ပွဲကြီး ဖြစ်ပေါ်သာလေတော့သည်။

♦ ♦ ♦

တိုက်ပွဲ ပြင်းထန်နေသည်။

မျိုးချစ်သိုင်းသမားများကော မန်ချူးသိုင်းသမားများပါ ထိခိုက်ဒဏ်ရာရကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ယင်းဖိန်သည် မုယုံဦးဆောင်သော မျိုးချစ်သိုင်းသမားများအသက်ကို ပဓာနမထားဘဲ ပြင်းထန်စွာ တိုက်ခိုက်နေသည်ကို မြင်လျှင် ထိတ်လန့်သွား၏။

"တစ်ယောက်မှ ချမ်းသာမပေးနဲ့"

သူ၏လူများကိုလည်း အော်ပြောလိုက်လေသည်။

ယင်းဖိန်တို့လူစုမှာ လူအင်အားတောင့်တင်းသဖြင့် မုယုံတို့ကို ဆုံးဖောက်ထွက်ဖို့ ရုတ်တရက် ခက်ခဲနေပါသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်ကာ မြင်းနှီး သမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့လိုက်ရလေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသူမှာ မြို့စားကြီး သခင်မလေးကူးကူးနှင့် မင်းသားလေးတုလတ်တို့ ဖြစ်လေသည်။

ယင်းဖိန်နှင့် မုယုံတို့ ထိပ်တိုက်ရင်ဆိုင်မိကြပြီး မြို့စားကြီး တို့ ရောက်လာသည်ကို တွေ့လျှင် ယင်းဖိန် ဝမ်းသာသွားလေသည်။

"မြို့စားကြီး မျိုးချစ်သိုင်းသမားတွေကို တစ်ယောက်မလွတ်စေနဲ့"

ဟုအော်ပြောလိုက်လေသည်။

မြို့စားကြီးတို့ ရောက်လာသဖြင့် မုယုံတို့အား ကျိန်းသေ ဆုံးမနိုင်တော့မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

မြို့စားကြီးတို့က မျိုးချစ်သိုင်းသမားများအား တိုက်ခိုက် ခြင်း မပြုဘဲ ယင်းဖိန်တို့လူစုအား တိုက်ခိုက်လိုက်ကြလေသည်။

ယင်းဖိန် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မြို့စားကြီး ဒါ ဘယ်လိုလုပ်လိုက်တာလဲဗျ"

မြို့စားကြီး ပြုံးလိုက်သည်။

"ကျုပ်က လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာပါ"

ထို့နောက် တိုက်ပွဲက ပို၍ ပြင်းထန်လာလေတော့သည်။

◆ ◆ ◆

မီးဟုန်းဟုန်းတောင်လောင်နေသော စားသောက်ဆိုင်မှာ ပြာကျသွားပြီ ဖြစ်လေသည်။

ထို့အတူ...

စားသောက်ဆိုင်ရှေ့မှ တိုက်ပွဲလည်း ပြီးဆုံးသွားပြီ ဖြစ် သည်။

ယင်းဖိန်ဦးဆောင်သော မန်ချူးသိုင်းသမားများ အတုန်း အရုန်း လဲကျသေဆုံးသွားကြလေသည်။

မုယုံတို့ မျိုးချစ်သိုင်းသမားများ အောင်ပွဲခံနိုင်ခဲ့ကြလေ သည်။

ဖုံးရှောင်တို့လည်း ပျော်ရွှင်နေကြတော့သည်။

ရုတ်တရက်...

မုယုံနှင့် ဖုံးရှောင်တို့ အနီးသို့ သခင်မလေးကူးကူး ရောက် ရှိလာလေသည်။

သူမ၏လက်ထဲ၌ ယင်းဖိန်ထံမှ ရယူလိုက်သည့် အမိန့်တံ ဆိပ်တော် ရှိနေသည်။

ကူးကူးက...

"ရှင်ယူသွားပါ"

"ကျေးဇူးပါပဲ"

ဖုံးရှောင်က ကူးကူးပေးသော အမိန့်တံဆိပ်တော်ကို လက် ခံယူလိုက်လေသည်။

ကူးကူး ပြုံးလိုက်သည်။

"ကျွန်မသွားတော့မယ်၊ ရှင်တို့ ရှေ့ဆက်ပြီး အောင်မြင်ကြ
ပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်"

နှုတ်ဆက်စကားပြောပြီး လှည့်ထွက်သွားတော့သည်။

မြို့စားကြီး၊ ကူးကူးနှင့် မင်းသားလေးတုလတ်တို့မှာ
သူတပါး မြေအပေါ် ကျူးကျော်မိသည်ကိုလည်းကောင်း၊ ကျူးကျော်
သူများကို လက်မခံနိုင်သည့် မျိုးချစ်များကိုလည်းကောင်း ကောင်
စွာ စာနာနားလည်သွားကြပြီ ဖြစ်သည်။

သူတို့သည် ရာထူးမှ နှုတ်ထွက်ကာ အိမ်ပြန်ကြရန် ဆုံ
ဖြတ်ထားကြပြီး ဖြစ်လေသည်။

ဖုံးရှောင်က အမိန့်တံဆိပ်တော်ကို မျိုးချစ်ခေါင်းဆောင်မှ
၏လက်ထဲသို့ ပေးအပ်လိုက်သည်။

ဆေးရွက်နှင့်အတူ မျိုးချစ်သိုင်းသမားများနှင့် လက်တွဲကာ
ကျူးကျော်သူ နယ်ချဲ့များအား ဆက်လက်တွန်းလှန် တိုက်ပွဲဝင်သွား
ရန် သန္နိဋ္ဌာန် ချထားလိုက်လေတော့သည်။

ပြီးပါပြီ။